www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်[illegible]

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာ[illegible] မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်[illegible]
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

ဂမ္ဘီရဆန်းကြယ် စာရေးဆရာ **တိက္ကမ** ၏ ကလောင်ခွဲ

# ကိတ္တိမ

# ဂျစ်ပဆီမိုးမှောင်
# နှင့်
# သတ်လို့မသေ မောင်မိုးစွေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၂၀၂၀၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၇၉၇၀၇၁၁ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | စက်တင်ဘာလ၊ ၂၀၁၁ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ရွှေနော် |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| တအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်ခင်မာချို ပန်းဝေဝေစာပေ (မြဲ–၀၉၁၀) အမှတ် ၃၆၀ ၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ကိတ္တိမ

ဂျစ်ပဆီမိုးမှောင်နှင့် သတ်လို့မသေ မောင်မိုးဆွေ / ကိတ္တိမ – ရန်ကုန်၊ ပန်းဝေဝေစာပေ၊ ၂၀၁၁။

၃၈၄ – စာ၊ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


Only the right view can lead to true happiness and complete peacefulness.

မှန်ကန်သော အယူအမြင်သည်သာ စစ်မှန်သော ပျော်ရွှင်မှုနှင့် ပြည့်ဝသော ငြိမ်းချမ်းမှုကို ဆောင်ကျဉ်းပေးနိုင်ပါတယ်။

www.burmeseclassic.com

ဒီလိုရှိတယ် ညီလေးမိုးစွေ၊ လူတွေက ထောင်ဆိုတဲ့ အသံကြားလိုက်တာနဲ့ ကြောက်လန့်ကြတယ်။ နှာခေါင်းရှုံ့ကြတယ်။ အဲဒီလူတွေကို ကိုယ်ချင်းစာစိတ်နဲ့ စေးမလက်တွဲဖို့ဆိုတာထက် ပြစ်တင်ကဲ့ရဲ့တာမျိုးပဲ လုပ်ကြတယ်။

မင်းတော့ ကြားဖူးမလား မသိဘူး။ လူငယ်တွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ စကားတစ်ခွန်းရှိတယ်။ ညစ်တွန်း,တွန်းတယ်ဆိုတဲ့ စကားပေါ့။ တွေးရင် တွေးသလောက် အဓိပ္ပါယ် ရှိလှန်းလို့ ငါတော့ အရမ်းသဘောကျတယ်။

BURMESE CLASSIC

လောကကြီးမှာ လူတစ်ယောက်ရဲ့ ဆိုးခြင်း ကောင်းခြင်းဆိုတာ အဲဒီလူဟာ သင်ယူခြင်း ရှိ၊ မရှိပေါ်မှာ မူတည်တယ်။ ပညာဉာဏ်ကြီးမားတဲ့သူ ဖြစ်ဖြစ်၊ နိမ့်ပါးတဲ့သူဖြစ်ဖြစ် အဲဒီလူမှာ သင်ယူခြင်း မရှိဘူးဆိုရင် လူကောင်းကလည်း လူဆိုးဖြစ်သွားနိုင် တယ်။ လူဆိုးဆိုရင်တော့ ကမ်းကုန်အောက်ဆိုးဖို့ပဲ ရှိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မလွယ်ဘူး အဘရေ ဒီလူက အဘပြောတာထက်ကို ပိုပြီးစွမ်းနေတယ်။ လူကတော့ တကယ်အထင်ကြီးစရာ မရှိလောက်အောင် သေးသေးကွေးကွေးပါပဲ။ ဒါကြောင့် ကျွန်တော်လည်း အလွယ်တကူ ဖမ်းနိုင်လိမ့်မယ်လို့ တွေးတွက်လိုက်မိတာ ...

ဟော့ကောင် ...မပြောနဲ့ဆိုပြီး သူ့လက်ကို ဖမ်းကိုင်လိုက်တော့ ကျွန်တော့်လက်ကို ပြန်ပြီးဆွဲညှစ်လိုက်တာ အတော်ကို သန်စွမ်းလိုက်တာဗျာ ...။

## (နိဒါန်း)

မေယုတောင်တန်းကြီးသည် လရောင်နောက်ခံဖြင့် ဝင့်ထည်လျက်ရှိ၏။ တောင်ခြေနှင့် နီးကပ်လာသည်နှင့်အမျှ ဝေ့ဝဲတိုက်ခတ်နေသည့် လေပြေကလည်း ပို၍,ပို၍ အေးမြလာလေ၏။

မေယုတောင်ခြေနှင့် မိုင်းအနည်းငယ်မျှသာ ကွာဝေးသည့်နေရာတွင် ခြံပြင်ဟူသော ရွာငယ်လေးတစ်ရွာရှိ၏။ အိမ်ခြေအနည်းငယ်မျှသာ ရှိသော်လည်း မိမိအရပ်ဒေသနှင့်မိမိ ကျေနပ်ရောင့်ရဲစွာ နေထိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသဖြင့် ရွာနေလူထုမှာ စည်းလုံးညီညွတ်ပြီး မိသားစုအချင်းချင်း ရိုင်းပင်းကူညီရင်းဖြင့် အေးချမ်းသာယာလှပေ၏။

၄င်းရွာအဝင်ဝတွင် ဟောင်းနွမ်းဆွေးမြေ့နေသည့် ဇရပ်အိုကြီးတစ်ဆောင်ရှိ၏။ ဇရပ်အိုကြီးမှာ နှေကာလပင်ဖြစ်သော်လည်း ဝှလောင်အိုက်စပ်မှု မရှိ . . .။ အမိုးအောက်ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အမောပြေအေးမြသွားစမြဲ ဖြစ်သည်။

သို့အစဉ်အမြဲ အေးမြနေခြင်းမှာ သက်တမ်းရင့်သစ်ပင်ကြီးနှစ်ပင်က ရှေ့နောက်ညှပ်ပြီး ကြီးမားပြန့်ကားသည့် အကိုင်းအလက်များဖြင့် အုပ်မိုးထားသောကြောင့် ဖြစ်သည်။ ၎င်းသစ်ပင်ကြီးများ၏ပင်စည်မှာ ယောက်ျားတစ်ဖက်စာမက ကြီးမားလှသည်ဖြစ်ရာ သစ်ပင်ကြီးများမှာ သက်တမ်းမည်၍မည်မျှရှိပြီဖြစ်ကြောင်း မည်သူမှ မခန့်မှန်းနိုင်ကြပေ . . .။

ဒေသခံများမှာမူ ၎င်းအပင်ကြီး၏သက်တမ်းကို တစ်ယောက်တစ်မျိုး ခန့်မှန်းပြောဆိုကြ၏။ မည်သို့ပင် ပြောဆိုကြသော်လည်း ၎င်းတို့သည် မိမိတို့ရွာထိပ်ဇရပ်အိုကြီးနှင့်အတူ ရှင်သန်နေသည့် ထိုသစ်ပင်ကြီးနှစ်ပင် ရှိနေခြင်းအပေါ် လွန်စွာဂုဏ်ယူကျေနပ်ကြလေ၏။

ခြံပြင်ရွာ၏ ကျက်သရေဆောင်အဖြစ် အလေးအမြတ်တန်ဖိုးထားကြလေ၏။

အသက်နှစ်ဆယ့်ငါးနှစ်အရွယ် လူငယ်တစ်ဦးသည် အတော်အတန်ကြီးမားသော ဖျဉ်ကြမ်းလွယ်အိတ်ကြီးကို ရင်မှာပွေ့လျက် ၎င်းဇရပ်ကြီးအပေါ် ရောက်ရှိနေသည်မှာ တစ်နာရီနီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်၏။ သူသည် လွန်စွာဝေးလံသည့် အရပ်ဒေသမှ မနားတမ်းခရီးဆက်ခဲ့သူဖြစ်သည်။

ခရီးဝေးက မရပ်မနား ထွက်ခွာလာရသဖြင့် မောပန်းလွန်း၍ နားခိုနေခြင်း မဟုတ်ပါ။ အေးမြလတ်ဆတ်ပြီး လွန်စွာသာယာလှပသည့် သဘာဝအလှတရားကို အပြည့်အဝခံစားရင်း စဉ်းစားတွေးတောနေခြင်း ဖြစ်သည်။

အထူးသဖြင့် သူ့ဘဝအပေါ်တွင် ပြန်လည်မြင်ယောင်





သုံးသပ်နေခြင်း ဖြစ်၏။ သူသည် ထိုအရပ်ဒေသ၏ရင်ခွေ့ကို ပြန်လည်ခိုလှုံခွင့်ရရှိလိုက်သည့်အတွက် သူ၏ဘဝအမောများ ပြေလျော့လျက် တဖြည်းဖြည်း မြင့်တက်လာသော ပြည့်ဝန်းသော လကို ကြည့်ရှုခံစား၍ မဝနိုင်အောင် ဖြစ်နေတော့၏။

မကြာခင်အချိန်တွင် သူမွေးဖွားကြီးပြင်းရာ ခြံပြင်ရွာလေးအတွင်း ဝင်ရောက်ရပေတော့မည်။ မွေးရပ်ဒေသ၊ ငယ်ဘဝ၏ ပျော်ရွှင်ဖွယ်ပုံရိပ်များက ဖျောက်ဖျက်မရလောက်အောင် အမြင်အာရုံဝယ် လွှမ်းမိုးထားလေ၏။ ထိုပုံရိပ်များကြောင့်ပင် နှလုံးသားမှာ တင်းကြပ်စွာ ခံစားလာရသဖြင့် ကြီးမားလေးလံသော ပင့်သက်မောကို သူ၏နှာသီးဖျားမှတစ်ဆင့် လွှင့်ထုတ်နေရ၏။

သူသည် အမှန်လည်း ငြိမ်းချမ်းလိုလှပြီ . . .။ ငြိမ်းအေးသော ဘဝကို ထာဝရမဟုတ်တောင်မှ တခဏ်ပိုင်ဆိုင်ရရှိလိုသည်။ သို့နေထိုင်မည်ဟုလည်း ဆုံးဖြတ်ပြီး ဤအရပ်ဒေသသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ၎င်းရည်ရွယ်ချက်များမှာ အစပင်မပျိုးရသေးမီ ခြေထောက်ရိုက်ချိုးခံရသကဲ့သို့ သူ၏စိတ်နှလုံးတွင် အနာတရ ခံစားခဲ့ရ၏။ ကံကြမ္မာသည် အဘယ်မည်သော အငြိုးဖြင့် သူ့ဘဝငြိမ်းအေးမှုများကို လိုက်လံရိုက်ချိုးနေရပါသလဲ . . .။

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ရင်၌အုံ့ဖွဲ့ဖြစ်တည်လာသည့် ခံစားမှုများကို အောင့်အီးမြိုသိပ်နိုင်စွမ်း မရှိတော့၍ အားပါးတရ ရယ်မောလိုက်လေ၏။ ရယ်သံမှာ ဝမ်းထဲ၌လှိုက်၍ ထွက်ပေါ်လာသဖြင့် ဇရပ်အိုကြီးအား လွှမ်းမိုးထားသည့် သစ်ပင်ကြီးပေါ်၌ အိပ်တန်းဝင်လျက်ရှိသည့် ညဉ့်ငှက်များပင် အထိတ်တလန့် ပျံထွက်သွားကြ၏။

www.burmeseclassic.com



တကယ်တော့ လူငယ်သည် သူ့ဘဝ၏ ကမောက်ကမဖြစ်မှုများကို သရော်လှောင်ပြောင်လိုက်ခြင်းပင် ဖြစ်၏။

လူငယ်သည် ရင်၌နင့်သီးစွာခံစားရင်းဖြင့် စစ်တွေမြို့သို့ရောက်ရှိစဉ်က အထုပ်လိုက်ဝယ်ယူခဲ့သည့် ဘီဒီဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိရင်း အားပါးတရ ဖွာရှိုက်လေ၏။

ဘီဒီဆေးပေါ့လိပ်ဟူသည်မှာ ကုလားများလိပ်သည့်ဆေးပေါ့လိပ်ဖြစ်၏။ အရွယ်အစားမှာ လက်သန်းလုံးမျှသာရှိပြီးအရှည်မှာလည်း လက်သန်းအရွယ်မျှသာ ရှည်လျား၏။ ထိုဆေးလိပ်မှာ ထိုခေတ်ထိုအခါက ရခိုင်ပြည်နယ်တစ်ခုတည်းမှာသာ တွင်ကျယ်စွာ သောက်သုံးကြ၏။

အောက်အရပ်ဒေသ (ရခိုင်တို့သည် ထိုစဉ်က ရန်ကုန်မြို့ကို အောက်အရပ်ဒေသဟု ပြောကြသလို မြို့သူမြို့သားများကိုလည်း အောက်သား၊ အောက်သမားဟူ၍ ပြောဆိုကြ၏။ ထိုသို့ သာမက ရန်ကုန်မြို့ကိုလည်း မြန်မာပြည်ဟူ၍လည်းကောင်း၊ မိမိဒေသကိုတော့ ရခိုင်ပြည်ဟူ၍လည်းကောင်း ခွဲခြားပြောဆိုကြ၏။ ထိုသို့ ပိုင်းခြားပြောဆိုကြခြင်းမှာ ဒေသတစ်ခုနှင့်တစ်ခု ခရီးလမ်းပန်း လွန်စွာဝေးကွာသည့်အပြင် လမ်းခရီးမှာလည်း အလွန်ကြမ်းတမ်းခက်ခဲသောကြောင့် တစ်နေရာနှင့်တစ်နေရာ ရောက်ရှိဖို့ ရက်ကာလကြာမြင့်စွာ သွားလာရသောကြောင့် ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လွန်စွာလွယ်ကူချောမွေ့သွားသည့် ယနေ့ခေတ်ကာလမှာတော့ ရခိုင်လူမျိုးတို့သည် ထိုသို့ခွဲခြားပြောဆိုခြင်းမျိုး မရှိတော့ပေ။ စာရေးသူ) များတွင်မတော့ ထိုဆေးလိပ်မျိုး မြင်တောင်မြင်ဖူးကြမည် မဟုတ်ပေ။

လူငယ်သည် ၎င်းဘီဒီဆေးပေါ့လိပ်နှင့် နှစ်ပေါင်းများစွာ





ဝေးကွာပြီး ပြန်လည်ဆုံတွေ့ရသည့် မိတ်ဟောင်းဆွေဟောင်းပမာ တရှိုက်မက်မက် ဖွာရှိုက်လေ၏။

လေပြည်နှင့်အတူ လွင့်ပါးသွားသော ဆေးလိပ်အခိုးအငွေ့များကိုကြည့်ရင်း သူသည် လွန်ခဲ့သော ရက်အနည်းငယ်က ဖြစ်ပျက်ခဲ့သည့် ပုံရိပ်များကို ပြန်လည်မြင်ယောင်ရင်း ရင်၌မချိတင်ကဲ ခံစားနေရ၏။

"အင်း . . . မောင်မြင့် . . . မောင်မြင့် . . . မင်းဟာ ဂျူန်မောင်မြင့်ဆိုတဲ့ နာမည်နဲ့လိုက်အောင် အင်မတန် ရှုန့်ရင်းကြမ်းတမ်းတဲ့ သူတစ်ယောက်ပဲ၊ မင်းနဲ့ငါဟာ ဘယ်လိုဝိပါဒ်ကြမ္မာကြောင့်များ အခုလို ထိပ်တိုက်ရင်ဆိုင်တာမျိုးတွေ ဖြစ်ဖြစ်နေရတာလဲ . . .၊ အခုအချိန်မှာ ဘယ်လိုလက်စားချေတဲ့ အမှုကိစ္စမျိုးမှ ငါမလုပ်ချင်ဘူး၊ မင်းနဲ့ဆုံတွေ့ရလိမ့်မယ်လို့လည်း ထင်မထားဘူး၊ တို့နှစ်ယောက်ရဲ့ ရန်ငြိုးတွေဟာ ပြည်ဖုံးကားချသွားပြီလို့ ငါလက်ခံထားခဲ့တယ်၊ အခုတော့ . . ."

လူငယ်သည် အတွေးဖြင့် ပြောနေရင်းက ရပ်တန့်လိုက်ပြီး အစီခံနားကပ်နေပြီဖြစ်သည့် ဆေးပေါ့လိပ်ကို အနားသတ်ဖွာရှိုက်ပြီးနောက် အဝေးသို့ တောက်ထုတ်လိုက်၏။ အတွေးအာရုံမှာတော့ . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

စစ်တွေသင်္ဘောဆိပ်နှင့် မနီးမဝေးတွင် အတော်အတန် စည်ကားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိ၏။ နံနက်လင်းစ ဖြစ်သည်ကြောင့် ဆိပ်ကမ်းတစ်ဝိုက်တွင် စည်ကားရှုပ်ထွေးနေလေ၏။ လှေသမ္ဗာန်များ၊ မီးသင်္ဘောများ၊ ရွက်တိုက်လှေငယ်များမှာလည်း ကုန်းဘောင်များ အစီအရီထိုးလျက် ဆိုက်ကပ်ထားလေ၏။

စစ်တွေမှ ဘူးသီးတောင်သို့ ထွက်ခွာမည့် သင်္ဘောမှာ ထွက်ခွာချိန်နီးပြီဖြစ်သောကြောင့် ခရီးသည်များလည်း သင်္ဘောမထွက်ခွာမီ နံနက်စာစားသောက်နေကြသဖြင့် ၎င်းဆိုင်လေးအတွင်း၌ လူကျလျက် စည်ကားနေတော့၏။

အသားညိုညို၊ မျက်နှာသွယ်သွယ်၊ ကိုယ်ကာယ ပိန်ပိန်ပါးပါးရှိသော လူငယ်တစ်ဦးသည် ဖျဉ်ကြမ်းလွယ်အိတ်ကြီးကိုလွယ်ပြီး လက်ျာဘက်အမိုးစွန်းအောက်မှ ဆိုင်အတွင်းသို့ ဝင်လာလေ၏။





သူသည် ဘူးသီးတောင်သို့ ထွက်ခွာမည့် သင်္ဘောနှင့် လိုက်ပါမည့် ခရီးသည် ဖြစ်၏။

သင်္ဘောထွက်ခွာရန် မိနစ်အနည်းငယ်လိုသေးသဖြင့် သူသည် လက်ဖက်ရည်သောက်ရင်း အချိန်ကို စောင့်ဆိုင်းမည်ဟု ဆုံးဖြတ်ပြီး ဝင်ရောက်လာခြင်းဖြစ်သည်။ သူသည် ဆိုင်၏မျက်နှာစာတွင်ရှိသော စားပွဲတွင် ဝင်ထိုင်လိုက်ပြီး လက်ဖက်ရည်ပေါ့ကျတစ်ခွက် မှာလိုက်လေ၏။

လက်ဖက်ရည်ရောက်ရှိလာသော်လည်း မသောက်သေးဘဲ ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်နေလေ၏။ သူသည် မည်သူ့ကိုမှ သတိမထားဘဲ ဦးခေါင်းကိုငုံ့လျက် ကိုယ့်အတွေးနှင့်ကိုယ် ရှိနေလေ၏။

သို့ရှိနေစဉ် အသားဖြူဖြူ၊ ကိုယ်ကာယ ဗလထွားကြိုင်းသော လူပုံချောလူရွယ်တစ်ယောက်သည် ဆိုင်အတွင်းဝင်လာပြီး တိုက်တိုက်ဆိုင်ဆိုင်ပင် ၎င်းလူငယ်စားပွဲဝိုင်း၌ ဝင်ထိုင်ပြီး လက်ဖက်ရည်တစ်ခွက်မှာလိုက်လေ၏။

အခြားစားပွဲဝိုင်းတွင် နေရာလွတ်မရှိတော့၍ တစ်ဦးတည်းသာရှိသည့် စားပွဲဝိုင်းကို ရွေးချယ်လိုက်ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ထိုလူရွယ်သည် ရေးကြီးသုတ်ပြာ အမှုအရာရှိသလို လွန်စွာလည်း ဆာလောင်နေပုံရ၏။

သို့ကြောင့်လည်း နေရာမှာထိုင်မိသည်နှင့် မုန့်ပန်းကန်ထဲမှ မုန့်တစ်ခုနှိုက်ယူစားသောက်ပြီး လက်ဖက်ရည်ရောက်လာသည့်အခါမှာလည်း အချိန်မဆိုင်းဘဲ ပူပူကျက်ကျက်ကြီးကို တဖူးဖူးမှုတ်လျက် သောက်နေလေ၏။

ပိန်ပိန်ပါးပါးလူငယ်နှင့် ကာယဗလကောင်းကောင်း လူ



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်တို့သည် တစ်စားပွဲတည်း ထိုင်နေကြသော်လည်း တစ်ယောက် မျက်နှာတစ်ယောက် မကြည့်ဖြစ်ကြပေ။ ကိုယ့်အတွေးဖြင့်ကိုယ် လက်ဖက်ရည်သောက်လိုက်၊ ရေနွေးကြမ်းသောက်လိုက် ရှိနေကြ၏။ သို့ရှိနေစဉ်မှာပဲ ဘူးသီးတောင်သို့ထွက်ခွာမည့် မီးသဘော်က ထွက်ခွာရန် ဥသြသံပေးလိုက်လေ၏။

ထိုအခါ ဆိုင်အတွင်းရှိနေကြသည့် စားသောက်သူများမှာ ငွေရှင်းသူရှင်း၊ အထုပ်အပိုး ပြင်ဆင်သူပြင်ဆင် . . . စသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ မီးသဘော်မှာ ဥသြသံသုံးကြိမ် ထွက်ပေါ်မည်ဖြစ်ရာ ထိုတစ်ကြိမ်ထွက်ပေါ်သည့် ဥသြသံမှာ ပထမအကြိမ် ဖြစ်၏။

ခရီးသွားများ ကြိုတင်ပြင်ဆင်ချိန်ရအောင် ထိုသို့သတ်မှတ်ထားခြင်းဖြစ်သည်။ အချက်ပေးဥသြသံ တစ်ကြိမ်နှင့်တစ်ကြိမ်ကိုလည်း မိနစ်အနည်းငယ်ခြားထားသဖြင့် ခရီးသွားများအဖို့ ကြိုတင်ပြင်ဆင်ချိန် ရရှိသည့်အတွက် များစွာအဆင်ပြေ၏။

"ဟေ့ . . . ပိုက်ဆံရှင်းမယ်ဟေ့"

"ဟင် . . ."

စားပွဲတစ်ဝိုင်းတည်း ရှိနေကြသည့် လူငယ်နှစ်ဦးသည် ငွေရှင်းရန် စားပွဲထိုးအား တစ်ပြိုင်တည်းလို ခေါ်မိကြသည့်အတွက် ထိုအခါမှ တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။ ထိုအခိုက်အတန့်မှာပဲ သူတို့နှစ်ဦးသည် တအံ့တသြဖြစ်လျက် မျက်ဝန်းတွေလည်း ပြူးကျယ်သွားကြ၏။

သူတို့နှစ်ဦးသည် ရုတ်တရက် ဖြစ်တည်သွားသည့် အခြေအနေအပေါ်တွင် နားမလည်နိုင်အောင် ဖြစ်နေရာမှ အတန်ကြာသည်တွင် တစ်ဦးကိုတစ်ဦး လက်ညှိုးထိုးရင်း အော်ဟစ်ရယ်မော





လိုက်ကြ၏။ ကျယ်လောင်ပြင်းထန်သည့် ရယ်သံကြောင့် ဆိုင်အတွင်း ရှိနေကြသူများမှာ သူတို့နှစ်ဦးအား အထူးအဆန်းသဖွယ် ကြည့်ကြလေ၏။

ထိုအခိုက် ထောင်ထောင်မောင်းမောင်းနှင့် ကာယဗလ ကောင်းကောင်းလူရွယ်၏ အသံသြသြကြီး ထွက်ပေါ်လာလေ၏။

"သြော် . . . သံနွေကြီး မောင်မိုးဆွေ၊ ဆုံမှဆုံတတ်ပလေ တယ်ဗျာ၊ တကယ့်ကို အံ့သြစရာပဲ၊ အခုလို ထောင်အဝတ်အစား အကျီပြာ၊ ဘောင်းဘီပြာ၊ ကြေးဝါခေါင်းတပ် သားရေခါးပတ်တွေ ဖယ်ပြီး အရပ်ဝတ်နဲ့ဆိုတော့ ဘိုင်စကုတ်မင်းသားလို တကယ့် လူပုံချောပါလား၊ အင်း . . . ထောင်ကျအချင်းချင်း နှိပ်စက်ညှင်းပန်း တတ်တဲ့ ထောင်ထဲက သံနွေအကျင့်ဆိုးတွေကိုကော ထောင်ထဲထားခဲ့ရဲ့လား"

မိုးဆွေဟူသော ပိန်ပိန်သွယ်သွယ်လူငယ်က နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကွေးပြုံးရင်း ရေနွေးကြမ်းပူပူကိုသာ မှုတ်လျက် သောက်နေလေ၏။ ငွေရှင်းရန် လှမ်းခေါ်ထားသော်လည်း စားပွဲထိုးကောင်လေးများမှာ အခြားဝိုင်းများတွင် ငွေလက်ခံနေသည့်အတွက် အချိန်ရသလို ဖြစ်သွား၏။

ဗလကောင်းကောင်းလူရွယ်က တစ်ဖက်က မည်သို့မျှ တုန့်ပြန်မလာသည့်အတွက် မျက်နှာအနည်းငယ် တင်းမာသွားပြီး ခန္ဓာကိုယ်ကို ကိုင်းလျက် . . .

"ဟေ့ကောင် . . . မိုးဆွေ၊ မင်း နားမပါဘူးလား"

ဟုပြောပြီး ပကတိဟန်မပျက်ထိုင်နေသည့် လူငယ်၏ပခုံး ကို လှမ်းကိုင်လိုက်လေ၏။

ထိုအခါ လူငယ်က တည်ငြိမ်အေးဆေး၍ သြဇာသံအပြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါသော အသံဖြင့် . . .

"အေးအေးပြန်ထိုင်စမ်းပါ ကိုမောင်မြင့်" ဟုပြောလိုက်ရာ ထိုသူလည်း အံတင်းတင်းကျိတ်ပြီး မခံချိမခံသာ လေသံဖြင့် . . .

"မင်းအမိန့်ပေးချင်တိုင်း ပေးလို့ရမယ်ထင်သလား၊ မထိုင်ဘူးဆိုရင်ကော . . ."

ဟု ဒေါသတကြီး ပြောလိုက်လေ၏။

ထိုအချိန်မှာတော့ ဆိုင်ထဲရှိ လူအားလုံး၏ မျက်လုံးပေါင်းများစွာက အေးအေးလူလူထိုင်နေရာမှ ရုတ်တရက် အခြေအနေတင်းမာသွားသည့် သူတို့နှစ်ဦးထံသို့ စုပြုံကျရောက်သွားတော့၏။ လေပြင်းမုန်တိုင်းမကျမီ ငြိမ်သက်နေသကဲ့သို့ ဆိုင်တစ်ဆိုင်လုံး အပ်ကျသံကြားရလုမတတ် ငြိမ်သက်သွားလေ၏။

ငြိမ်သက်တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သလို ထွက်ပေါ်လာသည့်အသံမှာ လူငယ်ထံမှဖြစ်၏။

"အင်း . . . အခုအချိန်ထိ ရာဇဂုဏ်မောက်နေတုန်းပါလား ကိုမောင်မြင့်ရယ်၊ ကိုယ့်ဘဝ၊ ကိုယ့်အနေအထား၊ ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေတွေကိုလည်း မှန်မှန်ကန်ကန် ရှုမြင်ပါဦးလားဗျာ၊ ခင်ဗျားတို့လို သခင်အားရ ကျွန်ပါးဝတွေကြောင့် တစ်တိုင်းပြည်လုံး မျက်နှာဖြူလက်အောက်ရောက်ပြီး ကျွန်ဖြစ်နေရပြီ၊ ဒါနဲ့လည်းတရားမရသေးဘူး၊ ငါဘုရင်မျိုး၊ မင်းမျိုးမင်းနွယ်ဆိုတဲ့ ပလ္လားမှုတွေကျန်သေးတာပဲကိုး၊ ကိုဝိုး . . . ခင်ဗျားသဘော လုပ်ချင်သလိုလုပ်ပေတော့ . . ."

သို့ပြောပြီးသည်နှင့် လူငယ်က သူ့ပုခုံးပေါ်တင်ထားသည့် မောင်မြင့်၏လက်ကို ပုတ်ချပြီး ထိုင်ရာက ထရပ်လိုက်၏။ တစ်ဆက်တည်းပင် သူ့အနီး၌ မယောင်မလည် အမူအရာဖြင့် ရှိနေသည့်





စားပွဲထိုးကလေးငယ်ကို လက်ဖက်ရည်ဖိုးကျသင့်ငွေ ခေါ်ရှင်းလိုက်ပြီး ဖျဉ်ကြမ်းလွယ်အိတ်ကို စလွယ်သိုင်းလျက် ဆိုင်အပြင်ထွက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ခြေလှမ်းအစမှာပင် ရပ်တန့်လိုက်ရပြန်၏။ မောင်မြင့်က မေးကြောကြီးများထောင်ထလာအောင် အံတင်းတင်းကြိတ်လျက် သူ့ရှေ့မှ ပိတ်ဆို့ကာဆီးလိုက်သောကြောင့် ဖြစ်သည်။

"ဒီလိုလွယ်လွယ်နဲ့ ထွက်သွားလို့ရမလား မောင်မိုးဆွေရယ်၊ ဂျွန်မောင်မြင့်ဆိုတဲ့ ငါ့ရာဇဝင်မှာ သားကောင်ကို လွှတ်ပေးရိုးထုံးစံမရှိဘူးလေ"

လူငယ်က ပုခုံးနှစ်ဖက်အသာတွန့်လျက် ပါးလွှာသောနှုတ်ခမ်းသားလေးကို မသိမသာလေးဖွင့်၍ မထီလေးစား ပြုံးလိုက်လေ၏။ တင်းမာသည်ထက် ပို၍တင်းမာလာသည့် အခြေအနေကြောင့် ဆိုင်အတွင်းထိုင်နေသူအချို့မှာ မလှုပ်မယှက် ငြိမ်သက်ရင်းအကဲခတ်နေကြ၏။

မိမိဆိုင်တွင် ရန်ပွဲဖြစ်တော့မည်ဟု တွေးနေသော ဆိုင်ရှင်၏မျက်နှာမှာ ဇီးရွက်ပမာ သေးငယ်သွားပြီး ရန်ပွဲမဖြစ်အောင် မည်သို့ဝင်ရောက်ဖြန်ဖြေရမလဲဟူ၍ အတွေးကြပ်နေပုံရ၏။

"ခင်ဗျားဘာသာ ဂျွန်မကလို့ လင်းဥပဲဖြစ်ဖြစ် ကျုပ်စိတ်မဝင်စားဘူး၊ အခု ကျုပ်စိတ်ဝင်စားတာက ကျုပ်ဘယ်လိုလူနဲ့မှ ပဋိပက္ခမဖြစ်ချင်ဘူး၊ ဒီတော့ ကျုပ်လမ်းခရီးကို ကျုပ်အေးအေးသွားပါရစေ"

လူငယ်သည် ထိုသို့ပြောပြီး ရှေ့မှကာဆီးထားသော မောင်မြင့်ကို ကွေ့ရှောင်၍ ဖြတ်ကျော်လိုက်၏။ မောင်မြင့်၏လက်တစ်ဖက်မှာ ရုတ်တရက် မြောက်တက်သွား၏။ အကယ်၍ လူငယ်



www.burmeseclassic.com

www.burmeseclassic.com



သာ ပါးနပ်လျှင်မြန်မှုမရှိပါက ထန်းသီးလုံးခန့် ပမာဏရှိသည့် မောင်မြင့်၏လက်သီးဆုပ်ကြီးက သူ၏မေးရိုးပေါ် ကျရောက်လာပြီး ထိုနေရာမှာပင် ပုံလျက်လဲကျသွားမှာ သေချာသည်။

လူငယ်သည် ခြေတစ်ဖဝါးမျှ မရွေ့ဘဲ ခါးအထက်ပိုင်းကို တိမ်း၍၊ ယိမ်း၍၊ ခေါင်းကိုငုံ၍ လျှပ်တစ်ပြက်ရှောင်လိုက်ရာ မောင်မြင့်၏လက်သီးချက်ကား ဝိုကနဲမြည်သံဖြင့် လေကိုသာ ထိုးခွဲသွားလေ၏။

မောင်မြင့်ကား ပျက်သွားသော ကိုယ်ခန္ဓာဟန်ချက်ကို အလျှင်အမြန်ပြန်ထိန်းပြီး ဒုတိယမြောက် လက်သီးတစ်လုံးကို ပစ်သွင်းလိုက်လေ၏။ လူငယ်၏ ရွေ့လျားမှုတွေကလည်း ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျှင်မြန်လွန်းလှ၏။ ခြေဖဝါးအနံကို သုံးကွက်ရွေ့၊ သုံးကွက်လှမ်းလိုက်ပြီးသည်နှင့် သူ့ခန္ဓာကိုယ်က မောင်မြင့်၏ နောက်ကျောဘက်သို့ ရောက်ရှိသွားလေ၏။

ထိုအချိန်မှာတော့ ဆိုင်အတွင်းရှိ လူအားလုံးသည် ဝေးရာသို့ ရှောင်ရှားလိုက်ကြပြီ ဖြစ်၏။ သူတို့သည် ဖြစ်ပေါ်နေသော ရန်ပွဲကို မျက်တောင်မခတ် ငေးမောကြည့်နေကြ၏။ တစ်ဖက်သတ်ရန်ငြိုးပွဲ့ကာ တိုက်ခိုက်နေသည့် လူထွားကြီး၏ လက်သီးချက်ကြောင့် ထိခိုက်အနာတရဖြစ်တော့မည့် လူငယ်အတွက် စိုးရိမ်မကင်းဖြစ်ကြသော်လည်း ဝင်ရောက်ဖြန်ဖြေဖို့ကိုတော့ မဝံ့မရဲ ဖြစ်နေကြ၏။

ဂျွန်မောင်မြင့်ကလည်း တိုက်ခိုက်ထိုးသတ်ရာတွင် ခေသူမဟုတ်ကြောင်း သူတို့နှစ်ဦးသာလျှင် သိထားကြ၏။ သူ၏နောက်ဘက်သို့ ရောက်ရှိသွားသည့် လူငယ်ကို ရုတ်တရက် ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး ပြင်းထန်လှသည့် လက်သီးချက်ဖြင့် မေးရိုးကို ဖြောင့်တန်းစွာ ထိုးချလိုက်၏။ လျှင်မြန်သွက်လက်သည့် တိုက်ခိုက်မှု





ကြောင့် ပရိသတ်ကြီးမှာ 'ဟာ' ခနဲအသံပင် တစ်ပြိုင်တည်း ထွက်ပေါ်သွားလေ၏။

ငှင်းလျှင်မြန်သည်ထက် လူငယ်က ပို၍သွက်လှပေ၏။ ဝင်လာသော လက်သီးကို တိမ်းရှောင်လိုက်ပြီး တစ်ဆက်တည်းပင် လက်ကောက်ဝတ်ကို အသာကိုင်ဆုပ်၍ ဆွဲယူလိုက်ရာ မောင်မြင့်၏ ကြီးမားသော ခန္ဓာကိုယ်ကြီးမှာ သူ့ထံအရှိန်နှင့် စိုက်ကျလာတော့၏။ ထိုအခါ ဆက်တိုက်လှုပ်ရှားလိုက်သော လူငယ်၏လက်ဖနောင့်က မောင်မြင့်၏မေးရိုးကို ပြင်းပြင်းကလေးဆောင့်လိုက်ရာ မောင်မြင့်လည်း မဟန်နိုင်တော့ဘဲ ထိုင်လျက်လဲကျသွားတော့၏။

ပရိသတ်ကြီးမှာလည်း ထိုမြင်ကွင်းကိုကြည့်ရင်း 'ဟာခနဲ' 'ဟင်ခနဲ' ဖြစ်သွားရာမှ အားရကျေနပ်စွာပြုံးလျက် လူငယ်ကို ကြိတ်၍ချီးကျူးလိုက်ကြ၏။

တစ်ဖက်သတ် ရန်စစော်ကားသူ မောင်မြင့်ဟူသော လူရွယ်မှာ ရုတ်တရက် မထနိုင်ဘဲ ကုန်းကွကွဖြစ်နေ၏။ သို့ရှိနေစဉ်မှာပဲ ဆိုင်ကမ်းမှ ထွက်ခွာမည့် မီးသင်္ဘောက နောက်ဆုံးဥသြဆွဲသံ ထွက်ပေါ်လာလေရာ 'သွားပြီဂျွန်မောင်မြင့်ရေ' ဟုပြောဆိုလျက် ဆိပ်ကမ်းဆီသို့ဦးတည်ပြီး အေးအေးလူလူ ထွက်ခွာသွားတော့၏။

လဲကျကျန်ရစ်ခဲ့သော လူရွယ်မှာ နှုတ်ဆက်ထွက်ခွာသွားသည့်လူငယ် အတော်ဝေးဝေးရောက်သည့်တိုင်အောင် သူ့ကိုယ်သူ မဟန်နိုင်ရှိနေလျက်က ဒေါသတကြီး အံကြိတ်ရင်း ကျန်ခဲ့လေ၏။

ဆိုင်ရှင်နှင့် အခြားသူများမှာ ခရီးသွားလူအုပ်ကြီးနှင့် ရောနှောပြီး သင်္ဘောဆီသို့ ထွက်ခွာသွားသည့် လူငယ်၏ကျောပြင်ကို မြင်ကွင်းမှ ပျောက်ကွယ်သည်အထိ ငေးမောကြည့်နေကြတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အတိတ်၏ပုံရိပ်များသည် ပစ္စုပ္ပန်မှာ အရိပ်လို အမြဲတမ်း လိုက်ပါနေခြင်းအတွက် သူသည် မချိတင်ကဲခံစားနေရ၏။ ပြီးခဲ့သော အတိတ်ကို အတိတ်မှာပဲ ချေဖျက်လိုက်ပြီဟု သူအလေးအနက် ခံယူထားခဲ့၏။ ပစ္စုပ္ပန်နှင့် အနာဂတ်ခရီးများအတွက် သူ့ဘဝကို ပြည့်ဝသော ငြိမ်းချမ်းမှုများနှင့် တည်ဆောက်တော့မည်ဟု အခိုင်အမာ ဆုံးဖြတ်ထားပြီးဖြစ်၏။

သို့သော်လည်း စစ်တွေသင်္ဘောဆိပ်တွင် ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်ကြောင့် သူသည် လွန်စွာစိတ်အနှောက်အယှက် ဖြစ်ရလေ၏။ ဘယ်လိုမှ ထင်မှတ်မထားသည့် ရန်ငြိုးရန်စကို ရင်မဆိုင်ချင်ပါဘဲ ရင်ဆိုင်ဖြေရှင်းခဲ့ရ၏။

"မတတ်နိုင်ဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါ့ဆုံးဖြတ်ချက်ကိုတော့ နည်းနည်းလေးမှ ပြင်လို့မဖြစ်ဘူး၊ ဒီလောက် ပူလောင်ရှုပ်ထွေးတဲ့ ငါ့ဘဝကို အပြည့်အဝ မဟုတ်ရင်တောင်မှ တဒင်္ဂဖြစ်ဖြစ် ငြိမ်းအေးမှုရအောင် တည်ဆောက်ရမယ် . . ."





နောက်နာရီဝက်ခန့်အကြာတွင် လူငယ်သည် ရွာအဝင်သဲလမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်၏။ ရွာလေးမှာ သူရှိစဉ်က အခြေအနေနှင့် ပြောပလောက်အောင် ပြောင်းလဲသွားခြင်း မရှိပေ။ ဟိုစဉ်ကအတိုင်းပင် ညဥ့်နက်သည်နှင့် လူသွားလူလာ မရှိတော့ဘဲ တိတ်ဆိတ်နေဆဲပင် . . .။

ထိုအချိန်ကို တကူးတက ရွေးချယ်ဝင်ရောက်ခဲ့ခြင်းမှာ မိမိရွာအတွင်း ဝင်လာသည်ကို မည်သူမှ မသိစေလိုသောကြောင့် ဖြစ်သည်။ သဲလမ်းဖြစ်သောကြောင့် ခြေသံလုံလုံဖြင့် လျှောက်လှမ်းလာရင်း တစ်နေရာသို့အရောက်တွင် ခြေလှမ်းတွေက ရှေ့ဆက်မရလောက်အောင် တုန့်ဆိုင်းသွားလေ၏။

တကယ်တော့ သူ၏ခြေလှမ်းများသာလျှင် မဟုတ် . . ။ သူ၏နှလုံးသားမှာလည်း တင်းကြပ်စွာ တုတ်နှောင်လိုက်သလို ခံစားလိုက်ရခြင်း ဖြစ်သည်။ ရွာ၏မြောက်ဘက်ရှိ လွန်စွာကြီးမားသော အိမ်ခြံဝိုင်းအတွင်းမှ ချိုကြည်စွာထွက်ပေါ်လာသည့် တေးသီချင်းသံလေးကြောင့် ဖြစ်သည်။

တေးဆိုသံနှင့်အပြိုင် တစ်ဂျောက်ဂျောက်ထွက်ပေါ်နေသည့် ယက္ကန်းခတ်သံလေးက ဂီတသံစဉ်ပမာ သီချင်း၏ သာယာညွတ်ပျောင်းမှုကို ပံ့ပိုးပေးသလို ခံစားရလေ၏။

သူသည် ခြံဝန်းတံခါးဝရှေ့တွင် အတန်ကြာရပ်တန့်ရင်း တွေဝေငေးမောနေမိ၏။ မျက်ဝန်းကလည်း ရှတ်ချည်းပင် ရီဝေဖျော့တော့သွားလေ၏။ ရင်၌လှိုက်၍ ဆို့တက်လာသည့် နာကျည်းခံစားမှုများကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တစ်ဆတ်ဆတ် တုန်ရီလာ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"လောလောဆယ်တော့ ငါ နင့်ကို ဘာဒဏ်မှမပေးထားပါရစေ ဒါဒါရယ်၊ နင့်ကြောင့် ငါ့ဆန္ဒတွေ နောက်တွန့်ပျက်ပြယ်သွားမှာကို မလိုလားတာကြောင့်ပါ။ နှုတ်ဆက်ခွဲခွာချင်ပေမယ့် ညစ်ပေစွန်းထင်းနေတဲ့ ငါ့ဘဝကို အတိုင်းအတာတစ်ခုထိ ဆေးကြောသန့်စင်ပြီးမှ နင့်ဆီ ငါပြန်လာခဲ့ပါ့မယ်"

လူငယ်သည် ရင်ထဲ၌ လှိုက်လှဲစွာ တိုင်တည်ပြောလိုက်ရင်း ခြေလှမ်းကို စ၍ရွေ့လျားလိုက်ရာ အတန်ကြာသည်တွင် တေးဆိုသံနှင့် ယက္ကန်းခတ်သံလေးမှာ ဝေး၍,ဝေး၍ ကျန်ရစ်ခဲ့တော့၏။

အသွင်မဲ့ပါဘိ၊ သဲမှာလ ကိုပစ္စုန် . . .
ဒီလိုမိုးကိုတော့ . . . ပျို . . စိုးပေါင် . . .
ခမောက်နဲ့ဖေးမမယ် . . . ရွှေးမျှမဖြုန် . . .
လေးမတိုက်ရင်ဖြင့် . . . အလိုက်သင့် ခိုသာရဲ . . .
ကိုယ်ပါလုံတယ် . . . ရှင့် . . . ခမောက်ထူ . . .

ညိုညိုညက်ညက် အသားအရေဖြင့် လှပချောမောသော ရခိုင်လုံမပျိုလေး ဒါလှဖြူ၏ တေးဆိုသံလေးက သူ့အား လွမ်းလွမ်းဆွေးဆွေး နှုတ်ဆက်နေသယောင် ခံစားနေရ၏။ ကြမ်းထော်နေသည့် သူ့နှလုံးသည်းပွက်ကို ပျောင်းညွတ်သွားစေသယောင်။

သူသည် အံကိုတင်းတင်းကြိတ်ပြီး ခြေလှမ်းတွေကို ခပ်သွက်သွက် လျှောက်လှမ်းလိုက်တော့၏။ တေးဆိုသံမှာလည်း တိုး၍, တိုး၍ ကျန်ရစ်ခဲ့ရာမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့၏။

ပြည့်သောလ၏အရောင်ကြောင့် ညသည် နေ့အလား လင်းထိန်နေလေ၏။ ရွာအစွန်ပိုင်းရောက်ရှိလာပြီး တစ်နေရာ အရောက်တွင်မတော့ သူ၏ခြေလှမ်းများမှာ တုန့်ကနဲ ရပ်သွားလေ





၏။ ထိုအခိုက်မှာပဲ ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညှင်း ဖျင်းဖျင်းထသွားတော့၏။

ဖခင်ကြီးနှင့် နှမလေးတို့ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ပိုင်နက်သို့ ခြေချမိလိုက်သည်နှင့် သူသည် ကိုယ့်ကိုယ်ကို ဆောက်တည်ရာမဲ့ တုန်လှုပ်ခြောက်ခြားသွားလေ၏။

ပြည့်ဝန်းသော လရောင်အောက်တွင် မြင်လိုက်ရသည့် မြင်ကွင်းမှာ စိတ်နှလုံးချမ်းမြေ့စရာ တစ်ကွက်မျှမရှိပေ။ သူသည် နှစ်ပေါင်းများစွာ နေလာခဲ့သည့် မိမိဖခင်၏အိမ်ကို စိတ်မောခြင်းကြီးစွာဖြင့် မလှုပ်မယှက် ငေးမောကြည့်နေမိ၏။

လူနေသည့်အိမ် မည်ကာမတ္တသာရှိတော့သည့် မိမိနေရာဟောင်းသို့ ခြေတစ်လှမ်းခြင်း အားယူလှမ်းခဲ့လေ၏။ ခေါင်မရှိ အမိုးမရှိ၊ အကာအရံမရှိ၊ အခင်းကြမ်းဟူ၍လည်း ထိုင်၍မရလောက်အောင်ပင် ဖြစ်နေလေပြီ။ အိမ်အနီးသို့ ချဉ်းကပ်မိလေ သူ၏ရင်၌ နာကျင်ခံစားရလေ ဖြစ်နေ၏။

သူသည် ထိုမျှစိတ်မသက်မသာဖွယ် မြင်ကွင်းကို အတန်ကြာမျှ ငေးမောကြည့်ရှုရင်း ငိုင်နေမိရာမှ ရုတ်တရက် ကိုယ့်ကိုယ်ကို သတိဖြင့် ပြန်လည်ထိန်းချုပ်လိုက်၏။ ထိုအရာများကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေပါက ရှေ့ဆက်ရမည့် ခရီးအတွက် နှောင့်နှေးကြန့်ကြာမှာကို မလိုလားသောကြောင့် ဖြစ်သည်။

သို့နှင့် သူသည် အိမ်အဝိုင်းကို တစ်ပတ်ပြည့်အောင် လျှောက်ပြီး ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်၏။ သူ၏အကြည့်သည် အိမ်၏အနောက်ဘက်စူးစူးကို ရွေးချယ်လိုက်၏။ ထိုနေရာသို့ ခြေလှမ်းဆယ်လှမ်းခန့် လှမ်းလိုက်ပြီး ရုတ်တရက် တုန့်ကနဲ ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိခါးကြားမှ တောလိုက်ဓါးကို ထုတ်ယူလိုက်ပြီး ရွေးချယ်လိုက်သည့် နေရာမှမြေကို တစ်ချက်ချင်း တူးဆွလေ၏။

တစ်ထွာနီးပါးအနက်သို့ ရောက်သောအခါ ဓါးဦးက မာကြောကြောအရာဝတ္ထုတစ်ခုနှင့် ထိတွေ့သံကို ကြားလိုက်ရ၏။ ထိုအခါ သူသည် ဝမ်းသာအားရဖြစ်သွားပြီး တူးဆွခြင်းကိုရပ်ကာ ခေတ္တမျှ အမောဖြေလေ၏။

အမောပြေလျှင်ပြေချင်း ဓါးဦးနှင့် မြေကြီးကို ဖွဖွလေး တူးလိုက်၊ မြေစာများကို လက်ဖြင့်ယက်ထုတ်လိုက် လုပ်လေရာ မကြာမီ အဝတ်ဖြင့် အသေအချာ ထုပ်ထားသော ရှည်မျောမျော အရာဝတ္ထုတစ်ခုကို အထင်အရှား တွေ့ရလေတော့၏။ သူသည် ထိုအဝတ်ထုပ်ကို ကပျာကယာပင် ဖြည်ခွာလိုက်၏။

"ဟင် . . ."

အခြေအနေက သူ့အား တအံ့တသြ ဖြစ်သွားစေ၏။ အပေါ်မှ ပတ်ထားသော အဝတ်စများကို ဖယ်ခွာရန် ဆုပ်ကိုင်လိုက်စဉ်မှာပဲ လွန်စွာဆွေးမြေ့နေပြီဖြစ်သော အဝတ်များက အစိတ်စိတ် အမွှာမွှာ ပဲ့ကျသွားသောကြောင့် ဖြစ်သည်။

ထိုအရာမှာ အခြားမဟုတ် . . .။ စိုင်၊ ပြောင်၊ ဆင်၊ ကြံ့ စသော သားကောင်းကြီးများ ပစ်ခတ်နိုင်သော ဒဿမ ၃၇၅ မက်ကနမ်ရိုင်ဖယ်သေနတ် ဖြစ်ပေတော့၏။ လူငယ်သည် ထိုသေနတ်ကို သေချာကြည့်ရှုပြီးနောက် လွန်စွာအားရကျေနပ်သည့် အမူအရာဖြင့် တယုတယ ထွေးပိုက်လိုက်လေ၏။

ထို့နောက်မှာတော့ လူငယ်သည် သူ၏ဖခင်နှင့် နှမလေးတို့ ခေါင်းချသွားသည့် နေအိမ်ကြီးကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် ကြည့်လိုက်ပြီးနောက် သက်ပြင်းရှည်ကြီးချကာ ရပ်နေရာမှ ချာကန်





လှည့်ထွက်ခဲ့တော့၏။

လူငယ်သည် မေယုတောင်တန်း၏ နက်ရှိုင်းသည့် တောနက်ကြီးအတွင်း ရက်သတ္တတစ်ပတ်ကြာမျှ သွားလာခဲ့၏။ တောင်ပေါ်ရွာလေးများကို ရောက်ရှိလေတိုင်း လမ်းခရီးလွဲချော်မှု မရှိစေရန် မေးမြန်းစုံစမ်းရင်း ခရီးဆက်ခဲ့ခြင်း ဖြစ်သည်။

ရခိုင်၊ ချင်း၊ မြို၊ ဒိုင်းနား စသည့် လူမျိုးစုအချို့သည် တောင်တန်းများအပေါ်တွင် နေရာဒေသအလိုက် ရွာငယ်လေးများဖြင့် နေထိုင်ကြ၏။ သို့သော်လည်း ၎င်းတို့သည် နေရာတစ်နေရာတွင် သတ်သတ်မှတ်မှတ် အခြေချနေထိုင်ကြခြင်း မရှိပေ။

ထိုသို့နေထိုင်ကြခြင်းမှာ ၎င်းတို့၏ ဓလေ့အစဉ်အလာအရဟု ယူဆရမည် ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသောကြောင့် စားကျက်မြေအပေါ်တွင် နေရာဒေသ ရွေးချယ်ကြခြင်း ဖြစ်၏။ နေရာတစ်နေရာတွင် တစ်ရာသီခန့်သာ နေထိုင်ကြ၏။

တောင်ပေါ်ရွာငယ်လေးများဖြစ်၍ တစ်ရွာနှင့်တစ်ရွာ လွန်စွာဝေးကွာလှ၏။ တစ်နေကုန်သွားလာလျှင်တောင်မှ ရွာတစ်ရွာ တွေ့ရဖို့ မလွယ်ကူလှပေ။ တစ်ခါတရံ အလျဉ်မသင့်ပါက ရက်ကာလများစွာ ကြာသည့်တိုင် ရွာဟူ၍ မတွေ့ရဘဲ ရှိနေတတ်၏။

လူငယ်သည် တစ်တောင်တက်၊ တစ်တောင်ဆင်း၊ တစ်တောဝင်၊ တစ်တောထွက်ဖြင့် ခရီးဆက်ခဲ့ရာ တပေါင်းလပြည့်ကျော် ခုနှစ်ရက်နေ့ မှောင်ရီသန်းစအချိန်တွင် သူဦးတည်ရာနေရာသို့ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့ရခြင်းမရှိဘဲ ချောချောမောမော ရောက်ရှိလာခဲ့တော့၏။

ဇေယျမုနိတောင်ကုန်းဟူသည်မှာ အမှန်တော့ အတော်



www.burmeseclassic.com

www.burmeseclassic.com



အတန် မြင့်မားသည့် တောင်တစ်တောင်ဖြစ်လေ၏။ သက်တမ်းရင့် သစ်ပင်ကြီးများ အုံ့ဆိုင်းလျက်ရှိပြီး တောင်မှာလည်း မတ်စောက်မြင့်မားလှပေ၏။ မေယုတောင်တန်းတစ်လျှောက်တွင် အခြားမည်သည့်နေရာနှင့်မှ မတူသည့်ထူးခြားမှုမှာ ၎င်းတောင်၏ သဘာဝဝန်းကျင်အနေအထားဖြစ်သည်။ မည်သည့်ရာသီတွင်မဆို လွန်စွာသာယာလှပပြီး စိတ်ငြိမ်အေးချမ်းမှုကို အပြည့်အဝ ခံစားရရှိနိုင်၏။

သူတော်ကောင်းတရား ကျင့်ကြံအားထုတ်လိုသူများ အထူးမွေ့လျော်သည့် တောင်အဖြစ် သတ်မှတ်ထားကြ၏။ ဇေယျမုနိတောင်ဟူ၍ ခေါ်ဆိုခြင်းမှာ ၎င်းတောင်ကလပ်ပေါ်တွင် ကြည်ညိုဖွယ်စံပါယ်တော်မူနေသည့် ဇေယျမုနိစေတီတော်ကို အစွဲပြုခေါ်ဆိုခြင်း ဖြစ်သည်။

လူငယ်သည် အနည်းငယ်မျှ ရပ်နားခြင်းမပြု ခရီးဆက်ခဲ့ရသဖြင့် တောင်ခြေအနီး တောတွင်းတစ်နေရာသို့ အရောက်တွင် ခေတ္တအနားယူရန် ဆုံးဖြတ်လိုက်ပြီး၊ သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်နားလိုက်၏။ ဒဿမ ၃၇၅ မက်ကနမ်ရိုင်ဖယ်ကြီးကို ပုခုံးထက်တွင် ထမ်းထားရာမှ သူကျောမှီလိုက်သည့် သစ်ပင်,ပင်စည်တွင် မှီ၍ထောင်လိုက်လေ၏။

ထိုသို့ အနားယူရင်းဖြင့် သူသည် ရှေ့ဆက်သွားသင့်၊ မသွားသင့် စဉ်းစားနေမိ၏။ ဆုံးဖြတ်ရခက်နေစဉ်မှာပဲ အသားကျလေ့ကျင့်ထားသည့် အကြားအာရုံက ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်၏။ အရှေ့ဘက်ခြုံထဲမှ တချွတ်ချွတ်ထွက်ပေါ်လာသည့် ပေါ့တိုးသံကို ကြားလိုက်ရခြင်း ဖြစ်သည်။ အသိနှင့်အတူ သူ၏ လှုပ်ရှားမှုက တစ်ထပ်တည်းဆိုသလို လျင်မြန်လွန်းလှ၏။

မက်ကနမ်ရိုင်ဖယ်ကို အလျင်အမြန်ဆွဲယူပြီး မောင်းတင်ပြီး





နောက် အသံလာရာကို အာရုံပြုထားလိုက်၏။

"ဝေး . . . ငါတိရိစ္ဆာန်မဟုတ်ပါဘူး၊ လူပါကွ၊ မောင့်သေနတ်ကြီး ချထားလိုက်ပါဦး"

"ဘယ်သူလဲ . . . ဘယ်ကလဲဆိုတာ ပြောဦးလေ" ဟု အော်မေးလိုက်လေ၏။

"လူစကားပြောနေမှတော့ လူပေါ့ကွာ၊ မင်းက လူစကားနားမလည်ဘူးလား"

ပြန်ဖြေသံက နူးညံ့မှုမရှိ . . ။ ခပ်ပြင်းပြင်းလေသံကြောင့် လူငယ်သည် အောင့်သက်သက်ဖြစ်သွား၏။ ဇဝေဇဝါအတွေးဖြင့် ဆုံးဖြတ်ရခက်နေစဉ်မှာ ဝီးခနဲမြည်သံနှင့်တစ်ပြိုင်နက် သူ့ရှေ့သို့ တစ်စုံတစ်ခု ကျရောက်လာလေ၏။

လူငယ်၏လှုပ်ရှားမှုကလည်း လျှပ်စီးကဲ့သို့ လျင်မြန်လှ၏။ တစ်တောလုံး ပြင်းထန်သည့် သေနတ်သံ မြည်ဟိန်းသွားသလို လူရွယ်သည်လည်း သစ်ပင်ရင်းတွင် ထိုင်လျက်လဲကျသွားလေ၏။ ရိုင်ဖယ်ဒင်က သူ၏ပုခုံးကို တွန်းလိုက်သည့်အရှိန်ကြောင့် ဖြစ်၏။

သူသည် ကသောကမျောပြန်ထ၍ စောစောက သူပစ်လိုက်သည့်အရာကို ကြည့်လိုက်၏။ ဖွာဆန်ကြဲနေသော အသားစအနည်းငယ်နှင့် ယုန်နားရွက်ရှည်ရှည်လေးတစ်ကောင်ကို တွေ့လိုက်ရ၏။

ဖုတ်ခနဲ ကျလာခြင်း၊ သေနတ်ပြောင်းလှည့်ချိန်ခြင်း၊ မောင်းခလုတ်ဆွဲခြင်း၊ ဒိန်းခနဲအသံမြည်ခြင်း၊ ထိုင်လျက်လဲကျခြင်း၊ ပြန်ထခြင်း စသောလှုပ်ရှားမှုများမှာ စက္ကန့်ပိုင်းအတွင်း ဖြစ်သွားမည်သာဖြစ်၏။ သို့သော်လည်း လူငယ်သည် နောက်တစ်ကြိမ်သေနတ်ချိန်ရွယ်ရန် အခွင့်အရေး မရှိဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သန်မာသော လက်တစ်ဖက်က လူငယ်၏သေနတ်ပြောင်းကို ဆုပ်ကိုင်ပြီး ပြောင်းဝကို မိုးသို့ထောင်လျက်ထားခြင်းကို ခံလိုက်ရသောကြောင့် ဖြစ်သည်။

"တယ်လဲ . . . ဒေါသကြီးလှပါလား"

စကားသံနှင့်အတူ လူငယ်၏သေနတ်မှာ တစ်ဖက်လူဆီသို့ ပါသွားလေ၏။ လူငယ်ကလည်း လျင်သည်။ ခါးကြားမှ တောလိုက်ဓါးမြှောင်ကို လျှပ်တစ်ပြက်ဆွဲထုတ်လိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

လူငယ်သည် မက်ကနမ်ရိုင်ဖယ်ကို ဆွဲယူသွားသော ပုဂ္ဂိုလ်ကို စူးစိုက်ကြည့်မိသည်နှင့် စိတ်ထဲ၌ မခံချိမခံသာ ဖြစ်သွား၏။ အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ဦးက မိမိလို လူငယ်တစ်ဦးထံမှ သေနတ်ကို ကလေးကစားစရာ ပစ္စည်းတစ်ခုလုယူသလို အလုခံလိုက်ရသောကြောင့် ဖြစ်သည်။

ဂုတ်ပိုးအထိ ဝဲကျနေသော ဆံပင်၊ လေးထောင့်စပ်စပ်မျက်နှာ၊ ထူထဲသော မျက်ခုံး၊ သိပ်သည်းထူထပ်၍ ဘေးနှစ်ဖက်ကို ကုပ်ကုပ်ကျနေသော နှုတ်ခမ်းမွေး၊ ပါးလွှာသော နှုတ်ခမ်း စသည့် ရုပ်ဆင်းသွင်ပြင်ကိုကြည့်ရင်း လူငယ်၏ဒေါသအခိုးဝေနေသော မျက်ဝန်းများမှာ တဖြည်းဖြည်း အရောင်ပြောင်းသွားလေ၏။ သူ၏စိတ်အာရုံထဲသို့ အသိတစ်ခုတိုးဝင်လာသဖြင့် သူသည် အားရဝမ်းသာ လေသံဖြင့် . . .

"အဘ . . . အဘရွှေမောင်စိန် . . . ဟုတ် . . . ဟုတ်ပါတယ်နော်"

ဟူ၍ လွှတ်ခနဲ ခေါ်လိုက်မိတော့၏။ တစ်ဖက်ပုဂ္ဂိုလ်ကြီး၏ထူထဲသော မျက်ခုံးနှစ်ဖက်ကလည်း ရှုတ်ချည်းပင် ကျုံ့လျက် လူငယ်





ကို တအံ့တဩ ကြည့်လေ၏။ ထိုအခါ လူငယ်က လက်ထဲမှ တောလိုက်ဓါးမြှောင်ကို ပြန်သိမ်းလိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . ဩော် . . . အဘနှယ်၊ ကျွန်တော့်ကိုတောင် မမှတ်ဘူးကိုး၊ ကျွန်တော် မောင်မိုးဆွေလေ . . . အဘရဲ့"

"ဟေ . . . မင်း . . . စိန်ကျော်လှိုင်ရဲ့သား မိုးဆွေ . . . မောင်မိုးဆွေ၊ ဝေး . . . ငါမှတ်မိပြီ . . . မှတ်မိပြီ"

ဟု အားပါးတရ အော်ဟစ်ပြီး လက်ထဲက ရိုင်ဖယ်ကို မြေကြီးထက်ပစ်ချ၍ သန်မာသော သူ့လက်နှစ်ဖက်ဖြင့် လူငယ်၏ လက်မောင်းနှစ်ဖက်ကို ဝမ်းပန်းတသာ ကိုင်လှုပ်လေ၏။

ထိုသို့ ကိုင်လှုပ်နေလျက်က . . .

"စိန်ကျော်လှိုင်ရဲ့သား မောင်မိုးဆွေ . . ." ဟူ၍ တတွတ်တွတ် မြည်တမ်းနေလေ၏။

ရွှေစိန်မောင်ဟူသော ပုဂ္ဂိုလ်ကြီး၏ မျက်နှာပေါ်တွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အရိပ်အယောင်များ ရောထွေးယှက်သန်းနေလေ၏။

"အခုတော့ မင်းက တကယ့်လူကြီးလိုဖြစ်နေတော့ ငါလည်း ဘယ်မှတ်မိပါ့မလဲ ကောင်လေးရာ၊ အရင်တုန်းကလို မင်းအဖေနဲ့မင်း နပန်းသတ်ကြသေးလား၊ လက်ဖတင်နှင်မိုးမှောင်နောက် လိုက်သွားပြီးကတည်းက မတွေ့ရတော့တာ နှစ်အတော်တောင်ရှိသွားပြီပဲ"

ပုဂ္ဂိုလ်ကြီးက ဝမ်းပန်းတသာပြောဆိုရင်း အတော်ဆွေးသွားပုံရ၏။ သူက နောက်ဆုံးအနားသတ်စကားကို တုံးတိတိမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"**ရွှေမောင်စိန်နဲ့** မင်းနမပေါက်စကလေး မိကြိုးကြာတို့ **နေကောင်းရဲ့မဟုတ်လား**၊ မင်းတို့ မြေပြန့်မှာရော တိုင်းရေးပြည်ရေး **အခြေအနေ** ဘယ်လိုရှိလဲကွ၊ ငါကတော့ ဒီတောထဲတောင်ထဲက ဘယ်မှမရောက်တော့ မျက်စိပိတ်၊ နားပိတ်လို ဖြစ်နေတယ်"

လူငယ်သည် မည်သို့ဖြေရမှန်းမသိ ဖြစ်ရပြန်၏။ မေးလာသမျှ မေးခွန်းများက သူ့အတွက် အနည်းငယ်မျှ စိတ်သက်သာဖွယ် မရှိ . . .။ ဖြစ်နိုင်လျှင် ထိုကိစ္စနှင့်ပတ်သက်၍ ဘာဆိုဘာမျှ ပြောချင်စိတ်မရှိ . . .။ သို့သော်လည်း တစ်စုံတစ်ခုတော့ ပြောမှဖြစ်လိမ့်မည်။

လူငယ်သည် ပြုံးရွှင်သော အမူအရာဖြင့် မုဆိုးကြီးအနီးတွင် ထိုင်လိုက်ပြီး . . .

"စိတ်မပျက်ပါနဲ့ အဘရယ်၊ အခြေအနေနဲ့ အချိန်အခါဆိုတာ ဘယ်တော့မှ တသမတ်တည်း ရှိနေတာမှ မဟုတ်ဘဲ၊ အပြောင်းအလဲဆိုတာ ရှိစမြဲမဟုတ်လား၊ ကျွန်တော် အဘမိုးမှောင်နဲ့ ရန်ကုန်မှာရှိနေတုန်းက ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေအနေတွေကို သိခဲ့ရပါတယ်၊ ဥရောပနိုင်ငံကြီးတစ်နိုင်ငံက အာဏာရှင်ခေါင်းဆောင်ကြီးက စစ်ပွဲတွေကို တစ်ပွဲပြီးတစ်ပွဲ တိုက်နေတယ်တဲ့၊ အလွန့်ကို နာမည်ကြီးနေတာပေါ့၊ ကျွန်တော်လည်း အဲဒီပုဂ္ဂိုလ်ကြီးရဲ့နာမည်ကို ကောင်းကောင်းမခေါ်တတ်ဘူး၊ ဟင်တလာဆိုလား . . .၊ အင်တလာဆိုလားပဲ . . .၊ ကျွန်တော်အံ့ဩတာက အဲဒီပုဂ္ဂိုလ်ကြီး စစ်ပွဲတစ်ပွဲနိုင်လိုက်တိုင်း ရန်ကုန်မြို့က မျက်နှာဖြူအရာရှိတွေဟာ အတော့်ကို အထိတ်တလန့် ဖြစ်နေကြတယ်၊ အဘမိုးမှောင်ကတော့ အခြေအနေကို ကောင်းကောင်းသိနေပုံရတယ်၊ တို့မြန်မာနိုင်ငံ ပြည်သူလူထုတွေရဲ့ ဘဝကတော့ ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေဇာပင်





အဖြစ်မျိုး ရောက်တော့မယ်ထင်တယ်လို့ မကြခဏပြောတာမျိုး ကြားရတယ်၊ အထူးခြားဆုံးကတော့ မျက်နှာဖြူအစိုးရဟာ အမိန့်တွေ တစ်မျိုးပြီးတစ်မျိုးထုတ်ပြီး ဟိုလူ့ဖမ်း၊ ဒီလူ့ဖမ်းနဲ့ ဖမ်းလို့မဆုံးနိုင်အောင် ဖြစ်နေတာပဲ၊ အဘ မိုးမှောင်ကတော့ အဲဒီအဖမ်းအဆီးသတင်းတွေကြားတိုင်း အံ့တကြိတ်ကြိတ်နဲ့ပေါ့၊ အထူးသဖြင့် သူတို့ဖမ်းဆီးတာ အခံရဆုံးက ရန်ကုန်ယူနီဗာစီတီကောလိပ်က ပညာတတ်ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်၊ အဲဒီထက်ပိုပြီး အံ့ဩဖို့ကောင်းတဲ့သတင်းက မြန်မာနိုင်ငံကို နှစ်ရှည်လများ ကျွန်ပြုထားတဲ့ မျက်နှာဖြူပုဂ္ဂိုလ်ကြီးတွေကို တော်လှန်တိုက်ထုတ်ဖို့ ခေတ်ပညာတတ်လူငယ်အများအပြားဟာ ပြည်ပနိုင်ငံတစ်နိုင်ငံကို စစ်ပညာသင်ယူဖို့ လျှို့ဝှက်ထွက်ခွာသွားတယ်ဆိုတဲ့ သတင်းပဲ . . ."

ဟူ၍ သူသိရှိခဲ့သမျှကို ပြောပြလိုက်ရာ မုဆိုးကြီးရွှေမောင်စိန်လည်း တအံ့တဩဖြင့် နားထောင်လေ၏။ ထိုစကားများက သူ့အဖို့ အထူးအဆန်းဖြစ်နေသလို တွေးမမီနိုင်လောက်အောင်လည်း အလှမ်းကွာဝေးနေကြောင်း သူ၏မျက်နှာပေါ်တွင် ထင်ဟပ်နေလေ၏။

အဆုံးမတော့ သူသည် ဦးခေါင်းကို လေးလေးပင်ပင်ငြိမ့်ရင်း သူတွေးမီသလောက် စကားဖြင့်သာ အဆုံးသတ်လိုက်လေ၏။

"အင်းလေ . . . ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒီအတိုင်းရှိနေတာထက်စာရင် ပြောင်းလဲသွားတာ ကောင်းပါတယ်၊ ပြည်သူလူထုဆိုတာ ဘယ်ခေတ်အခါမဆို တစ်ခုခုဖြစ်ပြီဆိုရင် အရင်ဆုံးအထိနာကြတာပဲ မဟုတ်လား၊ အဓိက,က ဒီမျက်နှာဖြူတွေ အမိတိုင်းပြည်ထဲက ထွက်သွားဖို့ပဲ"

တကယ်တော့ လူငယ်သည် အတန်းပညာ အထိုက်အ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သာ သင်ကြားဖူးသူဖြစ်၍ ထိုခေတ်ထိုကာလက နိုင်ငံရေး အခြေအနေကို ၄င်းအသိ၊ အကြားအပေါ် အခြေခံပြီး နားလည် သလို ပြောလိုက်ခြင်း ဖြစ်သည်။ အမှန်မှာ သူပြောခဲ့သည့် အနောက် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ဂျာမဏီနိုင်ငံဖြစ်ပြီး ၄င်းနိုင်ငံက အာဏာ ရှင်စစ်ခေါင်းဆောင်ကြီးမှာ ဟစ်တလာကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်၏။

ဟစ်တလာ တန်ခိုးကြီးထွားလာမှုကြောင့် မျက်နှာဖြူအစိုးရ သည် လွန်စွာတုန်လှုပ်ခြောက်ခြားသွားလေ၏။ ဖက်ဆစ်ဝင်ရိုးစွန်း မဟာမိတ်နိုင်ငံများတွင် ဂျပန်နိုင်ငံဝင်ရောက်ဖို့ ပြင်ဆင်နေသည့် အချိန်၊ ထို့ပြင် ဂျပန်တို့ကလည်း အရှေ့တောင်အာရှနိုင်ငံများကို မျက်စေ့ကျလျက်ရှိရာ မျက်နှာဖြူအစိုးရအဖို့ တီကောင်ဆားထိသကဲ့ သို့ ထွန့်ထွန့်လူးဖြစ်နေတော့၏။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ အမျိုးသားရေး စိတ်ဓါတ်ပြင်းထန်သည့် မျိုးချစ်လူငယ်များက လွတ်လပ်ရေးအတွက် ဆူပူအုံကြွရန် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ကြလေရာ ၄င်းတို့ သည် တိုင်းပြည်ကာကွယ်ရေးကို ဦးစားပေးဆောင်ရွက်နိုင်စွမ်းမရှိ တော့ဘဲ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးကိုသာ အပြင်းအထန် ဆောင် ရွက်လေတော့၏။

၄င်းလုပ်ဆောင်မှုမှာ ဥပဒေများကို တစ်မျိုးပြီးတစ်မျိုး ထုတ်ပြန်ပြီး အမျိုးသားရေး လှုပ်ရှားဆောင်ရွက်သူများကို ဖမ်းဆီးပြီး နှစ်ရှည်ထောင်ချအပြစ်ပေးခြင်း ဖြစ်၏။ ဗြိတိသျှတို့၏ အမူအကျင့် များကို ကောင်းစွာသဘောပေါက်နားလည်ထားသည့် မျိုးချစ်လူငယ် ခေါင်းဆောင်များကလည်း နည်းပရိယာယ် ကြွယ်ဝစွာဖြင့် လှုပ်ရှား ဆောင်ရွက်ကြရာ ဗြိတိသျှတို့မှာ ထင်သလိုဖြစ်မလာဘဲ ကြီးစွာသော





အခက်အခဲ ကြုံတွေ့နေရ၏။

၄င်းရှုတ်ထွေးမှုများမှာ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကြီးတွင် ထင်သာမြင်သာရှိနေသည့် ပြဿနာများဖြစ်၍ လူငယ်သည် ထိုအဖြစ်ကို မုဆိုးကြီးအား ပြောပြလိုက်ခြင်း ဖြစ်သည်။

တကယ်တော့ သူတို့လို တောသူတောင်သားများအဖို့ နိုင်ငံရေးဟူသည် ဘဲဥအစရှာသလို တွေးလို့မဆုံးနိုင်သည့် ပြဿနာ ဟု ယူဆရမည်ဖြစ်၏။ သူတို့နှလုံးအိမ်၌ မြဲမြံစွာ သန္တေတည်နေသည့် ခံစားချက်မှာ တစ်ခုတည်းသာလျှင် ရှိ၏။ ကိုယ့်တိုင်းပြည်၊ ကိုယ့် လူမျိုးကို မည်သည့်တိုင်းတစ်ပါးသားမှ အနိုင်ကျင့်အုပ်ချုပ်တာမျိုး မလိုလားခြင်းပင် ဖြစ်၏။

မုဆိုးကြီးရွှေမောင်စိန်သည် သူ့အတွေးဖြင့် ပြောလိုက်ပြီး နောက် ဖော်ရွေသည့် အပြုံးဖြင့် လူငယ်ကို ဖိတ်ခေါ်လိုက်လေ၏။

"ကိုင်း . . . မောင်မိုးဆွေ၊ ရောက်လာတဲ့အခိုက် အဘဆီမှာ အတော်ကြာကြာနေသွားဦးပေါ့၊ အဘတဲက ဒီကနေ နာရီဝက် လောက်သွားရင် ရောက်ပါပြီ၊ ဟိုကျမှ နေနေနားနား စားသောက် ပြီး ရေးဟောင်းနှောင်းဖြစ်တွေ ပြောကြတာပေါ့၊ ငါ့ဆီမှာနေတဲ့ အတောအတွင်း မင်းကို မုဆိုးအတတ်ပညာတွေ တဝကြီး ငါသင် ပေးပါ့မယ်"

ဝမ်းသာအားရ ဖိတ်ခေါ်လိုက်သော မုဆိုးကြီးရွှေမောင်စိန် သည် လူငယ်၏တုန့်ပြန်လိုက်သည့် အမူအရာကြောင့် နားမလည် သလို အံ့သြသွားလေ၏။ လူငယ်က မျက်မှောင်ကုပ်၍ ခေါင်းကို ဖြည်းဖြည်းခါရမ်းလိုက်ပြီး . . .

"ကျွန်တော် ဒီဇေယျမုနိတောင်ကုန်းကို အရောက်လာတာ အဘနဲ့တွေ့ချင်တာလည်း ပါသလို ကျွန်တော့်ဘဝကိုလည်း အထိုက်



www.burmeseclassic.com

www.burmeseclassic.com



အလျှောက် ငြိမ်းချမ်းအေးမြစေချင်တဲ့ ရည်ရွယ်ချက်ကြောင့် ရောက်လာတာပါ၊ ဖြစ်နိုင်ရင်တော့ သက်န်းဒွိစုံရအောင်ရှာပြီး သာသနာ့ဘောင် ဝင်ချင်တယ်၊ ပြီးရင် ဇေယျမုနိစေတီတော်မြတ်အနီးမှာ ဝါးမနီတဲလေးထိုးပြီး ကျောင်းသင်္ကန်းအဖြစ်နဲ့ နေထိုင်ရင်း တရားအားထုတ်ချင်တယ်"

ဟု လေးလေးနက်နက် ပြောလိုက်ရာ ထိုအခါမှာတော့ မုဆိုးကြီးသည် ပါးစပ်ကြီးအဟောင်းသားဟလျက် မျက်ခုံးနှစ်ဖက်မြင့်တက်သွားတော့၏။ လွန်စွာအံ့ဩသော မျက်နှာဖြင့် ကြည့်နေရင်းက နှုတ်ခမ်းမှာ တစ်စစ တွန့်ကွေးပြုံးလာလေ၏။ ပြီးလျှင် အသံထွက်အောင် အားပါးတရ ရယ်မောလေတော့၏။

"ဟား . . . ဟား . . . ဟား . . . ဟုတ်မှလည်းလုပ်ပါ ကောင်လေးရယ်၊ နင်ဟာ မုဆိုးရဲ့သား၊ တရားဆိုတာ တို့မုဆိုးတွေနဲ့ ဆန့်ကျင်ဘက်ပါကွာ၊ တရားဆိုတာ နင်မပြောနဲ့ ငါတောင် အခုထိ ဘာမှန်းမသိသေးဘူး၊ နင် အတော်နောက်တဲ့ ကောင်လေးပဲ"

"အဘ အံ့ဩတာလည်း မဆန်းပါဘူးလေ၊ ကျွန်တော့်ဘဝဖြတ်သန်းမှုတွေထဲက သိခဲ့ရတဲ့ အသိလေးအချို့ကို လက်တွေ့ကျင့်ကြံအားထုတ်မယ်လို့ သံမိဋ္ဌာန်ချထားပြီးပါပြီ၊ လူဆိုတာ သေခြင်းတရားရှစ်ပါးထဲက တစ်ပါးပါးနဲ့ ကြီးငယ်မရွေး တစ်နေ့နေ့မှာ သေရမှာပဲ၊ မသေခင်မှာ ဟုတ်တိုင်းမှန်ရာ မမြင်တဲ့ အဝိဇ္ဇာတွေများလွန်းနေတဲ့အဖြစ်က ကျွတ်ချင်လှပါပြီ၊ သစ္စာလေးပါးတရား၊ မဂ္ဂင်ရှစ်ပါးတရားကိုရှာပြီး အမှန်ကို အမှန်အတိုင်းသိချင်လို့ အခုလို ဆုံးဖြတ်လိုက်တာပါ"

ဟူ၍ လေးနက်တည်ငြိမ်စွာ ပြောလိုက်သည့် စကားများကို ကြားရစဉ်မှာတော့ မုဆိုးကြီးသည် စောစောတုန်းကလို ရယ်မောခြင်း





မပြုတော့ဘဲ ရုတ်ချည်းပင် ငြိမ်သက်သွားတော့၏။ လူငယ်၏ချိုသာနူးညံ့သော စကားသံများက သူ၏နှလုံးအိမ်ကို ထိုးဖောက်ဝင်ရောက်သွားသလို ခံစားလိုက်ရပြီး ဘယ်တုန်းကမှ မခံစားခဲ့ဖူးသည့် ငြိမ်းအေးမှုမျိုး ခံစားလိုက်ရတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ပက္ကလိန်းလမ်း (ကုက္ကိုင်းလမ်း) သည် ဘုရင်ခံအိမ်တော် တည်ရှိရာ လမ်းဖြစ်သောကြောင့် နေ့အခါများမှာပင် လူခြေတိတ် ဆိတ်သည့် ဆိတ်ငြိမ်ရပ်ကွက်ဖြစ်၏။ ထိုရပ်ကွက်တွင် နေထိုင်ကြသူ များမှာ တော်ရုံအဆင့်အတန်း ရှိကြသူများ မဟုတ်။ လူ့အလွှာ အသီးသီးတွင် အမြင့်ဆုံးအလွှာ၌ရှိကြသည့် လူ့မလိုင်ခံများသာ နေထိုင်နိုင်သော ရပ်ကွက်ဖြစ်သည်။

ကြေးရည်တတ် လူချမ်းသာများ၊ ရာထူးရာခံ မြင့်မားသူများ သာ အနားကပ်နိုင်ပါလိမ့်မည်။

၎င်းလမ်း၏ အလယ်ကျကျတွင် မြေနီလမ်းကလေးတစ် လမ်း ရှိ၏။ လမ်းအတိုင်း ဝင်သွားပါက ကိုက် (၃၀၀) ခန့်အရောက် ၎င်း ရဟူဒီလူမျိုးများ တူးထားသည်ဟူသော ရေကန်ကြီးတစ်ကန် ရှိလေ၏။ ရေကန်၏အလယ်တွင် အတော်အတန် ကျယ်ဝန်းသော





ကုန်းမြေရှိရာ ထိုကုန်းမြေပေါ်တွင် ထူးခြားစွာ ဆောက်လုပ်ထား သော ရိုမန်ကက်သလစ်ဘုရားကျောင်းတစ်ကျောင်း ရှိလေ၏။

၎င်းကျောင်း၏အရှေ့ဘက် ရေကန်ခြားသော နေရာတွင် နှစ်ဆောင်ပြိုင်ရှေးအိမ်ကြီးတစ်လုံးကို ထင်ရှားစွာ မြင်တွေ့နိုင်လေ ၏။ အိမ်ကြီးမှာ အမြဲလိုလို ရေနံ့ဝအောင် သုတ်ထားသောကြောင့် မည်းသည့်အချိန်ကြည့်ကြည့် မဲမှောင်နေလေ၏။ လူနေထိုင်သည် ဆိုသော်လည်း နေ့အခါတွင် လူရိပ်လူယောင်မျှပင် မတွေ့ရဘဲ ညဘက်တွင်သာ ကျားပါးစပ်မီးအိမ် အလင်းပျော့ပျော့ကိုသာ တွေ့ရတတ်၏။

ထိုသို့ တွေ့မြင်ရခြင်းမှာလည်း ညစဉ်မဟုတ် . . ။ တစ်ခါ တရံမှသာ တွေ့မြင်ရတတ်၏။ ပင်ကိုယ်ကပင် တစ်အိမ်နှင့်တစ် အိမ်၊ တစ်ခြံနှင့်တစ်ခြံ ရင်းရင်းနှီးနှီး ဆက်ဆံကူးလူးလေ့မရှိသော ကြေးရည်တတ်၊ သူဌေး၊ ရာထူးရာခံရှိသူများမှာ ထိုအိမ်ကြီးတွင် မည်သူမည်ဝါနေသည်။ လူနေသည် မနေသည်ကို အလေးဂရုမပြု ဘဲ ရှိလေတော့၏။

ထိုနေ့မှာတော့ မိုးအေးနေသောကြောင့် တစ်ကြောင်း၊ ခြံများဝန်းများ တစ်သီးတခြားရှိနေသော အရပ်ဖြစ်သောကြောင့် တစ်ကြောင်း ပတ်ဝန်းကျင်တစ်ခုလုံး စောစီးစွာ အသံတိတ်ဆိတ် ငြိမ်သက်နေလေ၏။ ထိုနေ့မှာပဲ ၎င်းနှစ်ဆောင်ပြိုင်အိမ်ကြီးအား လူအများ အာရုံစိုက်စေမည့် အဖြစ်သို့ရောက်စေရန် ထူးဆန်းရက် စက်သော လူသတ်မှုတစ်ခု ဖြစ်ခဲ့လေ၏။

အသတ်ခံရသူမှာ ထိုအိမ်ကြီးတွင်နေသော ဦးဒေဝဟု သည့် ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဦးဒေဝသည် နာမည်နှင့်လိုက်အောင် ရုပ် လက္ခဏာရှိလေ၏။ အရပ်အမောင်းမှာ မြန်မာလူမျိုးများထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာရှေးပါသော ခြောက်ဆယ်သာသာစွန်းသည့် အမြင့်ရှိပြီး အရပ်နှင့်လိုက်အောင် ခြေဆန်လက်ဆန် ကိုယ်အင်္ဂါထွားကြိုင်းပြီး နေလောင်ထားသော အသားအရည်မွဲမွဲရှိ၏။

လွန်စွာအားသော မေးရိုး၊ လွန်စွာကျယ်သော ပါးစပ်တို့နှင့် အသံပြာပြာကြီးကြောင့် တစ်ခါတရံ ငှင်းပုဂ္ဂိုလ်ကြီး ဒေါသထွက်လာပြီဆိုလျှင် အိမ်တွင်ရှိသော တစ်ဦးတည်းသော အစေခံသာမက ကြားရသူတိုင်း အသည်းတုန်အူတုန်လုမတတ် ကြောက်ရွံ့ကြရလေ၏။

ထိုနေ့မှာတော့ တိတ်ဆိတ်ခြင်းနေကို ဖြိုခွင်း၍ လွန်စွာကြောက်မက်ဖွယ်ကောင်း အသံနက်ကြီးတစ်သံ ထွက်ပေါ်လာလေရာ ငှင်းခြံနှင့် မျက်စောင်းထိုးခြံမှ ဒရဝမ်ကုလားက သက်ံမကင်းဖြစ်သွားပြီး ခြံကြီးအနီးသို့ မရောင်မလည် ချဉ်းကပ်စူးစမ်းလေ၏။ သို့သော်လည်း တစ်ယောက်တည်းဖြစ်နေ၍ အထဲသို့မဝင်ရဲဘဲ ခြံဝတွင်ရပ်ကာ အကဲခတ်စူးစမ်းနေခြင်း ဖြစ်သည်။

ထိုသို့ အကဲခတ်နေရင်းက သူကဲ့သို့ ငှင်းအသံနက်ကြီးကို သတိထားမိလိုက်သော ရေလယ်ကျောင်းမှ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးသည်လည်း အကျိုးအကြောင်း သိလိုသဖြင့် ရောက်ရှိလာရာ သူတို့နှစ်ဦးတွေ့ဆုံမိကြပြီး အတူတကွ ဝင်ရောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်ကြ၏။ အိမ်ကြီး၏ အရှေ့ဖက်တံခါးဝသို့ မြင်သာလောက်အောင် နီးကပ်လာသောအခါ ဘုန်းတော်ကြီးနှင့် ဒရဝမ်ကုလားတို့၏ ခြေလှမ်းများမှာ တုန့်ခနဲ ရပ်တန့်သွားကြ၏။

"ဟာ . . . ဒီမှာ လူတစ်ယောက်လဲနေပါလား"

"ကြည့်ရတာ သေနေတာတော့ ဟုတ်မယ်မထင်ဘူး"

သူတို့နှစ်ဦးမှာ အခြေအနေကို ရေရေရာရာ မသိသေးဘဲ





မှန်းဆပြောဆိုနေခြင်း ဖြစ်သည်။ သို့နှင့် ငှင်းလဲနေသူအနီးသို့ ထုံ့ပိုင်းထုံ့ပိုင်းခြေလှမ်းဖြင့် အနားကပ်သွားကြလေ၏။

"ဩော် . . . ဘယ်သူများလဲ မှတ်တယ်၊ ဒီအိမ်ကြီးက အစေခံကောင်လေးနိုင်နိုင် ဖြစ်နေတာပဲ"

ဘုန်းတော်ကြီးက လက်ထဲမှ မီးခြစ်နှင့် ခြစ်ကြည့်ပြီး အသေအချာပြောလိုက်ခြင်း ဖြစ်သည်။ ထိုအခါ ဒရဝမ်ကုလားက လေသံတိုးတိုးဖြင့် . . .

"သေနေပြီလားဗျ . . ."

ဟုမေးလိုက်ရာ ဘုန်းတော်ကြီးက အနည်းငယ် စမ်းသပ်ကြည့်ရှုလိုက်ပြီး . . .

"မသေသေးဘူးကွ၊ မေ့နေတာ"

ဟု မှတ်ချက်ချလိုက်လေ၏။

ဘုန်းတော်ကြီးသည် မုဆိုးဒူးထောက်ထိုင်လိုက်ပြီး သတိလစ်မေ့မျောနေသော အစေခံနိုင်နိုင်ကို ပွေ့ထူဖို့ ဟန်ပြင်လိုက်ပြီးမှ ပွင့်နေသော တံခါးမှနေ၍ အိမ်ထဲသို့ လှမ်းကြည့်လိုက်ပြီး ရုတ်ချည်းထရပ်မိလေရာ ဒရဝမ်ကုလားက ဘုန်းတော်ကြီး၏ အမူအရာကို ရုတ်တရက် နားမလည်နိုင်ဖြစ်သွားပြီး ကြောင်စီစီ ကြည့်လိုက်လေ၏။

ဘုန်းတော်ကြီးမှာလည်း အကျိုးအကြောင်း တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိဘဲ ဆွံ့ဆွံ့အအဖြင့် အိမ်ထဲသို့ လက်ညှိုးထိုးနေသည့်အတွက် ဒရဝမ်ကုလားလည်း ဘယ်လိုအကြောင်းများလည်း ဟူ၍ စူးစမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ငှင်းကုလားသည် ကြောက်လန့်တကြား ငယ်သံပါအောင်အော်လျက် ခြံဝင်းအပြင်ဖက်သို့ ပြေးထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးမှာလည်း စက္ကန့်ပိုင်းမျှပင် မနေဝံ့တော့ဘဲ နောက်မှအားကုန်လိုက်ပြေးရာ ခြံဝင်းအပြင်သို့ရောက်သည်နှင့် နှစ်ဦးစလုံးမှာ ခြေဦးတည့်ရာ ပြေးကြလေတော့၏။ ခရစ်ယာန်ဘုန်းတော်ကြီးက မြေနီလမ်းမှတစ်ဆင့် ပက္ကလိန်းလမ်းပေါ် ရောက်သည်အထိ အပြေးမရပ်သေးဘဲရှိစဉ် ပတ္တာရောင်လှည့်လာသော ချော်တွင်းကုန်းဂတ်မှ ရာဇဝတ်အမှုထမ်းတစ်ဦးနှင့် တွေ့တော့မှ အပြေးရပ်လေတော့၏။

ပတ္တာရောင်လေးသည် ဘုန်းတော်ကြီးပြောသည်ကို မယုံကြည်နိုင် ဖြစ်နေ၏။ သို့ကြောင့် တာဝန်အရ သွားရောက်ကြည့်ရှုရမည်ဖြစ်သော်လည်း ဘုန်းတော်ကြီးအား အဖော်အဖြစ်လိုက်ပါရန် ခေါ်လေ၏။ ဘုန်းတော်ကြီးမှာ မည်သို့ပင်ခေါ်သော်လည်း အကြောက်အကန် ငြင်းဆန်နေသဖြင့် သူတစ်ယောက်တည်း သွားရောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်ပြီး ထွက်လာခဲ့လေ၏။

သူသည် မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် ၄င်းအိမ်ကြီးအတွင်း ဝင်ရောက်ကြည့်ရှုရာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သွေးပျက်ထိတ်လန့်သွားပြီး မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်သွားလေ၏။ သူသည် အနီးဆုံး ချော်တွင်းကုန်းဂတ်သို့ အလျင်အမြန် သွားရောက်ပြီး အကျိုးအကြောင်း သတင်းပို့လေတော့၏။

ဆားပုလင်းတစ်ဦး၊ စာသင်ကြီးတစ်ဦး ပေါင်းနှစ်ဦးက ပတ္တာရောင်လေး လမ်းပြခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ကြ၏။ မြေနီလမ်းကလေးအတိုင်း ချိုးကွေ့ဝင်ခဲ့ကြပြီး အိမ်ကြီးရှေ့သို့ရောက်သောအခါ မှေ့လဲနေသော နိုင်နိုင်ဟူသော အစေခံသည် သတိရလာပြီဖြစ်၍ ခြံဝင်းအပြင်သို့ ပြေးထွက်လာသည်နှင့် ဆုံမိကြ၏။

၄င်းလူငယ်အား မေးမြန်းကြည့်ရာ လူငယ်မှာ ဆောက်





တည်ရှုမရလောက်အောင် တုန်လှုပ်ချောက်ခြားနေသဖြင့် သူ၏စကားများက ဆက်စပ်လို့မရလောက်အောင် ဖြစ်နေ၏။ သို့နှင့်စာသင်ကြီးက လူငယ်အား တစ်ပါတည်းခေါ်၍ အိမ်ကြီးအတွင်းသို့ ဝင်ရောက်ကြည့်ရှုသောအခါ လူဆိုးလူမိုက်များ ရိုက်နှက်မှု၊ လုယက်မှု၊ လူသတ်မှုများစွာ အတွေ့အကြုံရှိပြီးသော စာသင်ကြီးနှင့် ဆားပုလင်းတို့ပင်လျှင် လှမ်းနေသော ခြေလှမ်းများ တုန့်ခနဲ ရပ်မိကြလေ၏။

လူတစ်ယောက်သည် ခွေခေါက်လဲကျလျက် နံရံ၏အနီး၌ သေဆုံးနေသည့် မြင်ကွင်းကြောင့် ဖြစ်သည်။ သေသူ၏ရင်ဝတွင် လှံကြီးတစ်ချောင်းက စူးစိုက်ထိုးဝင်နေလေရာ မြင်ရသူအဖို့ သွေးပျက်တုန်လှုပ်ဖွယ် ကောင်းလှပေ၏။

လှံတံထိုးဝင်နေရာ ရင်စို့မှ စီးကျနေသော သွေးများသည် ခါးပုံစတိုင်အောင် ဆင်းသွားပြီး ဝတ်ထားသော လုံချည်တစ်ထည်လုံး စွတ်စိုစွန်းထင်းနေလေ၏။ မျက်နှာတပြင်လုံးမှာလည်း ဖူးရောင်စုတ်ပြတ်နေပြီး မျက်လုံးအစုံက ကျွတ်ထွက်လုမတတ် ပြူးကျယ်လျက်ရှိ၏။

သေဆုံးသူသည် မသေမီ ပြင်းထန်သော ဝေဒနာကို အလူးအလိမ့် ခံစားခဲ့ရကြောင်း သိသာလှလေ၏။ အလောင်းအနီးပတ်ဝန်းကျင်ကို လေ့လာအကဲခတ်လိုက်ရာ နံရံအနီးရှိ စားပွဲခုံဆီသို့ အမှတ်မထင် ကြည့်လိုက်လေ၏။ စားပွဲခုံပေါ်တွင် အဖုံးဖွင့်လျက် တင်ထားသော ကနုတ်ကွက်ဖော်ထားသည့် သေတ္တာလေးတစ်လုံး ရှိနေလေ၏။

သူသည် ၄င်းစားပွဲဆီသို့ လျှောက်သွားပြီး သေတ္တာအတွင်းက ကတ္တီပါသားအခင်းပေါ်မှ အရာဝတ္ထုတစ်ခုကို တွေ့မြင်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြဖြစ်သွားပြီး . . .

"ဟာ . . . လူရုပ်လေးပါလား"

ဟုပြောလိုက်မိရာ ဆားပုလင်းနှင့် စာသင်ကြီးတို့လည်း စားပွဲအနီးသို့ ရောက်ရှိလာပြီး ၎င်းအရုပ်ကလေးကို သေချာကြည့်ရှုကြလေ၏။

အရုပ်ကလေးက ခြေလက်အင်္ဂါအပြည့်အစုံပါသော လူရုပ်ကလေးဖြစ်၏။ သနပ်ခါး၊ ပေါင်ဒါ စသည့် ရနံ့များ မွှေးကြိုင်နေအောင် လိမ်းကျံပေးထားသဖြင့် တစ်ဦးတစ်ယောက်သည် ထိုအရုပ်ကလေးကို အမြတ်တနိုး တန်ဖိုးထားဟန်ရှိလေ၏။

လုပ်သက်ရင့်ပြီး အတွေ့အကြုံရှိသော ဆားပုလင်းနှင့် စာသင်ကြီးတို့က အလောင်းအနီး စေ့စေ့စပ်စပ် ရှာဖွေလေရာ ဖင်ပိုင်းစုတ်နေအောင် ကိုက်ထားသော ဆေးပြင်းလိပ်တိုတစ်တို၊ ယမ်းမီးခြစ်ဆံဆယ်ချောင်းခန့်နှင့် သေသူ၏လက်ထဲမှ လွန်စွာရှည်လျားသော ဆံချည်မျှင်နှစ်ပင်သုံးပင်ခန့် တွေ့ရလေ၏။

သူတို့နှစ်ဦးသည် အချိန်အတန်ကြာမျှ စေ့စေ့စပ်စပ် ကြည့်ရှုပြီးနောက်မှာတော့ စာသင်ကြီးက ဤသို့မှတ်ချက်ချလေ၏။

"အရုပ်ခြောက်ပေလောက်ရှိပြီး ဒီလောက်ထွားကြိုင်းတဲ့ လူတစ်ယောက်ကို နံရံမှာခြောက်တက်ပြီး ကပ်နေအောင် လှံနဲ့ထိုးနိုင်တဲ့သူဟာ ဆင်ပြောင်ကြီးတစ်ကောင်လို ခွန်အားဗလကြီးမားတဲ့ သူတစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

ဟူ၍ ဖြစ်ပေတော့သတည်း . . .။

* * * *



## အခန်း (၄)

စုံထောက်အင်စပတ်တော်အလုပ်မှ အငြိမ်းစားယူပြီးနောက် ကျွန်ုပ်သည် အစဉ်အစိုက် ဝါသနာကြီးစွာ လေ့လာလိုက်စားခဲ့သည့် စာပေအနုပညာအပေါ်တွင် အချိန်ပြည့်အားစိုက်လုပ်ကိုင်ခဲ့၏။ အင်စပတ်တော်စုံထောက်ဘဝတွင် နှစ်ပေါင်းသုံးဆယ်ကျော်ကျင်လည်ခဲ့သည့် အတွေ့အကြုံများ၊ မှတ်တမ်းမှတ်ရာများက စာပေအနုပညာအဖြစ် ဖန်တီးရာတွင် ကျွန်ုပ်အတွက် ထုတ်ယူ၍ မကုန်နိုင်သည့် ကုန်ကြမ်းများပင် ဖြစ်၏။

၎င်းအတွေ့အကြုံများစွာထဲမှ စာဖတ်ပရိသတ်အတွက် အကျိုးရှိမည့် အကြောင်းအရာများကို ထုတ်နုတ်ပြီး ကျွန်ုပ်ဉာဏ်ရှိသလောက် အနုပညာဉာဏ်ဖြင့် ပေါင်းစပ်ရေးသားခဲ့ရာ နှစ်အနည်းငယ်အတွင်း စာဖတ်ပရိသတ်၏ လက်ခံအားပေးခြင်းကို ခံရခဲ့၏။

ထိုအခါ စာပေတိုက်ကြီးအချို့က လုံးချင်းဝတ္ထုများ ထုတ်

www.burmeseclassic.com



ဝေလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်လည်း ဝမ်းမြောက်ဝမ်းသာ ကြိုးစားခဲ့ရာ ကျွန်ုပ်၏ဖန်တီးမှုများမှာ ဝါသနာအဆင့်မှ အသက်မွေးဝမ်းကြောင်းအဆင့်သို့ ရောက်ရှိခဲ့လေ၏။

ကံ၊ ဉာဏ်၊ ဝီရိယ၏ အကျိုးကျေးဇူးကြောင့် ကျွန်ုပ်၏ အငြိမ်းစားဘဝရပ်တည်မှုမှာ ဘယ်တုန်းကမှ မမျှော်မှန်းခဲ့ဖူးသည့် ငွေကြေးများစွာ ရရှိခဲ့လေ၏။

ကျွန်ုပ်သည် စာပေအနုပညာအလုပ်ကိုလုပ်ရင်း တစ်ဖက်တစ်လမ်းက အခြားသော ဝါသနာအလုပ်များကိုလည်း စိတ်ဝင်တစား လေ့လာလိုက်စားခဲ့၏။ အထူးသဖြင့် လောကုတ္တရာကျမ်းစာများ၊ လျှို့ဝှက်ဆန်းကြယ်သည့် ဂမ္ဘီရအတတ်ပညာများ ဖြစ်လေ၏။

ထိုနေ့သည် ကျွန်ုပ်အဖို့ ထူးခြားသော နေ့တစ်နေ့ဟု သတ်မှတ်ရမည်ဖြစ်သည်။ အကြောင်းကား ကျွန်ုပ်အတွက် ထို့ထက်ပို၍ တိကျစွာပြောရလျှင် ကျွန်ုပ်ဘဝတွင် ဘယ်တုန်းကမှ မကြုံဖူး၊ မတွေ့ဖူးခဲ့သော လွန်စွာထူးဆန်းအံ့ဩဖွယ် အကြောင်းအရာတစ်ခုနှင့် ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့ရသောကြောင့် ဖြစ်သည်။

မည်းနေသော ကောင်းကင်သည် ညနေစောင်းမှ ကြည်လင်စပြုလာ၏။ အချို့နေရာများမှာ နေရောင်သဲ့သဲ့ လင်းပွင့်စပြုလာ၏။ ထိုအခါကျမှ ကျွန်ုပ်လည်း ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ပြီး တပည့်မောင်တိုး လာရောက်ပို့ဆောင်ထားသည့် ကော်ဖီပန်းကန်ကို မ,ယူလျက် ဝရံတာသို့ထွက်ပြီး ကော်ဖီသောက်ရန် ထိုင်ရာက ထလိုက်၏။

သို့သော်လည်း ထဟန်ပြင်ဆဲမှာပင် ကျွန်ုပ်တင်ပါးနှစ်ဖက်က ကုလားထိုင်မှ ကွာမရနိုင်အောင် ဖြစ်သွားလေ၏။ လေ့ကားအတိုင်း လေးလေးပင်ပင်တက်လာသော ခြေသံတစ်စုံကို သတိထား





မိလိုက်၍ ဖြစ်သည်။ အသားကျလေ့ကျင့်ထားသည့် အာရုံခံစားမှုက ထိုအခိုက်အတန့်မှာပဲ ၎င်းခြေသံအပေါ် ကောင်းစွာ ခွဲခြားနိုင်လိုက်သဖြင့် ကျွန်ုပ်လည်း နေရာမှာ ထိုင်မြဲထိုင်နေလိုက်၏။

ပြီးနောက် တပည့်လေးရှိရာ အတွင်းမီးဖိုချောင်ဆီသို့ ဦးခေါင်းငဲ့လျက် ကော်ဖီပူပူတစ်ခွက်ဖျော်ခဲ့ရန် လှမ်းအော်လိုက်၏။ ထိုသို့အော်လိုက်စဉ်မှာပဲ လှေကားအတိုင်း ကြားနေရသည့် ခြေသံတစ်စုံသည် ကျွန်ုပ်၏အခန်းရှေ့တွင် ရပ်တန့်သွားပြီး တံခါးရွက်ကို သုံးချက်မှန်မှန်ခေါက်လိုက်သံ ထွက်ပေါ်လာ၏။

ကျွန်ုပ်သည် မည်သူမည်ဝါဟူ၍ စူးစမ်းမေးမြန်းမနေတော့ဘဲ ထိုင်ရာမှထပြီး တံခါးဖွင့်ပေးလိုက်၏။ ထိုသို့ တံခါးကို နှေးနှေးမှန်မှန် သုံးချက်တိတိခေါက်လိုက်သူမှာ အခြားသူ မဟုတ်ပေ။

ကျွန်ုပ်၏ တစ်ဦးတည်းသော မျိုးဆက်သွေးဖြစ်သည့် ကျွန်ုပ်တူတော်စပ်သူ မောင်နေအောင်ပင် ဖြစ်၏။ တကယ်တော့ မောင်နေအောင်သည် ကျွန်ုပ်တူတော်စပ်သူဖြစ်သော်ငြား ကျွန်ုပ်က သားသမီးအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့ရသူ ဖြစ်သည်။ ကျွန်ုပ်သာလျှင် အမိ၊ ကျွန်ုပ်သာလျှင် အဖ . . . ဟူသကဲ့သို့ ငယ်စဉ်လူမမယ် အရွယ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ရ၏။

မောင်နေအောင်သည် ငယ်စဉ်အရွယ်ကတည်းက ကျွန်ုပ်အား အထင်ကြီးအားကျနေလေ၏။ ကျွန်ုပ်ကဲ့သို့ ပုလိပ်အရာရှိဖြစ်ဖို့ စိတ်ကူးယဉ်နေခဲ့ပုံရ၏။ သူ့တွင် ထူးခြားသည့် အကျင့်တစ်ခုမှာ မည်သည့်ကိစ္စမဆို ရည်ရွယ်ချက်မရောက်မချင်း မည်သူ့ကိုမှ ဖွင့်ဟပြောဆိုခြင်းမပြုဘဲ ကြိတ်၍ကြိုးစားခြင်းပင် ဖြစ်၏။

သူသည် ငယ်စဉ်ကတည်းက ကျွန်ုပ်ကဲ့သို့ ပုလိပ်အရာရှိဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ကို ယူနီတာစီတီကောလိပ်မှ ဒိုင်



www.burmeseclassic.com

www.burmeseclassic.com



အအောက်တန်း အောင်မြင်သည့်အချိန်ရောက်မှ ကျွန်ုပ်သိခဲ့ရ၏။ ထိုအခါ ကျွန်ုပ်လည်း ၎င်းစိတ်အားထက်သန်နေသည့် အလုပ်အပေါ်တွင် မည်သို့ဟန့်တားရမှန်းမသိ ဖြစ်သွားလေ၏။

ဗြိတိသျှအစိုးရအုပ်ချုပ်ရေးယန္တရားတွင် ပုလိပ်အရာရှိအဖြစ် ကျင်လည်ရသည့် အခက်အခဲ၊ ပြဿနာမှာ အဘယ်မျှအန္တရာယ်ကြီးမားကြောင်း ကျွန်ုပ်ကောင်းစွာ သိရှိထားလေရာ ဖြစ်နိုင်လျှင် မောင်နေအောင်ကို မြို့အုပ်၊ ဝန်ထောက်မင်း စသည့် ရာထူးများကိုသာ ရည်ရွယ်မျှော်မှန်းစေလိုသည်။

ပင်စင်စား ရာဇဝတ်ဘက်အရာရှိဖြစ်သည့် ကျွန်ုပ်က နားဝင်အောင် ပြောပြသော်လည်း မောင်နေအောင်ကိုယ်တိုင်က စွန့်စားခြင်းတွင် အထုံဝါသနာရှိသူဖြစ်သောကြောင့် ကျွန်ုပ်တားမြစ်နေသည့်ကြားထဲမှ ဆပ်ကျောင်းသို့ မရမနေ တတ်ရောက်ခဲ့လေ၏။

ထိုအချိန်မှာတော့ သူသည် ဆပ်ကျောင်းဆင်းခါစ အက်အိုင်ပီလက်သစ်လေးအဖြစ် အင်းစိန်စီအိုင်ဒီတွင် တာဝန်ထမ်းဆောင်နေပြီဖြစ်၏။ ထိုအခါ သူသည် ကျွန်ုပ်သွန်သင်ပြောပြထားသည့် အခြေအနေများနှင့် အမှန်ပင် ရင်ဆိုင်ကြုံတွေ့ရတော့၏။

သို့သော်လည်း မောင်နေအောင်သည် မိမိဝါသနာထုံသည့် အလုပ်ဖြစ်သောကြောင့် ကြုံတွေ့သမျှ အခက်အခဲတိုင်း ဇွဲသန်သန်ဖြင့် ကြို[illegible]စားဖြတ်ကျော်နိုင်စွမ်းသည်ကို တွေ့ရသဖြင့် ကျွန်ုပ်များစွာ ကျေနပ်မိ၏။

ကျွန်ုပ်ကလည်း တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးသဖြင့် ၎င်းအတွက် ရေကန်အသင့်၊ ကြာအသင့်ဆိုသလို များစွာ အဆင်ပြေနေတော့၏။ ကျွန်ုပ်ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို အလျဉ်းသင့်သလို လာရောက်ပြီး ဆည်းပူးလေ့လာရုံသာမက





လျှို့ဝှက်နက်နဲပြီး ဖော်ထုတ်ရန် မလွယ်ကူသော အချို့အမှုအခင်းများကို ကျွန်ုပ်ကိုယ်တိုင်လိုက်ပါပြီး ကူညီဆောင်ရွက်ရသည်များလည်း ရှိ၏။

ထိုအခါများတွင် ကျွန်ုပ်သည် ကန့်လန့်ကာနောက်ကွယ်က လှုပ်ရှားသူကဲ့သို့ နေထိုင်ပြီး ၎င်းတို့စုံထောက်အဖွဲ့သားများကိုယ်တိုင် ကြိုးစားဖော်ထုတ်သည့် အနေအထားမျိုးဖြစ်အောင် ပံ့ပိုးပေးလေ၏။ သို့မှသာ ပုလိပ်မင်းကြီးပေါလ်စလေဒင်၏ မျက်နှာသာပေး ချီးကျူးခြင်းကို ၎င်းတို့စုံထောက်လေးတွေ ရရှိမည်ဖြစ်၏။

ကျွန်ုပ်သည် အက်အိုင်ပီလက်သစ်လေး မောင်နေအောင်၏မျက်နှာအရိပ်အကဲ မြင်လိုက်သည်နှင့် သဲဘောကျစွာ ပြုံးလိုက်ပြီး . . .

"အင်း . . . ဒီတစ်ကြိမ် အဘဆီ လူလေးလာတာ အရင်အကြိမ်တွေမှာ လာတုန်းကလို ပညာဆည်းပူးဖို့ ဟုတ်ဟန်မတူဘူး၊ ပုလိပ်မင်းကြီးက လူလေးဦးခေါင်းကို ဖနောင့်နဲ့ပေါက်လိုက်ပြီ ထင်တယ်"

ဟု ခရီးရောက်မဆိုက်ပြောလိုက်ရာ မောင်နေအောင်၏ မျက်ဝန်းတွေမှာ အုံ့ဩသည့် အရိပ်အငွေ့များ ရုတ်ချည်းဖြတ်သန်းသွားပြီး ကျွန်ုပ်ကို ကြည့်လေ၏။

ထိုအချိန်မှာပဲ မောင်တိုးဟူသော တပည့်လေးက ကျွန်ုပ်မှာလိုက်သည့် ကော်ဖီကိုကိုင်လျက် ရောက်ရှိလာသဖြင့် ကျွန်ုပ်လည်း မောင်နေအောင်ကို ကျွန်ုပ်အလုပ်စားပွဲရှိရာသို့ ဖိတ်ခေါ်လိုက်၏။

မောင်နေအောင်က ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ထိုင်မိသည်နှင့် . . .

"သေချာလှချည်လား အဘရယ်၊ ကျွန်တော်တော့ အဘရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်တွေးဆပုံကို ခန့်မှန်းလို့ မရနိုင်တော့ဘူး"

ဟု ထူထဲသော မျက်ခုံးနှစ်ဖက်ကိုမြှင့်၍ တအံ့တသြ ပြောလေ၏။

ကျွန်ုပ်က မည်သည့်စကားမှ မဆိုသေးဘဲ ကော်ဖီကို နှစ်ကျိုက်မျှ သွက်သွက်သောက်လိုက်ပြီး ဆေးအိုးတွင်းဆေးဖြည့်ပြီးသားဆေးတံကို မီးညှိဖွာရှိုက်လိုက်ပြီးမှ . . .

"ရိုးရိုးရှင်းရှင်းလေး မြင်လိုက်တဲ့အမြင်ပေါ့ လူလေးရယ်"

ဟုစကားကို အစပျိုးပြီး သူ့တစ်ကိုယ်လုံးကို လျှပ်တစ်ပြက်စူးစမ်းကြည့်ပြီးနောက် . . .

"လူလေးအကျီက မီးပူကျ သေသေသပ်သပ် ရှိနေတယ်၊ ဖိနပ်ကိုလည်း ပြောင်လက်နေအောင် အရောင်တင်ထားတယ်၊ အခုလုလေးဦးထုပ်ချွတ်ထားတယ်၊ ဒါပေမယ့် လူလေးဖြီးထားတဲ့ ဇလင်တီနိုဆံတောက်က သိပ်ပုံမပျက်သေးဘူး၊ အဲဒီအခြေအနေအားလုံးကို သုံးသပ်ရင် ဒီနေ့မနက် အိမ်ကအထွက်မှာ လူလေးဟာ စိတ်လက်ကြည်ကြည်လင်လင် ရှိနေတဲ့သဘော ဖြစ်တယ်၊ ဒါက အခြေအနေတစ်ခု၊ နောက်အခြေအနေတစ်မျိုးကတော့ ဆန့်ကျင်ဘက်သဘောမျိုးလို့ ယူဆရမယ်၊ လူလေးအကျီအိတ် ထောင်ထဲမှာ လောလောလတ်လတ် မင်စွန်းထားတာရယ်၊ မျက်နှာက အလိုမကျဖြစ်လာတာရယ်၊ အဲဒီအမှုအရာတွေကို ကောက်ချက်ချမယ်ဆိုရင် စီအိုင်ဒီဌာနရောက်ပြီးမှ စိတ်အနှောက်အယှက် တစ်စုံတစ်ရာကြုံတွေ့ခဲ့ရပြီဆိုတာ သက်သေပြနေတာပဲပေါ့"

ဟူ၍ အခိုင်အမာ ပြောလိုက်သည်တွင် အံ့သြငေးကြည့်နေသည့် မောင်နေအောင်၏မျက်နှာမှာ တဖြည်းဖြည်း ကြည်လင်ဝင်းပလာပြီး ပြုံးရိပ်သန်းလာတော့၏။





"ကျွန်တော်အလွန့်ကို သဘောကျတယ်ဗျာ၊ ညစ်လာတဲ့စိတ်တွေတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ ဒါကြောင့်လည်း စီအိုင်ဒီစုံထောက်လောကမှာ အင်စပက်တောင်မင်းမြတ်ကျော်စွာရဲ့ ဂုဏ်သတင်းဟာ အခုလို အငြိမ်းစားဘဝရောက်နေတာတောင်မှ ဂုဏ်သတင်းမွှေးပျံ့နေတာ မထူးဆန်းပါဘူးလေ"

"ကဲပါလေ၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ဆိုသလို မြှောက်ပင့်မနေပါနဲ့တော့၊ အခု လူလေးတို့ခေါင်းကို မင်းကြီးဖနောင့်နဲ့ပေါက်လိုက်တာ ပက္ကလိန်းလမ်း လူသတ်မှုကြောင့် မဟုတ်လား"

"ခင်ဗျာ . . ."

ထိုအခါမှာလည်း မောင်နေအောင်သည် တအံ့တသြဖြင့် ပါးစပ်ဟသွားပြီး ခန္ဓာကိုယ်က နောက်သို့ယိုင်သွားလေ၏။ ကျွန်ုပ်ကလည်း သူ့အား အံ့သြမိအောင် တစ်မျိုးပြီးတစ်မျိုး ကလိလိုက်သလိုဖြစ်နေ၏။ ထို့ထက်ပိုပြီး အံ့သြသွားစေမည့် စကားလုံးများ များစွာရှိသေးသော်လည်း ကျွန်ုပ်လည်း ပြောဖို့ဟန်ပြင်ပြီးမှ ထိန်းလိုက်ရ၏။

သို့မဟုတ်ပါက သူက အံ့သြလိုက်၊ မေးခွန်းထုတ်လိုက်၊ ကျွန်ုပ်က ပြန်ဖြေရှင်းလိုက်ဖြင့် မုန့်လုံးစက္ကူကပ်သလို လိုရင်းမရောက်တော့ဘဲ လုံးလည်ချာလည် လိုက်နေပေလိမ့်မည်။

"ကဲ . . . ကဲ . . . လူလေး . . . မိုးအေးအေးမှာ လာခဲ့ရတော့ အချမ်းပြေကော်ဖီသောက်ရင်း လူလေးလာရင်းကိစ္စဖြစ်တဲ့ ပုလိပ်မင်းကြီးက ဘယ်လိုဖနောင့်နဲ့ပေါက်လိုက်တယ်ဆိုတာ အရင်ပြောစမ်းပါ"

ဟုပြောပြီး အနည်းငယ်ဝေးကွာနေသည့် ကော်ဖီပန်းကန်ကို သူ့ရှေ့ရွှေ့ပေးလိုက်၏။ သူက ကော်ဖီပန်းကန်ကိုင်းကိုကိုင်၍ကျက်မသောက်သေးဘဲ ပြုံးလျက် ကျွန်ုပ်အား ကြည့်နေပြန်၏။ ထို့နောက်


www.burmeseclassic.com

www.burmeseclassic.com



ပူပူနွေးနွေးကော်ဖီကို အတော်များများသောက်လိုက်ပြီး . . .

"ကျွန်တော် တကယ့်ကို လက်ဖျားခါတယ် အဘရယ်၊ အခု ကျွန်တော့်နေရာမှာ မင်းကြီးပေါလ်စလေဒင်သာဆိုလျှင် အိုးမိုင်ဂေါ့ဒ် . . . အိုးမိုင်ဂေါ့ဒ်ဆိုပြီး တဂေါ့ဒ်ထဲ ဂေါ့ဒ်နေမှာ သေချာတယ် . . ."

ဟုပြောပြီးနောက် ပိုလိုစီးကရက်တစ်လိပ် ထုတ်ယူလိုက်ပြီး မီးညှိဖွာရှိုက်လိုက်ပြန်၏။ ထိုသို့ဖွာရှိုက်ရင်းက . . .

"ကျွန်တော် ကိုယ့်ငါးချဉ်၊ ကိုယ်ချဉ်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ ကျွန်တော်တို့ စီအိုင်ဒီမှာ အဘလို အရည်အချင်းမျိုး တစ်ယောက်လောက်ရှိရင် မင်းကြီးပေါလ်စလေဒင်လို လူမျိုးက အဘတစ်ယောက်ကိုပဲခန့်ပြီး ကျွန်တဲ့စုံထောက်တွေကို အလုပ်က ထုတ်ပစ်မှာ သေချာတယ်"

ဟူ၍ပြောပြီး အားပါးတရ ရယ်လေ၏။

ကျွန်ုပ်လည်း သူ့ပြက်လုံးကို သဘောကျမိ၍ နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။

တကယ်တော့ ကျွန်ုပ်၏ အယူအဆ၊ တွေးခေါ်စဉ်းစားပုံမှာ ရိုးရိုးစင်းစင်းလေးပင် ဖြစ်သည်။ သို့သော်လည်း အတွေ့အကြုံနှင့် အလေ့အကျင့်ရှိဖို့သာ လို၏။ မောင်နေအောင်မှာ အတွေ့အကြုံ နုနယ်သေးသလို အလေ့အကျင့်လည်း နည်းပါးသေးသဖြင့် သူ့အဖို့ ထူးဆန်းနေခြင်း ဖြစ်၏။

ထိုအချိန်အထိ ကျွန်ုပ်သည် ၎င်းထူးဆန်းသည့် လူသတ်မှုနှင့် ပတ်သက်ဆက်နွယ်ရလိမ့်မည်ဟု အနည်းငယ်မျှ တွေးမထားမိပေ။ ကျွန်ုပ်သိနေခြင်းမှာ ၎င်းအမှုနှင့်ပတ်သက်ပြီး ဟံသာဝတီ၊ သူရိယစသည့် သတင်းစာကြီးများက အကျယ်တဝင့် ရေးသားဖော်ပြနေ





သောကြောင့် ဖြစ်သည်။

သတင်းသမားများပိပိ လက်စွာသည့် အရေးအသား၊ တင်ပြပုံများကြောင့် ပရိသတ်မှာ အထူးပင် စိတ်ဝင်စားကြ၏။ အချို့အရေးအသားများဆိုလျှင် ဆန်တစ်စိကို တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့ဖော်ပြကြသည်များလည်း ရှိ၏။ ထိုအခါ တာဝန်ရှိသူများမှာ ၎င်းသတင်းသမားများကြောင့် ဂုဏ်သိက္ခာကျဆင်းကြရလေ၏။

အထူးသဖြင့် ပုလိပ်အမှုထမ်းများ ဖြစ်ကြလေ၏။ ပုလိပ်အမှုထမ်းများတွင် တာဝန်အရှိဆုံးနှင့် အမြင့်ဆုံးရာထူးရှိသူမှာ ပုလိပ်မင်းကြီးပေါလ်စလေဒင်ဖြစ်သောကြောင့် ကြီးမားသည့် အမှုအခင်းတစ်ခု ဖြစ်ပေါ်လေတိုင်း ၎င်းဂယက်က ပုလိပ်မင်းကြီး၏ ခေါင်းကို ပြေးဆောင့်စမြဲဖြစ်၏။ ထိုမှတစ်ဆင့် ဆင့်ကဲ,ဆင့်ကဲ အဆောင့်ခံကြရသူများမှာ မောင်နေအောင်တို့လို ပုလိပ်အမှုထမ်းများ ဖြစ်ကြလေ၏။

ပက္ကလိန်း (ကုက္ကိုင်း) လမ်းတွင် ဖြစ်ပေါ်ခဲ့သည့် လူသတ်မှုက လွန်စွာရက်စက်သည့် လုပ်ကြံသတ်ဖြတ်မှု ဖြစ်၏။ ၎င်းလူသတ်မှုမှာ တစ်ပတ်ခန့်ကြာရှိခဲ့သော်လည်း တရားခံအစစ်အမှန်အား ဖော်ထုတ်နိုင်ခြင်းမရှိ ဖြစ်နေလေရာ ရန်ကုန်မြို့ထုတ် သတင်းစာများက ရာဇဝတ်အဖွဲ့အား ထိကပါးရိကပါး ရေးသားကြလေ၏။

ကျွန်ုပ်သည် ပင်စင်စား ရာဇဝတ်အမှုထမ်း လက်ဟောင်းတစ်ဦးဖြစ်သောကြောင့် မိမိတာဝန်ထမ်းဆောင်ခဲ့သော ရာဇဝတ်အဖွဲ့အပေါ် သံယောဇဉ်ရှိနေ၏။ ထိုစိတ်ကြောင့်ပင် သတင်းသမားများ၏ ရေးသားချက်များကိုဖတ်မိပြီး မိမိပုလိပ်ဌာနအတွက် ဝီတိမကောင်းဖြစ်မိသည်။

ကျွန်ုပ်ပင်လျှင် စိတ်ထဲထိခိုက်နေသေးပါသာ မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါလ်စလေဒင်ဆိုလျှင် မည်မျှခံစားနေရမည်ကို တွေးဆကြည့်နိုင်ပေ၏။

မောင်နေအောင်၏ ပြောပုံအရဆိုလျှင် မင်းကြီးပေါလ်စလေဒင်၏ ဒေါသတွေက ထိုနေ့မနက်မှာ အပြင်းအထန် ပေါက်ကွဲခဲ့ပုံရ၏။

"ဒီမနက် မင်းကြီးဖြစ်နေပုံကို အဘကို မြင်စေချင်လိုက်တာဗျာ၊ အဲဒီလောက် ဒေါသထွက်တာမျိုး ကျွန်တော်တစ်ခါမှ မကြုံဖူးသေးဘူး၊ လက်ညှိုးတစ်ချောင်းထောင်နဲ့ ဟိုလူ့ထိုးလိုက် ဒီလူ့ထိုးလိုက်၊ ပြီးတော့ ထိုင်လိုက်၊ ထလိုက် . . .၊ တစ်ခါတလေ ခုန်တောင်ခုန်လိုက်သေးတယ်၊ တကယ့် မျောက်ဖြူကြီးအတိုင်းပဲ"

မောင်နေအောင်က သူ့အကျင့်အတိုင်း သရော်လေသံဖြင့် ပြောလိုက်ပြန်ရာ ကျွန်ုပ်လည်း ကွက်ကွက်ကွင်းကွင်း မြင်ယောင်မိပြီး အားပါးတရ ရယ်မိပြန်၏။ သူက ဆက်ပြီး . . .

"ကျွန်တော်တို့ မပြောနဲ့၊ အတွေ့အကြုံအများကြီးရှိတဲ့ အိုင်ပီလက်ဟောင်းကြီးတွေတောင် ခေါင်းခြောက်နေကြတယ်၊ သူတို့လည်း အစွမ်းကုန်ကြိုးစားကြပါတယ်၊ ဒါပေမယ့် သူတို့ကြိုးစားမှုက အိုးနင်းခွက်နင်းဆိုသလို ဖြစ်နေတယ်၊ မသင်္ကာလို့ ဖမ်းခေါ်လာလိုက်၊ ဟိန်းလိုက်၊ ဟောက်လိုက်၊ ရိုက်နှက်လိုက် . . .၊ နောက်တော့ မခိုင်လုံဘူးဆိုပြီး ပြန်လွှတ်လိုက်နဲ့ အချုပ်ထဲမှာ မသင်္ကာလို့ ဖမ်းခံရတဲ့သူတွေဟာ ကုလားဘုရားလှည့်သလို စည်ကားနေတာပဲ၊ သူတို့တောင် အဲဒီလိုဖြစ်နေတယ်ဆိုရင် ကျွန်တော်တို့ အက်အိုင်ပီလက်သစ်တွေအဖို့တော့ ပြောမနေနဲ့တော့ အဘရယ်၊ ဘယ်ချောင်မှာသွားနေရမှန်းတောင် မသိတော့ဘူး၊ ဒီနေ့တစ်နေ့လုံး အကျိန်းအမောင်းခံရလွန်းလို့ ကျွန်တော့်ဦးခေါင်းတွေက ဗွိုင်လာအိုးလို





ဆူပွက်နေပြီ . . .၊ ဟိုနေ့ကတည်းက အဘကို အရမ်းသတိရနေတာ၊ ဘယ်လိုမှ လှည့်မအားလို့ ရောက်မလာနိုင်တာ . . .၊ အခု တောင် ပေးထားတဲ့ တာဝန်တွေကို ပစ်ထားခဲ့ပြီး ခွတ်ထွက်လာခဲ့တာ . . ."

ဟူ၍ သူ၏မျက်နှာကို ရှုံ့လိုက်မဲ့လိုက်၊ တစ်ခါတစ်ရံ မျက်ခုံးနှစ်ဖက်ပင့်မြှောက်လိုက်ဖြင့် ပြောလေ၏။ သူဖြစ်နေပုံက ကျောင်းဆရာရှေ့ရောက်နေသည့် ကျောင်းသားတစ်ဦးပမာ ဆရာထံမှောက် တိုင်တန်းနေသလိုဖြစ်နေ၍ ကျွန်ုပ်လည်း ပြုံးမိ၏။

တကယ်တော့ ကျွန်ုပ်လည်း မောင်နေအောင် ဘယ်နေ့ရောက်လာလေမလဲဟု မျှော်နေမိသည်။ အကြောင်းကတော့ ၄င်းပက္ကလိန်းလမ်း လူသတ်မှုအကြောင်းကို သတင်းစာများမှာ ဖတ်ရှုမိစဉ်ကတည်းက လွန်စွာစိတ်ဝင်စားမိသည်ကြောင့် အမှုအခင်းနှင့်ပတ်သက်၍ အသေးစိတ်အခြေအနေကို မောင်နေအောင်အား မေးမြန်းလိုသောကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် ပုလိပ်အမှုထမ်းပီပီ အမှုသွား၊ အမှုလာ အပေါ် သုံးသပ်ရင်းဖြင့် ကျွန်ုပ်သိလိုသမျှ သဲလွန်စများကို မေးမြန်းလိုက်ရာ မောင်နေအောင်က လွန်စွာစိတ်ရှုပ်ထွေးသည့် အမှုအရာဖြင့် . . .

"သဲလွန်စတွေတော့ ရရှိပါရဲ့ အဘရယ်၊ ဒါပေမယ့် ဆက်စပ်လို့ မရလောက်အောင် ရှုပ်ထွေးလွန်းလို့ ဘဲဥအစရှာမရသလို လုံးလည်ပတ်ချာရိုက်နေတာပဲ"

"ထင်လို့ပါ မောင်နေအောင်ရယ်၊ အဘအတွေ့အကြုံအရပြောရရင် တစ်ချို့ရှုပ်နေတဲ့ အမှုအခင်းတွေဟာ ရှင်းတတ်ပါတယ်၊ တစ်ချို့အမှုအခင်းမျိုးတွေဟာ အမြင်မှာတော့ ရိုးရိုးရှင်းရှင်းလေး ထင်ရပေမယ့် တကယ့်တကယ် စုံစမ်းဖော်ထုတ်တဲ့အခါ လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလေဆိုသလို ဖြစ်ခဲ့တာတယ်၊ ကဲပါလေ . . . အမှုသွား၊ အမှုလာကို တဆိတ်ရှင်းစမ်းပါဦး”

ဟု၍ ကျွန်ုပ်က စိတ်အားထက်သန်စွာ မေးလိုက်သည်နှင့် မောင်နေအောင်သည် သူ၏သားရေဖုံး မှတ်တမ်းစာအုပ်ကိုဖွင့်ပြီး ၎င်းအမှုနှင့်ပတ်သက်၍ အသေးစိတ်မှတ်တမ်းမှတ်ရာများဖြင့် ရှင်းပြလေ၏၊ ကျွန်ုပ်သည် နားထောင်နေလျက်က ကျွန်ုပ်၏စိတ်ခံစားမှုများမှာ ဒီရေတက်စပြုရာမှ တဖြည်းဖြည်း အရှိန်အဟုန် မြင့်မားလာသည့် ရေလှိုင်းပမာ စိတ်အားထက်သန်လာသဖြင့် ကျွန်ုပ်လည်း ခဲတံတစ်ချောင်းဖြင့် စာရွက်အလွတ်ပေါ်တွင် သံသယရှိသည့် အတွေးများကို ရေးမှတ်နေမိ၏။

တူတော်မောင်,မောင်နေအောင်ကလည်း ကျွန်ုပ်အကြောင်းကို အစင်းသိ၊ အတွင်းသိ သူဖြစ်လေရာ ကျွန်ုပ်၏အမူအရာများကို ကြည့်၍ နွမ်းနွမ်းလျလျဖြစ်နေသော မျက်နှာက တိမ်ညိုကင်းသော လပြည့်ဝန်းလို တဖြည်းဖြည်း ကြည်လင်ဝင်းပသွားပြီး စိတ်အားထက်သန်စွာ ပြောလေတော့၏။

ကျွန်ုပ်တို့နှစ်ဦးသည် တစ်နာရီကျော်မျှ ဆွေးနွေးပြောဆိုပြီးနောက် စကားဝိုင်းကို အဆုံးသတ်လိုက်ကြ၏။ ထိုအချိန်တွင် စားပွဲပေါ်ရှိ ဆေးလိပ်ပြာခံခွက်အတွင်း၌ မောင်နေအောင်ဖွာရှိုက်ခဲ့သည့် ပိုလိုစီးကရက်အစီခံများ ပြန့်ကျဲသွားသလို ကျွန်ုပ်ဆေးတံအိုးက ခွေချလိုက်သည့် ပြာများကြောင့် ဆေးလိပ်ခွက်မှာ ပြည့်လျှံနေတော့၏။

ထိုမျှသာမက ခဲတံဖြင့် ကျွန်ုပ်ရေးမှတ်ထားသည့် စာရွက်များလည်း အမြောက်အများ ပြန့်ကျဲသွားလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် အတန်ကြာမျှ တိတ်ဆိတ်နေကြ၏။ အမှန်မှာ ကိုယ့်အတွေး





ဖြင့်ကိုယ် တွေးတောနေကြခြင်း ဖြစ်သည်။

ကျွန်ုပ်သည် အဘယ်မျှကြာအောင် တွေးတောနေမိသည်မသိ။ ကျွန်ုပ်သတိပြုမိစဉ်မှာတော့ မောင်နေအောင်က ကျွန်ုပ်ကိုလွန်စွာကျေနပ်အားရသည့် မျက်ဝန်းဖြင့်ကြည့်လျက် ပြုံးနေလေရာ ထိုအမူအရာကြောင့် ကျွန်ုပ်လည်း ဟန်ပင်မဆောင်နိုင်တော့ဘဲ အားပါးတရ ရယ်လိုက်တော့၏။

ကျွန်ုပ်၏တူ အက်အိုင်ပီလက်သစ်လေး မောင်နေအောင်၏ပရိယာယ်အတွင်း၌ ကျွန်ုပ်သည် တောကောင်ပမာ ဝပ်ဆင်းလိုက်ရလေပြီ။ အနည်းငယ် ရှင်းပြရသော် ကျွန်ုပ်သည် ၎င်းအမှုအပေါ်တွင် လိုတာထက်ပိုပြီး စိတ်ဝင်တစားရှိရုံမက ကိုယ်တိုင်ပါဝင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်းကို ကျွန်ုပ်၏အမူအရာများက သက်သေပြလိုက်ခြင်းပင် ဖြစ်သည်။

အားပါးတရ ရယ်မောခြင်းကို ရပ်တန့်လိုက်သည်နှင့် မောင်နေအောင်က ထိုင်ရာမှထလိုက်ပြီး ကျွန်ုပ်ထံသို့ လက်ကမ်းလျက် . . .

“ကွန်ကရက်ကျူးလေးရှင်း . . . ကျွန်တော်တို့ စီအိုင်ဒီမြန်မာစုံထောက်တွေရဲ့ ဦးခေါင်းအပေါ် ကျရောက်နေတဲ့ မင်းကြီးပေါလ်စလေဒင်ရဲ့ဖနောင့်ကို ဖယ်ရှားနိုင်တာဆိုလို့ အဘတစ်ယောက်တည်းပဲ ရှိပါတယ်၊ အဘကို ကျွန်တော်တို့ စီအိုင်ဒီက ကြိုဆိုပါတယ်”

ဟူ၍ ပြောလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"အခင်းဖြစ်ပွားတဲ့အိမ်က ဒီအိမ်ပဲလေ၊ အခုထိတော့ သေဆုံးသူဦးဒေဝရဲ့ ဆွေမျိုးညာတိရယ်လို့ တစ်ယောက်မှ ဆက်သွယ်လာတာမျိုး မရှိသေးဘူး၊ စီအိုင်ဒီကလည်း သတင်းစာတွေမှာ လာရောက်ဆက်သွယ်ဖို့ ရက်ခြားဆိုသလို ကြော်ငြာထည့်ပါတယ်၊ ဘာမှအကြောင်းမထူးတော့ အိမ်ကိုသော့ခတ်ထားရတယ်"

အခင်းဖြစ်ပွားရာ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးအနီးသို့ ရောက်သည်နှင့် မောင်နေအောင်က ရှင်းပြလေ၏။ ထိုနေ့မှာတော့ မနေ့ကလိုမဟုတ်ဘဲ ရာသီဥတုမှာ ကြည်ကြည်လင်လင်ရှိနေသဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် စောစီးစွာ ထွက်လာခဲ့ကြ၏။

မနေ့ကပင် အတည်ပြုချက်ရယူခဲ့ပြီဖြစ်၍ မောင်နေအောင်သည် စိတ်မြန်လက်မြန်ရှိသူပီပီ ဒီနေ့မှာတော့ စီအိုင်ဒီဖို့ဒ်ကားလေးဖြင့် ကျွန်ုပ်နေအိမ်သို့ စောစီးစွာ ရောက်ရှိလာပြီးနောက် ကျွန်ုပ်အား





အခင်းဖြစ်ရာဆီသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်ကလည်း ကိုယ့်တူအကြောင်း ကိုယ်အသိဆုံးဖြစ်၍ စောစောအိပ်ယာထပြီး ကြိုတင်ပြင်ဆင်ထားလေရာ ၎င်းအတွက် အဆင်သင့် ဖြစ်သွားလေ၏။

ကျွန်ုပ်သည် အိမ်ကြီးကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး . . .

"ဒါနဲ့ သေဆုံးသူဦးဒေဝမှာ လက်တိုလက်တောင်းခိုင်းတဲ့ အစေခံကောင်လေးတစ်ဦး ရှိတယ်ဆို . . ."

"ဟုတ်တယ် အဘ၊ အဲဒီကောင်လေးကိုလည်း အချိန်ယူပြီး မေးမြန်းစစ်ဆေးပါတယ်၊ သူက အစေခံအလုပ်ကလွဲပြီး ဦးဒေဝအကြောင်း ဘာမှမသိဘူး၊ နောက်တော့ သူ့ကိုပြန်လွှတ်ပေးလိုက်တယ်၊ ကြည့်မြင်တိုင်ဘက်က ဆွေမျိုးတွေနဲ့နေတယ်လို့ သိရတယ်"

"သူ့ဆီက သိရတဲ့ အကြောင်းအရာလေးတွေကို ပြောပြပါဦး"

"သူလည်း ဦးဒေဝကို သေမှုအသတ်ခံရမှန်း သိဗ္ဗာတဲ့၊ အသတ်မခံရခင်အချိန်က ဦးဒေဝနဲ့ တစ်ယောက်ယောက် တိုးတိုးတိတ်တိတ် စကားပြောနေသံ ကြားရတယ်တဲ့၊ နောက်အတော်ကြာတော့ ဦးဒေဝရဲ့ မချိမဆန့် အော်သံကြားလိုက်ရလို့ သူလည်း သွားကြည့်ရော ရုပ်ပျက်ဆင်းပျက်သေနေတဲ့ ဦးဒေဝကိုတွေ့လိုက်တော့ အထိတ်တလန့်ဖြစ်သွားပြီး ပြေးအထွက်မှာ သူ့ခေါင်းကို တစ်ယောက်ယောက်က နောက်ကနေ ရိုက်လိုက်တာ သူလည်း နေရာမှာ မေ့လဲသွားတာ ရာဇဝတ်အမှုထမ်းတွေ ရောက်လာမှ သတိရတယ်တဲ့"

ထိုအချိန်မှာပဲ ကျွန်ုပ်တို့နှစ်ဦးလည်း အိမ်ကြီး၏ဆင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ဆောက်ရှိကြလေရာ မောင်နေအောင်က အသင့်ပါလာသော သော့နှင့် ရှေ့တံခါးကိုဖွင့်ပြီး အိမ်ထဲဝင်လိုက်ကြ၏။ အိမ်ကြီးမှာ အပြောင်းအမြင်အရ ဖိုမင်းရင့်ရော်နေသကဲ့သို့ အိမ်အတွင်း အနေအထားမှာလည်း ဟောင်းနွမ်းလှပေ၏။

ဝရိုဘောဂဟူ၍ များများစားစား မတွေ့ရပေ။ လွန်စွာဟောင်းနွမ်းပြီး ရှေးကျသည့် စားပွဲကုလားထိုင်အချို့ တွေ့ရ၏။ မနေ့က မောင်နေအောင်ပြောခဲ့သည့် အချက်အလက်များထဲမှ ကျွန်ုပ်စိတ်ဝင်စားမှုအရှိဆုံး နေရာသို့ လျှောက်လှမ်းသွားလိုက်ရာ မောင်နေအောင်လည်း ကျွန်ုပ်အနီးမှ ကပ်လျက်လိုက်ပါလာ၏။

ထိုနေရာမှာ အခင်းဖြစ်ပွားသည့် နေရာဖြစ်၏။

နံရံတွင် အတော်အတန်ကြီးမားသည့် အပေါက်တစ်ပေါက်ရှိလေ၏။ ၎င်းအပေါက်မှာ လုံ့သွားစိုက်ဝင်ရာ အပေါက်ဖြစ်ပြီး ၎င်းအပေါက်အောက်တည့်တည့်တွင် ညိုညစ်ညစ်အကွက်များကို တွေ့ရလေ၏။ ထိုအကွက်များမှာ သေဆုံးသူ၏ သွေးများဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိပေ။

ကျွန်ုပ်သည် အသားကျလေ့ကျင့်ထားသည့် အကျင့်အတိုင်း ၎င်းမြင်ကွင်းကို ဓါတ်ပုံရိုက်ယူလိုက်သကဲ့သို့ အမြင်အာရုံ၌ စွဲမြဲစွာ မှတ်တမ်းယူလိုက်၏။

ကျွန်ုပ်တို့နှစ်ဦးသည် အချိန်အတော်ကြာမျှ လှည့်ပတ်ကြည့်ရှုပြီးနောက် ခြံဝင်းအတွင်းမှ ထွက်ခွာခဲ့ကြ၏။ လုပ်ကြံခံရသည့် ဦးဒေဝနေအိမ်မှ တွေ့ရှိရသည့် အချက်အလက်များအပေါ် အခြေခံပြီး သက်သေခံပစ္စည်းများနှင့် စပ်ဆက်တွေးတောလိုသည့်အတွက် မောင်နေအောင်နှင့်အတူ အင်းစိန်စီအိုင်ဒီသို့ လိုက်ခဲ့လေ၏။

စီအိုင်ဒီသို့ရောက်သည်နှင့် မှုခင်းစစ်အရာရှိက သက်သေခံ





ပစ္စည်းများကို ထုတ်ယူပြသလေရာ ကျွန်ုပ်လည်း အသေးစိတ်ကြည့်ရှုနေမိသည်။ ထိုသို့ကြည့်ရှုရင်း မရှင်းလင်း၍ မေးမြန်းသည်များကို မောင်နေအောင်က ရှင်းပြ၏။

သေဆုံးစဉ်က ဦးဒေဝဝတ်ခဲ့သည့် သွေးစွန်းနေသော လုံချည်၊ ၎င်းအား ထိုးစိုက်ခဲ့သော လုံ့တံ၊ ၎င်းလက်ထဲမှ ရရှိသော လွန်စွာရှည်လျားသည့် ဆံချည်မျှင် . . .။

အခြားသူများအဖို့ အမှုမဲ့သဘောမျိုး ရှိကောင်းရှိမည်ဖြစ်သော်လည်း ကျွန်ုပ်ကတော့ ၎င်းဆံချည်မျှင်ကို အထူးစိတ်ဝင်စားမိသဖြင့် ကျွန်ုပ်၏လက်စွဲတော် မှန်ဘီလူးဖြင့် ဆံချည်မျှင်ကို အသေအချာ ကြည့်ရှုမိ၏။ ကျွန်ုပ်ထင်သည့်အတိုင်း အမှန်ဖြစ်နေသဖြင့် ကျေနပ်စွာ ပြုံးလိုက်မိ၏။

အခြားသက်သေခံပစ္စည်းများမှာလည်း ကျွန်ုပ်အတွက် စိတ်ဝင်တစားရှိနေပြန်၏။ ဦးဒေဝအလောင်းအနီးမှ တွေ့ရသည့် ဆေးလိပ်တိုတစ်ခု . . .။ ဆေးလိပ်တိုမှာ ဖင်ပိုင်းပြတ်နေအောင် ကိုက်ထားသည့် ဆေးလိပ်တိုဖြစ်သည်။ ကနုတ်ကွက်ဖော်ထားသော ခြောက်လက်မခန့်သေတ္တာလေးမှာ ကျွန်ုပ်အာရုံကို အထူးပင် တုန်လှုပ်ခြောက်ခြားသွားစေ၏။

သေတ္တာအတွင်း၌ အနီရောင်ကတ္တီပါသားကို အထပ်လိုက်ခေါက်ထားပြီး ၎င်းကတ္တီပါအခင်းပေါ်တွင် မဟူရာရောင်ရှိသော လူရုပ်ကလေးကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ အင်္ကျီ၊ ထဘီကို အကျအန ဝတ်ဆင်ပေးထားပြီး အမွှေးရနံ့များ ဆွတ်ဖြန်းပေးထားသဖြင့် အနံ့ဝန်းကျင်တစ်ဝိုက် ကြိုင်သင်းနေလေ၏။

"အဘရဲ့ထင်မြင်ချက်ကို ကြားပါရစေ"

မောင်နေအောင်သည် အချိန်ကြာမြင့်စွာ စေ့စေ့စပ်စပ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေသည့် ကျွန်ုပ်အနီးတွင် ရှိနေရာမှ ကျွန်ုပ်ထံမှ တစ်စုံတစ်ရာ ထင်မြင်ချက်ပြောဆိုခြင်း မရှိဖြစ်နေသည်ကို မြဲသိပ်နိုင်စွမ်းမရှိတော့ ဘဲ မေးလိုက်တော့မှ ကျွန်ုပ်လည်း မိမိကြည့်ရှုနေမိသည့် အချိန်ကို သတိရမိတော့၏။

သက်သေခံပစ္စည်းများကိုလည်း အလုံးစုံကြည့်ရှုပြီးဖြစ်ရာ ကျွန်ုပ်လည်း ဆေးတစ်ဆုံဖြည့်ပြီး ဆေးတံအိုးကို မီးညှိကာ နှစ်ဖွာ၊ သုံးဖွာ ရှိုက်ဖွာလိုက်ပြီး . . .

"အခုရရှိလိုက်တဲ့ အချက်အလက်တွေဟာ တွေးခေါ်စဉ်းစားဖို့ အထောက်အကူသဘောမျိုးပဲ ရှိသေးတယ်၊ လတ်တလော အနေအထားအရ အဲဒီသက်သေခံပစ္စည်းတွေအပေါ်မှာပဲ သုံးသပ်ကြတာပေါ့၊ လူလေးက ဒီအမှုကို စစ်ချက်ယူခဲ့တော့ အဘမေးတာကို ပြောစမ်းပါဦး၊ ဦးဒေဝက ဆေးပြင်းလိပ်သောက်တတ်သလား"

"သောက်မယ် မထင်ဘူး၊ ကျွန်တော်တို့လည်း သံသယရှိလို့ ရှာဖွေကြည့်ရှုပါသေးတယ်၊ အိမ်ထဲအိမ်ပြင်အနှံ့ ဆေးလိပ်တိုဆိုလို့ တစ်လိပ်တစ်လေတောင် မတွေ့ရဘူး၊ သူ့အလောင်းဘေးမှာပဲ ထူးထူးခြားခြား အဲဒီဆေးလိပ်တိုတွေ့ရတော့ လူသတ်သမားသောက်တာလို့ ကျွန်တော်တို့ အိုင်ပီတွေ ယူဆထားကြတယ်"

"အင်း . . . ဖြစ်နိုင်ပါတယ်၊ အဲဒီ ကနုတ်ဖော်ထားတဲ့ သေတ္တာလေးနဲ့ ပတ်သက်လို့ရော"

"အဲဒါကိုလည်း အတိအကျပြောဖို့ ခက်နေတယ် အဘ၊ ဦးဒေဝရဲ့အစေခံကောင်လေး နိုင်နိုင်ပြောတာကတော့ ဦးဒေဝမှာ ဒီသေတ္တာလေးရှိတယ်လို့ မထင်ဘူးတဲ့၊ ထုတ်ကြည့်တာမျိုးလည်း တစ်ခါမှ မမြင်ဖူးဘူးလို့ ထွက်ဆိုတယ်"

"ဒါနဲ့ ဦးဒေဝလုပ်ကြံခံရတာ တကယ့်ကို ဟိုးလေးတကျော်





ဖြစ်နေတာတောင် သူနဲ့ဆက်နွယ်တဲ့ ဆွေမျိုးသားချင်းတစ်ဦးဦး ဆက်သွယ်လာတာမျိုး မရှိဘူးလား"

"ကျွန်တော်တို့ အိုင်ပီတွေလည်း အဲဒါကို အရမ်းအံ့သြနေကြတယ်၊ သတင်းစာထဲမှာ အတိအလင်းပါနေတာပဲ၊ အခုအခြေအနေအတိုင်းဆိုရင် ဒီပုဂ္ဂိုလ်ကြီးကို ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက်လို့ သတ်မှတ်ရမယ်ထင်တယ်၊ အစေခံကောင်လေးနိုင်နိုင်ဆိုတာကလည်း ဒီလူကြီး ရန်ကုန်ရောက်မှ ငှားတာလို့ သိရတယ်"

ကျွန်ုပ်သည် ဆေးတံကိုသာ တွင်တွင်ဖွာရှိုက်ရင်း ဦးခေါင်းကို လေးပင်စွာ ခါရမ်းမိ၏။ ကျွန်ုပ်အဖို့ စိတ်ကျေနပ်မှုမရှိသည့် သဲလွန်စများဖြစ်၍ များစွာအကြံထုတ်နေရပေတော့သည်။

"အမှုသွား၊ အမှုလာ အနေအထားက ရှုပ်မလိုလိုနဲ့ ရှင်းနေတော့လည်း ခက်သား . . . ၊ သိပ်ရှင်းတဲ့ အမှုမျိုးဆိုတာ ရှုပ်တတ်တယ်၊ ဒီအမှုမှာ လူခြောက်ရုပ်ထည့်ထားတဲ့ ကနုတ်ကွက်ဖော်ထားတဲ့ သေတ္တာလေးဟာ ဒီအမှုရဲ့ အဓိကအကြောင်းရင်းတစ်ခု ဖြစ်နိုင်တယ်၊ တိုက်ရိုက်မဟုတ်သော်မှ သွယ်ဝိုက်ပြီး ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်"

ဟူ၍ ကျွန်ုပ်က သုံးသပ်ပြောဆိုလိုက်သည်နှင့် ကျွန်ုပ်တူအက်အိုင်ပီလက်သစ်လေးမှာ ကြီးမားလေးလံသည့် ပင့်သက်တစ်ချက်ကို အားပါးတရ မှုတ်ထုတ်လိုက်ပြီး . . .

"အဘ . . . အခုလို ဝင်ရောက်ကူညီတာ ကျွန်တော်တော့ တကယ့်ကို ဝမ်းသာတယ်၊ ကျွန်တော်တို့ အိုင်ပီတွေလည်း တစ်နေ့တစ်နေ့ အဲဒီအမှုအကြောင်းကို ခေါင်းချင်းဆိုင်ရလွန်းလို့ ခေါင်းတွေလည်း ကျိန်းစပ်နေကြပြီ၊ ဒီကြားထဲ မင်းကြီးပေါလ်စလေးငင်က ဖနောင့်နဲ့ ဝင်ပေါက်နေပြန်တော့ ခေါင်းတွေက ကျိန်းရုံတင်မက



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး၊ ကြာရင် ကွဲဖို့ပဲ ရှိတော့မယ်”

ဟု၍ အသံထွက်ညီးညူလိုက်ရာ ကျွန်ုပ်မှာ ဘယ်လိုမှ အောင့်အီးနိုင်စွမ်းမရှိတော့ဘဲ အားပါးတရ ရယ်မိလေတော့၏။

* * * *



## အခန်း (၆)

ထိုရက်ပိုင်းအတွင်း အင်းစိန်စီအိုင်ဒီရှိ ထိပ်ဆုံးရှိ ပုလိပ်မင်းကြီးမှစ၍ အောက်ခြေပြာတာအဆုံး မျောက်ငပိကိုင်မိသလို ဝရုန်းသုန်းကား ဖြစ်နေတော့၏။ အနီးစပ်ဆုံး ဥပမာပြရသော် တရုတ်နဂါးများနှင့် ခိုင်းနှိုင်းရမည်ဖြစ်သည်။

နဂါးဦးခေါင်းမှာ လှုပ်သည်ဆိုရုံမျှသာဖြစ်ပြီး ကိုယ်လုံးနှင့် အမြီးပိုင်း၊ အဖျားအနားများမှာတော့ မွေ့ကာ၊ ရမ်းကာ၊ တွန့်လိမ်ကာဖြင့် သွက်သွက်ခါသည့် ပုံသဏ္ဍာန်မျိုးဖြစ်သည်။ ဦးခေါင်းပိုင်းမှာ ဘုရင်ခံချုပ်နှင့် ပုလိပ်မင်းကြီးတို့ဖြစ်ပြီး အမြီးပိုင်း၊ အဖျားပိုင်းမှာ မောင်နေအောင်တို့လို အိုင်ပီများနှင့် အောက်ခြေပုလိပ်များ ဖြစ်ကြ၏။

ဦးခေါင်းပိုင်းက ပုဂ္ဂိုလ်ကြီးများက လှုပ်လိုက်သည့်အခါ အမြီးပိုင်းက မောင်နေအောင်တို့ခမျာ ချာလပတ်ရမ်းကြရတော့၏။

ဦးဒေဝအသတ်ခံရသည့် အမှုအခင်းသည် လက်ကွာသော


www.burmeseclassic.com

www.burmeseclassic.com



သတင်းသမားများအတွက် လွန်စွာရေးကွက်ကောင်းသည့် သတင်းတစ်ပုဒ်ဖြစ်နေသောကြောင့် ၎င်းသတင်းအပေါ်တွင် ရှုထောင့်အမျိုးမျိုးမှ ရေးသားကြသဖြင့် မည်သို့ပင် ရေးသားသော်ငြား အထိနာရသည်မှာ စီအိုင်ဒီပုလိပ်မင်းကြီးပင် ဖြစ်သည်။

ထိုအခါ ပုလိပ်မင်းကြီးပေါလ်စလေဒင်မှာ မိမိ၏ကုလားထိုင် အလုပ်ခံရသည့်အတွက် ကုလားထိုင်မှ ပြုတ်မကျအောင် ကျားကုတ်ကျားခဲ ဖက်တွယ်နေရ၏။

ကျွန်ုပ်သည် ညနေခင်းအချိန်တိုင်း ရောက်ရှိလာတတ်သည့် မောင်နေအောင်ထံမှ ၎င်းသတင်းကို အမြဲလို ကြားနေရ၏။

တစ်နေ့မှာတော့ ကျွန်ုပ်သည် တစ်နေကုန်စဉ်းစားအကြံထုတ်ရင်း စိတ်ထဲဘဝင်မကျဖြစ်နေသည့် ကိစ္စတစ်ခုအတွက် သဲလွန်စရလိုရငြား ဟူသောအတွေးဖြင့် ရန်ကုန်ဆိပ်ကမ်းဘက်သို့ မြင်းရထားငှား၍ ထွက်လာခဲ့၏။ ဆိပ်ကမ်းနှင့် မနီးမဝေးတွင် မြင်းရထားရပ်စေပြီး ကျသင့်ငွေကိုရှင်း၍ ကမ်းနားဘက်သို့ လျှောက်ခဲ့လေ၏။

ပုလိပ်လက်ဟောင်းတစ်ဦးဖြစ်သော ကျွန်ုပ်အဖို့ လူဆိုးလူမိုက်၊ တေလေဂျပိုးများ ကျက်စားသွားလာလှုပ်ရှားတတ်သော နေရာများကို အကျွမ်းတဝင်သိနေပြီးဖြစ်ရာ မည်သည့်နေရာသွားလျှင် မည်သည့်လူမျိုးနှင့် ဆုံတွေ့နိုင်သည်ကို ကောင်းစွာမှန်းဆနိုင်သောကြောင့် ၎င်းနေရာသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ကမ်းနားလမ်းအတိုင်း အေးအေးလူလူ လမ်းလျှောက်လာရင်း ကျွန်ုပ်စိတ်၌ ဘဝင်မကျဖြစ်ခဲ့သည့် ကိစ္စကို ပြန်လည်တွေးမြင်ယောင်မိသည်။ အသတ်ခံရသူ ဦးဒေဝ၏ အစေခံလူငယ်လေးနိုင်နိုင်အား တွေ့ဆုံရန် သွားရောက်စဉ်က ဖြစ်သည်။ တကယ်တော့ ၎င်းလူငယ်ကို မောင်နေအောင်တို့ စီအိုင်ဒီကလည်း





စိတ်ကျေနပ်အောင် မေးမြန်းခဲ့ပြီးဖြစ်၏။

သို့သော်လည်း ကျွန်ုပ်က ကျွန်ုပ်၏အမြင်၊ ရှုထောင့်မှ လေ့လာချဉ်းကပ်လိုသဖြင့် ထိုလူငယ်နှင့်တွေ့ဆုံရန် မောင်နေအောင်နှင့်အတူ ၎င်းနေထိုင်ရာအရပ်သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုလူငယ်သည် လှိုင်မြစ်ကမ်းအနီးရှိ ရပ်ကွက်ကလေးတစ်ခုတွင် နေထိုင်၏။

ကျွန်ုပ်တို့နှစ်ဦးလည်း ဟိုမေးသည်မေး စုံစမ်းခဲ့ကြရာ ယိုင်တိယိုင်နဲ့နှင့် လွန်စွာစုတ်ချာသော ၎င်းလူငယ်နေအိမ်သို့ ရောက်ရှိကြ၏။ အိမ်အတွင်း အကဲခတ်ကြည့်လိုက်ရာ ကလေးနို့တိုက်နေသော မိန်းမတစ်ယောက်ကလည်း ကျွန်ုပ်တို့ကို အိမ်အတွင်းက လှမ်းမြင်လိုက်သဖြင့် ကလေးကို ခါးတစ်ခွင်လျက် ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာ၏။

သူမသည် ကျွန်ုပ်တို့အား စိမ်းစိမ်းကြည့်၍ အကဲခတ်ပြီးနောက် . . .

"ဘာကိစ္စလဲ . . ."

တုံးတိပြတ်သားသည့် လေသံက ကျွန်ုပ်တို့ကို တွန့်ခနဲ ဖြစ်သွားစေ၏။ ကျွန်ုပ်တို့နှစ်ဦးလည်း တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိပြီး ပြုံးမိ၏။ ကျွန်ုပ်ကပဲ ဦးဆောင်ပြီး . . .

"ဒီလိုပါ မိန်းကလေးရယ်၊ ကျုပ်တို့က ဒီအိမ်မှာနေတဲ့ မောင်နိုင်နိုင်ရဲ့ မိတ်ဆွေတွေပါ။ မောင်နိုင်နိုင်မှာထားလို့ ရောက်လာတာပါ"

ဟု မုသားသုံးပြီး မေးလိုက်ရာ ထိုအမျိုးသမီးက ရုတ်ချည်းပင် နှုတ်ခမ်းရွဲ့၊ ပါးရွဲ့လိုက်ပြီး . . .

"အဲဒီမသာကောင်ကလေး အရမ်းကို ရှုတ်ရှုတ်ယှက်ယှက်လုပ်တယ်၊ မနေ့ကလည်း ရှင်တို့လို လူတစ်ယောက်လာမေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူနဲ့လိုက်သွားတာ ညကတည်းကပဲ၊ ခုထိ အိမ်ပြန်မလာဘူး၊ [illegible] ကောင်းပါတယ်၊ အလုပ်မရှိ အကိုင်မရှိ အလကား [illegible] တွေးသားရတာ၊ တကယ့်ကို လက်ကြောမတင်းတဲ့ လူပျင်း ရှင် . . .

ကျွန်ုပ်တို့မှာ ဒုတိယအကြိမ်ခြောက် အံ့ဩသွားရပြန်၏။ ရယ်ချင်စိတ်ကိုလည်း မနည်းပင် မြိုသိပ်လိုက်ရသဖြင့် မျက်နှာကို အောက်ငုံ့လိုက်ရ၏။ မောင်နေအောင်က ကျွန်ုပ်ကို ဘယ်လိုလဲဟူ သော သဘောဖြင့် လှမ်းကြည့်လေ၏။ ကျွန်ုပ်က ဖော်ရွေသည့်အပြုံး ဖြင့် . . .

"ဒါနဲ့ . . . မိန်းကလေးက မောင်နိုင်နိုင်နဲ့ ဘာများတော် စပ်ပါသလဲ"

"ကျွန်မမောင်ပါ၊ မြို့ထဲအလုပ်သွားလုပ်လိုက်၊ တော်ကြာ ပြန်လာ အလုပ်မရှိလိုက်နဲ့ တစ်သက်လုံး လက်ကြောတင်းမယ့် ကောင်လေး မဟုတ်ပါဘူး"

ထိုအခိုက်မှာပဲ ကလေးငယ်က တွန့်ကာလိပ်ကာ ငိုလေရာ အမျိုးသမီးကလည်း ကျွန်ုပ်တို့ကို ဆက်ပြီးစကားပြောလိုပုံ မရှိသဖြင့် ကျွန်ုပ်လည်း အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက်ထုတ်၍ အမျိုးသမီးကို ကမ်းပေးလိုက်ပြီး . . .

"တဆိတ်ကျေးဇူးပြုပြီး မနေ့က မောင်နိုင်နိုင်ဆီကို ရောက် လာတဲ့ လူရဲ့ပုံသဏ္ဌာန်ကို မှတ်မိသလောက် ပြောပြပါလား၊ ကျုပ်တို့ မိတ်ဆွေတွေထဲကများ ဖြစ်နေမလားလို့ပါ"

ဟုမေးလိုက်ရာ ငွေငါးကျပ်၏အရှိန်အဝါကြောင့် အမျိုး သမီးမှာ ရုတ်ချည်းပင် လေသံပြောင်းသွားပြီး . . .

"လူပုံကတော့ သေးသေးသွယ်သွယ်ပါပဲ၊ ဆံပင်က အတော်





ရှည်နေတော့ ရုတ်တရက် ကျွန်မက မိန်းကလေးလို့တောင် ထင် လိုက်မိတယ်၊ အပြောအဆိုလည်း ဒီကဦးကြီးလို ရည်ရည်မွန်မွန်ပါပဲ၊ အင်း . . . စေတနာလည်း ကောင်းပုံရတယ်၊ သူကလည်း အခုဦးကြီး လို ကျွန်မကို မုန့်ဖိုးတစ်ဆယ်များတောင် ပေးခဲ့သေးတယ်"

ဟု ပြုံးပြုံးရွှင်ရွှင် ပြောကြားလိုက်ရာ ကျွန်ုပ်နှင့် မောင်နေ အောင်မှာ ပြိုင်တူဆိုသလို တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။ အမျိုး သမီးချီထားသည့် ကလေးငယ်မှာလည်း ထိန်းမရလောက်အောင် အော်ဟစ်ငိုနေလေရာ ကျွန်ုပ်တို့လည်း နှုတ်ဆက်ပြန်ထွက်ခဲ့တော့၏။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ . . . အဘ"

"လုပ်မယ့်လုပ်တော့ ဆုံးခန်းတိုင်အောင် လုပ်ရမှာပေါ့၊ အဲဒီ နိုင်နိုင်ဆိုတဲ့ ချာတိတ်ကို မတွေ့တွေ့အောင် ရှာရမယ်လေ"

"ကျွန်တော်လည်း အဲဒီလိုပဲ စဉ်းစားမိတယ်၊ တကယ်တော့ အဲဒီချာတိတ်ကိုတွေ့ဖို့ အဘပြောတုန်းက ကျွန်တော်သိပ်စိတ်မပါ ခဲ့ဘူး၊ ဘာလို့လဲဆိုတော့ သူ့ကို စီအိုင်ဒီမှာ စစ်ဆေးမေးမြန်းပြီးဖြစ် နေလို့၊ တွေ့လည်း အကြောင်းထူးမှာ မဟုတ်ဘူးလို့ ယူဆမိလို့ပါ၊ အခုတော့ အမျိုးသမီးနောက်ဆုံးပြောလိုက်တဲ့ စကားကြောင့် ကျွန် တော်အတော့်ကို စိတ်အားတက်သွားတယ်၊ ခက်တာက အဲဒီချာတိတ် ကို ဘယ်လိုက်ရှာရမှန်း မသိဘူး"

"သိပ်ပြီး ဝေးဝေးလံလံ တွေးမနေပါနဲ့ လူလေးရယ်၊ အဲဒီ အမျိုးသမီးပြောတဲ့ စကားထဲမှာပဲ အဖြေက ပါနေပြီးသား မဟုတ် လား၊ လမ်းပေါ်မှာ ကျင်လည်နေတဲ့လူကို လမ်းပေါ်မှာပဲ ရှာရမှာ ပေါ့"

ထိုစကားကြောင့် မောင်နေအောင်သည် နားမလည်နိုင်သည့် မျက်ဝန်းဖြင့် ကြည့်လေ၏။ ကျွန်ုပ်က စကားကို ဖြတ်တောက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် . . .

"ဒါနဲ့ . . ဦးဒေဝလက်ထဲက တွေ့ရတဲ့ ဆံပင်စကို စစ်ဆေးကြည့်သေးလား"

ဟု ကောက်ကာငင်ကာ မေးလိုက်ရာ ထိုအခါမှာလည်း မောင်နေအောင်သည် မျက်မှောင်တစ်ချက်ကြုတ်သွားပြီး . . .

"ဆံပင်ကို စစ်ဆေးတာ ဟုတ်လား၊ ဘယ်လိုစစ်ဆေးတာမျိုးလဲ အဘရယ်"

"ရေကုန်ရေခန်းလိုက်ရတဲ့ အမှုအခင်းတွေကို စုံစမ်းဖော်ထုတ်တဲ့အခါ ဘယ်အရာကိုမှ အလွတ်ပေးလို့ မရဘူး၊ အထူးသဖြင့် ဦးဒေဝလက်ထဲက တွေ့ရတဲ့ ဆံပင်မျိုးလိုပေါ့၊ အဖြေထုတ်ရတာ မခက်ပါဘူး၊ အဲဒီဆံပင်စကို ကော့စတစ်ဆိုဒါထဲ ထည့်ကြည့်လိုက်ရင် အသက်ငယ်တဲ့ လူရဲ့ဆံပင်ဆိုရင် ခဏလေးနဲ့ အရည်ပျော်သွားပြီး အသက်ကြီးတဲ့ လူရဲ့ဆံပင်ဖြစ်နေရင်တော့ တော်တော်နဲ့ ပျောက်မသွားဘူး၊ ပျောက်သွားတဲ့ကာလကိုကြည့်ပြီး ဆံပင်ပိုင်ရှင်ရဲ့အသက်ကို မှန်းဆလို့ရတာပေါ့၊ လူသတ်မှု၊ ခိုးပြမှုတွေကိုလိုက်ရင် အမြဲသတိပြုရမှာက မိမိအာရုံကို တစ်နေရာတည်းမှာ အကြွင်းမဲ့ချထားရင် အယူအဆတွေ၊ သုံးသပ်ချက်တွေ လွဲမှားသွားတတ်တယ်"

ထိုနေ့က ကျွန်ုပ်တို့နှစ်ဦးသည် အချိန်လည်း လင့်နေပြီဖြစ်၍ လမ်းခွဲပြန်ခဲ့ကြ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်၏တူတော်မောင် အိုင်ပီလက်သစ်လေး မောင်နေအောင်မှာ စီအိုင်ဒီတွင် ညဂျူတီကျနေသဖြင့် ကျွန်ုပ်ထံသို့ ရောက်ရှိမလာခဲ့ပေ။ နောက်တစ်နေ့မှာတော့ သူသည် နေ့ကြီးသုတ်ပြာဖြင့် ရောက်ရှိလာလေ၏။ သူသည် ကျွန်ုပ်နှင့်တွေ့လျှင် တွေ့ချင်းပင် ဒိုင်ယာရီစာအုပ်ကိုဖွင့်၍ စာအုပ်ကြားတွင် ညှပ်





ထားသည့် စာရွက်အပိုင်းလေးကို ထုတ်ပေးလေ၏။

၄င်းအဖြေအရ လူငယ်တစ်ဦး၏ ဆံပင်စဖြစ်ကြောင်း သိရလေ၏။ ထိုနေ့မှာလည်း မောင်နေအောင်သည် ကျွန်ုပ်နှင့် စကားအနည်းငယ်သာ ပြောနိုင်ပြီး မင်းကြီးပေါလ်စလေဒင်က သူတို့အိုင်ပီများကိုတွေ့ဖို့ မှာကြားထားသဖြင့် စီအိုင်ဒီသို့ အားချင်းပြန်သွားရ၏။

နောက်တစ်နေ့မနက်ခင်းတွင် မောင်နေအောင်သည် ချိန်းသည့်အချိန်ထက်စောစွာ ရောက်ရှိလာ၏။ မျက်နှာမှာ ရွှင်လန်းတက်ကြွနေသကဲ့သို့ အမှုအရာများကလည်း ပြိုင်ပွဲဝင်မည့် မြင်းစစ်သည်လို စိတ်အားထက်သန်လျက်ရှိ၏။

ကျွန်ုပ်တို့နှစ်ဦးသည် စောသေးသဖြင့် ကြည့်မြင်တိုင်စူရတီဈေး (ယခုကြည့်မြင်တိုင် လဟာပြင်ညဈေး) သို့အရောက်တွင် နာမည်ကြီးယူနွတ်ကာကာဆိုင်တွင် လက်ဖက်ရည်နှင့်မုန့်များ စားသောက်ရင်း နာရီဝက်ခန့် အချိန်စောင့်ဆိုင်းနေလိုက်ကြ၏။

ထို့နောက် ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့ကြရာ မြစ်ကမ်းဘက်ကို ကျောပေးဆောက်ထားသော နှစ်ထပ်အိမ်ကြီးတစ်အိမ်ရှေ့သို့အရောက်တွင် ရှေ့ဆက်မလျှောက်ဘဲ ရပ်လိုက်ကြ၏။

"အဲဒါ ပေါက်ဖော်ကြီးချန်ခိုးပေါင်ရဲ့အိမ်ပဲ၊ ဘိန်းခန်းကတော့ အပေါ်ထပ်မှာ ရှိလေရဲ့ . . ."

ဟုပြောလိုက်သည်နှင့် မောင်နေအောင်သည် တောကောင်ကို အမိအရဖမ်းမည့် တောမုဆိုးကဲ့သို့ အသင့်ဟန်ပြင်လိုက်ရာ ကျွန်ုပ်မှာ သဘောကျစွာ ပြုံးမိ၏။ ထိုသို့ ပြုံးမိခြင်းမှာ ဆူဆူညံညံလုပ်ရန်ဝန်မလေးသော မောင်နေအောင်ကြောင့် ဘိန်းသမားများ နတ်ပြည်စိမ်ပျက်သွားမှာကို တွေးမိသောကြောင့် ဖြစ်သည်။

ကျွန်ုပ်ထင်သည့်အတိုင်း အမှန်ဖြစ်ခဲ့၏။ ကျွန်ုပ်စောင့်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်မှာပဲ မောင်နေအောင်သည် အိမ်အပေါ်ထပ်မှ လူရွယ်တစ်ယောက်၏ လည်ကုတ်တ အကျီစကိုဆုပ်ကိုင်ရင်း ဆင်းလာသည်ကို တွေ့လိုက်ရ၏၊ လူငယ်မှာ ပိန်ပိန်ပါးပါး၊ မျက်တွင်းဟောက်ပက်နှင့် နေရောင်ခွက်လျှက်ရှိသည်။ ကျွန်ုပ်တို့ တွေ့ချင်သော နိုင်နိုင်ဟူသော လူငယ်ပင် ဖြစ်၏။

မောင်နေအောင်သည် ကျွန်ုပ်ရှိရာသို့ ဆွဲခေါ်လာပြီး အသင့်ငှားထားသည့် မြင်းရထားပေါ်သို့ ထိုလူငယ်ကို တက်ခိုင်းပြီးနောက် ကျွန်ုပ်အိမ်ရှိရာသို့ ခေါ်လာခဲ့ကြ၏။

ရထားထဲရောက်သည်နှင့် ထိုလူငယ်က ဘိန်းမဝသည့် လေသံဖြင့် . . .

“ကျုပ်ကို ဘာလုပ်ကြမလို့ ခေါ်လာတာလဲဗျာ”

ဟု ကတုန်ကရီ မေးလေရာ မောင်နေအောင်က လေသံတင်းတင်းဖြင့် . . .

“ကိစ္စရှိလို့ပေါ့ကွာ”

ဟု တုံးတိတိပြန်ဖြေလိုက်ရာ ထုံထုံထိုင်းထိုင်းဖြစ်နေသော မောင်နေအောင်မှာ ရှေ့ဆက်မမေးတော့ဘဲ နှုတ်ပိတ်သွားတော့၏။ ကျွန်ုပ်အိမ်သို့ ရောက်ရှိသည်နှင့် ကျွန်ုပ်က ထိုလူငယ်ကို အကောင်းစားလက်ဖက်ခြောက်ဖြင့် ဖျော်ထားသည့် လက်ဖက်ရည်တစ်ခွက်ဖြင့် ဧည့်ခံလိုက်၏။

“ကဲ . . . မောင်နိုင်နိုင်၊ ဘိန်းမှိန်းတဲ့ ခံစားမှုနဲ့ အခုလို လက်ဖက်ရည်ကျကျနဲ့ တွဲဖက်လိုက်ရင် နတ်စည်းစိမ်နဲ့ မလဲနိုင်တဲ့ ခံစားမှုမျိုးရရှိတယ်ဆိုတာ ကျုပ်ထက်စာရင် မောင်ရင်က ပိုသိပါလိမ့်မယ်၊ သောက်လိုက်ပါဦး”

ဟုပြောပြီး လက်ဖက်ရည်ပန်းကန်ကို သူ့ရှေ့သို့ တိုးပေး





လိုက်၏။ လက်ဖက်ရည်မှာ အငွေ့တထောင်းထောင်းထလျှက် သင်းပျံ့သော လက်ဖက်ခြောက်နံ့က သူ့အာရုံများကို ညှို့ယူဖမ်းစားနေလေပြီ။

သူသည် ဝေါင်စင်းစင်းမျက်လုံးဖြင့် ကျွန်ုပ်ကို အကဲခတ်သလိုကြည့်လိုက်ရာ ကျွန်ုပ်က မေးတစ်ချက်ဆတ်ပြပြီး လက်ဖက်ရည်သောက်ရန် အမူအရာဖြင့် ပြောလိုက်သည်နှင့် သူက လက်ဖက်ရည်ကို တစိမ့်စိမ့်သောက်လေတော့၏။ ကျွန်ုပ်တို့လည်း မည်သည့်စကားမျှ မဆိုသေးဘဲ ၎င်းကို အကဲခတ်ရင်း ငြိမ်နေကြ၏။

လက်ဖက်ရည်တစ်ဝက်ခန့် သောက်ပြီး၍ အတော်အတန်ကျေနပ်သွားတော့မှ ကျွန်ုပ်ကစ၍ . . .

“ကဲ . . . မောင်နိုင်နိုင်၊ ကျုပ်တို့ကို ဘာမှကြောက်စရာမလိုဘူး၊ မေးစရာလေး နည်းနည်းရှိလို့ ခေါ်လာခဲ့တာပါ၊ အမှန်အတိုင်း မကွယ်မဝှက်ပြောဖို့လည်း ကျုပ်အနေနဲ့ ကြိုပြီးပြောထားချင်တယ်၊ မလိုအပ်ဘဲ အင်အားသုံးတာမျိုးလည်း ကျုပ်မလုပ်ချင်ဘူး၊ မောင်နိုင်နိုင်ကို ခေါ်လာတဲ့ မောင်နေအောင်ဟာ ဘယ်သူဆိုတာ သိနေမယ်ထင်တယ်”

“ဟုတ် . . . ဟုတ်ကဲ့ . . . သိပါတယ်၊ ရာဇဝတ်အင်စပက်တော်တစ်ဦးပါ”

“ကောင်းပြီ၊ အခု ကျုပ်တို့က နီးစပ်ရာ ပုလိပ်ဌာနတစ်ခုခုကို ခေါ်သွားပြီး စစ်ဆေးတာမျိုး လုပ်လို့ရပါလျက်နဲ့ အခုလို ကျုပ်အိမ်ကိုခေါ်လာတာ မောင်နိုင်နိုင်ကို သက်ညှာတဲ့သဘောမျိုး ခေါ်လာတာပါ၊ ဂါတ်ထဲမှာဆိုရင် ဘယ်လိုအဖြစ်မျိုး စစ်ဆေးခံရမယ်ဆိုတာ ကျုပ်မပြောဘဲ မောင်နိုင်နိုင်သိပါလိမ့်မယ်၊ ဒီတော့ ကျုပ်တို့က စေတနာထားသလို မောင်နိုင်နိုင်ကလည်း ကျုပ်တို့သိလိုသမျှကို



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောစေချင်တယ်"

ကျွန်ုပ်စကားကြောင့် မောင်နိုင်နိုင်သည် ရုတ်တရက် စကားပြန်မပြောနိုင်သေးဘဲ ငိုင်တွေသွားသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ပုလိပ်ဘက်တွင် နှစ်ကာလများစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရာ မောင်နိုင်နိုင်တို့ကဲ့သို့ လူပေလူတေများ၏ အရိပ်အကဲကို ကောင်းစွာခွဲခြားနိုင်စွမ်းနေပြီဖြစ်၏။ ရုတ်တရက် ပြောင်းလဲသွားသည့် ထိုလူငယ်အမူအရာမှာ ကျွန်ုပ်အဖို့ ထိုးစစ်ဆင်ဖို့ အကွက်ကောင်းပင်ဖြစ်၏။ သို့ကြောင့် စကားကို ဝေ့ဝိုက်မနေတော့ဘဲ . . .

"ဦးဒေဝနဲ့မောင်ရင် ဘယ်လောက်ကြာကြာ အတူနေခဲ့သလဲ"

ဟုမေးလိုက်သည်နှင့် မောင်နိုင်နိုင်သည် ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး . . .

"ခြောက်လကျော်ကျော်လောက်ပါ ခင်ဗျာ"

"ဦးဒေဝအသတ်ခံရတဲ့နေ့က ထူးထူးခြားခြား ဘာများတွေ့ခဲ့ရသလဲ"

"ထူးထူးခြားခြားရယ်လို့တော့ ဘာတစ်ခုမှ မတွေ့ခဲ့ရပါဘူး၊ ကျွန်တော်သိသမျှကိုလည်း ရာဇဝတ်တော်မင်းတွေဆီမှာ အစစ်ခံခဲ့ပြီးပါပြီ"

မောင်နေအောင်က ကျွန်ုပ်မျက်နှာကို တစ်စုံတစ်ခုသော အနက်အဓိပ္ပါယ်ပါသည့် အကြည့်နှင့် လှမ်းကြည့်လေ၏။ နိုင်နိုင်ဟူသောလူငယ်မှာ သူခိုး၊ ခါးပိုက်နှိုက်၊ ဘိန်းစားပင်ဖြစ်သော်လည်း မိမိအတွက် အန္တရာယ်ရှိနိုင်သော စကားများကိုမူ လွယ်လွယ်နှင့်ပြောထွက်လိမ့်မည် မဟုတ်သဖြင့် ကျွန်ုပ်အနေဖြင့် ရှေ့ဆက်မမေးသေးဘဲ မောင်နေအောင်သို့ ပုခုံးလွှဲပေးလိုက်၏။





"ကဲ . . . မောင်နေအောင်၊ လူလေး သိချင်တာရှိရင်လည်း မေးကြည့်ပါဦး"

လွန်စွာထိရောက်သည့် စိတ်ကူးပင် ဖြစ်၏။ ထိုသို့ စကားစလိုက်သည်နှင့် မောင်နိုင်နိုင်မှာ တီကောင်ဆားထိသလို တွန့်ကနဲဖြစ်သွားပြီး မျက်လုံးအဝိုင်းသားဖြစ်သွား၏။ ရာဇဝတ်ဘက်မှ အင်စပက်တော်ဟူသော အရှိန်အဝါသည် လွန်စွာထိရောက်လှပါကလား။

"ကိုင်း . . . နိုင်နိုင်၊ မင်းပါ လူသတ်မှုနဲ့ မပတ်သက်ချင်ရင်တော့ အမှန်အတိုင်း၊ မင်းသိထားတဲ့အတိုင်း ပြောပေတော့ . ."

ထိုလူငယ်၏မျက်နှာကလေးမှာ ဇီးရွက်ပမာ သေးငယ်သွားပြီး . . .

"ဘာကိုပြောရမှာလဲ ခင်ဗျာ"

ဟု တုန်တုန်ရီရီအသံဖြင့် တုန့်ပြန်လေရာ လွန်စွာအကင်းပါးသော မောင်နေအောင်ကလည်း စောစောကထက် တင်းမာသည့်လေသံဖြင့် . . .

"လူသတ်မှုဖြစ်ပုံကို အစကပြန်ပြောကွာ"

"ဦးဒေဝ အသတ်ခံရပါတယ်"

ထိုအဖြေကြောင့် ကျွန်ုပ်မှာ ပြုံးလိုက်မိ၏။ ဘိန်းစားနိုင်နိုင်ကို လျော့တွက်လို့မရကြောင်း သူ၏ အူကြောင်ကြောင်အဖြေက သက်သေပြလိုက်ရာ မောင်နေအောင်မှာ ရုတ်ချည်းပင် ဒေါသတကြီးဖြစ်သွားပြီး . . .

"နင့်အဘကလွှား . . . ဒါတော့ ငါတို့လည်း သိတာပေါ့ကွ၊ ဟော့ကောင် . . . သဘောကောင်းတာကို အခွင့်ကောင်းယူပြီး အူကြောင်ကြောင်လုပ်မယ် မကြံနဲ့နော်၊ ဘားလမ်းအချုပ်ခန်းထက် ဆိုးသွားမယ်၊ ငါတို့သိချင်တာက ဘယ်လိုအကြောင်းနဲ့ အသတ်ခံရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သိချင်တာ . . .”

ထိုအခါမှ ငှင်းလူငယ်သည် မျက်နှာအောက်ငုံ့နေရင်းက-

“ရန်ညှိုးကြောင့် အသတ်ခံရတာလို့ ထင်ပါတယ်”

ထိုစကားကို ကြားလိုက်ရသည်နှင့် ကျွန်ုပ်တို့လည်း မျှော်လင့်ချက်အလင်းရောင်တစ်စ ရလိုက်သလို စိတ်အားတက်သွားမိသည်။ မောင်နေအောင်ကလည်း ထိုစကားလမ်းကြောင်းကို အလွတ်မပေးဘဲ မေးခွန်းများကို ဆက်တိုက်မေးလိုက်၏။

“မင်းက ဘာလို့ရန်ညှိုးကြောင့်လို့ ပြောနိုင်ရတာလဲ၊ တစ်ခြားအကြောင်းတစ်ခုခုကြောင့်ရော မဖြစ်နိုင်ဘူးလား”

“ရန်ညှိုးကြောင့်ပဲ ဖြစ်နိုင်ပါတယ်၊ ဆရာကြီး . . . အဲ . . . ဆရာကြီးဆိုတာ ဦးဒေဝကို ပြောတာပါ၊ အဲဒီညက ဆရာကြီးနဲ့ လူသတ်သမားတို့ ပြောနေတဲ့စကားကို တစ်စွန်းတစ ကြားမိလိုက်လို့ပါ”

“ဘာ . . . ဘယ်လို၊ လူသတ်သမား . . . ဟုတ်လား”

မောင်နေအောင်သည် လွန်စွာစိတ်လှုပ်ရှားသွားပြီး ထိုင်ရာက ဝုန်းကနဲ ထရပ်လိုက်ရာ ကျွန်ုပ်က ကပျာကယာ ဟန့်တားလိုက်ရ၏။ ထိုအခါမှ သူလည်း ပင့်သက်တစ်ချက်ရှိုက်၍ ပြန်ထိုင်ပြီးနောက် စကားကို ဆက်မေး၏။

“ဆိုစမ်းပါဦး၊ အဲဒီလူသတ်သမားက ဘာတွေပြောလဲ”

“လူသတ်သမားက လေအေးအေးနဲ့ တိုးတိုးသက်သာ ပြောနေတော့ သဲသဲကွဲကွဲ မကြားရပါဘူး၊ ဒါပေမယ့် ဆရာကြီးအသံက ပိုကျယ်တော့ ပြတ်ပြတ်သားသား ကြားရပါတယ်၊ ဆရာကြီးက မင်းမှားနေပြီတဲ့၊ ကောင်မလေးကိုသတ်တာ ငါမဟုတ်ဘူးတဲ့၊ ကျွန်တော်လည်း ဆက်နားထောင်ချင်ပေမယ့် ဆရာကြီးသိသွားရင် မသက်သာ





ဘူးဆိုတာသိလို့ ကျွန်တော်အိပ်တဲ့ မီးဖိုချောင်ဖက်ကို ထွက်လာခဲ့ပါတယ်၊ တအောင့်လဲနေရော ဆရာကြီးအော်သံကို ကြားလိုက်ရတာပါပဲ”

“ဒါကို စီအိုင်ဒီမှာ မင်းကို စစ်တုန်းကတည်းက ဘာလို့မပြောခဲ့တာလဲ”

ထိုလူငယ်က ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့် . . .

“ရာဇဝတ်ဌာနဖက်က တရားရုံးတွေကို ကျွန်တော်ကြောက်လို့ပါ၊ ပြီးတော့ ကျွန်တော့်နောက်ကြောင်းရာဇဝင်တွေ ပေါ်သွားမှာကိုလည်း စိုးရိမ်လို့ မသိဘူးပြောခဲ့တာပါ”

ဟု ငိုသံပါပါကြီးနှင့် ပြောလေ၏။

“မင်း . . . သိထားတာ ကုန်ပြီလား”

“ကုန်ပါပြီ ခင်ဗျာ၊ ကျွန်တော်အမှန်အတိုင်း ပြောတာပါ၊ နောက် ဆရာကြီးအော်သံကြားလို့ အိမ်ရှေ့ဖက်ကို နောက်ဖက်က ပတ်ပြီး ထွက်လာခဲ့ပါတယ်၊ အိမ်ရှေ့လည်းရောက်ရော ဆရာကြီး အလောင်းမြင်တာနဲ့ လန့်အပြေးမှာ တစ်ယောက်ယောက်က ရိုက်လိုက်လို့ လဲကျသွားပါတယ်”

မောင်နေအောင်သည် ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး ကျွန်ုပ်ထံသို့ မျက်လုံးတောင့်ကပ်ကြည့်လိုက်ရာ ကျွန်ုပ်က သဘောပေါက်နားလည်ကြောင်း ဦးခေါင်းကို ဆတ်ကနဲ ငြိမ့်ပြလိုက်၏။ ကျွန်ုပ်တို့နှစ်ဦးသာလျှင်သိသော အမူအရာဖြင့် အချက်ပြလိုက်ခြင်း ဖြစ်သည်။

ထိုအမူအရာမှာ ကျွန်ုပ်ထံသို့ စကားလမ်းကြောင်းလွှဲလိုက်ခြင်း ဖြစ်၏။ ကျွန်ုပ်က မီးသေနေပြီဖြစ်သည့် ဆေးတံကို မီးညှိ၍ ဖွာရှိုက်လိုက်ပြီး . . .

“အခုလို ပွင့်ပွင့်လင်းလင်း ဖြေကြားခဲ့တဲ့ မောင်နိုင်နိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ကျေးဇူးတင်ပါတယ်၊ ကျုပ်သိချင်တာလေး တစ်ခုနှစ်ခုလောက်ကို နောက်ဆုံးအနေနဲ့ မေးပြီးရင် မောင်နိုင်နိုင့်ကို သွားလိုရာသွားခွင့်ပေးမှာပါ၊ ဘယ်လိုလဲ . . . ပြောမယ် မဟုတ်လား"

"သိတာဆို ပြောပါ့မယ်"

"ပြီးခဲ့တဲ့ တစ်ရက်နှစ်ရက်လောက်က မောင်နိုင်နိုင့်အိမ်လာပြီး အပြင်ကို ခေါ်ထုတ်သွားတဲ့ညှိသည် ဘယ်သူဆိုတာ သိချင်တယ်"

ထိုလူငယ်သည် သိသိသာသာ မျက်နှာပျက်သွားသလို ခန္ဓာကိုယ်ကလည်း အထိတ်တလန့် ယိမ်းယိုင်သွား၏။

"ဟော့ကောင် . . . အူကြောင်ကြောင် လုပ်နေပြန်ပြီလား၊ ပြောလေကွာ"

မောင်နေအောင်က ဝင်ရောက်မာန်မဲလိုက်၏။

"ကျုပ်တို့မေးတဲ့အချိန်မှာ အမှန်အတိုင်း ပြောမယ်ဆိုရင် အမှုမရောက်ဖို့ ကျုပ်လုံးဝတာဝန်ယူတယ်၊ နောက်မှဆိုရင်တော့ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

ဟု ကျွန်ုပ် ချော့သလိုလိုနှင့် ခြောက်လှန့်လိုက်လေရာ လွန်စွာထိရောက်သွား၏။

နိုင်နိုင်သည် ကျွန်ုပ်မျက်နှာကို အားကိုးတကြီးနှင့်ကြည့်ပြီး-

"ကျွန်တော့်ကို ကယ်ပါ ဆရာ"

"ဟုတ်ပြီ၊ ကယ်တာတော့ ကယ်ပါ့မယ်၊ ဘယ်လိုကယ်ရမလဲဆိုတာ မောင်ရင့်စကားအပေါ်မှာ မူတည်တယ်လေ"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော် ဆရာကြီးကို ယုံပါတယ်၊ ကျွန်တော်လည်း ဆရာကြီးအသတ်ခံရပြီးကတည်းက ဂါတ်က ခဏခဏ ခေါ်မေးနေလို့ ကျွန်တော်လည်း အစ်မအိမ်ခဏသွားနေခဲ့ပါ





တယ်၊ တစ်နေ့တော့ အလုံးအဖန်သေးသေး လူတစ်ယောက်ရောက်လာပြီး ကျွန်တော့်ကို အပြင်ခေါ်ထုတ်သွားပါတယ်"

"အဲဒီလူနာမည် ဘယ်လိုခေါ်သလဲ"

"သူက နာမည်တော့ မပြောပါဘူး၊ စကားပြောတဲ့အခါမှာတော့ အစော့်ကို သိမ်သိမ်မွေ့မွေ့ရှိပါတယ်၊ အပြင်ရောက်တော့မှ ကျွန်တော့်ကို ဆရာကြီးရဲ့ပစ္စည်းတစ်ခု ယူခိုင်းပါတယ်"

"ဘာပစ္စည်းလဲ . . ."

"ဆရာကြီးရဲ့ စာအုပ်တစ်အုပ်ပါ၊ မှတ်စုစာအုပ်တစ်အုပ်ထင်ပါတယ်"

"ယူပေးလိုက်လား . . ."

"ဟုတ်ကဲ့ . . . ယူပေးလိုက်ပါတယ်၊ အဲဒီအတွက် သူက အဖိုးအခအဖြစ် တစ်လစာဘိန်းဖိုး ရှင်းပေးလိုက်ပါသေးတယ်၊ အဲဒီနောက်ပိုင်း ကျွန်တော့်ဆီကို သူမလာတော့ပါဘူး၊ ကျွန်တော်လည်း တစ်လစာဘိန်းဖိုးရှင်းပေးခဲ့တဲ့ ပေါက်ဖော်ကြီးချိန်ခိုးပေါင်ဘိန်းခန်းမှာပဲ အချိန်ပြည့်ရှိနေခဲ့ပါတယ်"

ထိုလူငယ်နှင့် တွေ့ရကျိုးနပ်သည်ဟု ယူဆရပေတော့မည်။ ၎င်းထံမှရရှိသည့် အချက်အလက်ကို လွတ်ထွက်မသွားအောင် ကျွန်ုပ်တို့ ဆုပ်ကိုင်နိုင်ဖို့သာ လိုတော့သည်။ ကျွန်ုပ်သည် ပေးထားသည့် ကတိအတိုင်း သွားလိုရာသွားခွင့်ပြုလိုက်သည့်အပြင် နှစ်ပတ်စာဘိန်းဖိုးကိုလည်း ချီးမြှင့်ပေးလိုက်ရာ နိုင်နိုင်ဟူသော လူငယ်မှာ ဖင်ထောင်မတတ် ဦးညွှတ်ရင်း ပြန်သွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကျွန်ုပ်သည် မိုးလေကင်းစင်သည့်နေ့ကို စောင့်ဆိုင်းရင်း ဦးဒေဝအသတ်ခံရသည့် အမှုအခင်းနှင့် စပ်ဆက်ပြီး အသေးစိတ်တွေးတောအဖြေရှာ နေမိသည်။ ကျေနပ်လောက်သည့် အဖြေမျိုး မရရှိသေးသော်လည်း မျှော်လင့်ချက်အချို့ရှိနေသည်ကို တွေ့ရ၏။ အဖြစ်အပျက်တစ်ခုလုံးအပေါ် သုံးသပ်မိပြီးနောက် ကျွန်ုပ်သာလျှင် တွေးမိသည့် အချက်တစ်ချက်ရှိနေ၏။ လွန်စွာစိုးရိမ်ဖွယ် ကိစ္စမျိုးဖြစ်သည်။

ထိုအတွေးမျိုး ဖြစ်မလာပါစေနဲ့ဟု ကျွန်ုပ်ဆုတောင်းမိသည်။ အခြားမဟုတ်ပါ။ လူသတ်တရားခံ၏ ထူးခြားသည့် လုပ်ရပ်ဖြစ်၏။ ထိုသူသည် လူတစ်ယောက်ကို ရက်စက်စွာ သတ်ဖြတ်သွားသော်လည်း မည်သည့်ဥစ္စာပစ္စည်းများကိုမျှ ယူဆောင်သွားခြင်း မရှိခြင်းပင် ဖြစ်၏။ ပစ္စည်းဥစ္စာရယူလို၍ သတ်ဖြတ်ခြင်းမျိုးမဟုတ်လျှင်





ကြီးမားသော ရန်ညိုးကြောင့်ဟူသည်မှာ ထင်ရှားနေပြီဖြစ်၏။

သို့ဆိုလျှင် ၎င်းရန်ညိုးက ထိုလူတစ်ယောက်နှင့် ပြီးဆုံးသွားမှာလား . . . ။ နောက်ဆက်တွဲ ရန်ညိုးရှိသူများ ရှိနေဦးမည်လား . . . ။ ထိုသို့ရှိခဲ့ရင်တော့ ထိုသို့ရက်စက်ကြမ်းကြုတ်သည့် လူသတ်မှုမျိုး မကြာခင်မှာ ထပ်မံပေါ်ပေါက်လာနိုင်သည်။ စုံစမ်းရရှိသည့် အချက်အလက်မျှလောက်နှင့် တရားခံကို အလျင်အမြန်ဖမ်းမိဖို့ ဆိုတာလည်း ဘယ်လိုမှ ဖြစ်နိုင်စရာ အကြောင်းမရှိ ဖြစ်နေ၏။

သို့သော်လည်း ကျွန်ုပ်ဆန္ဒပြည့်ဝခြင်း မရှိခဲ့သည်ကို နောက်တစ်နေ့မနက်ခင်းမှာပဲ စိတ်မချမ်းမြေ့ဖွယ် ကြုံတွေ့ရပေတော့၏။ ကံအားလျော်စွာပင် ထိုနေ့နံနက်ခင်းမှာပဲ ရာသီဥတုမှာ မိုးလေကင်းစင်ပြီး ကြည်လင်လို့လာ၏။

ထိုရက်ပိုင်းအတွင်း မောင်နေအောင်သည် ရာသီဥတုဆိုးဝါးနေသောကြောင့် ကျွန်ုပ်ထံသို့ ရောက်မလာခြင်းဟု တွေးထင်မိ၍ ရာသီဥတုကြည်လင်သော ဤနေ့မှာတော့ ရောက်လာကောင်းရဲ့ဟု တွေးနေမိသည်။ ထိုသို့အတွေးနှင့်အတူ ကော်ဖီသောက်ရန် စားပွဲမှာ ထိုင်မိသည်နှင့် ကျွန်ုပ်နှင့် အကျွမ်းတဝင်ရှိနေသည့် ကားစက်သံကို ကြားလိုက်ရ၏။

ကျွန်ုပ်ပြုံးလိုက်မိသည်။ အပြုံးနှင့်အတူ "အခုပဲ တွေးနေမိတာ၊ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာကိုး၊ အင်း . . . မောင်နေအောင်တော့ အသက်ရှည်ဦးတော့မှာပဲ" ဟု စိတ်ထဲက ပြောလိုက်မိ၏။

တစ်ဆက်တည်းပင် မောင်နေအောင်ရောက်ရှိလာပါတော့ ကော်ဖီသောက်ရန် တပည့်မောင်တိုးကို ကော်ဖီဖန်ခွက် အပေါင်ယူခိုင်းလိုက်၏။ ကော်ဖီဖန်ခွက်ထဲ ကော်ဖီငှဲ့ထည့်ပြီးစဉ်မှာပင် မောင်နေ



www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း စေ့ထားသော တံခါးရွက်ကိုတွန်း၍ အထဲဝင်လာ၏။

မောင်နေအောင်၏ ကမူးရှူးထိုး အမူအရာကိုကြည့်၍ ကျွန်ုပ်လည်း မျက်မှောင်ကြုတ်သွားပြီး . . .

"ဘာကြောင့်များ အလောတကြီး ဖြစ်နေရတာလဲ လူလေးရယ်၊ ဘာလဲ . . . နောက်မှာ ဆင်လိုက်လာလို့လား"

ဟု ကျီစယ်နောက်ပြောင်လိုက်ရာ မောင်နေအောင်မှာ အနည်းငယ်မျှပင် ပြုံးရယ်ခြင်းမပြုနိုင်ဘဲ လေးလံသော ပင့်သက်မောကို ရှိုက်လိုက်ပြီး . . .

"ထူး . . . ဆင်ထက်ဆိုးတယ် အဘရေ၊ ဆင်လောက်တော့ ကျွန်တော်တို့ ခံနိုင်ရည်ရှိပါသေးတယ်၊ အခုတော့ ကျွန်တော်တို့ စီအိုင်ဒီတစ်ခုလုံး မိုးကြိုးအတွဲလိုက်ပစ်ခံနေရပြီလေ"

"ဟား . . . ဒါဆိုရင်တော့ ဂျာနယ်လစ်တွေ ကြီးပွားတော့မှာပဲ၊ ကေ့စ္စ . . . ဒီရက်ပိုင်းမှာရှာတဲ့ မိုးကြိုးလေကြီးထဲမှာ ပစ်ခံရတာဖြစ်မယ်"

ထိုအခါ မောင်နေအောင်မှာ မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့လိုက်ပြီး . . .

"အဘကလည်း အရေးထဲ နောက်နေပြန်ပြီ၊ ပုလိပ်မင်းကြီး ပေါလ်စလေဒင်ရဲ့ အဆူအငေါက်ဒဏ်ကို အလူးအလိမ့်ခံနေရပြီလို့ ပြောတာ"

ဟုပြောလေရာ ကျွန်ုပ်လည်း ထိုအမူအရာကိုကြည့်ရင်း အားပါးတရ ရယ်လိုက်တော့၏။ ပြောမည့်သာ ပြောနေသော်လည်း အခန်းအတွင်း မောင်နေအောင်ဝင်လာသည့် အမူအရာကို မြင်ကတည်းက ကျွန်ုပ်မှန်းဆမိပြီးဖြစ်၏။

သို့သော် ပြဿနာမှာ ထိုမျှအထိကြီးမားလိမ့်မည်ဟု ထင်





မထားခဲ့ . . .။

"အခုဖြစ်တဲ့ လူသတ်မှုကလည်း ဦးဒေဝအသတ်ခံရသလို အလွန့်ကို သွေးပျက်ချောက်ချားစရာပါပဲ အဘရယ်၊ အခု စီအိုင်ဒီ စုံထောက်တွေအားလုံး အဲဒီနေရာကို ပြေးကြပြီ၊ မပြေးလို့လည်း မဖြစ်ဘူးလေ၊ ကျွန်တော်တို့အားလုံးကို ပုလိပ်မင်းကြီးက ဖင်ကြား မီးပန်းထည့်လွှတ်လိုက်သလို လုပ်လိုက်တာကိုး"

"ဒီလောက်လည်း စိတ်မညစ်ပါနဲ့ လူလေးရယ်၊ ဒီလိုအဖြစ်မျိုးတွေကြုံတိုင်း ပုလိပ်မင်းကြီးလို ပုဂ္ဂိုလ်တွေ အဲဒီလိုပဲ ဖြစ်နေကြပါ။ အခုမှ မဟုတ်ပါဘူး၊ အဘတို့ အမှုထမ်းစဉ်ကာလကလည်း ဒီသဘောမျိုးပါပဲ၊ ဒါနဲ့ နေပါဦး၊ အဲဒီအမှုက ဘယ်မှာဖြစ်တာလဲ"

"ဗဟန်းဂတ်အပိုင်မှာ ဖြစ်တာ၊ ကျွန်တော်လည်း အဲဒီသွားမလို့ အဘကို တစ်ပါတည်း ဝင်ခေါ်တာ . . ."

ဟုပြောရာ ကျွန်ုပ်လည်း အချိန်ဖင့်နွှဲမနေတော့ဘဲ ကော်ဖီသောက်ခြင်းကို လက်စသတ်လိုက်ပြီး မောင်နေအောင်၏ဌာနမှ ကားနှင့်အတူ ဗဟန်းဘက်သို့ လိုက်ပါလာခဲ့၏။ ကန်တော်ကြီးစောင်း အနီး (ယခုဗိုလ်ချုပ်ကြေးရုပ်ရှိရာ ပန်းခြံ) သို့ရောက်သောအခါ ခြံဝန်းကျယ်ကြီးတစ်ခုအတွင်း ဝင်ခဲ့လေ၏။

လူသတ်မှုဖြစ်ပွားသည်မှာ ရှေးဆန်ဆန်ဆောက်လုပ်ထားသော တိုက်အိုကြီးဖြစ်၏။ တိုက်ကြီး၏ဆင်ဝင်အောက်မှဖြတ်၍ လူသတ်မှုဖြစ်ပွားရာ အိမ်တွင်းဝင်ခဲ့လေရာ ဧည့်ခန်းတွင် ရာဇဝတ်ဘက်မှ ပုဂ္ဂိုလ်များ စုံလင်စွာ ရောက်ရှိနေကြသည်ကို တွေ့ရ၏။

ထိုသူများထဲတွင် ကျွန်ုပ်အား ထူးထူးခြားခြား လာရောက်နှုတ်ဆက်သူမှာ အိုင်ပီမင်းပုညဖြစ်၏။ အခြားသူများမှာ လက်ရှိရာထူးရှိန်ဝါမရှိတော့သည့် ပင်စင်စား ကျွန်ုပ်အပေါ်တွင် သိပ်ပြီး

www.burmeseclassic.com



အလေးထားလိုဟန် မရှိသည့်သဘောမျိုး ရှိလေ၏။ ထိုအဖြစ်မျိုးမှာ လူ့လောကကြီး၌ ရိုးအီနေသော အစဉ်အလာဖြစ်၍ ကျွန်ုပ်စိတ်မှာ ဘယ်လိုခံစားမှုမှ ရှိမနေတော့ပါ။ မင်းခစား ကမ်းနားသစ်ပင်ဟူသော ဝန်ထမ်းဘဝ၏ပြယုဂ်တစ်ခုအဖြစ် နှလုံးသွင်းဆင်ခြင်နိုင်စွမ်းရှိနေပြီ ဖြစ်သည်။

အချို့သော လုပ်ဖော်ကိုင်ဖက်များမှာ ထိုအဖြစ်မျိုးကြုံရလေတိုင်း မခံမရပ်နိုင် ဒေါသဖြစ်ကြ၏။ ရာထူးရှိန်ဝါကြီးမြင့်သူများမှာ ပို၍ပင် အခံရခက်ကြ၏။ အချို့ဆိုလျှင် အောင့်အီးမြိုသိပ်နိုင်စွမ်းမရှိဘဲ ဒေါသတကြီး တုန့်ပြန်ကြသည်အထိ အခြေအနေဆိုးဝါးတတ်ကြ၏။

အိုင်ပီမင်းပုညကတော့ ပါးနပ်လိမ္မာသူဟု ယူဆရမည်ဖြစ်သည်။ ထို့အပြင် ပုလိပ်ဘက်မှာ အမှုထမ်းစဉ်က ကျွန်ုပ်၏ကိုယ်စွမ်းကိုယ်စကို ကောင်းစွာသိထားသူဖြစ်၍လည်း ကျွန်ုပ်ထံမှ ပညာနှိုက်ယူလိုခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ကျွန်ုပ်ကလည်း ငှင်းနေရာတွင် အိုင်ပီမင်းပုညကို တွေ့လိုက်ရသဖြင့် များစွာစိတ်အားတက်မိ၏။ သူသည် မောင်နေအောင်တို့နှင့် နှိုင်းယှဉ်လျှင် ပုလိပ်အမှုထမ်းသက် များစွာဝါရင့်သူဖြစ်၏။ မောင်နေအောင်တို့ကဲ့သို့ တိုက်ရိုက်ဆပ်ကျောင်းတက်ခဲ့သူမဟုတ်ဘဲ လုပ်သက်ဖြင့် အိုင်ပီရာထူးရရှိခဲ့သူဖြစ်ရာ အလုပ်ကြိုးစားမှုကို အသိအမှတ်ပြုရမည် ဖြစ်၏။

"ဆရာ့ကို အိုင်ပီနေအောင်ရဲ့ ဦးလေးတော်စပ်မှန်း သိထားပေမယ့် ဆရာအခုလို လိုက်လာမယ်လို့ မထင်မိဘူး၊ ဆရာရောက်လာတော့ ကျွန်တော့်အဖို့ ပညာလည်းရသလို အထောက်အကူလည်း ရသွားတာပေါ့၊ လှိုက်လှဲစွာ ကြိုဆိုပါတယ် ဆရာ"





ဟုပြောရင်း ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သုံးဦးလည်း အလောင်းရှိရာ အခန်းထဲဝင်ခဲ့ကြ၏။ ရာဇဝတ်အမှုထမ်း၊ ဆားပုလင်းနှင့် စာသင်ကြီးတို့က လွန်စွာအရုပ်ဆိုးအကျည်းတန်စွာ သေဆုံးနေသည့် အလောင်းကို မတွေ့မြင်လိုသည်ထင်၏။ ကျွန်ုပ်တို့နှင့် လိုက်ပါလာခြင်းမရှိဘဲ အခန်းဝတွင် ရပ်လျက် ကျန်ရစ်ခဲ့ကြ၏။

လုပ်ကြံခံရသည့်အလောင်းမှာ ကုတင်ပေါ်တွင် ပက်လက်အနေအထားရှိနေ၏။ အနည်းငယ် ကြည့်ရှုရာ ရာဇဝတ်အမှုထမ်းတို့ မသတီချင်စရာ ဖြစ်ကြခြင်းမှာ မလွန်ဟု နားလည်မိ၏။ မောင်နေအောင်ပင် ခြေလှမ်းတွန့်ကာနဲ ဖြစ်သွား၏။

ခါးဦးဖြင့် စိမ်ပြေနပြေ ထိုးဆွထားသဖြင့် မျက်နှာတပြင်လုံး ရုပ်ပျက်ဆင်းပျက် ဖြစ်လျက်ရှိ၏။ ကျွန်ုပ်သည် လူသေလက်ချောင်းများကို ဆွဲယူကိုင်မကြည့်လိုက်ရာ တောင့်တင်းအေးစက်နေသဖြင့် ထိုလူလုပ်ကြံခံရသည်မှာ ဆယ်နာရီထက်မနည်းကြာပြီဟု ခန့်မှန်းမိ၏။

ထိုလူသတ်မှုမှာ သာမန်လက်စားချေမှုမျိုး မဟုတ်ဘဲ ရက်ရက်စက်စက် လက်စားချေသတ်ဖြတ်ခြင်းမျိုး ဖြစ်သည်။ ကျွန်ုပ်အတွေးဖြင့် မှန်းဆမိသော အခြေအနေမှာ နောက်ဆက်တွဲဆိုသလို အမှန်ပင် ဖြစ်လာခဲ့ပြီဖြစ်ရာ ကျွန်ုပ်လည်း မသက်မသာ ပင့်သက်ရှိုက်မိ၏။

တရားခံသည် မည်သို့သော နာကျည်းချက်များကြောင့် ထိုမျှရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ရလေသနည်း . . .။

အလားတူ လုပ်ကြံမှုမျိုး မည်မျှဆက်လက်လုပ်လေဦးမလဲ . . .။

ငှင်းကျူးလွန်သည်အမှုမှာ ဥပဒေကြောင်းအရ အဘယ်မျှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်ကြီးမားကြောင်း မတွေးမိလေသလား။ လူသတ်မှုချင်းအတူဘူ ဖြင့်မြဲဖြစ်စဉ် သတ်ဖြတ်မှုမျိုး မဟုတ် . . .။ မသေမချင်း နှိပ်စက်ညှင်းပန်းသတ်ဖြတ်ခြင်းမျိုး သို့တည်းမဟုတ် သေပြီးအလောင်းကို ချုပ်ပျက်ဆင်းပျက်ဖြစ်အောင် စိမ်တာမျိုးစသဖြင့် ကျူးလွန်ခြင်းမှာ ကျူးလွန်သူတရားခံအဖို့ သာမန်လူသတ်မှုမျိုးထက် များစွာအပြစ်ကြီးလေး၏။

ကျွန်ုပ်အထင် တရားခံသည် ထိုအချက်ကိုမသိဘဲ နေမည်မဟုတ် . . .။ သိလျက်နှင့် ကျူးလွန်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်သည် စာပေအနုပညာသမားပီပီ လူသတ်တရားခံ၏ ရင်ဘတ်ထဲက ခံစားမှုကို မှန်းဆတွေးယူကြည့်မိသည်။ ပုံဖော်စိတ်ကူးကြည့်မိသည်။

ကျွန်ုပ်ထိုသို့ တွေးနေစဉ်မှာပဲ အိုင်ပီမင်းပုညနှင့် မောင်နေအောင်တို့က အလောင်းအနီးရှိ သဲလွန်စရနိုင်သမျှကို စေ့စေ့စပ်စပ်ရှာဖွေပြီး၊ ရှာဖွေပုံစံဖြင့် သေချာသိမ်းဆည်းနေကြ၏။

ကျွန်ုပ်ကပင် ၎င်းတို့၏ ထင်မြင်တွေးဆပုံကို စ၍မေးမြန်းလိုက်ရာ လုပ်သက်အတော်အတန် ရှိနေပြီဖြစ်သည့် အိုင်ပီမင်းပုည၏သုံးသပ်ချက်ကို ကျွန်ုပ်များစွာအားရမိလေ၏။

"အသတ်ခံရတဲ့ လူနဲ့ လူသတ်သမားဟာ ရင်းနှီးပတ်သက်ခဲ့ဖူးသူ ဖြစ်ရမယ်၊ ဒါမှမဟုတ် သိကျွမ်းဖူးသူလည်း ဖြစ်ရမယ်"

"ဘယ်လိုအချက်အလက်အပေါ် အခြေခံပြီး ပြောနိုင်တာလဲ"

"ဟုတ်ကဲ့ . . လူသတ်သမားဟာ ခိုးကြောင်ခိုးဝှက် ဝင်လာတာမျိုး မဟုတ်ပါဘူး၊ အိမ်ရှေ့တံခါးမကြီးက ရဲရဲတင်းတင်း ဝင်လာတာပါ၊ ပြီးတော့ ဧည့်ခန်းထိုင်ခုံတွေအနီးမှာ ဆေးလိပ်ပြာအတော်များများ တွေ့ရပုံထောက်ရင် လူသတ်သမားဟာ ဆေးလိပ်ကို အချိန်





တော်တော်ကြာ သောက်ခဲ့ပုံရတယ်"

"ဟုတ်ပါတယ်၊ ဆက်ပါဦး . . . ကိုပုည"

"ကျွန်တော့် အတွေ့အကြုံအရပြောရရင် အဲဒီဆေးလိပ်ပြာက စီးကရက်ပြာ မဟုတ်ဘူးလို့ ယူဆပါတယ်၊ ဆေးပေါ့လိပ်နဲ့ ဆင်သလိုလိုရှိပေမယ့် အသေအချာကြည့်တော့ ဆေးပြင်းလိပ်ပြာ ဖြစ်နေတယ်လို့ ကောက်ချက်ချမိပါတယ်"

အိုင်ပီမင်းပုညသည် မှတ်စုစာအုပ်ကိုဖွင့်ပြီး သူ၏တွေ့ရှိချက်၊ သုံးသပ်ချက်များကို အကွက်စေ့စေ့ ပြောသွားလေရာ ကျွန်ုပ်လည်း စိတ်ထဲမှကြိတ်၍ ချီးကျူးမိ၏။ ထို့နောက် သူက နောက်ဆက်တွဲယူဆချက်များကို ပြောလိုက်ပြန်၏။

"ပြီးခဲ့တဲ့တစ်ပတ်လောက်က အသတ်ခံရတဲ့ ဦးဒေဝနဲ့ ဒီလူသတ်မှုကို ကျူးလွန်တဲ့တရားခံဟာ တစ်ယောက်တည်းလားလို့ ယူဆဖွယ်ရှိပါတယ်၊ ကျွန်တော်ဘာကြောင့် အဲလိုထင်မြင်မိသလဲဆိုရင် လုပ်ကြံသတ်ဖြတ်လိုက်တဲ့ အနေအထားတွေက ကွဲပြားပေမယ့် တူညီနေတဲ့ ဦးတည်ချက်ကို တွေ့ရလို့ပါပဲ၊ လူသတ်သမားဟာ တော်ရုံရန်ငြိုးလောက်နဲ့ လုပ်ကြံတာမျိုး မဟုတ်ပါဘူး၊ အဲဒီလူရဲ့နှလုံးသားမှာ အမုန်း၊ ရန်ငြိုး၊ အာဃာတတွေက ထိန်းချုပ်မရလောက်အောင်ကြီးမားပြင်းထန်နေပါလိမ့်မယ်၊ ဒါကြောင့်လည်း အခုလောက် အရုပ်ဆိုး၊ အကျည်းတန်လောက်အောင် လုပ်ကြံသတ်ဖြတ်သွားတာလို့ ကျွန်တော်သုံးသပ်မိတာပါ"

ဟုပြောလိုက်ရာ ကျွန်ုပ်မှာ နှုတ်ကပင် ထုတ်ဖော်ချီးကျူးမိတော့၏။ အိုင်ပီမင်းပုညကား လုပ်သက်ရှိသော ရာဇဝတ်အမှုထမ်းပီပီ တွေးဆပုံများက လွန်စွာစေ့စပ်လှပေ၏။

"မှန်ပါတယ် . . . ကိုပုည၊ လူသတ်သမားဟာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းပါပဲ၊ သဲလွန်စအပေါ်မှာ အတွေးကို တစ်ဆင့်ချင်း ဆက်စပ်သုံးသပ်နိုင်စွမ်းတဲ့ ကိုပုညဟာ တကယ့်ထူးချွန်တဲ့ ရာဇဝတ်အမှုထမ်းပီသပါတယ်ဗျာ"

ကျွန်ုပ်သည် ရာဇဝတ်အမှုထမ်းအဖြစ် နှစ်ပေါင်းသုံးဆယ်ကျော်မျှ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရာ အမှုထမ်းလောကတွင် တွင်တွင်ကျယ်ကျယ် ပြောဆိုခဲ့ကြသည့် စကားလေးတစ်ခွန်းကို အမှတ်ရလိုက်မိ၍ မိမိတို့ မြန်မာစကား၏ ဝေါဟာရကြွယ်ဝပုံကို တွေးတောမိခြင်းဖြစ်သည်။

ငှင်းစကားမှာ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး။ ဖြစ်ပြီပေါ့ဆိုရင်တော့ ဖြစ်သွားပြီလို့ မှတ်ပါ . . . ဟူသော စကားလေးပင်ဖြစ်၏။ အထူးသဖြင့် ၎င်းစကားကို ကျွန်ုပ်တို့ အမှုထမ်းလောကတွင် အချင်းချင်း ပြောဆိုကြသည့် လက်သုံးစကားပင် ဖြစ်သည်။ အချို့သောကိစ္စများမှာ သေးသည်ကြီးသည်မဟူ ဘာမှမဖြစ်သေးသ၍ ဘယ်လိုပြဿနာမှ မရှိသော်လည်း အကြောင်းတစ်စုံတစ်ခုကြောင့် ပြဿနာဖြစ်ပွားပေါ်ပေါက်သွားပါက ထိုစကားဖြင့် ပမာနှိုင်းကာ ပြောကြတော့၏။

အမှုအခင်းတစ်ခု ဖြစ်ပွားပြီဆိုလျှင်လည်း ထိုသို့ပင် ဖြစ်၏။ ဖြစ်သွားသည်မှာ လွယ်၏။ ၎င်းအမှုကို စုံစမ်းဖော်ထုတ်ရာမှာတော့ စိတ်ပင်ပန်း၊ လူပင်ပန်း၊ အချိန်ကုန်၊ ငွေကုန် စသဖြင့် ပေးဆပ်ပြီး ကြိုးစားဆောင်ရွက်ရလေ၏။

ကျွန်ုပ်သည် လွန်ခဲ့ရက်စက်ကြမ်းကြုတ်သည့် လူသတ်မှုကြီးနှစ်မှုအတွက် စိတ်အာရုံကို စူးစိုက်ရင်း ကြိုးစားဆောင်ရွက်နေစဉ်မှာပဲ နောက်နှစ်ရက်ခန့်အကြာတွင် အံ့သြဖွယ်ကောင်းသော အဖြစ်နှင့် ကြုံတွေ့ရတော့၏။ ထိုကိစ္စသည် ၎င်းရက်ကာလတို့အတွင်း





အလျင်အမြန် ပြီးဆုံးသွားလိမ့်မည်ဟု ထင်မှတ်မထားခဲ့ . . .။

ဖြစ်ပျက်မှုအလုံးစုံကို သေသေချာချာ သိရသောအခါ ကျွန်ုပ်မှာ စိတ်မောစွာ ပင့်သက်ရှိုက်မိတော့၏။ အိုင်ပီနှစ်ယောက်ဖြစ်သည့် မင်းပုညနှင့် မောင်နေအောင်တို့ကတော့ ၎င်းတို့၏စွမ်းဆောင်မှုအတွက် လွန်စွာကြည်နူးဝမ်းမြောက်နေကြ၏။

သူတို့နှစ်ဦးသည် ကျွန်ုပ်နေအိမ်သို့ စောစောစီးစီး ရောက်ရှိလာကြပြီး . . .

"ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီးနှစ်ခုတော့ ကျသွားပြီဆရာရေ"

ဟု ရောက်မဆိုက်ပြောပြီး ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင်လိုက်ကြ၏။ မောင်နေအောင်ကလည်း ပြုံးရွှင်သော မျက်နှာထားဖြင့် . . .

"အဘနဲ့ အစ်ကိုကြီးမင်းပုညတို့ ထင်မြင်ချက်တွေဟာ တကယ့်ကို ကွက်တိပါပဲ၊ အဲဒီအမှုနှစ်ခုကို ကျူးလွန်တဲ့ တရားခံဟာ တစ်ယောက်တည်းပဲ . . . အဘ" ဟု ဝင်ရောက်ပြောဆိုလေ၏။

"သေတဲ့လူရဲ့အမည်က မောင်မောင်မြင့်တဲ့၊ မန္တလေးအဆက်မင်းမျိုးမင်းနွယ်ထဲက ဖြစ်တယ်၊ သူနဲ့ အကျွမ်းတဝင်ရှိတဲ့ အသိုင်းအဝန်းကတော့ သူ့ကို ဂျူနီမောင်မြင့်လို့ ခေါ်ကြတာလည်း သိရပါတယ်၊ ငယ်ငယ်ကတော့ အတော်လေး ရှုပ်ရှုပ်ပွေပွေ နေသူတစ်ယောက်ပါ။ မော်လမြိုင်ထောင်မှာ တစ်ကြိမ်၊ မန္တလေးထောင်မှာ တစ်ကြိမ် ထောင်ကျဖူးသူဆိုတော့ တကယ့်ခေသူတစ်ယောက် မဟုတ်ဘူးပေါ့၊ လွန်ခဲ့တဲ့ နှစ်,နှစ်ကျော်ကျော်ကမှ မိဘတွေဆုံးလို့ အမွေပစ္စည်းအတော်များများ ရလိုက်တယ်၊ အခု သူလုပ်ကြံခံရတဲ့ခြံကို ဝယ်လိုက်တာ လပိုင်းပဲ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အိုင်ပီမင်းပုညက အသတ်ခံရသူ၏ ကိုယ်ရေးအချက်အလက်များကို ပြောပြလေ၏။ ထို့နောက် သူက ပြောလက်စကိုရပ်ပြီး စားပွဲပေါ်က ရေနွေးကြမ်းကို ငုံ့သောက်နေစဉ် မောင်နေအောင်က ဝင်ပြီး . . .

"သတ်တဲ့လူကတော့ ဆရာဝန်တစ်ယောက်ပဲ၊ ဖယ်ရာလမ်းမှာ ဆေးတိုက်ဖွင့်ထားပါတယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်မှာ တအံ့တသြဖြစ်သွားပြီး . . .

"ဘယ် . . ဘယ်လို . . ဆရာဝန်တစ်ယောက်ဟုတ်လား"

ဆရာဝန်ဖြစ်ခြင်း၊ ဖယ်ရာလမ်းတွင် ဆေးတိုက်ဖွင့်ထားခြင်း စသည့်အကြောင်းအချက်များမှာ ကျွန်ုပ်အတွက် စိတ်ဝင်စားဖွယ် ချည်းပင် ဖြစ်သွားလေ၏။

ကျွန်ုပ်လည်း ဒေါက်တာသိဒ္ဓိဆိုသူကို တွေ့မြင်လိုစိတ် ပြင်းပြသွားမိ၏။ စိတ်ဝယ် ဘဝင်မကျဖြစ်ရခြင်းမှာ ထိုသူကို အဘယ်အကြောင်းအချက်များကြောင့် လူသတ်တရားခံအဖြစ် စွဲချက်တင်ရသလဲဟူသော ကိစ္စဖြစ်သည်။

"ကိုင်း . . . ဆက်ပြောပါဦး၊ ဒေါက်တာသိဒ္ဓိသတ်တယ်ဆိုတာ ဘယ်လိုအထောက်အထားတွေကြောင့်လဲ၊ အဲဒီပုဂ္ဂိုလ်ကရော အမှန်ဝန်ခံရဲ့လား"

"အစကတော့ ဘယ်ဝန်ခံမလဲ ဆရာရယ်၊ နောက် . . . ထွက်ပေါက်မရှိသလို ဖြစ်သွားတော့မှ ဝန်ခံလိုက်တာပါ၊ ဒီလိုဆရာရေ . . . ဖယ်ရာလမ်း ဒေါ်ဆင်ဘဏ်တိုက်က မျက်နှာဖြူမန်နေဂျာတစ်ယောက်က မောင်မောင်မြင့်ခြံဘေးက ခြံမှာနေတယ်၊ လူသတ်မှုဖြစ်တဲ့ညက မောင်မောင်မြင့်ရဲ့ခြံထဲက ဒေါက်တာသိဒ္ဓိထွက်သွားတာကို မြင်လိုက်တဲ့အကြောင်း သတင်းပေးတယ်၊ မျက်နှာဖြူလူမျိုး





တွေက သူတို့လူမျိုးအချင်းချင်း သိပ်ပြီး ကူညီဖေးမကြတယ် မဟုတ်လား"

"ဒါဆိုရင် ဒေါက်တာသိဒ္ဓိကို အဲဒီမျက်နှာဖြူမန်နေဂျာက သိနေပြီးသားပေါ့"

"ကောင်းကောင်းသိလို့ ဒေါက်တာသိဒ္ဓိလည်း ငြင်းမရတော့ဘဲ ဝန်ခံလိုက်ရတာပေါ့၊ ဘဏ်တိုက်ပရိဆီဒင့်လူကြီးဆီကို ဒေါက်တာသိဒ္ဓိက ဝင်ထွက်နေတာကို အဲဒီမျက်နှာဖြူမန်နေဂျာက ကောင်းကောင်းသိနေတာပေါ့"

"ဘဏ်တိုက်မန်နေဂျာရဲ့ ထွက်ဆိုချက်နဲ့ ဂျူန်မောင်မြင့်ညည့်ခန်းထဲက လက်ဗွေပုံစံက ဒေါက်တာသိဒ္ဓိလက်ဗွေပုံစံနဲ့ တူနေတာဟာ ငြင်းမရအောင်ခိုင်လုံတဲ့ သက်သေတွေဖြစ်နေတော့ သူလည်း မငြင်းဝံ့တော့ဘူးပေါ့"

အထက်ပါအကြောင်းချင်းရာများကြောင့် လွန်စွာရက်စက်ကြမ်းကြုတ်သည့် လူသတ်မှုကြီးနှစ်မှုသည် နိဂုံးကမ္ပတ်အဆုံးသတ်သွားပြီဟု သတ်မှတ်ရပေတော့မည်။ မကြာခင်ရက်ပိုင်းအတွင်း သတင်းစာ၊ ဂျာနယ်များ၏ မျက်နှာဖုံးတွင် ပရိုသင်ဲအကြိုက် သတင်းတစ်ပုဒ်ဖြစ်လာပေတော့မည်။

မောင်နေအောင်အပြောအရ ပုလိပ်မင်းကြီးသည် ထိုနေ့တစ်နေ့လုံး ပျားသကာပင် ရှုံးလောက်အောင် ချိုသောအပြုံးနှင့် ရှိနေပြီး တွေ့သမျှအမှုထမ်းများကို နူးညံ့နွေးထွေးသည့် စကားများဖြင့် ပြောဆိုလျက်ရှိရာ စီအိုင်ဒီဝန်းကြီးတစ်ခုလုံး နွေနေ့လည်မှာ သာတဲ့လလို လွန်စွာသာယာအေးချမ်းနေသည်ဟု ပြောလေ၏။ တရားခံဖမ်းဆီးမိသည့်သတင်းကိုလည်း အထူးလျှို့ဝှက်ထားပြီး စွဲချက်တင်သည့်အချိန်ကျမှ တစ်တိုင်းပြည်လုံး အံ့သြသွားအောင် သတင်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရန် ကြံစည်ထားသည်ဟု ဆို၏။

ငင်းတို့နှစ်ဦးက နှုတ်ဆက်ပြန်ခါနီးတွင် အကယ်၍ ထို တရားခံဒေါက်တာသိဒ္ဓိကို တွေ့ဆုံအကဲခတ်လိုပါက ညနေရုံးဆင်းချိန်မတိုင်မီ ကျွန်ုပ်အား အရောက်လာခဲ့ပါရန် မှာကြားလေရာ ကျွန်ုပ်ကလည်း တွေ့မည်၊ မတွေ့မည်ကို မတင်မကျ ဖြေကြားလိုက်၏။ ငင်းတို့ပြန်သွားကြပြီးနောက်ပိုင်းမှာတော့ ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး မည်သည့်အရာကိုမှ အာရုံဝင်စားနိုင်ခြင်းမရှိတော့ဘဲ ဒေါက်တာသိဒ္ဓိဟူသော တရားခံကိုသာ စိတ်ဝင်တစား ဖြစ်နေတော့၏။

မကြာမီမှာဘဲ ကျွန်ုပ်ဆန္ဒအတိုင်း ဒေါက်တာသိဒ္ဓိဟူသော တရားခံနှင့် တွေ့ဆုံခွင့်ရရှိခဲ့၏။ မောင်နေအောင်နှင့် အိုင်ပီမင်းပုည တို့ကတော့ ကျွန်ုပ်သဘောကို ပြော်စရာမလိုဘဲ အလိုက်တသိပင် ရှောင်ထွက်သွားကြသဖြင့် ကျွန်ုပ်နှင့် တရားခံမှာ လွတ်လပ်စွာ စကား ပြောခွင့်ရရှိကြလေ၏။

ဒေါက်တာသိဒ္ဓိဆိုသူကား အသက်အားဖြင့် သုံးဆယ်ဝန်းကျင်ခန့်သာ ရှိသည့်လူရွယ်တစ်ဦးဖြစ်၏။ အင်္ဂလန်မှ အမ်ဒီဘွဲ့ရ ဆရာဝန်ဖြစ်ပြီး ရုပ်ရည်အားဖြင့်လည်း အိုင်ပီမင်းပုညတို့ ပြောသည် ထက်ပင် ယောကျ်ားပီပီသသ ချောမောပြေပြစ်သူဖြစ်၏။

မျက်နှာအမူအရာမှာ ခက်ထန်ခြင်းလည်း မရှိ . . ။ ပြုံးပြုံး ရယ်ရယ်လည်း မရှိဘဲ တည်ငြိမ်သည်ဟု ဆိုရပေမည်။ ငင်းအား ချုပ်ထားသည့် အချုပ်ခန်းအနား ရောက်ရှိလာသည့် ကျွန်ုပ်ကို သူက ဖျတ်ကနဲတစ်ချက် အကဲခတ်ကြည့်ပြီး ရုတ်ချည်းပင် မျက်နှာလွှဲသွား၏။

ကျွန်ုပ်သည် တရားခံဒေါက်တာသိဒ္ဓိကို နီးကပ်စွာ အကဲခတ်မိစဉ်မှာပဲ တစ်နေ့လုံး စဉ်းစားသုံးသပ်နေခဲ့သည့် ဘဝင်မကျမှုများမှာ ရုတ်ချည်းပင် တိကျရှင်းလင်းသွားတော့သည်။ ထို့အတူ ရင်





ထဲ၌ ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ကြည်နူးပီတိခံစားလိုက်ရ၏။

ထိုအခိုက်အတန့်မှာပဲ ကျွန်ုပ်သည် ဥပဒေဘက်တော်သားဟူသည့် ခံယူချက်၊ သံမဏိဒွာနကို ပိုင်ပိုင်နိုင်နိုင် အကောင်အထည် ဖော်ရတော့မည်ဟု ဆုံးဖြတ်လိုက်တော့၏။

ကျွန်ုပ်သည် စီးကရက်သောက်တတ်သူ မဟုတ်ပါ။ သို့သော်လည်း အိမ်မှထွက်လာကတည်းက စိတ်ကူးထားသည့်အတိုင်း ပိုလို စီးကရက်တစ်ဗူးကို အသင့်ယူဆောင်လာခဲ့၏။ ထိုစိတ်ကူးဖြင့်ပင် စတင်မိတ်ဖွဲ့စကားဆိုလိုက်၏။

"ဒေါက်တာ . . . စီးကရက်သောက်တတ်ပါသလား"

ဟု စီးကရက်ဗူးကိုထုတ်ပြီး ဖော်ရွေသော လေသံဖြင့် သူ့ထံကမ်းပေးလိုက်ရာ သူက တည်တည်ငြိမ်ငြိမ်ဖြင့်ပင် . . .

"ကျေးဇူးပါပဲ၊ ကျွန်တော် ဆေးလိပ်လုံးဝမသောက်တတ်ပါဘူး" ဟု ပြန်ပြောလေ၏။

"ဒေါက်တာသိဒ္ဓိဟာ ခေတ်ပညာတတ်တစ်ယောက်ဆိုတော့ ဥပဒေနဲ့ပတ်သက်လို့ စေ့စေ့စပ်စပ် မသိပေမယ့် လူသတ်မှုပုဒ်မနဲ့ အစွဲခံရရင် ပြစ်ဒဏ်ဘယ်လောက်ကြီးသလဲဆိုတာကိုတော့ အထိုက်အလျောက် သိထားမယ်ထင်ပါရဲ့"

မထင်မှတ်သော ကျွန်ုပ်စကားကြောင့် ဒေါက်တာသိဒ္ဓိ၏ မျက်နှာပေါ်တွင် အပြောင်းအလဲ အရိပ်လက္ခဏာများ ထင်ဟပ်သွားသော်လည်း ပါးနပ်လိမ္မာသူဖြစ်သောကြောင့် ချက်ချင်းပင် အမူအရာ မပျက်ထိန်းလိုက်ပြီး ကျွန်ုပ်အား ပြန်ပြီးမေးခွန်းထုတ်လေ၏။

"ဘယ်လိုသဘောနဲ့များ အခုလိုမေးခွန်းမျိုး မေးရတာလဲ"

"ဪ . . . ဒီလိုပါ ဒေါက်တာ၊ ကျွန်တော်ဟာ ဘယ်သူ ဖြစ်တယ်ဆိုတာ အရင်ဆုံးပြောပြမှထင်ရဲ့၊ ကျွန်တော်က အငြိမ်းစား

www.burmeseclassic.com



ပုလိပ်အမှုထမ်းတစ်ဦးပါ၊ အငြိမ်းစားဘစ်ယောက်က ကိုယ့်နေရာကိုယ် အေးအေးမနေဘဲ ဝင်ရှုတ်တယ်လို့ မထင်စေချင်ပါဘူး ဒေါက်တာ၊ ကျွန်တော်လည်း အေးအေးနေချင်ပါတယ်၊ သို့ပေမယ့် အခုဖြစ်ခဲ့တဲ့ လူသတ်မှုကြီးနှစ်ခုက ကျွန်တော်နဲ့ အကျွမ်းတဝင်ဆိုသလို ပတ်သက်မှုရှိလာလို့ မလွှဲမရှောင်သာ ဝင်ပါခဲ့တာပါ။ ပြီးတော့ ကျွန်တော်ဟာ မြန်မာနိုင်ငံသား မြန်မာလူမျိုးတစ်ဦးပါ၊ ဗြိတိသျှလက်အောက်မှာ အမှုထမ်းခဲ့ရပေမယ့် ကိုယ့်အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းသလောက် ကူညီချင်ပါတယ်၊ ကူလည်း ကူညီခဲ့ပါတယ်၊ ခေတ်ပညာတတ်လူငယ်တစ်ဦးဖြစ်တဲ့ ဒေါက်တာကို ကျွန်တော်လေးစားသလို နှမြောတသလည်း ဖြစ်မိပါတယ်၊ ကျွန်တော် ဒေါက်တာနဲ့ အခုလို လာရောက်တွေ့ဆုံတာဟာ ဒေါက်တာ့ကို စိတ်အနှောက်အယှက် ဖြစ်စေလိုတဲ့ ရည်ရွယ်ချက်မရှိပါဘူး။

ကျွန်တော်ဟာ ဥပဒေဘက်တော်သားဖြစ်ပေမယ့် ဒေါက်တာ့ကို တာဝန်ဝတ္တရားသဘောမျိုး တွေ့ဆုံတာထက် ကိုယ့်လူမျိုးအချင်းချင်း စိတ်ရင်းစေတနာရှေ့ထားပြီး ဖေးမကူညီသင့်တာ ကူညီလိုတဲ့ ဆန္ဒနဲ့ လာရောက်တွေ့ဆုံတာပါ။ ဒီအမှုမှာ ဒေါက်တာက တရားခံပါလို့ ဝန်ခံထားတယ် မဟုတ်လား၊ စွဲချက်တင်လို့ ဖြစ်မှုထင်ရှားရင် ဒေါက်တာကျခံရမယ့် အပြစ်ဒဏ်ဟာ မတွေးဝံ့စရာ ကောင်းလှပါတယ်"

"ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ထွက်ဆိုချက်ကို နောင်ကြီးတို့ ရာဇဝတ်အမှုထမ်းတွေ အမိပွါယ်ကောက်လွဲချော်သွားတာ စိတ်မကောင်းစရာပေါ့ဗျာ၊ ကျုပ်သတ်တာ မဟုတ်ဘူးလို့ ကျုပ်ထွက်ဆိုခဲ့ပေမယ့် သူတို့က ဘယ်လိုမှ လက်မခံကြဘူး"

ထိုစကားကို ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသလို ကျွန်ုပ်





ခန္ဓာကိုယ်မှာ ရုတ်ချည်းပင် တောင့်မတ်သွား၏။ ၎င်းအားကြည့်နေသည့် ကျွန်ုပ်မျက်ဝန်းတွေလည်း အထိတ်တလန့် ပြူးကျယ်သွားပါလိမ့်မည်။ သူက မျက်ဝန်းတစ်ချက်လှန်ကြည့်လိုက်ပြီး ချက်ချင်းပင် မျက်နှာလွှဲသွား၏။

အတွေ့အကြုံကြွယ်ဝမှုရှိထားသူဖြစ်သော ကျွန်ုပ်အဖို့ အခြေအနေကို အားချင်းထိန်းချုပ်နိုင်ခဲ့၍သာ တော်တော့၏။ ၎င်း၏ထွက်ဆိုချက်အပေါ်တွင် အပေါ်ယံအမြင်ဖြင့် ကောက်ချက်ချလိုက်ပါက ကျွန်ုပ်သည်လည်း အခြားသော ရာဇဝတ်အမှုထမ်းများလို အလုံးစုံယုံကြည်သွားမှာ သေချာသည်။

ကျွန်ုပ်သည် တည်တည်ငြိမ်ငြိမ်ပြုံးလိုက်ပြီး ရာဇဝတ်အမှုထမ်းပီပီ စကားပရိယာယ်ကြွယ်ဝစွာဖြင့် . . .

"ကျွန်တော့်စိတ်အထင်ပေါ့ ဒေါက်တာရယ်၊ ဒေါက်တာက မသတ်ပါဘူးလို့ ထွက်ဆိုခဲ့ပေမယ့် ငြင်းတော့ မငြင်းခဲ့ဘူးမို့လား၊ အဲဒီအဓိပ္ပါယ်နှစ်ခုဟာ ရုတ်တရက်ဆိုရင် တူညီသလို ထင်ရပေမယ့် ဥပဒေကြောင်းအရဆိုရင် အများကြီးကွာခြားပါတယ် ဒေါက်တာ"

ထိုအခါမှာတော့ သိဒ္ဓိဟူသော လူရွယ်ဆရာဝန်လေးမှာ လုံးဝနှုတ်ဆိတ်သွားတော့၏။

ထိုအချက်သည် ကျွန်ုပ်တို့ ရာဇဝတ်အမှုထမ်းများအတွက် တရားခံ၏အားနည်းချက်ကို အမိအရကိုင်တွယ်နိုင်သည့် အကွက်ကောင်းဖြစ်ရာ ၎င်းအခွင့်အရေးကို လက်လွှတ်မခံဘဲ ကျွန်ုပ်သိလိုသမျှကို ကွေ့ကာကောက်ကာ သွယ်ဝိုက်မေးမြန်းလိုက်၏။

"လူသတ်တရားခံကိုတော့ ဒေါက်တာ သိကောင်းသိလိမ့်မယ်ထင်ရဲ့ . . ."

သူ လုံးဝမဖြေ . . .။ နှုတ်ဆိတ်မြဲပင် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ့နှုတ်က သူသတ်ပါတယ်ရယ်လို့ ပြောမထွက်နိုင်အောင် ဖြစ်နေတာ မဟုတ်လား"

ထိုအခါမှာလည်း ဖြေကြားခြင်းမပြုသလို မျက်နှာကိုပင် တစ်ဖက်သို့ အနည်းငယ်စောင်းလိုက်၏။ ကျွန်ုပ် ဆက်လက်မေးမြန်းခြင်း မပြုတော့ပါ။ မေးဖို့မလိုလောက်အောင် ပြီးပြည့်စုံသွားပြီဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာနားလည်လိုက်သောကြောင့် ဖြစ်သည်။

အထူးသဖြင့် မျက်နှာကို တစ်ဖက်သို့ စောင်းလိုက်စဉ် မခံချိမခံသာ အံကြိတ်လိုက်သည့် ၎င်းလူရွယ်ဆရာဝန်၏မျက်နှာက ကျွန်ုပ်ကို ကောင်းစွာသက်သေပြလိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ဒေါက်တာသိဒ္ဓိကို နှုတ်ဆက်၍ ထွက်ခွာလာခဲ့ရာ ပြန်ရောက်လာသော ကျွန်ုပ်အား အိုင်ပီမင်းပုညနှင့် မောင်နေအောင်တို့က စူးစမ်းအကဲခတ်လျက် . . .

"ဘယ်လိုလဲ ဆရာ၊ တရားခံနဲ့ တော်တော်စကားပြောခဲ့ပုံရတယ်၊ ဆရာ့ရဲ့အမြင်လေးလည်း ရှင်းပြပါဦး"

ဟု အိုင်ပီမင်းပုညက ကျွန်ုပ်သဘောထားကို တောင်းခံလေရာ ကျွန်ုပ်လည်း ဟန်ပင်မဆောင်တော့ဘဲ . . .

"ကျုပ်သာ မောင်ရင်တို့လို အင်းစိန်စီအိုင်ဒီက အမှုကိုင်တဲ့ အိုင်ပီတစ်ယောက်သာဆိုရင် ဒေါက်တာသိဒ္ဓိကို ဖမ်းဖြစ်မှာ မဟုတ်ဘူး၊ လွတ်နေတဲ့ တရားခံကို အမိအရစုံစမ်းဖော်ထုတ်ဖို့ မအားမလပ်နိုင်အောင်ရှိနေမှာ အသေအချာပဲ"

ဟု ခနိုးခနဲ့လေသံဖြင့်ပြောပြီး ရုံးအပြင်သို့ထွက်ခဲ့ရာ အိုင်ပီနှစ်ဦးမှာ ကျွန်ုပ်စကားကြောင့် ပါးစပ်အဟောင်းသားဖြစ်လျက် ကျန်ရစ်ခဲ့တော့၏။

* * * *



## အခန်း (၈)

အိုင်ပီမင်းပုညနှင့် မောင်နေအောင်တို့နှစ်ဦးသည် ချိန်းထားသောနေ့ နံနက်အာရုဏ်ဦးတွင် ကျွန်ုပ်မှာထားသည့်အတိုင်း အရပ်ဝတ်နှင့် ရောက်ရှိလာကြ၏။ သူတို့နှစ်ဦး၏ အမူအရာကိုကြည့်ရင်း ကျွန်ုပ်ပြုံးမိ၏။

အကြောင်းကား ၎င်းတို့အမူအရာများက ခွပ်တော့မည့်ကြက်၊ တိုက်ပွဲဝင်တော့မည့် စစ်သားကောင်းများကဲ့သို့ အထူးပင်စိတ်အားထက်သန်နေသောကြောင့် ဖြစ်သည်။

ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် မောင်နေအောင်မောင်းလာသော ဂါတ်ဌာနမှကားဖြင့် ဗဟန်းဘက်သို့ ထွက်လာခဲ့ကြ၏။ ထိုအချိန်က ကန်တော်ကြီးတစ်ဝိုက်တွင် ယခုလောက် အိမ်ခြေမများသေးပေ။ ဂျမားလမ်းသို့ရောက်သောအခါ သပ်ရပ်ကျယ်ဝန်းသော ဝင်းခြံကြီးများကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားကို သင့်တော်တဲ့ တစ်နေရာမှာ ထားခဲ့ရလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်နေအောင်မှာ အထူးတလည် ရှင်းပြစရာမလိုဘဲ နားလည်ကြောင်း ဦးခေါင်းကို ဆတ်ကနဲ ငြိမ့်လိုက်ပြီး ကားစက်ရှိန်ကို လျှော့ချလိုက်၏။ ပြီးနောက် ကျွန်ုပ်တို့ သွားရောက်မည့်ခြံနှင့် တစ်ခေါ် လောက်အကွာတွင်ရှိသည့် ကုက္ကိုလ်ပင်ကြီးအောက်တွင် ကားကိုရပ်လိုက်၏။

ကားပေါ်မှဆင်း၍ အချို့ခြံဝန်းကျယ်ကြီးများကို ဖြတ်ကျော်လာခဲ့ပြီး တစ်ခုသော ခြံဝန်းရှေ့သို့အရောက်တွင် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ပုဏ္ဏရိပ်ပင်များကို အကာအကွယ်ယူလိုက်ကြ၏။ အပင်များကြားမှ ခြံအတွင်းရှိ နှစ်ထပ် အိမ်ကြီးကို လှမ်းမျှော်ကြည့်လိုက်ရာ အိမ်ကြီးမှာ အတော်အတန် သက်တမ်းရင့်နေပြီဟု ခန့်မှန်းမိ၏။

ဆီမီးပတ်ကားခေါ် အောက်ထပ်တွင် အုတ်ဖြင့်ဆောက်ပြီး အပေါ်ထပ်ကို သစ်ဖြင့် ဖွဲ့စည်းထားသည့် တိုက်ခံအိမ်မျိုးဖြစ်သည်။ ကျွန်ုပ်သည် ၎င်းအိမ်ကြီးကို အတန်ကြာ အကဲခတ်ကြည့်ရှုပြီးနောက် အိုင်ပီနှစ်ဦးကို အလေးအနက် မှာကြားလိုက်၏။

"ကဲ . . . မောင်နေအောင်နဲ့ အိုင်ပီမင်းပုညႆ ကျုပ်တို့ အဲဒီအိမ်ထဲဝင်ဖို့ ပြင်ဆင်ကြမယ်၊ ကျုပ် တစ်ခုတော့ သတိပေးလိုက်မယ်၊ ကျုပ်တို့ အခုရင်ဆိုင်ရမယ့် ပုဂ္ဂိုလ်ဟာ အမြင်အားဖြင့်ကြည့်ရင် အထင်ကြီးလောက်စရာ မရှိပေမယ့် ဦးဒေဝတို့လို ပုဂ္ဂိုလ်မျိုးကို ကြက်ကလေး၊ ငှက်ကလေးသတ်သလို သတ်သွားနိုင်တာဖြစ်လို့ ဘယ်လောက်ရဲစွမ်းသတ္တိရှိတယ်ဆိုတာ မောင်ရင်တို့လည်း ခန့်မှန်းနိုင်ပါလိမ့်မယ်၊ ဒါကြောင့် ထိပ်တိုက်ရင်ဆိုင်မိတဲ့အခါ အထူးသတိထားကြပါ"

ထို့နောက် ကျွန်ုပ်တို့သည် ခြံဝန်းတံခါးအနီး ချဉ်းကပ်လိုက်





ကြ၏။ ခြံဝန်းတံခါးမှာ ပိတ်ထားခြင်းမရှိသလို အစောင့်ချထားခြင်းလည်း မရှိတာကြောင့် ကျွန်ုပ်တို့သုံးယောက်မှာ ခြံထဲသို့ အဟန့်အတားမရှိ ဝင်ရောက်နိုင်ခဲ့ကြ၏။

မောင်နေအောင် အိမ်နောက်ဘက် ရောက်နိုင်လောက်သည်ရှိမှ ကျွန်ုပ်က အိမ်ရှေ့တံခါးကို သုံးလေးချက်ခေါက်၍ အသံပြုလိုက်၏။ အခိုက်အတန့် စောင့်ကြည့်သော်လည်း အတွင်းမှ တစ်စုံတစ်ရာ တုန့်ပြန်သံထွက်ပေါ် မလာဘဲ ရှိနေ၏။ သို့နှင့် ဒုတိယအကြိမ် ထပ်မံခေါက်လိုက်၏။ ထိုတစ်ကြိမ်မှာလည်း ထူးခြားမှုမရှိပေ။

အရပ်ရှည်သလောက် စိတ်မရှည်ဘဲ စိတ်မြန်လက်မြန်ရှိလှသည့် အိုင်ပီမင်းပုညက "နေ . . . ဆရာ၊ ကျွန်တော်ခေါ် ကြည့်မယ်" ဟု ပြောပြီးပြီးချင်းမှာပဲ သူ၏သံမာသော လက်သီးဆုပ်ဖြင့် တံခါးကို ခပ်ပြင်းပြင်းထိုးလိုက်၏။ ထိုအခါမှာလည်း ယခင်အတိုင်းပင်ရှိနေရာ အိုင်ပီမင်းပုညမှာ ခံပြင်းမှုကြောင့် သူ၏အရပ်ကို ဆန့်ထုတ်လိုက်ပြီး ကျွန်ုပ်ကို ကြည့်၏။

ထိုအကြည့်၏အဓိပ္ပါယ်ကို ကျွန်ုပ်ကောင်းစွာသိလိုက်၏။ သူသည် ၎င်းတံခါးရွက်ကို ရိုက်ချိုးဖျက်ဆီးပြီး အတွင်းသို့ဝင်ရောက်ဖို့ ကျွန်ုပ်သံဘောထားကို မေးမြန်းလိုက်ခြင်း ဖြစ်သည်။ အထဲသို့ ဝင်ရောက်ဖို့ဆိုတာ ၎င်းနည်းလမ်းတစ်မျိုးသာ ရှိတော့သဖြင့် ကျွန်ုပ်လည်း ဆတ်ကနဲ ဦးခေါင်းငြိမ့်ရင်း ခွင့်ပြုလိုက်၏။

ထိုအခိုက်အတန့်မှာပဲ အိမ်အနောက်ဘက်မှ ဝရုန်းသုန်းကားအသံများ ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့နှစ်ဦးလည်း တံခါးဖွင့်ဖို့ကိစ္စကို လှစ်လျူရှုပြီး အိမ်အနောက်ဘက်သို့ အလျင်အမြန် ပြေးကြတော့၏။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်ုပ်မှာ လွန်စွာအံ့ဩထိတ်လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပုံမကျပန်းမကျ ကားယားကြီးဖြစ်နေသော မောင်နေအောင်ကို ရှုံ့ရှုံ့မဲ့မဲ့အမူအရာဖြင့် တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဟိုက် . . . လူလေး . . . မောင်နေအောင်၊ ဘယ် . . . ဘယ်လိုဖြစ်တာလဲ"

ကျွန်ုပ်က စိုးရိမ်ဖွယ် ဒဏ်ရာဒဏ်ချက်များ ရရှိသွားသလားဟုမေးပြီး ၎င်းကို အလောတကြီး ပွေ့ထူလိုက်၏။ ကျွန်ုပ်စိုးရိမ်သလို မဖြစ်ခဲ့၍ ကျွန်ုပ်လည်း စိတ်မောစွာ ပင့်သက်ရှိုက်မိ၏။ မောင်နေအောင်က မသက်မသာ ငြီးငြူလိုက်ပြီး . . .

"မလွယ်ဘူး အဘရေ၊ ဒီလူက အဘပြောတာထက်ကို ပိုပြီးစွမ်းနေတယ်၊ လူကတော့ တကယ့်အထင်ကြီးစရာမရှိလောက်အောင် သေးသေးကွေးကွေးပါပဲ၊ ဒါကြောင့် ကျွန်တော်လည်း အလွယ်တကူ ဖမ်းနိုင်မယ်လို့ လျှော့တွက်လိုက်မိတာ၊ ဟော့ကောင် . . . မပြေးနဲ့ဆိုပြီး သူ့လက်ဖမ်းကိုင်လိုက်တော့ ကျွန်တော့်လက်ကိုပြန်ပြီးဆွဲထည့်လိုက်တာ အတော့်ကို သန်စွမ်းလိုက်တာဗျာ"

"သေနတ်အသုံးပြုပြီး ခြိမ်းခြောက်လိုက်ရောပေါ့ ကိုနေအောင်ရယ်"

အိုင်ပီမင်းပုညက စိတ်လှုပ်ရှားသံဖြင့် ပြောလိုက်ရာ မောင်နေအောင်က ဦးခေါင်းခါရမ်းကာ ပင့်သက်တစ်ချက်မှုတ်ထုတ်လိုက်ပြီး . . .

"ဘယ်နေပါ့မလဲ ဆရာပုညရယ်၊ ဒါပေမယ့် ဒီလူ့လှုပ်ရှားမှုက တကယ့်ကို လျင်မြန်တာဗျ၊ ကျွန်တော်လည်း ဒီလိုအတွေ့အကြုံမျိုးတွေ အများကြီးဖြတ်သန်းခဲ့ဖူးပါတယ် ဆရာရယ်၊ ဘယ်လောက်မြန်တဲ့ကောင် ဖြစ်ပစေ၊ ကျွန်တော် အနိုင်ယူခဲ့တာချည်းပါပဲ၊ ဒီကောင့်ကို ထိုးလိုက်တဲ့ ကျွန်တော့်လက်သီးတွေက လေကိုထိုးရသလိုပဲ





ထိကိုမထိခဲ့ဖူး၊ ဒါနဲ့ ကျွန်တော်လည်း စိတ်တိုလာပြီး အိတ်ထဲက သေနတ်ကိုထုတ်လိုက်တာ ထုတ်ရုံပဲ ရှိသေးတယ်၊ သူ့ခြေကန်ချက်က ကျွန်တော့်လက်ကို ဖောင်းကနဲခတ်လိုက်တော့ သေနတ်လည်း လွတ်ကျသွားတယ်၊ သူက အပြေးမှာ ကျွန်တော်လည်း နောက်ကအားကုန်ဖမ်းဆွဲတော့ ကျွန်တော့်လက်ကိုကိုင်ပြီး ပေါက်လိုက်တာ အရှိန်က ပြင်းလွန်းတော့ မေ့ကနဲတောင် ဖြစ်သွားတယ်ဗျာ၊ ကျွန်တော်တော့ တကယ့်ကို လေးစားသွားပြီဗျာ"

ရာဇဝတ်ဘက်တွင် ဝေါ်တာဝိတ်တန်း လက်ဝှေ့ချန်ပီယံအဖြစ် ပြိုင်ဘက်ကင်းသော မောင်နေအောင်ကို အလွယ်တကူ အနိုင်ယူသွားသော လူသတ်တရားခံကား သက်မတင်ကလေး လွတ်မြောက်သွားပြီဖြစ်ရာ ကျွန်ုပ်တို့အားလုံး မချင့်မရဲ ဖြစ်သွားကြတော့၏။

တကယ်တော့ ရာဇဝတ်အမှုထမ်းလောကတွင် ထိုသို့သောဖြစ်ပျက်မှုမှာ ထူးဆန်းလှသည်တော့ မဟုတ်ပေ။ တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ ကြုံရစမြဲဖြစ်၏။

"ကဲပါလေ၊ ပြီးတာလည်း ပြီးပါစေတော့၊ ကဲ . . . အိမ်ထဲဝင်ပြီး စူးစမ်းလေ့လာကြည့်ရအောင် . . ."

ဟု ကျွန်ုပ်က မောင်နေအောင်ကို အားပေးစကားဆိုပြီး အိမ်နောက်ဘက်မှနေ၍ အိမ်ထဲသို့ ဦးဆောင်ဝင်လိုက်လေ၏။

အောက်ထပ်တွင် ရေချိုးခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ စာကြည့်ခန်းများနှင့် အိမ်ထောင်ပရိဘောဂမရှိသော အခန်းလွတ်တစ်ခန်းကို တွေ့ရ၏။ အိမ်ရှေ့ဘက်တွင် ဧည့်ခန်းဖွဲ့စည်းထားပြီး ဧည့်ခန်းတွင်းရှိ မှန်ဘီရိုကြီးနှစ်လုံးတွင် နိုင်ငံခြားဆေးဝါး၊ စားဆေးထိုးဆေး အမျိုးအမည် အတော်များများတွေ့ရပြီး ဘီရိုကြီးနှစ်လုံးထက် အတန်သေးငယ်သော မှန်ဘီရိုလေးတစ်လုံးထဲမှာတော့ ပရ



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆိုင်များတွင် တွေ့ရတတ်သော မြန်မာဆေးရွက်၊ ဆေးမြစ်များနှင့် တိရစ္ဆာန်အချို့၏ လက်သည်းခွံနှင့် အရိုးများကို တွေ့ရ၏။

ထိုအရာများကို ကြည့်ရှုရင်း မောင်နေအောင်က . . .

"ဆေးပညာ တီးမိခေါက်မိရှိတဲ့ ဆရာဝန်တစ်ယောက်ရဲ့ အိမ် ဖြစ်မယ်ထင်တယ်"

ဟု မှတ်ချက်ချလိုက်လေရာ ကျွန်ုပ်လည်း ပြုံးလိုက်မိတော့၏။

"သိပ်သေချာတာပေ့ါ။ အဲဒီဆရာဝန်ဟာ ဘယ်သူဖြစ်မယ် ထင်လဲ"

ဟု ပြန်မေးလိုက်ရာ သူသည် ဇဝေဇဝါဖြင့် ကျွန်ုပ်ကိုကြည့်ရင်း မဖြေနိုင်ဖြစ်သွား၏။ ကျွန်ုပ်က ထိုအဖြေကို ပြောလိုက်သည်နှင့် . . .

"ဗျာ . . . ဘယ် . . . ဘယ်လို . . . အဘ၊ ဒီ . . ဒီအိမ်က ဒေါက်တာသိဒ္ဓိရဲ့အိမ် . . . ဟုတ်လား"

အိုင်ပီနှစ်ဦးမှာ တအံ့တဩဖြင့် ပါးစပ်များပင် 'ဟ' သွားကြ၏။ သူတို့အဖြစ်ကိုကြည့်ရင်း ကျွန်ုပ်ပြုံးလိုက်မိ၏။ တကယ်တော့ ကျွန်ုပ်သည် တရားခံအစစ်အမှန်မှာ ဒေါက်တာသိဒ္ဓိမဟုတ်ကြောင်း၊ ၎င်းတရားခံကို သွားရောက်ဖမ်းဆီးမည်ဟုသာ ပြောခဲ့၏။ ထို့ပြင် တရားခံအစစ်အမှန် ဖမ်းဆီးသည့်ကိစ္စကို အထူးလျှို့ဝှက်ထားရန်မှာကြားခဲ့၏။

သူတို့သိထားသည်မှာ ထိုမျှသာ ဖြစ်၏။ သို့ကြောင့် တရားခံလွတ်မြောက်သွားသည့်နေအိမ်မှာ ဒေါက်တာသိဒ္ဓိအိမ်ဖြစ်နေသောကြောင့် သူတို့မှာ ရုတ်တရက် အံ့ဩသွားကြခြင်း ဖြစ်သည်။ ကျွန်ုပ်က စိတ်ပျက်ဖို့မလိုကြောင်း၊ အခုအခြေအနေက မိမိတို့မှာ တော





ကောင်၏ခြေရာကို မျက်ခြေမပြတ်စောင့်ကြည့်နိုင်ပြီဖြစ်ကြောင်း၊ တရားခံသည် အချိန်ကြာမြင့်စွာ တွင်းအောင်းနေ၍ မရတော့ပြီမို့ မိမိတို့ရှေ့မှောက် ရောက်ရှိတော့မည်ဖြစ်ကြောင်း စသဖြင့် နှစ်သိမ့်ပြောဆိုပြီး အိမ်ကြီး၏အပေါ်ထပ်ဆီသို့ တက်ခဲ့ကြလေ၏။

လက်ဝဲဖက်တွင် အခန်းနှစ်ခန်းရှိသော်လည်း တစ်ခန်းကို သော့ခလောက်ကြီးနှင့် ပိတ်ထား၏။ တစ်ခန်းတွင်ကား ခုတင်တစ်လုံးရှိပြီး ခုတင်အောက်ကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး ရှိနေ၏။ ကျွန်ုပ်အနီးကပ်ကြည့်လိုက်ရာ ခေါင်းအုံးမှာ ချိုင့်ခွက်နေသဖြင့် လောလောလတ်လတ် ဖိအိပ်ထားဟန်ရှိကြောင်း သိလိုက်ရ၏။

ကုတင်ပေါ်တွင် မွေ့ယာတစ်လုံးကား လိပ်လျက် ခေါင်းရင်းဘက်တွင် တင်ထား၏။ ဖုန်များပင် တက်လျက်ရှိရာ လူမအိပ်သည်မှာ ကြာမြင့်သည့် လက္ခဏာရှိလေ၏။ ကျွန်ုပ်က ၎င်းကုတင်အနီး တိုးကပ်ကြည့်နေစဉ် ကုတင်ခေါင်းရင်းဘက် စားပွဲပုကလေးပေါ်က စာရွက်တစ်ရွက်ကို မောင်နေအောင်က သတိပြုမိသွားပြီး ဆွဲယူကြည့်လေ၏။ သူသည် မျက်မှောင်တစ်ချက်တွန့်သွားပြီး ကျွန်ုပ်ထံသို့ ထိုစာရွက်ကို ကမ်းလိုက်သဖြင့် ကျွန်ုပ်လည်း ဖတ်ရှုကြည့်လိုက်ရာ အောက်ပါအတိုင်းရေးထားသည်ကို တွေ့လိုက်ရ၏။

Sabbapa , passa akaranam
Kusa assa upasamapala
Sa chitta pamyo dapanam
Etam Buddhanu Sasanam.

စာရွက်မှာ ရုံးသုံးစက္ကူအရွယ်အစားရှိပြီး အထင်ပါစာကြောင်းများကို နေရာလပ်မကျန်အောင် စာမျက်နှာအပြည့် ရေးထား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကျွန်ုပ်သည် ၎င်းစာများကိုဖတ်ပြီး ပြုံးရယ်မိ၏။ မောင်နေအောင်က သူ၏အယူအဆကို ပြောလေ၏။

"ကျွန်တော့်အထင်တော့ အင်္ဂလိပ်အက္ခရာရေးထားတဲ့ ပါဠိဘာသာလို့တော့ သိတယ်၊ ကောလိပ်မှာတုန်းက ပါဠိဘာသာ မယူခဲ့မိတော့ ဘာရေးထားမှန်း သဘောမပေါက်ဘူး၊ အဘ . . . အမြင်ကိုလည်း ပြောပြပါဦး၊ အဲဒီစာတွေဟာ အမှုနဲ့များ သက်ဆိုင်နေသလားလို့"

ကျွန်ုပ်က ဦးခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီး . . .

"အမှုနဲ့တော့ သက်ဆိုင်မယ်မထင်ဘူး၊ တစ်ခုတော့ ခြေခြေမြစ်မြစ် ပြောလို့ရတာ ရှိပါတယ်၊ ဘာလဲဆိုတော့ ဒေါက်တာသိဒ္ဓိဟာ အရွယ်နဲ့မလိုက်အောင် ဘာသာတရားကိုင်းရှိုင်းပုံရတယ်၊ ဒီစာသားတွေဟာ အဲဒီသဘောကို ထင်ဟပ်နေတယ်လေ၊ တစ်နည်းပြောရင် သူ့စိတ်ကို ဘာသာတရားနဲ့ ထိန်းချုပ်နေတဲ့ သဘောပေါ့၊ ပထမအပိုဒ်က သဗ္ဗပါပဿ အကရဏံတဲ့၊ အနက်က အလုံးစုံသော မကောင်းမှုကို မပြုခြင်းတဲ့၊ နောက်ဆက်ရေးထားတာတွေက ကုသိုလ်တရားကို ပြည့်စုံစေခြင်းတဲ့၊ စိတ်ကိုစင်ကြယ်စွာ ထားနိုင်ခြင်းတဲ့၊ အားလုံးမြတ်စွာဘုရားရဲ့ အဆုံးအမတွေပေါ့ကွယ်"

ဟု ကျွန်ုပ်က အသေးစိတ်ရှင်းပြလိုက်ရာ အိုင်ပီနှစ်ဦးမှာ လွန်စွာအံ့သြသော မျက်နှာနှင့် ငေးမောသွားကြ၏။ သူတို့သည် တစ်စုံတစ်ခုကို အလေးအနက် တွေးမိကြပုံရ၏။ တခဏအကြာတွင် အိုင်ပီမင်းပုညက ချင့်ချင့်ချိန်ချိန်လေသံဖြင့် . . .

"ဒီအတိုင်းဆိုရင် ဒေါက်တာသိဒ္ဓိဟာ အထင်နဲ့အမြင် အတော့်ကို ကွဲလွဲနေပြီပေါ့"

"ဟုတ်တာပေါ့၊ ဒေါက်တာသိဒ္ဓိဟာ အရွယ်နဲ့မလိုက်အောင်





ဘာသာတရားကိုင်းရှိုင်းသူဖြစ်သလို အကျင့်သီလ အင်မတန်ကောင်းမွန်တဲ့ သူတစ်ယောက်ပါ၊ တစ်ပါးသူကို သူ့ကြောင့် အပြစ်မရောက်စေချင်လို့ အခုလို ရေငုံနှုတ်ပိတ်နေတာပေါ့"

မောင်နေအောင်ကလည်း မချင့်မရဲလေသံဖြင့် . . .

"ဒီအတိုင်းဆိုရင် ကျွန်တော်တို့ တရားခံကို အမြန်ဆုံး ဖော်ထုတ်နိုင်မှ ဖြစ်လိမ့်မယ်၊ နို့မဟုတ်ရင် ဒေါက်တာသိဒ္ဓိလို လူကောင်းတစ်ယောက် ဆုံးရှုံးသွားရင် ကျွန်တော့်အဖို့ တစ်သက်လုံးနောင်တရလို့ ဆုံးမှာမဟုတ်ဘူး"

"ဒါ . . . ဖြစ်ကိုဖြစ်ရမယ့် ကိစ္စပဲလေ၊ ဒီလိုအတွေးမျိုး ခံယူချက်မျိုးဆိုတာ ဥပဒေဘက်တော်သားတိုင်း ရှိကိုရှိရမယ့် စိတ်ဓါတ်မျိုးပဲ၊ အခု အဘတို့ ဒီကိုရောက်လာတာလည်း တရားခံကို အမိအရဖမ်းဖို့ ရောက်လာတာပဲလေ၊ တရားခံဟာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီဆိုတော့ အဘတို့က ဇွဲသန်သန်နဲ့ လုပ်ဆောင်ကြဖို့ပဲ ရှိတယ်"

နောက်မိနစ်ပိုင်းအတွင်းမှာပဲ ကျွန်ုပ်တို့သည် ထူးခြားမှုတစ်ခုကို ထပ်မံတွေ့ရှိရပြန်၏။ အခန်းထောင့်တစ်နေရာတွင် သတင်းစာစက္ကူတစ်ခုခင်း၍ ဖြတ်ထားသော ဆံပင်များကို တွေ့လိုက်ရခြင်းဖြစ်သည်။ ဆံပင်များမှာ အတိုအရှည် ညီညာမှုမရှိဘဲ စုပုံရောထွေးလျက်ရှိ၏။

ကျွန်ုပ်သည် ၎င်းဆံပင်များကို အသေအချာ ကိုင်တွယ်ကြည့်ရှုမိစဉ်မှာတော့ ကျွန်ုပ်သာလျှင် နားလည်နိုင်မည့်အပြုံးကို ကျကျနန ပြုံးလိုက်ပြီး . . .

"ဒီဆံပင်တွေဟာ လူသတ်သမားရဲ့ ဆံပင်တွေပဲ၊ ဆံပင်ကယောကျ်ားဆံပင်၊ ဆံလုံးကလည်း ကြီးတယ်၊ ကြမ်းလည်းကြမ်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အုန်းဆီတို့ဘာတို့ မလိမ်းဘဲထားတော့ နီကျင်ကျင်ဖြစ်နေတယ်၊ ဆံပင်အနေအထားက ကပ်ကြေးနဲ့ ဖြတ်သလိုညှပ်သွားတာ . . . ”

ဟု အခိုင်အမာပြောလိုက်ရာ မောင်နေအောင်က အားရဝမ်းသာလေသံဖြင့် . . .

“ဟုတ်မယ်၊ ကျွန်တော်နဲ့ တွေ့ခဲ့ရတဲ့ လူရဲ့ဆံပင်ဖြစ်ဖို့ များတယ်၊ သူ့ဆံပင်က ဂုတ်ပိုးလောက်အထိ ဝဲနေတာပဲ”

ဟု ထောက်ခံပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ၄င်းအိမ်အတွင်း နံ့နံ့စပ်စပ် လိုက်လံကြည့်ရှုသော်လည်း ထူးထူးထွေထွေ မတွေ့ရသဖြင့် အိမ်ထဲမှ ပြန်ထွက်ခဲ့ကြတော့သည်။

ထိုနေ့နံနက်ခင်းသည် မိုးသားတိမ်ရိပ်ကင်းစင်ပြီး ဝန်းကျင်တစ်ခွင်လုံး သာသာယာယာရှိနေ၏။ ထိုနေ့မှာလည်း ကျွန်ုပ်တို့သုံးဦးသည် မနက်ခင်းစောစောမှာပဲ ကျွန်ုပ်အိမ်တွင် ဆုံတွေ့ကြ၏။ မောင်နေအောင်နှင့် အိုင်ပီမင်းပုညတို့နှင့်အတူ ကျွန်ုပ်အထူးဖိတ်ကြားထားသဖြင့် ရောက်ရှိလာသူတစ်ဦးလည်း ရှိ၏။

ထိုသူသည် အရပ်အမောင်းမြင့်မားပြီး လွန်စွာမျက်နှာပေါက်ဆိုးသော လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်ဖြစ်၏။ အမည်မှာ လှိုင်ဘွားဟူ၍ဖြစ်၏။ လှိုင်ဘွားအမည်ဆိုလျှင် သိသူရှားလှမည်ဖြစ်သော်လည်း တစ်ကောင်ကျားလှိုင်ဘွားဆိုလျှင်တော့ ရန်ကုန်တစ်မြို့လုံးရှိ လူမိုက်အသိုင်းအဝန်းတစ်ခုလုံး ကြည့်မြင်တိုင်လူမိုက်အဖြစ် သိကြမည်ဖြစ်၏။

ရာဇဝတ်ဘက် အာဏာပိုင်များနှင့် ပေါင်းသင်းဝင်ဆန့်နိုင်ခြင်း၊ လက်စလက်နရှိသော တပည့်တပန်း ပေါများခြင်းကြောင့် မိုက်ခြင်းအရာတွင် ဓါးဘတွန်းကဲ့သို့မဟုတ်ဘဲ ဗိုလ်တစ်ထောင်မိုးကဲ့သို့ တစ်ကိုယ်တော်မိုက်ရဲသော တစ်ကောင်ကျားလှိုင်ဘွားကို ကျွန်ုပ်





ရာဇဝတ်ဘက်တွင် အမှုထမ်းစဉ်က နှစ်ကြိမ်တိုင်တိုင် ကယ်တင်ခဲ့ဖူး၏။

ပထမအကြိမ်ကား သရက်တောဘုန်းကြီးကျောင်းအနီးတွင်ဖြစ်၏။ လမ်းမတော်ဖိုးတုတ်၏ တပည့်ရှစ်ယောက်ကို ၄င်းတစ်ယောက်တည်းက တန်ပြန်ထိုးသတ်တိုက်ခိုက်နေစဉ် ဖြစ်သည်။ လှိုင်ဘွားသည် တစ်ကောင်ကျားအမည်နှင့် လိုက်ဖက်စွာ သတ္တိဗျတ္တိရှိလှသလိုတိုက်ခိုက်မှုစွမ်းရည်လည်း လွန်စွာမြင့်မားသူဖြစ်၏။

ထိုစဉ်က လှိုင်ဘွားသည် ဒဏ်ရာများစွာ ရရှိခဲ့သော်လည်းအသက်ဘေးမှ လက်မတင်လေး လွတ်မြောက်သွားခဲ့၏။ ဒုတိယအကြိမ်ကား ၄င်းနှင့် စကားများရန်ဖြစ်ဖူးသော ကမ်းနားပိုင်းသူကြီးတစ်ယောက် အသတ်ခံရသောအမှုတွင် အဖမ်းခံရခြင်း ဖြစ်သည်။

ထိုစဉ်က လှိုင်ဘွားမှာလည်း ၄င်းအသတ်ခံရသူ သူကြီးနှင့်ရန်ညှိုးရန်စရှိခဲ့သည်ကို အကြောင်းပြု၍ ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ကံအားလျော်စွာ ကျွန်ုပ်က ထိုအမှုကို အမှုမှန်ပေါ်ပေါက်အောင်စုံစမ်းဖော်ထုတ်နိုင်ခဲ့သဖြင့် လှိုင်ဘွားအဖို့ အသက်ရှူချောင်သွားခြင်းဖြစ်သည်။

အချိန်ကာလတစ်ခု ကျော်လွန်ဖြတ်သန်းခြင်းနှင့်အတူ လူသားဘဝဖြစ်တည်မှုသည်လည်း အချိုးအကွေ့၊ အလှည့်အပြောင်းများနှင့် မလွဲမသွေ ကြုံတွေ့ရစမြဲ ဖြစ်သည်။

ထိုစဉ်က ဘဝဖြစ်တည်မှုနှင့် လက်ရှိဘဝအခြေအနေမှာများစွာပြောင်းလဲသွားလေပြီ။ တစ်ကောင်ကျားလှိုင်ဘွားဟူသော လူမိုက်ကြီးမှာလည်း အမိုက်ရုပ်ကို ပြည်ဖုံးကားချလိုက်ပြီး ရိုးသားစွာအသက်မွေးဝမ်းကြောင်းပြုနေပြီ ဖြစ်၏။ ထို့အတူ ကျွန်ုပ်မှာလည်းရာဇဝတ်အမှုထမ်းဘဝမှ အငြိမ်းစားအမှုထမ်းဘဝသို့ ရောက်ရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

တစ်ကောင်ကျားလှိုင်ဘွားသည် ဗဟန်းကြားတောရလမ်းတွင် ဆံပင်ညှပ်ဆိုင်ဖွင့်၍ အသက်မွေးဝမ်းကြောင်းပြုနေသည်မှာ နှစ်ကာလအတန်ပင် ရှိခဲ့လေပြီ။ အိမ်ထောင်နှင့် သားသမီးများပင် အတော်အရွယ်ရောက်နေပြီဟု ကျွန်ုပ်သိရ၏။

လှိုင်ဘွားသည် လူဆိုးလူမိုက်ပင်ဖြစ်သော်လည်း ကျေးဇူးတရားကို သိတတ်သူဖြစ်ရာ ကျွန်ုပ်အလိုရှိ၍ အကြောင်းကြားလိုက်သည်နှင့် အားချင်းရောက်ရှိလာခြင်း ဖြစ်သည်။

"ဆရာအကြောင်းကြားလိုက်တဲ့ စာကိုရရချင်း ကျွန်တော်ထွက်လာခဲ့တာပါ၊ ဘာလိုအကြောင်းများရှိတယ်ဆိုတာ အမိန့်ရှိပါဆရာ"

"ဘယ်လိုအကြောင်းလဲဆိုတော့ ငါမင်းဆီက အကူအညီတောင်းစရာရှိလို့ပေါ့"

"ဟာ . . . ဆရာရယ်၊ ဆရာ့အတွက်ဆိုရင် ကျွန်တော်အမြဲအဆင်သင့်ပါ၊ အသက်ပဲစွန့်ရပါစေ . . . ကျွန်တော်အစွမ်းကုန်ကူညီပါ့မယ်"

ဟု စိတ်အားထက်သန်စွာ ပြောလိုက်ရာ ကျွန်ုပ်မှာ မည်သို့မှမဖြစ်သော်လည်း တစ်ချိန်လုံး အကဲခတ်စောင့်ကြည့်နေကြသည့် အိုင်ပီနှစ်ဦးကတော့ နားမလည်သည့်မျက်ဝန်းဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။ ကျွန်ုပ်နှင့်လှိုင်ဘွားတို့ ပြောဆိုလျက်ရှိသည့် စကားများမှာ ၎င်းတို့အတွက် အံ့သြပြီးရင်း အံ့သြရင်းဆိုသလို ရှိနေတော့၏။

သို့သော်လည်း နောက်နာရီအနည်းငယ်ကြာအောင် ပြောဆိုနေသည့် စကားများကို ကြားသိရစဉ်မှာတော့ သူတို့နှစ်ဦးမှာ





ပြိုင်ပွဲဝင်မည့် မြင်းစစ်သည်များလို တဖြည်းဖြည်း စိတ်အားထက်သန်လာတော့၏။ ထိုအခါ ၎င်းတို့မှာလည်း စိတ်ဝင်တစားဖြင့် ဝင်ရောက်ဆွေးနွေးကြလေရာ တစ်နာရီနီးပါးမျှ ကြာမြင့်သည်တွင် ကျွန်ုပ်တို့၏စကားဝိုင်းကို အဆုံးသတ်လိုက်ကြတော့၏။

ကျွန်ုပ်သည် လှိုင်ဘွား၏ကိုယ်ရည်ကိုယ်သွေးအပေါ် ယုံကြည်ထားပြီးဖြစ်ရာ ကျန်သည့်ပြင်ဆင်မှုများကိုသာ အိုင်ပီနှစ်ဦးနှင့် အစီအစဉ်ရေးဆွဲတော့၏။ တကယ်တော့ အထူးတလည် ညှိနှိုင်းဖို့မလိုလောက်အောင် ကျွန်ုပ်က ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်၍ ကျွန်ုပ်တို့လည်း လှိုင်ဘွားထွက်ခွာသွားပြီး တစ်နာရီခန့်အကြာမှာပဲ ဗဟန်းဘက်သို့ ကားနှင့်ထွက်လာခဲ့တော့၏။

မောင်နေအောင်က ကားကို ကျင်လည်စွာမောင်းနှင်ရင်း တစ်စုံတစ်ခုကို သတိရလိုက်ဟန်ဖြင့် ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး . . .

"အဘရေ . . . ဒီတစ်ကြိမ်မှာ ဘရားခံကို ပိုင်ပိုင်နိုင်နိုင်ဖမ်းနိုင်ရင် သိပ်ကောင်းမှာပဲ၊ ဒီရက်ပိုင်းအတွင်းမှာ ဒေါက်တာသိဒ္ဓိကို စွဲချက်တင်ပြီး စစ်ဆေးတော့မယ် ကြားတယ်၊ ကျွန်တော်စိုးရိမ်တာက တရားခံ ရန်ကုန်က ထွက်သွားမှာကိုပဲ"

ဟုပြောလိုက်ရာ ကျွန်ုပ်ကလည်း ယိုစကားအပေါ် မည်သို့မှ အာမခံချက်မပေးနိုင်သဖြင့် ခပ်မဆိတ်ငြိမ်သက်လျက် လိုက်ပါလာခဲ့ရာ ဗဟန်းကြားတောရလမ်းထိပ်သို့အရောက်တွင် ကားရပ်လိုက်ပြီး ခြေလျင်လျှောက်ခဲ့ကြ၏။

ကျွန်ုပ်တို့ ကြိုတင်အကွက်ချထားသည့်အတိုင်း မောင်နေအောင်ကို ရှေ့မှဦးဆောင်ထွက်ခွာသွားစေပြီး ကျွန်ုပ်နှင့် အိုင်ပီမင်းပုညတို့က နောက်ခပ်လှမ်းလှမ်းမှ လိုက်ပါသွားကြ၏။ မိနစ်အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်အကြာတွင် လှိုင်ဘွား၏ ဆံပင်ညှပ်ဆိုင်အနီးသို့ ရောက်လာကြ၏။

ကျွန်ုပ်တို့ရှိနေသော လက်ဖက်ရည်ဆိုင်မှာ ဆံပင်ညှပ်ဆိုင်နှင့် မျက်စောင်းထိုးအနေအထားရှိနေ၍ ဆံပင်ညှပ်ဆိုင်ထဲသို့ အဝင်အထွက်ကို အထင်းသားမြင်နေရ၏။ ထို့အပြင် ဒေါက်တာသိဒ္ဓိအိမ်ဘက် အသွားအလာလမ်းကိုလည်း ထင်ထင်ရှားရှား မြင်နေရ၏။ ကျွန်ုပ်တို့သည် ၎င်းလက်ဖက်ရည်ဆိုင်အတွင်း၌ အချိန်မည်မျှကြာအောင် ရှိနေရမည်ကို မှန်းဆနိုင်စွမ်းမရှိအောင် ဖြစ်နေကြ၏။

ထိုနေ့တစ်နေ့လုံးလည်း အချိန်ကုန်ချင် ကုန်သွားနိုင်သည်။ သို့တည်းမဟုတ် နောက်တစ်နေ့ . . .။ ထိုမျှသာမက နောက်နေ့များအထိလည်း ကူးပြောင်းသွားနိုင်သည်။ သို့အတွက် ကျွန်ုပ်တို့မှာ စုံထောက်နည်းပရိယာယ်မျိုးစုံဖြင့် အလှည့်ကျသဘောမျိုး စောင့်ကြည့်လှုပ်ရှားဖို့ စနစ်တကျ အစီအစဉ်ချမှတ်ထားကြ၏။ ၎င်းအစီအစဉ်ထဲတွင် ရုပ်ဖျက်လှုပ်ရှားရန်အတွက်လည်း ပါဝင်၏။

လက်ဖက်ရည်ပန်းကန်ထဲရှိ လက်ဖက်ရည်ကျဆိမ့်မှာလည်း အနည်းငယ်မျှပင် ကျန်ရှိမနေတော့ပါ။ အချိန်မှာလည်း နေမွန်းတည့်ချိန် ရောက်လုရောက်ခင် ရှိနေပြီဖြစ်၏။ ကျွန်ုပ်သည် ကုန်သွားသည့်ဆေးတံအိုးထဲ ဆေးအသစ်တစ်ဆုံဖြည့်ရန် ဟန်ပြင်သည့်ခဏ ကျွန်ုပ်အကြည့်များက တစ်စုံတစ်ခုကို အမှတ်မထင် သတိပြုမိလိုက်၏။

အသေအချာ စူးစိုက်ကြည့်နေလျက်က ပီပြင်စွာ ရုပ်လုံးပေါ်လာသည့် မြင်ကွင်းကြောင့် ကျွန်ုပ်သည် မိမိရင်ခုန်သံကို ပြန်ကြားနေရသကဲ့သို့ လွန်စွာစိတ်လှုပ်ရှားသွား၏။

ဒေါက်တာသိဒ္ဓိအိမ်ရှိရာ အရပ်ဆီမှ လူနှစ်ယောက် အတော်အတန်ကွာလှမ်းပြီး လျှောက်လှမ်းလာသည်ကို တွေ့ရ၏။





အိုင်ပီမင်းပုညမှာ ရှေ့ကလူကို သတိမပြုဘဲ နောက်ခပ်လှမ်းလှမ်းမှ လူကိုတော့ မျက်မှောင်ကြုတ်လျက် အသေအချာ ကြည့်လေရာ . .

"ဟိုက် . . . ဟို . . . ဟိုလူက ကျွန်တော်တို့ ရဲဘော်ကြီး အိုင်ပီနေအောင်ပါလား၊ ကြည့်စမ်း . . . အတော့်ကို သတိထားကြည့်ယူရတယ်၊ ဒါနဲ့ ရှေ့ . . . ရှေ့ကလူက . . ."

သူက စကားကို ရှေ့မဆက်ဘဲ ကျွန်ုပ်ကို စူးစမ်းကြည့်ရာ ကျွန်ုပ်က မျက်စိတစ်ဖက်မှိတ်ပြီး ဦးခေါင်းကို ဆတ်ကနဲငြိမ့်လျက် အမူအရာမပျက်ရန် သတိပေးလိုက်ရ၏။

မောင်နေအောင်ကား ဂျန်းဂဲလ်ဟက်ခေါ် တောဆောင်းဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး လိုက်ပါလာရာ ၎င်းရှေ့မှ ပုညက်ညက်လူက ဆံပင်ညှပ်ဆိုင်ထဲသို့ ချိုးကွေ့ဝင်သွားသည်နှင့် ၎င်းက ဟန်မပျက်လျှောက်လှမ်းလာရင်း ဆိုင်ရှေ့အရောက်မှာပဲ လက်ကိုင်ပုဝါကိုထုတ်ပြီး မျက်နှာကို သုတ်လိုက်လေ၏။

၎င်းအမူအရာမှာ ကျွန်ုပ်တို့အား အချက်ပြလိုက်ခြင်းဖြစ်ရာ ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်ထဲမှ အလျင်အမြန်ထွက်ခွာလိုက်ကြ၏။ ကျွန်ုပ်တို့သည် အလောတကြီး အမူအရာမျိုးမရှိဘဲ ပုံမှန်လျှောက်လှမ်းခဲ့ရာ ဆိုင်ရှေ့သို့ရောက်၍ မသိမသာအကဲခတ်လိုက်ရာ ကျွန်ုပ်မျှော်လင့်သည်ထက် များစွာကောင်းမွန်နေသည့် မြင်ကွင်းကြောင့် ရင်၌ လှိုက်ကနဲ ဝမ်းသာသွားမိသည်။

ကျွန်ုပ်၏မိတ်ဆွေကြီး လှိုင်ဘွားက လူတစ်ယောက်ကို ကျကျနန ကတုံးတုံးပေးရန် ပြင်ဆင်လျက်ရှိသည့် မြင်ကွင်းပင် ဖြစ်၏။ ကတုံးအတုံးခံမည့်သူက ခေါင်းငုံ့နေသဖြင့် ကျွန်ုပ်တို့နှစ်ဦး ဝင်လာသည်ကို အနည်းငယ်မျှပင် ရိပ်မိလိုက်ပုံမရပေ။ ကျွန်ုပ်တို့သလျှင်နားလည်နိုင်မည့်အကြည့်ဖြင့် လှိုင်ဘွားက ကြည့်လိုက်ရာ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်များအားလုံးမှာ ချိန်သားကိုက်ထားသလို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြီးဆုံးသွားတော့၏။

"ကိုယ့်လူ . . . အသက်နဲ့ကိုယ် အိုးစားမကွဲစေချင်ရင် ဒီအတိုင်း ငြိမ်ငြိမ်လေးနေလိုက်ပါ"

ဟု၍ အမိန့်ပေးလိုက်သည့် လှိုင်ဘွားအသံကြီးမှာ ဆိုင်အတွင်း ဟိန်းထွက်သွားသလို သင်တုံးခါးကိုင်ထားသော သူ့လက်ကလည်း ထိုသူ၏လည်တိုင်ပေါ်သို့ ဓါးသွားကို ခပ်စိုက်စိုက်လေး တင်ထားလိုက်၏။

လှုပ်လိုက်သည်နှင့် လည်ပင်းထိရှသွားမည်ကိုသိသော ကတုံးအတုံးခံမည့်သူက လုံးဝမလှုပ်ဝံ့အောင် ရှိနေစဉ် လွန်စွာအတွေ့အကြုံကြွယ်ဝသည့် အိုင်ပီမင်းပုညက ထိုသူ၏လက်နှစ်ဖက်ကို ချောက်ကနဲ လက်ထိပ်ခတ်လိုက်တော့၏။

ထိုအခိုက်မှာပဲ မောင်နေအောင်သည် လွန်စွာကျေနပ်အားရသည့် လေသံဖြင့် . . .

"တကယ့်ကို ဟန်ကျလိုက်တာဗျာ၊ အသေအလဲ တိုက်ခိုက်ဖမ်းဆီးရမယ်လို့ ထင်ထားတာ၊ အခုတော့ မိတ်ဆွေကြီးလှိုင်ဘွားကြောင့် ကျုပ်တို့ အဆင်ပြေသွားရတယ်၊ အင်း . . . အခုမှပဲ ကျုပ်ကို နောက်ကောက်ချသွားတဲ့လူကို အသေအချာ ကြည့်မိတော့တယ်"

ဟုပြောရင်း ထိုသူကို ခြောက်လုံးပြူးဖြင့် ချိန်ရွယ်လိုက်လေ၏။

လက်ထိပ်ခတ်ချက် သေနတ်နှင့် ချိန်ထားသည့်တိုင် လူသတ်တရားခံမှာ ဆံပင်ညှပ်ခုံမှ မထသေးဘဲ ပြုံးရယ်နိုင်သေးသည့်အတွက် ကျွန်ုပ်မှာ အထူးအဆန်း ဖြစ်သွားရပြန်၏။ ကျွန်ုပ်ကဲ့သို့ပင် အခြားသူများလည်း အံ့ဩနေကြပါလိမ့်မည်။ လူမိုက်ကြီးလှိုင်





ဘွားမှာလည်း ထိုသူကိုကြည့်ရင်း မယုံမရဲ ဖြစ်နေပုံရ၏။

လွန်စွာရက်စက်ကြမ်းကြုတ်ပြီး ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ရသည့် လူသတ်မှုကြီးနှစ်မှုကို ဆက်တိုက်ကျူးလွန်ခဲ့သည့် တရားခံကို အထင်အရှား မြင်တွေ့နေရသော်လည်း ဘယ်လိုလက်ခံယုံကြည်ရမှန်း မသိအောင် အထင်နှင့်အမြင် များစွာဆန့်ကျင်နေသောကြောင့် ဖြစ်သည်။ အသက်အရွယ်အားဖြင့် လွန်ရောရှိလှ နှစ်ဆယ့်ငါးနှစ်အရွယ်မျှသာ ရှိပေလိမ့်မည်။

လည်ဂုတ်အထိ မညီမညာ ကျဆင်းနေသည့် ဆံနွယ်များကြောင့်သာ ရှိရင်းအသက်ထက် ကြီးရင့်သလို ထင်မှတ်ရ၏။

ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ်ရှိပြီး မောင်နေအောင်ထက် ခေါင်းတစ်လုံးမျှ အရပ်နိမ့်၏။ ၎င်းသတ်ခဲ့သော ဦးဒေဝလိုလူ့ဘီလူးကြီးနှင့်ကား နှိုင်းယှဉ်ဖွယ်မရှိအောင် အလုံးအရပ် ကွာခြားလှပေ၏။ ဆံပင်ညှပ်ခုံမှဆင်း၍ မတ်တပ်ရပ်လိုက်သောအခါ ကျွန်ုပ်ထင်သည်ထင်ပင် ပို၍သေးကွေးနေပေ၏။

"ကျုပ်အတွက်ကြောင့် ဆရာသိဒ္ဓိ အဖမ်းခံနေရတာကိုတွေ့ပြီး ကျုပ်လည်း တစ်စက္ကန့်လေးတောင် စိတ်မချမ်းသာပါဘူးဗျာ၊ ဒါကြောင့် ကျုပ်လည်း ဆံပင်ရိတ်ပြီးတာနဲ့ လာပြီးအဖမ်းခံဖို့ ဆုံးဖြတ်ပြီးသားပါ"

ဟု အေးဆေးတည်ငြိမ်သော လေသံဖြင့် ပြောလေ၏။

"ဦးဒေဝနဲ့ ဂျူနီမောင်မြင့်ကိုသတ်တာ မောင်ရင်ဆိုတာအမှန်ပဲနော်"

ဟု ကျွန်ုပ်က မယုံမရဲမေးလိုက်ရာ . . .

"အမှန်ပါပဲ၊ ဒီပုဂ္ဂိုလ်နှစ်ဦးဟာ လူ့လောကကြီးမှာ အဲဒီလိုအနေအထားနဲ့ သေသင့်သေထိုက်တဲ့ လူတွေမို့ ကျုပ်သတ်မိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာသိဒ္ဓိနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"မောင့်နာမည်လည်း ပြောပြပါဦး"

"မောင်မိုးခွေပါ"

ကျွန်ုပ်တို့စုံထောက်များမှာ တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။ ထိုအကြည့်များက အရာရာပြီးဆုံးသွားပြီဟူသော သဘောမျိုးဖြစ်ကြောင်း အမူအရာဖြင့် ပြောလိုက်ကြခြင်း ဖြစ်သည်။

မောင်မိုးခွေကား လူသတ်သမားပါဟု ဝန်ခံလိုက်သည့်တိုင် သေးသွယ်သော ကိုယ်ကာယ၊ ပြေပြစ်ရည်မွန်သော စကားအပြောအဆိုတို့ကြောင့် လူသတ်သမားနှင့် လုံးလုံးလျားလျား တူညီခြင်း မရှိပေ။ မည်သို့ပင်ဖြစ်စေ . . လူသတ်သမား အစစ်အမှန်ကို ကျွန်ုပ်တို့ အမိအရ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်၍ ကျွန်ုပ်ထက်စာလျှင် အိုင်ပီမင်းပုညနှင့် မောင်နေအောင်တို့မှာ အတိုင်းထက်အလွန် အားရဝမ်းသာ ဖြစ်နေကြ၏။

နောက်ပိုင်းကိစ္စများမှာတော့ ကျွန်ုပ်အနေဖြင့် အနည်းငယ်မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့ပေ။ အငြိမ်းစားဝန်ထမ်းပီပီ ကိုယ့်နေရာကိုနေရင်း အခြေအနေကို စောင့်ကြည့်ရုံသာ ကြည့်နေလိုက်တော့၏။

ထိုနေ့မှာပဲ တရားခံမောင်မိုးခွေကို ဗဟန်းဂတ်အချုပ်သို့ ပို့လိုက်ပြီး အက်ဖ်အိုင်အာခေါ် ရာဇဝတ်မှုကြီး ပထမသတင်းပေးချက်ဖြင့် အမှုဖွင့်လိုက်လေ၏။ ထိုရက်ပိုင်းအတွင်းမှာပဲ ဒေါက်တာသိဒ္ဓိသည် အချုပ်အနှောင်ခံဘဝမှ အလုံးစုံလွတ်မြောက်သွားလေ၏။

ထိုရက်ပိုင်းအတွင်း ထွက်ရှိသမျှ သတင်းစာ၊ ဂျာနယ် စာမျက်နှာများမှာတော့ ၎င်းလူသတ်မှုသတင်းမှာ မပါမဖြစ်သည့် သတင်းဖြစ်သွားလေရာ လက်ပွေ့ဂျာနယ်အရောင်းသမားများ လွန်စွာ





အလုပ်ဖြစ်ကြလေ၏။ ရောင်းအားအကောင်းဆုံးအချိန်ဟု ယူဆရမည်ဖြစ်သည်။

ပုလိပ်အမှုထမ်းလောကတွင်လည်း လူသတ်တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ခဲ့ကြသည့် အိုင်ပီမောင်နေအောင်နှင့် အိုင်ပီမင်းပုညတို့၏ ဂုဏ်သတင်းမှာလည်း တိုင်းသိ၊ ပြည်သိ ထင်ရှားကျော်ကြားသွားလေရာ ကျွန်ုပ်မှာ များစွာပီတိဖြစ်ရ၏။

"မြန်မာစုံထောက်တွေ အားကြီးအသုံးမကျဘူး"

"စကော့တလန်ယာဒ်ဆို ခဏလေးနဲ့ တရားခံဖမ်းနိုင်တယ်"

ဟူ၍ မြန်မာလူမျိုးများအပေါ်တွင် အစဉ်သဖြင့် နှိမ်ချပြောဆိုစမြဲဖြစ်သည့် ပုလိပ်မင်းကြီးပေါလ်စလေဒင်၏ ပြစ်တင်ကြိမ်းမောင်းသော စကားသံများမှာလည်း အလုံးစုံ တိတ်ဆိတ်သွားပြီဖြစ်ရာ စီအိုင်ဒီ၊ ဗဟန်းဂါတ်၊ မြေနီကုန်းဂါတ်မှ စုံထောက်များအားလုံး အသက်ရှူခွင့်ရလေပြီ ဖြစ်တော့၏။

အခြားသူများမှာ မည်သို့ရှိမည်မသိသော်လည်း ကျွန်ုပ်မှာတော့ ၎င်းလူသတ်တရားခံ မောင်မိုးခွေဟူသော လူငယ်လေးအပေါ် လွန်စွာစိတ်ဝင်တစား ဖြစ်နေမိသည်။ ကျွန်ုပ်၏ရှည်လျားလှသော ရာဇဝတ်အမှုထမ်းသက်တမ်းတလျောက်တွင် အမှုအခင်းပေါင်းမြောက်မြားစွာ ကြုံတွေ့ခဲ့ရသော်လည်း အမှုအခင်းအတော်များများမှာ ‌တော်ရုံဖြစ်ရိုးဖြစ်စဉ် အကြောင်းကိစ္စများပင် ဖြစ်၏။ ကျွန်ုပ်သည် အမှုအခင်းတိုင်းကို စိတ်ဝင်စားသူ မဟုတ်ပေ။

"အများအားဖြင့် ကျွန်ုပ်စိတ်ဝင်စားသည်မှာ လူ့ဘဝဖြစ်တည်မှုအပေါ် ကံကြမ္မာအပြောင်းအလဲကြောင့် မဖြစ်သင့်ဘဲ ဖြစ်ခဲ့ရသည့် အမှုအခင်းမျိုးဖြစ်သည်။ လွန်စွာရှုတ်ထွေးနက်နဲပြီး သေသေသပ်သပ် လက်တုန့်ပြန်သည့် အမှုအခင်းများမှာ ထိုသဘောတရားများ အနည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်အများ ဆက်နွယ်လျက်ရှိကြောင်း ကျွန်ုပ်အတွေ့အကြုံအရ ကောင်းစွာသိရှိထား၏။

ကျွန်ုပ်သည် လှိုင်ဘွားဆံပင်ညှပ်ဆိုင်၌ မောင်မိုးဆွေကို ဖမ်းမိစဉ်ကပင် ၎င်းအပေါ် လွန်စွာစိတ်ဝင်တစား ဖြစ်ခဲ့မိ၏။ သို့ကြောင့်လည်း ၎င်းကြောင့် လွတ်မြောက်သွားခဲ့သည့် ဒေါက်တာသိဒ္ဓိနှင့် သွားရောက်တွေ့ဆုံရာ ထိုအခါမှာတော့ ကျွန်ုပ်၏စိတ်ဝင်စားမှုမှာ လွန်စွာကြီးမားသွားတော့၏။

ထိုအခါ ကျွန်ုပ်သည် တရားခံလူငယ်နှင့် နှစ်ကိုယ်ကြား တွေ့ဆုံဖို့ ဆုံးဖြတ်မိတော့၏။ ဒေါက်တာသိဒ္ဓိဟူသော ဆရာဝန်လေးမှာ အချုပ်မှလွတ်သည်နှင့် မအားမလပ်နိုင်အောင် ဖြစ်နေ၏။ ၎င်းတရားခံမောင်မိုးဆွေအတွက် ဝတ်လုံတော်ရများ ငှားရမ်းပြီး အမှုရင်ဆိုင်ရန် အပြင်းအထန် ကြိုးစားနေသောကြောင့် ဖြစ်သည်။

ဩော် . . . သွေးသားရင်းပမာ မေတ္တာတရားကြီးမားလှပါကလားဟု ကျွန်ုပ်ပီတိဖြစ်မိပါသည်။

ဒေါက်တာသိဒ္ဓိ၏ စီစဉ်ပေးမှုကြောင့် ကျွန်ုပ်ဆန္ဒအတိုင်း ၎င်းတရားခံလူငယ်လေးနှင့် တွေ့ခွင့်ရခဲ့သည်။ အက်ဖ်အိုင်အာခေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ (၁၄၈) အရ ပထမသတင်းပေးချက်ဖြင့် အမှုဖွင့်စစ်ဆေးပြီးနောက် ဒီစတြိတ်ခေါ် တရားသူကြီးရုံးသို့ တင်ပို့စစ်ဆေးသည့် နေ့တစ်နေ့တွင် ဖြစ်သည်။

၎င်းစစ်ဆေးသည့် အကြောင်းကိစ္စများကို တာဝန်ရှိအမှုလိုက်အရာရှိများက ပြုလုပ်ကြခြင်းဖြစ်ရာ တွေ့ဆုံမေးမြန်းခြင်း၊ အစစ်ခံချက်ယူခြင်းမျှသာ ဖြစ်သောကြောင့် အမှုနှင့်သက်ဆိုင်သည့် အကြောင်းကိစ္စများသာ ဖြစ်၏။ ကျွန်ုပ်အနေနှင့်မူ မောင်မိုးဆွေအား စိတ်ဝင်စားနေသူဖြစ်၍တစ်ကြောင်း၊ ဒေါက်တာသိဒ္ဓိကလည်း ကြို၍





မှာကြားထားပြီးဖြစ်၍တစ်ကြောင်း၊ ရာဇဝတ်ဘက်အရာရှိများ၊ ထောင်အရာရှိများကလည်း လိုလိုလားလား ခွင့်ပြုပေးသဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် နာရီအတော်ကြာမြင့်သည်အထိ စကားလက်ဆုံကျခွင့်ရခဲ့လေ၏။

ကျွန်ုပ်တစ်သက်တွင် ထိုမျှရင်သပ်ရှုမောဖွယ်ကောင်းလှသည့် ဖြစ်ရပ်မျိုး ဘယ်တုန်းကမှ မကြားခဲ့ရဖူးပေ။ ၎င်း၏စကားကို နားထောင်နေလျက်က တစ်ခါတရံတွင် ဟုတ်မှဟုတ်ပါလေစဟူသော အတွေးမျိုး ဖြစ်ပေါ်ခံစားမိ၏။ တစ်ရံတစ်ခါမှာတော့ ရင်တစ်ခုလုံး မွန်းကြပ်သွားမတတ်ခံစားရပြန်၏။

ကျွန်ုပ်သည် မောင်မိုးဆွေနှင့် ထိုနေ့သာလျှင် မဟုတ် . . .။ နောက်ထပ်တစ်ကြိမ်နှစ်ကြိမ် ထပ်မံတွေ့ဆုံပြီး ကျွန်ုပ်အတွေးထဲတွင် မရှင်းလင်းသည်များကို မေးမြန်းခဲ့ရသေး၏။ မောင်မိုးဆွေကလည်း အနည်းငယ်မျှ ငြီးငွေ့ခြင်းမရှိဘဲ ပြန်လည်ဖြေကြားလေရာ ကျွန်ုပ်သိလိုသမျှ သိရပြီးစဉ်မှာတော့ ကျွန်ုပ်၌ မှတ်တမ်းမှတ်ရာများ တပွေ့တပိုက်ကြီး ဖြစ်သွားတော့၏။

ကျွန်ုပ်တို့နှစ်ဦးမှာလည်း တွေ့ဆုံမှုကာလတိုတိုအတွင်း မိတ်ဆွေရင်းများပမာ ခင်မင်မိကြလေရာ နောက်ဆုံးနှုတ်ဆက်ခွဲခွာသည့်အချိန်တွင် ကျွန်ုပ်မှာ ရုတ်တရက် အတွေးတစ်ချက်ရရှိလိုက်သဖြင့် . . .

"ဒါနဲ့ မောင်မိုးဆွေ . . . မင်းရဲ့အတိတ်ကာလနဲ့ ပစ္စုပ္ပန်အခြေအနေကိုတော့ ငါသိခဲ့ရပြီ၊ မင်းရဲ့အနာဂတ်ဘဝခရီးကို ငါ နည်းငါ့ဟာနဲ့ မှန်းဆကြည့်ချင်တယ်၊ အပန်းမကြီးဘူးဆိုရင် မင်းရဲ့ ဇာတာလေး တစ်ချက်စစ်ကြည့်ခွင့်ပေးပါလား"

ဟု တောင်းဆိုလိုက်မိ၏။ ထိုစကားကြောင့် မောင်မိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com



သည် ရုတ်ချည်းမျက်မှောင်ကြုတ်သွားပြီး ကျွန်ုပ်အား အတန်ကြာ ငေးစိုက်ကြည့်နေရာမှ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်လေ၏။

"ဟား . . . ဟား . . . ဟား . . . ဆရာ၊ အတော်ရယ်စရာ ပြောတာပဲဗျာ၊ ကျွန်တော့်အနာဂတ်ဘဝခရီး . . . ဟုတ်လား၊ ဖြစ်မှဖြစ်ရလေ ဆရာရယ်၊ ဘာလို့များ ဦးနှောက်ခြောက်ခံနေဦးမှာလဲ ဆရာရယ်၊ ဒီလောက်ရှင်းနေတဲ့ အနာဂတ်ဘဝခရီးကို ဆရာမပြောနဲ့ တစ်တိုင်းပြည်လုံး သိနေပြီးသားပါ၊ မကြာခင်နေ့ရက်အတွင်း ကျွန်တော့်လည်တိုင်မှာ ကြိုးကွင်းကျရောက်ပြီး လူ့လောကကို ကျောခိုင်းရတော့မယ့် အနာဂတ်ဘဝခရီးဟာ ဘာများစိတ်ဝင်စားစရာ ရှိတော့လို့လဲ"

မောင်မိုးဆွေက ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း ကျွန်ုပ်ရင်ထဲ၌ နင့်ကနဲ ခံစားလိုက်ရသဖြင့် အကြည့်ကို လွှဲဖယ်လိုက်မိသည်။ တောင်းဆိုလိုက်မိသည့် စကားအတွက် မှားများသွားလေပြီလားဟု စိတ်မကောင်းဖြစ်သွား၏။ သို့သော်လည်း နောက်အချိန်အနည်းငယ်အကြာမှာတော့ ကျွန်ုပ်သည် ဟန်ပင်မဆောင်နိုင်လောက်အောင် ဝမ်းသာပျော်ရွှင်မိတော့၏။

မောင်မိုးဆွေက ကျွန်ုပ်၏ဆန္ဒအတိုင်း သူ၏ဇာတာကို တွက်ချက်စစ်ဆေးဖို့ ခွင့်ပြုလိုက်ရာ ကျွန်ုပ်လည်း ကျွန်ုပ်နှင့် အကျွမ်းတဝင်ရှိထားသည့် ဗေဒင်ပညာဖြင့် တွက်ချက်စစ်ဆေးကြည့်ရာ လွန်စွာအံ့ဩဖွယ် အခြေအနေကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် သေချာမှုရှိစေရန် အထပ်ထပ်၊ အပြန်ပြန် ပြန်စစ်ဆေးတွက်ချက်သော်လည်း အနည်းငယ်မျှ လွဲမှားခြင်းမရှိဘဲ ဖြစ်နေ၏။

ထိုမျှနှင့် မကျေနပ်သေးဘဲ ရင်ခုန်လှုပ်ရှားနေသော စိတ်ခံစားမှုဖြင့် သူ၏လက်ဖဝါးပြင်ကို ဆွဲယူကြည့်ရှုရာ တွေ့ရှိရသည့်





အချက်အလက်များက ကျွန်ုပ်ယူဆချက်များကို ပို၍ပင် အခိုင်အမာ သက်သေပြုလိုက်သလို ရှိနေလေရာ . . .

"ဟား . . . မောင်မိုးဆွေ၊ မင်း . . . မင်း . . . ငါအခိုင်အမာ ပြောရဲတယ်ကွာ၊ မင်းရဲ့ကံကြမ္မာက ဘယ်တော့မှ သူများသတ်လို့ မသေတဲ့ ကံကြမ္မာမျိုးကွ၊ မင်းဟာ သတ်လို့မသေ မောင်မိုးဆွေလို့ ကိုယ့်ကိုယ်ကို ယုံကြည်လိုက်ပေတော့ . . ."

ဟူ၍ အားပါးတရ အော်ဟစ်ပြောလိုက်သံကြီးမှာ အချုပ်ထောင်တစ်ခုလုံးဟိန်းလျက် ထွက်ပေါ်သွားတော့၏။

ကျွန်ုပ်သည် ရာဇဝတ်မှတ်တမ်းနှင့် ကျွန်ုပ်တွေ့ဆုံမေးမြန်းသမျှကို အရင်းအတိုင်း မခြွင်းမချန် ရေးသားမည်ဆိုလျှင် စာဖတ်ပရိသတ်များအဖို့ လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်ကောင်းဖြစ်နိုင်ပေလိမ့်မည်။ သို့သော်လည်း ဆားမပါသည့်ဟင်းကို စားရသကဲ့သို့ ပေါ့ပေါ့ရှိန်ရှိန်ဖြစ်သွားပါက ကျွန်ုပ်အနေဖြင့် ဘယ်လိုမှ စိတ်ကောင်းမည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်သည် ပရိသတ်များ ရှုထောင့်အသီးသီးမှ ဖတ်ရှုခံစားစေလိုသည့် စေတနာဖြင့် ဝတ္ထုသွားသဖွယ် ရေးသားတင်ပြလိုက်ခြင်းဖြစ်ရာ . . .

လွန်စွာကောက်ကျစ်ရက်စက်ယုတ်မာသူ . . .

လွန်စွာသနားဂရုဏာသက်ဖွယ်ကောင်းသူ . . .

လွန်စွာထူးဆန်းအံ့ဩဖွယ်ကောင်းသူ . . .

ထိုသူများအကြောင်းကို ရုပ်လုံးကြွကြွ၊ ထင်သာမြင်သာ ခံစားတွေ့ထိနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ပင်လယ်ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် စစ်တွေမြို့သည် နွေဦးကာလဖြစ်၍ ခရီးသွားများဖြင့် လွန်စွာစည်ကားလျက်ရှိ၏။

တစ်ခုသော နွေဦးရာသီနံနက်ခင်းတွင် ၎င်းစစ်တွေကမ်းနားဆိပ်၌ လွန်စွာအံ့ဩဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့၏။

အရပ်ခြောက်ပေခန့်ရှိ အင်္ဂလိုအင်ဒီးယန်းခေါ် အင်္ဂလိပ်ကုလားကပြားကြီးတစ်ယောက်က လွန်စွာစုတ်ချာသော လူရွယ်တစ်ဦးကို အင်္ကျီဂုတ်ပိုးမှကိုင်၍ မြှောက်ထားပြီး မြေကြီးနှင့် ကိုင်ဆောင့်လိုက်၏။ လွန်စွာစုတ်ချာသော လူရွယ်မှာ ဘောလုံးတစ်လုံးပမာ ဒလိမ့်ကောက်ကွေး လွင့်စင်သွားသော်လည်း နာကျင်မှုကို ဂရုမပြုနိုင်ဘဲ ရုတ်ချည်းပင် လူးလဲထကာ ထွက်ပြေးလေ၏။

သို့သော်လည်း အင်္ဂလိုလူထွားကြီးက ဆဲဆိုပြီး လူရွယ်ဂုတ်ပိုးကို ဆတ်ကနဲ ဖမ်းကိုင်လိုက်ရာ လူရွယ်မှာ မျောက်သစ်ကိုင်းလွတ်





သလို ကားယားကြီး ဖြစ်သွားလေ၏။ လူရွယ်အဖို့ လွတ်မြောက်ရန် ဘယ်လိုမှ အခွင့်မရှိ ဖြစ်သွားလေပြီ။

အင်္ဂလိုကြီးက ကြမ်းတမ်းကြီးမားသော လက်ဖဝါးနှစ်ဖက်ဖြင့် လူရွယ့်ပါးပြင်ကို ဘယ်ပြန်၊ ညာပြန် ရိုက်ချလိုက်ရာ လူရွယ်မှာ အဝတ်စုတ်လေးတစ်စလို မြေတွင် ပုံလျက်လဲကျသွားတော့၏။

သင်္ဘောထွက်ခွာရန် အချိန်နီးကပ်နေပြီဖြစ်၍ သင်္ဘောဆိပ်မှာလည်း ခရီးသွားများ လွန်စွာရှုတ်ထွေးလျက်ရှိရာ လူ့သဘာဝအရ စူးစမ်းလိုကြသဖြင့် ထိုမြင်ကွင်းကို အံ့ဩမှင်သက်ကြည့်နေကြ၏။ ၎င်းလူအုပ်စုကြီးထဲတွင် လွယ်အိတ်နှစ်လုံးကို စလွယ်သိုင်းလွယ်လျက် ရပ်ကြည့်နေသူ လူငယ်တစ်ဦးရှိ၏။

ထိုလူငယ်မှာ အလုံးအဖန် သေးသေးသွယ်သွယ်ရှိပြီး လူပျို ပေါက်အရွယ်သာသာခန့်သာ ရှိပေလိမ့်မည်။ ပရိသတ်ကြီးမှာ ကြည့်ရုံသာ ကြည့်နေကြပြီး မည်သူမှ လှုပ်ရှားခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း မပြုရဲဘဲရှိနေစဉ် ထိုလူငယ်က လှစ်ကနဲ ပြေးဝင်သွားပြီး အင်္ဂလိုအင်ဒီးယန်းကြီးအနား သွားရပ်လိုက်၏။

ထိုအခိုက်မှာပဲ လဲကျနေသော လူရွယ်က ထရပ်ဖို့ကြိုးစားသည်နှင့်တစ်ပြိုင်နက်လို ဖြစ်သွား၏။ အင်္ဂလိုအင်ဒီးယန်းလူထွားကြီးက သေဆိုသေ၊ ရှင်ဆိုရှင် အနေအထားမျိုးရှိနေသည့် ထိုလူရွယ်ကို နောက်တစ်ချက်တွယ်ဖို့ လက်ဟန်ပြင်လိုက်စဉ်မှာပဲ ဘယ်လိုမှ ထင်မှတ်မထားသည့် အခြေအနေနှင့် ရင်ဆိုင်လိုက်ရ၏။ အရှိန်ဖြင့် လွဲလိုက်သော ၎င်း၏လက်မှာ လိုရာမရောက်ဘဲ လမ်းခုလတ်မှာပင် တုန့်ကနဲ ရပ်သွား၏။

သူတို့အနီး၌ ရပ်လျက်ရှိနေသည့် လူငယ်က ဖမ်းဆုပ်ကိုင်လိုက်သောကြောင့် ဖြစ်သည်။ ထိုလူငယ်ကို လှည့်ကြည့်ရင်း လူထွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် ဒေါသထွက်ခြင်း၊ ရှက်ခြင်း၊ အံ့သြခြင်းများ တစ်ပြိုင်နက် ဖြစ်သွား၏။ ထိုလူရွယ်မှာ သူ့အဖို့တွင် တကယ့်ကို မလောက်လေး၊ မလောက်စား ခပ်ညှက်ညှက် ရခိုင်လူမျိုးဖြစ်ကြောင်း သိလိုက်ရ၍ ဖြစ်သည်။

သူ၏ဒေါသများမှာ ရုတ်ချည်းပင် ၄င်းလူငယ်ထံသို့ လမ်းကြောင်းပြောင်းသွား၏။ လူငယ်ကလည်း အနည်းငယ်မျှ တွန့်ဆုတ်ခြင်းမရှိဘဲ အေးဆေးတည်ငြိမ်စွာဖြင့် . . .

"ဘာအပြစ်များရှိလို့ အခုလောက် အငြိုးတကြီး ရိုက်နှက်နေရတာလဲ"

ဟု ရခိုင်စကားဖြင့် ပြောလိုက်ရာ ထိုပုဂ္ဂိုလ်ကြီးမှာ လွန်စွာ အခံချိ၊ မခံသာ ဖြစ်သွားပြီး . . .

"ဘလယ်ဒီဖူးလ်၊ မင်း ဘာကောင်လဲ၊ ဘာဝင်ရှုပ်တာလဲ"

ဟုကြိမ်းမောင်းပြီး သူ့လက်ကို ဆောင့်ရုန်းလိုက်၏။

"ဘာကောင်မှ မဟုတ်ဘူး၊ ခင်ဗျား . . . မတရားရိုက်နှက်နေတာ လူနဲ့မတူဘဲ တိရစ္ဆာန်နဲ့တူလို့"

လူငယ်၏စကားသံက ဒေါသအရိပ်အငွေ့မပါဘဲ လွန်စွာ တည်ငြိမ်၏။ ထိုအမူအရာများက လူထွားကြီး၏ဒေါသကို ထိုးဆွလိုက်သလို ဖြစ်သွားလေ၏။ လူထွားကြီးသည် မီးတောက်မတတ် မျက်ဝန်းဖြင့် ကြည့်ရင်း . . .

"ရာဇဝတ်ဘက်က အင်စပက်တာတစ်ယောက်ကို မချေမငံပြောတာရယ်၊ ဝတ္တရားနှောက်ယှက်တာရယ်၊ သူခိုးဖမ်းတဲ့နေရာ အနှောက်အယှက်ပေးတာရယ်၊ အဲဒီအမှုတွေနဲ့ မင်းကို ငါဖမ်းလိုက်ပြီ"

ဟု ဒေါသတကြီးပြောပြီး လူငယ်၏ အင်္ကျီအစနှစ်ဖက်ကို





ဆတ်ကနဲ ဖမ်းကိုင်လိုက်၏။

အလုံးအဖန် သေးသေးကွေးကွေး လူငယ်တစ်ယောက်ကို လွယ်ကူစွာ ဖမ်းနိုင်လိမ့်မည်ဟု ထင်မှတ်ထားသော လူထွားကြီးကား လက်တွေ့ရင်ဆိုင်ရစဉ်မှာတော့ အထင်နှင့်အမြင် လုံးဝလွဲချော်သွားတော့၏။ ၄င်းက အင်္ကျီစကို ဆွဲမိစဉ်မှာပဲ လူငယ်က ဖနောင့်ဖြင့် သူ့ရင်ဝကို ဆတ်ဆတ်ကလေး ဆောင့်တွန်းလိုက်ရာ နာကျင်သည့် ဝေဒနာကြောင့် ဆုတ်ကိုင်မိသည့် အင်္ကျီစမှာလည်း လွတ်ထွက်သွားတော့၏။

တစ်ဆက်တည်းပင် လူငယ်က ၄င်း၏မေးရိုးကို လက်သီးနှင့် ပင့်ကော်ပြီး ထိုးလိုက်ရာ ကြီးမားသော ခန္ဓာကိုယ်ကြီးက ဝက်သိုးကြီးပမာ ဘုန်းကနဲ လဲကျသွားတော့၏။ ထိုအခိုက်မှာပဲ ပုလိပ်ခရာတွတ်သံများ တစီစီ ထွက်ပေါ်လာသဖြင့် ဝိုင်းကြည့်နေသော လူအုပ်ကြီးမှာလည်း ဘေးသို့ရှဲသွား၏။

လူအုပ်ထဲမှ အချို့လူများက လူငယ်ကို အလျင်အမြန်ထွက်ပြေးရန် အော်ဟစ်ကြ၏။ သို့သော်လည်း လူငယ်မှာ မတုန်မလှုပ် ရပ်လျက် တအင်းအင်း ငြီးငြူလူးလိမ့်နေသည့် ဘိုကပြားကြီးကို အရသာခံသလို ကြည့်နေ၏။

"ဝေး . . . မောင်မောင်၊ မင်း . . . အမြန်ပြေးလေကွာ၊ မင်းလုပ်လိုက်တာ ပေါ့သေးသေးမဟုတ်ဘူး၊ အချုပ်မကျဘဲ ထောင်ကျသွားနိုင်တယ်"

လူတစ်ယောက်က စိုးရိမ်တကြီး အော်ဟစ်ပြောလိုက်သံကြောင့် လူငယ်သည် မချိပြုံးပြုံးလိုက်ပြီး . . .

"မောင်မောင့်အတွက် စိုးရိမ်ပေးကြလို့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မပြေးတာက ဒီကောင်တွေ လူပါးဝချင်တိုင်းဝနေတာကို



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တို့ ရခိုင်တစ်မျိုးသားလုံးက ဘယ်လောက်လက်တုန့်ပြန်လိုက်တယ်ဆိုတာ ကိုယ်ထင်ပြချင်လို့ပါ”

ဟုပြောလိုက်ရာ ပရိသတ်ကြီးမှာ လွန်စွာနှစ်ထောင်းအားရဖြစ်သွားပြီး လက်ခုပ်တဖြောင်းဖြောင်းတီးကာ ချီးကျူးဂုဏ်ပြုကြလေ၏။

(မောင်မောင်ဟူသော အသုံးအနှုန်းမှာ မိမိနှင့် ဆွေမျိုးသားချင်းတော်စပ်မှုမရှိသော ညီငယ်အရွယ်တစ်ပါးသူကို ခင်မင်သည့်သဘောဖြင့် ရခိုင်အမျိုးသား၊ အမျိုးသမီးများက ခေါ်ပြောနှုတ်ဆက်သည့် အသုံးအနှုန်းဖြစ်သည်။

စာရေးသူ)

အမှန်တကယ်မှာလည်း လူငယ်သည် အချုပ်ထောင်ကိုကျော်လွန်ပြီး ထောင်ထဲသို့ တန်းကနဲ ရောက်ရှိသွားခဲ့၏။ ရာဇဝတ်အမှုထမ်းများက ၎င်းအား လက်ထိပ်ခတ်ပြီး ဆွဲခေါ်သွားလေရာ ၎င်း၏လက်သီးချက်ကြောင့် လဲကျသွားခဲ့သည့် အင်စပက်တော်လူထွားကြီးသည်လည်း ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ထိုသူတို့နောက်မှ ကုတ်ချောင်းချောင်း လိုက်ပါသွားတော့၏။

ထိုနေ့မနက်ခင်းထွက်သည့် စစ်တွေ-ဘူးသီးတောင် သင်္ဘောပေါ်ရှိ ခရီးသည်များမှာ ထိုအဖြစ်အပျက်ကို ပါးစပ်ဖျားက မချနိုင်အောင် အားရဝမ်းသာ ပြောဆိုပေတော့သည်။

ကျောကုန်းအပေါ် ဖြန်းကနဲ ကျရောက်သည့် ရိုက်ချက်ကြောင့် လူငယ်သည် မီးစနှင့်ထိုးလိုက်သလို ပူလောင်စပ်ဖျဉ်းသွားလေ၏။ ဘယ်လိုမှ ခုခံချိန်မရလောက်အောင် လျင်မြန်သည့် ရိုက်ချက်ဖြစ်သည်။ ကျားပါးစပ်ထဲ ခေါင်းငုံ့ဝင်လိုက်သည့် အလစ်အငိုက်တွင် အရိုက်ခံလိုက်ရခြင်း ဖြစ်သည်။





လူငယ်သည် ရုတ်ချည်းပင် မော့ကြည့်လိုက်ရာ သားရေပတ်နှင့် ရိုက်သူက . . .

“ဘာပြန်ကြည့်တာလဲ၊ ဒါ . . . ထောင်ကွ၊ မင့်အမေလင်အိမ် မဟုတ်ဘူး”

ဟူ၍ အယုတ္တ၊ အနတ္တ ဆဲဆိုသံပေါ်လာပြီး ရိုက်ရန်လက်လွှဲလိုက်စဉ်မှာတော့ လူငယ်၏ခြေတစ်ဖက်က လျင်မြန်သော အရှိန်ဖြင့် မြောက်တက်သွားလေ၏။

စောစောက သားရေပတ်ကိုင်လျက် ဆဲဆိုရိုက်နှက်နေသူမှာ ကျားပါးစပ်အနီး လူးလိမ့်နေလေ၏။ တစ်ဆက်တည်းပင် လူငယ်၏လက်သီး၊ တံတောင်၊ ဒူး၊ ခြေဖျားများက အဆက်မပြတ် လှုပ်ရှားသွားလေရာ ကျားပါးစပ်အနီး လဲသူလဲ၊ ကွဲသူကွဲနှင့် ဝရုန်းသုန်းကားဖြစ်သွားတော့၏။

လူငယ်ကိုယ်တိုင်လည်း မသက်သာလှပေ။ နံပါတ်တုတ်များ၊ ဖိနပ်များ၊ လက်သီးများကို ရှောင်ရင်း၊ တိမ်းရင်းနှင့် မှောက်လျက်လဲကျသွားတော့၏။ မရှောင်သာ၊ မတိမ်းသာ လဲကျနေစဉ်နံကြား၊ ခါး၊ ခေါင်း၊ ကျောပြင်နေရာအနှံ့သို့ ဖိနပ်ဦးနှင့်ထိုးခြင်း၊ ဖနောင့်နှင့်ပေါက်ခြင်း၊ နံပါတ်တုတ်နှင့် ရိုက်ခြင်းတို့ကြောင့် လူငယ်သည် စိတ်ကိုတင်းနေလျက်ကပင် ပျော့ခွေမေ့သွားတော့၏။

မည်မျှကြာအောင် မေ့မျောသွားသည် မသိ။ သတိရ၍မျက်လုံးကို အားယူဖွင့်ကြည့်လိုက်ရာ တစ်ဖက်သာလျှင် ဖွင့်၍ရပြီးကျန်တစ်ဖက်ကား ဖူးယောင်ကိုင်းနေ၏။ မှုန်ဝါးဝါးမြင်ကွင်းကို ခြုံ၍အကဲခတ်ကြည့်ရာ ကျဉ်းမြောင်းသော တိုက်ခန်းတစ်ခုအတွင်းရောက်နေကြောင်း သိလိုက်ရ၏။

ခါးမှ ကိုက်သလိုလို၊ နံကြားမှ အောင့်သလိုလို ဝေဒနာက



www.burmeseclassic.com

www.burmeseclassic.com



ဖိစီးလာပြန်၏။ မျက်စိမှိတ်ပြီး မှိန်းနေစဉ်မှာပဲ တံခါးဖွင့်သံကြားလိုက်ရသဖြင့် အသံလာရာကို လှမ်းကြည့်လိုက်၏။ ဦးထုပ်ဖြူဆောင်းထားသော အသားနက်ကြုတ်ကြုတ် လူတစ်ယောက်၊ အသားညိုညို လူတစ်ယောက်နှင့် ကုလားဂျမဒါ (ထိုစဉ်က ဝါဒါဟုမခေါ်၊ ဂျမဒါဟုခေါ်၏။) တစ်ယောက်ကို အခန်းဝတွင် မြင်လိုက်ရ၏။

"ဒီကောင် တော်တော်အသက်ပြင်းတဲ့ ကောင်ပဲ၊ ဒီလောက်ခံနိုင်ရည်ရှိတာ အတော်အံ့သြဖို့ ကောင်းတယ်"

ဟု မြန်မာသံပီပီနှင့် မှတ်ချက်ချလေ၏။ ပြီးမှဆက်၍ လေသံခပ်မာမာဖြင့် . . .

"မင်း . . . ဘာလို့ ဒီလောက်ခေါင်းမာချင်တာလဲ"

လူငယ်သည် ခွန်းတုံ့ပြန်မပြောဘဲ ကုလားဂျမဒါကို မျက်လုံးလှန်ကြည့်လိုက်၏။ ထောင်ကျဦးထုပ်ဖြူဆောင်းထားသူနှစ်ဦးမှာ ရှစ်မှတ်ခေါ် ဗာယာများဖြစ်ကြောင်း နောင်မှလူငယ်သိရ၏။ အသားညိုညိုလူက အသားနက်ကြုတ်ကြုတ်လူထက် ပို၍သဘောကောင်းပုံရ၏။

"မနေ့က အရိုက်ခံရတဲ့ ဒဏ်ရာတွေကြောင့် မင်းဘယ်နေရာမှာ နာနေသလဲဆိုတာ ငါတို့သိချင်လို့ လာခဲ့တာပဲ၊ လိုအပ်ရင် ဆရာဝန်ဆီ ပြသင့်ရင် ပြရတာပေါ့"

ဟု ဂျမဒါက လေသံမှန်မှန်ဖြင့် မေးလေ၏။

"သေတော့ မသေနိုင်ပါဘူးဗျာ၊ ဒါပေမယ့် ခါးထဲနဲ့ နံကြားထဲကတော့ နည်းနည်းအောင့်နေတယ်"

လူငယ်က ပြုံးပြုံးနှင့်ပြောလိုက်ရာ ၄င်းအပြုံးက ဂျမဒါနှင့် ဗာယာနှစ်ယောက်ကို ကူးစက်သွားသည်ထင်၏။ ထိုသူတို့မှာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး ပြုံးစိစိ ဖြစ်သွားကြ၏။





"နည်းနည်းပဲ အောင့်တာလား၊ တော်ရုံလူဆို အိပ်ယာထဲ တစ်လလောက်လဲနေပြီ၊ ပြန်ပြီး လူစဉ်မှီဖို့တောင် မလွယ်ဘူး၊ မင်းကတော့ တကယ့်ငါးဖယ်ပါပဲ"

ဟု အသားနက်ကြုတ်ကြုတ်ဗာယာက ပြုံးရယ်ပြောလိုက်ရာ လူငယ်က သဘောကျစွာ တစ်ချက်ရယ်လိုက်ပြီး . . .

"ကျုပ်ကလည်း တစ်လလောက်လဲနေအောင် ရိုက်မယ့်သူမျိုးတွေနဲ့မှ တွေ့ချင်နေတာ၊ ခုတော့လည်း မစို့မပို့လေး . . ."

"ဟေ . . . မစို့မပို့လေး ဟုတ်လား၊ ကောင်းပြီ . . . နောက်တစ်ခါဆို တစ်လစာဖူလုံအောင် ငါကိုယ်တိုင် ဝင်ရိုက်ပေးပါ့မယ်၊ အခုတော့ မင်းကို ဆရာဝန်ဆီပြဖို့ ခေါ်သွားပေးရမယ်၊ ထနိုင်လား လမ်းလျှောက်နိုင်လား"

ဟုပြောပြီး အသားမည်းမည်းဗာယာက လူငယ်ကို ထထိုင်ခိုင်း၏။ လူငယ်ကလည်း အားယူ၍ထရပ်ကြည့်ရာ တစ်ကိုယ်လုံးနေရာလပ်မကျန် နာကျင်နေ၍ တော်တော်နှင့် ရပ်၍မရနိုင်ဖြစ်နေ၏။

"သူ လမ်းကောင်းကောင်းလျှောက်နိုင်မှာ မဟုတ်ဘူး၊ မင်းတို့နှစ်ယောက် တွဲခေါ်ခဲ့ကြ"

ဂျမဒါက အမိန့်ပေးလိုက်သဖြင့် ရှစ်မှတ်ဗာယာနှစ်ယောက်က လူငယ်၏လက်မောင်းတစ်ဖက်စီကို ကိုင်မပေးပြီး လမ်းလျှောက်နိုင်ရန် ဖေးကူသဖြင့် လူငယ်လည်း အခန်းထဲမှ တစ်လှမ်းချင်းလျှောက်ခဲ့လေ၏။

"ကျုပ်ကို ထောင်ထဲ ထည့်ထားတာကတော့ ဟုတ်ပါပြီ၊ တစ်ယောက်တည်း ထားတာတော့ လွန်လွန်းတာပေါ့ဗျာ၊ ဘာမှလုပ်စရာမရှိတော့ ပျင်းစရာကြီး ဖြစ်နေတယ်"

"ထောင်ထဲဝင်လာကတည်းက နည်းနည်းမှမခံဘဲ ပြန်ဆော်



www.burmeseclassic.com

www.burmeseclassic.com



လို့ မင်းကို တိုက်ပိတ်လိုက်တာကွ၊ ဒါကြောင့် မင်းတစ်ယောက်တည်း နေရတာ"

"တိုက်ပိတ်တာ၊ ဘယ်လိုကြီးလဲဗျ၊ ဘာကြောင့်တိုက်ပိတ်ရတာလဲ"

"ဆိုးလို့ပေါ့ကွ"

"ဟာဗျာ . . . ထောင်ထဲရောက်မှတော့ ဆိုးတဲ့လူဖြစ်လို့ဗျာ၊ လူကောင်းက ဘယ်လိုလုပ် ထောင်ထဲရောက်မှာလဲ"

"မင်းက အားလုံးထက် ပိုဆိုးနေလို့ပေါ့"

မကြာမီ သူတို့လည်း ထောင်ဆေးရုံရှေ့သို့ ရောက်ရှိကြလေ၏။ ထိုစဉ်မှာပဲ အသားမည်းမည်း ရှစ်မှတ်ဗာယာက တင်းမာသော မျက်နှာထားဖြင့် . . .

"ဟေ့ကောင် . . . မင်းကို ငါကြိုပြောထားမယ်နော်၊ နောက်မှ မသိလို့ပါဆိုပြီး အူသလို၊ ကြောင်သလို မပြောနဲ့၊ ဆရာဝန်ရှေ့ရောက်ရင် ချောင်းမဆိုးရဘူး၊ အီးမပေါက်ရဘူး၊ နှာတရှုံ့ရှုံ့မလုပ်ရဘူး၊ မမေးဘဲ မပြောရဘူး"

ထိုအခါ လူငယ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် . .

"ခင်ဗျားတို့ စည်းကမ်းတွေကလည်း များကိုများနိုင်လွန်းတယ်၊ ဒါဆိုရင်လည်း ခင်ဗျားပြောတဲ့ ဆရာဝန်နဲ့ မတွေ့တော့ပါဘူးဗျာ"

မထီမဲ့မြင် တုန့်ပြန်စကားကြောင့် ထိုသူသည် အံ့ဩသလို ရုတ်ချည်းပင် စိတ်တိုသွားပုံရ၏။ သို့ကြောင့်လည်း မေးကြောကြီးများ ထောင်ထသည်အထိ အံတင်းတင်းကြိတ်လိုက်ရာ ၎င်းအမူအရာကိုကြည့်ရင်း လူငယ်က တဟားဟားရယ်လိုက်ပြီး . . .

"ခင်ဗျား . . . ဒေါသထွက်ပုံက ညဘက်မှဆို အလွန်ကို





အသုံးဝင်မှာဗျ၊ တစ္ဆေသရဲတွေကို မောင်းထုတ်နိုင်လောက်အောင် ရုပ်ဆိုးလွန်းလို့လေ"

လူငယ်၏စကားက အသားညိုညိုရှစ်မှတ်အတွက် ရယ်မောစရာဖြစ်သော်လည်း အသားမည်းမည်းရှစ်မှတ်အဖို့မှာတော့ ပို၍ဒေါသထွက်ဖွယ် ဖြစ်သွားလေ၏။

"ဒီမသာလေးတော့ ငါလုပ်လိုက်ရ သေတော့မယ်၊ တစ်ချက်စာလည်းမက နှစ်ချက်စာလည်း မရှိတဲ့ကောင်က ငါ့ကိုများ လှောင်သလား၊ ပြောင်သလား လုပ်ရတယ်လို့၊ အေး . . . တစ်နေ့ဘျရင် . . . "

ဟု စကားကိုရပ်ပြီး ထန်းသီးလုံးခန့်ရှိသော သူ၏လက်သီးဆုပ်ကြီးကို ထောင်ပြလျက် . . .

"ထန်းသီးကျွေးရမယ် . . . " ဟု အံကြိတ်ပြောလေ၏။

အသားညိုညိုရှစ်မှတ်ဗာယာက ထိုအခြေအနေကို ဝင်ထိန်းသည့်သဘောဖြင့် . . .

"ငါ့ညီ . . . မင်းအသက်ငယ်ငယ်လေး ရှိပါသေးတယ်၊ ပြီးတော့ ထောင်ထဲရောက်လာတာလည်း ခိုး၊ ဆိုး၊ လုယက်လို့ ရောက်လာတာ မဟုတ်ဘူး၊ ဝတ္တုရားနှောက်ယှက်မှုနဲ့ ရောက်လာတာဆိုတော့ ခဏလေးနဲ့ ပြန်လွတ်မှာပါ၊ မလိုအပ်ဘဲ ခေါင်းမမာချင်စမ်းပါနဲ့ကွာ၊ အပြင်လောကရောက်မှ ငါ့ညီနေချင်သလိုနေ၊ ထောင်ထဲရောက်လာရင်တော့ ဘယ်လိုအကျဉ်းသားဖြစ်ဖြစ် ထောင်ပုံစံအတိုင်းနေကိုနေရမှာပဲ"

ဟု လူငယ်၏ပုခုံးပေါ် လက်တစ်ဖက်တင်ပြီး လေအေးအေးဖြင့် ပြောလိုက်သဖြင့် လူငယ်လည်း ခပ်မဆိတ် ငြိမ်သက်သွား၏၊ ထော်လော်ကန့်လန့် မပြောတော့ဘဲ ငြိမ်သက်ပြီး လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ ဆရာဝန်ရုံးခန်းရှေ့ ရောက်ရှိလာ၏။

ဆရာဝန်မရောက်သေးသဖြင့် ဆရာဝန်အခန်းရှေ့တွင် ထောင်အစဉ်အလာအတိုင်း ပုံစံထိုင်ရင်း မိမိကဲ့သို့ ရောက်ရှိနေကြသည့် အကျဉ်းသားများကို အကဲခတ်ကြည့်လိုက်၏။ ထိုသူများမှာ တကိုယ်လုံး မြင်မကောင်းအောင် ဝဲယားနာများ ပေါက်လျက်ရှိ၏။ ထိုသူတို့မှာ ဆရာဝန်အခန်းရှေ့ မြေကွက်လပ်နေပူကြီးထဲတွင် နှစ်ယောက်တစ်တွဲ ထိုင်နေကြလေ၏။

ရှစ်မှတ်တာယာနှစ်ဦးက လူငယ်ကို ထိုသူတို့နှင့် ခပ်လှမ်းလှမ်းတွင် ရှိနေစေ၏။ အသားနက်ကြုတ်ကြုတ်လူမှာ ဝဲယားနာများ ပေါက်နေသော အကျဉ်းသားများကို မသတီသလို ကြည့်နေရာမှ-

"ညိုဖံ . . . ဒီဂျစ်ကန်ကန်ကောင်ကို မင်းပဲ တာဝန်ယူလိုက်ကွာ၊ ငါ စားဖိုဆောင်မှာ လုပ်စရာရှိတာ သွားလုပ်တော့မယ်"

အသားညိုညိုလူမှာ သဘောပေါက်စွာ ပြုံးလိုက်ပြီး ခွင့်ပြုလိုက်သဖြင့် ထိုလူမှာ ခပ်သုတ်သုတ်ပင် ထွက်ခွာသွား၏။ အသားညိုညို ရှစ်မှတ်တာယာ၏အမည်မှာ ညိုဖံဟူ၍ လူငယ်မှတ်ထားလိုက်၏။ ထိုလူထွက်သွားသည်မှာ သူတို့နှစ်ဦးအတွက် ရင်းနှီးခင်မင်မှုများရရှိရန် အခွင့်အခါကောင်းဖြစ်သွား၏။

လူငယ်က သူသိလိုသမျှကို ရှစ်မှတ်တာယာအကျဉ်းသား ညိုဖံအား မေးမြန်းလေရာ ညိုဖံက စိတ်ရှည်စွာရှင်းပြရင်း တစ်ယောက်နှင့်တစ်ယောက် စကားပြောဖြောင့်သွားပြီး ကျွမ်းဝင်ရင်းနှီးသွားတော့၏။

ညိုဖံကား မြောက်ဦးမြို့အနီး ရွာတစ်ရွာမှဖြစ်ပြီး လက်ဝှေ့သမားအဖြစ် လွန်စွာထင်ရှားသူဖြစ်သည်။ တစ်နေ့မှာတော့ ဖလိုတီးယားကုမ္ပဏီမှ တရုတ်လူမျိုးစပါးပွဲစားတစ်ယောက်က သူတို့ရွာ





ဒေသခံများအပေါ် မတရားအမြတ်ကြီးစား အနိုင်ကျင့်သည်ကို လွန်စွာခံပြင်းဒေါသဖြစ်ပြီး လက်သီးနှင့်ထိုးမိရာက ၄င်းတရုတ်သေဆုံးသွားသဖြင့် လူသတ်မှုဖြင့် နှစ်ရှည်ထောင်ကျခံနေရခြင်း ဖြစ်သည်။

ထိုအခါ လူငယ်ကလည်း သူမည်သို့မည်ပုံ ထောင်ထဲရောက်လာသည်ကို ရှင်းပြရာ လူငယ်၏စကားကို နားထောင်ပြီး ညိုဖံက စုတ်တစ်ချက်သတ်လိုက်ပြီး . . .

"ဖြစ်မှဖြစ်ရလေကွာ၊ မင်းကို မြင်ကတည်းက ငါလည်း အထိုက်အလျောက် အကဲခတ်မိပါတယ်၊ ဒီမှာ ညီလေး . . လောကကြီးမှာ နေရာတိုင်း ကိုယ့်စိတ်ကိုယ့်သဘောအတိုင်း လုပ်လို့မရဘူးကွ၊ အထူးသဖြင့် သူ့ကျွန်ဘဝရောက်နေတဲ့ တို့လိုနိုင်ငံတွေက ပြည်သူလူထုတွေပေါ့ကွာ၊ ကိုယ့်မင်းကိုယ့်ချင်းမဟုတ်တဲ့ ဘဝမှာတော့ အုပ်ချုပ်တဲ့လူမျိုးဟာ နေရာတကာ အပေါ်စီးက ရှိနေမှာပဲ၊ မင်းလုပ်ရပ်ကို ငါချီးကျူးလေးစားပါတယ်၊ ဒါပေမယ့် အုတ်နံရံကို ခေါင်းနဲ့တိုက်သလို အထိနာစေမယ့် လုပ်ရပ်မျိုးဖြစ်နေတယ်၊ နောင်အခါ ကိုယ့်ကိုယ်ကို သတိနဲ့ဆင်ခြင်နေထိုင်ပေါ့ကွာ"

ထိုစဉ်မှာပဲ ဆရာဝန်ရောက်လာလေရာ အကျဉ်းသားကြီး ညိုဖံက လူငယ်ပုခုံးပေါ် လက်တစ်ဖက်တင်လိုက်ပြီး . . .

"ကဲ . . . ညီလေး၊ ဆရာဝန်ကို အခုန အစ်ကိုမှာထားတဲ့အတိုင်း ပြောနော်၊ မင်းခန္ဓာကိုယ်က ဒဏ်ရာတွေကိုလည်း ရဲရဲပြော . . . ဟုတ်ပလား"

ဟု အဆုံးသတ်မှာကြားလေ၏။

ထောင်ဆရာဝန်သည် သူကြည့်ရှုရမည့် အကျဉ်းသားများကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး ဆင်နားရွက်တံခါးတပ်ထားသည့် သီးသန့်အခန်းထဲ ဝင်သွား၏။ လူငယ်သည် ဆရာဝန်ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း တအံ့တသြဖြစ်သွား၏။ ထောင်ဆရာဝန်ဟု သူထင်ထားသည်နှင့် လုံးဝခြားနားနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူက ပန်ချာပီကြီးလား၊ ဘိုကပြားကြီးလားဟု ထင်မှတ်ထား၏။ မျက်မြင်မှာတော့ ဆရာဝန်သည် မြန်မာလူမျိုးတစ်ယောက်ဖြစ်နေပြီး ခန့်ခန့်ငြားငြားနှင့် လူပုံချောတစ်ဦးဖြစ်နေ၏။ ဆံကေသာမှာ ပလင်တီနိုဆံတောက်ပုံစံဖြစ်ပြီး ဖြူနုသော အသားအရည်၊ မြင့်မားသော အရပ်အမောင်းနှင့် လွန်စွာကြည့်ကောင်းလှပေ၏။

မျက်လုံးအစုံကား ကြည်လင်လျက် နှုတ်ခမ်းပါးလေးက ဖော်ရွေသော အံပြုံးကို ပြုံးထားလေရာ ထော်လော်ကန့်လန့်လုပ်ချင်သော လူငယ်၏စိတ်ကိုပင် ပြောင်းလဲသွားအောင် ညှို့ယူဖမ်းစားလိုက်လေ၏။

ဆရာဝန်သည် ဆင်နားရွက်တံခါးကို တွန်းလိုက်သည့်အခိုက်မှာပဲ တစ်သီးတသန့်ရှိနေသည့် လူငယ်ကို သမင်လည်ပြန်လှည့်ကြည့်လိုက်ပြီး . . .

"ညိုဇံရေ . . . မင်းအကောင်ကို ဝဲသမားတွေအရင် ခေါ်လာခဲ့၊ ဝဲသမားတွေကို စောင့်နေရင် မိုးချုပ်သွားလိမ့်မယ်"

ဟုပြောလိုက်ရာ ညိုဇံမှာ အားရဝမ်းသာဖြစ်သွားပြီး လူငယ်၏လက်မောင်းကို ဖေးမဆုပ်ကိုင်ရင်း ဆရာဝန်အခန်းထဲ လျှောက်လှမ်းသွားလေ၏။

ဆရာဝန်စားပွဲရှေ့ တစ်လံအကွာတွင် ပုံစံမတ်မတ်ရပ်လျက် အသက်ကိုမှန်မှန်ရှူပြီး စောင့်ဆိုင်းလျက်ရှိစဉ် ထောင်ဆရာဝန်လေးက မျက်မှောင်ကုပ်လျက် လူငယ်ကို စေ့စေ့ကြည့်၏။ ထိုအကြည့်နှင့် ရင်ဆိုင်ရသည့်လူငယ်မှာ မည်သို့ကြောင့်မှန်းမသိ . . .။ ရင်ခုန်ထိတ်ကနဲ ဖြစ်သွား၏။





"မျက်နှာတစ်ခုလုံးလည်း ဒဏ်ရာတွေနဲ့ပါလား၊ အပြင်မှာဖြစ်ခဲ့လို့ ရတဲ့ဒဏ်ရာတွေလား"

ဆရာဝန်လေးက တည်ငြိမ်သော လေသံဖြင့် မေးလိုက်ရာ လူငယ်မှာ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်နေစဉ် ရှစ်မှတ်ဗာယာညိုဇံက . . .

"မဟုတ်ပါဘူး ဆရာ၊ ထောင်ထဲရောက်မှ ဖြစ်ခဲ့တဲ့ ဒဏ်ရာတွေပါ"

ဟု ဝင်ပြောလိုက်သဖြင့် ဆရာဝန်လေးက ဘဝင်မကျသလို ပြုံးလိုက်ပြီး . . .

"ငါမေးတာက ဒဏ်ရာရတဲ့လူကို မေးတာပါ၊ ရှစ်မှတ်ကို မေးတာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။ အသံက အေးသလို တည်ငြိမ်လှသော်လည်း ရှစ်မှတ်ညိုဇံကား သိသိသာသာ မျက်နှာပျက်သွားပြီး ဦးခေါင်းငုံ့သွား၏။ ဆရာဝန်လေးက လူငယ်ကိုကြည့်ရင်း . . .

"ရှစ်မှတ်ပြောတဲ့အတိုင်း တကယ်ဟုတ်လား"

ထိုအခါမှာတော့ လူငယ်လည်း နှုတ်နွေးမနေဘဲ ချက်ချင်းပင် ပြန်ဖြေလေ၏။

"ဟုတ်ကဲ့ . . ."

"ငါ့ရှေ့ကို တိုးခဲ့ . . ."

ဟု ဆရာဝန်လေးက ပြောလိုက်ရာ လူငယ်လည်း သူ့အနီးသို့ လျှောက်လှမ်းသွားလိုက်၏။ ဆရာဝန်လေးက မျက်နှာမှ ဖူးယောင်နေသော ဒဏ်ရာများကိုကြည့်၍ ကိုယ်ခန္ဓာအနှံ့အပြားကို စမ်းသပ်ကြည့်ရှု၏။ အတန်ကြာစမ်းသပ်ကြည့်ရှုပြီးနောက် စာရွက်အလွတ်တစ်ရွက်ကို အသင့်ပြင်လိုက်ပြီး . . .

www.burmeseclassic.com



"မင်းနာမည် . . ."

"မိုးဇွေ . . ."

"မင်း . . . ဆေးရုံတက်ရမယ်"

ဟု မှတ်ချက်ချလိုက်ရာ မိုးဇွေဟူသော လူငယ်အဖို့ အံ့သြသွားသော်လည်း ရှစ်မှတ်ညိုဇံကတော့ ပြုံးလိုက်လေ၏။ မိုးဇွေသည် ဆေးရုံဟူသော စကားအပေါ် နားမလည်သလို စိတ်ပျက်လက်ပျက် အမူအရာဖြင့် . . .

"ထောင်ကျနေတဲ့လူက ဆေးရုံတက်ရဦးမယ် ဟုတ်လား၊ ဘယ်ဆေးရုံလဲ . . . မြို့ပေါ်ကလား"

ဟူ၍ မေးလိုက်လေ၏။ ဆရာဝန်လေးက မိုးဇွေအမေးကို သဘောကျစွာ ပြုံးလိုက်ပြီး . . .

"အပြင်ဆေးရုံမဟုတ်ဘူး၊ ထောင်ထဲမှာရှိတဲ့ ဆေးရုံ ထောင်ဆေးရုံလို့ခေါ်တယ်၊ ထောင်ထဲမှာနေရတဲ့ အခိုက်အတန့်မှာ ဆေးရုံတက်ခွင့်ရတာ နည်းတဲ့အခွင့်အရေး မဟုတ်ဘူးကွ"

"ခင်ဗျာ . . . ဆေးရုံတက်ရတာ ဝမ်းသာစရာ၊ ဟုတ်လား . . . ဆရာ"

"နောက်တော့ မင်းသဘောပေါက်သွားပါလိမ့်မယ်"

ထောင်ဆရာဝန်လေးစကားမှာ လွန်စွာမှန်ကန်ကြောင်းကို ဆေးရုံတက်သည်နှင့် မိုးဇွေသိလိုက်ရ၏။ ထို့နောက် သူသည် ထောင်၏ဓလေ့ထုံးစံ၊ အစဉ်အလာများနှင့် ထောင်ကျအကျဉ်းသားများ အကြောင်းကို တဖြည်းဖြည်း သိခဲ့လေ၏။

တိုက်ဆိုသည်မှာ ကြီးမိန့်ကျထားသော အကျဉ်းသားထောင်ကျများနှင့် အပြစ်ရှိသူများအား တမင်ညှင်းဆဲထားသော အခန်းငယ်လေးဖြစ်၏။ အချို့က ထောင်အပြင် တိုက်မရှိဟု လွဲမှားစွာယူဆနေ





ကြ၏။ ထောင်အပြင် တိုက်ဟူ၍ ရှိသည့်အပြင် ရိုးရိုးတိုက်၊ အလုံတိုက်၊ ရေတိုက်ဟူ၍ တိုက်တွင်ပင် အဆင့်ခွဲခြားထားသေး၏။

ထောင်ဆေးရုံပေါ်တွင် နေစဉ်ကာလအတွင်း မိုးဇွေဟူသော လူငယ်အဖို့ လွန်စွာခင်မင်ရသော မိတ်ဆွေနှစ်ဦးရခဲ့လေ၏။ ထိုနှစ်ဦးမှာ ရှစ်မှတ်ဗာယာလက်ဝှေ့သမား ညိုဇံဖြစ်ပြီး၊ နောက်တစ်ဦးကား ထောင်ဆရာဝန်လေးသိဒ္ဓိပင် ဖြစ်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လေးထောင့်စပ်စပ်မျက်နှာ၊ ထူထဲသော မျက်ခုံး၊ ခပ်ကုပ်ကုပ်ကျနေသော နှုတ်ခမ်းမွေးနှင့် ပုဂ္ဂိုလ်ကြီးမှာ မုဆိုးကြီးရွှေမောင်စိန်ဖြစ်၏။ သူ၏ မကျေမနပ်တောက်ခေါက်သံကြီးမှာ မေယုတောကြီးတစ်ခုလုံး တုန်ခါသွားလောက်အောင် ပြင်းထန်လှပေ၏။

"ရိုင်းလိုက်တာကွာ၊ ဒီ . . ဝိသမလောဘသမားတွေကြောင့် တို့နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ အတော်များများ ဆုံးရှုံးရပြီ၊ တို့တွေ့တာ ဒီစေတီနဲ့ဆို နှစ်ဆူရှိနေပြီ"

မုဆိုးကြီးရွှေမောင်စိန်သည် နှုတ်မှတတွတ်တွတ် မြည်တမ်းပြီး ပြိုပျက်နေသော စေတီတော်ကြီး၏ ဖိနပ်တော်အနီးမှ တွင်းကြီးကို စူးစူးစိုက်စိုက်ကြည့်နေလေ၏။ ၎င်း၏မိတ်ဆွေ ရခိုင်အမျိုးသားကြီးကလည်း နှုတ်ကသာ မပြောပေမယ့် ထိုမြင်ကွင်းကိုကြည့်ရင်း စိတ်မသက်မသာ ခံစားနေရ၏။





ထိုမုဆိုးကြီးအမည်မှာ စိန်ကျော်လှိုင်ဟူ၍ ဖြစ်၏။ ရခိုင်အမျိုးသားများတွင် ထူးထူးခြားခြား အသားဖြူသူဖြစ်၏။ သူတို့ထဲတွင် ထူးထူးခြားခြား အသွင်လက္ခဏာရှိသူမှာ မြန်မာမုဆိုးကြီးဦးဒေဝဖြစ်၏။ အရပ်အမြင့်မှာ ခြောက်ပေကျော်ခန့်ရှိပြီး ခြေဆံ၊ လက်ဆံအားဖြင့်လည်း လွန်စွာတုတ်ခိုင်၏။ ကားစွင့်နေသော `မေးရိုးကြီးကြောင့် ခန့်ငြားခြင်းအသွင်ကိုမဆောင်ဘဲ ကြောက်မက်ဖွယ်ကောင်းသော ရုပ်လက္ခဏာမျိုး ဖြစ်နေလေ၏။

၎င်းဘီလူးကြီးတမျှကြီးထွားသူ မုဆိုးကြီးဦးဒေဝမှာ ပဲခူးရိုးမတစ်ခွင်တွင် နာမည်ကြီးလှသော မုဆိုးကြီးဖြစ်သည်။ ဦးဒေဝနှင့် ဦးစိန်ကျော်လှိုင်သည် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ရင်းနှီးခင်မင်ခဲ့ကြ၏။ ထိုစဉ်က ဦးစိန်ကျော်လှိုင်သည် အရောင်းအဝယ်ကိစ္စတစ်ခုဖြင့် ပျဉ်းမနားသို့ရောက်ရှိစဉ် ဦးဒေဝနှင့် အမှတ်မထင် ဆုံတွေ့ခဲ့ခြင်းဖြစ်သည်။

မုဆိုးဝါသနာတူကြသူများဖြစ်၍ မိတ်ဖွဲ့စကားလက်ဆုံကျရင်းက ဦးစိန်ကျော်လှိုင်သည် အရောင်းအဝယ်ကိစ္စပြီးပြတ်သော်လည်း မပြန်နိုင်သေးဘဲ ဦးဒေဝအဆွယ်ကောင်းမှုကြောင့် ၎င်းနှင့်အတူ ပဲခူးရိုးမအတွင်းဝင်ရောက်ပြီး တစ်လကိုးသီတင်း တောပစ်ထွက်ရာမှ သူတို့နှစ်ဦးမှာ မိတ်ဆွေရင်းပမာ ခင်မင်ခဲ့ကြခြင်းဖြစ်သည်။

ဦးဒေဝမှာ အိမ်ယာအခြေတကျ နေထိုင်ခြင်းမရှိဘဲ ပဲခူးရိုးမတစ်ခွင်တွင် ကြံ့သလို လှည့်လည်သွားလာနေသူဖြစ်ရာ ဦးရွှေမောင်စိန်က မိမိတို့ဒေသက မေယုတောင်တန်းကြီးမှာလည်း တောကောင်များ ပေါများသဖြင့် အမဲလိုက်၍ အလွန်ကောင်းကြောင်း၊ အလျဉ်းသင့်သည့်အခါ မိမိနှင့်အတူ တောပစ်ထွက်ဖို့ လာရောက်ပါရန် ဖိတ်ခေါ်ပြီး ၎င်းလာရောက်သည့်အခါ အခက်အခဲမရှိစေရန်



www.burmeseclassic.com

www.burmeseclassic.com



မြေပုံညွှန်းကိုပါ ရေးဆွဲပေးခဲ့လေ၏။

ထိုသို့ဖိတ်ခေါ်မှုကြောင့် ဦးဒေဝဟူသော မုဆိုးကြီးမှာ ဦးရွှေမောင်စိန်ထံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး ထိုသို့အတူတကွ တောပစ်ထွက်ခဲ့ကြခြင်း ဖြစ်သည်။

"ဒါ . . . မျက်နှာဖြူမိစ္ဆာကောင်တွေရဲ့ လက်ချက်ပဲ ဖြစ်မယ်၊ ဒီလိုသာဆိုရင် ကြာလေခက်လေ ဖြစ်ရတော့မှာပါလား"

တစ်ချိန်လုံး ငြိမ်လျက်ရှိနေသော မုဆိုးကြီးဦးဒေဝက ထိုနေရာတွင် အချိန်ဖင့်နွဲ့မနေလိုသည့်သဘောဖြင့် . . .

"ကဲပါ . . . ကိုမောင်စိန်ရယ်၊ ကိုယ်လည်း ဘာမှမတတ်နိုင်တဲ့ကိစ္စကို ဦးနှောက်ခြောက်ခံပြီး တွေးပူမနေစမ်းပါနဲ့၊ စိတ်ဆင်းရဲရုံအပြင် ဘာမှထူးမှာ မဟုတ်ပါဘူး၊ ကျုပ်တို့လာရင်းကိစ္စက အမဲလိုက်ဖို့ပဲ မဟုတ်လား၊ နေမစောင်းခင် ကျုပ်တို့ တောင်ပေါ်ရွာတစ်ရွာရောက်ဖို့ ခရီးဆက်ကြရအောင် . . ."

ဟု တိုက်တွန်းပြောဆိုလေ၏။

ရခိုင်အမျိုးသားမုဆိုးကြီးနှစ်ဦးသည် ပျက်စီးယိုယွင်းနေသည့် စေတီငယ်ကို စိတ်မချမ်းမြေ့စွာကြည့်ပြီး ထိုနေရာမှ ထွက်ခွာခဲ့ကြ၏။ သူတို့နှစ်ဦးမှာ ဒေသခံများဖြစ်သောကြောင့် ရှေ့မှဦးဆောင်ကြခြင်း ဖြစ်သည်။

သူတို့သည် တောမုဆိုးများပီပီ ခြေသံလုံလုံနင်းပြီး ခရီးဆက်ရင်းဖြင့် နာရီအတော်ကြာသွားပြီးနောက် ခရီးတစ်ထောက်နားကြ၏။ တောမှာ လွန်စွာနက်ရှိုင်းသည့်အပြင် နေပျောက်မထိုးနိုင်အောင် သစ်ပင်ကြီးများ ထူထပ်အုံ့ဆိုင်းလျက်ရှိသဖြင့် နေ့အချိန်မှာပင် အမှောင်က လွှမ်းမိုးထား၏။ သူတို့သည် မစို့မပို့ အလင်းရောင်အောက်တွင် ခရီးဆက်ရင်းက တစ်နေရာသို့အရောက်တွင် ရှေ့မှ





ဦးဆောင်သွားနေသည့် မုဆိုးကြီးရွှေမောင်စိန်က တုန့်ကနဲ ရပ်လိုက်၏။

ကျန်နှစ်ဦးမှာလည်း မုဆိုးများပီပီ လျင်သောအသိဖြင့်ရပ်လျက် လက်နက်များကို အသင့်ပြင်ဆင်လိုက်ပြီးနောက် ဦးစိန်ကျော်လှိုင်က လေသံခပ်အုပ်အုပ်ဖြင့် . . .

"ဝေး . . . မောင်စိန် . . . ဘာထူးလို့လဲ"

ဟုမေးလိုက်ရာ ဦးစိန်ကျော်လှိုင်က ခန္ဓာကိုယ်ကို အနည်းငယ်ကိုင်းလျက် လက်တစ်ဖက်ထောင်ကာ သတိပေးလိုက်၏။ မုဆိုးကြီးနှစ်ဦးက ခြေသံလုံလုံနှင့် ဦးရွှေမောင်စိန်အနီး တိုးကပ်သွားပြီး သူကြည့်ရာနေရာသို့ စူးစိုက်ကြည့်လိုက်ရာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် . . .

"ဟာ . . . စစ်သားတွေပါလား"

ဟု နှုတ်မှ လွှတ်ကနဲ ထွက်သွား၏။

"စစ်သားမဟုတ်ဘူး၊ မျက်နှာဖြူတိုက်ပိုင်နဲ့ ရာဇဝတ်ဘက်က အမှုထမ်းတွေပဲ၊ တောထဲဘာလာလုပ်ကြသလဲ မသိဘူး"

ဦးဒေဝက မြို့ပြနှင့် နီးစပ်သူဖြစ်၍ ၄င်းယူနီဖောင်းအဝတ်များနှင့် အကျွမ်းတဝင်ရှိသဖြင့် ထိုသို့ခွဲခြားပြောလိုက်ခြင်း ဖြစ်သည်။ ဦးစိန်ကျော်လှိုင်က စောဒကတက်ပြီး မေးလိုက်ပြန်၏။

"ရာဇဝတ်အမှုထမ်းနဲ့စစ်သား အတူတူပဲ မဟုတ်လား"

"မတူဘူးဗျ၊ စစ်သားဆိုတာ မျက်နှာဖြူဘုရင်ရဲ့ စစ်မှုထမ်း၊ စစ်တိုက်ရတာ၊ ရာဇဝတ်အမှုထမ်းဆိုတာက မျက်နှာဖြူလက်ကိုင်တုတ်ဖြစ်ပေမယ့် ရပ်ရွာအုပ်ချုပ်ရေး၊ တရားရေးကို ဆောင်ရွက်ရတာ . . ."

ဦးဒေဝက လေသံခပ်အုပ်အုပ်ဖြင့် ရှင်းပြလိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်မောင်လှိုင်လည်း 'ဪ' ဟုပြောလျက် သဘောပေါက်နားလည်သွားတော့၏။ ဦးရွှေမောင်စိန်ကတော့ မည်သည့်စကားမှမဆိုဘဲ မြင်ကွင်းအပေါ်တွင် အာရုံစူးစိုက်နေလေ၏။ ထိုစဉ်မှာပဲ ဦးဒေဝက သူ့သဘောကို ပြောလိုက်ပြန်၏။

"ကျုပ်သဘောကတော့ ဒီလူတွေကို အတွေ့မခံဘဲ ရှောင်သွားချင်တယ်"

ဦးရွှေမောင်စိန်က ဦးဒေဝကို ဆတ်ကနဲ တစ်ချက်ကြည့်လိုက်ပြီး ဦးခေါင်းခါရမ်းလျက် . . .

"မဟုတ်သေးဘူး ကိုဒေဝ၊ ကျုပ် . . . ဒီလူတွေရဲ့ အမူအရာကိုကြည့်ပြီး မသင်္ကာဘူး၊ ရာဇဝတ်အမှုထမ်းတွေက ဒီလိုတောနက်ကြီးထဲ ရောက်လာစရာ အကြောင်းမရှိဘူး၊ ကျုပ်တော့ ဒီကောင်တွေကို နောက်ယောင်ခံလိုက်ကြည့်ချင်တယ်"

ထိုအခါ ဦးစိန်ကျော်လှိုင်ကလည်း စိတ်အားထက်သန်စွာဖြင့် . . .

"ငါလည်း အဲဒီလို စိတ်ကူးမိတယ်၊ ဒီကောင်တွေ တို့ဒေသကို အကြောင်းမရှိဘဲ ရောက်လာတာတော့ မဖြစ်နိုင်ဘူး"

ဟု ဝင်ရောက်ထောက်ခံလိုက်ရာ ဦးဒေဝလည်း မငြင်းသာတော့ဘဲ ခေါင်းညိမ့်သဘောတူလိုက်ရ၏။

မျက်နှာဖြူတိုက်ပိုင်တစ်ယောက်နှင့် အမှုထမ်းလေးယောက်တို့ကား ရိုင်ဖယ်သေနတ်များအပြင် ပေါက်တူး၊ ပေါက်ချွန်းများကိုပါ ကိုင်ဆောင်ထားကြ၏။ သူတို့သည် ဦးရွှေမောင်စိန်တို့နှင့် မလှမ်းမကမ်းရှိ ချိုင့်ဝှမ်းအတွင်း မြေပြန့်တွင်ထိုင်လျက် အနားယူနေကြခြင်းဖြစ်သည်။ မကြာမီ ခရီးဆက်ကြမည့် အရိပ်အယောင်ကို အကဲခတ်မိလေရာ ဦးရွှေမောင်စိန်တို့က ခြုံအကွယ်တွင် ခြေသံလုံလုံဖြင့်





စောင့်ဆိုင်းနေလေ၏။

"ကိုမောင်စိန် . . . ကျုပ်တို့ အခုနောက်ယောင်ခံလိုက်မှာ တောကောင်မဟုတ်ဘူးနော်၊ အန္တရာယ်များလှပါတယ်ဗျာ၊ ပြီးတော့ သူတို့လက်ထဲမှာ သေနတ်တွေနဲ့၊ ထိပ်တိုက်ရင်ဆိုင်ရဦးတော့ . . . ကျုပ်တို့က ခံရဖို့ပဲ ရှိမယ်၊ စဉ်းစားပါဦးဗျာ"

ထိုစကားကြောင့် မုဆိုးကြီးရွှေမောင်စိန်က ပြုံးလိုက်ပြီး . .

"စိုးရိမ်ရန်ကော ကိုဒေဝရယ်၊ ကျုပ်တို့က သူတို့ကို အကြောင်းမဲ့ရန်ရှာဖို့မှ မဟုတ်တာ၊ ပြီးတော့ သူတို့ရိပ်မိလောက်အောင် ကိုယ်ယောင်ပြမှာလည်း မဟုတ်ဘူး၊ သူတို့တွေ တစ်စုံတစ်ခု မဟုတ်တာလုပ်မယ်ဆိုလည်း ဘာတွေများလုပ်မလဲဆိုတာ သိရအောင် လိုက်ကြည့်တဲ့သဘောပါ"

ဦးရွှေမောင်စိန်က ပြောပြောဆိုဆို သူ့ကစ၍ ထမင်းထုပ်တစ်ထုပ်ဖြေ၍စားလေရာ ကျန်နှစ်ဦးကလည်း ကိုယ်စီစားကြလေ၏။ သူတို့ထဲတွင် စိတ်အားထက်သန်မှုအရှိဆုံးမှာ ရွှေမေခင်စိန်ဖြစ်၏။ သူသည် ထမင်းစားခြင်းကို ကျန်မုဆိုးကြီးနှစ်ဦးထက် စောစွာလက်စသတ်လိုက်ပြီး ဒူးလေးကောက်ကိုင်လျက် မျက်နှာဖြူတိုက်ပိုင်ကြီးနှင့် ရာဇဝတ်အမှုထမ်းတို့ရှိရာသို့ သွားရောက်အကဲခတ်လေ၏။ အတန်ကြာ အကဲခတ်ကြည့်ရှုပြီးနောက် သူသည် တစ်စုံတစ်ခုအပေါ် စိတ်ဘဝင်မကျသည့် အမူအရာဖြင့် ပြန်ရောက်လာရာ ဦးစိန်ကျော်လှိုင်က ရိပ်မိလိုက်သဖြင့် . . .

"ဘာထူးခြားလို့လဲ . . . မောင်စိန်"

"ရွာသားနှစ်ယောက် . . ."

ထိုအဖြေကြောင့် ဦးစိန်ကျော်လှိုင်နှင့် ဦးဒေဝတို့လည်း ဖျတ်ကနဲ အကြည့်ချင်းဆုံသွားကြ၏။ ထိုစကားမှာ ၎င်းတို့အား



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ခြင်းကိစ္စကို အလျှင်အမြန် အဆုံးသတ်ကြဖို့ တိုက်တွန်းလိုက်ခြင်းဖြစ်ကြောင်း ကိုယ်စီသိလိုက်ကြ၏။

ထို့နောက် သူတို့သည် ပွဲဂုံ ၃၇၅ မက်ကနမ်ရိုင်ဖယ်ကြီးများကို ကောက်ကိုင်လိုက်ကြ၏။

"အဲဒီရွာသားနှစ်ဦးရောက်လာတဲ့ အပေါ်မှာ မင်းဘယ်လိုမြင်လဲ . . . မောင်စိန်"

"ငါသံသယရှိတဲ့အတိုင်း ဒီဘောင်တွေဟာ တစ်ခုခု မရိုးမသား လုပ်ကြတော့မှာ သေချာတယ်၊ အခု ရွာသားနှစ်ယောက်နဲ့ ဒီကောင်တွေ တိုးတိုးတိုင်ပင်နေကြတယ်"

"သူပုန်တို့၊ ဝရမ်းပြေးတို့များ ဖမ်းဖို့စီစဉ်နေတာရော မဖြစ်နိုင်ဘူးလား"

ဦးဒေဝက ဒူးလေးညှို့ကြိုးကို လက်ဖြင့်ကိုင်တွယ်စစ်ဆေးရင်းက သူ၏ထင်မြင်ချက်ကို ပြောလိုက်ပြန်၏။ ဦးရွှေမောင်စိန်က ချက်ချင်းပင် ဦးခေါင်းကို ခပ်သွက်သွက်ခါရမ်းလိုက်ပြီး . . .

"လုံးဝမဖြစ်နိုင်ဘူး၊ အဲဒီလိုသာဆိုရင် ဒီကောင်တွေ ဘာကိစ္စ ပေါက်တူးတို့၊ ပေါက်ချွန်းတို့ ယူလာမလဲ"

"ဟုတ်တာပေါ့ . . . မောင်စိန်၊ အဲဒါ အမှန်ပဲ"

သူတို့သုံးဦးသားသည် ခြေသံလုံလုံဖြင့် ထိုအဖွဲ့ကို သွားရောက်ကြည့်ရှုစဉ်မှာပဲ ၄င်းအဖွဲ့မှာ ရွာသားနှစ်ယောက်၏ ဦးဆောင်မှုနောက်မှ လိုက်ပါသွားကြပြီကို တွေ့လိုက်ရ၏။ ထိုအဖွဲ့၏လမ်းလျှောက်နှုန်းမှာ လွန်စွာမြန်ဆန်လှသဖြင့် သူတို့လည်း မျက်ခြေပြတ်မသွားအောင် ခပ်သုတ်သုတ် လိုက်ပါခဲ့ကြ၏။

"တောက် . . ."

ဦးရွှေမောင်စိန်သည် ရုတ်ချည်းဖြစ်တည်လာသည့် ဒေါသ





ကို အတော်ထိန်းချုပ်လိုက်ရသည်ထင်၏။ မေးကြောကြီးများ ထောင်ထသည်အထိ အံကိုတင်းတင်းကြိတ်လျက် ထိုလူအုပ်ဆီသို့ မီးတောက်မတတ်မျက်ဝန်းဖြင့် ကြည့်နေတော့၏။

ထိုလူစုမှာ ခြုံနွယ်ပိတ်ပေါင်းများ အုပ်မိုးထားသည့် စေတီပျက်အနားတွင် စခန်းချပြီး ၄င်းစေတီကို အသေးစိတ်လှည့်ပတ်ကြည့်ရှုပြီး ပေါက်တူး၊ ပေါက်ပြားများဖြင့် အချိန်မဆိုင်းပဲ တူးဆွနေပြီဖြစ်၏။ မုဆိုးကြီးသုံးဦးမှာ စက္ကန့်ပိုင်းမျှ အလစ်မပေးဘဲ စောင့်ကြည့်နေရင်းက မုဆိုးကြီးရွှေမောင်စိန်က ဆက်လက်သည်းမခံနိုင်တော့သည့် အမူအရာဖြင့် . . .

"ကျော်လှိုင် . . . တို့တွေ ဒီလိုနေလို့တော့ မဖြစ်ဘူးထင်တယ်၊ စေတီတော်ကို မပျက်စီးခင်မှာ လက်ဦးမှုယူမှ ဖြစ်လိမ့်မယ်"

"ဖြစ်ပါ့မလား မောင်စိန်၊ ငါစိုးရိမ်တာက အဲဒီထဲက မျက်နှာဖြူတစ်ယောက်ကိုပဲ"

သူတို့နှစ်ယောက် အချီအချစကားပြောနေစဉ် မုဆိုးကြီးဦးဒေဝမှာ စကားတစ်ခွန်းတစ်ပါဒမျှ ဝင်မပြောဘဲ ခပ်မဆိတ်ငြိမ်သက်နေလေ၏။

"ဒီနေရာမှာ မျက်နှာဖြူတွေ၊ မျက်နှာဝါတွေ ဂရုစိုက်နေလို့မရဘူး၊ လိုအပ်ရင် ငါတို့အသက်ကိုစွန့်ပြီး ကာကွယ်သင့် ကာကွယ်ရမှာကွ၊ ကိုယ့်မျက်စေ့ရှေ့မှာ ကိုယ့်ဘာသာ,သာသနာကို စော်ကားနေတာ ဒီအတိုင်းကြည့်မနေနိုင်ဘူး၊ သူတို့အစိုးရမင်းတွေက ဒါမျိုးကို ခွင့်ပြုထားသလား"

ဦးရွှေမောင်စိန်သည် စိတ်မြန်လက်မြန်ရှိသူဖြစ်ရာ စကားဆုံးသည်နှင့် နေရာမှ ရုတ်ချည်းထလိုက်ပြီး ရှေ့ဆုံးမှထွက်သွားလေ၏။ ဦးစိန်ကျော်လှိုင်နှင့် ဦးဒေဝလည်း ဘယ်လိုမှ မနေသာတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မက်ကနမ်ရိုင်ဖယ်ကို မောင်းတင်ပြီး အလျင်အမြန် လိုက်သွားရတော့၏။

မျက်နှာဖြူတိုက်ပိုင်ကြီး၊ အမှုထမ်းနှင့် ရွာသားနှစ်ယောက်က သေနတ်နှစ်လက်နှင့် ဒူးလေးတစ်လက်ကို ပြိုင်တူချိန်ရွယ်လျက် ရုတ်ချည်းထွက်ပေါ်လာသည့် လူသုံးယောက်ကို အံ့အားသင့်ပြီး ငေးမောနေကြရာမှ ပထမဦးဆုံး သတိဝင်လာသော ကုလားအမှုထမ်းကလေးက ချထားသော ရိုင်ဖယ်ကို ကောက်ကိုင်ရန် ဟန်ပြင်လိုက်စဉ် . . .

"ရှီ . . ."

"ဒုတ် . . ."

"အား . . ."

ဦးရွှေမောင်စိန်၏ ဒူးလေးပေါ်မှ မြားတစ်စင်းက ရွှတ်ကနဲထွက်သွားပြီး ထိုကုလား၏လက်ဖျံရိုးကို ထုတ်ချင်းဖောက်စိုက်ဝင်သွားခြင်း ဖြစ်သည်။ ထိုအဖြစ်ကြောင့် မျက်နှာဖြူတိုက်ပိုင်ကြီးနှင့် ကျန်သူများမှာ ထိတ်လန့်တုန်လှုပ်သွားလေရာ တစ်ဆက်တည်းဆိုသလို ဦးရွှေမောင်စိန်၏ ရခိုင်သံဝဲဝဲကြီးက စေတီတဝိုက် ပျံ့နှံ့ရိုက်ခတ်သွားလေ၏။

"အားလုံးငြိမ်ကြစမ်း . . ."

မျက်နှာဖြူတိုက်ပိုင်ကြီး၏ နီစပ်စပ်မျက်နှာကြီးကား ပို၍နီရဲလာပြီး အံ့သွားတင်းတင်းကြိတ်လျက် . . .

"ဟော့ . . . ဖူးလ်၊ မောင်မင်းတို့ ဓါးပြတွေလား"

ဟု မြန်မာသံဝဲဝဲဖြင့် မေးလိုက်ရာ မုဆိုးကြီးရွှေမောင်စိန်၏ ရယ်သံကြီးမှာ ဟိန်းဟိန်းထသွားလေ၏။ ဦးစိန်ကျော်လှိုင်နှင့် ဦးဒေဝတို့လည်း လိုက်ပါရယ်မောကြသဖြင့် မျက်နှာဖြူတိုက်ပိုင်ကြီးမှာ





မျောက်ဖြူကြီးပမာ ဆွေ့ဆွေ့ခုန်နေတော့၏။

ဦးရွှေစိန်မောင်မှာ စိတ်မြန်လက်မြန်ရှိသူပီပီ ၄င်းမျက်နှာဖြူကြီးအနီး တိုးကပ်သွားပြီး . . .

"မင်းတို့မျောက်ဖြူတွေက အတော်ရယ်စရာကောင်းနေပါလား၊ ဒီမှာ ငါတို့က ဓါးပြလည်း မဟုတ်ဘူး၊ သူခိုးလည်း မဟုတ်ဘူး၊ မင်းတို့သာ ဘုရားဖျက်ပြီး ဌာပနာခိုးဖို့ ကြံစည်နေတာ မဟုတ်လား"

ဟု မျက်နှာဖြူကြီးမျက်နှာကို စူးစူးရဲရဲကြည့်ကာ ပြောလိုက်ပြီး တစ်ဆက်တည်းဆိုသလို . . .

"ကျော်လှိုင်နဲ့ ကိုဒေဝ . . . ခင်ဗျားတို့က ဒီကောင်တွေထဲက လှုပ်တဲ့ကောင်ကို ပစ်သာပစ် . . ."

ဟုပြောပြီး ထိုအဖွဲ့ကို အသင့်ချိန်ရွယ်ထား၏။ ရွာသားနှစ်ယောက်နှင့် ရာဇဝတ်အမှုထမ်းများက အမိန့်အတိုင်း နာခံကြသော်လည်း မျက်နှာဖြူတိုက်ပိုင်ကြီးကတော့ မထီလေးစားအမူအရာဖြင့် သွေးတိုးစမ်းသလို လုပ်နေသဖြင့် မုဆိုးကြီးရွှေမောင်စိန်သည် နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကနဲ ပြုံးလိုက်ပြီး . . .

"ငါတို့ တိုင်းပြည်ကိုလည်း ကျူးကျော်သေးတယ်၊ ငါတို့ဘာသာ,သာသနာကိုလည်း စော်ကားချင်တဲ့ မျောက်ဖြူ . . ကဲကွာ"

"ခွပ် . . ."

"အီး . . ."

ထန်းသီးပမာအခန့်ရှိသော ဦးရွှေမောင်စိန်၏လက်သီးက မျက်နှာဖြူကြီး၏မေးရိုးဆီသို့ တန်းကနဲ ကျရောက်သွားရာ ပုဂ္ဂိုလ်ကြီးမှာ အရုပ်ကြိုးပြတ်ပုံလျက်သား လဲကျသွားတော့၏။

အားလုံးကို ကြိုးနှင့်တုတ်ပြီးသည်နှင့် ၄င်းတို့၏အကြံအစည်များကို ကုလားအမှုထမ်းကလေးက စ၍ဖော်လေရာ မျက်နှာဖြူ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပိုင်ဆိုသူမှာ ဘုံဘေဘားမားသစ်ကုမ္ပဏီမှ အဝယ်တော်ဖြစ်ပြီး လာဘ်စားမှု၊ သစ်လုံးခိုးမှုများဖြင့် ထောင်ကျလုနီးနီးဖြစ်ခဲ့ပြီးမှ မျက်နှာဖြူတစ်ယောက်ဖြစ်နေသောကြောင့် ထောင်မချဘဲ အလုပ်မှထုတ်ပစ်ထားခြင်းခံရသူ၊ ရာဇဝတ်အမှုထမ်း အယောင်ဆောင်တစ်ဦးဖြစ်ပြီး ကျန်သူများမှာလည်း ရာဇဝတ်အမှုထမ်းအတုများသာဖြစ်ကြောင်း သိရတော့၏။

သက်သေအထောက်အထား ခိုင်လုံနေပြီဖြစ်၍ မုဆိုးကြီးသုံးဦးသည် မျက်နှာဖြူလူမျိုး ဂွန်ဗီလျံနှင့် အပေါင်းအပါတစ်စုကို ရာဇဝတ်ဌာနသို့အပ်နှံရန် ဆုံးဖြတ်လိုက်လေ၏။

* * * *



## အခန်း (၁၁)

မုဆိုးကြီးဦးဒေဝသည် ငှင်းရခိုင်အမျိုးသားရွှေမောင်စိန်နှင့် အမှတ်မထင် ရင်းနှီးခင်မင်ခဲ့သော်လည်း သူ၏လူပုံပန်းသဏ္ဌာန်ကို ကြည့်၍ ထိုမျှကိုယ်စွမ်းကိုယ်စ ရှိလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပေ။ ယခုလို နေ့ရက်များစွာ အတူတကွ ခရီးရှည်သွားမိတော့မှ ဦးရွှေမောင်စိန်၏ အကျင့်စရိုက်၊ စိတ်ဓါတ်နှင့် ခံယူချက်များကို တအံ့တဩ သိလိုက်ရခြင်းဖြစ်သည်။

ရွာအဝင်သဲလမ်းပေါ် ခြေချမိစဉ်မှာတော့ နေရောင်စုန်းစုန်းမြုပ်သွားပြီး ညဦးယံအချိန် ဖြစ်နေလေပြီ။ ရွှန်းမြမြတောက်ပနေသည့် လရောင်ဖြင့် သဲလမ်းမကြီးမှာ ထင်းလျက်ရှိနေလေရာ သာယာအေးမြသည့် သဘာဝအလှတရားကို ခံစားရင်း မုဆိုးကြီးရွှေမောင်စိန်က လေချွန်သံဖြင့် ရခိုင်တေးသွားတစ်ပုဒ်ကို သီဆိုလေ၏။ မည်မျှပင် ကိုယ်စိတ်ပင်ပန်းပါစေ . . . ကိစ္စတစ်ခုပြီးမြောက်



www.burmeseclassic.com

www.burmeseclassic.com



လေတိုင်း ထိုသို့ပေါ့ပေါ့ပါးပါးနေတတ်သည့် အကျင့်စရိုက်ကို သိနေသည့် မုဆိုးကြီးစိန်ကျော်လှိုင်က သူ့သူငယ်ချင်းကိုကြည့်၍ သဘောကျစွာ ပြုံးနေလေ၏။

လေချွန်သံတေးသွားမှာ လေပြေနှင့်အတူ အဝေးသို့တိုင် ပျံ့လွင့်သွားပုံရ၏။ အတော်ဝေးဝေးဆီမှ သဲလမ်းတစ်လျှောက်ပြေးလာသည့် ခြေသံများကို အမှတ်မထင် သတိပြုမိကြ၏။ ခြေသံနှင့်အတူ ရွေ့လျားလာသည့် သဏ္ဌာန်တစ်ခုက နီးကပ်လာရာ . . .

"ဟင် . . ."

ရှေ့ဆုံးမှ လျှောက်လှမ်းနေသည့် မုဆိုးကြီးရွှေမောင်စိန်၏ ခြေလှမ်းမှာ တုန့်ကနဲ ရပ်တန့်သွား၏။ ထိုအခိုက် ရွေ့လျားလာသည့် သဏ္ဌာန်ရိပ်က သူ့ထံ တဲ့တိုးဝင်ရောက်လာတော့၏။

"ဖေကြီး . . ."

မုဆိုးကြီးသည် အနည်းငယ်မျှ ရှောင်ဖယ်ခြင်းမပြုသလို သဘောကျစွာရယ်ရင်း သူ့အား ပြေးဝင်ပွေ့ဖက်လာသည့် မိန်းကလေးကို ပြန်လည်ပွေ့ဖက်လိုက်လေ၏။ တကယ်တော့ ထိုမိန်းကလေးမှာ မုဆိုးကြီးရွှေမောင်စိန်၏လေချွန်သံကို အဝေးကပင် ကြားလိုက်ရသဖြင့် မြူးတူးခုန်ပေါက်ပျော်ရွှင်လျှက် ပြေးလာခဲ့သည့် ကြိုးကြာဟူသော သူ၏သမီးချောလေးဖြစ်၏။

"အဖေကြီး . . . အခုတစ်ခါသွားတာ သိပ်ကြာတာပဲ၊ ဒီလောက်ကြာနေမှတော့ ဖေကြီးသိပ်ပစ်ချင်တဲ့ ကျားကြီးတွေ ရခဲ့ပြီထင်တယ်"

မိန်းကလေးက သူ့ခန္ဓာကိုယ်ပေါ်မှ ဝန်စည်စလယ်အချို့ကို ကူညီသယ်ပိုးရင်း မေးလိုက်ရာ ဦးရွှေမောင်စိန်မှာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် သဘောကျစွာ ရယ်လိုက်ပြီး . . .





"ဟား . . . ဟား . . . ဟား . . . ဟုတ်တယ် . . . ဟုတ်တယ်၊ ငါ့သမီးပြောတာ မှန်တယ်၊ ဒါပေမယ့် ဒီတစ်ခါ ဖေကြီးပစ်တဲ့ တောကောင်က သမီးပြောတဲ့ ကျားထက်ဆိုးတဲ့ တောကောင်ကြီး သမီးရဲ့၊ အန္တရာယ်ကြီးလွန်းလို့ မောင်းတောမြို့အထိသွားပြီး ပုလိပ်လက်ထဲအပ်ခဲ့ရတယ်လေ"

ထိုစကားကြောင့် အပျိုပေါက်အရွယ်သမီးဖြစ်သူမှာ မျက်လုံးလေးအကြောင်သားနှင့် နားမလည်နိုင်အောင် ဖြစ်သွားလေ၏။ သူတို့နောက်တွင် ကပ်ပါလာသော ဦးစိန်ကျော်လှိုင်ကလည်း သဘောကျစွာ ရယ်လိုက်ရင်း . . .

"မောင်စိန်ကတော့ လုပ်လိုက်ပြန်ပြီ၊ ကလေးကို နောက်စရာမဟုတ် နောက်နေရသေးတယ်၊ ဒီလို မိကြိုးကြာရေ . . . ဒီတစ်ခါတို့မိတာ ကျားမဟုတ်ဘူးကွဲ့၊ ကျားထက်ဆိုးတဲ့ မိစ္ဆာကောင်ကြီး၊ သိပ်ဆိုးတာ"

"ဟင် . . . သိပ်ဆိုးတယ် ဟုတ်လား၊ အို . . . အဘတို့က လည်း ဒီလောက်ဆိုးတဲ့ အကောင်ကြီးကို ကြိုးကြာမြင်ဖူးအောင် ဖမ်းလာတာမဟုတ်ဘူး၊ အဲဒီအကောင်ကြီးကို အသေမိတာလား၊ အရှင်မိတာလား"

ဟု အပျိုပေါက်လေး မိကြိုးကြာက မျက်လုံးအဝိုင်းသားဖြင့် မေးလိုက်ရာ ထိုအခါမှာတော့ ရခိုင်အမျိုးသားမုဆိုးကြီးနှစ်ဦးမှာ လွန်စွာသဘောကျသွားပြီး တဝါးဝါး၊ တဟားဟား ရယ်လေတော့၏။

"ကဲ . . . ကျော်လှိုင်ရေ ငါတို့ဖမ်းခဲ့တဲ့ မိစ္ဆာကောင်ကြီး အကြောင်းကို မင်းကပဲ မိကြိုးကြာကို ရှင်းပြလိုက်ပါကွာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးစိန်ကျော်လှိုင်က ဟက်



www.burmeseclassic.com

www.burmeseclassic.com



ကနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"ကဲ . . . မိကြီးကြာ၊ လွန်ခဲ့တဲ့တစ်နှစ်က ညည်းအဖေနဲ့ မောင်းတောမြို့ကို ရောက်ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ရောက်ခဲ့ပါတယ်"

"အဲဒီတုန်းက ညည်းအဖေဆီက ဆတ်သားခြောက်ဝယ်ဖို့ မှာတဲ့ ပုဂ္ဂိုလ်ကြီးကိုမြင်တော့ ညည်းမအံ့ဩဘူးလား"

"အို . . . အံ့ဩရုံတင်လား အဘရယ်၊ ကြောက်လွန်းလို့ ကြည့်တောင်မကြည့်ဝံ့ဘူး၊ အသားက ပေါင်မုန့်မီးကင်ထားသလို ဖြူသလို နီသလို ပွယောင်းယောင်းကြီး၊ ပြီးတော့ အရပ်ကလည်း အရှည်ကြီးပဲ၊ အခုတောင် မျက်လုံးထဲမြင်မိလို့ ကြက်သီးတောင်ထတယ်၊ ဖေကြီးကတော့ အဲဒီလူကြီးကို မျက်နှာဖြူလူမျိုးကြီးလို့ပြောတယ်"

"အေး . . . အဘတို့ဖမ်းမိတဲ့ မိစ္ဆာကောင်ကြီးဆိုတာ အဲဒီ မျက်နှာဖြူကြီးနဲ့ အသားအရောင်တူ လူမျိုးတူကြီးပေါ့"

"ဟွန်း . . . အဘကလည်း အဲဒါဆို တိရစ္ဆာန်မှမဟုတ်ဘဲ၊ လူပဲပေါ့"

"အေး . . . လူတော့ လူပဲ၊ ဒါပေမယ့် လူစိတ်မရှိလို့ အဘတို့က မိစ္ဆာကောင်ကြီးလို့ ပြောတာပေါ့၊ ဒီကောင်ကြီးက အဘတို့ဒေသက ရှေးဟောင်းဘုရားစေတီပုထိုးတွေကိုဖျက်ပြီး ဌာပနာဖောက်နေတုန်း အဘတို့က ဖမ်းဆီးလိုက်တာလေ၊ တကယ့်လက်မတင်လေးပေါ့ သမီးရယ်၊ ဒါကြောင့် ကျူးထက်ဆိုးတဲ့ မိစ္ဆာကောင်ကြီးလို့ ပြောတာပေါ့"

တကယ်တော့ အပျိုပေါက်မလေးကြိုးကြာမှာ ဦးစိန်ကျော်လှိုင်ရှင်းပြသည့် ကိစ္စအပေါ်တွင် သူမအသိဉာဏ်ဖြင့် နားလည်သလို၊





နားမလည်သလို ဖြစ်နေခဲ့၏။ ဦးစိန်ကျော်လှိုင်ကလည်း သူမတို့ထိုထက်ပိုပြီး ပြည့်စုံအောင် ရှင်းပြနိုင်ခြင်း မရှိပေ။ သူနားလည်သလိုသာ ရှင်းပြခဲ့ခြင်း ဖြစ်၏။

သို့သော်လည်း ကြိုးကြာက သူမဉာဏ်မီသလောက် တွေးယူလက်ခံလိုက်သဖြင့် ထပ်မံ၍ စောဒက မတက်တော့ပေ။ သူမလက်ခံလိုက်သည်က အဘစိန်ကျော်လှိုင်ပြောပြသည့် မိစ္ဆာကောင်ကြီးမှာ လူဆိုး၊ သူခိုးကြီးဟူ၍ ဖြစ်၏။

ရွှန်းမြသော လရောင်တောက်တောက်ကြောင့် ခြံဝန်းကျယ်ကြီးတစ်ခုလုံး လင်းထင်းနေလေ၏။ သူတို့သည် အိမ်အတွင်းသို့ မဝင်သေးဘဲ ဝန်စည်စလယ်ပစ္စည်းများကို ကွပ်ပျစ်ပေါ်သို့ စုပုံတင်လိုက်ပြီး ၎င်းကွပ်ပျစ်ပေါ်မှာပဲ ခြေပစ်လက်ပစ် အနားယူကြတော့၏။

ခြံအနီးအပါးရှိ ဒေသခံများမှာ ရွာခလေ့ထုံးစံအတိုင်း လာရောက်နှုတ်ဆက်ကြသဖြင့် ဦးရွှေမောင်စိန်၏ခြံဝန်းကြီးမှာ အချိန်အနည်းငယ်အတွင်း ပျော်ရွှင်ဖွယ် စည်ကားသွားလေ၏။ အမျိုးသမီးအချို့က ဦးရွှေမောင်စိန်တို့ စားသောက်ရန် အလျင်အမြန် ချက်ပြုတ်နေသည့် ကြိုးကြာအား ကူညီလုပ်ကိုင်ပေးကြ၏။

ထိုသို့ရှိနေစဉ်မှာပဲ ဦးရွှေမောင်စိန်သည် တစ်စုံတစ်ဦးကို သတိရလိုက်မိ၍ အိမ်အတွင်းသို့ ဆတ်ကနဲ ခေါင်းငဲ့ကြည့်လိုက်ရာ သူ့သမီးကြိုးကြာကလည်း ပဲခြမ်းသုတ်ပန်းကန်လေးကိုကိုင်လျက် ရောက်လာသည်နှင့် ကြုံကြိုက်သွားသဖြင့် . . .

"မိကြီးကြာ . . . သမီးအစ်ကို မောင်မိုးစွေ မတွေ့မိပါလား စစ်တွေကိုလွှတ်ပြီး ရောင်းခိုင်းလိုက်တဲ့ ဆေးမြစ်တွေရော ဘာခြေအနေဘယ်လိုရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်ရာ ကြိုးကြာက အခြားသူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဖခင်အနီးမှာ ကျုံ့ကျုံ့လေး ဝင်ထိုင်ပြီးနောက်-

"သမီးလည်း အစ်ကိုကိစ္စကို ပြောချင်ပေမယ့် ခရီးရောက်မဆိုက်ဖြစ်နေလို့ နောက်နေ့မနက်မှပဲ ပြောမယ်လို့ စဉ်းစားထားတယ်၊ အခု . . . ဖေကြီးက မေးလိုက်တော့ ပြောရတော့မှာပေါ့"

ဟုစကားကို အစပျိုးရင်း သူ့အကို မိုးစွေအကြောင်းကို ရှင်းပြလိုက်ရာ ဖခင်ဖြစ်သူဦးရွှေမောင်စိန်မှာ အနည်းငယ်မျှ စိုးရိမ်ပူပန်မှုမရှိဘဲ ညီရင်းအစ်ကိုပမာ ခင်မင်သည့် ဦးစိန်ကျော်လှိုင်ကတော့ "ဟေ . . ." ဟူ၍ အာမေဋ္ဋိတ်သံပြုလျက် တအံ့တဩ ဖြစ်သွားလေ၏။

"ဘယ် . . . ဘယ်လို . . . မိကြိုးကြာ၊ စစ်တွေသင်္ဘောဆိပ်မှာ ဟုတ်လား၊ ဒါ . . . ဒါဆို ဒီကောင်အချုပ်ကျနေပြီပေါ့"

ကြိုးကြာက မျက်နှာငယ်လေးဖြင့် ဦးခေါင်းကို ဖြည်းဖြည်းခါရမ်းလိုက်ပြီး . . .

"အချုပ်ထက်ပိုဆိုးတာပေါ့ အဘရယ်၊ သူက အတော့်ကို ကြီးလေးတဲ့ပြစ်မှုကို ကျူးလွန်လိုက်သလို ဖြစ်သွားတာလေ၊ ကိုယ့်အမျိုးသားချင်းဖြစ်တဲ့ ပြဿနာမျိုး မဟုတ်ဘူး၊ မျက်နှာဖြူလူမျိုးဝန်ထောက်မင်းဆိုလား . . . ရာဇဝတ်အမှုထမ်းဆိုလား အဲဒီလိုလူကြီးကိုမှ ကိုယ်ထိလက်ရောက် စော်ကားလိုက်တာတဲ့၊ ဘူးသီးတောင်မြို့က ကိုဇော်ဝမ်းက မျက်မြင်တွေ့ခဲ့ရတယ်၊ သင်္ဘောဆိပ်မှာဆိုရင် အုံးအုံးကြွက်ကြွက် ဖြစ်နေတာပဲတဲ့၊ သူတောင် ကြည့်နေရင်းနဲ့ ကြက်သီးဖျန်းဖျန်း 'ထ'တယ်တဲ့၊ နောက်တော့ အစ်ကိုမိုးစွေကို အချုပ်မချဘဲ စစ်တွေထောင်ကို တန်းခေါ်သွားကြတယ်"

ကြိုးကြာ၏စကားသံလေးများက ပြောနေရင်းမှာပဲ သိသိ





သာသာ တုန်ရီနေ၏။ မုဆိုးကြီးစိန်ကျော်လှိုင်သည်လည်း ခရီးရောက်မဆိုက် ကြားလိုက်ရသည့် သတင်းကြောင့် အတော့်ကို စိတ်မသက်မသာ ဖြစ်သွားလေ၏။ တကယ်တော့ မောင်မိုးစွေနှင့် ကြိုးကြာဟူသော ကလေးငယ်နှစ်ဦးမှာ မိမိ၏သွေးသားရင်းနှင့်မခြား ချစ်ခင်တွယ်တာရသည့် ကလေးငယ်နှစ်ဦးဖြစ်သည်။

မိမိကသာ မောင်မိုးစွေအတွက် စိတ်မကောင်းဖြစ်နေသော်လည်း ထိုကလေး၏ဖခင် ဦးရွှေမောင်စိန်ကတော့ ဘာမှမထူးခြားသလို အေးအေးဆေးဆေး ရှိနေလေရာ ၄င်းအမူအရာကိုကြည့်ရင်း ဘဝင်မကျသည့် လေသံဖြင့် . . .

"ဝေး . . . မောင်စိန်၊ မင်းက ကိုယ့်သားတစ်ယောက်လုံး ထောင်ထဲရောက်နေတာတောင် အေးအေးဆေးဆေး အရက်သောက်နိုင်သေးတယ်ပေါ့၊ မောင်မိုးစွေအတွက် ဘာလုပ်ရမယ်ဆိုတာ နည်းနည်းမှ မစဉ်းစားဘူးလား"

ဟု ခပ်ဆတ်ဆတ်မေးလိုက်၏။ ထိုသို့မေးလိုက်မှ ဦးရွှေမောင်စိန်က အားပါးတရရယ်လိုက်ပြီး ဖန်ခွက်ထဲရှိအရက်ကို တစ်ချိုင့်တည့် မော့သောက်လိုက်၏။ ပြီးနောက် ပူပူနွေးနွေး အသားကင်တစ်ဖဲ့ကို ကောက်ယူဝါးစားရင်းက ပြောလိုက်သည့်စကားကြောင့် နားထောင်နေသူအားလုံး ပါးစပ်အဟောင်းသားဖြင့် တအံ့တဩဖြစ်သွားကြ၏။

"ဟား . . . ဟား . . . ဟား . . . မင်းပြောသလို ငါ့သားမိုးစွေကို အခုလို ပြဿနာဖြစ်တိုင်း စိုးရိမ်ပူပန်နေရမယ်ဆိုရင် ငါ နှလုံးရောဂါဖြစ်ပြီး သေတာကြာရောပေါ့ ကျော်လှိုင်ရာ၊ ငါ့သားအကြောင်း ငါအသိဆုံးပါ၊ ဒီကောင့်ရဲ့ မဟုတ်မခံ တရှူးထိုးဒုပ်တတ်တဲ့ စိတ်ဓါတ်ကို မင်းလည်း သိနေသားပဲ၊ ပြီးတော့ ဘယ်လိုအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



အကြပ်မျိုးနဲ့ ရင်ဆိုင်ရပစေ၊ ငါးရှဉ့်လို ရှောကနဲ ရုန်းထွက်နိုင်တဲ့ ကိုယ်စွမ်းကိုယ်စလည်း ရှိတယ်၊ အခုဖြစ်တဲ့ကိစ္စမှာ ငါစိတ်အဝင်စားဆုံးက သူနဲ့ထိပ်တိုက်ပြဿနာဖြစ်တဲ့ မျက်နှာဖြူကောင်ကြီး ဘယ်လောက်အထိနာသွားတယ် ဆိုတာပဲ"

နားထောင်နေကြသည့် အိမ်နီးနားချင်းတွေက ထိုစကားကြောင့် တအံ့တဩ ဖြစ်သွားကြသော်လည်း ဦးရွှေမောင်စိန်၏စိတ်သဘောထားအပေါ် ရုတ်ချည်းပင် သဘောပေါက်နားလည်သွားကာ ထိုအဖြစ်အပျက်အပေါ်တွင် ဂုဏ်ယူဝံ့ကြွားစွာ အားပါးတရ ပြောဆိုတော့၏။

ကြုံ့ကြုံ့လေး ထိုင်နေသည့် သမီးဖြစ်သူ ကြိုးကြာမှာလည်း အစ်ကိုဖြစ်သူ၏အကြောင်းကို ပြောသာပြောလိုက်ရပေမယ့် ဖခင်၏စိတ်ဓါတ်ကို သိထားပြီးဖြစ်၍ ထူးပြီးအံ့ဩခြင်း မရှိပေ။

စစ်တွေထောင်ထဲရောက်နေသည့် မိုးစွေသည်လည်း သူ့ဖခင်နှင့်မခြား ထူးခြားသော အမူအကျင့်၊ စရိုက်သဘာဝမျိုးရှိသူဟု ယူဆရပေလိမ့်မည်။

ထောင်ကျများသည် မည်သည့်နေ့တွင် လွတ်ရမည်ကို သိလိုပါက ထောင်ကျရုံးသို့သွားပြီး ရက်တွက်သည်ကို ဘုတ်တိုက်သည်ဟုခေါ်သည်။ ထောင်ကျတိုင်းလိုလို လွတ်ရက်နီးလာသောအခါ ဘုတ်တိုက်လေ့ရှိကြသော်လည်း မိုးစွေကား ဘုတ်တိုက်ရန် လုံးဝမစဉ်းစားသဖြင့် ပြောစမှတ်ပြုလောက်အောင် ထောင်ပျော်ကြီးဖြစ်နေတော့၏။

"မိုးစွေတို့ကတော့ တကယ့်ကောင်ပဲဟေ့၊ လွတ်ရက်တောင်မှ ဘုတ်မတိုက်ဘူး"

ထိုသို့ပြောကြသူများရှိသလို တစ်ချို့ကလည်း ဘုတ်တိုက်ရန် တိုက်တွန်းပြောကြသည်မှာလည်း မကြာခဏပင်။ မိုးစွေကတော့





ပြုံးလျက်ပင် ခေါင်းခါစမြဲဖြစ်၏။

မိုးစွေသည် ထောင်ဒဏ်ခြောက်လကို အကြီးလေးဆုံး ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။ ပြစ်မှုကတော့ ဝတ္တုရားနှောက်ယှက်မှုဖြစ်၏။

မိုးစွေသည် ဒေါက်တာသိဒ္ဓိဟူသော ထောင်ဆရာဝန်နှင့် မထင်မှတ်ဘဲ ညီရင်းအစ်ကိုပမာ ခင်မင်သံယောဇဉ်ဖြစ်ခဲ့ရ၏။ ဒေါက်တာသိဒ္ဓိ၏ စိတ်ရင်းစေတနာဖြင့် သွန်သင်ဆုံးမသည့် စကားများကို မှတ်သားနာယူရသည်မှာလည်း သူ့အတွက် လွန်စွာထူးကဲသည့် ဆုလာဘ်ကြီးလို ကျေနပ်နေမိ၏။

ဒေါက်တာသိဒ္ဓိဟူသော ဆရာဝန်လူရွယ်လေးကလည်း အရွယ်နှင့်မလိုက်အောင် ဉာဏ်အမြော်အမြင်ကြီးမားသူဟု သတ်မှတ်ရမည်ဖြစ်၏။ စကားအပြောအဆို သိမ်မွေ့ဖြင်သာသလို လူ့အရိပ်အကဲကိုလည်း ကောင်းစွာခွဲခြားနားလည်နိုင်စွမ်း၏။

သူသည် မိုးစွေကို မြင်ကတည်းက မိုးစွေ၏ပင်ကိုယ်စရိုက်၊ စိတ်နေသဘောထားကို ကောင်းစွာသိနားလည်ခဲ့၏။ သူကျင်လည်နေသည့် အဝန်းအဝိုင်းမှာ လူ့အသိုင်းအဝန်းက ရွံရှာစက်ဆုတ်သည့် ထောင်ကျအကျဉ်းသားများ စုဝေးရာဖြစ်သည့်အတွက် လူအမျိုးမျိုး၊ စရိုက်အထွေထွေ ရှိကြသူများဖြစ်၏။

မိုးစွေသည် ထိုသူများတွင် တစ်မူထူးခြားသူဖြစ်သည်။ အထူးသဖြင့် မိမိနှင့် စရိုက်သဘာဝတူညီသည့် အတွေးအခေါ်မျိုးရှိသည်။ သို့ကြောင့်လည်း သူတို့နှစ်ဦးမှာ ရက်အနည်းငယ်အတွင်း ညီရင်းအစ်ကိုပမာ ခင်မင်ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။

"ဒီလိုရှိတယ် ညီလေးမိုးစွေ၊ လူတွေက ထောင်ကျတဲ့အသံကြားလိုက်တာနဲ့ ကြောက်လန့်ကြတယ်၊ နှာခေါင်းရှုံ့ကြတယ်၊ အချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျတဲ့ လူ၊ ထောင်ကျတဲ့ လူကိုလည်း လူ့အသိုင်းအဝန်းက အထိတ်တလန့် ရှောင်ဖယ်ကြတယ်၊ ကိုယ်ချင်းစာစိတ်နဲ့ ဖေးမလက်တွဲဖို့ဆိုတာထက် ပြစ်တင်ကဲ့ရဲ့တာမျိုးပဲ လုပ်ကြတယ်၊ မင်းတော့ ကြားဖူးလိမ့်မယ်မထင်ဘူး၊ မြို့ပြက လူငယ်တွေ . . . အထူးသဖြင့် ရန်ကုန်မြို့ကြီးက လူငယ်တွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ စကားတစ်ခွန်းရှိတယ်၊ ညစ်တွန်း့တွန်းတယ် ဆိုတဲ့စကားပေါ့၊ တွေးရင်တွေးသလောက် အဓိပ္ပါယ်ရှိလွန်းလို့ ငါတော့ အဲဒီစကားလေးကို အရမ်းသဘောကျတယ် . . .။

ညစ်တယ်ဆိုတာ ဘာလဲ၊ လူတစ်ယောက် ထွက်ပေါက်မရှိလောက်အောင် စိတ်ရောကိုယ်ပါ ပင်ပန်းဆင်းရဲနေတဲ့ သဘောပေါ့၊ အဲဒီလိုအချိန်မျိုးမှာ အရာရာကို စဉ်းစားချင့်ချိန်နိုင်စွမ်းမရှိလောက်အောင် စိတ်ခါတ်ပျက်ပြားနေပြီ၊ ဘာနဲ့သဏ္ဍာန်တူသလဲဆိုရင် တိရစ္ဆာန်တစ်ကောင်ဟာ ထွက်ပေါက်ပိတ်နေတဲ့ လှောင်အိမ်ထဲရောက်ရှိနေသလို အခြေအနေမျိုး ထိတ်လန့်ကြောက်ရွံ့ခြင်းနဲ့ ရဲစွမ်းသတ္တိရှိခြင်းဆိုတဲ့ အစွန်းနှစ်ဖက်ကို တစ်ပြိုင်တည်း ခံစားနေတဲ့ အခြေအနေလို့ ပြောလို့ရတယ် . . .။

အကြောက်လွန်ရင် ရဲစွမ်းသတ္တိပြင်းထန်သလို၊ ရဲစွမ်းသတ္တိပြင်းထန်လွန်းရင်လည်း အဆုံးစွန်ကြောက်ရွံ့တတ်ကြတယ် ဆိုတဲ့ အဓိပ္ပါယ်မျိုးပေါ့၊ ထွက်ပေါက်ပိတ်လို့ အကြောက်လွန်နေတဲ့ တိရစ္ဆာန်တစ်ကောင်ဟာ အဲဒီလိုအခြေအနေမျိုးမှာ အသက်စွန့်ပြီး ရဲစွမ်းသတ္တိရှိသွားတတ်တယ်၊ ဒါက ဥပမာအနေနဲ့ ပြောတာပါ။

စောစောက ငါပြောခဲ့တဲ့ ညစ်တွန်းတွန်းတယ်ဆိုတဲ့ သဘောကလည်း အဲဒီဥပမာလေးလိုပဲ၊ ချောင်ထဲရောက်သလို ညစ်နေတဲ့ လူတစ်ယောက်ဟာ အဲဒီညစ်တဲ့ စိတ်ခံစားမှုကြောင့် လူ့အဖွဲ့အစည်း





ကြီးထဲမှာ မလုပ်သင့်၊ မလုပ်ထိုက်တဲ့ အလုပ်တွေ ပြုလုပ်ဝံ့ကြတယ်၊ တုန့်ပြန်လာတဲ့ လုပ်ဆောင်မှုတွေက အကောင်းထက် အဆိုးဘက်ကို ရောက်သွားတာများတယ်၊ တစ်ချို့ထောင်ကျအကျဉ်းသားတွေဟာ လူ့အဖွဲ့စည်းကြီးထဲရောက်ပြီး ညစ်တွန်း့တွန်းကြရင်းက ထောင်ဟာ သူတို့အတွက် အိမ်ဦးနဲ့ကြမ်းပြင်ဆိုသလို ဝင်ချည်ထွက်ချည်ဖြစ်နေကြရတယ်၊ အင်မတန် စိတ်မကောင်းစရာ အဖြစ်မျိုးပေါ့ကွာ။

အဲဒီလိုဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းတရားက တို့လူ့အဖွဲ့အစည်းကြီးက သူတို့အပေါ်မှာထားတဲ့ အမြင်၊ အယူအဆတွေ လွဲမှားနေကြလို့ပဲ၊ သူတို့ဟာ ထောင်ထွက်တွေ၊ ဆိုးသွမ်းမိုက်မဲသူတွေဆိုပြီး ရှောင်ကြဉ်ကြတယ်၊ ပြင်ပလောကမှာသာ မဟုတ်ဘူး၊ ထောင်ထဲမှာလည်း ကြီးနိုင်ငယ်ညှင်းလူမဆန်တဲ့ အမူအကျင့်တွေကို ခံကြရတယ်၊ ဒီလိုနဲ့ သူတို့ဟာ လူ့လောကဝန်းကျင်ရဲ့ချောင်ထဲကို ရောက်မှန်းမသိရောက်သွားပြီး နောက်ဆုံးမှာ ညစ်တွန်း့တွန်းကြရင်းက သူတို့ဘဝဟာ အဆုံးသတ်မလှပတဲ့ အဖြစ်မျိုးနဲ့ နိဂုံးချုပ်ကြရတယ်။

ထောင်ဆရာဝန်ဘဝနဲ့ ဖြတ်သန်းနေရတဲ့ ငါ့ဘဝမှာ ငါ့ရဲ့နှလုံးသားကို အပြင်းအထန်ဆုံး ထိခိုက်ခံစားစေတဲ့ အကြောင်းတရားဟာ အဲဒီကိစ္စပဲ မိုးစွေ . . .၊ ဒါပေမယ့် ငါဘာလုပ်နိုင်သလဲ၊ ငါလုပ်နိုင်တာဘာရှိလဲ၊ ဘယ်လိုရှုထောင့်က မေးခွန်းထုတ်ထုတ် အဖြေကဇီးရိုးပဲလေ၊ ဒါဆိုရင် ခင်ဗျားမတတ်နိုင်တာကြီးကို ဘာဖြစ်လို့ စိတ်ဒုက္ခခံပြီး တွေးနေရသလဲလို့ မေးစရာဖြစ်ကောင်းဖြစ်မယ်၊ အဲဒီအတွက်တော့ ငါပြောနိုင်တာရှိပါတယ်၊ အဲဒီလို ဘဝအမှောင်ထဲမှာ မလှပတဲ့ နိဂုံးချုပ်ခဲ့ကြရသူတွေဟာ ဘယ်သူတွေလဲ၊ တို့တိုင်းပြည်ထဲက တို့နိုင်ငံသားတွေဖြစ်လို့ ကိုယ့်လူမျိုးအတွက် ကိုယ်ချင်းစာမိလို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့လိုပဲ တစ်ခြားလူတွေကို အဲဒီအတွေးမျိုး တွေးစေချင်တယ်။

လူတွေ သတ်မှတ်ထားကြတဲ့ ထောင်ဆိုတဲ့ အကျဉ်းစခန်းကြီးဟာ တကယ်တော့ လူ့အဖွဲ့အစည်းကြီးရဲ့ စက်ဆုတ်ရွံရှာဖွယ် မိစ္ဆာဘုံကြီး မဟုတ်ပါဘူး၊ ငရဲခန်းကြီးလည်း မဟုတ်ပါဘူး၊ အဲဒါမျိုး ဖြစ်လည်း မဖြစ်သင့်ပါဘူး၊ မြင်လည်း မမြင်သင့်ပါဘူး၊ တကယ်ဖြစ်သင့်တာ ဖြစ်ရမှာက ထောင်ဆိုတာဟာ ပြစ်ဒဏ်ကျခံရသူတွေကို လူကောင်းသူကောင်းဘဝမျိုး ပြန်လည်ရောက်ရှိအောင် ကိုယ်ရော စိတ်ပါ တည့်မတ်သွားအောင် စွမ်းဆောင်ပေးတဲ့ ပြုပြင်ပြောင်းလဲရေးအလုပ်ရုံကြီး (Recreation Centre) ဖြစ်ရမယ်၊ အပြစ်ကျူးလွန်တဲ့ ထောင်ကျအကျဉ်းသားဟာ အပြစ်ဒဏ်လွတ်ကင်းပြီး ပြင်ပလူ့အဖွဲ့အစည်းကြီးထဲမှာ စိတ်သစ်လူသစ်ဘဝမျိုးနဲ့ ရပ်တည်နိုင်ဖို့ အဲဒီအကျဉ်းသားရဲ့ အတွေးများ၊ အယူအဆများတွေကို မှန်ကန်ကောင်းမွန်တဲ့ လမ်းကြောင်းပေါ် ရောက်အောင် လေ့ကျင့်သင်ကြားပေးရမယ်။

ငါ့စကားတွေက သိပ်ကို စိတ်ကူးယဉ်ဆန်သလို ဖြစ်မနေဘူးလား၊ ကြောင်တောင်တောင်နဲ့ စိတ်ကူးတည့်ရာ ပြောဆိုနေသလို လူရယ်စရာကြီး ဖြစ်နေမယ်ဆိုတာ ငါသိပါတယ်၊ ဒါကြောင့်လည်း ငါတစ်ကိုယ်တည်း ခံစားနေရတဲ့ အဲဒီကိစ္စကို အခုလိုပြောမိတာ မင်းတစ်ယောက်တည်းပဲ ရှိသေးတယ် မိုးစွေ . . .။

ဒါပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ငါ့အတွေး၊ ငါ့မျှော်လင့်ချက်တွေ မလွဲသေချာဖြစ်လာမယ်လို့ ငါယုံကြည်တယ်၊ ဘယ်နေ့ ဘယ်ကာလဆိုတာသာ မပြောနိုင်ပေမယ့် အဲဒီလို လူပီသတဲ့၊ လူ့အခွင့်အရေးတွေ အပြည့်အဝရရှိမယ့် ထောင် ဒါမှမဟုတ် ပြုပြင်ပြောင်းလဲရေးအလုပ်ရုံကြီး (Recreation Centre) အဖြစ် ပြောင်း





ကိုပြောင်းလဲသွားရမယ်၊ ဒီ . . . မိစ္ဆာဘီလူး ဗြိတိသျှအာဏာရှင်တွေ ကြီးစိုးနေသမျှတော့ ပြောင်းလဲဖို့ အိပ်မက်တောင် မက်နိုင်မှာ မဟုတ်ဘူး၊ ငါ့အထင်ပေါ့ကွာ၊ တစ်ချိန်ချိန် တို့တိုင်းပြည်လွတ်လပ်ရေးရလို့ တို့လူမျိုးတွေသာ အုပ်ချုပ်ခွင့်ရကြပြီဆိုရင် မင်းတို့အပြစ်ဒဏ်ကျခံနေရတဲ့ ထောင်ဆိုတဲ့ မိစ္ဆာဘုံကြီးလည်း တကယ့်ဘဝတက္ကသိုလ်ကြီး အဖြစ် အသွင်ပြောင်းသွားလိမ့်မယ်လို့ ငါအပြည့်အဝ ယုံကြည်တယ်၊ အဲဒီအချိန်ကာလဆိုတာ နောင်နှစ်ငါးဆယ်မှာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် နှစ်တစ်ရာ၊ နှစ်ရာ . . .၊ အဲဒီထက်မက နှစ်တစ်ထောင်ရောက်မှ ဖြစ်ချင်ဖြစ်မယ်၊ သေချာတာကတော့ မလွဲမသွေ ဖြစ်ကိုဖြစ်ရလိမ့်မယ် . . . "

လူငယ်ဆရာဝန်ကလေး ဒေါက်တာသိဒ္ဓိသည် ပင်ကိုယ်အားဖြင့် အနေအထိုင် အေးဆေးတည်ငြိမ်သလို လွန်စွာစကားနည်းသူဖြစ်၏။ လိုအပ်မှသာ လိုအပ်သလောက်ကိုသာ စကားပြောသူဖြစ်သည်။ သို့သော်လည်း မိုးစွေကိုတော့ သူသည် ထိုသို့သော သူ၏ခံစားချက်များကို အခါအခွင့်သင့်လျှင်သင့်သလို တရင်းတနှီး ပြောတတ်သည်မှာ မိုးစွေအပေါ် ထားသည့် သူ၏ရင်းနှီးကျွမ်းဝင်မှုကို ဖော်ပြလိုက်ခြင်းဟု ယူဆရမည်ဖြစ်၏။

ဘာသာတရားနှင့် ပတ်သက်၍လည်း မိုးစွေဉာဏ်ရည်ဖြင့် သဘောပေါက်နားလည်လွယ်သည့် အသုံးအနှုန်းမျိုး ရွေးချယ်ပြောဆို၏။ အထူးသဖြင့် ဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဥပမာများနှင့်တကွ ရှင်းပြပြောဆို၏။ ထို့မှသာမက မိုးစွေသည် သူ့ကျွန်ဘဝရောက်ရခြင်းကြောင့် လူမျိုး၊ ဘာသာသာသနာမှအစ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသဖြင့် ဆုံးရှုံးခဲ့ရသည်များကိုလည်း သဘောပေါက်နားလည်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . မိုးဆွေ၊ မနက်ဖြန် နင် . . ထောင်ကလွတ်ပြီလေ"

ထောင်မင်းသား၊ ခါးပြဖိုလ်၊ ရှစ်မှတ်ဗာယာ ငွေတိုးက ထောင်ထွက်သတင်းကို သိသိချင်း အားရဝမ်းသာလေသံဖြင့် ပြောလိုက်သော်လည်း မိုးဆွေမှာ ထိုသတင်းသိထားပြီးဖြစ်ကြောင်း၊ ထိုသို့သတိပေးသည့်အတွက် ကျေးဇူးတင်ကြောင်းကို တုန့်ပြန်ပြောလိုက်၏။ သို့သော်လည်း ရှစ်မှတ်ဗာယာ ငွေတိုးမှာ မိုးဆွေ၏အေးစက်စက် အမူအရာကြောင့် နားမလည်နိုင်ဖြစ်သွားပြီး . . .

"ဟော့ကောင် . . . မိုးဆွေ၊ မင်းကြည့်ရတာ အူကြောင်ကြောင်နဲ့၊ ဒီသတင်းက တို့အကျဉ်းသားတွေအတွက် အိုင်ယာလန်ထီပေါက်သလို ကတယ်ပျော်ဖို့ကောင်းတာကွ"

နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကွေးပြုံးရင်း ပြန်ပြောလိုက်သည့် မိုးဆွေစကားကြောင့် ထောင်မင်းသားကြီးငွေတိုးမှာ ပါးစပ်ဟလျက် တအံ့တဩ ဖြစ်သွားတော့၏။

"ဟေ . . . ဘယ် . . . ဘယ်လို . . . ထင်သလောက် မပျော်ဘူး ဟုတ်လား"

ဟုတ်တယ်ဗျ၊ ကျွန်တော်ဟောင် ဒီမနက်ပဲ အဲဒီအကြောင်းကို တွေးနေသေးတယ်၊ နောက်ထပ် ခြောက်လ၊ တစ်နှစ်လောက် ထောင်ထဲမှာနေရရင် သိပ်ကောင်းမှာပဲလို့၊ ခင်ဗျားတို့အတွက်တော့ မသိပေမယ့် ကျွန်တော့်အတွက်တော့ ဒီထောင်ကြီးဟာ ကျွန်တော်မသိဘူး၊ မကြားဖူးခဲ့တဲ့ အသိတွေ၊ အတတ်တွေ အများကြီးလေ့လာမှတ်းဘားရလို့ တကယ့်ကျေနပ်စရာကြီးပေါ့၊ ဆရာသိဒ္ဓိပြောသလို ဆိုရင် တကယ့်ဘဝတက္ကသိုလ်တက်နေရသလိုပဲ"

"ကောင်းရောကွာ၊ ငါ ထောင်ထဲမှာ နေလာတာ မင်းတစ်သက်မက ရှိတော့မယ်၊ မင်းလိုစကားမျိုး ဘယ်သူမှ မပြောကြဘူး၊





တစ်နေ့၊ တစ်ရက်၊ တစ်စက္ကန့်တောင် နေချင်စိတ်မရှိတဲ့ ဒီလိုနေရာကို မင်းက ဘာ . . ဘဝတက္ကသိုလ်ကြီး ဟုတ်လား၊ ဟား . . . ဟား . . . ဟား . . . မိုးဆွေရာ . . . မင်းအတော်ရယ်ရတဲ့ ကောင်ပဲ"

ဟုပြောပြီး အားပါးတရ ရယ်လေ၏။ ထိုသို့ရယ်ပြီးသည်နှင့် သူက ဆက်၍ . . .

"အဲဒီလို ဆန္ဒရှိရင်တော့ မင်းကို ငါအကောင်းဆုံးအကြံပေးတယ်၊ ထောင်ဗူးဝက ထွက်တာနဲ့ လမ်းမှာတွေ့တဲ့ လူတစ်ယောက်ရဲ့ခေါင်းကို ရိုက်ခွဲလိုက်၊ အဲဒါဆိုရင် မင်းဆရာသိဒ္ဓိနဲ့ ကိုညိုဇံတို့ကို ပြန်တွေ့ရပြီမှတ် . . ."

"ဟော့ကောင်ကြီး ငွေတိုး၊ ကောင်လေးကို မဟုတ်တာတွေ မြှောက်ပြီး နောက်မနေစမ်းပါနဲ့ကွာ"

အနားတွင်ရှိနေသော ဗာယာညိုဇံက မနေသာသဖြင့် ဝင်ပြီးဟန့်တားလိုက်လေ၏။ ထောင်မင်းသားငွေတိုးက သဘောကျ မပြေသေးသည့် ပြုံးစိစိ အမူအရာဖြင့် . . .

"မြှောက်နေတာ မဟုတ်ပါဘူး ကိုညိုဇံရာ၊ ဒီကောင့်လုပ်ပေါက်လည်း ကြည့်ဦးလေ၊ ဒါကြောင့် သူဖြစ်ချင်တဲ့ ဆန္ဒပြည့်ဝမယ့် အမြန်ဆုံးနည်းလမ်းကို ပြောလိုက်တာပါ"

ဟုပြောလေရာ ထိုအခါမှာတော့ မိုးဆွေလည်း သူတို့နှင့် အတူ ရောနှောရယ်မိလေ၏။

ထောင်အတွင်း တစ်နေ့တာလှုပ်ရှားမှုဖြင့် စတင်သက်ဝင်သည့်အချိန်မှာ နံနက်ငါးနာရီခွဲအချိန်ဖြစ်၏။ ထိုအချိန်ရောက်သည်နှင့် ထောင်မှူးဝါဒါများရောက်လာပြီး "ဂျလောက် . . . ဂျလောက်" ဆိုသော သော့ခလောက်လှုပ်သံများ၊ အိပ်နေသော ထောင်ကျသူများအား ထ,ထိုင်တန်းစီခိုင်းခြင်းတို့ ပြုလုပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်နှင့် မရှေးမနှောင်းမှာဘဲ မိုးစွေသည် ထောင်မှတ်ပုံတင်ရုံးခန်းအတွင်း ရောက်ရှိနေပြီဖြစ်၏။ ထောင်နံပါတ်စစ်ဆေးသည့်ကိစ္စမှာ မိနစ်အနည်းငယ်အတွင်း ပြီးစီးသွားလေရာ နောက်ဆယ်မိနစ်ခန့်အကြာမှာတော့ မိုးစွေသည် ထောင်ဗူးဝတံခါးကြီး၏ အပြင်ဘက်သို့ ရောက်ရှိသွားတော့၏။

မိုးစွေသည် ရုတ်တရက် ယောင်ချာချာ ဖြစ်နေသေး၏။ ထို့နောက် သူသည် ခြောက်လတင်းတင်းပြည့်အောင် နေခဲ့ရသောထောင်ကြီး၏ကျားပါးစပ်ကြီးအား နှုတ်ဆက်ခြင်းအနေဖြင့် ပြန်လှည့်ကြည့်လိုက်စဉ် ရုတ်တရက် တအံ့တသြဖြင့် ပါးစပ်ပင် ဟသွားလေ၏။

"ဟင် . . . ဆရာ . . . ဆရာသိဒ္ဓိ . . ."

သူ့ခြေလှမ်းများမှာ လျှင်မြန်သောအဟုန်ဖြင့် ရွေ့လျားသွားရာ အနားသို့ရောက်သည်နှင့် . . .

"ဆ . . . ဆရာသိဒ္ဓိ . . ."

ဆိုင်ကလေးမှာ မီးအိမ်များချိတ်ဆွဲပြီး အစားအသောက်အချို့ပင် ကြော်လှော်နေသဖြင့် သူတို့သည် တိုင်ပင်ထားသည့်အလား ထိုဆိုင်လေးအတွင်း ဝင်လိုက်ကြ၏။

စားပွဲတွင် ထိုင်မိကြ၍ အစားအသောက်များကို စောင့်ဆိုင်းရင်း မိုးစွေသည် ဒေါက်တာသိဒ္ဓိကို မသိမသာ အကဲခတ်နေမိ၏။ မိမိကသာ ညီရင်းအစ်ကိုပမာ ခင်မင်ခဲ့ရသူနှင့် ခွဲခွာရမည်ဖြစ်၍ စိတ်မသက်မသာခံစားနေရပြီး အမူအရာပျက်နေသော်လည်း ဒေါက်တာသိဒ္ဓိကတော့ ထူးထူးတဲကဲ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း စသဖြင့် ခံစားနေရဟန်မတူပေ။

မိုးစွေသည် ပူပူနွေးနွေး ဆမူဆာကို စားနေရင်းက . . .





"ကျွန်တော် . . . ဆရာနဲ့ခွဲခွာရတာ စိတ်မကောင်းဖြစ်မိတယ် ဆရာ"

ဟု သူ့ရင်ထဲ၌ အမှန်ဖြစ်တည်နေသည့်အတိုင်း ပြောလိုက်မိရာ ဒေါက်တာသိဒ္ဓိက သူ၏ဟန်အတိုင်း သိမ်မွေ့သော လေသံဖြင့်-

"တရားသဘောနဲ့ ဆင်ခြင်ပေါ့ မိုးစွေရာ၊ ငါတို့လို မိတ်ဆွေအပေါင်းအသင်းတွေ မဆိုထားနဲ့ တအူတုံဆင်းမွေးတဲ့ မောင်ရင်း၊ ညီရင်းတွေလည်း အချိန်တန်ခွဲရတာပဲ၊ သားသမီးနဲ့မိဘ၊ လင်နဲ့မယားလည်း ဒီအတိုင်းပဲပေါ့၊ ရှင်လျက်ခွဲရကွဲရ၊ ဒါမှမဟုတ် သေကွဲ၊ တစ်နည်းနည်းနဲ့တော့ ကွဲရတာချည်းပဲ မဟုတ်လား၊ တို့တွေဆိုတာက ဘာဟုတ်သေးလို့လဲ မောင်မိုးစွေရာ"

"ဆရာရယ် . . . ကျွန်တော်လိုကောင်အဖို့ တရားဆိုတာ မော်မကြည့်နိုင်လောက်အောင် ဝေးလှပါတယ်၊ ဆရာ ကျွန်တော့်ကို ဆုံးမဖူးသလို ရင့်ကျက်မှုရှိဖို့တောင် အတော့်ကို ကြိုးစားလေ့ကျင့်ရဦးမှာပါ"

"ဟုတ်တယ် . . . မောင်မိုးစွေ၊ အဲဒါကို မင်းမဖြစ်မနေ လေ့ကျင့်ကြိုးစားရမယ်၊ ဒါမှ လူ့လောကအသိုင်းအဝန်းမှာ အရာရာတို ဉာဏ်ပညာနဲ့ ကြည့်မြင်နိုင်မယ်၊ အဲဒီလို ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်မှသာ မကောင်းတာကို ရှောင်နိုင်မယ်၊ မကောင်းတာမှန်သမျှ နှလုံးသားမှာ ခံစားတာမျိုး မရှိတော့သလို မကောင်းတဲ့ အကျင့်စရိုက်တွေနဲ့လည်း ကင်းကွာနိုင်မယ်၊ ဒါနဲ့ မောင်မိုးစွေ . . . မင်းရဲ့အသက်၊ မွေးလ၊ ရက်၊ အချိန်တွေကို အလွတ်မှတ်မိသလား"

စကားလမ်းကြောင်းပြောင်းပြီး ကောက်ကာငင်ကာ မေးလိုက်သည့် ဒေါက်တာသိဒ္ဓိစကားကြောင့် မိုးစွေမှာ ရုတ်တရက်ကြောင်ငေးသွားရာမှ ကပျာကယာ ခေါင်းငြိမ့်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ကဲ့ . . . မှတ်မိပါတယ် ဆရာ . . ."

ထိုအခါ ဒေါက်တာသိဒ္ဓိက ကုတ်အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး မိုးစွေပြောပြသည့် အချက်အလက်များကို ရေးမှတ်လေ၏။ ထို့နောက် အတန်ကြာမျှ ဟိုသည်ရေးဖြစ်နေလေရာ မိုးစွေလည်း မည်သည့်စကားမျှမဆိုဘဲ ဒေါက်တာသိဒ္ဓိကို ငေးမောကြည့်နေလိုက်၏။

"သိပ်ကောင်းတဲ့ ဇာတာပဲကွာ၊ အင်း . . . ဒါကြောင့်လည်း မင်းရဲ့စိတ်ဓါတ်နဲ့ စရိုက်သဘာဝက ထူးခြားနေတာပေါ့"

ဟု စကားကို အစပျိုးလိုက်ပြီး ၄င်းစာရွက်ပေါ် ခဲတံလေးဖြင့် ထောက်လိုက်ပြီး . . .

"တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေးနဲ့ သောကြာဂြိုလ်လေးခုဟာ ဥစ္စာအိမ်၊ နစ်ဟံသာမှာတည်တယ်၊ ပယ်စု၊ ပွားစုကလည်း လွတ်တယ်ဆိုတော့ ကိုယ့်ရဲ့ဥစ္စာသက်ကို အကုန်ယူရတယ်၊ အားလုံးပေါင်း ပဲ့ရမာဟုအသက်ဟာ ၁၂၀ နဲ့ ၅ ရက်အစွန်းရတယ်၊ မောင်မိုးစွေရဲ့ဇာတာပုံကို ဗြိုပကဇ်ဆရာတွေရဲ့ ဗေဒင်ကျမ်းတွေအတိုင်း ချကြည့်တော့ အတော့်ကို ကျေနပ်အားရဖို့ကောင်းတယ်၊ အင်း . . . မိုးစွေ . . . ညီလေး . . . မင်းဟာ ဘယ်လိုဘေးဒုက္ခမျိုးတွေကြုံရပါစေ၊ ကျော်လွှားလွန်မြောက်ပြီး အသက်တစ်ရာကျော်နေရလိမ့်မယ်၊ ကဲကြည့် . . . လက်စနဲ့ မထူးပါဘူး၊ မင်းရဲ့လက်ဖဝါးကို ပြစမ်းပါဦး"

ဟုပြောလိုက်သည်နှင့် မိုးစွေကလည်း သူမြင်သာအောင် လက်ဝါးကို ဖြန့်ပြလိုက်၏။ ဒေါက်တာသိဒ္ဓိသည် မိုးစွေ၏လက်ကို တစိမ့်စိမ့် စူးစိုက်ကြည့်ပြီး . . .

"အားနည်းတာကတော့ အာယုလေခပဲ၊ အင်္ဂါဂြိုလ်ခုံမှာ





သည်း လေးထောင့်အကွက်လေးတွေ ရှိနေတော့ နောက်ထပ်တောင် အလီလီကျမယ့်ပုံပဲ၊ အဲ . . . ငါပြောတာတွေကို အမှန်ချည်းပဲ ယူဆပြီး ဥပါဒါန်မထားနဲ့နော်၊ နှလုံးလမ်းကြောင်းအရ အကဲဖြတ်ရမယ်ဆိုရင် အချစ်ရေးနဲ့ ပူဆွေးမှု၊ ဒါမှမဟုတ် ကြီးကြီးမားမား စိတ်လှုပ်ရှားမှုမျိုး ကြုံတွေ့ရဖို့ ရှိတယ်"

မိုးစွေသည် ဒေါက်တာသိဒ္ဓိပြောသမျှကို တစ်စုံတစ်ရာ တုန့်ပြန်မေးခွန်းထုတ်ခြင်းမျိုးမပြုဘဲ အံ့သြသည့် မျက်ဝန်းဖြင့်သာ ငေးကြည့်နေမိသည်။ ဒေါက်တာသိဒ္ဓိလို ဆရာဝန်တစ်ယောက်က ဗေဒင်လက္ခဏာအကြောင်းကို တခန်းတနား ပြောဆိုနေသောကြောင့် ဖြစ်သည်။

ထို့နောက် သူတို့နှစ်ဦးသည် အခြားသော ထွေရာလေးပါးအကြောင်းများကို လက်ဖက်ရည်တစိမ့်စိမ့်သောက်ရင်း ပြောဆိုနေခဲ့မှာပဲ နံနက်ခင်းလင်းအာရုဏ်ရောင်ခြည်မှာ တဖြည်းဖြည်း လင်းဖွင့်လာပြီး သွားလာလှုပ်ရှားသူများဖြင့် စည်ကားလို့လာ၏။

"ကဲ . . . မောင်မိုးစွေ၊ ဒီအချိန်ကစလို့ မင်းရဲ့ဘဝလည်း တိုလူတွေလို လွတ်လပ်စွာ လှုပ်ရှားရှင်သန်နိုင်ပြီ၊ အချိန်တန်တော့လည်း ကိုယ့်လမ်းကိုယ်လျှောက်ကြရတာပဲကွာ၊ ကိုင်း . . . မောင်မိုးစွေ၊ မင်းလည်း လိုရာခရီးကို သွားပေတော့ . . ."

ဟုစကားကို အဆုံးသတ်လိုက်ရာ မိုးစွေလည်း လွန်စွာရိုကျိုးသည့် အမူအရာဖြင့် ထိုင်ရာကထ၍ ဒေါက်တာသိဒ္ဓိကို ရှိခိုးသိုက်လေ၏။ ပြီးနောက် . . .

"ကျွန်တော် သွားတော့မယ် ဆရာ"

"အေး . . . အေး . . . သွား . . . သွား . . . မောင်မိုးစွေ ငင်းမှာ အသက်ရှည်မယ့်ဇာတာရှိတယ်၊ မင်းပြစ်မင်းဒဏ်နဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့ရှိပေမယ့် ဥပါဒါန်တော့ မဖြစ်လေနဲ့၊ လောဘမီး၊ မောဟမီးကို ငြိမ်းသတ်ဖယ်ရှားနိုင်ရင် ဘယ်လိုဘေးဥပါဒ်မျိုးမှ ကျရောက်မှာ မဟုတ်ဘူး၊ မင်းအတွက် အရေးကြီးဆုံးကတော့ ဒေါသမီးပဲ မောင်မိုးစွေ၊ အတတ်နိုင်ဆုံး ထိန်းချုပ်ပါကွယ်"

* * * *



## အခန်း (၁၂)

မိုးစွေသည် စစ်တွေသင်္ဘောဆိပ်တွင် မတရားအနိုင်ယူစော်ကားနေသည့် မျက်နှာဖြူလူမျိုးအင်စပက်တော်တစ်ဦးကို လက်တုန့်ပြန်လိုက်ရာမှ စစ်တွေထောင်၌ ပြစ်ဒဏ်ကျခံလိုက်ရခြင်း ဖြစ်သည်။

တကယ်တော့ မိုးစွေသည် အကြောင်းကိစ္စတစ်ခုကို ခြေခြေမြစ်မြစ် သိနားလည်ခြင်းမရှိဘဲ မိမိ၏စိတ်ခံစားမှုကြောင့်သာ ဖြစ်သွားရခြင်းဖြစ်သည်။ လက်ရှိအသက်အရွယ်အထိ ကြီးပြင်းခဲ့ရသော်လည်း သူသည် မည်သည့်အရာကိုမှ အလေးအနက်ထားခဲ့သူ မဟုတ်သလိုထားရကောင်းမှန်းလည်း မသိခဲ့ပေ။ ပေါ့ပေါ့ပါးပါးပင် ဘဝကို ဖြတ်သန်းခဲ့ခြင်းဖြစ်၏။

မိသားစုတစ်ခုတွင် ရှိရမည့်တာဝန်နှင့် ဝတ္တရားး "ဘာ" ဟူ၍လည်း အနည်းငယ်မျှပင် သိနားလည်ခြင်း မရှိခဲ့ပေ။ ထိုမှတစ်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် မိမိတိုင်းပြည်နှင့်လူမျိုး၊ အမိမြန်မာနိုင်ငံတော်အရေးကိစ္စဆိုလျှင် သာ၍ပင် ဆိုးသေး၏။ စစ်ဧရာဝတ်ထဲ၌ ခြောက်လခန့် အကျဉ်းကျနေစဉ် ဒေါက်တာသိဒ္ဓိနှင့် ဆုံတွေ့လိုက်ရခြင်းသည် မိုးဇွေအဖို့ အမှန်ပင် ဘဝတက္ကသိုလ်ကြီးတက်ခဲ့ရသလို အတွေးအခေါ် အယူအဆများ ပြောင်းလဲတိုးတက်သလို ဖြစ်သွားလေ၏။

အရာရာအပေါ်တွင် အလေးအနက် ဆင်ခြင်သုံးသပ်နိုင်စွမ်း ရရှိလာခဲ့၏။ မိုးဇွေသည် မိမိမွေးရပ်မြေရွာသို့ ပြန်ခဲ့သည့် ခရီးစဉ်တလျှောက်လုံးတွင် သူ၏အနာဂတ်ဘဝလမ်းကြောင်းအတွက် အမိပ္ပါယ်ရှိရှိ ဖြတ်သန်းတော့မည်ဟု အခိုင်အမာ သန္နိဋ္ဌာန်ချလိုက်တော့၏။

မိုးဇွေ၏ဆန္ဒများ အမှန်ပင် ပြည့်ဝလေပြီလား၊ သူလိုချင်သည့် လမ်းကြောင်းအပေါ် အမှန်ပင် လျှောက်လှမ်းနိုင်ပြီလား . . .။ ကံကြမ္မာသည် သူ့အား မည်သို့ကြောင့်များ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ရုတ်ချည်းပြောင်းလဲလိုက်ပါသလဲ . . .။ လူသားဘဝဖြစ်တည်မှုသည် ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရှိဘဲ ကံကြမ္မာ၏ စေစားရာအတိုင်း လိုက်ပါစီးမျောကြရပါသလား။

ဤနေရာတွင် ကျွန်ုပ်၏အယူအဆကို ပြောရလျှင် လူသားဘဝဖြစ်တည်မှုများမှာ ကံကြမ္မာ၏ စေစားရာအတိုင်း လိုက်ပါရွေ့လျားရစမြဲ ဟူ၍ဖြစ်၏။ မည်သို့ပင် အကွက်ချစီစဉ်ထားသော်လည်း လက်သီးပုန်းပမာ ချောင်းမြောင်းနေသည့် ကံကြမ္မာအလှည့်အပြောင်းက မထင်မှတ်ဘဲ ဝင်ရောက်ထိုးနှက်လိုက်သဖြင့် ကပြောင်းကပြန်ဖြစ်သွားကြသည့် ဖြစ်စဉ်များမှာ လက်ညှိုးထိုးမလွဲကြုံတွေ့နေရပြီဖြစ်၏။

လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းများကို မဆိုထားနှင့်





ကျွန်ုပ်တို့မြန်မာနိုင်ငံကြီးပင်လျှင် ကံကြမ္မာအလှည့်အပြောင်းကို လွန်ဆန်နိုင်ခြင်းမရှိခဲ့ပေ။ ဘယ်လိုမှ ဖျက်သုန်းနိုင်ဖွယ်မရှိလောက်အောင် ရာစုနှစ်ပေါင်းများစွာ အသက်သွင်းဆွဲဆန့်လာခဲ့သည့် သက်ဦးဆံပိုင်ဘုရင်စနစ်ကြီးသည် ဗြိတိသျှကိုလိုနီအစိုးရ၏ ကျူးကျော်သိမ်းပိုက်ခြင်းကိုခံရပြီးသည်နှင့် အလုံးစုံပျက်သုန်းခဲ့ရလေပြီ။

လူသန်းပေါင်းများစွာ မှီတင်းနေထိုင်ကြသည့် နိုင်ငံကြီးတစ်နိုင်ငံတောင်မှ ကံကြမ္မာကို လွန်ဆန်နိုင်စွမ်းမရှိဖြစ်ရသည်တွင် လူတစ်ဦးတစ်ယောက်က ရာဇမာန်တက်ပြီး ဘဝင်လေဟပ် အရူးထနေပါက အမှန်ပင် ရူးသွားဖို့သာ ရှိပေတော့မည်။ ဝေါဝိန်ဆိပ်ကမ်းမှ ကြက်ကလေး၊ ငှက်ကလေး ဖမ်းသွားသလို ခေါ်ဆောင်ခြင်းခံခဲ့ရသည့် တော်ဝင်မင်းမိသားစုအနွယ်များက ထိုအဖြစ်ကို သက်သေပြလိုက်ခြင်းပင် ဖြစ်၏။

သာမန်တောသူတောင်သား လူငယ်လေးဖြစ်သည့် မိုးဇွေသည်လည်း သူ၏မွေးရပ်မြေ ခြံပြင်ရွာလေးသို့ ရောက်လျှင်ရောက်ချင်း မထင်မှတ်သည့် အပြောင်းအလဲနှင့် ရင်ဆိုင်ကြုံတွေ့ရတော့၏။ သူသည် မကြာခဏ သွားလာနေကျခရီးဖြစ်၍ မရပ်နားဘဲ ရွာသို့ပြန်ခဲ့ရာ ရွာသို့ သူရောက်ရှိသည်တွင် အချိန်မှာ ညဉ့်နက်သန်းခေါင်ရောက်ရှိနေပြီဖြစ်၏။

လပြည့်ကျော်နှစ်ရက်မျှသာ ရှိသေးသဖြင့် သန်းခေါင်ယံလရောင်သည် ငွေဝတ်လွှာလွှမ်းခြုံထားသကဲ့သို့ ဖြူဝင်းတောက်ပနေလေ၏။ လရောင်ကြောင့် ခရီးတွင်သလိုရှိ၍ သူသည် ရွာအဝင်သဲလမ်းအတိုင်း ခပ်သွက်သွက်လျှောက်လှမ်းလေရာ မကြာမီ ရွာအနောက်ဖက်ရှိ သူ၏နေအိမ်ခြံဝန်းအနီးသို့ ရောက်ရှိလေ၏။

ညဉ့်နက်သန်းခေါင်ယံအချိန်ဖြစ်၍ တစ်ရွာလုံး အိပ်ကျသံ

www.burmeseclassic.com



ကြားရမတတ် တိတ်ဆိတ်လျက်ရှိ၏။ ခြံဝန်းတံခါးဝရောက်သည်နှင့် သူ၏ရင်တစ်ခုလုံး ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ကြည်နူးပီတိဖြစ်သွား၏။ မိသားစု၏ရင်ငွေ့ကို လှိုက်လှိုက်လှဲလှဲ ခံစားရရှိလိုက်ခြင်း ဖြစ်သည်။

သူသည် ခြံဝတွင် ခြေစုံရပ်နေသည့် အခိုက်အတန့်မှာပဲ အိမ်ရေကပြင်အောက်မှ ထိုးဟောင်ကာ တံခါးဝသို့ ပြေးထွက်လာသည့် တိုးပွားဟူသော ခွေးကလေးကို တွေ့လိုက်ရ၏။ တစ်ပြိုင်တည်းပင် ၎င်းခွေးကလေးနောက်မှ ကပျာကသီ ပြေးထွက်လာသော အပျိုပေါက်အရွယ် မိန်းကလေးတစ်ဦး . . . ။

ထိုမိန်းကလေးသည် ခွေးကလေးနောက်မှ လိုက်ပါလာရင်း ခြံဝအနီးသို့အရောက်တွင် ခြံဝတွင်ရပ်လျက် ငူငူကြီး ငေးကြည့်နေသော လူငယ်တစ်ဦးကို လရောင်ဖြင့် ပြက်ပြက်ထင်ထင် တွေ့လိုက်သည်နှင့် သူမမျက်ဝန်းအစုံမှာ အံ့ဩဝမ်းသာဖြစ်လျက် ရုတ်ချည်းပင် ပြူးကျယ်ဝိုင်းစက်သွား၏။

ခြံဝတွင် ရပ်နေသော လူငယ်သည် လက်တစ်ကမ်းအကွာ၌ရပ်ကာ မိမိအား ထိုးဟောင်နေသည့် ခွေးကလေးနှင့် မိန်းမပျိုလေးကို ပြုံးလျက်ကြည့်နေဆဲရှိရာ မိန်းကလေးမှာ ရင်၌ရုန်းကြွဖြစ်တည်လာသည့် ခံစားမှုကို ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ အံ့ဩဝမ်းသာအော်ဟစ်ပြီး ထိုလူငယ်ကို ပြေးဖက်လေတော့၏။

"ကိုကြီး . . . ကိုကြီးမိုးဆွေ . . . ဒို . . ဝမ်းသာလိုက်တာ" ဟူ၍ အော်ဟစ်လိုက်ပြီး ကလေးငယ်တစ်ဦးပမာ ခုန်ပေါက်ပျော်ရွှင်နေလေ၏။ တစ်ဆက်တည်းပင် အိမ်ဘက်သို့ မျက်နှာလှည့်လိုက်ပြီး . . .

"အဘရေ . . . ဒီမှာ ကိုကြီးမိုးဆွေ ရောက်လာပြီ" ဟု စူးစူး





ဝါးဝါး အော်ဟစ်လိုက်၏။ ထို့နောက် သူမက မိုးဆွေပခုံးပေါ်မှ ချည်လွယ်အိတ်ကို ဖြုတ်ယူလွယ်လိုက်ပြီး မိုးဆွေလက်မောင်းကို ခိုတွယ်လျက် အိမ်ကြီးဆီသို့ ဦးဆောင်လျှောက်လှမ်းလေ၏။

မိုးဆွေသည် အိမ်တံစက်မြိတ်အောက်ရောက်၍ အိမ်အတွင်းကြည့်လိုက်ရာ မြင်ကွင်းမှာ ထူးဆန်းနေသဖြင့် အနည်းငယ် အံ့ဩသွား၏။ သူတွေးထင်ထားသည်က မိမိပြန်ရောက်သည့်အချိန်မှာ ညဉ့်နက်သန်းခေါင်ဖြစ်နေ၍ အဖေနှင့် ညီမလေးတို့ အိပ်မောကျနေမည်ဟု ဖြစ်၏။

မြင်တွေ့ရသည့် အနေအထားက မိမိပြန်ရောက်လာမည်ကို ကြိုသိနေပြီး သိုက်သိုက်ဝန်းဝန်း စောင့်ဆိုင်းနေသကဲ့သို့ ရှိနေကြ၏။ ဦးကြီးပမာ ချစ်ခင်ရသည့် ဘကြီးစိန်ကျော်လှိုင်ကိုလည်း အခန့်သား တွေ့လိုက်၏။ ပြီးနောက် မျက်နှာစိမ်းဦးကြီးနှစ်ယောက်ကိုလည်း တွေ့ရပြန်၏။

မည်သို့ဆိုစေ မိုးဆွေသည် ဖခင်ကြီးကို ခရီးရောက်မဆိုက်တွေ့လိုက်ရသဖြင့် ကြည်နူးပျော်ရွှင်မိ၏။ မဆင်မခြင် ပြုမူခဲ့သည့် လုပ်ရပ်ကြောင့် မိမိပြစ်ဒဏ်ကျခံခဲ့ရသည့်အတွက် ဖခင်ကြီးအဘယ်မျှ စိတ်သောကရောက်လေမလဲ ဟူသည့်အတွေးဖြင့် ဖခင်ကြီးကို ဝန်ချတောင်းပန်မည်ဟု ဆုံးဖြတ်လိုက်၏။

ဖခင်ကြီးသည် ထိုအချိန်ထိ အိပ်စက်ခြင်းမပြုသေးဘဲ စကားဝိုင်းဖွဲ့နေရလောက်အောင် ဧည့်သူစိမ်းနှစ်ဦးမှာ မည်သို့သော ဧည့်သည်များလဲဟုတွေးမိပြီး ဖခင်ကြီးအနီးတွင် ဝင်ထိုင်လိုက်၏။ ညီမလေးကြီးကြာကတော့ ခေါင်တိုင်မှာ မိုးဆွေ၏ချည်လွယ်အိတ်ကို ချိတ်လိုက်ပြီး နောက်ဖေးမီးဖိုချောင်သို့ ဝင်သွားလေ၏။

ဖခင်ကြီးက အနီးသို့ မိုးဆွေရောက်လာသော်လည်း မည်



www.burmeseclassic.com

သည့်စကားမျှ မဆိုသေးဘဲ ကွမ်းတမြုံ့မြုံ့ဝါးနေလျက်က ပြုံးကြည့်နေလေ၏။ ထိုစဉ် ဘကြီးစိန်ကျော်လှိုင်က အသံသြသြကြီးဖြင့် . . .

"ဝေး . . . မောင်စိန်၊ တောင်ထဲက ထွက်လာတဲ့ မင်းသား မိုးစွေကို ဆုံးမစကားလေးဘာလေး ပြောပါဦးကွ၊ ဘာကြောင့်တောင်ကျတဲ့ အပြစ်မျိုးအထိ ဆိုးမိုက်ရတာလဲလို့ မိဘအနေနဲ့ ဆဲဆိုကြိမ်းမောင်းစမ်းပါဦး၊ ငါ့လခွီး . . . မင်းဖြစ်နေပုံက တောင်ထဲက ထွက်လာတဲ့သားကို လောကနိဗ္ဗာန်က ပြန်ရောက်လာသလို ကျေနပ်နေရတယ်လို့"

ထိုစကားထွက်ပေါ်လာမှ ဖခင်ကြီးသည် သူ၏အကျင့်အတိုင်း အော်ဟစ်ရယ်မောလေ၏။ ထိုသို့ ရယ်ပြီးသည်နှင့် မိုးစွေ၏ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး . . .

"မင်းပြောမှ ငါ့သားမိုးစွေကို အသေအချာ သတိထားကြည့်မိတော့တယ်၊ မှန်တာပေါ့ ကျော်လှိုင်ရာ၊ မင်းပြောသလို ငါ့သားက တောင်ထဲက ထွက်လာတာ မဟုတ်ဘူး၊ တကယ့် လောကနိဗ္ဗာန်ကြီးထဲက ထွက်လာတာကွ၊ ကြည့်ပါဦး . . . ခြောက်လဆိုတဲ့ ကာလအတွင်းမှာ ငါ့သားမိုးစွေက အရင်တုန်းကနဲ့ မတူတော့ဘူး၊ အတော်လေး ရင့်ကျက်တည်ငြိမ်မနေဘူးလား"

ဟုပြောပြီး သဘောကျစွာ ထပ်မံရယ်မောလိုက်ပြန်၏။ ဘကြီးစိန်ကျော်လှိုင်ကတော့ သူ့နဖူးကို လက်ဝါးဖြင့် ရိုက်လိုက်ပြီး မျက်နှာရှုံ့မဲ့လျက် . . .

"ကောင်းကွာ . . . အဖေနဲ့သားကတော့ တကယ့်ကို အတိုင်အဖောက်ညီပါပေ့" ဟုပြောရင်း သူကပါ သဘောကျစွာ ရယ်လေ၏။ ထိုစဉ်မှာပဲ ညီမငယ်ကြိုးကြာက ထမင်းနှင့်ဟင်းကို ကြွေဇလုံထဲ ထည့်ယူလာပြီး မိုးစွေအား ကျွေးလေ၏။ မိုးစွေသည် ဟန်ပင်မဆောင်





နိုင်တော့ပေ။

ညီမငယ်ကြိုးကြာသည် အစ်ကို၏အကြိုက်ကို လွန်စွာသိတတ်လွန်းလှ၏။ မိုးစွေအကြိုက် သုံးထပ်သားဝက်သားဟင်းနှင့် ချဉ်ပေါင်ကြော်၊ ငြုပ်သီးထောင်းတို့ကို ထမင်းပေါ်အပုံလိုက်ထည့်ယူလာခဲ့ခြင်း ဖြစ်သည်။

မိုးစွေသည် ဧည့်သူစိမ်းများကိုပင် ဂရုမထားတော့ဘဲ လက်ဆေးပြီး အားပါးတရ စားလေတော့၏။ ထိုသို့ စားနေစဉ်မှာပဲ သူ၏ဖခင်ရွှေမောင်စိန်က အားရဝမ်းသာလေသံဖြင့် . . .

"ကဲ . . . သား . . . မိုးစွေ၊ ခြောက်လဆိုတဲ့ ကာလအတွင်း တောင်ဆိုတဲ့ အုတ်တံတိုင်းကြားမှာ ဘယ်လိုဖြတ်သန်းခဲ့တယ်ဆိုတာ အဖေ့ကို ပြောပြပါဦး၊ အဖေကတော့ အခွင့်မကြုံလိုက်လို့ သားဆော်ထည့်လိုက်တဲ့ မျောက်ဖြူကြီးကို မတွေ့လိုက်ရဘူး၊ ထိုက်တန်ပါတယ်ကွာ"

ဟုပြောလိုက်သဖြင့် မိုးစွေလည်း စားလက်စပင် ရပ်တန့်သွားပြီး ဖခင်ကြီးကို တအံ့တသြ ကြည့်မိလေ၏။ သူ့ဘေးတွင် ကပ်လျက်ထိုင်နေသည့် ညီမငယ်က အလိုမကျသည့် လေသံဖြင့် . . .

"အို . . . ဖေကြီးကလည်း ကိုကြီးမိုးစွေကို မဟုတ်တာတွေ မြှောက်ပေးနေပြန်ပြီ၊ ဖေကြီးအဲလိုလွှတ်ပေးထားလို့ ကိုကြီးအခုလို ဖြစ်ချင်တိုင်းဖြစ်နေတာ၊ တော်ပြီ . . . ဒီတစ်ခါတော့ ကိုကြီးကို လိမ်လိမ်မာမာနေဖို့ ဝိုင်းပြီးထိန်းပေးရမယ်"

ဟုပြောပြီး မိုးစွေ၏ပခုံးပေါ် ခေါင်းတင်မှေးမှိုလိုက်လေ၏။ သူမအပြောနှင့် အမူအရာကိုကြည့်ရင်း ဖခင်ကြီးရွှေမောင်စိန်နှင့် ဖခင်ကြီး၏မိတ်ဆွေ ဦးစိန်ကျော်လှိုင်တို့မှာ လွန်စွာသဘောကျသွားပြီး တဟားဟား ရယ်မောကြတော့၏။ လွန်စွာပျော်ရွှင်ကြည်နူးဖွယ်

www.burmeseclassic.com



မိသားစုတွေ့ဆုံပွဲလေးပင် ဖြစ်၏။

သို့သော် ၎င်းကြည်နူးဖွယ် ဆုံဆည်းမှုလေးကို ကံကြမ္မာက နောက်တစ်နေ့နံနက်ခင်း လင်းအာရုဏ်မသန်းမီ အချိန်လေးအတွင်းသာ ခွင့်ပြုခဲ့ခြင်းမှာ သူတို့မိသားစုအတွက် လွန်စွာဆိုးဝါးသည့် ကံတရားပင် ဖြစ်ပေတော့၏။

မိုးစွေသည် ခရီးကလည်းပန်း လွန်စွာလည်း ဆာလောင်မွတ်သိပ်နေသည့်အတွက် ထမင်းတစ်ဇလုံမှာ ခဏချင်းပင် ကုန်သွား၏။ ညီမငယ်က အလိုက်တသိပင် နောက်ထပ်ထမင်းနှင့်ဟင်းကို ကြွေဇလုံအပြည့်ထည့်ပေးလေ၏။ ၎င်းထမင်းနှင့် ဟင်းကိုတော့ ပထမအကြိမ်ကလို အလျင်စလို စားသောက်ခြင်းမပြုတော့ဘဲ ခပ်မှန်မှန်သာ စားလေ၏။

မိုးစွေသည် ထိုသို့စားနေလျက်က ဖခင်ကြီးကို တစ်ကြိမ်တစ်ခါမှ ပြောဆိုခြင်းမပြုခဲ့ဖူးသည့် စကားများကို အလေးအနက်ပြောလေရာ ဖခင်ကြီးမှာ ၎င်းစကားများကို အနည်းငယ်မျှ တုန့်ပြန်ပြောဆိုခြင်းမပြုဘဲ ပြုံးလျက်နားထောင်နေလေ၏။

မိုးစွေက ဖခင်ကြီးသည် မိမိထင်သလိုမဟုတ်ဘဲ ကျူးလွန်ခဲ့သည့် အပြစ်များအပေါ် ခွင့်လွှတ်ပေးသည့်အတွက် မိမိအနေဖြင့် များစွာအံ့ဩဝမ်းသာဖြစ်ရကြောင်း၊ ဖခင်ကြီးတာ အလိုလိုက် အခွင့်အရေးပေးခဲ့သည်ကို တန်ဖိုးထားရကောင်းမှန်းမသိဘဲ မိမိစိတ်အလိုအဟိုင်း နေထိုင်ပြုမူမိခဲ့၍ အကြိမ်ကြိမ်အမှားများ ပြုလုပ်မိခဲ့ကြောင်း၊ ဤတစ်ကြိမ်အမှားသည် မိမိအတွေးအခေါ်၊ အယူအဆများကို များစွာပြောင်းလဲပေးလိုက်သလို အသိဉာဏ်ဗဟုသုတများစွာ ရရှိခဲ့ကြောင်း . . . စသဖြင့် ပြောဆိုပြီး ထောင်ထဲစရောက်သည့် အချိန်မှစ၍ ထောင်ဆေးရုံရောက်ပြီး ရှစ်မှတ်ဗာယာညိုဇံနှင့် မိဘဆရာ





သဖွယ် သံယောဇဉ်ကြီးမားခဲ့ရသည့် ဒေါက်တာသိဒ္ဓိတို့နှင့် ဆုံတွေ့ပုံအထိ အသေးစိတ်ပြောဆိုရှင်းပြလေ၏။

ရှင်းပြရုံသာမက ဒေါက်တာသိဒ္ဓိနှင့် ဆုံတွေ့ခဲ့ပြီးနောက် ရရှိမှတ်သားခဲ့သည့် အတွေးအခေါ်၊ အယူအဆများနှင့် ရှေ့အနာဂတ်ဘဝခရီးကို စိတ်သစ်၊ လူသစ်ဘဝမျိုး ပြုပြင်ပြောင်းလဲဖို့ အပြန်လမ်းခရီးတလျှောက်လုံး မိမိတွေးတောခဲ့ပုံများကိုပါ ပြောပြလေ၏။

မိုးစွေ စကားအဆုံးသတ်လိုက်ဘည်နှင့် အားရဝမ်းသာလေသံဖြင့် ပထမဆုံး ထွက်ပေါ်လာသည်မှာ ဖခင်ကြီး၏မိတ်ဆွေဦးစိန်ကျော်လှိုင်၏ အသံဖြစ်၏။ ဦးစိန်ကျော်လှိုင်သည် ထိုင်နေလျက်က သူ၏ပေါင်ကို လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်လိုက်ပြီး . . .

"ကောင်းကွာ . . . ငါ့တူကြီးမိုးစွေကတော့ ထောင်တစ်ခါကျလိုက်တာနဲ့ တကယ့်ဘဝတက္ကသိုလ်ကြီးထဲ ရောက်သွားပြီး ချက်ချင်းကို ပြောင်းလဲသွားပါရောလား၊ ကဲ . . မောင်စိန် . . . မင်းသားကို မင်းဘယ်တုန်းကမှ ဆုံးမတာမျိုး မရှိခဲ့ဘူး၊ ခုတော့ မင်းသားက မင်းဆုံးမစရာ မလိုလောက်အောင် သူ့ကိုယ်သူ ဆုံးမသွားပြီ၊ မိုးစွေအဲလိုအမြင်မှန်ရသွားတာ မင်းကံကောင်းတယ်မှတ် မောင်စိန်၊ ငါကတော့ မိုးစွေထောင်ထဲက ထွက်လာရင် ထောင်ထွက်ဆိုပြီး ထပ်ကြမ်းနေမိုက်နေမှာကို စိုးရိမ်နေတာ . . ."

ထိုအခါ ဦးရွှေမောင်စိန်က တမြုံမြုံဝါးနေသော ကွမ်းဖတ်မှထွက်သည့် ကွမ်းသွေးရည်များကို ထွေးခံထဲထွေးထည့်လိုက်ပြီး ဂုဏ်ယူကျေနပ်သည့်လေသံဖြင့် . . .

"ဒီလိုပဲ မြင်ရမှာပေါ့ကွာ၊ ငါ့သားဟာ တစ်ချိန်ချိန်မှာ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ငါကြိုသိပြီးသားပါ၊ ငါမွေးထားတဲ့ ငါ့သွေးသားပဲ၊ ငါမသိဘဲ နေပါ့မလား၊ တစ်ချို့ကတော့ ငါ့သားမိုးစွေနဲ့ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး ငါ့အပေါ် အမြင်စောင်းကြတယ်၊ ဖခင်မပီသဘူးလို့ ကွယ်ရာမှာ ပြစ်တင်ရှုံ့ချကြတယ်၊ ငါကလည်း သူတို့ရှုံ့ချပြောဆိုတာကို နည်းနည်းလေးမှ စိတ်မဆိုးပါဘူး၊ ငါလုပ်ပုံကလည်း သူတို့ထင်သလို ဖြစ်နေတာကိုး၊ ဒါပေမယ့် သူတို့သတိမထားမိတဲ့ အချက်တစ်ချက်ရှိတယ်၊ ဒီအချက်ကို သိတာဆိုလို့ ငါနဲ့ ငါ့သားပဲ သိလိမ့်မယ်"

"မိုးစွေ တစ်ဦးတစ်ယောက်နဲ့ ခိုက်ရန်ဖြစ်ဖို့ ငါဘယ်တုန်းကမှ တိုက်တွန်းတာမျိုး မလုပ်ခဲ့ဖူးဘူး၊ အေး . . . မလုပ်သလို ပြစ်တင်ဆုံးမတာမျိုးလည်း မလုပ်ခဲ့ဘူး၊ ဘာလို့လဲဆိုတော့ မိုးစွေခိုက်ရန်ဖြစ်ပွားတဲ့ ပြဿတိုင်းဟာ မိမိက သူတစ်ပါးသားမယားကို စော်ကားတာမျိုး၊ မိမိကစပြီး တစ်ပါးသူကို အနိုင်ကျင့်စော်ကားတာမျိုးတွေကြောင့် မဟုတ်ဘူး၊ တစ်ပါးသူကသာ စပြီးကျူးလွန်လာလို့ လက်တုန့်ပြန်ရင်းက ဖြစ်တဲ့ပြဿနာမျိုးချည်းပဲ။

ကိုယ်မွေးထားတဲ့ သားသမီးပဲကွာ၊ ကိုယ်မစောင့်ရှောက်မကြည့်ရှုဘဲ နေပါ့မလား၊ ဖြစ်သင့်တာနဲ့ မဖြစ်သင့်တာ ခွဲခြားနိုင်စွမ်းမရှိလောက်အောင် ငါအသိဉာဏ်မမဲ့သေးပါဘူး၊ ဒါကြောင့်လည်း ငါမသိချင်ဟန်ဆောင်နေခဲ့တာပေါ့၊ ချွင်းချက်အနေနဲ့ ငါ့သားကို အမြဲလိုလို မြှောက်ပေးခဲ့တာတစ်ခုတော့ ရှိတယ်"

ထိုသို့ပြောပြီး ဦးရွှေမောင်စိန်က စကားကို မဆက်သေးဘဲ ပြုံးလေ၏။ ပြုံးလျက်က ကွမ်းရွက်ထဲ ဆေးတစ်ဖတ်ထည့်ကာ ပါးစပ်ထဲထည့်ငုံလိုက်ပြီးမှ . . .

"အဲဒီစကားကိုတော့ ငါတစ်ကြိမ်တည်း မြှောက်ပေးတာမဟုတ်ဘူး၊ ကြုံတိုင်းမှာ မြှောက်ပေးခဲ့တဲ့စကားပဲ၊ စစ်တွေမြို့ကို ငါနဲ့အတူရောက်တိုင်း မျက်နှာဖြူလူမျိုးတွေကို တွေ့တာနဲ့ အဲဒီလူမျိုးတွေဟာ တို့တိုင်းပြည်ကို ဘယ်လိုမတရားကျူးကျော်သိမ်းပိုက်ထားတယ်၊





ပြည်သူလူထုကို ဘယ်လောက်ထိ အနိုင်ကျင့်ဖိနှိပ်ချုပ်ချယ်ထားတယ်၊ ဒီကောင်တွေကို တစ်နေ့မှာ တို့တိုင်းပြည်ထဲက ဖင်လှန်ထွက်ပြေးတဲ့အထိ တွန်းလှန်တိုက်ခိုက်ရမယ် . . . ဆိုတဲ့စကားမျိုးတွေပဲ၊ ငါ့သားကို သွေးထိုးလှုံ့ဆော်ပေးတာဆိုလို့ အဲဒီစကားမျိုးပဲ ရှိတယ်"

ဟုပြောပြီး စကားကို အဆုံးသတ်လိုက်ရာ နားထောင်နေသူများမှာ ပြုံးမိကြ၏။ သူ၏မိတ်ဆွေကြီး ဦးစိန်ကျော်လှိုင်မှာလည်း အပြစ်ဆိုဖို့ ခက်သွားသလို ငြိမ်သွားလေ၏။ ထို့နောက် ပြီတီတီပြုံးလိုက်ပြီး . . .

"အင်း . . . ဒါကြောင့် မင်းက မျက်နှာဖြူအင်စပက်တော်ကြီးကို မိုးစွေတီးလိုက်လို့ ထောင်ထဲရောက်သွားတာကို ဘယ်လိုမှ မခံစားရသလို ရှိနေတာကိုး"

"ဒါလည်း အထိုက်အလျောက် မှန်ပါတယ်၊ နောက်ပြီး ငါ့သားရဲ့ ကိုယ်စွမ်းကိုယ်စနဲ့ ရဲစွမ်းသတ္တိကိုလည်း ယုံကြည်တယ်လေ၊ အခုတော့ ငါ့သားက လက်ရုံးရည်ပါမက နှလုံးရည်လည်း ပြည့်ဝလာပြီး ငါဖြစ်ချင်တဲ့ အနေအထားမျိုး ရောက်ရှိသွားပြီလေ၊ ဘယ်လောက်ဟန်ကျလိုက်သလဲ . . ."

ဟုပြောပြီး မိုးစွေ၏ပခုံးကို အားပါးတရ ဖျစ်ညှစ်လိုက်လေ၏။ မိုးစွေသည်လည်း ထမင်းစားသောက်ခြင်း ပြီးဆုံးနေပြီဖြစ်ရာ ညီမငယ်က သူ၏ထမင်းဇလုံကိုယူပြီး ဆေးကြောရန် ထွက်ခွာသွားပြီဖြစ်၏။

မိုးစွေသည် ဖခင်ကြီးနှင့် အတူတကွရှိနေသည့် ဧည့်သူစိမ်းနှစ်ဦးကို ထိုအချိန်အထိ အသေအချာ မကြည့်မိသေးပေ။ ဧည့်သူစိမ်းနှစ်ဦးကတော့ ထောင်ထဲက လောလောလတ်လတ်ထွက်လာသည့် မိမိကို ကောင်းစွာအကဲခတ်ကြည့်နေမှာ သေချာ၏။ နောက်



www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်အတွင်း မိုးစွေသည် ငှင်းညှော်သူစိမ်းနှစ်ဦးထဲမှ တစ်ဦးနှင့် မလွဲမသွေ အကျွမ်းတဝင် ပတ်သက်ရပေတော့မည်။

ဦးရွှေမောင်စိန်သည် သူ၏သား မိုးစွေ၏မျက်ဝန်းကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး မိုးစွေအဖို့ လွန်စွာတအံ့တသြဖြစ်စေမည့် စကားများကို ပြောလေတော့၏။

"သား . . . မိုးစွေ၊ သားကို အဘ အလေးအနက်ပြောချင်တဲ့ စကားတွေရှိတယ်၊ အဲဒီစကားတွေကို သားအနေနဲ့ ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်၊ ဗဟုသုတတွေလည်း သားမှာပြည့်ဝခဲ့ပြီလို့ အဖေယုံကြည်တယ်၊ ဘယ်တုန်းက ယုံကြည်လိုက်သလဲလို့မေးရင် အခု သားပြန်ရောက်လာပြီး သားပြောတဲ့စကားတွေကို ကြားလိုက်ရတဲ့ အချိန်မှာပေါ့၊ ကဲ . . . ဘယ်လောက်အံ့သြဖို့ ကောင်းသလဲ။

လောကကြီးမှာ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ၊ လုပ်ချင်တာနဲ့ လုပ်သင့်တာ 'ဘာ' ဆိုတာကို သားကောင်းကောင်းသဘောပေါက်သွားပြီ၊ သားကို အဖေပြောခဲ့ဖူးတဲ့ စကားကို သားမှတ်မိဦးမလား၊ လောကကြီးမှာ လူဆိုး၊ လူကောင်း၊ လူပေ၊ လူတေ စသဖြင့် လူ့စရိုက်အမျိုးမျိုးအပေါ်ကြည့်ပြီး လူတွေက ဆုံးဖြတ်ကြတယ်၊ တကယ်တော့ အဲဒီသတ်မှတ်ချက်တွေကို အဖေတော့ လက်မခံချင်ဘူး၊ လောကကြီးမှာ လူတစ်ယောက်ရဲ့ ဆိုးခြင်း၊ ကောင်းခြင်းဆိုတာ အဲဒီလူဟာ သင်ယူခြင်း ရှိ မရှိပေါ်မှာ မူတည်တယ်၊ ပညာဉာဏ်ကြီးမားတဲ့ သူပဲဖြစ်ဖြစ်၊ ပညာဉာဏ်နိမ့်ပါးတဲ့ သူပဲဖြစ်ဖြစ်၊ အဲဒီလူမှာ သင်ယူခြင်းမရှိဘူးဆိုရင် လူ့ကောင်းကလည်း လူဆိုးဖြစ်သွားနိုင်တယ်၊ လူဆိုးဆိုရင်တော့ ကမ်းကုန်အောင် ဆိုးဖို့ပဲ ရှိတော့တယ်။

အခု အဖေ့သားက သင်ယူခြင်းသဘောကို နှလုံးသွင်းကျင့်ကြံနိုင်ခဲ့ပြီလေ၊ သားရဲ့အနာဂတ်ဘဝခရီးမှာ ဘယ်လိုအခြေအနေ





မှာဖြစ်ဖြစ် အဲဒီသင်ယူခြင်းတွေနဲ့ ဖြတ်သန်းသွားဖို့ အဘတိုက်တွန်းတယ်၊ ကိုယ့်အကျိုးလိုရင် အများအကျိုးအတွက်လည်း မေ့ထားလို့မရဘူး၊ ဒီတော့ အဖေ့ဘဝမှာ ဘယ်လိုမှ လက်လှမ်းမမီနိုင်တော့တဲ့ အဖေ အင်မတန်တောင့်တခဲ့တဲ့ဆန္ဒကို အဖေ့သွေးပါသစွာ ဆောင်ရွက်ဖို့ အဖေလိုလားတယ် . . . သား"

ဟု အလေးအနက်ပြောလိုက်ပြီး ဦးရွှေမောင်စိန်က ဧည့်သူစိမ်းနှစ်ဦးထဲမှ သျှောင်တစ်စောင်းနှင့် ပုဂ္ဂိုလ်ကြီးကိုကြည့်ရင်း မေးဆတ်ပြလိုက်လေ၏။ ထိုအခါမှ မိုးစွေလည်း ငှင်းလူစိမ်းနှစ်ဦးကို အသေအချာ ကြည့်မိတော့၏။ သူတို့သည် ဆီမီးခွက်ကို အလယ်တွင်ထားပြီး ထိုင်နေကြခြင်းဖြစ်သည်။

ဖျော့တော့သည့် မီးခွက်အလင်းအားက သူတို့အားလုံး၏ ပုံရိပ်ကို ပြတ်သားစွာ ထင်ဟပ်ခြင်း မရှိပေ။ ထို့ကြောင့်လည်း မိုးစွေက ဧည့်သူစိမ်းနှစ်ဦးကို အသေအချာ မကြည့်ရှုမိခြင်းဖြစ်သည်။

ထိုအခါမှ ဖခင်ကြီးက ငှင်းဧည့်သူစိမ်းနှင့် အသေအချာ မိတ်ဆက်ပေးပြီး သူနှင့် မည်သို့ဆက်နွှယ်မှုရှိကြောင်းကိုလည်း ရှင်းပြလေ၏။ တစ်ဦးမှာ ဖခင်ကြီးကဲ့သို့ မုဆိုးကြီးဖြစ်ပြီး ငှင်းမုဆိုးကြီး၏ အမည်မှာ ဦးဒေဝဟူ၍ ဖြစ်၏။ ပုဂ္ဂိုလ်ကြီးမှာ မုဆိုးဟူသော ဂုဏ်ပုဒ်နှင့် လွန်စွာလိုက်ဖက်လှလေ၏။ ခန္ဓာကိုယ်အရွယ်အစား ကြီးမားသလို ရုပ်ဆင်းသွင်ပြင်ကလည်း မြင်သည့်ခဏမှာပင် တစ်ပါးသူကို ကြောက်ရွံ့ထိတ်လန့်သွားစေမည့် မျက်နှာပေါက်မျိုးရှိ၏။

ထိုပုဂ္ဂိုလ်ကြီးသည် မိုးစွေအား ပြုံးပြနှုတ်ဆက်လေသလားမသိ။ မိုးစွေကတော့ ရိုသေသမှုဖြင့် ဦးခေါင်းငြိမ့်ကာ နှုတ်ဆက်လိုက်၏။ မိုးစွေအား အထူးပင် စိတ်ဝင်တစား ဖြစ်သွားစေသည်မှာ သျှောင်တစ်စောင်းနှင့် ပုဂ္ဂိုလ်ကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးက ထိုသို့မိတ်ဆက်ပေးပြီးသည်နှင့် သျှောင်တစ်စောင်းနှင့် ပုဂ္ဂိုလ်ကြီးမှာ ရှေ့သို့အနည်းငယ်တိုးလိုက်ပြီး မိုးဆွေကို အသေအချာ စူးစိုက်ကြည့်လေ၏။ မိုးဆွေမှာ မည်သို့ဖြစ်သွားသည် မသိ။ ထိုပုဂ္ဂိုလ်ကြီး၏အကြည့်က မိမိနှလုံးသားသို့တိုင် ထိုးဖောက်ဝင်ရောက်သွားသကဲ့သို့ ခံစားလိုက်ရသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်ထုံကျဉ်သွားလေ၏။

ထိုပုဂ္ဂိုလ်ကြီး၏စကားသံ ထွက်ပေါ်လာသောအခါ ဥပမိရုပ်ကောင်းသကဲ့သို့ အသံသြဇာလည်း ပြည့်ဝလှပေ၏။ ပုဂ္ဂိုလ်ကြီးသည် ဖခင်၏နေအိမ်သို့ မိမိနှင့် မရှေးမနှောင်းမှာပင် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ရောက်ရှိလာခြင်းမှာလည်း လွန်စွာကြီးမားသည့် ရည်ရွယ်ချက်ကြောင့် ဖြစ်၏။

ပုဂ္ဂိုလ်ကြီးသည် တူသားအရွယ်ပင် ဖြစ်သော်လည်း သူ၏အမည်ကို တလေးတစားပြောရင်း မိတ်ဆက်လေ၏။

"အဘအမည်က မိုးမှောင်၊ ဒါပေမယ့် အဘကျင်လည်တဲ့ အသိုင်းအဝန်းက လူတွေက အဘကို ဂျစ်ပဆီမိုးမှောင်လို့ ခေါ်ကြတယ်"

ဟုစကားကို အစပျိုးလိုက်ပြီး သူနှင့် ဖခင်ကြီးတို့ မည်သို့မည်ပုံ ပတ်သက်ဆက်နွယ်ခဲ့ကြသည်များကို ပြောပြလေရာ လွန်စွာစကားပြောပြင်သာသည့် ၎င်းဂျစ်ပဆီမိုးမှောင်ဟူသော ပုဂ္ဂိုလ်ကြီး၏ စကားလုံးများအောက်တွင် နစ်မျောသွားတော့၏။ အံ့သြဖွယ်ကောင်းသည်မှာ ထိုပုဂ္ဂိုလ်ကြီးသည် ဤနေ့ဤအချိန်တွင် မိုးဆွေပြန်ရောက်လာမည်ကို ကြိုတင်သိနေခြင်းပင် ဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီးသည် မိုးဆွေရောက်ရှိလာသည့် ညဉ့်နက်သန်းခေါင်အချိန်မတိုင်မီ နှစ်နာရီခန့်စောပြီး ရောက်ရှိလာခြင်း ဖြစ်၏။





ထို့နောက် ဖခင်ကြီးနှင့် အတူတကွရှိနေသည့် အဘစိန်ကျော်လှိုင်၊ ဖခင်ကြီး၏မိတ်ဆွေ မုဆိုးကြီးဦးဒေဝတို့နှင့် စကားဝိုင်းဖွဲ့ပြောဆိုနေလေ၏။

ဖခင်ကြီးက ထိုပုဂ္ဂိုလ်ကြီးကို ရိုသေသမှုဖြင့် ဆရာကြီးဟုခေါ်လေ၏။ တကယ်တော့ ထိုပုဂ္ဂိုလ်မှာ လွန်ခဲ့သည့် ဆယ်စုနှစ်တစ်စုကျော်ကာလက ဗြိတိသျှအစိုးရအား လက်နက်စွဲကိုင်တော်လှန်ခဲ့သည့် ရဲမက်စစ်သည်တစ်ဦးဖြစ်၏။ တိုက်ရည်၊ ခိုက်ရည်နှင့် ရဲစွမ်းသတ္တိအရာတွင် လွန်စွာထူးချွန်ပြောင်မြောက်သည့် နန်းတွင်းစစ်သည်ရဲမက်တစ်ဦးဖြစ်၏။

မင်းနေပြည်တော်ဖြစ်သည့် မန္တလေးမြို့အပါအဝင် အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်သည့် အချိန်မှစ၍ ဦးမိုးမှောင်အပါအဝင် နန်းတွင်းတပ်မှူးအများအပြားကို ဗြိတိသျှအစိုးရက နည်းမျိုးစုံဖြင့် ဖမ်းဆီးလေ၏။ အညံ့မခံသူများကို အပြင်းအထန်တိုက်ခိုက်နှိမ်နင်းပြီး ရက်စက်စွာ အဆုံးစီရင်၏။

လူအင်အား၊ လက်နက်အင်အားဖြင့် တိုက်ခိုက်ချေမှုန်းသလို သခင်အားရကျွန်ပါးဝကြသည့် သူလျှိုများမွေးမြူပြီး လျှို့ဝှက်တိမ်းရှောင်နေကြသည့် မျိုးချစ်စစ်သည်ရဲမက်များကို ရှာဖွေဖမ်းဆီးကြ၏။ ဗြိတိသျှအစိုးရသည် ၎င်း၏အုပ်ချုပ်ရေး ငြိမ်ဝပ်ပိပြားစေရန် ကျူပင်ခုတ် ကျူငုတ်မကျန်ဆိုသလို အစထွက်နိုင်မည့် အန္တရာယ်ဟူသမျှ အပြင်းအထန် နှိမ်နင်းဖယ်ရှားလေ၏။

အင်အားမမျှတသလို အနည်းငယ်မျှ ကြိုတင်ပြင်ဆင်ချိန်မရလိုက်သော ဦးမိုးမှောင်တို့ကဲ့သို့ စစ်သည်ရဲမက်များမှာ အင်အားစုစည်းနိုင်စွမ်းမရှိတော့ဘဲ ရရာလက်နက်ဖြင့် ခုခံတိုက်ခိုက်ပြီး အလျှင်အမြန် ရှောင်တိမ်းကြရ၏။ ယင်းသို့ ကစဉ့်ကလျား ရှောင်တိမ်းရင်း

www.burmeseclassic.com



ဖြင့် ဦးမိုးမှောင်သည် အိန္ဒိယနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံရန် ရခိုင်ရိုးမကို ဖြတ်ကျော်လေ၏။ သို့သော် တိုက်ခိုက်ရင်းဖြင့် ရရှိခဲ့သည့် ဒဏ်ရာများနှင့် ရက်ကာလကြာမြင့်စွာ ကြမ်းတမ်းခက်ခဲသည့် ခရီးလမ်းကို မရပ်မနား ဖြတ်သန်းခဲ့ရသဖြင့် လွန်စွာစိတ်ဓါတ်ကြံ့ခိုင်သော ဦးမိုးမှောင်သည် ရိုးမကြီးကို ကျော်လွန်ပြီးသည်နှင့် ရှေ့ခရီးကို ဆက်နိုင်စွမ်းမရှိတော့ပေ။

သူသည် ရိုးမအစွန်အဖျားတစ်နေရာရှိ တောအုပ်အတွင်း၌ အဖျားဝေဒနာစွဲကပ်ပြီး သတိလစ်မေ့မျောသွားလေ၏။ သူသည် အသက်ဆုံးရှုံးဖွယ် အခြေအနေမှ လွတ်မြောက်ခဲ့ရခြင်းမှာ မိုးစွေ၏ ဖခင် မုဆိုးကြီးရွှေမောင်စိန်ကြောင့် ဖြစ်သည်။ ဦးရွှေမောင်စိန်သည် အဖျားရောဂါဖြင့် သတိလစ်မေ့မျောနေသော ဦးမိုးမှောင်ကို သူ၏ နေရပ်သို့ရောက်အောင် စွန့်စားခေါ်ဆောင်လာခဲ့ပြီး ရက်ကာလကြာမြင့်စွာ ဆေးဝါးကုသပေးခဲ့၏။

ထိုစဉ်က သူသည် ရိုးမထဲတောပစ်ထွက်ရင်း ဦးမိုးမှောင်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မိုးစွေသည် ထိုစဉ်က လသားအရွယ်ပင် ရှိသေး၏။ မိုးစွေဟူသော အမည်ကိုပင် မပေးရသေးပေ။ ထိုအမည်ကို ပေးခဲ့သူမှာ အခြားသူမဟုတ်။ ဦးမိုးမှောင်ဖြစ်၏။

ဦးမိုးမှောင်သည် စနစ်တကျ အနားယူပြီး ရက်ကာလကြာမြင့်စွာ ဆေးဝါးကုသခဲ့ရာ တဖြည်းဖြည်း ပြန်လည်ကျန်းမာလာခဲ့၏။ ထိုအခါ မိမိ၏အသက်သခင် ကျေးဇူးရှင်ဖြစ်သည့် မုဆိုးကြီးရွှေမောင်စိန်ကို သူ၏ဘဝဖြစ်စဉ်များနှင့် မြန်မာနိုင်ငံရေး အခြေအနေများကို ဆက်စပ်ပြီး ရှင်းပြလေ၏။

မုဆိုးကြီးရွှေမောင်စိန်မှာ ပင်ကိုယ်ကပင် မျိုးချစ်စိတ်ဓါတ် ထက်သန်သူဖြစ်သလို မိမိတစ်ကြိမ်တစ်ခါမှ မကြားဖူးသော မြန်မာ့





နန်းတွင်းအကြောင်းအရာများ၊ နက်နဲသည့် နိုင်ငံရေးသဘောတရားများကို ကြားသိလိုက်ရသဖြင့် ဦးမိုးမှောင်ကို များစွာအထင်ကြီးလေးစားမိလေ၏။ ဖြစ်နိုင်လျှင် ဦးမိုးမှောင်နှင့်လိုက်ပါပြီး မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လိုသည့် ဆန္ဒများ ရှန်းကြွဖြစ်တည်သွားလေ၏။

ရဲစွမ်းသတ္တိပြည့်ဝသလို ပညာဉာဏ်ဗဟုသုတများစွာကြွယ်ဝသည့် မြန်မာလူမျိုး ရဲမက်စစ်သည်ကြီး ဦးမိုးမှောင်ကို ထိုအချိန်မှစ၍ မုဆိုးကြီးရွှေမောင်စိန်က ဆရာကြီးဟု တလေးတစား ခေါ်လေတော့၏။ မုဆိုးကြီးအဖို့ တစ်သက်လုံး မေ့ပျောက်နိုင်စွမ်းမရှိသည့် နေ့များထဲတွင် သူ၏သားဦး မိုးစွေကို အမည်ပေးသော နေ့တစ်နေ့လည်း ပါဝင်လေ၏။

ဦးမိုးမှောင်သည် ၎င်းအမည်ကို အဓိပ္ပါယ်ရှိရှိ ပေးခဲ့ခြင်းပင်ဖြစ်၏။

"ကဲ . . . ကိုမောင်စိန်၊ ခင်ဗျားက ယုံကြည်လွဲအပ်လို့ ကျုပ်က ခင်ဗျားသားရဲ့အမည်ကို နေ့နံနဲ့တွက်ချက်ပြီး အမည်ပေးပါ့မယ်၊ တခြားလူတွေတော့ ဘယ်လိုရှိမယ်မသိပေမယ့် ကျုပ်ကတော့ ခင်ဗျားသားကို ကျုပ်ခံ့စားချက်နဲ့ကိုက်ညီတဲ့ အမည်မျိုးပေးဖို့ ကျုပ်ဆုံးဖြတ်ထားတယ်၊ မိုးစွေဆိုတဲ့ အမည်ပဲ၊ ကောင်းပြီး . . . ကျုပ်ဘာကြောင့် အဲဒီအမည်ပေးရတယ်ဆိုတာ ရှင်းပြမယ်၊ ခင်ဗျားဟာ ကျုပ်လိုပဲ ဗြိတိသျှအစိုးရကို ဆန့်ကျင်တော်လှန်ဖို့ စိတ်အားထက်သန်တယ် မဟုတ်လား၊ ဒါပေမယ့် အခြေအနေက ခင်ဗျားဆန္ဒအတိုင်းဖြစ်လာဖို့ မလွယ်ဘူးလေ၊ လူသားဘဝဖြစ်တည်မှုတိုင်းမှာ မျိုးဆက်ဆွေးဆိုတာ မေ့ထားလို့မရဘူး ကိုမောင်စိန်၊ ခင်ဗျားရဲ့ဆန္ဒကို နောင်အနာဂတ်ကာလမှာ ခင်ဗျားရဲ့သား မိုးစွေလေးက စွမ်းဆောင်ဖြည့်ဆည်း

www.burmeseclassic.com



ပေးနိုင်မယ်လို့ ကျုပ်ယုံကြည်တယ်၊ မိုးစွေဆိုတဲ့ အမည်အတိုင်း ကျုပ်တို့မြန်မာနိုင်ငံကြီးနဲ့ ပြည်သူလူထုအပေါ် မိုးသားတိမ်စိုင်တွေလို အုပ်မိုးလွှမ်းခြုံထားတဲ့ ဗြိတိသျှအင်ပါယာကြီးကို ရွေ့လျားသွားအောင် စွမ်းဆောင်နိုင်မယ်ဆိုတာ ခင်ဗျားယုံကြည်လိုက်ပေတော့ ကိုမောင်စိန် . . . "

ဦးမိုးမှောင်သည် မုဆိုးကြီးရွှေမောင်စိန်၏ လသားအရွယ်ကလေးငယ်ကို မိုးစွေဟူသော အမည်ပေးပြီး ရက်ကာလအနည်းငယ်နေထိုင်ပြီး နယ်စပ်ကိုဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံအတွင်းသို့ ထွက်ခွာဝင်ရောက်သွားတော့၏။

ထိုစဉ်က ဦးမိုးမှောင်သည် ညဉ့်နက်ပိုင်းအချိန်တွင် တိတ်တဆိတ် ထွက်ခွာသွားခြင်းဖြစ်သည်။ ထွက်ခွာမည့်နေ့ နံနက်ခင်းအချိန်မှစ၍ ဦးမိုးမှောင်သည် သူအမည်ပေးခဲ့သော မိုးစွေကို တစ်နေ့လုံး လက်ကမချ ပွေ့ချီချော့မြူရင်း . . .

"မိုးစွေလေးရေ . . . အခြေအနေအရ အဘထွက်ခွာသွားပေမယ့် တစ်နေ့နေ့၊ တစ်ချိန်ချိန် မင်းနဲ့အဘတို့ မြန်မာနိုင်ငံကြီးအတွက် အတူတကွ လက်တွဲဆောင်ရွက်ဖို့ အဘပြန်လာမှာပေါ့"

ဟူ၍ ပြောဆိုခဲ့သည့်စကားများကို ဖခင်ကြီးရွှေမောင်စိန်သည် အမြဲပင် အမှတ်ရနေသလို ကြည်နူးပီတိလည်း ဖြစ်ရလေ၏။

ထိုပုဂ္ဂိုလ်ကြီးသည် မိုးစွေအသက်ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့၊ တိုက်ဆိုင်စွာပင် ထိုနေ့မှာ စစ်တွေထောင်က မိုးစွေလွတ်မြောက်ပြီး ပြန်လည်ရောက်ရှိလာသည့်နေ့နှင့် ထူးဆန်းစွာ တစ်ထပ်တည်း တိုက်ဆိုင်နေသည်မှာ အံ့ဩဖွယ်ကောင်းလှပေ၏။

ဦးမိုးမှောင်သည် ဆယ်စုနှစ်နှစ်စုနီးပါးကာလအတွင်း အိန္ဒိယနိုင်ငံသဲကန္တာရအတွင်း အတည်တကျနေထိုင်ခြင်း မရှိကြသည့်





ဂျစ်ပဆီမျိုးနွယ်စုများနှင့် အတူနေထိုင်ရင်း ပညာရပ်အမျိုးမျိုးကို သင်ယူတတ်မြောက်ခဲ့၏။

ဌင်းလူမျိုးစုများနှင့်အတူ ကမ္ဘာ့နိုင်ငံအတော်များများကိုလည်း ရောက်ရှိခဲ့လေ၏။ ထိုမျှသာမက အင်္ဂလိပ်ပညာဘက်တွင်လည်း တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သည့် ဆရာကြီးများ၊ ဖကီးကြီးများထံမှ လေ့လာဆည်းပူးခဲ့ရာ အဆင့်တစ်ခုသို့တိုင် တက်လှမ်းနိုင်ခဲ့၏။

ထိုအကြောင်းအရာများနှင့် ပတ်သက်ပြီး ဦးမိုးမှောင်သည် မိုးစွေရောက်မလာခင် အချိန်များတွင် မိုးစွေ၏ဖခင် ဦးရွှေမောင်စိန်ကို အကျယ်တဝင့် ရှင်းပြခဲ့၏။

မိုးစွေသည် တစ်ကြိမ်တစ်ခါမျှ မကြားသိခဲ့ရဖူးသည့် အကြောင်းအရာများကို စိတ်ဝင်တစား နားထောင်ရင်း ရင်ထဲ၌ ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ကြည်နူးခံစားနေမိသည်။

"ကဲ . . . လူလေးမောင်မိုးစွေ၊ ခုလောက်ဆိုရင် အဘဟာ ဘယ်လိုလူစားမျိုးဖြစ်တယ်၊ ဘယ်လိုရည်ရွယ်ချက်မျိုး ရှိတယ်ဆိုတာ အကဲခတ်မိလောက်ပြီ ထင်တယ်၊ အဓိကကိစ္စကို မပြောခင် လူလေးနဲ့အဘ အပြန်အလှန် စကားပြောကြရအောင် . . . "

ဟုပြောပြီး မိုးစွေအား စိုက်၍ကြည့်ရာ မိုးစွေသည် ဝမ်းတွင်း၌ရှိသော စိတ်အကြံအစဉ်နှင့်တကွ အူသိမ်အူမမကျန်အောင် ထိုးဖောက်မြင်နိုင်စွမ်းပေတကားဟူ၍ပင် မှတ်ထင်လိုက်မိ၏။

"စောစောတုန်းက လူလေးပြောခဲ့တဲ့ စကားထဲမှာ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက် ရည်ရွယ်ချက်ရှိရှိ အလုပ်လုပ်တော့မယ်ဆိုတဲ့ စကားလေးကို အဘက ထပ်ပြီးဖြည့်စွက်ချင်တယ်၊ အဲဒီထက် ကျော်လွန်ပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည်အတွက် ရည်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်မှန်းဆပြီး ကြံဆလုပ်ကိုင်ဖို့ မသင့်ဘူးလား"

"ဟုတ်ကဲ့ . . . အဲဒီလို ရည်ရွယ်ချက်မျိုးဟာ ပိုပြီးမြင့်မြတ် ကောင်းမွန်တာပေါ့၊ ဒါပေမယ့် ကိုယ်တစ်ယောက်တည်း အသံကောင်း ဟစ်ပြီး လုပ်နေလို့တော့ မရဘူးထင်တယ်"

"မှန်တာပေါ့ကွာ၊ အဘ ခုပြန်လာတဲ့ ရည်ရွယ်ချက်ကလည်း အဲဒီရည်ရွယ်ချက်ပဲ၊ အသံကောင်းဟစ်ပြီးအော်မယ့် ရည်ရွယ်ချက်မျိုး မဟုတ်ဘူး၊ လက်တွေ့ကျကျ သုံးသပ်ဆင်ခြင်ပြီး ရည်ရွယ်ချက်ရှိရှိနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ကြံစည်လုပ်ကိုင်ဖို့ ဆုံးဖြတ်ထားတယ်၊ လူလေးသဘောပေါက်အောင် အဘရှင်းပြမယ်၊ ဗြိတိသျှအစိုးရဟာ အဘတို့နိုင်ငံကို ဘာလိုချင်လို့ သိမ်းပိုက်တာလဲ၊ ရိုးရိုးရှင်းရှင်းလေးပဲလေ၊ ငွေလိုချင်လို့ပေါ့၊ နိုင်ငံတစ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ဖို့ဆိုတာ ငွေကြေးအမြောက်အမြား အကုန်ကျခံမှ သိမ်းပိုက်နိုင်မယ်၊ သူတို့ကုန်ကျတဲ့ငွေနဲ့ မြန်မာနိုင်ငံက ပြန်ရမယ့်ငွေကို နှိုင်းယှဉ်တွက်ချက်ပြီး ကျူးကျော်သိမ်းပိုက်ခဲ့တာပဲ . . .။

အခုဆိုရင် တစ်နိုင်ငံလုံးက ထွက်ရှိတဲ့ သယံဇာတပစ္စည်းတွေသာမက လူ့စွမ်းအားအရင်းအမြစ်တွေကလည်း သူတို့ကုန်ကျတဲ့ စစ်စရိတ်နဲ့စာရင် အဆပေါင်းများစွာ အမြတ်အစွန်းရရှိသွားကြပြီ၊ အကျိုးအမြတ်မရှိဘဲ လူ့အသက်ပေါင်းများစွာ စတေးခံပြီး ဘယ်တိုင်းပြည်မှ စစ်မတိုက်ဘူး၊ အကျိုးအမြတ်ဆိုတဲ့ အဓိကအကြောင်းကြီးက ငွေရလို့မှုပဲ မဟုတ်လား၊ ငွေရှိမှ ကျန်တဲ့စစ်အင်အား၊ လူထုကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းနိုင်မယ့် စည်းရုံးရေးစွမ်းအားတွေကို ထူထောင်နိုင်မယ်၊ ဘာမှမရှိဘဲ လေနဲ့အော်နေရင် ဘာတစ်ခုမှ ဖြစ်မလာဘဲ လည်ချောင်းကွဲရုံသာ ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် တော်လှန်ရေးတစ်ရပ် ဆင်နွဲတဲ့နေရာမှာ အဓိကအကျဆုံးအကြောင်း





တရားက ခုနအင်အားတောင့်တင်းခိုင်မာဖို့ အရေးကြီးတယ်၊ အခု အဘရဲ့ကြံစည်လုပ်ကိုင်မယ့် ပထမဆုံးရည်ရွယ်ချက်က ငွေရအောင် အဘတတ်ကျွမ်းတဲ့ပညာနဲ့ ကြံစည်လုပ်ကိုင်မယ်။

အဲဒီကိစ္စကို လွယ်လွယ်နဲ့တော့ စတင်လို့ မရသေးဘူး၊ ခရီးအမြောက်အမြား သွားရဦးမယ်၊ တွေ့သင့်တွေ့ထိုက်တဲ့ လူတွေနဲ့လည်း တွေ့ရဦးမယ်၊ ကတိသစ္စာပြုထားခဲ့တဲ့ မင်းမျိုးမင်းနွယ် မျိုးဆက်သစ်တွေနဲ့လည်း တွေ့ဆုံဆွေးနွေးရမယ်၊ သူတို့ကူညီပံ့ပိုးမှုတွေလည်း အများကြီးလိုအပ်တယ်၊ တစ်ခါတစ်လေ မမျှော်လင့်ဘဲ ဘေးအန္တရာယ်မျိုးနဲ့ ကြုံတွေ့ပြီး ရင်ဆိုင်တိုက်ခိုက်ရတာမျိုးလည်း ကြုံတွေ့ကောင်းတွေ့ရလိမ့်မယ်၊ ပြောရရင်တော့ စွန့်စားလုပ်ကိုင်ရမှာတွေ အများကြီးပဲ . . .။

ကောင်းပြီ . . . လူလေးက အဘကို ငွေဘယ်လိုနည်းနဲ့ ရှာနိုင်မလဲလို့ သံသယဖြစ်ကောင်းဖြစ်လိမ့်မယ်၊ တကယ်လည်း အဘ ငွေကိုမရှာနိုင်ပါဘူး၊ အဘရှာနိုင်တာ ရွှေပဲ၊ ရွှေရပြီဆိုမှတော့ ငွေရှာဖို့ဆိုတာ ဘာများခက်တော့မလဲ၊ ရွှေဆိုတာ တစ်ကမ္ဘာလုံးမှာ သတ်မှတ်တဲ့စံနှုန်းအတိုင်း ရောင်းလို့ရတဲ့ပစ္စည်းပဲ မဟုတ်လား၊ ရွှေရပြီဆိုတာ ငွေရတာနဲ့ အတူတူပဲလေ၊ အဲဒါဆိုရင် အဘတို့ ခုနအင်အားတောင့်တင်းသွားပြီး ကျန်တဲ့စစ်ရေးစွမ်းအားနဲ့ စည်းရုံးရေးစွမ်းအားကို တစ်ဆင့်ချင်း အကောင်အထည်ဖော်နိုင်ပြီပေါ့။

အဘ . . . အခု ဒီကိုရောက်လာတာ အဘနဲ့အတူ လက်တွဲဆောင်ရွက်မယ့် လူလေးမိုးစွေကို လာခေါ်တာပဲ၊ ပြီးတော့ အဘရဲ့ပညာအမွေကို အဘနဲ့အတူ လက်တွဲဆောင်ရွက်ရင်း မျိုးဆက်အမွေပေးခဲ့ချင်လို့ပဲ၊ ဒါပေမယ့် တစ်ဘဝလုံး မြှုပ်နှံလုပ်ကိုင်ရမယ့် ကိစ္စဖြစ်လို့ လူလေးမောင်မိုးစွေ အသေအချာ စဉ်းစားပါ"

www.burmeseclassic.com



ဟူ၍ စကားကို အဆုံးသတ်လိုက်ပြီး မိုးစွေကို အကဲခတ်ကြည့်နေလေ၏။ ထိုပုဂ္ဂိုလ်ကြီးသာလျှင်မဟုတ် ဖခင်ကြီးနှင့် အခြားသူများကလည်း မိုးစွေ၏အရိပ်အကဲကို ကြည့်နေလေ၏။

ဝန်းကျင်တစ်ခုလုံးက အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်လျက်ရှိ၏။

သို့သော် အချိန်တစ်ခဏအတွင်းမှာပဲ ယတိပြတ်ပြောလိုက်သည့် မိုးစွေ၏အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေ၏။

"ကျွန်တော် အဘနဲ့အတူ လိုက်ခဲ့ပါ့မယ်၊ ကျွန်တော့်ဘဝကိုလည်း အဘထံကို အပ်နှံပါတယ်"

မိုးစွေသည် သူ၏ရပ်ရွာ၊ ပိဘရင်ခွင်တွင် တစ်ရက်မျှပင် ခိုလှုံနေထိုင်ခြင်း မပြုနိုင်တော့ပဲ ၎င်းစကားဝိုင်းပြီးဆုံး၍ နာရီအနည်းငယ်အတွင်း ၎င်းဂျစ်ပဆီမိုးမှော်ဟူသော ပုဂ္ဂိုလ်ကြီးနှင့်အတူ စွန့်စားခြင်းခရီးကို စတင်ခဲ့လေတော့၏။

* * * *



## အခန်း (၁၃)

မိုးစွေသည် ရုတ်တရက် တွေ့ဆုံလိုက်ရသည့် ခဏမှာပဲ လွန်စွာလေးစားကြည်ညိုခဲ့ရသည့် ၎င်းလူထူးဆန်းကြီး ဂျစ်ပဆီမိုးမှော်နှင့်အတူ လိုက်ပါခဲ့ရာမှ သူ၏ဘဝမှာ ထူးဆန်းအံ့သြဖွယ်ရာများကြုံတွေ့ရသလို သမာရိုးကျ ရပ်တည်ကြီးပြင်းခဲ့ရသည့် ဘဝနေထိုင်မှုပုံစံသည်လည်း ဆန့်ကျင်ဘက်အသွင်သို့ ပြောင်းလဲသွားတော့၏။

သူတို့နှစ်ဦးသည် လွန်စွာဝေးလံသည့် ရခိုင်ပြည်နယ်အစွန်အဖျားဒေသမှ ထွက်ခွာခဲ့ကြရာ ကုန်းလမ်း၊ ရေလမ်း၊ ခြေလျင်ခရီးများစွာ ဖြတ်သန်းခဲ့ကြ၏။ ခရီးစဉ်တလျှောက်တွင် ဦးမိုးမှော်သည် မိုးစွေသိသင့်သိထိုက်သည်များကို ပြောဆိုသင်ကြားပေးလေ၏။

ထိုသို့ဖြင့် မိုးစွေသည် ဦးမိုးမှော်နှင့် ခရီးအတူသွားရင်း ဦးမိုးမှော်သင်ကြားသမျှကို မှတ်သားနာယူရင်းဖြင့် လွန်စွာပျော်ရွှင်နေတော့၏။ သူတို့နှစ်ဦးသည် အခြားသော ခရီးသွားကုန်



www.burmeseclassic.com

www.burmeseclassic.com

သည်များနှင့်အတူ လွန်စွာနက်ရှိုင်းမြင့်မားပြီး ခရီးလမ်းခက်ခဲသည့် ရခိုင်ရိုးမကြီးကို အမ်းတောင်ကြားဒေသမှ ဖြတ်ကျော်ခဲ့ကြ၏။

ရက်ကာလအတော်ကြာ ခရီးဆက်ခဲ့ပြီးနောက် သူတို့ဦးတည်ရာ မန္တလေးမြို့အနီးသို့ ရောက်ရှိခဲ့ကြ၏။ မန္တလေးတောင်ခြေနှင့် မျှားစွာမကွာဝေးသော ရွာလေးတစ်ရွာတွင် ခေတ္တတည်းခိုရင်း ခရီးတစ်ထောက်နားကြလေ၏။

မိုးစွေအဖို့ ထူးဆန်းသည့် အကြောင်းအရာများ၊ အဖြစ်အပျက်များနှင့် စတင်ကြုံတွေ့ရသည်မှာ ထိုအချိန်မှ အစပြုခဲ့သည်ဟု ယူဆရပေတော့မည်။

၎င်းရွာလေးသို့ ရောက်ရှိသည်တွင် မှောင်ရီပျိုးစပြုနေပြီဖြစ်သလို လွန်စွာဝေးလံသည့်ဒေသမှ မရပ်မနား ခရီးနှင်လာရသဖြင့် လွန်စွာပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ ထိုညအဖို့ ကောင်းစွာအနားယူလိုက်ကြ၏။ နောက်တစ်နေ့တွင် မိုးစွေသည် အတော်အတန် နေမြင့်မှ အိပ်ယာက နိုးလာ၏။

ရွာအနောက်ပိုင်းရှိ ဈေးတန်းလေးမှာ ဈေးငယ်လေးတစ်ခုသာဖြစ်သော်လည်း ထိုနေ့မှာ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ဈေးနေ့ဖြစ်သောကြောင့် လွန်စွာစည်ကားလို့နေ၏။ ဈေးနေ့မှာ ရက်သတ္တတစ်ပတ်လျှင် တစ်ရက်သာလျှင် ဖြစ်၏။

ဦးမိုးမှော်နှင့် မိုးစွေတို့လည်း ဈေးကို တစ်ပတ်လှည့်လည်ကြည့်ရှုရင်း ရွက်ဖျဉ်တဲဖြင့် ရောင်းချသည့် အတော်အတန် သပ်ရပ်မှုရှိသော စားသောက်ဆိုင်လေးအတွင်း ဝင်ခဲ့ကြလေ၏။ ဆိုင်တိုင်းလိုလိုပင် စားသောက်သူများနှင့် စည်ကားလျက်ရှိရာ စားသောက်သူများမှာ ပူးပူးကပ်ကပ် အနေအထားဖြင့်ပင် မှာယူစားသောက်ရလေ၏။





မိုးစွေမှာ သူနှင့် အကျွမ်းတဝင်မရှိသည့် မန္တလေးမြို့ရှည်ကိုစားရင်း မျက်နှာချင်းဆိုင်မြင်ကွင်းကို စူးစမ်းကြည့်ရှုနေရာမှ ဆိုင်အတွင်းဝင်လာသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးကို သတိထားကြည့်မိလေ၏။

မိုးစွေသတိထားမိသွားခြင်းမှာ ထိုပုဂ္ဂိုလ်ကြီး၏ ထူးခြားသော အသွင်အပြင်ကြောင့် ဖြစ်သည်။

ပုဂ္ဂိုလ်ကြီးသည် ခန္ဓာကိုယ်အောက်ပိုင်းကို အဝါရောင်နံငယ်ပိုင်းဝတ်ထားပြီး အပေါ်ပိုင်းကိုတော့ လွန်စွာဟောင်းနွမ်းစုတ်ချာသော အဝါရောင်ဝတ်ရုံကြီးကို လွှမ်းခြုံထား၏။ အသက်အရွယ်လွန်စွာအိုမင်းရင့်ရော်နေသော်လည်း ထူးခြားစွာ ထင်ပေါ်နေသည့် ဟိန္ဒူကုလားအဖိုးကြီးဖြစ်သည်။

စားသောက်နေကြသူများမှာလည်း သူတို့အနားက အဖိုးကြီး ပွတ်ကာသီကာ ဖြတ်သွားသည်နှင့် မျက်နှာရှုံ့ကာ သူတို့နှာခေါင်းကို ပိတ်ကြလေ၏။ အဖိုးကြီးက မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ခပ်တည်တည်ပင် လျှောက်လှမ်းနေဆဲပင်။ သို့နှင့် မိုးစွေတို့၏ လက်တစ်ကမ်းအကွာသို့ ရောက်လာရာ ထိုအခါမှ အဖိုးကြီးသည် တွန့်ရှုံ့နေသည့် နှုတ်ခမ်းသားကို တလှုပ်လှုပ်ဖြင့် တစ်စုံတစ်ခုရွတ်ဆိုလျက်ရှိကြောင်း သတိပြုမိသွား၏။

မိုးစွေလည်း ထိုအသံကို ပီသစွာ ကြားလိုက်ရ၏။

ပရနာ သနတော နဒ္ဓော

ပရေဝ ပရနာသကော

ဟူ၍ အဖန်တလဲလဲ ရွတ်နေလေ၏။ မိုးစွေမှာလည်း စားသောက်ခြင်းကို လက်စသတ်လိုက်ပြီးဖြစ်ရာ ထိုအဖိုးကြီးကိုသာ စူးစိုက်အကဲခတ်နေမိ၏။ ထိုအခိုက်မှာပဲ သူသည် မထင်မှတ်ဘဲ အံ့သြဖွယ်အဖြစ်မျိုး တွေ့လိုက်ရသဖြင့် ပါးစပ်ဟလျက် ငေးကြောင်သွား



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

သူ၏ဆရာ လူထူးဆန်းကြီး ဂျစ်ပဆီမိုးမောင်ကြောင့် ဖြစ်၏။ လွန်စွာစုတ်ချာညစ်ပတ်နေသော ကုလားအဖိုးကြီး သူတို့အနီးသို့ အရောက်မှာပဲ ရှေ့ဆက်မသွား တုန့်ကနဲ ရပ်လိုက်သလို ရွတ်ဆိုနေခြင်းကိုလည်း ရပ်တန့်လိုက်၏။ ထိုအခါ ဦးမိုးမောင်က ၎င်းကုလားအဖိုးကြီးကို စူးစိုက်ကြည့်ရင်း မပွင့်တစ်ပွင့်အပြုံးဖြင့် . . .

"ဘာလို့ရပ်လိုက်တာလဲ၊ ဆက်ရွတ်လေဗျာ" ဟုပြောလိုက်ပြီး တစ်ဆက်တည်းပင် ဦးမိုးမောင်က ဤသို့ရွတ်ဆိုလိုက်၏။

"သိယံဝ အာနသံယာတာ၊ တိကော ပါသာ ဒဈာပကော"

ထိုအခါ ကုလားအဖိုးကြီးမှာ ဟောက်ပက်နေသော မျက်ကွင်းထဲမှ စူးရှသော မျက်လုံးအစုံဖြင့် ဦးမိုးမောင်အား စေ့စေ့ကြည့်ပြီး အသံသြသြကြီးဖြင့် . . .

"မေယုတောင်တန်း၊ နှိုင်းကာညှို့လို့၊ သင်၏ဇာတိဘယ်ဌာနေလဲ . . ." ဟုမေးလိုက်ရာ ဦးမိုးမောင်က တည်တည်ငြိမ်ငြိမ်ဖြင့်ပင် . . .

"ဂျစ်ပဆီ" ဟူသော စကားတစ်လုံးသာလျှင် ဖြေကြားလိုက်၏။ ထိုအခါ ကုလားအဖိုးကြီးက ခေါင်းတစ်ချက်ငြိမ့်လိုက်ပြီး . . .

"မောင်ရင့်ခေါင်းက သျှောင်ဟာ ဘာလို့ဘယ်ဖက်ညာဖက် တစ်ဖက်ဖက်စောင်းမထားဘဲ ခေါင်းပေါ်တည့်တည့်မှာ ရှိနေတာလဲ"

ဟု မြန်မာသံပီပီသသကြီးနှင့် မေးလေ၏။ ဦးမိုးမောင်ကလည်း အပြုံးယဲ့ယဲ့အမူအရာဖြင့် . . .

"တည့်မတ်တဲ့သဘော၊ လက်ဝဲလက်ယာ မတိမ်းစောင်းဘဲ အလယ်အလတ် မဇ္ဈိမပဋိပဒါပေါ့ဗျာ"

ဟုဖြေလိုက်ရာ အဖိုးကြီးသည် ကျေနပ်သွားသည့် အမူ





အရာဖြင့် အနည်းငယ် ပြုံးလိုက်ပြီး ဤသို့ဆက်မေးပြန်၏။

"ဘုံသုံးပါးမှာ ဂတိဘယ်နှစ်ပါးရှိမလဲ"

"ဂတိငါးပါးပေါ့ဗျာ . . ."

"ဒါဖြင့် အသုဘ ဘယ်နှစ်ပါးပါလိမ့်"

"ဆယ်ပါးပေါ့"

"တော်ပါပေတယ်၊ ကျုပ် အချိန်ကုန် လူပင်ပန်းရကျိုးနပ်ပါပြီ၊ မောင်ရင်ဟာ ဂျစ်ပစီမိုးမောင်ဆိုတာ ကျုပ်ချွင်းချက်မရှိ ယုံကြည်လိုက်ပါပြီ၊ ကိုင်ဘာတောင်ကြားက ဘုန်းတော်ကြီးက ဂျစ်ပဆီကြီးအတွက် အာသမ္ဗဏအစား တခြားနည်းလမ်းရှာဖို့ လူကြုံပါးလိုက်ပါတယ်"

ထိုစကားကြားလိုက်ရသည်နှင့် ဦးမိုးမောင်မှာ မျက်နှာဝင်းပသွားပြီး . . .

"ဘုန်းတော်ကြီး၏ စကားအမိန့်ကို အမြဲမပြတ် နှလုံးသွင်းလျက် နာယူပြီးသားပါ"

"ကောင်းပါပြီလေ၊ ကဲ . . . ဒီနေ့တော့ ဒီလောက်ပါပဲ၊ မပြီးပြတ်သေးတဲ့အတွက် ကျုပ်တို့ နောက်တစ်ကြိမ်ဆုံနိုင်ဖို့ဆိုတာ မသေချာတော့ဘူး ဂျစ်ပဆီကြီး . . ."

"အင်း . . . သံသရာဝဲရဟတ်ပြတ်တောက်ဖို့ မဝေးတော့ဘူးလို့ ယူဆပါတယ်"

"ဒီသဘောပါပဲလေ . . ."

ဟုပြောပြီးသည်နှင့် ကုလားအဖိုးကြီး၏ ညာလက်မှာ အဝါရောင်ဝတ်ရုံအတွင်းမှ တစ်စုံတစ်ခုကို လျှပ်တပြက်ထုတ်ယူလိုက်ပြီး ထိုင်လျက်ရှိနေသည့် ဦးမိုးမောင်၏ပေါင်ပေါ်သို့ တင်လိုက်လေ၏။

လှုပ်ရှားမှုမှာ လွန်စွာမြန်ဆန်လှသဖြင့် သတိထားစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင်တောင်မှ ရိပ်မိနိုင်မည်မဟုတ်ပေ။ အနီးတွင်ကပ်လျက်ရှိနေသည့် မိုးစွေသည်ပင် ရေရေရာရာ မရိပ်မိလိုက်ပေ။ တစ်ခုခုပြုမူလိုက်သည်ဟုသာ သဘောပေါက်လိုက်၏။

တစ်ဖက်က လှုပ်ရှားမှုမြန်ဆန်သလို ဦးမိုးမှောင်၏သွက်လက်မှုကလည်း အံ့ဩစရာကောင်းလှ၏။ ဦးမိုးမှောင်က သူ့ပေါင်ပေါ်ပစ်တင်ပေးလိုက်သော ငှင်းအရာဝတ္ထုကို သူ၏အပေါ်ရုံအင်္ကျီအတွင်း လုစ်ခနဲ သွင်းယူလိုက်ပြီးသည်နှင့် ကုလားအဖိုးကြီးမှာ ထိုနေရာမှ ကျောခိုင်းထွက်ခွာသွားပြီဖြစ်၏။

မိုးစွေသည် စိတ်ထဲ၌ လှိုက်၍တက်လာသည့် မေးမြန်းချင်စိတ်ကို အကြိမ်ကြိမ်ထိန်းချုပ်နေရသဖြင့် ခေါင်းကုတ်လိုက်၊ မျက်မှောင်ကုတ်လိုက် ရှိနေလေရာ ထိုအဖြစ်ကို ရိပ်မိလိုက်သည့် ဦးမိုးမှောင်က ပြုံးလျက်မေးလေ၏။

"လူလေးကို ကြည့်ရတာ တစ်ယောက်တည်း ရှုပ်ရှက်ခတ်နေတာပဲ၊ ခေါင်းကုတ်လိုက်၊ မျက်မှောင်ကျုံ့လိုက်နဲ့ ဘာတွေများ ဘဝင်မကျဖြစ်နေတာလဲ"

ထိုအမေးကြောင့် မိုးစွေလည်း မထူးတော့ပြီမို့ တဲ့တိုးပင်ဖွင့်ပြောလိုက်၏။

"ဟို . . . ဒီ . . . ဒီလိုပါ၊ အဘနဲ့ ဟိုကုလားအဖိုးကြီးတို့အကြောင်းကို စဉ်းစားရင်း နားမလည်နိုင်ဖြစ်နေတာပါ"

ဦးမိုးမှောင်က ပြုံးနေလျက်ကပင် ဦးခေါင်းတငြိမ့်ငြိမ့်ဖြင့်-

"လူလေး စဉ်းစားမရတာ သဘာဝကျပါတယ်၊ အဘကလည်း ဘာတစ်ခွန်းမှ ပြောပြမထားဘူး မဟုတ်လား၊ ဒီလိုကွ . . . တို့ပြောတဲ့ စကားတွေက သာမန်လူတွေ နားမလည်နိုင်တဲ့ မွန်တိတွေပေါ့ကွယ်၊ ပရနာသကော သူတစ်ပါးကို ဖျက်ဆီးတဲ့သူဟာ ပရနာ





သနတော သူတစ်ပါးဖျက်ဆီးသည်မှ ပုရေဝ ရှေးဦးကပင် နဿောဖျက်စီး၏လို့ ဟိန္ဒူကုလားအဖိုးကြီးက ရွတ်လိုက်တော့ အဘပြန်ပြီးရွတ်လိုက်တာ ပြဿဒ်ကိုလောင်တဲ့ မြက်အမှိုက်မီးဟာလည်း ပြဿဒ်မကျွမ်းခင် အလျင်အမြန် ပျောက်ကွယ်သွားတယ်ဆိုတဲ့ အနက်ဖွင့်ဆိုချက်ပဲ၊ ခြုံပြီးပြောရရင် အဘကို ဂျစ်ပဆီမိုးမှောင် ဟုတ်မဟုတ် စမ်းသပ်လိုက်တာပါပဲ၊ အဲဒီဟိန္ဒူအဖိုးကြီးက နယ်နယ်ရရ မဟုတ်ဘူး လူလေး၊ အလွန်နက်ရှိုင်းပြီး ဘေးအန္တရာယ်များပြားတဲ့ အိန္ဒိယနယ်ကိုင်ဘာတောင်ကြားမှာ သီတင်းသုံးနေတဲ့ အဘရဲ့ဆရာ ဟိန္ဒူဘုန်းတော်ကြီးရဲ့သားပဲ"

"ဟိန္ဒူဘုန်းတော်ကြီးရဲ့သား ဟုတ်လား . . . အဘ"

"ဟုတ်တယ် လူလေး၊ အဘရဲ့ဆရာသခင် ဘုန်းတော်ကြီးက ဘုန်းတော်ကြီးဘဝနဲ့ အသွင်မပြောင်းခင်က မဟာရာဂျာကြီးတစ်ဦးပေါ့၊ အဲဒီအခြေအနေမှာ အိမ်ထောင်သည်ဘဝနဲ့ ထွန်းကားခဲ့တဲ့သားပေါ့၊ ကဲပါလေ . . . အဲဒီဟိန္ဒူကုလားကြီးရဲ့အသက်ကို လူလေးခန့်မှန်းကြည့်ပါဦး"

"အင်း . . ခြောက်ဆယ်အထက်လောက် ရှိမယ်ထင်တယ်"

ဟု မိုးစွေက မျက်နှာမော့လျက် စဉ်းစားဟန်ပြုပြီး ပြောလိုက်ရာ ဦးမိုးမှောင်သည် လွန်စွာသဘောကျလျက် ရယ်မောလေ၏။ ထိုသို့ရယ်မောပြီး ပြောလိုက်သည့်စကားကြောင့် မိုးစွေသည် လွန်စွာအံ့ဩမင်သက်ဖြစ်သွားပြီး ခြေလှမ်းများပင် တန့်ကနဲ ရပ်သွားလေ၏။

"ဗျာ . . . ဘယ် . . . ဘယ်လို . . . အဘ . . . တစ်ရာ့နှစ်ဆယ် . . . ဟုတ် . . . ဟုတ်လား"

မျက်ဝန်းမျက်ဆံပြူးလျက် အံ့ဩမင်သက်ဖြစ်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေကို ဦးမိုးမှောင်က တည်တည်ငြိမ်ငြိမ်ကြည့်ရင်း . . .

"မယုံမရှိနဲ့ မောင်မိုးစွေ၊ အဲဒီဟိန္ဒူကုလားကြီးဟာ ကိုင်ဘာတောင်ကြားက ဟိန္ဒူဘုန်းတော်ကြီးရဲ့ အငယ်ဆုံးသားပဲ၊ ကျန်တဲ့ သုံးယောက်လည်း အခုထိ ရှိသေးတယ်၊ ဒါပေမယ့် တစ်စုတစ်ဝေးတည်းရှိနေကြတာ မဟုတ်ဘူး၊ တစ်ယောက်က တိဘက်မှာ၊ တစ်ယောက်က ဂျစ်ပဆီမျိုးနွယ်စုတွေနဲ့ လှည့်သွားလာနေတယ်၊ တစ်ယောက်က ဟိမဝန္တာမှာ ဆာဒူးကြီးအဖြစ်နဲ့ ရှိတယ်၊ အခု အဘနဲ့ တွေ့တဲ့ အငယ်ဆုံးသားကတော့ မြန်မာနိုင်ငံမှာ ရှိနေတယ်၊ ကဲ . . ဘယ်လောက်အံ့သြဖို့ကောင်းသလဲ၊ ဒီ့ထက်အံ့သြဖို့ကောင်းတာက နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့၊ ဆေးပေါင်းခတဲ့ ညသန်းခေါင်အချိန်ရောက်ရင် သူတို့ညီအစ်ကိုလေးဦးဟာ ဖခင်ဘုန်းတော်ကြီးရှိတဲ့ ကိုင်ဘာတောင်ကြားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စုဝေးရောက်ရှိကြတယ်၊ ခရီးမိုင် ရာ၊ ထောင်ဝေးကွာနေတဲ့ အရပ်ဒေသမျိုးမှာ တစ်ကွဲတစ်ပြားစီ ရှိနေကြပေမယ့် ဘယ်လိုကြောင့် အချိန်တိုတိုအတွင်း အရောက်သွားနိုင်ကြတာလဲ၊ ကဲ . . . ကဲ . . . မောင်မိုးစွေ . . . ဒီလောက်ပဲ သိထားပါဦးကွယ်၊ ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိတဲ့ အဲဒီသဘောတရားကို နောင်ဆိုရင် လူလေး တဖြည်းဖြည်း သဘောပေါက်နားလည်လာပါလိမ့်မယ်"

ဟူ၍ စကားကို အဆုံးသတ်လိုက်သဖြင့် မိုးစွေလည်း ငြိမ်နေလိုက်ရ၏။ ထိုစဉ်မှာပဲ့ သူတို့လည်း တည်းခိုဆောင်အနီးရောက်ရှိနေပြီဖြစ်၍ ဦးမိုးမှောင်က ထိုနေ့တစ်နေ့လုံး သက်တောင့်သက်သာ အနားယူရန် မိုးစွေအားပြောပြီး တည်းခိုဆောင်အတွင်း ရှေ့မှဦးဆောင်ဝင်သွားလေ၏။

နောက်တစ်နေ့မှာပဲ မိုးစွေသည် သူ၏ဘဝတွင် ကြားသာ





ကြားဖူးပြီး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော လော်ကယ်ရထားကို စီးခွင့်ကြုံကြိုက်သဖြင့် ကလေးငယ်တစ်ဦးပမာ လွန်စွာကြည်နူးပျော်ရွှင်မိလေ၏။ သူတို့နှစ်ဦးသည် မန္တလေးမှနေ၍ တောင်ကြီး (အမရပူရ) အထိ လော်ကယ်ရထားနှင့် လိုက်ပါခဲ့ကြ၏။

တောင်မြို့ဘူတာရောက်သည်နှင့် သူတို့နှစ်ဦးသည် ရပ်ကွက်ငယ်ကလေးများ၊ ဘုန်းကြီးကျောင်းများကို တစ်နာရီနီးပါးခန့်ကြာမြင့်စွာ ကျော်ဖြတ်လျှောက်လာခဲ့ရာ မကြာမီ မယ်ဇယ်ပင်တန်းကြီးအနီးရှိ ဘုန်းကြီးကျောင်းအိုကြီးတစ်ကျောင်းအနီးသို့ ရောက်လာလေ၏။

ကျောင်းရှေ့ရှိ လှေကားများမှာ အုတ်များ၊ အင်္ဂတေများ ကိုင်ထားပြီး ထုထည်ကြီးမားလှပေ၏။ သူတို့နှစ်ဦးသည် လှေကားအတိုင်းတက်သွားပြီး ဖွင့်ဟနေသော ကျွန်းတံခါးကြီးကို ကျော်ဖြတ်ပြီးနောက် ကျောင်းထိုင်ဘုန်းတော်ကြီးရှိရာသို့ ဝင်ရောက်ဖူးမျှော်ကြ၏။

ဘုန်းတော်ကြီးကား ဝါဝင်းသော အသားအရေနှင့် ကြည်လင်ပြီး တည်ငြိမ်သော ဣန္ဒြေနှင့် ပြည့်စုံလှပေရာ မိုးစွေသည် ဘုန်းတော်ကြီးအား ဆက်တော်ငါးဆယ်ခန့်ဟု တွေးဆမိ၏။

ဦးမိုးမှောင်သည် ဘုန်းတော်ကြီးအား ဝတ်ပြုကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီးနောက် ၎င်းကျောင်း၌ တစ်ပတ်ခန့် တည်းခိုခွင့်ပြုရန် ခွင့်တောင်းလေ၏။ ဘုန်းတော်ကြီးက အသာတကြည်ပင် ခွင့်ပြုလေ၏။ ထို့နောက် ဦးမိုးမှောင်သည် ဘုန်းတော်ကြီးနှင့် ဟိနာယနဗုဒ္ဓဘာသာအကြောင်း၊ သုပ်၊ ဝိနည်း စသော ပဋိကတ်တော်ဆိုင်ရာ အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးကြလေရာ အနီးတွင်ရှိနေသည့် မိုးစွေမှာ ဦးမိုးမှောင်၏ ပညာဉာဏ်ပဟုသုတကို အံ့သြခြင်းမက အံ့သြနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စိတ်ဝင်တစား နားထောင်နေစဉ်မှာပဲ ဘုန်းတော်ကြီး စေခိုင်းလိုက်၍ တည်းခိုဖို့ပြင်ဆင်ပြီးကြောင်း လာရောက်သတင်းပို့သည့် ဘုန်းကြီးကျောင်းသားလေးကြောင့် မိုးစွေမှာ ထိုနေရာမှ မထချင်၊ ထချင်ဖြင့် သူ့အတွက် စီစဉ်ပေးထားသည့် အခန်းရှိရာသို့ ထွက်လာခဲ့ရ၏။ သူသည် လှဲလျောင်းအနားယူလိုက်ပြီး ခရီးပန်းသည့် နွမ်းနယ်မှုကြောင့် မကြာမီမှာပဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့၏။

သူသည် နာရီအတော်ကြာမျှ အိပ်ပျော်သွားရာ သူနိုးလာသည့်အချိန်မှာ ညနေစောင်းနေပြီဖြစ်၏။ ဘုန်းကြီးကျောင်းသားလေးက ညနေစာစားသောက်ရန် လာခေါ်သဖြင့် ၄င်းကျောင်းသားလေးနှင့်အတူ မီးဖိုဆောင်အတွင်းဝင်ရောက်ပြီး ဟင်းပေါင်းစုံရောကြိုထားသော ဟင်းနှင့်ထမင်းကို အားပါးတရ စားသောက်လိုက်၏။

ထိုအချိန်တွင် ဦးမိုးမှောင်မှာ ဘုရားခန်းအတွင်း၌ မီးပူဇော်လျက် ပုတီးစိပ်နေလေ၏။ မိုးစွေက ဘုရားဝတ်ပြုနေသည့် သူ၏ အဘမိုးမှောင်ကို ကျောင်းဝရံတာတွင်ထိုင်ရင်း စောင့်ဆိုင်းနေလေ၏။ မှောင်စပျိုးချိန်ဖြစ်သော်လည်း လပြည့်ညဖြစ်၍ လရောင်က အမှောင်ကို ထိုးဖောက်လွှမ်းမိုးစပြုနေပြီဖြစ်ရာ ထိုမြင်ကွင်းကို ငေးမောရင်း မိုးစွေရင်၌ တစ်စုံတစ်ခုကို သတိရလွမ်းဆွတ်သလို ခံစားနေမိ၏။

ထိုသို့ငေးမောနေစဉ်မှာပဲ ဘုရားဝတ်ပြုပြီးသွားသည့် ဦးမိုးမှောင်မှာ သူ့အနီးသို့ရောက်လာပြီး . . .

"နှလုံးသားမှာ လွမ်းဆွတ်တမ်းတခြင်းပုံရိပ်တွေ ထင်ဟပ်လာပြီဆိုရင် ချစ်ခြင်းမေတ္တာဆိုတဲ့ သမုဒ္ဒယအနှောင်အဖွဲ့တွေ ကျရောက်တော့မယ်ဆိုတဲ့ သဘောပဲ၊ သာယာချမ်းမြေ့တဲ့ နှလုံးသား





ပုံရိပ်လေးတွေ ဖြစ်ပါစေလို့ အဘဆုတောင်းပေးပါတယ်၊ ကဲ . . . ကဲ . . . လူလေး . . . ဒီလို လပြည့်ညမျိုးမှာ အခုလို လွမ်းဆွတ်ငေးမောနေမယ့်အစား ဦးပိန်တံတားဖက် လမ်းလျှောက်ကြရအောင်"

ဟု နူးညံ့သည့်အပြုံးဖြင့် ပြောလေရာ ဦးပိန်တံတားဟူသည့် စကားကြောင့် မိုးစွေလည်း စိတ်ဝင်တစားဖြင့် ထိုင်ရာကထလျက် ဦးမိုးမှောင်နှင့်အတူ ဦးပိန်တံတားရှိရာဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြလေ၏။

တောင်သမန်ရွာလေးသည် တံတား၏ ဟိုဘက်စွန်းတွင်ရှိပြီး ရွာဘက်မှ ခွေးဟောင်သံများ၊ စကားသံများကို လေသင့်လျှင်သင့်သလို တစ်ချက်၊တစ်ချက်တွင် ကြားနေရ၏။ အချို့မယ်ဇယ်ပင်ကြီးများ၏ အမြစ်များကား ရေအောက်မြုပ်စပြုနေပြီ ဖြစ်၏။ မိုးနှောင်းကောင်းသော အထက်အရပ်မှ မိုးဦး၊ မိုးလယ်တွင် တောင်သမန်အင်းပြင်မှာ ရေပြည့်ခြင်း မရှိသေးပေ။

သူတို့နှစ်ဦးသည် ခပ်မှန်မှန် လျှောက်လှမ်းနေရာမှ တစ်ခုသော မယ်ဇယ်ပင်ကြီး၏အရိပ်အောက်သို့ အရောက်တွင် ရပ်လိုက်ကြ၏။ လရောင်က ပြည့်ပြည့်ဝဝရှိသော်လည်း မယ်ဇယ်ပင်ကြီး၏ အရိပ်ကြောင့် အနည်းငယ် မှောင်ရီရိုးတဝါးရှိနေ၏။ ထိုအခိုက် ဦးမိုးမှောင်က လရောင်ကျရာ မယ်ဇယ်ပင်အရိပ်အောက်မှ ခပ်သွက်သွက် လျှောက်လှမ်းသွားသဖြင့် မိုးစွေလည်း ခပ်သုတ်သုတ် လိုက်ပါသွားရာ အနားသို့ရောက်သည်နှင့် . . .

"မောင်မိုးစွေ . . . လူလေး . . . သတိတစ်ချက်မလစ်စေနဲ့နော်၊ အဘတို့နောက်က လူနှစ်ယောက်သုံးယောက်လောက်လိုက်လာတဲ့ ခြေသံလိုလို ကြားနေရတယ်၊ အဘတစ်လမ်းလုံး နားစွင့်ခဲ့တာ သေချာသလောက်ရှိနေပြီ၊ ဒီလူတွေဟာ သေွးရိုးသားရိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ သဘောမျိုးမဟုတ်ဘူး၊ အန္တရာယ်တစ်စုံတစ်ခုပေးဖို့ ဖြစ်လိမ့်မယ်၊ ကဲ . . . လူလေး . . . အဘ မင်းကိုပြောခဲ့တဲ့အတိုင်း အခုအမှန်ဖြစ်လာပြီ၊ ရဲစွမ်းသတ္တိနဲ့ယှဉ်တဲ့ စွန့်စားခြင်းအတွေ့အကြုံဆိုတာ အခုက,စပြီလို့ မှတ်လိုက်ပေတော့ . . . ”

ဟု လေသံတိုးတိုးဖြင့် ပြောလိုက်ပြီး သဘောကျစွာ ရယ်လိုက်၏။ ပြီးနောက် မိုးစွေကို ပြုံးတုံ့အမူအရာဖြင့် ကြည့်လိုက်ပြီး-

“ဒါပေမယ့် စိုးရိမ်စရာမရှိပါဘူး၊ အခု အဘပြောမယ့်စကားတွေကို သေချာနားထောင်၊ အဲဒီလူတွေနဲ့ ရင်ဆိုင်တဲ့အခါ လူလေးနည်းနည်းလေးမှ ဝင်မစွက်ဖက်နဲ့၊ အဘအတွက်လည်း နည်းနည်းလေးမှ စိုးရိမ်မနေနဲ့၊ လွတ်အောင် ရှောင်နေပါ”

ဦးပိန်ကျွန်းလုံးတံတားပေါ် သို့ စတင်ခြေချမိလေပြီ၊ နောက်မှကပ်ပါလာသော ခြေသံက တိတ်သွား၏။ ဦးမိုးမှောင်သည် အန္တရာယ်အတွက် စိုးထိတ်ပူပန်ခြင်း အလျဉ်းမရှိဘဲ လရောင်အောက်၌ အေးချမ်းစွာ လမ်းလျှောက်နေသူတစ်ဦးကဲ့သို့ ရှိနေလေ၏။ မိုးစွေကတော့ ခြေသံကြားလိမ့်နိုးနိုးနှင့် အစွမ်းကုန်နားစွင့်ထားလေ၏။

“မောင်မိုးစွေ . . ဒီတံတားကြီးက မထူးဆန်းဘူးလားကွယ်”

ဦးမိုးမှောင်သည် အေးအေးသက်သာ လျှောက်လှမ်းနေရင်းက မိုးစွေအာရုံပြောင်းအောင် မေးလိုက်လေ၏။ သူသည် မိုးစွေကို ခေါ်ပြောရာတွင် လူလေးဟု ချစ်စနိုးခေါ်သလို တစ်ခါတစ်ရံတွင် မိုးစွေဟူသည့် အမည်ရင်းဖြင့် အလျဉ်းသင့်သလို ခေါ်ပြောစမြဲဖြစ်၏။

ထိုသို့ မေးလိုက်သည့်အတွက် မိုးစွေသည်လည်း အမှန်ပင် အာရုံပြောင်းသွားခဲ့၏။ သူသည် ထိုတံတားကြီးအပေါ် ခြေချမိကတည်းက သစ်လုံးတိုင်ကြီးများဖြင့် အုံမခန်းတည်ဆောက်ထားပုံကို





ကြည့်ရင်း တအံ့တဩ ဖြစ်ခဲ့ရ၏။

“ဒီလို သစ်လုံးတိုင်ကြီးတွေနဲ့ တည်ဆောက်ထားတဲ့တံတားမျိုး ဘယ်မှာမှ ရှိနိုင်မယ်မထင်ဘူး၊ တကယ့်ကို အံ့ဩမိတယ်”

“ဟုတ်တာပေါ့၊ ဒီလိုတံတားမျိုး မြန်မာတစ်နိုင်ငံလုံး အနှံ့ဒေသမှာမှမရှိတဲ့ တံတားကြီးပေါ့၊ မြို့ဝန်ဘိုင်ဆတ်ရဲ့စာရေး ဟိုရှေးက တောင်သမန်ရွာသား ဦးပိန်က ၁၂၀၉ ခုနှစ်က ဆောက်ခဲ့တာလေ၊ အစကတော့ တိုင်ပေါင်း ၁၀၈၆ တိုင်ရှိတယ်၊ အဲဒီတိုင်တွေကို စစ်ကိုင်းမြို့ဟောင်းနဲ့ အင်းဝမြို့ဟောင်းက အဆောက်အအုံဟောင်းက သစ်တွေကိုယူပြီး ဆောက်ခဲ့တာပေါ့”

ဦးမိုးမှောင်သည် သမိုင်းသုတေသီတစ်ဦးပမာ ရာဇဝင်နောက်ခံများနှင့်တကွ ရှင်းပြလေရာ မိုးစွေလည်း ဗဟုသုတအနေဖြင့် စိတ်ဝင်တစား နားထောင်မှတ်သားနေလေ၏။ သူတို့နှစ်ဦးသည် နောက်ဖက်မှ အမည်မသိလူတစ်စုလိုက်လာသည်ကိုပင် အမှုမဲ့မထားဘဲ စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြရာ တံတားအလယ်ဗဟိုသို့ ရောက်ရှိလာပြီဖြစ်၏။

တောင်သမန်ရွာဘက်မှာ သီချင်းဆိုသံ၊ ကလေးငိုသံများကိုပင် ပီပီသသကြားနေရ၏။ ထိုနေရာအရောက်မှာပဲ သူတို့သည် ရှေ့မဆက်ဘဲ လာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်လိုက်၏။ အဝေးမှ မဟာသကျရံသီဟကျောက်တော်ကြီးဘုရားကို လရောင်ရိပ်ဖြင့် အတိုင်းသား ကြည်ညိုဖူးတွေ့နေရ၏။

မျက်နှာမူလျက်ရှိသော တံတားလမ်းပေါ်တလျှောက် လူသူအရိပ်အယောင်ဟူ၍ လုံးဝမမြင်ရပေ။ တံတားနှင့်ယှဉ်လျက် ပေါက်နေသော မယ်ဇယ်ပင်ကြီးများစွာကို ကျော်လွန်ခဲ့ပြီး တစ်နေရာသို့ အရောက်မှာတော့ ငှက်ဆိုးတစ်ကောင်က ဂီးခနဲ [illegible]မြည်ပျံသန်း



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် မိုးဇွေလည်း တုန့်ကနဲ ဖြစ်သွား၏။

တံတားကြမ်းခင်းဘေးနားတွင်ရှိသည့် လွန်စွာကြီးမားသော မယ်ဇယ်ပင်ကြီး၏ အကိုင်းအလက်များကြောင့် ငှင်းနေရာမှာ မှောင်ရိပ်ကျလျက်ရှိ၏။ ထိုနေရာသို့အရောက်တွင် သူတို့နှစ်ဦးလည်း စကားပြောရပ်လိုက်ပြီး ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားလေရာ အရိပ်ကျနေရာသို့ရောက်သည်နှင့် ဝင်းကနဲ လက်သွားသော အရောင်တစ်ခုကို ရုတ်တရက် သတိပြုမိလိုက်၏။

"ရပ်လိုက် . . ."

အသံထွက်ပေါ်ရာသို့ စူးစိုက်ကြည့်လိုက်ရာ ခြောက်လုံးပြူးကိုင်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူ၏ဘေးတစ်ဖက်တစ်ချက်မှာတော့ အရောင်တဖျတ်ဖျတ်လက်နေသည့် ဓားကြီးတောင်မြဲနှစ်လက်နှင့် လူနှစ်ယောက်ရှိနေပြီး ထိုလူနှစ်ယောက်က ရှေ့တိုးထွက်လာပြီး လမ်းပိတ်ထားသလိုဖြင့် ကာဆီးလိုက်ကြ၏။

"မောင်ရင်တို့ ဘယ်သူတွေလဲ၊ ကျုပ်နဲ့ ဘယ်လိုပတ်သက်မှုရှိလို့လဲ"

ဦးမိုးမှောင်သည် အသက်အန္တရာယ်နှင့် လက်တကမ်းအကွာသို့ ရောက်နေသည့်တိုင် လုံးဝမျက်နှာမပျက်ဘဲ အသံမှန်နှင့် ပြန်မေးလိုက်၏။ ထိုအခါ ခေါင်းဆောင်ဟုထင်ရသူ ခြောက်လုံးပြူးကိုင်ထားသည့် ပုဂ္ဂိုလ်က ခပ်ဆတ်ဆတ်လေသံဖြင့် . . .

"ကိုင်ဘာတော်ကြားက ဟိန္ဒူဘုန်းတော်ကြီးပေးလိုက်တဲ့ သေတ္တာလေးကို လိုချင်တယ်"

ဟုပြောလိုက်ရာ ဦးမိုးမှောင်က နှုတ်ဖျားကလေးတွန့်လျက် မထီလေးစားပြုံးလိုက်၏။ ထိုပုဂ္ဂိုလ်က တစ်ဆက်တည်းဆိုသလို . .

"ဒီသေတ္တာလေးကို ခင်ဗျား ကိုယ်နဲ့မကွာ ဆောင်ထားတယ်





ဆိုတာ ကျုပ်တို့သိတယ်၊ ကျုပ် အကြမ်းမဖက်ချင်ဘူး၊ အသာတကြည်တောင်းတုန်း ထုတ်ပေးပါ"

"ဟုတ်တယ် . . . မောင်ရင်တို့လိုချင်တဲ့ပစ္စည်း ကျုပ်မှာရှိတယ်၊ ကျုပ်တစ်ခုပြောမယ်၊ ဒီသူငယ်ကို လမ်းဖယ်ပေးလိုက်ပါ၊ ပြီးရင် မောင်ရင်တို့တောင်းတဲ့ပစ္စည်း ကျုပ်ချက်ချင်းထုတ်ပေးမယ်"

ဟု တည်ငြိမ်စွာ ပြောလိုက်၏။ ထိုအခါ သေနတ်သမားမှာ အတန်ငယ် ငိုင်တွေသွားပြီး ချက်ချင်းပင် ပြတ်သားသောလေသံဖြင့် ဟိန်းဟောက်ပြောပြန်၏။

"ကျုပ်တောင်းတဲ့ပစ္စည်းနဲ့ ဒီလူငယ်ကို လမ်းဖယ်ပေးခိုင်းတာနဲ့ ဘာမှမဆိုင်ဘူး၊ ပစ္စည်းသာ အရင်ပေးပါ၊ ခင်ဗျားတို့နှစ်ယောက်စလုံး သွားခွင့်ပေးမယ်"

လရောင်ရိပ်က သစ်ပင်ပေါ်ကျနေ၍ မှောင်ရီဝိုးတဝါးရှိ လင့်ကစား ဦးမိုးမှောင်၏မျက်လုံးအစုံကမူ စူးရှတောက်ပြောင်လှပေ၏။ ဦးမိုးမှောင်သည် ခြောက်လုံးပြူးသမားနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေရာမှ ရုတ်ချည်းပြောလိုက်သည့်စကားကြောင့် မိုးဇွေပင် မျက်လုံးပြူးသွား၏။

"ဟော့ကောင် . . . ကြည့်စမ်း၊ ငါ့မျက်လုံးကို ကြည့်စမ်း၊ အေး . . . ဟုတ်ပြီ၊ မင်းသေနတ်က အစုတ်ကြီး၊ ပစ်လို့မရတော့ဘူး၊ ပစ်စမ်း . . . ငါ့ကို ပစ်ကြည့်စမ်း"

အောင်မြင်သော အသံဝါကြီးဖြင့် ပြောလိုက်ရာ သေနတ်သမားမှာ သူ၏မျက်နှာကို အဓိပ္ပါယ်မဲ့စွာ ငေးမောကြည့်ရင်း မတ်တပ်မေ့,မေ့နေတော့၏။

"ဟော့ကောင် . . . ပစ်လေ . . . ပစ် . . . ပစ် . . ."

ဓါးရှည်ကိုင်ထားသူနှစ်ဦးက ဦးဆုံးသတိဝင်လာပြီး ခြောက်



www.burmeseclassic.com

www.burmeseclassic.com



လုံးပြူးသမားကို အော်ဟစ်ပြောလိုက်၏။ တစ်ဆက်တည်းပင် ဓါးရှည်များကိုဝင့်၍ ဦးမိုးမှောင်ထံသို့ ပြေးဝင်လာ၏။ မိုးဇွေသည် ရုတ်တရက် ဖြစ်တည်လာသည့် အခြေအနေကြောင့် ကြောင်ငေးနေစဉ် ဦးမိုးမှောင်က လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

သူ၏ဦးခေါင်းတည့်တည့် ပိုင်းချလိုက်သော ဓါးရှည်သမားထံသို့ ရှေ့တစ်လှမ်းတိုးဝင်လိုက်ပြီး ဓါးကိုင်လက်ကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်ရာ ဘေးမှ ဓါးကိုင်သမား၏လက်ပေါ်သို့ ဓါးက ကျရောက်သွား၏။

ထိုအနေအထားကို အခွင့်ကောင်းယူ၍ မိုးဇွေ၏လှုပ်ရှားမှုကလည်း လွန်စွာထိထိမိမိ ရှိလှပေ၏။

ဦးမိုးမှောင်၏ တိုက်ခိုက်ခြင်းကိုခံရပြီး ဓါးလွတ်ကျသွားသည့်ပုဂ္ဂိုလ်မှာ ရှေ့သို့ငိုက်ခနဲ ယိုင်ကျလာသည်တွင် မိုးဇွေက ထိုသူ၏မျက်နှာကို ဒူးတစ်ဖက်ခံထားပြီး ခေါင်းကို အားနှင့်ဆွဲနှိပ်လိုက်ရာ ထိုသူမှာ မြေပြင်ပေါ် ဘိုင်းခနဲ လဲကျသွား၏။ တစ်ဆက်တည်းပင် ဦးမိုးမှောင်ဘက်မှ ဓါးသမားမှာလည်း မြေတွင်လူးလိမ့်ရင်း တအီးအီး ငြီးညူနေလေ၏။

ကျန်သူဆို၍ သေနတ်ကိုင်ထားသူသာ ရှိတော့၏။ ထိုသူမှာ ဘယ်လိုမှ မထင်မှတ်သည့် တုန့်ပြန်မှုကို ခံလိုက်ရသဖြင့် ကြောင်စီစီဖြစ်နေစဉ် ဦးမိုးမှောင်က ထိုသူအနီးသို့ ရဲဝံ့စွာ တိုးကပ်သွားပြီး-

"ဟော့ကောင် . . . မင်းသေနတ် ငါ့ကိုပေးစမ်း"

ဟု အာဏာသံနှင့် အမိန့်ပေးလျက် လက်ဝါးဖြန့်လိုက်လေ၏။

သေနတ်ကိုင်ထားသူမှာ အနည်းငယ်မျှ စောဒက မတက်ဝံ့ဘဲ ကတုန်ကရီဖြင့် သေနတ်ကို ဦးမိုးမှောင်လက်ဖဝါးပေါ် တင်





ပေးလေ၏။

"အဲဒီတည့်တည့်ကို လျှောက်သွား၊ တောင်သမန်ရွာရောက်မှ မင်းလူတွေကို လာပြန်ခေါ်လှည့် . . ."

ဟု အမိန့်ပေးလိုက်သည်နှင့် ထိုလူသည် မည်သည့်စကားမျှမဆိုဘဲ အိပ်မက်,မက်နေသူပမာ တောင်သမန်ရွာဘက်သို့ ဦးတည်၍ တစ်လှမ်းချင်းလျှောက်သွားတော့၏။ ထိုသူအတော်ဝေးဝေးသို့ရောက်တော့မှ ဦးမိုးမှောင်က မိုးဇွေကို ပြုံးလျက်ကြည့်ရင်း . . . "

"ကဲ . . . လူလေး၊ အဘဟို့သွားရအောင် . . ." ဟုပြောပြီး ရှေ့မှလျှောက်လှမ်းသွားသဖြင့် မိုးဇွေလည်း ၎င်းနှင့်ပြန်ကာလိုက်ခဲ့သော်လည်း စိတ်ထဲတွင်မူ မေးမြန်းစုံစမ်းချင်သော စကားများ ပြည့်လျှံနေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ဦးမိုးမှော်သည် နောက်တစ်နေ့မနက်တွင် ခရီးထွက်ခွာရတော့မည်ဖြစ်၍ ထိုနေ့တစ်နေ့လုံး ဘုန်းတော်ကြီးနှင့်အတူ စကားပြောဆိုနေလေ၏။ မိုးစွေကတော့ မနက်စာထမင်းစားသောက်ပြီးနောက်ပိုင်းအချိန်မှစ၍ ဦးမိုးမှော်မှာကြားသည့်အတိုင်း ခရီးအတွက်လိုအပ်သည့် အသုံးအဆောင်၊ ပစ္စည်းပစ္စယများကို ဘုန်းကြီးကျောင်းသားလေးနှင့်အတူ စီစဉ်လုပ်ကိုင်လေ၏။

သူတို့ဆရာတပည့်နှစ်ဦးသည် နောက်တစ်နေ့ မနက်ခင်းမှာပဲ လော်ကယ်ရထားဖြင့် ရန်ကုန်မြို့ကြီးသို့ ထွက်ခွာလာခဲ့တော့၏။ ကွမ်းခြံဘူတာ (ရန်ကုန်ဘူတာကြီး) သို့ သူတို့လိုက်ပါလာသောရထားဆိုက်ရောက်သည်နှင့် ရန်ကုန်မိုးသည် သည်းကြီးမဲကြီး ရွာသွန်းလျက်ရှိ၏။ မိုးစွေသည် နေရာကွက်ကွက်လေးအတွင်း ထိုမျှအုံးအုံးကြွက်ကြွက်စည်ကားသည့် လူစုလူဝေးကြီးကို မမြင်ဖူး၊ မတွေ့ဖူး





သဖြင့် ၄င်းလူအုပ်ကြီးအတွင်း တိုးဝင်ဖြတ်သန်းဖို့ တွန့်ဆုတ်နေမိ၏။

အချိန်မှာလည်း မှောင်ရိပ်သန်းနေပြီဖြစ်သလို မိုးကလည်း သည်းသည်းမဲမဲ ရွာသွန်းနေသောကြောင့် ဝန်းကျင်တခွင်လုံး အုံ့ဆိုင်းမဲမှောင်နေလေ၏။

"မောင်မိုးစွေ . . . ခရီးဆောင်အိတ်တွေ၊ ပစ္စည်းပစ္စယတွေကို သတိထားပော့၊ ဒီလိုအခြေအနေမျိုးက အလစ်သမားတွေအတွက် အကွက်ကောင်းပဲ"

ရထားပေါ်မှဆင်းသည်နှင့် ဦးမိုးမှော်က မိုးစွေကို သတိပေးလိုက်ပြီး ရှေ့မှဦးဆောင်လျက် လူအုပ်ကြီးအတွင်း တိုးဝင်ဖြတ်သန်းလေ၏။ ဂျစ်ပဆီမိုးမှော်ဟူသော မိုးစွေ၏အဘသည် လွန်စွာစည်းစနစ်ကျသူဖြစ်သည်။ သူသည် ခရီးစဉ်စတင်ကတည်းက မည်သည့်ကိစ္စကိုမှ တွန့်ဆုတ်တွေဝေခြင်းမရှိဘဲ အကွက်ကျကျ စီစဉ်ခဲ့လေ၏။

မည်သည့်အရပ်ဒေသသို့ ရောက်သည်ဖြစ်စေ ဘာပြီးလျှင် ဘာလုပ်ရမည်ကို စီစဉ်ဆုံးဖြတ်ထားပြီးဖြစ်၏။ သို့ကြောင့်လည်း ဦးမိုးမှော်သည် တက္ကစီတစ်စီးငှားလိုက်ပြီး လတ္တာလမ်းရှိ ကွမ်းလုံဟိုတယ်တွင် တည်းခိုရန် ဆုံးဖြတ်ထွက်ခွာခဲ့လေ၏။ ဟိုတယ်တွင် နှစ်ယောက်ခန်းယူ၍ ၄င်းဟိုတယ်မှာပင် ညနေစာ မှာယူစားသောက်ပြီးနောက် အားပါးတရ အနားယူအိပ်စက်လိုက်ကြ၏။

မိုးစွေသည် စောစီးစွာ အိပ်ယာဝင်ခဲ့သော်လည်း တော်ရုံနှင့် အိပ်မပျော်နိုင်ဖြစ်နေပြန်၏။ အခြားအကြောင်းကြောင့် မဟုတ်ပါ။ ညနေစာ အတူတကွ စားသောက်စဉ်က သူ၏အဘမိုးမှော်ပြောခဲ့သည့် စကားများကို ကြားယောင်မိပြီး ကျေနပ်ပျော်ရွှင်နေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေးမိုးစွေ . . . အဘတို့ ခရီးစတင်ခဲ့တာ ဒီနေ့ဆိုရင် နှစ်လတင်းတင်းပြည့်ပြီ၊ ဖြတ်သန်းခဲ့ရတဲ့ ခရီးဟာလည်း မိုင်ပေါင်းများစွာ ရောက်ရှိခဲ့ပြီ၊ ရှေ့ခရီးဟာ ဒီထက်မက ခရီးမိုင်အများကြီး ဖြတ်သန်းကောင်း ဖြတ်သန်းရလိမ့်ဦးမယ်၊ ဘာပဲဖြစ်ဖြစ် ခရီးစဉ်တစ်လျှောက်မှာ မငြီးမငြူဘဲ စိတ်အားထက်သန်မှုရှိလှတဲ့ လူလေးရဲ့ စိတ်ဓါတ်ကို အဘအသိအမှတ်ပြုချီးကျူးမိတယ်၊ အနီးကပ်သွားလာနေထိုင်ခဲ့ရတဲ့အတွက် လူလေးရဲ့ ပင်ကိုယ်ဗီဇစိတ်နေသဘောထားကိုလည်း အဘပိုပြီး သိလာရတယ်၊ အဘပြောချင်တာက အခုအဘတို့ ရောက်ရှိနေတဲ့ ရန်ကုန်မြို့ကြီးဟာ မြန်မာနိုင်ငံရဲ့မြို့တော်ကြီးပဲ၊ ဒီမြို့မှာ အဘဒီထင် ရက်အတော်ကြာ စောင့်ဆိုင်းနေထိုင်ရဖို့ များတယ်၊ လူလေးလည်း အခုလို မြို့ကြီးမှာ လူငယ်ပီပီ သွားလာလည်ပတ်ချင်မှာပေါ့၊ နောက်တစ်နေ့ဆိုရင် အဘတို့ ဒီမြို့မှာ ဘယ်လောက်ကြာကြာ နေထိုင်ရမယ်ဆိုတာ သိရပါလိမ့်မယ်၊ ပြီးတော့ တစ်လျှောက်လုံး လူလေးသိချင်နေတဲ့ အကြောင်းအရာကိုလည်း သိသင့်သိထိုက်သလောက် အဘပြောပြပါ့မယ်"

မိုးစွေသည် အခြားသော အကြောင်းကိစ္စများထက်စာလျှင် ရန်ကုန်မြို့ကြီးအတွင်း လွတ်လပ်စွာ သွားလာလည်ပတ်ရမည့်အဖြစ်ကို ဘဝင်အကျဆုံးဖြစ်မိ၏။ မိမိ၏မွေးရပ်ဇာတိဖြစ်သည့် ရခိုင်ပြည်နယ်အစွန်အဖျားမှ ဤသို့သော မြို့ပြကြီးသို့ တစ်သက်နှင့်တစ်ကိုယ် ရောက်ရှိဖို့ စိတ်ကူးနှင့်ပင် မျှော်မှန်းနိုင်သည့် ကိစ္စမဟုတ်ပေ။

မိမိရွာသို့ပြန်ရောက်လျှင် ရန်ကုန်မြို့ကြီးအကြောင်းကို ဝိုင်းဝန်းမေးမြန်းကြမည့် မိမိရွာမှ အပေါင်းအသင်းမိတ်ဆွေများကို မြင်ယောင်ရင်း တစ်ဆက်တည်းပင် ညီမငယ်မိကြိုးကြာကို သတိတရတမ်းတမိ၏။





စေ့စေ့ပေါက်ပေါက် မေးမြန်းတတ်သည့် ညီမငယ်၏ချစ်စဖွယ် အမူအရာလေးများက အမြင်အာရုံ၌ ထင်ဟပ်လာပြန်၏။

မိုးစွေသည် သူမျှော်လင့်သလို ရန်ကုန်မြို့ကြီးတွင် ရက်ကာလကြာမြင့်စွာ နေထိုင်ခဲ့ရပါသည်။ သူမျှော်မှန်းသည်ထင်ပင် ပို၍ကြာမြင့်ခဲ့ပါသည်။ သို့သော်လည်း ကံကြမ္မာသည် သူဖြစ်စေချင်သည့် အခြေအနေမျိုး ဖန်တီးမပေးခဲ့ပါ။ ရန်ကုန်မြို့ကြီးအတွင်း၌ လွတ်လပ်စွာ သွားလာလည်ပတ်ခွင့်ကို ရက်ပိုင်းမျှသာ ခွင့်ပြုခဲ့ပြီး မိုးစွေကျင်လည်ရမည့် သီးခြားအရပ်ဒေသတစ်ခုကို ပို့ဆောင်လိုက်သောကြောင့် ဖြစ်သည်။

ထိုအရပ်ဒေသကတော့ . . .။

နောက်တစ်နေ့မနက်ခင်းတွင် မိုးသားတိမ်စိုင်များကြောင့် ဝန်းကျင်တစ်ခုလုံး အုံ့အုံ့မှိုင်းမှိုင်းရှိနေသော်လည်း မိုးစွေအဖို့တော့ လွန်စွာသာယာသော နံနက်ခင်းတစ်ခုဖြစ်ရလေ၏။

နောက်တစ်နေ့မနက်ခင်းတွင် မိုးစွေသည် စိတ်အားထက်သန်စွာ ဖြင့် ဦးမိုးမှောင်နှင့်အတူ လိုက်ပါခဲ့လေ၏။ ဦးမိုးမှောင်သည် ခေါင်းက ဥသျှောင်ကို ဖုံးကွယ်သည့်သဘောဖြင့် ဖော့ဦးထုပ်တစ်လုံးကို ဆောင်းထားလေ၏။

သူတို့နှစ်ဦးသည် မနက်ခင်းအချိန်များတွင် ရန်ကုန်မြို့၏ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ကြပြီး ရွှေတိဂုံဘုရားအနောက်ဖက်မုခ်ဦးဝအနီးတွင် ရောင်းချသည့် ထမင်းဆိုင်လေးတစ်ဆိုင်တွင် နေ့လည်စာစားကြလေ၏။ ပြီးနောက် အငှားယာဉ်ဖြင့် မြို့လယ်သို့ထွက်လာခဲ့ရာ မိုးစွေအဖို့ လွန်စွာခမ်းနားစည်ကားသည့် ရန်ကုန်မြို့ကြီးကို ငေးမော၍ မဆုံးနိုင်ဖြစ်နေတော့၏။

ထို့နောက် သူတို့နှစ်ဦးသည် မြို့လယ်တစ်နေရာရှိ ဝိသုကာ



www.burmeseclassic.com

www.burmeseclassic.com



အမိုး၊ အချွန်း၊ အတက်၊ အကွေ့အကောက်များဖြင့် ကြီးမားစွာ ဆောက်လုပ်ထားသည့် ဟိန္ဒူဘုရားကျောင်းကြီးတစ်ကျောင်းသို့ ရောက်ရှိကြလေ၏။ ထိုကျောင်းအဝမှတစ်ဆင့် ကျောင်းဝန်းထဲဝင်ကြသည်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရဘဲ ရှိနေရာမှ ထောင့်ချိုးကွေ့တစ်နေရာသို့ အရောက်မှာတော့ လွန်စွာစုတ်ချာသည့် အဝါရောင်ဝတ်ရုံဖြင့် ဟိန္ဒူကုလားအဖိုးကြီးကို ရုတ်တရက် တွေ့လိုက်ရ၏။

"မိတ်ဆွေ . . လိုက်လာလိမ့်မယ်လို့ မျှော်လင့်ထားပြီးသားပါ" ဟူ၍ တုံးတိတိစကားကိုဆိုရင်း ဖိတ်ခေါ်လေ၏။ ဦးမိုးမှောင်ကလည်း ရှိကျိုးသည့်အမူအရာဖြင့် အနားသို့တိုးကပ်သွားပြီး . . .

"မန္တလေးမှာ ဆုံကတည်းက တစ်ခါတည်း ရန်ကုန်ကိုလိုက်ခွင့်ပြုနိုင်ရက်နဲ့ လိုက်ခွင့်မပြုခဲ့တဲ့အကြောင်း သိခွင့်ရှိရင် သိချင်ပါတယ်"

ဟိန္ဒူကုလားအဖိုးကြီးက ပြုံးလိုက်ပြီး . . .

"လွယ်လွယ်နဲ့ရတဲ့ ပစ္စည်းဆိုတာ တန်ဖိုးနည်းတတ်ပါတယ်၊ ဂျစ်ပဆီမိုးမှောင်ဆိုတာ ပညာဉာဏ်အမြော်အမြင်ကြီးသူမှန်ရင် မန္တလေးမပြောနဲ့ ကမ္ဘာ့ဝင်ရိုးစွန်းအပြင် ရောက်သွားပါစေ၊ မလွဲမသွေ ဒီကျောင်းကို အရောက်လာနိုင်ရမယ် မဟုတ်လား"

ထိုစကားကြောင့် ဦးမိုးမှောင်က သဘောကျစွာ ပြုံးလိုက်ပြီး-

"ပညာသည်ချင်း အခုလို အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ခရီးရောက်မဆိုက် သတင်းပို့ရရင် ကျုပ်တို့နောက်မှာ အန္တရာယ်တစ်ခုလိုက်နေပါတယ်၊ ဒါကို ဆရာကြီးဘယ်လိုမြင်ပါသလဲ"

ဟုပြောလိုက်ရာ ကုလားအဖိုးကြီးမှာ အံ့အားသင့်သွားပြီး အကျိုးအကြောင်းမေးလေ၏။ ဦးမိုးမှောင်က မန္တလေးတွင် ကြုံခဲ့ရ





သည့် အဖြစ်အပျက်ကို အကျဉ်းချုံးပြောပြလေရာ ကုလားအဖိုးကြီးလည်း ဦးခေါင်းတငြိမ့်ငြိမ့်ဖြင့် စဉ်းစားနေလေ၏။ အတန်ကြာ စဉ်းစားတွေးတောပြီးသည်နှင့် သူတို့နှစ်ဦးသည် အချိန်တော်ကြာမျှ အပြန်အလှန် စကားပြောဆိုကြလေ၏။ မိုးစွေသည် သူတို့နှစ်ဦးပြောဆိုနေသည့် စကားများကို အနီးတွင်ထိုင်လျက် နားစွင့်နေလေ၏။

သို့သော်လည်း နောက်ပိုင်းပြောဆိုကြသည့် စကားများကိုတော့ ဘယ်လိုမှ နားလည်နိုင်စွမ်းမရှိ ဖြစ်သွား၏။ အကြောင်းကားသူတို့နှစ်ဦးသည် ဟိန္ဒူစကားဖြင့် အပြန်အလှန် ပြောဆိုနေကြ၍ဖြစ်သည်။ မိုးစွေသည် သူတို့စကားများကို နားမလည်နိုင်သော်လည်း သူတို့အမူအရာကိုကြည့်ရင်း အခြေအနေကို ခန့်မှန်းတွေးဆနေမိ၏။

အပြန်လမ်းတလျှောက်တွင် ဦးမိုးမှောင်သည် တစ်ချိန်လုံး မျက်မှောင်ကျုံ့ရင်း တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေပုံရ၏။ မိုးစွေလည်း အလိုက်သတိပင် ဆိတ်ဆိတ်နေရင်း ထူးခြားနေသည့် သူ၏အဘမိုးမှောင်ကို မသိမသာ အကဲခတ်နေမိ၏။

"မောင်မိုးစွေ . . . အဘဟာ ဘယ်လိုရည်ရွယ်ချက်မျိုးရှိတယ်ဆိုတာ လူလေးသိပါတယ်နော်"

ဦးမိုးမှောင်က လေသံအေးအေးဖြင့် စကားကို အစပျိုးလိုက်ပြီး . . .

"အဂ္ဂိရတ်ပညာမှာ အဘဟာ မိမိကိုယ်မိမိ တော်လှပြီတတ်လှပြီလို့ သတ်မှတ်ထားတာ မရှိပါဘူး၊ သို့ပေမယ့် အဘနဲ့ လမ်းစဉ်တူတဲ့ အဂ္ဂိရတ်သမားအတော်များများက အဘကို အထင်အမြင်လွဲနေကြတယ်၊ အဘရဲ့ပညာဟာ စားလမ်းပွင့်တဲ့အဆင့်မျိုး ရောက်နေပြီလို့ ယုံကြည်နေကြတယ်၊ ဒါကြောင့် သူတို့ဟာ အဘကို မပြတ်စောင့်ကြည့်ပြီး တစ်ချို့က တပည့်ခံဖို့ သိသိသာသာ ချဉ်းကပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တစ်ချို့ကတော့ အကြပ်ကိုင်ခြိမ်းခြောက်ပြီး တောင်းယူဖို့ ချောင်းမြောင်းကြံစည်ကြတယ်၊ တပည့်ခံပြီး အယောင်ဆောင်ချဉ်းကပ်ကြတဲ့ သူတွေက နောက်ဆုံးအဘဆီက ဘာတစ်ခုမှ မသိရတော့ အဘကို ပညာဝှက်တယ်ဆိုပြီး မကျေနပ်ကြဘူးပေ့ါ၊ အဲဒီအတွက် အဘရဲ့လှုပ်ရှားမှုကို မျက်စေ့ဒေါက်ထောက်ကြည့်နေကြတယ်၊ မန္တလေးမှာ အဘတို့နဲ့ ထိပ်တိုက်တွေ့ခဲ့ကြတဲ့ သူတွေဟာ အဲဒီအုပ်စုတွေက တစ်စုပဲပေ့ါ၊ တကယ်တော့ သူတို့အားလုံးဟာ အဘအပေါ်မှာ အထင်အမြင်လွဲနေကြတာပါ၊ ဒါကို ရှင်းပြပေမယ့် သူတို့က မယုံကြည်ကြတော့ အဘလည်း မတတ်နိုင်ဘူးပေ့ါ၊ တကယ်တမ်း အဘသိတာက အင်္ဂရိတ်နဲ့နွယ်တဲ့ မဟာဂန္ဓာရီဝိဇ္ဇာဓိုရ်လမ်းထက် ဓါတုဗေဒသဘောတရားတွေကို ပိုသိလာခဲ့တာပါ၊ လူလေးမောင်မိုးဆွေရဲ့ဖခင်ရွှေမောင်စိန်ဟာ အဘရဲ့အသက်သခင် ကျေးဇူးရှင်ပါ၊ အဲဒီကျေးဇူးတရားတွေကို နှစ်ပေါင်းများစွာ ကြာတဲ့တိုင်အောင် အဘတစ်ရက်မှ မမေ့ဘူး၊ အမြဲပဲ သတိတရနဲ့ အမှတ်ရနေပါတယ်၊ ကျေးဇူးတရားကို သိတဲ့သူဟာ သိနေရုံနဲ့ မပြီးဘူး၊ အခွင့်အခါကြုံလာရင် တုန့်ပြန်ကျေးဇူးပြုမှ အဲဒီကျေးဇူးတရားကို သိတတ်ခြင်းလို့ သတ်မှတ်ရမှာပေ့ါ၊ အဘဟာ ဂျစ်ပဆီမျိုးနွယ်စုတွေနဲ့ နှစ်ပေါင်းများစွာ နေထိုင်ရင်း လောကီပညာတွေ သင်ယူခဲ့တယ်၊ အိန္ဒိယနိုင်ငံ၊ တိဗက်ဒေသတွေအထိ သွားရောက်ပြီး ပညာဆည်းပူးခဲ့တယ်၊ လောကဓါတ်ပညာရှင်တွေ လိုက်မမီတဲ့ လျှို့ဝှက်နက်နဲတဲ့ ပညာရပ်တွေကို သင်ယူတတ်မြောက်ခဲ့တယ် . . .။

တစ်ချိန်က အဘဟာ မျိုးချစ်တော်လှန်ရေးခေါင်းဆောင်တစ်ဦး၊ အသက်အရွယ်က ငယ်ငယ်၊ စိတ်ဓါတ်မာန်မာနကလည်း ကြီးမားပြင်းထန်လွန်းတော့ ဗြိတိသျှအစိုးရကို အသေအကြေခုခံ





တိုက်ခိုက်ခဲ့တယ်၊ တကယ်တော့ အတွေးအခေါ်၊ ရင့်ကျက်မှုအားနည်းနေတဲ့ အရွယ်ဆိုတော့ အခြေအနေနဲ့ အချိန်အခါကို ကောင်းစွာခွဲခြားနိုင်စွမ်းမရှိခဲ့ဘူး၊ မြန်မာတစ်နိုင်ငံလုံးကို သိမ်းသွင်းအုပ်ချုပ်နိုင်စွမ်းတဲ့ ဗြိတိသျှအစိုးရကို စိတ်ဓါတ်တစ်ခုတည်းနဲ့ တွန်းလှန်ခဲ့တဲ့ အဘတို့ရဲ့အဖြစ်က ကျောက်တုံးကို ကြက်ဥနဲ့ ပစ်ပေါက်သလို နောက်ဆုံးတော့ ကြက်ဥပဲ ကွဲရတဲ့ အဖြစ်မျိုးပေ့ါ၊ စီးပွားရေးအင်အားတောင့်တင်းခိုင်မာမှုဆိုတာ အင်မတန် အရေးကြီးတယ်၊ ခနအင်အားမခိုင်မာဘဲနဲ့ ဘယ်လိုတော်လှန်ရေးမှ လုပ်လို့မရဘူး၊ ဒါကြောင့် အဘလည်း နှစ်ကာလကြာမြင့်စွာ ကိုယ်ရောင်ဖျောက်ပြီး အခြေအနေတစ်ခုကို အခုလိုဆောင်ရွက်နိုင်တော့မှ မူလရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ခဲ့တာပေ့ါ၊ ဒါပေမယ့် အဘငယ်နုစဉ်ကလို စိတ်ဓါတ်မျိုးနဲ့ မဟုတ်ဘူး၊ လမ်းကြောင်းအသစ်၊ ရည်ရွယ်ချက်အသစ်နဲ့ ပြန်လည်စတင်တာပဲ လူလေး . . .။

ဒီနေ့ ဘုရားကျောင်းမှာ အဘနဲ့ ဆာဒူးကြီးတို့ အကြောင်းအရာအတော်များများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြတယ်၊ အသေးစိတ်ကိုတော့ အဘပြောမနေတော့ပါဘူး၊ အဓိကအချက်ကတော့ အချိန်တစ်ခုစောင့်ဆိုင်းဖို့ပဲ၊ အဘတို့မှာ အချိန်အခါမဟုတ်ဘဲ ကျရောက်လာတဲ့ အန္တရာယ်တွေရှိနေလို့ ရှောင်ရှားလိုတဲ့သဘောပဲ၊ အဘအနေနဲ့ ဘယ်လိုအန္တရာယ်မျိုးကိုဖြစ်ဖြစ် ရှောင်ရှားနိုင်ပေမယ့် လူလေးကိုတော့ အဘစိတ်မချဘူး၊ ပြီးတော့ လူလေးဖခင်ကို အဘကတိပေးခဲ့သလို အဘတတ်ကျွမ်းတဲ့ပညာတွေကို ပညာအမွေအဖြစ် လူလေးကိုပေးအပ်ဖို့ အဘဆုံးဖြတ်ထားတယ်၊ ဘုရားကျောင်းမှာ ဆာဒူးကြီးနဲ့အတူ ဝါတွင်းသုံးလ တရားအားထုတ်နေတဲ့ကာလအတွင်း လူလေးမိဘတွေဆီကို ခေတ္တပြန်စေချင်တယ်၊ ခရီးစရိတ်၊



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအလုံအလောက် အဘစီစဉ်ပေးခဲ့မယ်၊ ပြီးတော့ ရန်ကုန်ရောက်ခိုက် တစ်ပတ်ဆယ်ရက်လည်ပတ်ချင်ရင် လည်ပတ်လို့ရအောင် ယုံကြည်စိတ်ချရတဲ့ ဒီဟိုတယ်က လန်ဘားဆိုတဲ့တရုတ်ကို အဘမှာထားခဲ့မယ်၊ အဘ . . . အထူးမှာကြားလိုတာက အဲဒီလိုနေထိုင်တဲ့ ရက်ပိုင်းအတွင်း အနေအထိုင် အသွားအလာကို ဆင်ခြင်ပါ၊ လူလေးဟာ လောဘကို သတ်နိုင်တယ်ဆိုပေမယ့် ဒေါသကိုတော့ သတ်နိုင်ဟန်မတူသေးဘူး"

ဟုပြောပြီး စကားကိုရပ်လိုက်ပြီး မိုးစွေကို ပြုံးလျက်ကြည့်လေ၏။ ထိုစကားကိုတော့ မိုးစွေလည်း နားမလည်နိုင်ဖြစ်သွား၏။ ဦးမိုးမှောင်က ဆက်ပြီး . . .

"လူလေးကို အကြောင်းမဲ့ ပြောလိုက်တာ မဟုတ်ပါဘူး၊ လူလေးရဲ့သက္ကရာဇ်ကို အဘတွက်ချက်ကြည့်ပြီးလို့ အခုလိုစကားမျိုး ပြောရတာပဲ၊ လူလေးရဲ့ဇာတာအရဆို အာရိ၊ မရဏ၊ ဗျာယဆိုတဲ့ ၆ တန်၊ ၈ တန်၊ ၁၂ တန့် သုံးအိမ်ကို ကောဇာစနေက ဖြတ်နေတော့ ဒုက္ခဆင်းရဲနဲ့ကြုံရမယ်၊ အချုပ်အနှောင်၊ ထောင်တန်းကျဖို့မြင်တယ်၊ ဒါကြောင့် အခုလိုအန္တရာယ်များတဲ့ နေ့ရက်တွေမှာ အစစဆင်ခြင်ဖို့ ပြောရတာပဲ"

ထိုအခါ မိုးစွေလည်း သဘောပေါက်နားလည်စွာဖြင့် . . .

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော်ဆင်ခြင်ပါ့မယ်"

ထို့နောက် ဦးမိုးမှောင်က လက်တစ်ဖက်ကို ရင်ဖုံးအင်္ကျီအိတ်ထဲ နှိုက်၍ . . .

"လမ်းတစ်လျှောက်လုံး လူလေးသိချင်နေတဲ့ကိစ္စကို အဘပြောပြပါ့မယ်" ဟုပြောပြီး နှိုက်ထားသော လက်ကိုဆွဲထုတ်လိုက်ရာ လက်ထဲ၌ ကနုတ်ကွက်ဖော်ထားသည့် ကျွန်းသေတ္တာလေး ပါလာ





၏။ သေတ္တာလေးကို မိုးစွေရှေ့ချပြီး ဖွင့်လိုက်ရာ ဖန်ပေါင်းချောင်သေးသေးလေးထဲတွင် တစ်မတ်သားခန့်ရှိသော ရွှေရည်လိုလို ပြောင်လက်နေသည့် လုံးလုံးဝန်းဝန်းအရာလေးကို တွေ့လိုက်ရ၏။

မိုးစွေသည် ထိုအရာလေးကို စူးစူးစိုက်စိုက် ကြည့်နေရင်းက မည်သို့ဖြစ်သွားသည်မသိ။ ရင်ထဲ၌ ကတုန်ကရီဖြစ်လာပြီး တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်း ထသွားလေ၏။ ထူးဆန်းအံ့ဩသလို ဖြစ်နေ၍ အကြည့်ကို ဖယ်ခွာမရအောင် ဖြစ်နေတော့၏။

"ကိုင်ဘာတောင်ကြားက အဘရဲ့ဆရာ ဆာဒူးကြီးပေးအပ်လိုက်တဲ့ အမွေဓါတ်လုံးပေါ့၊ အဘဟာ ဒီအင်္ဂရိတ်အတတ်နဲ့ ကိုယ့်ရိက္ခာထောက်ဖို့ အဆင့်မတက်လိုပါဘူး၊ တစ်ကိုယ်တည်း ကြီးပွားချမ်းသာဖို့အထိ အတ္တမလွန်ကဲပါဘူး၊ အဘဆန္ဒက ကိုယ့်မြေ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ဘာသာလွတ်လပ်ဖို့အတွက် ဗြိတိသျှလက်က ပြန်ယူဖို့ပဲ ဆန္ဒရှိပါတယ်၊ အဲဒီဆန္ဒပြည့်ဝဖို့အတွက် ငွေကြေးခနကို ကိုယ့်ပညာနဲ့ကိုယ် ကြံစည်ဆောင်ရွက်ဖို့ပဲ ဆုံးဖြတ်ထားတာပေါ့၊ ဒီအတွက်အဘတစ်ယောက်တည်းနဲ့ မပြီးဘူး၊ ပူးပေါင်းပါဝင်မယ့်သူတွေ ရှိသေးတယ်၊ နောင်တော့ မောင်မိုးစွေ သိလာပါလိမ့်မယ်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နောက်တစ်နေ့မနက်ခင်းမှာပဲ ဦးမိုးမှောင်သည် မိုးစွေအတွက် အစစ၊ အရာရာ စီစဉ်ဆောင်ရွက်ပေးပြီး ဟိန္ဒူဘုရားကျောင်းသို့ သူ၏အသုံးအဆောင်ပစ္စည်းများနှင့်အတူ ပြောင်းရွှေ့သွားလေ၏။ မိုးစွေအတွက်မူ ဟိုတယ်၌ တစ်ပတ်ခန့်တည်းခိုနေထိုင်ရန်နှင့် အစားအသောက်အတွက်ပါ ကြိုတင်ပေးချေထားခဲ့၏။

ဝါတွင်းသုံးလခန့် ခွဲခွာနေထိုင်ပြီးမှ ပြန်လည်တွေ့ဆုံရမည်ဖြစ်ရာ ထိုကာလအတွင်း မိုးစွေသည် မိဘနေရပ်သို့ ပြန်ရမည်ဖြစ်၏။ မိုးစွေလည်း ဟိုတယ်အမှုထမ်း လန်ဘား၏အကူအညီဖြင့် ရန်ကုန်မြို့အနှံ့ သွားလာလည်ပတ်ရသဖြင့် လွန်စွာအကြိုက်တွေ့နေတော့၏။ လန်ဘားကလည်း အပေးအကမ်းရက်ရောသည့် မိုးစွေကို လိုလေသေးမရှိလောက်အောင် ပံ့ပိုးကူညီပေး၏။

ထိုနေ့သည် ရန်ကုန်မြို့ပြကြီးမှ ထွက်ခွာရန် နှစ်ရက်သာ





လိုတော့သည့် နေ့ဖြစ်သည်။ ထိုဟိုတယ်တွင် လန်ဘားဟူသော တရုတ်ဝန်ထမ်းနှင့် ရင်းနှီးခင်မင်ခဲ့ရသည့် မိုးစွေအဖို့ ရန်ကုန်မြို့ပြကြီး၏ စာအုပ်တစ်အုပ်ကို ဖတ်ရှုလိုက်ရသလို လွန်စွာဗဟုသုတ တိုးပွားခဲ့လေ၏။ လန်ဘားသည် ညနေစာစားသောက်ပြီးသည်နှင့် မိုးစွေဆီသို့ရောက်လာပြီး မိုးစွေဧည့်ခံကျွေးမွေးသမျှ စားသောက်ပြီး စကားပြောဆိုစမြဲဖြစ်၏။

မိုးစွေကလည်း သူသိလိုသမျှကို မေးမြန်း၏။ အထူးသဖြင့် ရန်ကုန်မြို့ပြကြီး၏ လူနေမှုသဘာဝ၊ စရိုက်လက္ခဏာများ၊ လူပေလူတေတို့၏ ဆိုးသွမ်းမိုက်မဲပုံများ၊ လူရှုပ်များကျင်လည်ရာ ဘိန်းခန်း၊ အရက်ဆိုင်၊ ပြည့်တန်ဆာဂေဟာများအကြောင်း၊ ရန်ကုန်မြို့ကြီးအတွင်း လှုပ်ရှားနေကြသည့် နာမည်ကြီးလူမိုက်ကြီးများ စသဖြင့် အကြောင်းအရာ စုံလင်လှ၏။

လန်ဘားဟူသော တရုတ်ကလည်း အမည်နှင့်လိုက်အောင် အရပ်ရှည်သလို စကားပြောရှည်သူဖြစ်ရာ ၄င်းလာလေတိုင်း တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ပြောနိုင်သူဖြစ်သည်။

ထိုနေ့အဖို့မှာတော့ လန်ဘားသည် ယခင်ညများကကဲ့သို့ စကားပြောရှည်နိုင်စွမ်းမရှိဘဲ မျက်ဝန်းမျက်ဆံပြူးကာ ထိတ်လန့်တုန်လှုပ်နေလေ၏။

"ဆြာ . . . ဆြာကီးလေး၊ ဒီ . . . ဒီကိစ္စကို ကျုပ်မသက်ာချင်ဘူး၊ ဒီ . . . ဒီစာလာပေးတဲ့ လူနှစ်ယောက်ရဲ့ အမူအရာကို ကျုပ်သဘောမကျဘူး၊ ဆြာကီးကို အန္တရာယ်တစ်ခုခုပြုချင်ပုံရတယ်"

လန်ဘားသည် မိုးစွေကမ်းပေးသည့် စာရွက်ကို ဖတ်ရှုပြီးနောက် စိုးရိမ်တကြီးလေသံဖြင့် ပြော၏။ လက်ရေးခပ်သေးသေးဖြင့် ရေးထားသည့် စာတိုလေးဖြစ်သည်။ စာကြောင်းသုံးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သာ ရေးထား၏။ အရေးကြီးသည်။ ညရှစ်နာရီခွဲတိတိ သရက်တောကျောင်းတိုက်ဘေးကို လာခဲ့ပါ။

ထိုမျှသာ ဖြစ်သည်။ မိုးစွေအဖို့ ဤရန်ကုန်မြို့ကြီး၌ ရင်းနှီးကျွမ်းဝင်သူဟူ၍ မည်သူမျှမရှိ။ အဘမိုးမှောင်သာလျှင် ရှိသည်။ အဘမိုးမှောင်နှင့် မတွေ့ရသည်မှာလည်း ငါးရက်ရှိပြီ။ အဘမိုးမှောင်ကများ လျှို့ဝှက်တွေ့လို၍ မှာကြားလိုက်ခြင်းလား . . .။

သို့တွေးမယ့်သာ တွေးလိုက်သော်လည်း သိပ်ပြီးအဓိပ္ပါယ်မရှိလှ။ ဘုရားကျောင်းသို့ မိမိသွားရောက်ခြင်း မပြုတာလည်း အဘမိုးမှောင် တရားအားထုတ်နေခြင်းကို အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ဖြစ်သည်။ ထို့အပြင် ဝါတွင်းသုံးလလွန်မြောက်ပါက ပြန်လည်ဆုံတွေ့ဖို့ တိတိကျကျ ချိန်းဆိုထားပြီးဖြစ်ရာ ထိုသို့တိတ်တဆိတ်တွေ့ဆုံဖို့ အကြောင်းကြားမည် မဟုတ်။

"ဆြာကီး . . . မိုးစွေ၊ ကျုပ်ဟာ မြန်မာပြည်ထဲကို မိုးပေါ်က ပျံပြီးဝင်လာခဲ့တာ မဟုတ်ဘူး၊ နောက်ဖေးပေါက်က ခိုးကြောင်ခိုးဝှက် ဝင်လာတာ၊ ကျုပ်ကျင်လည်ခဲ့ရတာလည်း လူကောင်းသူကောင်းတွေ ကြားထဲမှာ မဟုတ်ဘူး၊ လူပေလူရှုပ်တွေ ကြားထဲမှာ၊ ဒါကြောင့် ကျုပ်ဟာ လူတစ်ယောက်ကို ကြည့်လိုက်တာနဲ့ အဲဒီလူရဲ့ အနေအထားကို ကောင်းကောင်းအကဲခတ်နိုင်တယ်၊ ဒီစာလာပေးတဲ့ လူနှစ်ယောက်ကို အကဲခတ်မိတာ ဘယ်လိုမှ အနေအထားကောင်းတဲ့လူတွေ မဟုတ်ဘူး၊ ကိုယ့်ဒေသကိုပြန်ဖို့ ရက်ပိုင်းပဲ လိုတော့တာ၊ အေးအေးဆေးဆေးနေလိုက်ပါ ဆြာကီးရယ်၊ လန်ဘားစေတနာနဲ့ ပြောတာပါ၊ ဆြာကီးလေးကိုလည်း လန်ဘားအလွန်ခင်မင်လို့ အခုလို သတိပေးတာကို နားထောင်စေချင်တယ်"

လန်ဘားက မြန်မာစကားကို တရုတ်လေဖြင့် ပြောရင်း





အကြိမ်ကြိမ်သတိပေး၏။ လန်ဘားသည် အနေအထိုင် အေးဆေးတည်ငြိမ်သလို စိတ်စေတနာကောင်းသည့် မိုးစွေအတွက် လွန်စွာစိုးရိမ်နေပုံရ၏။ မိုးစွေလည်း လန်ဘား၏စေတနာကို နားလည်ပြီး ထိုသို့ပင် နေထိုင်ရန် ဆုံးဖြတ်လိုက်၏။

သို့သော် ထိုဆုံးဖြတ်ချက်မှာ ညခုနှစ်နာရီခွဲအထိသာ အတည်ဖြစ်ခဲ့၏။ စာလက်ထဲရောက်ပြီး တစ်နာရီနီးပါးအချိန်အထိ မိုးစွေ၏ စိတ်အာရုံများက ၄င်းစာအပေါ်တွင် တဝဲလည်လည်ရှိနေခဲ့၏။ တိကျသော အဖြေကို ဖော်ထုတ်၍မရဘဲ တွေးလေရှုပ်လေဖြစ်နေရာ ထိုသို့ဖြစ်လေတိုင်း ဘဝင်မကျစိတ်ဖြင့် နေမထိထိုင်မသာ ဖြစ်နေ၏။

မန္တလေးတွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ပျက်မှုများကို မြင်ယောင်မိပြန်၏။ သို့ဆိုလျှင် ထိုစာသည် မိမိအား တမင်ထောင်ချောက်ဆင်သည်လည်း ဖြစ်နိုင်၏။ စဉ်းစားလေ . . . အတွေးကြပ်လေ . . .။ စိတ်ကူးပုံဖော်လေ . . . . ဝေဝါးလေ ဖြစ်နေရာ မိုးစွေ၏ဗီဇစရိုက်လက္ခဏာများက ထိုအခြေအနေကို အဆုံးတိုင်အနိုင်ယူလိုက်တော့၏။ မည်သည့်ကိစ္စမဆို ဝေ့လည်ကြောင်ပတ်ဖြစ်မနေဘဲ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းတတ်သည့် မိုးစွေသည် ၄င်းချိန်းဆိုသည့် ညရှစ်နာရီမတိုင်မီ အချိန်အတွင်း သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

မလိုအပ်ဘဲ အဟန့်အတား မဖြစ်လိုသည့်အတွက် လန်ဘားကို အသိပေးခြင်း မပြုတော့ပေ။ သူသည် ဟိုတယ်မှ လတ္တာလမ်းအတိုင်း ခပ်မှန်မှန်လျှောက်လှမ်းလာခဲ့ပြီး ဆေးရုံကြီးဝန်းထဲမှဝင်၍ ကော်မရှင်နာလမ်း (ယခုဗိုလ်ချုပ်လမ်း) ပေါ်ရောက်ရှိလာခဲ့၏။ ထိုအချိန်တွင် လူအသွားအလာ ရှင်းလင်းစပြုနေပြီဖြစ်၏။ အချိန်မှာလည်း အနည်းငယ်စောနေသေးသဖြင့် မကျည်းပင်လေးများအရိပ်အောက်မှ စိတ်အေးလက်အေးလျှောက်ရာ သရက်တောကျောင်း

www.burmeseclassic.com



တိုက်အနီးသို့ ရောက်ရှိလာလေ၏။

မိုးစွေသည် ဝန်းကျင်တခွင်ကို သတိမလပ် စောင့်ကြည့်နားစွင့်ရင်း သစ်ပင်ဝါးပင်ကြီးများ အရိပ်ကိုခိုလျက် ရပ်စောင့်နေလိုက်၏။ မကြာမီ သူ့ရှေ့တည့်တည့်ဆီမှ ဆေးလိပ်မီးတရဲရဲဖွာလျက် လျှောက်လှမ်းလာသူတစ်ဦးကို တွေ့လိုက်ရ၏။ မိုးစွေကလည်း အိတ်ထဲမှ ဂေါ်ရင်ဂျီဆေးပြင်းလိပ်ကိုထုတ်၍ မီးညှိဖွာရှိုက်လိုက်ရာ ထိုသူမှာ လျှောက်လှမ်းနေလျက်က တုန့်ကနဲ ရပ်တန့်သွား၏။

ချက်ချင်းပင် မိုးစွေထံသို့ ခပ်မှန်မှန် လျှောက်လှမ်းလာပြီး-

"ကွမ်းလုံးဟိုတယ်က မိုးစွေလား"

"ဟုတ်တယ် . . . ခင်ဗျား ဘယ်သူလဲ"

မိုးစွေသည် သတိမလပ်ရှိနေ၍သာ ကံကောင်းသွားခြင်းဖြစ်သည်။ လန်ဘား၏သတိပေးစကားမှာ ကွက်တိမှန်ကန်သွား၏။ မိုးစွေက တန်ပြန်မေးလိုက်သော်လည်း ထိုသူသည် နှုတ်ကမဖြေဘဲ ရုတ်တရက် လက်တစ်ဖက်မြှောက်လိုက်ရာ လက်ခနဲ အရောင်တစ်ခုပေါ်သွားသဖြင့် မိုးစွေလည်း နောက်သို့အမြန်ခုန်ဆုတ်လိုက်၏။ ထိုသူသည် ဓါးဖြင့် မိုးစွေရင်ညွန့်အား လှမ်းထိုးလိုက်ခြင်းဖြစ်သည်။

မိုးစွေက နောက်သို့ခုန်ဆုတ်လိုက်သဖြင့် ဓါးမှာ မိုးစွေ၏ရင်ညွန့်ကိုမထိဘဲ လူက အရှိန်နှင့် ရှေ့သို့ငိုက်ကျသွား၏။ ထိုအခါ မိုးစွေ၏ညာလက်သီးက ဓါးသမား၏မေးရိုးကို အောက်မှပင့်ထိုးလိုက်ရာ ထိုတစ်ချက်တည်းနှင့်ပင် ဓါးသမားသည် ခွေလဲကျသွား၏။ ထိုအခိုက်မှာပဲ နောက်ဖက်မှချွတ်ကနဲ ခြေသံကြားလိုက်သဖြင့် နောက်သို့ဖျတ်ကနဲ လှည့်အကြည့် . . .

မိုးစွေသည် စက္ကန့်ပိုင်းမျှ နောက်ကျသွား၏။ အမြင်အာရုံ၌ မီးပွင့်သွားပြီး သတိမေ့မြောမတတ် ပျော့ခွေကျသွားတော့၏။





ဦးခေါင်းပေါ် ကျရောက်လာသည့် တုတ်ရိုက်ချက်က လွန်စွာပြင်းထန်၏။ သို့သော်လည်း အတိုက်အခိုက်၊ အထိုးအသတ်အရာတွင် အတွေ့အကြုံများစွာ ရှိထားသည့် မိုးစွေက ခန္ဓာကိုယ်ကို မှောက်လျက်အနေအထားအဖြစ်မခံဘဲ ပက်လက်အနေအထားမျိုးဖြစ်ရန် တစ်ပတ်လှည့်လိုက်၏။

ထိုအခိုက်မှာပဲ သူ့ခန္ဓာကိုယ်ပေါ်သို့ တုတ်နှင့်ဓါးက တစ်ပြိုင်တည်း ကျရောက်လာရာ ခန္ဓာကိုယ်ကို သုံးလေးပတ်ခန့်လှိမ့်ပြီး ရှောင်လိုက်သဖြင့် လက်မတင်လေး လွတ်သွား၏။ ခေါင်းထဲ မူးနောက်နေသည့်တိုင် သတိမလွတ်အောင် ထိန်းချုပ်ပြီး ပက်လက်အနေအထားမှ ခြေလက်တို့ကိုအားပြုပြီး အလျင်အမြန် ထရပ်လိုက်၏။

ထိုအခါမှ တစ်ဖက်ရန်သူကို ကောင်းစွာအကဲခတ်နိုင်တော့၏။ နှစ်တစ်လက်မတုတ်တစ်ချောင်းနှင့် ငှက်ကြီးတောင်ဓါးတစ်ချောင်းကို ကိုင်ထားကြသည့် ပုဂ္ဂိုလ်နှစ်ဦး . . .။ တစ်ဦးက ပိန်ပိန်ပါးပါးရှိပြီး တစ်ဦးက ဂင်တိုတို ဗလတောင့်တောင့်ရှိ၏။

"တို့ကြုံဖူးတဲ့ထဲမှာ ဒီကောင် အသက်အပြင်းဆုံးပဲ၊ ဟင်း . . . ဟင်း . . . ကဲ . . . မဲကြီးရေ ဒီကောင်ထပ်ပြီး အသက်ပြင်းနိုင်ဦးမလား စမ်းကြည့်ရအောင် . . ."

ထိုသို့ပြောပြီးသည်နှင့် ငှက်ကြီးတောင်ဓါးသမားက စလွယ်သိုင်း ဝင့်ပိုင်းလေ၏။ မိုးစွေက ကိုယ်ကိုတိမ်းလျက် ဓါးချက်ကို ရှောင်လိုက်၏။ တစ်ပြိုင်တည်း ရှေ့တစ်လှမ်းတိုးလိုက်ပြီး ဓါးသမားနှင့်ပူးကပ်ကာ ဓါးသမား၏ဝမ်းဗိုက်ကို ညာဒူးဖြင့် ထိထိမိမိ ဆောင့်တိုက်လိုက်၏။

ဓါးသမားသည် လွန်စွာအားပါသည့် ထိချက်ကိုတောင့်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းမရှိဘဲ အရုပ်ကြိုးပြတ်လဲကျသွားရာ မိုးစွေက ထိုသူ၏လက်ထဲမှဓါးကို လျှပ်တစ်ပြက် ဆွဲယူလိုက်၏။ တစ်ဆက်တည်းပင် ၄င်းဓါးဖြင့် တုတ်ကိုင်ထားသူကို ပိုင်းချလိုက်ရာ တုတ်ကိုင်ထားသူမှာ လက်အရုတ်မြန်၍သာ ကဲကောင်းသွားခြင်း ဖြစ်သည်။

ဓါးက လက်ကို လွတ်သွားသော်လည်း ဓါးချက်က တုတ်ကိုထိသွားသဖြင့် တုတ်လွတ်ကျသွားပြီး လက်နက်မဲ့ ဖြစ်သွားတော့၏။ အလင်းရောင်ဖျော့တော့၍ အမှောင်မင်းမူနေလင့်ကစား မိုးစွေ၏မျက်လုံးအစုံက စူးရှတောက်ပြောင်လို့နေ၏။ တုတ်ကိုင်ထားသူပုဂ္ဂိုလ်မှာ သေခြင်းတရားနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၍ မျက်နှာတစ်ပြင်လုံး ချွေးသီးချွေးပေါက်များ တဒီးဒီး ကျဆင်းနေတော့၏။

“တစ်ဖက်လှည့်ပြီး ပြေးမယ်တော့ မကြံနဲ့နော်၊ ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားမယ်၊ နေရာမှာ ငြိမ်ငြိမ်ရပ်နေ . . .”

အသံတိုးသော်လည်း အေးစက်မာကြောပြီး ရက်စက်တော့မည့် မိုးစွေ၏အမိန့်ပေးသံကြောင့် ထိုသူသည် နေရာတွင် ရပ်မြဲရပ်လျက် တုတ်တုတ်မှ မလှုပ်ရဲတော့ပေ။

“ပြောစမ်း . . . မင်းတို့ ငါ့ကို ဘာလို့သေကြောင်းကြံစည်ရတာလဲ”

“ခိုင်းလို့ပါ . . .”

“ဘယ်သူက ခိုင်းတာလဲ . . .”

ထိုသူနှုတ်က ထွက်မလာ . . .။ နှစ်ခါသုံးခါ ဆက်မေးသည့်တိုင် ထိုအတိုင်း အူတူတူရပ်နေသဖြင့် မိုးစွေလက်က ရုတ်ချည်းမြောက်တက်သွား၏။ ထိုသူသည် အားကနဲ တစ်ချက်အော်လိုက်ပြီး မြေတွင် ဒူးထောက်လျက် သနားခွင့်လွှတ်ပေးဖို့ ငိုယိုတောင်းပန်တော့၏။ မိုးစွေလှုပ်ရှားလိုက်သည့် ဓါးဦးအဖျားက ထိုလူမိုက်၏





ရင်ညွန့်ကိုခွဲ၍ အသားထဲ အနည်းငယ် ပွတ်ရှသွားသဖြင့် သွေးစီးကြောင်းကလေးများပင် ပေါ်လာလေ၏။

ထိုသူသည် တုန်တုန်ယင်ယင်အသံဖြင့် “ဆရာ . . . ဆရာတိမ်ညွန့်ခိုင်းလို့ပါ” ဟု ဖွင့်ပြောလေ၏။ ဆက်ပြီးမေးမြန်းရန် ဟန်ပြင်လိုက်သော်လည်း အခြေအနေမှာ ရုတ်ချည်းပင် ပြောင်းလဲသွား၏။

လက်နှိပ်ဓါတ်မီးရောင် ဝင်းကနဲ ပေါ်လာပြီး ပုလိပ်ခရာမှုတ်သံ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။ မိုးစွေသည် တုန့်ဆိုင်းတွေဝေနေ၍ မဖြစ်တော့ပြီမို့ ထိုသူ၏ခေါင်းကို ဓါးနှောင့်နှင့် ခပ်ဆတ်ဆတ်ရိုက်လိုက်ရာ ထိုသူမှာ နေရာမှာပင် ခွေလဲကျသွား၏။ ပြေးလာသော ခြေသံများလည်း နီးကပ်လာပြီဖြစ်၍ မိုးစွေလည်း အခြားတစ်ဖက်သို့ ကဆုန်ချရင်း ပြေးထွက်ခဲ့တော့၏။

အတော်အတန် ပြေးထွက်ခဲ့ရာ လွန်စွာကြီးမားပြီး အကိုင်းအခက်များ အုံ့ဆိုင်းနေသည့် သရက်ပင်ကြီးပေါ်သို့ ကျင်လည်စွာတက်ရောက်ပုန်းအောင်းနေလိုက်၏။ မကြာမီ သူရှိရာ သရက်ပင်ကြီးအောက်သို့ လက်နှိပ်ဓါတ်မီးရောင် တဝင်းဝင်းဖြင့် ပုလိပ်သားများ ရောက်ရှိလာကြ၏။ ပုလိပ်များပြောဆိုနေကြသည့် စကားများကို အတိုင်းသားကြားနေရ၏။ မိုးစွေ၏ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ်ရှိသဖြင့် သစ်ရွက်များကြား ပုန်းအောင်းရသည်မှာ အဆင်ပြေသလိုရှိနေ၏။

“ဒီကောင်နှစ်ကောင် ဘယ်သူဆိုတာ မင်းသိတယ် မဟုတ်လား”

“သိတာပေါ့၊ လမ်းမတော်ဖိုးတုတ်ရဲ့တပည့် ကြေးစားလူမိုက်တွေပဲပေါ့”

“ငါ့အထင်ကော့ လူမိုက်ချင်း ဗိုလ်လုကြတာဖြစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေသည် အတန်ကြာမျှ ငြိမ်သက်စွာရှိနေရာ ခါးနှောင့်နှင့် အရိုက်ခံရသူမှာ ဦးဆုံးသတိရလာပြီး ကျန်အဖော်တစ်ယောက်ကို တွဲယူဆွဲမပြီးနောက် ရာဇဝတ်အမှုထမ်းများနှင့်အတူ ထွက်ခွာသွားသည်ကို မြင်ရလေ၏။

အသံအားလုံး တိတ်ဆိတ်ပြီး စိတ်ချရသော အနေအထားရောက်မှ သစ်ပင်ပေါ်မှဆင်းခဲ့ပြီး တည်းခိုရာ လဏ္ဍာလမ်းသို့ ပြန်ခဲ့တော့၏။ မိုးစွေသည် အပြန်လမ်းတစ်လျှောက်လုံးတွင် အတော့်ကို မခံချိမခံသာ ဖြစ်နေမိ၏။ ဖြစ်ပျက်ခဲ့သမျှကို တွေးမိလေတိုင်း ရင်ထဲ၌ မကျေမနပ်ဖြင့် တနုံ့နုံ့ခံစားနေရ၏။

ထိုလူမိုက်နှစ်ဦးသည် မိမိနှင့် မည်သည့်ရန်ငြိုးရန်စမှ မရှိပါဘဲနှင့် သူတို့တိုက်ခိုက်ပုံမှာ မိမိ၏အသက်သေဆုံးသည်အထိ ရည်ရွယ်တိုက်ခိုက်ခဲ့ကြ၏။ ရန်ကုန်မြို့ကြီးက လူဆိုး၊ လူမိုက်များ၏ အနေအထားကို လန်ဘားပြောပြထားသဖြင့် အတိုက်အလျောက်သဘောပေါက်ထားပြီး ဖြစ်၏။ ထိုလူမိုက်နှစ်ဦးမှာ ကြေးစားလူမိုက်များဖြစ်ကြောင်း သံသယဖြစ်စရာ မရှိပေ။

မိမိကို အပြတ်ရှင်းရလောက်အောင် ဘယ်လိုအကြောင်းများ ရှိနေပါသလဲ။ အတွေးထဲ၌ ထင်းကနဲပေါ်လာသည့် တစ်ခုတည်းသော အဖြေမှာ ၎င်းတို့အား စေခိုင်းလိုက်သည့် တိမ်ညွန့်ဟူသော ပုဂ္ဂိုလ်ဖြစ်၏။ မိုးစွေ၏ ထိပ်တိုက်ရင်ဆိုင်လိုသော ဗီဇစရိုက်မှာ ထိုအချိန်မှာပဲ အဆုံးတိုင်အနိုင်ယူသွားပြီ ဖြစ်၏။

နောက်တစ်နေ့မနက် စောစောမှာပဲ မိုးစွေသည် မြေနီကုန်းအလွန်ရှိ စမ်းချောင်းရပ်ကွက်ကလေးသို့ ရောက်ရှိလာခဲ့၏။ ၎င်းဝန်းကျင်တစ်ဝိုက်နှင့် လွန်ခဲ့သော ရက်ပိုင်းအတွင်း အကျွမ်းတဝင်ရှိခဲ့သဖြင့် မိုးစွေအဖို့ များစွာအဆင်ပြေသွား၏။ ကိုးထပ်ကြီးဘုရားကို





လန်ဘားနှင့်အတူ ရောက်ရှိခဲ့သောကြောင့် ဖြစ်သည်။

တိမ်ညွန့်ဟူသော ပုဂ္ဂိုလ်၏နေအိမ်မှာ ဘုန်းကြီးကျောင်းအနီး မြေကွက်ကျယ်ပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်၏။ ပျဉ်ထောင်တစ်ထပ်အိမ်လေး ဖြစ်သော်လည်း နေချစ်စဖွယ် သပ်ရပ်ကောင်းမွန်လှ၏။

မိုးစွေသည် အိမ်ရှေ့ရောက်သည်နှင့် အိမ်ထဲသို့ လှမ်းအကဲခတ်လိုက်၏။ မြင်ကွင်းကို ထင်သာမြင်သာ တွေ့လိုက်ရ၏။ ထိုသို့ထင်သာမြင်သာရှိနေအောင် တမင်စီစဉ်ထားခြင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဆေးကုသဖို့ ရောက်လာကြသူများမှာ ထိုမြင်ကွင်းကြောင့် ရုတ်ချည်းပင် အထင်ကြီး ယုံကြည်ကိုးစားသွားလောက်အောင် ဟိတ်ဟန်ထုတ်ပြထားခြင်း ဖြစ်ပေလိမ့်မည်။

ရှည်လျားသော မုတ်ဆိတ်မွေးများရှိသော်လည်း အသက်လေးဆယ်ကျော်အရွယ်ခန့်သာ ရှိ၏။ အထက်အောက် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားပြီး ဘုရားစင်ကို မျက်နှာမူလျက် ဝတ်ပြုနေသည့်ဟန်ဖြင့် ထိုင်နေခြင်းဖြစ်သည်။ ထိုမြင်ကွင်းကြောင့် မိုးစွေလည်း သဘောကျစွာ ပြုံးလိုက်မိ၏။

"ဆရာတိမ်ညွန့်ရှိပါသလား ခင်ဗျာ"

အိမ်တံခါးဝလှေကားထစ်တွင် ရပ်မိသည်နှင့် အသံပြုလိုက်သော်လည်း အတန်ကြာသည့်တိုင် တိတ်ဆိတ်နေသဖြင့် မိုးစွေစိတ်ထဲကြိတ်၍ ကျေနပ်သွား၏။ ထိုပုဂ္ဂိုလ်သည် တစ်ဦးတည်းနေသူဖြစ်လျှင် ဟန်ကျပြီဟုတွေးမိပြီး လှေကားတစ်ထစ် နင်းတက်လိုက်၏။ ပြီးနောက် အိမ်အတွင်း ခေါင်းငုံ့ကြည့်ကာ ဒုတိယအကြိမ် အသံပြုလိုက်ပြန်၏။

ထိုတစ်ကြိမ်မှာလည်း ပြန်ထူးသံမကြားရဘဲ ရှိနေရာမှ ခဏ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း အလွန်သိမ်မွေ့ဟန်ရှိသည့် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးထွက်လာ၏။ ထိုသူသည် ပါးစပ်မှ ဂါထာလိုလို၊ မန္တာန်လိုလို တစ်စုံတစ်ခုရွတ်လျှက် အိမ်ရှေ့သို့ ထွက်လာခြင်းဖြစ်သည်။

"ဆရာတိမ်ညွန့်ဆိုတာလား ခင်ဗျာ"

ထိုပုဂ္ဂိုလ်က ပြုံးလျက် ခေါင်းငြိမ့်လိုက်ပြီး . . .

"ဩော် . . . မောင်ရင်က ကျုပ်ကို မသိဘူးကိုး၊ လာပါ မောင်ရင် . . . အိမ်ပေါ်တက်ပါ"

မိုးဆွေက ရိုသေဟန်ဖြင့် ဦးညွှတ်လိုက်ပြီး အိမ်ပေါ်တက်လိုက်ကာ မထိုင်သေးဘဲ ဧည့်ခန်းကို မျက်စေ့ကစားလိုက်၏။ အခန်းတွင်း၌ ဧရိယာပြည့် နေရာယူထားသည့် ဘုရားစင်၊ နတ်စင်နှင့် နတ်ရုပ်အမျိုးမျိုးကို တခမ်းတနားတွေ့ရ၏။

"ကဲ . . . မောင်ရင်လေး၊ ကျုပ်ဘာများ ကူညီပေးရမလဲ"

ထိုပုဂ္ဂိုလ်သည် လွန်စွာစကားချိုသာ၍ သူတော်ကောင်းတစ်ယောက်ပမာ နူးညံ့သော အမူအရာရှိလေ၏။ သူတော်ကောင်းအရေခြုံထားသူဖြစ်ကြောင်း သိနေသည့် မိုးဆွေအဖို့ ၄င်းကိုကြည့်ရင်း ဟားတိုက်ရယ်ချင်စိတ်ကို မနည်းမြိုသိပ်ထားရ၏။ မိုးဆွေက တုလားထိုင်တွင် ထိုင်မိသည်နှင့် ၄င်းကိုပြုံးကြည့်လိုက်ပြီး . . .

"ကျုပ်ကို ဝင်းနိုင်လွှတ်လိုက်လို့ပါ"

ဟု ပီပီသသ တစ်လုံးချင်းပြောလိုက်ရာ ထိုပုဂ္ဂိုလ်၏မျက်နှာပေါ်တွင် မသိမသာလေး ပြောင်းလဲသွားသည်ကို သတိထားမိလိုက်၏။

"ဘယ်က ဝင်းနိုင်ပါလိမ့်၊ ကျုပ်အသိမိတ်ဆွေတွေထဲမှာ ဒီလိုနာမည်မျိုး မကြားမိပါလား"

ထိုပုဂ္ဂိုလ်က ပကတိရိုးသားသူတစ်ယောက်ပမာ မျက်မှောင်





ကြုတ်စဉ်းစားပြီး ပြောလေ၏။

"တကယ်ပဲ မသိဘူးလား"

"တကယ့်ကို မသိတာပါ။ ဘယ်သူ . . . ဝင်းနိုင် ဟုတ်လား"

"ကောင်းပြီလေ၊ ဝင်းနိုင်ကို မသိရင်တော့ ဂျစ်ပဆီမိုးမျှော်ကိုတော့ သိမှာပေါ့"

"ဂျစ်ပဆီမိုးမျှော် . . . ဟုတ်လား၊ ဘယ်လိုနာမည်ကြီးပါလိမ့်၊ လူပေ . . လူတေကြီးလား . . . မဲပြဗိုလ်ကြီးလား"

မိုးဆွေ၏စိတ်ရှည်မှုသည် အစွမ်းကုန်သွားပြီဖြစ်၏။ ထိုသူ၏ သရော်တော်တော်အပြောက သူ၏ပင်ကိုယ်မခံချင်စိတ်ကို ဒေါသအဖြစ် ရုတ်ချည်းပြောင်းလဲလိုက်လေပြီ။

"ဟေ့လူ . . . ကိုတိမ်ညွန့်၊ ခင်ဗျား ကြောင်သူတော်လုပ်မနေနဲ့၊ ခင်ဗျားက ကျုပ်ကိုအပြတ်ရှင်းဖို့ လမ်းမတော်ဖိုးတုတ်ရဲ့ကြေးစားလူမိုက်နှစ်ယောက်ကို ခိုင်းလိုက်တာ မဟုတ်လား၊ ခုလောက်ဆို အဲဒီလူမိုက်နှစ်ယောက် ဂါတ်ထဲရောက်နေပြီ၊ ကျုပ်ကို ဒီလိုအပြတ်ရှင်းခိုင်းလိုက်တာ ဘာသဘောလဲ၊ ဘယ်လိုအကြောင်းလဲ ကျုပ်သိချင်တယ်"

မိုးဆွေသည် အံကိုတင်းတင်းကြိတ်လျက် အသံမာမာနှင့် ပြောလိုက်ရာ တိမ်ညွန့်ဟူသော ပရောဂဆရာလည်း မတည်မငြိမ်ဖြစ်သွားပြီး မျက်ဝန်းမျက်ဆံပြူးလျက် . . .

"မောင် . . . မောင်ရင် . . . ကျုပ်ကို အရမ်းမစွပ်စွဲပါနဲ့၊ မောင်ရင် အထင်မှားနေပြီ"

"ဟား . . . ဟား . . . ဟား . . . တော်တော်လည်း ဟန်ဆောင်ကောင်းပါလား၊ ကိုင်း . . . ထပ်ပြီး မူယာမာယာများမနေနဲ့၊ ကျုပ်မှာ အချိန်မရှိဘူး၊ ကျုပ်မေးတာကို အမြန်ဖြေစမ်း၊ ဂျစ်ပဆီ



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်ဆီက ဘာပစ္စည်းလိုချင်တာလဲ၊ ပြီးတော့ ကျုပ်ကို ဘာလို့ သတ်ဖို့ လုပ်ကြံရတာလဲ . . . ပြော"

မိုးစွေက ပြောရင်း မခန့်လေးစားရယ်မောလျက် မေးလေရာ အမူအရာကောင်းခဲ့သော ပရောဂဆရာတိမ်ညွှန့်၏မျက်နှာမှာ ဇီးရွက်ခန့်မျှ သေးငယ်သွားလေ၏။ မိုးစွေက အံကြိတ်ဒေါသသံဖြင့် ရှေ့ဆက်ပြီး . . .

"ပြောလေဗျာ၊ ဘာမသိသလို လုပ်နေတာလဲ . . ပြောစမ်း" ဟုပြောလိုက်သည်နှင့် ထိုသူမှာ နောက်သို့အထိတ်တလန့် ဆုတ်သွား၏။ နှုတ်ကလည်း ကတုန်ကရီလေသံဖြင့် . . .

"ကျုပ် တ . . . တကယ်မသိလို့ပါ" ဟုပြောပြီး နောက်သို့ ဆုတ်မြဲဆုတ်သွားလေ၏။ မိုးစွေကလည်း ရှေ့သို့တိုးကာတိုးကာဖြင့် ရွှေ့လျားသွားရာ နောက်ဆုံးတွင် ရွှေဖျဉ်းညီနောင်နတ်ရုပ်စင်နား၌ ချောင်ပိတ်သလို ဖြစ်သွားလေ၏။

"ခင်ဗျားတပည့်တွေကို မျှော်မနေနဲ့၊ သရက်တောကျောင်း တိုက်နားမှာ ကျုပ်ကို အသေသတ်ခိုင်းခဲ့တဲ့ ကောင်နှစ်ကောင်လည်း ပုလိပ်လက်မှာလား၊ ဆေးရုံမှာလား တစ်နေရာရာကိုတော့ ရောက်နေပြီ၊ ခင်ဗျား . . . ခေါင်းမာမနေနဲ့ ကိုတိမ်ညွှန့်၊ ကျုပ်မေးတာကို ပြောမလား . . . မပြောဘူးလား"

ပရောဂဆရာတိမ်ညွှန့်၏ မျက်လုံးတွေက ရုတ်ချည်းပင် စူးရှတောက်ပြောင်သွား၏။ သူသည် မိုးစွေကို ခြုံ၍ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်၏။ လူလုံးလူဖန် အထင်ကြီးစရာမရှိသော မိုးစွေ၏ အခမ့်မေးခွန်းနှင့် အကြပ်ကိုင်နေမှုကို ကြာရှည်သီးခံနိုင်စွမ်းရှိပုံ မပေါ် . . .။

အခြေအနေအရ ပရောဂဆရာဟူ၍ ဟိတ်ဟန်ထုတ်ပြီး





လိမ်ညာအသက်မွေးဝမ်းကြောင်းပြုနေရသော်လည်း တစ်ချိန်က လူရှုပ်လူပွေလုပ်ခဲ့သူပီပီ ဗီဇစရိုက်က ရုတ်ချည်းပင် ထကြွလာ၏။ သူသည် မိုးစွေကို စူးစိုက်ကြည့်နေလျက်က သူ၏ညာလက်မှာ ရုတ်တရက် မြောက်တက်သွားပြီး ရွှေဖျဉ်းညီနောင်နတ်ရုပ်စင်တွင် ထောင်ထားသည့် ငှက်ကြီးတောင်ဓါးကို ဆွဲယူလိုက်ပြီး မိုးစွေရင်ညွန့်ကို လှမ်းထောက်လိုက်၏။

"နောက်ဆုတ်စမ်း . . ."

မိုးစွေကား အပြုံးမပျက်ဘဲ ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်၏။ ထိုအခါ သူက မိုးစွေ၏မျက်နှာကို ငှက်ကြီးတောင်ဓါးနှင့် အောက်မှ ပင့်ကာ ပက်ကော်လိုက်၏။ မိုးစွေကလည်း အကင်းပါးသည်။ နပ်သည်။ ဦးခေါင်းကို ဆတ်ကနဲ နောက်ဆုတ်တိမ်းရှောင်လိုက်ပြီး ရှေ့တစ်လှမ်းတိုးကာ ဓါးကိုင်လက်၏တံတောင်ဆစ်ကို မိမိရရ ဖမ်းကိုင်လိုက်၏။

ပရောဂဆရာတိမ်ညွှန့်၏လက်မှာ သံညှပ်ဖြင့် ဖိကပ်ထားခြင်းခံရသလို ရှန်းလေ နာကျင်လေ ဖြစ်နေပြီး နာကျင်မှုကြောင့် ရုပ်ပျက်ဆင်းပျက် ရှုံ့မဲ့နေလေ၏။ ထိုအခိုက်မှာပဲ မိုးစွေက လက်တစ်ဖက်ဖြင့် ဓါးအသွားပေါ် လက်နှင့်အုပ်၍ ကျွမ်းကျင်စွာ ဆွဲယူလိုက်၏။

"ဘယ့်နှယ့်လဲ ဝတ်ဖြူစင်ကြယ်နဲ့ သူတော်ကောင်းအရေခြုံကြီးရဲ့ . . ." ဟုပြောပြီး ဓါးဦးနှင့် ၎င်းပုဂ္ဂိုလ်၏လည်စိကို ထောက်ထားလိုက်ရာ ထိုသူမှာ လုံးဝမလှုပ်ရှားဝံ့ဘဲ ဖြစ်သွားတော့၏။

"ကိုင်း . . . ပြောစမ်း၊ ဟိုသည် လီဆယ်ဖို့ မစဉ်းစားနဲ့၊ ကျုပ်အဘမိုးမှောင်ဆီက ဘာလိုချင်လို့ အခုလို ချောင်းမြောင်းကြံစည်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဓါတ် . . . ဓါတ်လုံးလိုချင်တာပါ"

"ဒီမှာ ကိုတိမ်ညွန့်၊ အဲဒီဓါတ်လုံးကိစ္စကို ခင်ဗျားလို ကလိမ်ကကျစ်လူတစ်ယောက်က သိစရာအကြောင်းမရှိဘူး၊ ပြောစမ်း . . . ခင်ဗျားကို ဘယ်သူပြောသလဲ၊ ဘယ်သူခိုင်းသလဲ"

ထိုပုဂ္ဂိုလ်က မဖြေသေးဘဲ ပြူးကြောင်ကြောင်လုပ်နေသဖြင့် မိုးစွေလည်း နည်းလမ်းအချို့အသုံးပြုရတော့၏။ ထိုပုဂ္ဂိုလ်၏လည် မြိုအတွင်း စပါးလုံးတစ်ထောက်ခန့် ဓါးကိုဖိစိုက်လိုက်တော့မှ ထိုသူသည် အထိတ်တလန့်ဖြင့် မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူလျော်သွားပြီး . . .

"ဦး . . . ဦး . . . ဒေ . . . ဝ . . . ဝ . . ."

ထိုအသံမှာ အကြောက်လွန်ပြီး ထွက်ပေါ်လာသဖြင့် ကြည်လင်ပြတ်သားမှု မရှိလှပေ။ သို့ကြောင့် မိုးစွေက သေချာရန် ထပ်မံမေးဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ သူ့အဖို့ အခွင့်မရှိတော့သည့် အခြေအနေမျိုး ဆိုက်ရောက်သွားတော့၏။ နောက်ကျောဘက်ဆီမှ ကလေးတစ်ယောက်ချီပိုးထားသော မိန်းမကြီးတစ်ယောက်၏ ငယ်သံပါအောင် အော်ဟစ်လိုက်သော အသံကြောင့် ဖြစ်၏။

"အမယ်လေး . . . ဓါးပြ . . . ဓါးပြ . . . နေ့ခင်းကြောင်တောင်ကြီး ဓါးပြတိုက်နေပြီ၊ ကျွန်မယောက်ျားကို ဓါးနဲ့ထောက်ပြီး ဓါးပြတိုက်နေပါတယ်ရှင်၊ လာကြပါဦး . . . ကယ်ကြပါဦး"

လူနေရပ်ကွက်ဖြစ်သောကြောင့် မိုးစွေအဖို့ မလူးသာမလွန့်သာ ဖြစ်သွားလေ၏။ ဆူဆူညံညံအော်သံ၊ ခေါ်သံ၊ မေးမြန်းစုံစမ်းသံ၊ ညာသံပေးသံများ တမဟုတ်ချင်း ထွက်ပေါ်လာစဉ်မှာပဲ မိုးစွေသည်လည်း ပြတင်းတံခါးပေါက်မှ ကျော်လွှားကာ အပြင်သို့ရောက်ရှိနေပြီဖြစ်၏။ သို့သော်လည်း မိုးစွေအဖြစ်က သူ၏အဘဂျစ်ပဆီ





မိုးမှောင် စိုးရိမ်တကြီး မှာကြားခဲ့သော အာရိ ဗျာယ၊ မရဏအိမ်ကို ကောဇာစနေဖြတ်သွားသည့် ကံကြမ္မာနှင့် ထိုအခိုက်မှာပဲ ထိပ်တိုက်ရင်ဆိုင်လိုက်ရပြီ ဖြစ်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မိုးစွေအမှုအား ရုံးတင်စစ်ဆေးသောအခါ မမျှော်လင့်ဘဲ အမိန့်တော်ရရှေ့နေတစ်ယောက်က အမှုအတွက် လိုက်ပါဆောင်ရွက်ပေးလေ၏။ ထိုရှေ့နေနှင့် တွေ့ဆုံသည့်အခါ ရှေ့နေငွေအားရမ်းခမည်သူပေးသနည်းဟု မိုးစွေမေးသော်လည်း ရှေ့နေမှာ စကားပရိယာယ်ကြွယ်ဝစွာဖြင့် ထိုမေးခွန်းကို ဝေ့ဝေ့လည်လည် ရှောင်လွှဲသွား၏။ တစ်ကြိမ်က နှစ်ကြိမ်ဆိုသလို ထိုအတိုင်းရှိနေသဖြင့် မိုးစွေလည်း ၎င်းကိစ္စကို ထပ်ပြီးမေးမြန်းခြင်း မပြုတော့ပေ။

စတီးဝပ်အချုပ်တွင် တစ်လခန့်မျှ နေရပြီးနောက် ၎င်းအမိန့်တော်ရရှေ့နေ၏ အစွမ်းကုန်ကြိုးပမ်းမှုကြောင့် ခါးပြတိုက်ရန် ကြံစည်သောအမှုမှ ကင်းလွတ်သွားပြီး ပိုင်နက်ကျူးလွန်မှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရ၏။ ပြစ်ဒဏ်မှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်လဖြစ်၏။ ထိုသို့ဖြင့် မိုးစွေသည် စတီးဝပ်အချုပ်မှ ရန်ကုန်ထောင်သို့





ပြောင်းရွှေ့ရတော့၏။

မိုးစွေသည် ခြောက်လမျှသော ထောင်ဒဏ်ကို ခါးစည်းခံနိုင်သော်လည်း ထောင်မှလွတ်မြောက်ပါက အဘမိုးမှောင်နောက် လိုက်ပါခွင့်ဆုံးရှုံးသွားတော့မည့်အဖြစ်အတွက် များစွာစိတ်မကောင်းဖြစ်မိလေ၏။ ဝါတွင်းသုံးလလွန်မြောက်သည်နှင့် အဘမိုးမှောင်သည် သူရည်ရွယ်ထားသည့် လုပ်ငန်းစဉ်အတိုင်း ရှေ့ခရီးဆက်ပေလိမ့်မည်။

ထိုအချိန်တွင် မိမိမှာ ထောင်ထဲ၌ပင် ရှိနေဦးမည်ဖြစ်ရာ အဘမိုးမှောင်၏ ပညာရင်နို့သောက်သုံးခွင့်ကို ရရှိတော့မည် မဟုတ်ပေ။

ထောင်ကျရက်သုံးရက်ခန့် ရှိပြီဖြစ်သော်လည်း မိုးစွေအဖို့ တရင်းတနှီး မိတ်ဆွေမရှိသေးပေ။ ညဘက်ထောင်ပိတ်ပြီး အခန်းထဲရောက်သည်နှင့် မိုးစွေသည် အဘမိုးမှောင်သင်ကြားပေးခဲ့သည့် စိတ်လေ့ကျင့်ခန်းများပြုလုပ်ပြီး အိပ်စက်စမြဲဖြစ်သည်။

ထိုနေ့မှာလည်း မိုးစွေသည် ပြုလုပ်မြဲဖြစ်သည့် လေ့ကျင့်ခန်းကိုပြုလုပ်ပြီး စောစီးစွာ အိပ်ပျော်လို့သွား၏။ ထိုသို့အိပ်ပျော်နေရင်းက သူ၏နားထဲ ဂျိဂျိ၊ ဝုန်း၊ ဂျလွမ်း၊ ဂျမ်းဂျမ်း ဟူသောအသံများကြားလိုက်ရပြီး ရုတ်ချည်းဆိုသလို ခန္ဓာကိုယ်တစ်ခုလုံး ကိုင်လှုပ်ခြင်းခံလိုက်ရသဖြင့် ထထိုင်လိုက်ရာ ခေါင်းတစ်ခုလုံး မူးဝေသွားလေ၏။

ထိုစဉ်မှာပဲ အလန့်တကြား အော်သံ၊ ဟစ်သံများ ထွက်ပေါ်လာပြီး ထောင်ကြီးတစ်ခုလုံး ဖရဲပွက်သလို၊ ဗိုးထိန်းစက်လှုပ်ခါသလို ဝရုန်းသုန်းကားဖြစ်နေသည်ကို အံ့သြဖွယ် တွေ့လိုက်ရ၏။

"ငလျင်လှုပ်တယ်ဟေ့၊ ဗြိတိသျှအုပ်ချုပ်ရေး ပြောင်းတော့မယ်" ဟု နမိတ်ဖတ်သံများ . . .

"ငလျင်လှုပ်တော့ အဝင်ရှုပ်သပေါ့" ဟု ဟီးဟီးဟားဟား



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်သံများ . . .

"ငါ့တိုက်အိမ်လေးဆယ်လုံးတော့ ပြိုရှာပါပြီ" ဟူ၍ သရော်တော်တော် ရယ်မောပြောဆိုသံများကြောင့် အခန်းတစ်ခုလုံး ပွက်လောညံနေတော့၏။

(၁၉၃၀ ခုနှစ်အတွင်း၊ တစ်နေ့သော ည (၈) နာရီ (၁၅) မိနစ်အချိန်တွင် အင်အားပြင်းငလျင်လှုပ်ခဲ့၏။ တိုက်များပြို၍ လူ (၄၆) ယောက်သေဆုံးပြီး၊ (၁၅၀) ခန့် ဒဏ်ရာရခဲ့၏။ ရန်ကုန်ထောင်အတွင်း၌မူ အသေအပျောက်မရှိခဲ့ပေ။)

ထောင်အရာရှိများသည် ငလျင်လှုပ်ခြင်း ရပ်ဆိုင်းသွားသည်နှင့် ထောင်တွင်းသို့ လက်နက်ကိုင်စစ်ပုလိပ်များနှင့်အတူ အပျက်အစီးရှိမရှိ ဝင်ရောက်စစ်ဆေးကြ၏။ မိုးဆွေတို့ အကျဉ်းသားများအဖို့ ထိုညသည် အိပ်ချိန်အနည်းပါးဆုံး ညတစ်ည ဖြစ်ခဲ့ရ၏။ နောက်တစ်နေ့ မိုးလင်းသည်နှင့် ညက ငလျင်အကြောင်းကို တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောဆိုနေကြရာ ထိုအထဲတွင် ကုလားထောင်ကျတစ်ယောက်နှင့် မြန်မာထောင်ကျတစ်ဦးတို့ ငြင်းခုန်သည့်စကားမှာ ရယ်စရာကောင်းလှပေ၏။

"ဒီငလျင်က အကြောင်းမဲ့ လှုပ်တာမဟုတ်ဘူးကွ၊ တို့ရဲ့ခေါင်းဆောင်ကြီးဂန္ဒီကို အင်္ဂလိပ်အစိုးရက ဖမ်းလိုက်လို့ ဂန္ဒီရဲ့ဘုန်းတန်ခိုးပြပြီး လှုပ်လိုက်တာ . . ." ဟု ကုလားက ဂုဏ်ယူဝင့်ကြွားစွာပြောလိုက်ရာ မြန်မာက မျက်စောင်းထိုးလိုက်ပြီး . . .

"အပိုတွေ ပြောမနေစမ်းပါနဲ့ ဆာမိရာ၊ ငလျင်လှုပ်တာကိုတောင် ကြံဖန်ပြီး အသားယူချင်သေးတယ်၊ မင်းဂန္ဒီက တန်ခိုးကြီးလို့ ငလျင်လှုပ်တာဆိုရင် မင်းတို့ကုလားပြည်မှာ လှုပ်ပါလား၊ ဘာလို့ တို့နိုင်ငံမှာ လာလှုပ်ရသလဲ"





"ဒါကတော့ကွာ၊ တို့ကုလားပြည်မှာလှုပ်ရင် တို့ပြည်ကလူဦးရေများတော့ ပိုပြီးအသေအပျောက်များမယ်လေ၊ ဒါကြောင့် လူဦးရေနည်းတဲ့ မင်းတို့နိုင်ငံမှာ လှုပ်လိုက်တာပေါ့"

"သောက်ကုလား . . . ဝက်သားကို အမဲသားလုပ်ချင်တဲ့ကောင်၊ မင်းက ကိုယ့်လူမျိုးတော့ ရှင်စေ၊ ငါတို့လူမျိုးတော့ သေစေ၊ အဲဒီသဘောလား၊ ခွေးကုလား . . . စားတော့ မြန်မာလူမျိုးတွေရဲ့ ထမင်းကိုစားပြီး မြန်မာတွေကို ကျေးဇူးကန်းချင်တယ်ပေါ့ . . . ဟုတ်လား"

"အမှန်အတိုင်း ပြောတာလေကွာ"

"ပြောဦးကွာ . . ."

"ဖျောင်း . . ."

"အား . . ."

မြန်မာအကျဉ်းသား၏လက်သီးက ကုလား၏မျက်နှာသို့ တည့်မတ်စွာ ကျရောက်သွား၏။ တုန့်ပြန်မှုမြန်ဆန်လှသည့် ထိုးချက်ကို ကုလားအကျဉ်းသားသည် ဘယ်လိုမှ မရှောင်နိုင်ဘဲ "အဘား . . . အဘား . . ." ဟူ၍ ငယ်သံပါအောင် အော်ဟစ်လိုက်ရာ အခြေအနေမှာ ချက်ချင်းဆိုသလို ရှုန်းရင်းဆန်ခတ် ဖြစ်သွားတော့၏။ ထိုမြင်ကွင်းကိုကြည့်ရင်း မိုးဆွေလည်း အခြားအကျဉ်းသားများကဲ့သို့ ရယ်မောမိ၏။

မကြာမီ တာယာနှစ်ယောက်ရောက်ရှိလာပြီး သူတို့နှစ်ဦးကို ဆွဲခေါ်သွားလေ၏။ ထိုနေ့ နေ့လည်ခင်းမှာပဲ မိုးဆွေအား အလုပ်ချရန် ဆူပရီတစ်ဒင်အော့ဖ်ဂျေး (ခေါ်) ထောင်ပိုင်ကြီးထံ ခေါ်သွားပြီး လက်သမားအလုပ်ရုံဘက်တွင် တာဝန်ချထားခြင်းကို ခံရလေ၏။

စစ်တွေထောင်ထဲနေခဲ့ရစဉ်က ထောင်ကို ကိုယ့်အိမ်ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ယာလို သဘောထား၍ နေနိုင်ခဲ့သော်လည်း မော်လမြိုင်ထောင်အတွင်း၌မူ မိုးဆွေသည် မိဘဆရာသဖွယ် ယုံကြည်ကိုးစားရသည့် အဘမိုးမှောင်အပေါ် နောက်ဆံငင်ခြင်း ရှိနေသောကြောင့် လွတ်မည့်ရက်ကို လည်တဆန့်ဆန့် တွက်နေမိ၏။

နေ့နှင့်ညဟူသော ကာလယန္တယားသည် တရွေ့ရွေ့ ကုန်လွန်ခဲ့ရာမှ မိုးဆွေမျှော်လင့်သည့်နေ့သို့ တဖြည်းဖြည်း ချဉ်းကပ်ရောက်ရှိလာလေ၏။ ထောင်မှလွတ်ရန် နှစ်ပတ်ခန့်သာ လိုတော့သည့်နေ့တစ်နေ့တွင် ဖြစ်သည်။ ထိုနေ့တွင် ကောင်းကင်တစ်ခွင်လုံး မိုးသားများဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိနေ၏။

မိုးဆွေသည် နံနက်ပိုင်း လက်သမားရုံမှဆင်း၍ ထမင်းစားပြီးချိန်တွင် စိတ်လက်မကြည်မသာ ခံစားနေမိ၏။ အလုပ်တူ၊ အိပ်ဆောင်တူ၊ နှစ်ကြီးသမား ထောင်ကျမိတ်ဆွေတစ်ဦးထံမှ တိုးတိုးတိတ်တိတ် ကြားခဲ့ရသည့် သတင်းတစ်ခုကြောင့် ဖြစ်သည်။ အုံ့ဆိုင်းနေသော ကောင်းကင်ပြင်ကြီးက သူ၏စိတ်ကို ပို၍လေးလံထိုင်းမှိုင်းနေသယောင် (သို့တည်းမဟုတ်) လွန်စွာရက်စက်ကြမ်းကြုတ်သည့် ကံကြမ္မာဆိုးအတွက် ကြိုတင်နမိတ်ဖတ်နေသယောင် ခံစားနေရ၏။

"တကယ်လို့ ထောင်ထဲဆူဆူပူပူ ဖြစ်ကြတဲ့အချိန်မှာ မောင်မိုးဆွေ လွတ်ရက်ကို ရှောင်နေနော်၊ ထောင်က လွတ်ခါနီးမှ ရက်ပိုတွေ တိုးပြီး ကြန့်ကြာသွားရင် မောင်မိုးဆွေအဖို့ နစ်နာစရာဖြစ်သွားမယ်"

မိုးဆွေသည် လုပ်ငန်းခွင်တွင်း ပြန်လည်ဝင်ရောက်ခဲ့သော်လည်း အလုပ်တွင် အနည်းငယ်မျှ စိတ်ဝင်စား၍ မရရှိနေတော့၏။ သို့နှင့် ပုံနှိပ်စက်ကြီးရှိရာ မလှမ်းမကမ်းအလုပ်ရုံသို့ ငေးကြည့်နေမိစဉ် ထူးဆန်းစွာ ရပ်ထားသည့် လော်ရီကားကြီးနှစ်စင်းကို သတိထားကြည့်မိ၏။





လော်ရီကားကြီးနံဘေးတွင် ကုလားလူမျိုးစန္တရီများက မာတနီဟင်နရီရိုင်ဖယ်သေနတ်များကိုင်၍ ကင်းစောင့်သလို ရှိနေ၏၊ ကင်းရုံမှ သုံးနာရီသုံးမောင်း သံချောင်းခေါက်သံကြားရ၏။ ထိုစဉ်မှာပဲ ရပ်ထားသည့် လော်ရီကားစက်သံထွက်ပေါ်လာ၏။

"မောင်မိုးဆွေကို ဦးမှာကြားခဲ့တာ မှတ်မိတယ်နော်"

"ဆူဆူပူပူထဲ မပါဖို့လား ဦး . . ."

"ဟုတ်တယ် မောင်မိုးဆွေ၊ အဲဒီစကားကို မမေ့နဲ့နော်၊ ကဲ . . . ကဲ . . . ရေဘော်ထိုးစရာရှိတာ ဆက်လုပ်၊ တော်ကြာ . . . ရှစ်မှတ်ကောင်တွေမြင်လို့ ကြိမ်းမောင်းတာ ခံနေရဦးမယ်၊ ဦး . . . ပုံနှိပ်စက်ဘက် ခဏသွားလိုက်ဦးမယ်"

ဦးဖိုးမှင်ဟူသော နှစ်ကြီးသမား၏ကျောပြင်ကို ငေးကြည့်ရင်း မိုးဆွေလည်း ပင့်သက်တစ်ချက်ရှိုက်လိုက်မိ၏။ စိတ်ထဲ၌လည်း လက်လှမ်းမီသလောက် တွေးမိ၏။ အဖိုးမှင်သည် ဘာကြောင့်များ ထိုသို့သတိပေးရသနည်း။ ဘာတွေများ ဆူဆူပူပူဖြစ်မှာ စိုးလို့လဲ။ ဆူပူရလောက်အောင် ဘာတွေများ ဖြစ်နေလို့လဲ၊ ဆူစရာအကြောင်းရော ဘာတွေရှိလို့လဲ။ ဆူမယ်သာဆိုတယ် ထောင်တွင်းအခြေအနေက အရာရာတည်ငြိမ်နေဆဲရှိလေရာ မိုးဆွေမှာ တွေးလေရှုပ်လေ ဖြစ်သွားလေ၏။

သို့နှင့် သူသည် ရေဘော်ထိုးရင်း မကြာမီ အလုပ်ထဲစိတ်ရောက်သွားရာ တခြားကိစ္စများကို လုံးလုံးမေ့လျော့သွားတော့၏။ အလုပ်ကြီးဆင်းချိန် ရောက်လာပြီဖြစ်၍ အချိန်ကိုစောင့်ဆိုင်းနေစဉ် ထောင်မှူးလေးနှစ်ဦးသည် ရုတ်တရက် တစ်စုံတစ်ရာကို အော်ဟစ်လျက် ပြေးသွားသဖြင့် မိုးဆွေလည်း တအံ့တသြဖြစ်သွား၏။

ထိုအခိုက်မှာပဲ ဆူညံသော အသံများနှင့် တစ်ပြောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက် ပြောဆိုသံများ ကြားလိုက်ရပြီး တဖြည်းဖြည်း အုံးအုံးကျက်ကျက် အသံကြီးအဖြစ် ထွက်ပေါ်လာရာ မိုးစွေလည်း တစ်စုံတစ်ခုတော့ ထူးခြားပြီဟူသောအသိဖြင့် ဆောက်တစ်လက်မကို အမှတ်မဲ့ကောက်ကိုင်လိုက်မိ၏။ အခြေအနေမှာ အမှန်ပင် ထူးပြီဟု မိုးစွေတွေ့မြင်ရတော့၏။

ထောင်ကျအကျဉ်းသား လူလေးဆယ်ခန့်သည် အုပ်စုဖွဲ့၍ ပြေးထွက်လာသည်ကို မြင်လိုက်ရ၏။ ထိုလူအုပ်ကြီးမှာ မိုးစွေအနီးမှ ဖြတ်ပြေးသွားသဖြင့် မိုးစွေလည်း ဘာရယ်မဟုတ် ၎င်းလူအုပ်နောက်သို့ လိုက်ပါသွားမိ၏။ အတော်အတန် လိုက်ပါသွားပြီးမှ မိမိနောက်မှလည်း လူအယောက်နှစ်ဆယ်ခန့် လိုက်ပါလာသည်ကို သတိပြုမိလိုက်၏။

ပြန့်ကျဲသလိုရှိနေသည့် လူများမှာ အချိန်တခဏအတွင်း အင်အားကြီးမားသည့် လူစုလူဝေးအသွင်သို့ ပြောင်းလဲသွား၏။

"ဟေ့ . . . ထောင်ပိုင်ဘယ်မှာလဲ"

"ထောင်ပိုင် . . . မေဂျာဘရုချာ ဘယ်မှာလဲဟေ့"

"ဟေး . . . စစ်ပုလိပ်တွေ ရောက်လာကြပြီ၊ ရဲဘော်တို့အားလုံးညီစေနော်"

"ညီတယ်ဟေ့ . . . ညီတယ်"

ထိုအသံများသည် ဟိန်းဟိန်းထ ထွက်ပေါ်လာပြီး စက္ကန့်အနည်းငယ်အတွင်း ထောင်လှန့်သံချောင်းသံများ အဆက်မပြတ်ထွက်ပေါ်လာတော့၏။ ထောင်ဆေးရုံမှတစ်ပါး ကျန်အဆောင်များဘက်မှ အော်သံများ တစ်ပြိုင်တည်းပေါ်လာသလို တိုက်ခန်းများဘက်မှလည်း မသဲမကွဲ ဆဲဆိုအော်ဟစ်သံများ ထွက်ပေါ်လာပြန်၏။ လူ၏စိတ်သဘာဝသည် အင်အားကောင်းသည့်ဘက်သို့ လိုက်ပါ





တတ်စမြဲဖြစ်ရာ ပင်ကိုယ်အနေအေးဆေးသူများပင် စိတ်အားတက်ကြွမှုကိုဖြစ်စေပြီး ၎င်းအင်အားစုနောက် လိုက်ပါတတ်စမြဲဖြစ်၏။

သို့ကြောင့်လည်း လူအုပ်စုကြီးမှာ အချိန်တိုတိုအတွင်း ထိန်းမနိုင်သိမ်းမရဆိုသလို အင်အားကြီးထွားသွားလေ၏။ မိုးစွေသည်လည်း ယောင်တောင်တောင်ဖြင့် ၎င်းလူအုပ်ကြီးအတွင်း ရောက်ရှိနေလေ၏။ လူအုပ်စုကြီးကိုကြည့်ရင်း မိုးစွေလည်း မည်သို့ပြောရမှန်းမသိအောင် စိတ်လှုပ်ရှားနေမိသည်။

ထိုအခိုက် မိုးစွေသည် တစ်ဦးတစ်ယောက်ကို ဖျတ်ကနဲ သတိရလိုက်မိ၏။ မိမိအား စိုးရိမ်တကြီး သတိပေးခဲ့သည့် ဦးဖိုးမှင်ဟူသော အကျဉ်းသားကြီးဖြစ်သည်။ မိုးစွေထင်သည့်အတိုင်းပင် . . ။ အကြည့်ကို ဟိုသည်ကြည့်ရင်း ရှာဖွေရာ မကြာခင်မှာပဲ လူအုပ်ကြီးအတွင်း၌ လက်သီးလက်မောင်းတန်းလျက် အော်ဟစ်နေသည့် ဦးဖိုးမှင်ကို တွေ့လိုက်ရ၏။

အခြေအနေကား တင်းမာလျက်ရှိနေပြီ ဖြစ်၏။ ၎င်းတို့ကြွေးကြော်နေသည့် အသံများက အကျဉ်းထောင်အတွင်း အာဏာပိုင်များ၏ မတရားအနိုင်ကျင့်ဗိုလ်ကျခြင်းကို မခံနိုင်၍ ထိပ်တိုက်ရင်ဆိုင်အရေးဆိုနေခြင်း ဖြစ်သည်။

မိုးစွေသည် ၎င်းလူအုပ်ကြီးနှင့်အတူ ပါဝင်သင့်၊ မသင့် စဉ်းစားရင်း တွေဝေနေမိ၏။ သို့သော်လည်း မတရားတာဟူသမျှ ကြည့်မနေတတ်သည့် မိုးစွေ၏ပင်ကိုယ်ဗီဇက တွေဝေနေခြင်းကို အဆုံးသတ်အနိုင်ယူလိုက်တော့၏။

ကြက်ပေါင်စေးဥပဒေလို လိုတိုးပိုလျှော့ လုပ်ချင်သလို လုပ်နေသော ထောင်စည်းမျဉ်း၊ ဥပဒေလက်သစ်နှင့် ရေးဆွဲထားသော စည်းမျဉ်းကို အကောင်အထည်ဖော်ထုတ်လုပ်သူ ကုလားထောင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



မေဂျာဘာရချာ၏ ဖိနှိပ်မှုကို ခါးစည်းခံနေရသော အကျဉ်းသားချင်းကိုယ်ချင်းစာနာစိတ်က မိမိလွတ်မြောက်ချင်စိတ်ကို လွှမ်းမိုးအနိုင်ယူလိုက်ပြီ ဖြစ်၏။

ထောင်လှန့်သံချောင်းခေါက်သံမှာ ဆူညံစွာ မပြတ်ထွက်ပေါ်လာပြီ ဖြစ်၏။ အင်အားမှာလည်း ကြောက်ခမန်းလိလိ ကြီးမားလျက်ရှိရာ ထိုသို့အော်ဟစ်နေစဉ်မှာပဲ . . .

"ဒိုင်း . . . ဒိုင်း . . ."

ထိုအသံက ပုရွက်ဆိတ်အုံကို တုတ်နှင့်ဆွသလို လူအုပ်ကြီးအား ဂရုန်းသုန်းကား ဖြစ်သွားစေ၏။ ယမ်းငွေ့များ လှိုင်သွားပြီး လူအုပ်ကြီးအတွင်း၌ . . .

"ပစ်ပြီဟေ့ . . . ရှောင်ကြ . . . ပုန်းကြ . . ." ဟူသောအသံများမှာ ငရဲပွက်သံပမာ ဆူညံသွားလေ၏။

မိုးဆွေသည် ဦးဖိုးမှင်ရှိရာသို့ လူအုပ်ကြီးအတွင်း တွန်းတိုက်ရင်း အရောက်သွားပြီး အတင်းလက်ဆွဲခေါ်လိုက်၏။ ဦးဖိုးမှင်က မိုးဆွေကို လွန်စွာအံ့ဩသော မျက်နှာဖြင့်ကြည့်ရင်း . . .

"ဟာ . . . ဟေ့ကောင် . . . မိုးဆွေ၊ မင်း ငါပြောထားရဲ့သားနဲ့ ဘာလို့ဒီနေရာကို ရောက်နေရတာလဲ၊ သွား . . . မြန်မြန်ထွက်သွား . . . ဝေးရာမှာ သွားနေစမ်း"

ဟုပြောပြီး မိုးဆွေ၏ပခုံးကိုကိုင်၍ တွန်းလွှတ်လေ၏။

တကယ်တော့ အကျဉ်းသားများမှာ လက်နက်မဲ့ဖြစ်ပြီး တစ်ဖက်သတ်တိုက်ခိုက်နှိမ်နင်းခံရခြင်းဖြစ်ရာ လွန်စွာအထိနာလှပေ၏။ ရက်စက်မှု၊ အကြင်နာတရားကင်းမဲ့မှု၊ အမြင့်မားဆုံးတုန့်ပြန်မှုဖြစ်၏။ သို့ကြောင့်လည်း စစ်ပုလိပ်များက တိုက်ပွဲတစ်ပွဲ ဆင်နွှဲနေသည့်ပမာ ဒလစပ်ပစ်ခတ်နေကြခြင်း ဖြစ်သည်။





အမိန့်ပေးသူကလည်း တစ်သွေးတစ်သံတစ်မိန့်၊ အမိန့်နာခံသူတွေကလည်း အသိဉာဏ်ပညာနိမ့်ပါးပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိသည့် စစ်ပုလိပ်များ . . .။ သွေးထွက်သံယိုမှုမှာ မြင်မကောင်းရှုမကောင်း ပြန့်ကျဲသွားရာ အချို့ဆိုလျှင် ငှင်းမြင်ကွင်းကြောင့် သွေးပျက်ခြောက်ခြားပြီး အော်ဟစ်ငိုယိုကြသည်အထိ တွေ့မြင်နေရ၏။

မိုးဆွေသည် ဦးဖိုးမှင် တွန်းလွှတ်လိုက်သဖြင့် အတော်လှမ်းလှမ်းသို့ ရောက်ရှိသွားသော်လည်း ရှေ့ဆက်မသွားသေးဘဲ ဦးဖိုးမှင်ကို စိတ်မဖြောင့်နိုင်သည့်အကြည့်ဖြင့် ကြည့်နေမိ၏။ ထိုသို့ကြည့်နေစဉ်မှာပဲ ဝေ့ဝဲပစ်ခတ်နေသည့် ကျည်ဆံများက မိုးဆွေတို့ရှိရာ လူစုကြီးအတွင်း တဒိုင်းဒိုင်းနှင့် ဝင်ရောက်လာ၏။ လူအုပ်စုကြီးမှာ မျက်စိတစ်မှိတ်အတွင်း လဲသူလဲ၊ ပြိုသူပြို ဖြစ်သွားရာ ထိုအထဲတွင် မိုးဆွေ၏မိတ်ဆွေကြီး ဦးဖိုးမှင်လည်း ပါဝင်သွား၏။

မိုးဆွေသည် အလျင်အမြန်ပင် ပြေးပွေ့လိုက်၏။ သို့သော်လည်း ဦးဖိုးမှင်မှာ သွေးသံရဲရဲဖြင့်ပင် မိုးဆွေကိုကြည့်လျက် . . .

"မောင်မိုးဆွေ . . . မင်း တယ်ခက်တာပဲ၊ ဒီအုပ်စုကို ပစ်မှတ်ထားနေပြီ၊ မင်းလွတ်အောင် ရှောင်စမ်းပါ" ဟုပြောပြီးသည်နှင့် လက်ကျိုးလျက် ငြိမ်ကျသွားတော့၏။ ဦးဖိုးမှင်ကိုကြည့်ရင်း မိုးဆွေသည် ဖော်ပြရန်မစွမ်းသာသည့် ခံစားမှုဖြင့် ရင်တစ်ခုလုံး တင်းကြပ်ဆို့နစ်သွား၏။ အနီးဝန်းကျင်တွင်လည်း သေနတ်မှန်၍ လဲကျနေသူမှလွဲ၍ အခြားမည်သူမျှ ရှိမနေတော့ပေ။

မိမိသာလျှင် ဦးဖိုးမှင်ကိုပွေ့လျက် ထီးထီးကြီး ကျန်ရှိနေခဲ့၏။ အသိမြန်လိုက်၍သာ ကံကောင်းသွားခြင်း ဖြစ်သည်။ သို့ဖြင့်သူလည်း ရုတ်ရုတ်သဲသဲပြေးသွားသော လူအုပ်ကြီးနောက်သို့ တဟုန်ထိုးပြေးထွက်လိုက်ပါသွားခဲ့၏။ ထောင်အမှုထမ်းဝါဒါများ ထောင်မှူး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် သန္ဓေ၊ တယာများကား ပျောက်ခြင်းမလှ ပျောက်နေလေပြီ။

ရှုန်းရင်းဆန်ခတ်ဖြစ်သွားသည်မှာ မိနစ်နှစ်ဆယ်ခန့် ရှိသွားလေပြီ။ သေနတ်သံများမှာ ရပ်တန့်သွားခြင်းမရှိဘဲ ဆက်ခါဆက်ခါ ထွက်ပေါ်နေဆဲဖြစ်၏။ အချိန်ကြာလာသည်နှင့်အမျှ ထောင်ထပ်မှ တွင် ပါဝင်ပတ်သက်နေသည့် အကျဉ်းသားများမှာ အရေးနိမ့်သည် ထက် နိမ့်လာသကဲ့သို့ ဝါဒါများကလည်း လက်စွမ်းပြစပြုလာပြီဖြစ် ရာ တစ်ကွဲတပြားပြေးမိသော မိုးစွေသည်လည်း ကော်မရှင်နာလမ်း ဘက်ရှိ တိုက်ဘက်သို့ ရောက်သွားလေ၏။

မိုးစွေသည် ခြေဦးတည့်ရာ ပြေးထွက်ခဲ့ရင်း တောင်ဘက် လှုံတံခါးကြီးရှိရာသို့ အရောက်တွင် သက်ကြီးရွယ်အို အကျဉ်းသား ကြီးတစ်ဦး ဒဏ်ရာဖြင့် လဲကျနေသည်ကို တွေ့လိုက်ရ၏။ ၎င်း အကျဉ်းသားမှာ ဒဏ်ရာကြောင့် တအင်းအင်း ညီးညူနေသဖြင့် မိုးစွေလည်း ဘေးလွတ်ရာသို့ သယ်ပိုးခေါ်ဆောင်ရန် ဆုံးဖြတ်ပြီး ပြေးသွားစဉ်မှာပဲ . . .

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

ထိုအကျဉ်းသားအနီး ရောက်လုရောက်ခင်မှာပဲ မိုးစွေ၏ ခန္ဓာကိုယ်မှာ ညွတ်ခွေလဲကျသွားတော့၏။ မိုးစွေသည် အနိုင်နိုင် အားတင်းထားသော်လည်း အမြင်အာရုံပြာဝေလာပြီး အသံများကို သာ ကြားနေရ၏။ ထိုအသံများမှာလည်း တဖြည်းဖြည်း တိုးတိတ် သလိုဖြစ်သွားပြီး လုံးဝသတိလစ်သွားတော့၏။

မိုးစွေသည် ထောင်ဆေးရုံတွင် ဆေးဝါးကုသခံနေရသည် မှာ တစ်ပတ်ကျော်ခန့် ရှိခဲ့လေပြီ။ ထိုကာလအတွင်း မိုးစွေသည် လွတ်မည့်ရက်ကိုတွက်ဖို့ မေ့လျော့နေမိ၏။ တစ်နေ့ . . . ။ ထိုတစ် နေ့သည် မိုးစွေအဖို့ လွန်စွာဝမ်းမြောက်ဝမ်းသာ ရှိလှသည့်နေ့ဟု





သတ်မှတ်ရမည်ဖြစ်၏။

သူ အလွန်သတိတရရှိလှသည့် သူ၏ဆရာ ဒေါက်တာသိဒ္ဓိ နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံလိုက်ရသောကြောင့် ဖြစ်သည်။

"လူနာစာရင်းထဲမှာ မိုးစွေဆိုတဲ့ နာမည်တွေ့လိုက်ရလို့ သေချာအောင် လာကြည့်တာ၊ ငါထင်တဲ့အတိုင်း အမှန်ဖြစ်နေပါ ရောလား"

ဒေါက်တာသိဒ္ဓိက မိုးစွေကုတင်ဘေးတွင်ရပ်လျက် ဖော် ရွေသည့်အပြုံးဖြင့် ပြောလိုက်လေ၏။ မိုးစွေလည်း စိတ်အားတက် ကြွသွားပြီး . . .

"ဆ . . ဆရာ . . . ဘယ် . . ဘယ်လိုဖြစ်ပြီး . . ."

"ဒဏ်ရာအရှိန်ရှိနေတယ် မောင်မိုးစွေ၊ စကားကို အလော တကြီး မပြောနဲ့ . . ." ဟု ကပျာကယာ ဟန့်တားလိုက်ပြီး မိုးစွေ သိချင်သည့်အကြောင်းကို ပြောလေ၏။

"စစ်တွေထောင်ကနေ ရန်ကုန်ထောင်ကို ပြောင်းရွှေ့မိန့်နဲ့ ရောက်လာတာ ရက်ပိုင်းပဲ ရှိပါသေးတယ်၊ မောင်မိုးစွေ . . . မင်း မလဲ ထောင်နဲ့ကို မလွတ်ကင်းနိုင်ပါလား၊ ဘယ်လိုကြောင့်များ ဖြစ် ရပြန်တာလဲ . . ."

ဒေါက်တာသိဒ္ဓိက ဂရုဏာဒေါသောနှင့်ပြောရင်း မေးလေ ၏။ ထိုအခါ မိုးစွေလည်း ပရောဂဆရာတိမ်ညွန့်ထံ သွားသည်မှစ၍ သေနတ်မှန်ခံရပြီး ဆေးရုံရောက်သည့် အခြေအနေအထိ ရှင်းလင်း ပြောပြလိုက်၏။

"အင်း . . . မောင်မိုးစွေလည်း လွတ်မယ့်ရက်နီးနေပြီဆို တော့ ထောင်ကလွတ်လို့ ဆရာ့ဆီလာချင်ရင်လည်း လာခဲ့ပေါ့၊ ဆရာ လည်း မကြာခင် ထောင်ဆေးရုံက နှုတ်ထွက်တော့မယ်၊ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

ထောင်ရောက်မှ ထောင်ရဲ့စိတ်မချမ်းသာစရာတွေချည်း မြင်နေရတာနဲ့ ဒီအလုပ်မှာ မပျော်တော့ဘူး၊ ဖယ်ရာလမ်းမှာ ဆရာနေတယ်၊ လွတ်ရင် လာခဲ့ပေါ့"

ထိုစကားကြောင့် မိုးစွေသည် အတိုင်းထက်အလွန် ဝမ်းမြောက်မိသဖြင့် သူ၏ဆရာ ဒေါက်တာသိဒ္ဓိလက်ကို အားပါးတရ ဆုတ်ကိုင်လိုက်လေ၏။

* * * *



## အခန်း (၁၇)

လွန်စွာသာယာသည့် နွေဦးရာသီ၏ နေ့တစ်နေ့တွင် ဖြစ်သည်။

ခြံပြင်ရွာသား မုဆိုးကြီးရွှေမောင်စိန်သည် မနက်ခင်းကတည်းက နွားလှည်းမောင်းရင်း ရွာမှထွက်လာခဲ့ရာ မနက်ဆယ်နာရီခန့်အချိန်တွင် ရွာသုံးရွာကို ဖြတ်ကျော်ခဲ့ပြီး တောင်ဘက်အရပ်ဆီသို့ ဦးတည်မောင်းနှင်လေ၏။

သူသည် နွားလှည်းကို ခပ်မှန်မှန်မောင်းနှင်လာခဲ့ရာ အဘော်အတန် အိမ်ခြေနည်းပါးသော ကုလားရွာတစ်ရွာကို ဖြတ်ကျော်ပြီး ရွာအစွန်ကုက္ကိုပင်ကြီးအနီးသို့ အရောက်တွင် မြင်လိုက်ရသော ပုဂ္ဂိုလ်တစ်ဦးကြောင့် တအံ့တသြ ဖြစ်သွားလေ၏။

သူသည် နွားလှည်းကိုရပ်ပြီး ၎င်းပုဂ္ဂိုလ်ကို သေချာစွာစိုက်ကြည့်လျက် လှည်းနောက်ပိုင်းတွင် ထိုင်နေသည့် ကြိုးကြာကို လှမ်း


www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။

"သမီး . . . သမီး . . . မိကြီးကြာ၊ ဟိုအပင်အရိပ်အောက်မှာ ရပ်နေတာ ဖေကြီးမိတ်ဆွေ ဦးဒေဝမဟုတ်လား"

ကြိုးကြာကလည်း ထိုပုဂ္ဂိုလ်ကို လှမ်းကြည့်လိုက်ပြီး မျက်ဝန်းကလေးပြုံးလျက် . . .

"ဟုတ်တယ် . . . ဟုတ်တယ်၊ အဲဒါ ဖေကြီးရဲ့မိတ်ဆွေ ဟိုမုဆိုးကြီးပဲ"

"ကြည့်စမ်း . . . ဒီလူတော့ အသက်ရှည်ဦးမှာပဲ၊ မနေ့ကတောင် သူ့ကို ဖေကြီးသတိရနေတာ၊ ခုလိုပွင့်လင်းရာသီရောက်ရင် တောပစ်ချင်တဲ့စိတ်က ရွပိုးထိုးလာလို့ ဒီတစ်ခါတော့ ဖေကြီးတစ်ယောက်တည်း တောပစ်ထွက်ရတော့မယ် ထင်နေတာ၊ ဒီလူကြီးရှိရင် ကောင်းမှာပဲလို့တောင် သတိရနေမိတာ . . ."

ဟုပြောပြီး နွားလှည်းကို ငှင်းအပင်ရှိရာ မောင်းနှင်သွားရာ အပင်အောက်တွင်ရှိနေသော ပုဂ္ဂိုလ်ကြီးကလည်း သူ့အားပြုံးလျက်ကြည့်နေလေ၏။ အနားသို့ရောက်သည်နှင့် ထိုပုဂ္ဂိုလ်ကြီးက . . .

"တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျုပ် ပဲခူးရိုးမထဲမှာ တောပစ်ထွက်ရတာ ခင်ဗျားနဲ့အတူ မေယုတောင်တန်းတွေပေါ်မှာ တောပစ်ရတာလောက် ကျေနပ်မှုမရှိဘူးဗျာ၊ ဒါကြောင့် ဒီနှစ်ပွင့်လင်းရာသီမှာ အရင်နှစ်ကလို တောပစ်ထွက်ချင်လို့ ခင်ဗျားဆီ လာခဲ့တာပဲ၊ ဒီခရီးက တစ်ခါသွားလာဖူးတော့ ခုတစ်ခေါက်လာရတာ အတော်အဆင်ပြေပါတယ်၊ တော်သေးတာပေါ့ဗျာ၊ ခင်ဗျားနဲ့ ဒီမှာဆုံလိုက်လို့၊ နို့မဟုတ်ရင် ခင်ဗျားရွာကို ကျုပ်ရောက်တဲ့အခါ ခင်ဗျားကိုမတွေ့ဘဲ ကျုပ်အူကြောင်ကြောင် ဖြစ်နေမှာ . . ."

"ကဲ . . . အခုတွေ့ပြီဆိုတော့ ခင်ဗျားဆန္ဒပြည့်ပြီပေါ့၊ ကျုပ်လည်း တောပစ်ထွက်ဖို့ ပြင်ဆင်နေတာနဲ့ အတော်ပဲ၊ အခုဈေးတို့သွားပြီး အိမ်မှာကျန်ရစ်ခဲ့မယ့် သမီးအတွက် ဖြည့်ဆည်းပေးရမယ့် ရိက္ခာတွေ သွားဝယ်မှာလေ၊ ခင်ဗျားလည်း ရောက်ဖူးတယ်ရှိအောင် လိုက်ခဲ့ပေါ့ဗျာ"



မုဆိုးကြီးဦးဒေဝသည် သူ၏ခရီးဆောင်ချည်လွယ်အိတ်ကြီးကို လှည်းပေါ်တင်ပြီး ဦးရွှေမောင်စိန်နှင့်အတူ လိုက်ပါခဲ့လေ၏။

ဦးရွှေမောင်စိန်မှာ သွားလာနေကျခရီးဖြစ်၍ ရွာသို့မိမိတို့ပြန်ရောက်မည့်အချိန်မှာ နေဝင်ရီတရောအချိန်ဖြစ်မည်ဟု ဦးဒေဝကို ရှင်းပြလေ၏။ လမ်းခရီးတစ်လျှောက်တွင် ရောက်တတ်ရာရာစကားများကို ပြောဆိုကြလျက်ရှိရာ ဦးရွှေမောင်စိန်မှာ သူ၏အမူအကျင့်အတိုင်း ပြောင်းလဲမှုမရှိသော်လည်း ညေ့သည်မုဆိုးကြီးကတော့ စကားပြောဆိုနေလျက်က တစ်ချက်တစ်ချက်တွင် အမိပ္ပါယ်ဖော်ပြရန်ခက်ခဲသည့် အမူအရာမျိုးဖြင့် ဦးရွှေမောင်စိန်တို့ သားအဖကို ကြည့်လေ၏။

နွားလှည်းကလေးသည် တအိအိသွားလာရင်း ခရီးမိုင်သုံးမိုင်ခန့် ရောက်ရှိသည်တွင် လှည်းလမ်းကြောင်းနှင့် ကိုက်သုံးဆယ်ခန့်ကွာလှမ်းသောနေရာရှိ ညောင်ပင်ကြီးအောက်တွင် ခေတ္တနားခိုရန် ဦးရွှေမောင်စိန်ကပြောပြီး လှည်းကို ငှင်းအပင်ရှိရာသို့ ဦးတည်မောင်းနှင်လိုက်၏။

အပင်ကြီး၏အောက်တွင် ဟောင်းနွမ်းဆွေးမြည့်နေသည့် ဇရပ်အိုကြီးရှိ၏။ တစ်လမ်းလုံး ခံစားခဲ့ရသည့် အပူဒဏ်မှာ အပင်ကြီးအောက်ရောက်သည်နှင့် ရုတ်ချည်းပင် အေးမြလန်းဆန်းသွား၏။

"နွားတွေလည်း ပင်ပန်းလှရောမယ်၊ ကျုပ်တို့ ဇရပ်မှာ ခဏတစ်ဖြုတ်နားပြီးမှ ခရီးဆက်ကြတာပေါ့"

www.burmeseclassic.com



ထိုသို့ပြောလိုက်စဉ်မှာပဲ အဖျိုပေါက်မကလေး ကြိုးကြာက လှည်းနောက်ဘက်တွင် ခြေချထိုင်နေရာမှ လျှောဆင်းလိုက်ပြီး ဇရပ်ပေါ်သို့ ပေါ့ပါးလျင်မြန်စွာ အပြေးတက်သွား၏။ သို့သော် ဇရပ်လှေကားထစ်ပေါ်သို့ ခြေချမိသည့် သူမခြေလှမ်းတွေက တုန့်ခနဲ ရပ်တန့်သွားပြီး . . .

"အမေ . . . ဖေကြီးရေ၊ ဒီကို အမြန်လာပါဦး"

စူးစူးဝါးဝါး အော်သံကြောင့် ဦးရွှေမောင်စိန်သည် စိုးရိမ်တကြီးဖြင့် အပြေးကလေး ရောက်ရှိသွားရာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တအံ့တဩဖြင့် . . .

"ဟာ . . . မိန်းမတစ်ယောက်ပါလား၊ ကြည့်ရတာ အသက်မှရှိသေးရဲ့လား မသိဘူး"

ထိုစဉ်မှာပဲ ကြိုးကြာက သူ့ဖခင်နှင့် မုဆိုးကြီးဦးဒေဝတို့ကို ကျော်၍ ရှေ့သို့ နီးသထက်နီးအောင် တိုးကပ်သွားပြီး အသေအချာကြည့်ရှုလိုက်ရာ အနေအထားက သူမကို ပိုမိုအံ့ဩသွားစေ၏။

"အို . . . ကိုယ်ဝန်ကြီးနဲ့ပါလား၊ ဖြစ်မှဖြစ်ရလေ" ဟုနှုတ်မှ ခပ်တိုးတိုး မြည်တမ်းလျက် လဲလျောင်းနေသော အမျိုးသမီး၏ ဆွတ်ဆွတ်ဖြူနေသော မျက်နှာလေးကို ငေးစိုက်ကြည့်နေ၏။

ထိုစဉ်မှာပဲ ရီဝေနေသော မျက်ဝန်းအစုံက ပွင့်လာလေ၏။ ကြောက်ရွံ့ထိတ်လန့်ခြင်း အရိပ်များက အမျိုးသမီး၏မျက်ဝန်းများ၌ သိသာစွာ ထင်ဟပ်နေလေ၏။

"အစ်မ . . . ကျွန်မတို့ဟာ အစ်မရဲ့ရန်သူမဟုတ်ပါဘူး၊ အစ်မ,မကြောက်နဲ့နော်၊ ကျွန်မတို့က ဒီကနေ နေ့ဝက်ခရီးလောက်သွားရတဲ့ ခြံပြင်ရွာကပါ၊ အို . . . အစ်မ ကိုယ်တွေအရမ်းပူနေပါလား၊ အစ်မ ဒီလိုနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မတို့ရွာကို လိုက်ခဲ့ပါ"





အမျိုးသမီး၏ လက်ကလေးကိုကိုင်၍ ကြင်နာသနားစွာပြောလိုက်လေ၏။ ကြိုးကြာ၏အသွင်အပြင်နှင့် နူးညံ့ချိုသာသော စကားကြောင့် အမျိုးသမီး၏ စိုးရိမ်ကြောင်ကြခံစားရမှုများမှာ အတော်အတန် ပြေပျောက်သွားပုံရ၏။ သူမက မျက်လုံးအစုံကို မှေးစင်းလိုက်ပြီး ပင့်သက်ကို လေးပင်စွာ ချလိုက်လေ၏။

အဖျိုပေါက်မလေး ကြိုးကြာသည် မိန်းကလေးသဘာဝ စပ်စပ်စုစုတွေးနေမိ၏။ တစ်ပြိုင်တည်းဆိုသလို မိန်းမသားချင်း ကိုယ်ချင်းစာစိတ်ဖြင့် လွန်စွာသနားဂရုဏာသက်နေမိ၏။

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ဖြူရောင်နေသော မျက်နှာကလေးပင် ဖြစ်လင့်ကစား လွန်စွာလှပချောမောပေ၏။ ပေါ်လွင်သောနှာတံ၊ ညွတ်ကွေးနေသော လေးကိုင်းသဏ္ဍာန်နှုတ်ခမ်း၊ သက်တန့်လို ကွေးနေကိုင်းနေသော မျက်ခုံး၊ ပြေပြစ်သော မျက်နှာနှင့် နူးညံ့သော အသားအရေများက သူမ၏ချောမောခန့်ငြားမှုကို ဖော်ပြနေ၏။

ကြိုးကြာသည် ထိုအမျိုးသမီးကို ရင်ခွင်တွင်း၌ တယုတရပွေ့ဖက်ထားရင်း ခြေဆုပ်လက်နယ်ပြုစုပေးလေ၏။ ဦးရွှေမောင်စိန်သည် သူ၏မိတ်ဆွေမုဆိုးကြီးနှင့် စကားပြောနေလျက်က တစ်ချက်တစ်ချက်တွင် သူ့သမီးပွေ့ဖက်ထားသော မိန်းကလေးကို အကဲခတ်ကြည့်လေ၏။

လှည်းကိုလည်း အတတ်နိုင်ဆုံး ငြင်သာမှုရှိစေရန် ထိန်းမောင်းနေရသဖြင့် ရွာသို့ရောက်သည့်အချိန်မှာ မှန်းထားသည့်အချိန်ထက် များစွာနောက်ကျသွား၏။ ပုံမှန်ရောက်ရှိမည့် နေဝင်ရီတရော အချိန်ထက် ကျော်လွန်ပြီး မိုးစုန်းစုန်းချုပ်သွား၏။

အိမ်သို့ရောက်သည်နှင့် ကြိုးကြာက ထိုအမျိုးသမီးကို ဖေးမ



www.burmeseclassic.com

www.burmeseclassic.com



တွဲခေါ်ပြီး အိမ်အတွင်းခန်းသို့ ပို့ဆောင်ပြီးနောက် သူမတို့ခြံနှင့် မျက်နှာချင်းဆိုင်လျက် တစ်ခေါ်လောက်ကွာဝေးသည့် ခြံဝန်းအတွင်း အပြေးဝင်ရောက်သွားလေ၏။ အချိန်တခဏအတွင်း ပြန်လည်ထွက်လာသောအခါ သူမနှင့်အတူ ချောမောလှပသည့် မိန်းကလေးတစ်ဦး လိုက်ပါလာ၏။

သူမတို့နှစ်ယောက်သည် ရွာအစွန်အဖျားပိုင်းရှိ တဲအိမ်တစ်လုံးတွင် နေထိုင်သော ဒေါ်ငွေစီဟူသည့် လက်သည်မိန်းမကြီးဆီသို့ တန်းပြေးလေ၏။ သူမတို့ အိမ်သို့ပြန်ရောက်သောအခါ ထိုအမျိုးသမီးမှာ မှိန်းနေလျက်က ကြိုးကြာကို ကျေးဇူးတင်သည့် မျက်ဝန်းဖြင့်ကြည့်ရင်း ပြုံးပြလေ၏။

ကြိုးကြာနှင့် အဖော်လိုက်ပါသည့် မိန်းမချောလေးကလည်း ထိုအမျိုးသမီးကို မြင်သည့်ခဏမှာပဲ လွန်စွာချစ်ခင်သနားစိတ်ဖြစ်ပေါ်သွား၏။ ထိုမိန်းမချောလေးမှာ ကြိုးကြာနှင့် ညီအစ်မအရင်းပမာ ချစ်ခင်ကြပြီး ငယ်စဉ်ကတည်းက မြို့ကျောင်းတက်နေခဲ့ပြီး ဤနှစ်အတွင်းမှ ရွာသို့ရောက်ရှိလာခြင်း ဖြစ်သည်။ အမည်မှာ ဒါလှဖြူ ဟူ၍ဖြစ်၏။ နာမည်နှင့်လိုက်အောင် လှပယဉ်ကျေးသူလေးဖြစ်ရာ တစ်ရွာလုံးက ချစ်ခင်ကြ၏။

သူမသည် မိဘလက်ငုတ်လက်ရင်းဖြစ်သည့် ယက္ကန်းရုံကို ကိုယ်တိုင်ဦးစီးလုပ်ကိုင်၏။ တစ်ရွာလုံးတွင် သူမချစ်ခင်တွယ်တာဆုံး သူမှာ ကြိုးကြာပင်ဖြစ်၏။ ကြိုးကြာမှာ သူမထက် နှစ်အနည်းငယ် ငယ်ရွယ်သဖြင့် ညီမငယ်ပမာ ချစ်ခင်သလို ကြိုးကြာကလည်း အစ်မရင်းနှင့်မခြား တွယ်တာချစ်ခင်၏။

သို့ကြောင့်လည်း ကြိုးကြာက ဒုက္ခသည်အမျိုးသမီးကိစ္စကို ကူညီဆောင်ရွက်ရန် သူမကို အဖော်ခေါ်ခဲ့ခြင်း ဖြစ်သည်။





မုဆိုးကြီးနှစ်ဦးကတော့ မိန်းမကိစ္စဖြစ်၍ အိမ်ရှေ့ခန်းတွင် အကြမ်းခရားအိုးကို အဖော်ပြုရင်း စကားပြောနေကြ၏။ အထူးသဖြင့် သူတို့တောပစ်ထွက်ကြမည့် အကြောင်းကိစ္စများဖြစ်၏။ ထိုသို့ ပြောနေကြရင်းက မုဆိုးကြီးဒေဝသည် တစ်ချက်တစ်ချက်တွင် မျက်လုံးဝင့်လျက် ဝန်းကျင်တခွင်ကို အကဲခတ်လေ၏။ တစ်ကြိမ်တွင် ဦးရွှေမောင်စိန်က သတိပြုမိသွားသဖြင့် . . .

“ဘာတွေများ ဂဏှာမငြိမ်ဖြစ်နေတာလဲ ကိုဒေဝရဲ့၊ ဘာလဲ . . . ခင်ဗျားက ဟိုအမျိုးသမီးအတွက် စိုးရိမ်ကြောင့်ကျနေလို့လား၊ အင်းပေါ့ဗျာ . . . စိတ်မကောင်းစရာဖြစ်ပေမယ့် ဘာတတ်နိုင်မလဲလေ၊ ကျုပ်သမီးကတော့ သူလုပ်နိုင်သမျှ အစွမ်းကုန် ကူညီနေလေရဲ့၊ သူ့ကံပေါ့ဗျာ”

ဟု တကယ့်စိတ်ရင်းဖြင့် ပြောလိုက်ရာ ဦးဒေဝလည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားပြီး အမူအရာမပျက်အောင် သတိထားထိန်းလိုက်ရ၏။ ရေနွေးကြမ်းကို သောက်လိုက်ပြီး . . .

“ဪ . . . အင်း . . . ဟုတ် . . . ဟုတ်တာပေါ့၊ သူ့ကံပဲပေါ့” ဟု အထစ်ထစ်၊ အငေါ့ငေါ့ ပြောလိုက်ပြီး ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်နေလေ၏။ တခဏတိတ်ဆိတ်သွားပြီး ရယ်သံနှော၍ ပြောလိုက်သည့် ဦးရွှေမောင်စိန်စကားကြောင့် သူသည် ရုတ်ချည်းပင် မျက်ဝန်းတွေ ပြူးကျယ်သွား၏။ ထိုသို့ပြောလိုက်သည့်စကားမှာ စောစောတုန်းက အလွန်သူသိချင်နေသည့် ကိစ္စဖြစ်သောကြောင့် ဖြစ်သည်။

“အင်း . . . ကျုပ်သား မောင်မိုးဆွေတော့ ဘယ်လိုရှိနေလဲ မသိဘူး၊ ဆရာကြီးမိုးမှောင်နဲ့ အဆင်မှပြေရဲ့လား မဆိုနိုင်ဘူး၊ ဘယ်လိုအဆက်အသွယ်မှလည်း မရသေးဘူး၊ အစစ အရာရာ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေပြီး ဆရာကြီးရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်ပါစေလို့ ကျုပ်တော့ နေ့တိုင်းမေတ္တာပို့နေမိတယ်"

ဦးဒေဝသည် ရေနွေးကြမ်းကိုငှဲ့ရင်း တစ်စုံတစ်ခုအတွက် စိတ်သက်သာမှု ရသွားသလိုဖြင့် . . .

"ကျုပ်လည်း ကိုမောင်စိန်သားရဲ့သတင်းကို မေးမလို့ပါပဲ၊ ဘယ်လိုအဆက်အသွယ်များရသလဲလို့၊ ကျုပ်က ကိုမောင်စိန်တို့ဆီ များ ပြန်ရောက်နေလောက်ပြီလို့ ထင်နေမိတာ၊ ကျုပ်က အဲဒီညက အဖြစ်ကို မြင်ယောင်မိတိုင်း ခင်ဗျားတို့မိသားစုအတွက် စိတ်မကောင်း ဖြစ်မိတယ်၊ ရက်ရှည်လများ ထောင်ကျခံခဲ့ရပြီး ပြန်လွတ်လို့ မိဘ ရင်ခွင်မှာ တစ်နေ့လေးတောင် နားခိုခွင့်မရလိုက်ဘဲ ညတွင်းချင်း ခရီးဝေးထွက်ခွာသွားရတာ တကယ့်စိတ်မကောင်းစရာပဲလေ၊ အဲဒီ ညက အစ်ကိုခရီးထွက်မှာကို စီစဉ်လုပ်ကိုင်ပေးရင်း ကိုမောင်စိန် သမီးကြိုးကြာလေး ငိုနေပုံကိုကြည့်ရင်း ကျုပ်တောင် မျက်ရည်ဝဲမိ တယ်"

"ဟုတ်ပဗျာ၊ ကျုပ်မှာ မနည်းကို ချော့မော့လိုက်ရတာ၊ အေး ပေါ့လေ . . . သူ့မှာလည်း အဖေပြီးရင် ဒီအစ်ကိုပဲ ရှိတာမဟုတ် လား"

ဦးဒေဝက သူမေးမည့်မေးခွန်းအတွက် ဦးရွှေမောင်စိန်ကို မသိမသာ အကဲခတ်လိုက်ပြီး . . .

"အခုလောက် ကာလကြာနေပြီဆိုတော့ ကျုပ်အထင် ရန် ကုန်မြို့ကို ရောက်နေမလားဘဲ၊ ဂျစ်ပဆီမိုးမှောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက အင်မတန် ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ကိုမောင်စိန့်သားကို အဲဒီပုဂ္ဂိုလ်ကြီးက သားတပည့်လို ပညာအမွေအနှစ် လက်ဆင့်ကမ်း ပေးဖို့ ရွေးချယ်လိုက်တာ တကယ့်ကို ကျေနပ်စရာပဲ"





"ဒါပေါ့ဗျာ၊ ဒါကြောင့်လည်း ကျုပ်က လိုလိုလားလား ခွင့် ပြုခဲ့တာပေါ့"

အိမ်တွင်းခန်းဆီမှ သိသာစွာ ထွက်ပေါ်လာသည့် အမျိုး သမီးများ၏အသံကြောင့် သူတို့လည်း ပြောဆိုနေသည့် စကားများကို ရပ်တန့်လိုက်ပြီး ၎င်းအသံများအပေါ် အာရုံကျရောက်သွားလေ၏။

"ဟဲ့ . . . ကောင်မနှစ်ယောက်၊ ငါပြောတဲ့အတိုင်း အသေ အချာ လုပ်ကြစမ်း၊ ဒီမိန်းမ မွေးချိန်တန်နေပေမယ့် ကလေးက အနေ အထားမမှန်ဘူး"

အမျိုးသမီးသုံးဦး၏ ပြောဆိုလှုပ်ရှားမှုများမှာ အခိုက်အတန့် မျှသာ ဖြစ်၏။ သုံးဦးသား တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ ထို အခိုက်မှာပဲ ကြိုးကြာထံမှ တိုးသဲ့သဲ့လေး ထွက်ပေါ်လာ၏။

"အရီးငွေစီရယ်၊ ဖြစ်နိုင်တဲ့ နည်းလမ်းလေးများ စဉ်းစား ကြည့်ပါဦး၊ ဒီအစ်မကိုကြည့်ရင်း ကျွန်မသနားလွန်းလို့ပါ"

ဝမ်းဆွဲဒေါ်ငွေစီလည်း လက်ကုန်ကြိုးစားပြီးဖြစ်၍ စိတ် ပျက်လက်ပျက် ငိုင်နေရာမှ ပင့်သက်ရှိုက်လေ၏။ ကိုယ်ဝန်ဆောင် အမျိုးသမီးသည် နာကျင်မှုကို မချိမဆန့် ခံစားနေရပုံရ၏။ ညည်းသံ တစ်ချက်နှင့်အတူ သွားချင်းပွတ်ကာ အံကျိတ်သံ တကျွိကျွိ ထွက် ပေါ်လာလေ၏။ မျက်ဝန်းတလျှောက် လိမ့်ဆင်းလာသည့် မျက်ရည် ဥများမှာလည်း အရှိန်အဟုန်နှင့် စီးကျနေဆဲပင် ဖြစ်၏။

ထိုစဉ် အမျိုးသမီးသည် အားတင်းလျက် ဖြူရော်ရော်နှုတ် ခမ်းလေးကို လှုပ်ခတ်လိုက်ပြီး . . . "ညီ . . ညီမလေး . . . "ဟု လေသံတိုးတိုးဖြင့် ခေါ်လိုက်ရာ ကြိုးကြာလည်း အကင်းပါးစွာဖြင့် ရုတ်ချည်းပင် အမျိုးသမီး၏ မျက်နှာအနီး တိုးကပ်လိုက်၏။ ထိုအခါ အမျိုးသမီးက လက်သည်ဒေါ်ငွေစီဘက် ဝေ့ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ညီမလေးနဲ့ နှစ်ကိုယ်ကြား စကားပြောချင်တယ်" ဟုပြောလေ၏။ ထိုအသံမှာ ကြိတ်မှိတ်အားတင်းလျက် ပြောလိုက်သောကြောင့် အသံမှာ အနည်းငယ် ကျယ်သွားပြီး ဒေါ်ငွေစီလည်း ကြားသွား၏။ ကြိုးကြာက ထပ်မံပြောဖို့မလိုတော့ဘဲ ဒေါ်ငွေစီနှင့် ဒါလှဖြူတို့က အလိုက်တသိပင် ရှောင်ခွာသွားကြ၏။

"အစ်မ . . . ဘာများပြောချင်လို့လဲဟင်၊ အခု အခန်းထဲမှာ အစ်မနဲ့ညီမ နှစ်ယောက်တည်းရှိပါတယ်၊ အစ်မ လိုအပ်တာ ပြောချင်တာမှန်သမျှ ညီမကို ယုံယုံကြည်ကြည် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

"ညီမလေး . . . မေယုတောင်ရဲ့ တောနက်တစ်နေရာမှာ အာရုဏ်တော်စေတီလို့ခေါ်တဲ့ ရှေးဟောင်းစေတီလေးရှိတယ်၊ ဒီရွာကနေသွားရင် နှစ်ရက်ခရီးလောက် သွားရမယ်ထင်တယ်၊ အဲဒီစေတီလေးရောက်ရင် ဒီပုဝါမှာပြထားတဲ့ မြေပုံညွှန်းအတိုင်း စေတီလေးရဲ့ ပုရဝုဏ်မှာ ရှာကြည့်ပါ၊ ပေစာထုပ်တစ်ထုပ်နဲ့အတူ မြေပုံတစ်ချပ်ရလိမ့်မယ်၊ အဲဒီပေစာကို အသေအချာဖတ်ရှုပြီး ရရှိတဲ့အကျိုးစီးပွားနဲ့ အစ်မအတွက် ထိုက်သင့်တဲ့ ဒါနတစ်ခုပြုလုပ်ပေးပါကွယ်၊ ပြီးတော့ သာသနာတော်ထွန်းကားရေးအတွက်လည်း ဒီပေစာမှာ ပါတဲ့အတိုင်း ဆောင်ရွက်ပေးပါ ညီမလေးရယ်၊ ရိုးသားဖြူစင်တဲ့ ညီမလေးကို မြင်တဲ့အခိုက်မှာပဲ အစ်မယုံကြည်ပါတယ်"

ထိုမျှလောက်သာ စကားကို အမျိုးသမီးသည် လွန်စွာအားတင်းပြောနေပုံရ၏။ ပြောနေရင်းကပဲ တဖြည်းဖြည်း လျှာလေးအာလေးဖြစ်လာပြီး စကားသံများပင် ပီသမှုမရှိတော့ပေ။ နောက်ပိုင်းပြောလာသည့် စကားများကိုတော့ ကြိုးကြာဘယ်လိုမှ နားမလည်နိုင်ဖြစ်သွား၏။ နားစိုက်ထောင်နေစဉ်မှာပဲ အခြေအနေ မဟန်တော့





သဖြင့် အိမ်ရှေ့ခန်းရှိ ဖခင်ကြီးနှင့် ဝမ်းဆွဲသည်ဒေါ်ငွေစီတို့ကို ပြေးထွက်ခေါ်ရတော့၏။

သူတို့အားလုံး အခန်းထဲပြန်ရောက်သောအခါ လွန်စွာသနားဖွယ်ကောင်းသော ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ထာဝရအိပ်ပျော်သွားပြီဖြစ်၏။ ကြိုးကြာသည် ထိုအမျိုးသမီးကို အမှတ်မထင် တွေ့သိခဲ့ရသော်လည်း ချစ်ခင်သနားသည့် စိတ်၊ မိန်းမသားချင်း ကိုယ်ချင်းစာနာမိသည့် ခံစားမှုကြောင့် ၎င်းအမျိုးသမီးအတွက် စိတ်မကောင်းခြင်းကြီးစွာ ရင်ထဲဆို့နင့်သွားလေ၏။

အမျိုးသမီး၏ ရုပ်ကလာပ်ကို ငေးမောကြည့်နေလျက်က ပါးပြင်ပေါ်သို့ မျက်ရည်ပူများ တလိမ့်လိမ့် ကျဆင်းလာလေ၏။ သူမကဲ့သို့ပင် ခံစားနေရသည့် နောက်တစ်ဦးမှာ ဒါလှဖြူဖြစ်၏။ သမီးအဖြစ်ကိုကြည့်ရင်း ဦးရွှေမောင်စိန်က မနေသာတော့ဘဲ နှစ်သိမ့်ဖျောင်းဖျရတော့၏။

ညတွင်းချင်းမှာပင် ရွာသူကြီးကို အကြောင်းကြားပြီး အမျိုးသမီး၏ရုပ်ကလာပ်ကို သင်္ဂြိုလ်မြှုပ်နှံရန် ဦးရွှေမောင်စိန်က ဦးဆောင်၍ စီစဉ်လေတော့၏။ ရက်လည်ဆွမ်းအတွက်ကို ရွာရှိကျောင်းထိုင်ဆရာတော်က ဂရုဏာသက်စွာ ဆောင်ရွက်ပေးသဖြင့် ထိုအမျိုးသမီး၏ဈာပနမှာ ပြည့်စုံပြီးမြောက်သွားလေ၏။

၎င်းကိစ္စများ ပြီးဆုံးသည့်နေ့ ညနေခင်းအချိန်သို့ ရောက်ရှိသည်တွင် ကြိုးကြာက ကိုယ်ဝန်ဆောင်အမျိုးသမီးပေးခဲ့သော ပိုးသားပုဝါနီကလေးကို ဖခင်ကြီးအားပေးပြီး ထိုအမျိုးသမီးပြောသော စကားများကို ပြောပြလိုက်ရာ ဖခင်ကြီးနှင့် မုဆိုးကြီးဦးဒေဝတို့လည်း ပါးစပ်အဟောင်းသားဖြင့် တအံ့တဩ ဖြစ်သွားကြ၏။

"ပြ . . . ပြစမ်းပါဦး မိကြိုးကြာ၊ ဘယ်လိုပုဝါလဲဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြည့်ပါရစေ"

ဦးဒေဝမှာ ဟန်ပင်မဆောင်နိုင်တော့ဘဲ ပုဝါစကို ဆွဲယူကြည့်ရှုလေ၏။ ပုဝါစအတွင်းပိုင်းတွင် အဖြူရောင်ချည်ဖြင့် အကွက်ဖော်ထားသော စေတီပုံလေးကိုတွေ့ရပြီး စေတီပုရဝုဏ်တစ်နေရာသို့ ညွှန်ပြထားသည့် သင်္ကေတတစ်ခုကိုလည်း သတိထားမိကြ၏။

ထိုအမျိုးသမီးပြောခဲ့သည့် စကားများနှင့် ဆက်စပ်စဉ်းစားကြည့်လိုက်လျှင် သင်္ကေတဖြင့် ညွှန်းပြထားသည့်နေရာမှာ လျှို့ဝှက်ချက်တစ်စုံတစ်ရာရှိကြောင်း မှန်းဆမိလေ၏။

မုဆိုးကြီးနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ပြိုင်တူလိုလို ကြည့်မိကြ၏။ ၎င်းအကြည့်တွင် တစ်ဦး၏သဘောထားကို တစ်ဦးက သိလိုသည့် အရိပ်အငွေ့များ ထပ်ဟပ်နေလေ၏။

ဦးရွှေမောင်စိန်က စ၍ . . .

"ကဲ . . . ကိုဒေဝ၊ ဒီကိစ္စက အတော့်ကို ထူးဆန်းမနေဘူးလား၊ ခင်ဗျားရဲ့သဘောထားကို ပြောစမ်းပါဦး"

"မေးနေဖို့လိုသေးလားဗျာ၊ ဒီအမျိုးသမီးကို ဇရပ်ပေါ်မှာ စတွေ့ကတည်းက ထူးခြားပါတယ်လို့ စိတ်ထဲက မှတ်နေတာ၊ ကျုပ်ကတော့ သူပြောခဲ့တဲ့ နေရာကိုသွားပြီး ဟုတ်မဟုတ် လေ့လာကြည့်ချင်တယ်၊ သူပြောတဲ့အတိုင်း အမှန်ဖြစ်နေရင်တော့ ကျုပ်တို့အတွက် စိတ်ဝင်စားဖွယ်ကောင်းတဲ့ အကြောင်းကိစ္စ ဖြစ်ကောင်းဖြစ်သွားနိုင်တယ်လို့ ကျွန်တော်ထင်တယ်"

ဖခင်ကြီးနှင့် ဧည့်သည်မုဆိုးကြီးတို့သည် မိမိပေးအပ်လိုက်သည့် ပုဝါနီလေးကို အကြောင်းပြုပြီး အားချင်းပင် ခရီးထွက်သွားကြ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ကြိုးကြာသည် ဘဝင်မကျသလို ဖြစ်နေမိ၏။ အရေးတကြီး ခရီးထွက်ရလောက်အောင် ထိုကိစ္စသည်





အဘယ်မျှ အရေးပါနေလို့လဲ။

ဖခင်ကြီးက ခရီးမှပြန်ရောက်လာလျှင် ရှင်းပြမည်ဟုသာ ကတိပေးပြောကြားခဲ့၏။ ကြိုးကြာသည် ဖခင်ကြီးပြန်လည်ရောက်ရှိလာမည့် ဆယ်ရက်ပြည့်မြောက်မည့်နေ့ကို စောင့်မျှော်ရင်း အချိန်ပြည့်ဆိုသလို ဒါလှဖြူ၏ရက်ကွက်နားရုံသို့ ရောက်ရှိနေစမြဲ ဖြစ်၏။

ညီအစ်မရင်းနှင့်မခြား ချစ်ခင်တွယ်တာကြသဖြင့် ကြိုးကြာသည် မည်သည့်ကိစ္စမဆို ဒါလှဖြူကို ယုံကြည်ကိုးစားစွာ ဖွင့်ဟတိုင်ပင်စမြဲ ဖြစ်၏။ ဖခင်ကြီးမှာ သူတို့မှန်းထားသည့် နေ့ရက်ထက် စောစွာပြန်လည်ရောက်ရှိလာသဖြင့် ကြိုးကြာလည်း လွန်စွာပျော်ရွှင်သွား၏။

အကြောင်းကား သူ့မ အလွန်သိချင်သော ကွယ်လွန်သူအမျိုးသမီးပေးအပ်ခဲ့သည့် ပုဝါစလေးနှင့်ပတ်သက်ပြီး ဖခင်ကြီးထံမှ ကြားသိလိုသောကြောင့် ဖြစ်၏။ ဦးရွှေမောင်စိန်ကလည်း ခရီးမှပြန်ရောက်သည့်နေ့မှာပဲ သူသိလာသမျှကို ကြိုးကြာအား ရှင်းပြလေ၏။

ရွှေနားသပ်လက်တစ်မိုက်ခန့်ရှိ ပေစာထုပ်ကို ကြိုးကြာထံ ကမ်းပေးလိုက်ပြီး . . .

"ကဲ . . . သမီး . . . သမီးလည်း စဉ်းစားတွေးခေါ်နိုင်တဲ့ အပျိုအရွယ်ဖြစ်နေပြီ၊ အဲဒီပေထုပ်ပေါ်က စာလောက်တော့ သမီးဖတ်နိုင်မှာပါ၊ ဖတ်ကြည့်ပြီး သမီးဘယ်လိုယူဆသလဲဆိုတာ ပြောစမ်းပါဦး"

ထိုအချိန်တွင် ကြိုးကြာနှင့်အတူရှိနေသည့် ဒါလှဖြူကလည်း ၎င်းပေထုပ်ကိုကြည့်ရင်း လွန်စွာစိတ်ဝင်စားလျက်ရှိရာ သူမတို့နှစ်ဦးသည် ပေစာထုပ်၏ပထမစာရွက်ကို အတူတကွ ဖတ်ရှုကြလေ၏။

"အမွေလွှဲစာချုပ်တော် . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဦးခိုက်ရာ အရှင်နှစ်ပါးနှင့် တိုင်းတာမင်းကြီးဦးဖိုးတို့က စစ်မက်ယှဉ်ပြိုင်လိုကြ၏။ သူ့ကျွန်အဖြစ်ကို တော်လှန်လိုကြ၏။

ရှေ့နောက်မျှော်ရှု ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည်ဟု ယုံကြည်ရသော ကင်းဝန်မင်းကြီးဦးကောင်း၊ တောင်ခွင်မင်းကြီးဦးသိုင်း စသော မှူးမတ်တို့က စစ်မက်ကိုမလို။

အဝမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့ တို့လည်း မီးခိုးတိတ်ချေပြီ။ စစ်သည်တို့လည်း နှလုံးမသာစွာဖြင့် ခပ်မဆိတ်နေကြပေပြီ။

အင်းဝနယ် ရွှေပေါက်ပင်စခန်း ရေလယ်သို့ မျက်နှာဖြူစစ်ဗိုလ်ဂျင်နရယ်ပရင်ဒါဂတ်ဆိုသူ ရောက်လာသည်ကို ကျွန်ုပ်တို့သည် လက်ပိုက်ကြည့်နေရုံမှတစ်ပါး အခြားပြုဖွယ် မရှိပေ။

အမိန့်တော်ဟု စစ်မက်မပြုရခြင်းသည်ပင် ကျွန်ုပ်တို့အဖို့ အနားတစ်ခုမြှုထားရသကဲ့သို့ ရှိပေ၏။ ဂေါဝိန်ဆိပ်သို့ အင်္ဂလိပ်တို့ လွယ်လွယ်နှင့် ချဉ်းကပ်လာခဲ့လေပြီ။ ကွက်ကွက်မျှသာ ကျန်ရှိသော အထက်မြန်မာနိုင်ငံတော်လည်း မျက်နှာဖြူလက် ဝကွပ်အပ်ခဲ့ရပြီ။ ကျွန်သပေါက်အဖြစ် အသက်ရှင်ရခြင်းထက် ကျွန်အဖြစ်ကို တော်လှန်ရခြင်းက မြတ်လေ၏။

ကျွန်ုပ်တို့ သွေးသောက်ရဲမက်တစ်စုသည် အရှင်နှစ်ပါးနှင့်အတူ မလိုက်လို။ ကျားက သမင်ကို ပေးသနားသော ကြင်နာမှုမျိုးကို မခံယူလို။ မျက်နှာဖြူမိစ္ဆာများနှင့် အပေါင်းအပါတို့အားရှိသည့် လူ၊ ရဲမက်၊ လက်နက်အင်အားနှင့်ပင် ခုခံနေကြသည်။

ကျွန်ုပ်တို့သည် နှစ်ကာလအတန်ကြာ မန္တလေးကို ဗဟိုပြု





၍ မျက်နှာဖြူအုပ်ချုပ်ရေးကို ယိုင်နဲ့အောင် အနှောင့်အယှက်များစွာ ပေးနိုင်ခဲ့ပေ၏။

ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့် ရောဝတီဖလိုတီလာကုမ္ပဏီများမှ ဘဏ္ဍာတော်ငွေများစွာ ရရှိခဲ့ပေပြီ။ အခြားသော မျက်နှာဖြူတို့၏ ဥစ္စာဓနများစွာကိုလည်း လုယက်တိုက်ခိုက်ရယူနိုင်ခဲ့၏။ ကျွန်ုပ်သည် ၎င်းရရှိသည့် ဥစ္စာဓနများကို လွတ်လပ်ရေးအတွက်၊ ဘာသာ,သာသနာအတွက် သိုမှီးထားခဲ့လေ၏။

ကျွန်ုပ်၏သားသမီး၊ မြေး၊ မြစ် စသော အနွယ်တော်ဟူသမျှသည် ကမ္ဘပထတရားနှင့်အညီ နေထိုင်ရမည်။

ဤရတနာများဖြင့် တိုင်းပြည်အတွက် သာသနာရောင်ထွန်းလင်းရေးအတွက် လျော်ကပ်သောအမှုကို ပြုစေရမည်။

ကျွန်ုပ်၏အမွေများထဲမှ ဆယ်ဖို့တစ်ဖို့ကို ကျွန်ုပ်၏အနွယ်တော် သို့တည်းမဟုတ် ကျွန်ုပ်၏အနွယ်တော်က သုံးစေခွင့်ရှိသည်ဟု သတ်မှတ်ခြင်းခံရသူ မည်သူမဆို သုံးစွဲနိုင်ခွင့်ရှိသည်။ ကျန်ကိုးဖို့ကို နိုင်ငံအတွက်၊ သာသနာတော်အတွက် အသုံးစီရင်စေသတည်း။

(ဗိုလ်တောက်ထိန်၊ မရဏတောင်စခန်း၊ မြောက်ဦးမြို့)

မိန်းမပျိုလေးနှစ်ဦးသည် ပေ... ...ုပ်ကို စိတ်ဝင်တစား ဖတ်ရှုပြီးနောက် ရင်မောစွာဖြင့် သက်ပြင်းချလိုက်မိကြ၏။ မလှမ်းမကမ်းကွင်ရှိနေသော မုဆိုးကြီးဦးဒေဝမှာ တစ်ခွန်းတစ်လေမျှ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ရေနွေးကြမ်းနှင့် ပဲခြမ်းသုတ်ကိုမြည်းကာ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေလေ၏။

ထိုပေစာနှင့်အင... တစ်သီးတသန့်တွေ့ရသည့် ပေရွက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ရွက်မှာ ငှင်းဗိုလ်တောက်ထိန်ဆိုသူ မြုပ်နှံထားသည့် ရတနာပစ္စည်းများရှိရာ မြေပုံဖြစ်၏။ နှစ်ကာလများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ညွှန်းပြထားသည့် မြေပုံကလည်း ငှင်းနားလည်သလို ရေးဆွဲထားခြင်းဖြစ်ရာ သွားရောက်တူးဖော်မည်ဆိုပါက အခက်အခဲများစွာ ကြုံတွေ့ကောင်း ကြုံတွေ့နိုင်၏။

တောတောင်သဘာဝဝန်းကျင်ဆိုသည်ကလည်း နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ပုံသဏ္ဍာန်အသွင်အပြင် ပြောင်းလဲတတ်စမြဲဖြစ်ရာ ထိုအချက်ကိုလည်း မေ့လျော့ထား၍ မရပေ။

ထို့အပြင် ငှင်းပေရွက်မြေပုံအညွှန်းအရဆိုလျှင် သွားရောက်ရမည့်ခရီးမှာ ခန့်မှန်းခြေ ငါးလခြောက်လခန့် ကြာမြင့်မည်ဖြစ်၏။

"ဖေကြီးတို့ စိတ်အားထက်သန်လို့ အဲဒီပစ္စည်းတွေကို တူးဖော်ယူမယ်ဆိုရင် တကယ်လို့ ရရှိလာတဲ့အခါ မသေခင်အချိန်လေးမှာ အဲဒီအစ်မမှာကြားခဲ့တဲ့အတိုင်း၊ ပြီးတော့ ဒီပေစာကိုရေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးမှာကြားတဲ့အတိုင်း ဆယ်ဖို့တစ်ဖို့ကိုပဲ ကိုယ်ကျိုးအတွက် သုံးစွဲစေချင်တယ်၊ ဒီပစ္စည်းတွေဟာ တစ်နည်းဆိုရရင် ကျိန်စာသင့်တဲ့ ပစ္စည်းတွေဖြစ်လို့ အလွန်သတိထားရလိမ့်မယ်"

ဖခင်ကြီး ရွှေမောင်စိန်သည် ကျေနပ်အားရသည့် မျက်ဝန်းဖြင့် သူ့သမီးကြိုးကြာကို ပြုံးလျက်ကြည့်လိုက်လေ၏။

"တော်လိုက်တာ သမီးရာ၊ သမီးအယူအဆတွေဟာ ဖေကြီးနဲ့ တစ်ထပ်တည်းပဲ၊ ဖေကြီးလည်း ကိုဒေဝနဲ့ တိုင်ပင်ပြီး အဲဒီလိုပဲ ဆုံးဖြတ်ထားတယ်"

ထိုနေ့တွင် မုဆိုးကြီးနှစ်ဦးသည် ညဉ့်နက်သည့်တိုင်အောင် ငှင်းပေစာထုပ်နှင့်ပတ်သက်ပြီး ဆုံးခန်းတိုင်သည်အထိ ဆောင်ရွက်ရန် တိုင်ပင်ဆွေးနွေးကြလေ၏။ ဦးဒေဝမှာ ဦးရွှေမောင်စိန်ထက်





ပို၍ပင် စိတ်အားထက်သန် ဆန္ဒပြင်းပြလျက် ပုရပိုက်ကြီးကို တယုတယကိုင်တွယ်ရင်း မျက်လုံးများက အရောင်တလက်လက် တောက်ပနေလေ၏။

သူတို့နှစ်ဦးသည် ရက်သတ္တပတ်ပြည့်မြောက်သည့် နေ့မှာပဲ ငှင်းရွာကလေးမှ တိတ်တဆိတ် ထွက်ခွာသွားတော့၏။

နောက်နှစ်ပတ်ခန့် ကြာမြင့်သည့်နေ့တစ်နေ့တွင် ကြိုးကြာတို့၏ ခြံဝင်းတံခါးဝသို့ သနပ်ခါးရေကျဲလေးလိမ်းလျက် စိုးရိမ်တကြီးအမူအရာဖြင့် ရောက်ရှိလာသူမှာ ဒါလှဖြူဖြစ်၏။ သူမသည် ညီမငယ်လို ချစ်ခင်ရသည့် ကြိုးကြာရောက်မလာသည်မှာ သုံးရက်ရှိသွားပြီဖြစ်၍ စိုးရိမ်တကြီး ရောက်လာခြင်းဖြစ်သည်။

ခြံဝတွင်ရပ်ပြီး ခြံဝင်းထဲက ပြောင်းလဲသွားသည့် အနေအထားအချို့ကို သတိပြုမိလိုက်၍ အနည်းငယ် အံ့ဩသွား၏။ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ သီးပင်စားပင်များမှာ အရင်လို ပြန့်ကျဲရှုပ်ပွမနေဘဲ သေသေသပ်သပ် လုပ်ကိုင်ထားသည်ကို တွေ့လိုက်ရ၏။ ထိုကိစ္စများမှာ ကြိုးကြာလို ငယ်ရွယ်သူမိန်းကလေးတစ်ယောက်အနေဖြင့် ဘယ်လိုမှ တတ်နိုင်သည့် အလုပ်မျိုးမဟုတ်သောကြောင့် သူမလည်း ရုတ်တရက် စဉ်းစားမရနိုင်အောင် ဖြစ်သွားရ၏။

"ကြိုးကြာရေ . . . မိကြိုးကြာ . . ."

သူမသည် ခေါ်နေကျအတိုင်း နှစ်ကြိမ်သုံးကြိမ်ခန့် ခေါ်လိုက်ရာ ပြန်လည်တုန့်ပြန်သံ မကြားရသဖြင့် ခြံဝင်းတံခါးကိုလှပ်၍ ခပ်ဖြည်းဖြည်း လျှောက်လှမ်းသွားလိုက်၏။ သူမအသံကို သတိပြုမိလိုက်သူမှာ ခြံ၏ထောင့်တစ်နေရာတွင် ပေါက်တူးတစ်လက်ဖြင့် ဟင်းခင်းများကို မြေဆွ၊ ပေါင်းသင်နေသည့် လူငယ်လေးတစ်ဦး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါလှဖြူသည် ထိုလူငယ်ကို သတိမပြုမိဘဲ အိမ်၏တံစက်မြိတ်အစပ်တွင်ရပ်ကာ အိမ်ထဲသို့ အကဲခတ်ကြည့်နေ၏။ ထိုအခိုက်မှာပဲ လူငယ်သည် သူမနောက်ကျောဖက်တွင် ရောက်ရှိနေပြီဖြစ်၏။ သူမက အိမ်အတွင်း ခေါ်င်းငုံ့ပြီး . . .

"ကြိုးကြာရေ . . ." ဟုခေါ်လိုက်ပြန်ရာ ထိုအခါမှာတော့ လူငယ်လည်း မနေသာတော့ဘဲ ချောင်းတစ်ချက်ဟန့်လိုက်၏။ ထိုအသံကြောင့် ဒါလှဖြူ၏ခန္ဓာကိုယ်လေးက ဆတ်ခနဲ တုန်သွားပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ပေါက်တူးတစ်လက်ကိုင်ပြီး ရပ်နေသော လူငယ်ကို တွေ့လိုက်ရသဖြင့် မျက်ဝန်းလေးများ ပြူးကျယ်ဝိုင်းစက်သွား၏။

လူငယ်သည် အသံနှင့်ရုပ်ရည်က လွန်စွာလိုက်ဖက်သလို ကိုယ့်အိမ်ကိုယ့်ယာကဲ့သို့ ခြံဝိုင်းအတွင်း ရဲရဲတင်းတင်း ဝင်ရောက်လာသော မိန်းမချောလေးကိုကြည့်ရင်း ပြုံးလိုက်လေ၏။ မိန်းကလေး၏အသက်က ရှိလှမှ ဆယ့်ရှစ်၊ နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိပေမည်။

ဖြူစင်ဝင်းညက်သော အသားနှင့် မို့နေသော ပါးကလေးနှစ်ဖက်က ပန်းနုရောင်သွေးပြေးနေလေ၏။ လူငယ်၏အကြည့်စူးစူးက မိန်းကလေးထံမှ ရုတ်တရက် ခွာမရအောင် ဖြစ်နေလေရာ မိန်းကလေးမှာ ထိုအကြည့်ကို ရင်မဆိုင်ရဲစွာ မျက်လွှာချလိုက်ပြီး ဆွံ့ဆွံ့အအလေသံဖြင့် . . .

"ဟို . . . မိ . . . မိကြိုးကြာ . . ." ဟူသော အသံလေးထွက်သွား၏။

"ညီမလေးရှိပါတယ်၊ အနောက်ဖက်မှာ ခရမ်းချဉ်သီးသွားဆွတ်နေတယ်၊ ခုပဲ ပြန်လာတော့မှာပါ၊ ခဏစောင့်လိုက်ပါလား"

မိန်းကလေးမှာ ထိုင်ရမလို ထရမလိုနှင့် ယောင်တီးယောင်





ဖြစ်နေရာ လူငယ်က အလိုက်တသိပင် . . .

"ထိုင်ပါဦး၊ မိကြိုးကြာကို ကျွန်တော်သွားခေါ်လိုက်ပါ့မယ်" ဟုပြောပြီး အိမ်အနောက်ဖက် ခရမ်းချဉ်ခင်းရှိရာသို့ ထွက်လာခဲ့၏။

ထိုစဉ်မှာပဲ ခရမ်းချဉ်သီးဆွတ်ပြီး ပြန်လာသော ကြိုးကြာနှင့် လမ်းတွင် ဆုံလေ၏။

"မိကြိုးကြာ . . . နင့်ဆီ ကောင်မလေးတစ်ယောက်ရောက်လာတယ်၊ ဒါကြောင့် ငါ နင့်ကိုလာခေါ်တာ"

"ဟုတ်လား . . . မမဒါလှဖြူထင်ပါရဲ့"

"ဒါလှဖြူ . . . ဟုတ်လား"

မေးမည့်သာ မေးလိုက်သော်လည်း ထိုအမည်လေးက လူငယ်၏ရင်ထဲမှာ ပွဲတင်ရိုက်ခတ်သွားသလို ခံစားလိုက်ရ၏။ အစ်ကိုဖြစ်သူ၏ စိတ်လှုပ်ရှားမှုကို လွန်စွာအကင်းပါးသော ကြိုးကြာက ရိပ်မိလိုက်သဖြင့် ကျိတ်ပြုံးလိုက်ပြီး . . .

"ဟုတ်တယ် . . . ကိုကြီးရဲ့၊ မမဒါလှဖြူက မြို့ကျောင်းသူလေ၊ မိဘလက်ငုတ်လက်ရင်းဖြစ်တဲ့ ရက်ကန်းလုပ်ငန်းကို ဦးစီးလုပ်ကိုင်ဖို့ ရွာကိုရောက်လာတာ မကြာသေးဘူး၊ ညီမလေးအတွက် အစ်မလို၊ သူငယ်ချင်းလို ချစ်ခင်ရသူပေါ့"

ထိုသို့ပြောလိုက်ပြီး လူငယ်ကို ပြုံးစေ့စေ့ကြည့်ကာ . . .

"ဘယ်လိုလဲ ကိုကြီး . . . မမဒါလှဖြူက အရမ်းလှတာပဲနော်" ဟု အကဲစမ်းသလို မေးလိုက်လေ၏။ မိုးဇွေလည်း အင်း . . . ဟုသတိလက်လွတ်ပြောလိုက်ပြီးမှ ရှိုးတိုးရှန်းတန်းဖြစ်သွားပြီး . . .

"ဟား . . . ငါက သေချာကြည့်တာမှ မဟုတ်တော့ ဘယ်သိပ့်မလဲ" ဟုပြောပြီး ရှေ့မှဦးဆောင်ထွက်သွားတော့၏။ ကြိုးကြာက တခစ်ခစ်ရယ်မောလျက် နောက်မှအပြေးလိုက်ကာ အစ်ကို၏



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို ဆုပ်ကိုင်မှီခိုရင်း နောက်ပြောင်ကျီစယ်နေပြန်၏။

ထိုလူငယ်မှာ အခြားသူမဟုတ်ဘဲ ကျွန်ုပ်၏ဇာတ်ကောင် မိုးစွေဖြစ်ကြောင်း အထူးရှင်းပြရန် လိုမည်မထင်တော့ပေ။ မိုးစွေသည် ရန်ကုန်ထောင်မှ လွတ်ခဲ့ပြီးနောက် အဘမိုးမှောင်၏တိုက်တွန်းချက်ကြောင့် မိမိမွေးရပ်ဇာတိသို့ ခေတ္တရောက်ရှိလာခြင်း ဖြစ်သည်။ သူသည် လွန်ခဲ့သော တစ်ပတ်ခန့်က ရောက်ရှိလာခြင်းဖြစ်သည်။

နေသည့်အခိုက်အတန့်ကာလအတွင်း၌ သူသည် ဖခင်ကြီးနှင့် ညီမလေးတို့နှင့်အတူ မခံစားခဲ့ရသည်မှာ ကြာပြီဖြစ်သော မိသားစုရင်းနှီးချစ်ခင်မှုမျိုးဖြင့် နေထိုင်မည်ဟု ရည်ရွယ်စိတ်ကူးခဲ့၏။ သို့သော်လည်း မိမိရောက်ရှိခဲ့သည့်နေ့မှာ ဖခင်ကြီးခရီးထွက်သည့်နေ့နှင့် တစ်ပတ်ခန့်နောက်ကျသွားသဖြင့် ညီမငယ်နှင့်သာ ဆုံတွေ့ရ၏။

မိုးစွေဆုံးဖြတ်ထားသည်က ရွာတွင် မိသားစုနှင့်တစ်လအလွန်ဆုံးနှစ်လခန့်သာ နေထိုင်မည် ဟူ၍ဖြစ်၏။ ထိုသို့ ဆုံးဖြတ်ထားသော်လည်း မိုးစွေသည် ရွာ၌ သုံးလခန့်နေထိုင်ဖြစ်ခဲ့၏။

"ကိုကြီး . . . ကိုကြီးမိုးစွေ . . . အို . . . ဘယ်လိုဖြစ်နေတာလဲ၊ ကြက်ကြီးလည်လိမ်ထားသလို ဘာဖြစ်နေတာလဲ၊ ဒီမှာ မမဒါလှဖြူကို နှုတ်ဆက်ဦးလေ"

မိုးစွေသည် ကိုယ့်အတွေးဖြင့်ကိုယ် နစ်မွန်းသွားသဖြင့် ရုတ်တရက် ဘာမှမသိဖြစ်သွားပြီး ညီမငယ်ကို အူကြောင်ကြောင် ကြည့်လိုက်မိ၏။ ညီမငယ်က သူ၏လက်မောင်းကို တွန်းထိုးလိုက်ပြီး . . .

"မမဒါလှဖြူနဲ့ မိတ်ဆက်ပေးတာ ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ မိန်းကလေးကတောင် ပြုံးပြီးနှုတ်ဆက်နေတာ စကားလေးဘာလေး ပြန်ပြောမှပေါ့"

"ဩော် . . . အင်း . . . ဟုတ် . . . ဟုတ်ကဲ့၊ တွေ့ရတာ





ဝမ်းသာပါတယ်၊ ကျွန်တော် ရုတ်တရက် အတွေးလွန်သွားလို့ပါ"

"မမဒါလှဖြူက ညီမလေးကို ယက္ကန်းခတ်ကျွမ်းကျင်အောင် သင်ပေးတယ်လေ၊ ကိုကြီးရောက်နေတဲ့အခိုက် ညဘက်တွေမှာ ညီမလေး မမဒါလှဖြူနဲ့ သွားအိပ်မယ်နော်"

"အင်း . . . အင်း . . ."

ထိုသို့ပြောပြီးသည်နှင့် မိုးစွေလည်း အိမ်ဝိုင်းနောက်ဖက်သို့ ထွက်ခဲ့လေ၏။ မိုးစွေသည် မန်ကျည်းပင်ကြီးအောက်တွင် ရိုက်ထားသော ကွပ်ပျစ်လေးပေါ်တွင် လဲလျောင်းရင်း ရောက်တတ်ရာရာတွေးနေလေရာ အခြားသော အကြောင်းအရာများဆီ အတွေးမရောက်နိုင်ဘဲ တဒင်္ဂဆုံတွေ့လိုက်ရသည့် ဒါလှဖြူဟူသော မိန်းမလှလေးသာလျှင် သူ့အတွေးအာရုံကို လွှမ်းမိုးထားလေ၏။

"ဘယ်များရောက်နေသလဲလို့၊ ဘာလဲ . . . ကိုကြီးနှလုံးလေဟပ်သွားလို့ ဒီမှာလာအိပ်နေတာလား . . . ခစ်ခစ်၊ ကဲပါ . . . အဲဒီရောဂါကိုကုဖို့ တစ်ခြားဆေးတိုးမှာ မဟုတ်ဘူး၊ ကိုကြီးကို ကုပေးမယ့်သူ ရှိပါတယ်၊ လာ . . . လာ . . . ထမင်းစားဖို့ အစ်ကိုကြီးကို လာခေါ်တာ"

ထမင်းဝိုင်းတွင် သုံးယောက်စာအတွက် ပြင်ဆင်ထားပြီး ဒါလှဖြူက ထမင်းဝိုင်းတွင် အသင့်စောင့်ဆိုင်းနေလေ၏။ မိုးစွေသည် ဒါလှဖြူနှင့်အတူ ထမင်းလက်ဆုံစားရတော့မှာပါလား ဟူသောအသိကြောင့် ရင်ထဲ၌ သိသာစွာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဟောဒီငရုတ်သီးထောင်းနဲ့ ခရမ်းချဉ်သီးသုပ်က မမဒါလှဖြူရဲ့လက်ရာလေ . . ."

ရေဇလုံတွင် လက်ဆေးပြီး ထမင်းစားပွဲဝိုင်းတွင် ထိုင်လိုက်သည်နှင့် ကြိုးကြာက ပန်းကန်ထဲသို့ ဟင်းထည့်ပေးရင်း ထိုသို့ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ မိုးဇွေလည်း ဒါလျှဖြူ၏မျက်နှာလေးကို လှမ်းကြည့်လိုက်မိ၏။ အကြည့်ချင်းဆုံမိကြပြန်၏။

ထိုအခါမှာလည်း ဦးစွာမျက်လွှာချသွားသူမှာ ဒါလျှဖြူပင်ဖြစ်၏။

"စားလို့ကောင်းပါတယ်၊ ငရုတ်သီးအစပ်က အနေတော်ပဲ" ဟု မိုးဇွေက ထမင်းကို အားပါးတရစားပြီး ဒါလျှဖြူကို မသိမသာကြည့်လိုက်ရာ ဒါလျှဖြူမှာ ခေါင်းလေးငုံ့လျက် ထမင်းစားနေသည်ကို တွေ့ရ၏။

ကြီးကြာကတော့ နာမည်နဲ့လိုက်အောင် တွတ်တီးတွတ်တာပြောလျက် နောက်ပြောင်နေသဖြင့် သူတို့ထမင်းဝိုင်းလေးမှာ ကြည်နူးဖွယ်ကောင်းနေတော့၏။ ထို့နောက်ပိုင်း နေ့ရက်များတွင်လည်း သူတို့သုံးယောက်သည် ၎င်းထမင်းဝိုင်းမျိုး စီစဉ်ပြီး မကြာခဏ လက်ဆုံစားသောက်ဖြစ်ကြ၏။

တွေ့ဆုံမှုများပြားလာသည်နှင့်အမျှ ရင်းနှီးကျွမ်းဝင်မှုရှိလာသလို ၎င်းကျွမ်းဝင်မှုနောက်တွင် သံယောဇဉ်အရိပ်အငွေ့များကလည်း ခိုတွယ်လိုက်ပါလာပြီး တဖြည်းဖြည်း ရစ်ပတ်နှောင်တည်လာလေရာ ရက်ကာလကြာမြင့်လာလေ ပို၍ခိုင်မာလာလေ ဆိုသလိုဖြစ်လာတော့၏။

အမှန်အတိုင်း ဝန်ခံရလျှင် မိုးဇွေသည် မိမိရပ်ရွာ၌ တစ်လ၊ နှစ်လခန့်သာ နေထိုင်မည်ဟု ဆုံးဖြတ်ထားသော်လည်း သုံးလခန့်ကြာမြင့်သွားရခြင်းမှာ ဒါလျှဖြူအပေါ် တွယ်တာနှောင်ဖွဲ့မိသည့် ချစ်ခြင်းသံယောဇဉ်ကြောင့် ဖြစ်၏။

သူတို့နှစ်ဦးအဖြစ်ကလည်း ချစ်ခြင်းအစ မျက်ဝန်းက ဆိုသလို တစ်ဦး၏ရင်ထဲကို တစ်ဦးက ထိုးဖောက်မြင်နိုင်စွမ်း၊ နားလည်





ခံစားနိုင်စွမ်း ရှိနေကြသည့် အခြေအနေမျိုး ရောက်ရှိနေကြပြီဟု ယူဆရမည်ဖြစ်၏။

မိုးဇွေသည် ဖခင်မုဆိုးကြီးနှင့်လည်း ရောက်ရှိသည့်အခိုက် တွေ့လိုက်ချင်သော်လည်း အခြေအနေအရ တွေ့ဆုံဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။ အကြောင်းကား မိမိရင်ထဲ၊ နှလုံးသားထဲ၌ အခိုင်အမာ သံမိဏ္ဍာန်ချထားပြီးဖြစ်သလို ဖခင်ကြီးကိုလည်း ကတိကဝတ်ပြုထားပြီးဖြစ်သည့် လုပ်ငန်းစဉ်များကို အဘမိုးမှောင်နှင့်အတူ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သောကြောင့် ဖြစ်သည်။

ညီမငယ်ပြောပြချက်အရ ဖခင်ပြန်လည်ရောက်ရှိလာဖို့ ငါးလ၊ ခြောက်လခန့် ကြာမြင့်မည်ဖြစ်ရာ ထိုအချိန်အထိ စောင့်ဆိုင်းနေလိုသော်လည်း အခြေအနေအရ ဘယ်လိုမှ မဖြစ်နိုင်တော့သဖြင့် သုံးလခန့်နေထိုင်ပြီးသည်နှင့် ထိုဒေသမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်တော့၏။

မိုးဇွေသည် အဘမိုးမှောင်နှင့် ရန်ကုန်မြို့အထိ လိုက်ပါလာရင်း မထင်မှတ်သည့် အကြောင်းကိစ္စဖြင့် ရန်ကုန်ထောင်၌ အကျဉ်းကျခံခဲ့ရ၏။ ထိုအဖြစ်ကို အဘမိုးမှောင်က နားလည်ခွင့်လွှတ်ခဲ့သလို အကျဉ်းထောင်မှ လွတ်သည်နှင့် မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကိုလည်း အသေးစိတ် မှာကြားခဲ့လေ၏။ သို့သော် လူကိုယ်တိုင်တွေ့ဆုံပြီး မှာကြားခြင်းမျိုးမဟုတ်ဘဲ မိမိတို့တည်းခိုခဲ့သည့် ကွမ်းလိုဟော်တယ်မှ လန်ဘားဟူသော တရုတ်ဝန်ထမ်းကို တိတ်တဆိတ်မှာကြားခဲ့ခြင်းဖြစ်သည်။

နေ့နှင့်ညဟူသော ကာလယန္တရားသည် သုံးလဟူသော ကာလတိုလေးကို ဖျတ်ကနဲ ကုန်လွန်သွားစေ၏။ မိုးဇွေသည် ညီမငယ်ကြီးကြာကို နားလည်သဘောပေါက်အောင် ရှင်းပြပြောဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မွေးရပ်မြေမှ ထွက်ခွာရန် ပြင်ဆင်ပြီးသည့်နေ့မှာတော့ သူ့ဘဝမှာ ဘယ်လိုမှ မေ့ပျောက်နိုင်တော့မည် မဟုတ်သည့် ပုံရိပ်လေးရှိရာသို့ လေးလံသည့် ခြေလှမ်းများဖြင့် ရောက်ရှိလာခဲ့၏။

လပြည့်ညဖြစ်၍ လမင်းက ထိန်ထိန်သာလျက်ရှိပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်လင်းစွာ မြင်တွေ့နေရ၏။ တဖြည်းဖြည်း လျှောက်လှမ်းလာသော ခြေလှမ်းတွေက ယက္ကန်းခတ်သံလေးများ ထွက်ပေါ်လျက်ရှိသည့် ခြံဝန်းကြီးရှေ့အရောက်တွင် တုန့်ကနဲ ရပ်တန့်သွား၏။ မိုးစွေသည် ခြံအတွင်းဝင်ရောက်ခြင်း မပြုသေးဘဲ ယက္ကန်းရုံလေးကို အကဲခတ်ကြည့်နေမိရာ ယက္ကန်းသံလေးနှင့်အတူ တိုးသဲ့သဲ့ထွက်ပေါ်လာသည့် တေးသံလေးကို သတိပြုမိလိုက်၏။

ထိုအသံလေးမှာ ယက္ကန်းရုံနှင့် အတန်ငယ်ကွာလှမ်းသော လက်ပံပင်ကြီးအောက်မှ ထွက်ပေါ်လာခြင်းဖြစ်ရာ မိုးစွေသည် လက်ယက်ချည်ငယ်လျက် တေးဆိုနေသည့် အသံရှင်ဆီသို့ တဖြည်းဖြည်း လျှောက်လှမ်းသွားလေ၏။

"ဒါဒါ . . ."

ကိုယ့်အာရုံနှင့်ကိုယ် နစ်မျောနေသည့် ဒါလှဖြူက ရုတ်တရက်ထွက်ပေါ်လာသည့် အသံကြောင့် တေးဆိုခြင်းကို ရပ်လိုက်ပြီး အံ့ဩသည့်မျက်ဝန်းဖြင့် မိုးစွေကို မော့ကြည့်လေ၏။ မိုးစွေသည် ဒါလှဖြူကို အများက ချစ်ခင်ရင်းနှီးစွာ ခေါ်ကြသည့်အတိုင်း ဒါဒါဟူ၍ ခေါ်လိုက်ခြင်းဖြစ်သည်။ ဒါလှဖြူသည် ရုတ်တရက် ရောက်ရှိလာသည့် မိုးစွေကိုကြည့်ရင်း မည်သို့စကားဆိုနေမှန်းမသိ ဖြစ်နေလေ၏။

"ကို . . . ကိုမိုးစွေ . . . ဘယ်အချိန်က ရောက်နေတာလဲဟင်၊ ခေါ်လိုက်တာ မဟုတ်ဘူး၊ ထိုင်ပါဦးလား၊ ဒါဒါ ရေနွေးကြမ်းနဲ့





ပဲခြမ်းသုတ်သွားယူလိုက်မယ်"

ဟုပြောပြီး ရုတ်ချည်းပင် ထဖို့ဟန်ပြင်လိုက်ရာ မိုးစွေက ကပျာကယာ ဟန့်တားလိုက်ပြီး . . .

"မ . . . မယူနဲ့တော့ ဒါဒါ၊ ကိုမိုးစွေ . . . ဒါဒါကို လာနှုတ်ဆက်တာပါ"

"ရှင် . . . လာနှုတ်ဆက်တာ"

"ဟုတ်ပါတယ် . . . ဒါဒါကို နှုတ်ဆက်ဖို့ လာခဲ့တာပါ၊ ပြီးတော့ . . ."

မိုးစွေသည် အသံကိုထိန်းလျက် ပြောလိုက်ပြီးနောက် ရှေ့ဆက်မပြောသေးဘဲ စကားကိုဖြတ်လျက် တစ်ခဏအတွင်း ယတိပြတ်ဆုံးဖြတ်လိုက်ပြီး . . .

"ဒါဒါမှာ ချစ်ရကြိုက်ရမယ့်သူများ ရှိနေပြီလား"

ရုတ်တရက် မေးလိုက်သည့် စကားကြောင့် ဒါလှဖြူ၏မျက်နှာလေးမှာ ရုတ်ချည်းပင် သွေးရောင်လွှမ်းသွားပြီး တအံ့တဩဖြစ်သွားသလို တစ်ကိုယ်လုံး တုန်ယင်သွားလေ၏။

"ရှင် . . ." ဟုတစ်ခွန်းသာ ပြောနိုင်ပြီးနောက် နှုတ်ဆွံ့အသလို ဖြစ်နေလေရာ မိုးစွေအဖို့ ပြောလက်စနှင့် မထူးတော့ပြီမို့ . .

"ဒါဒါ့ကို ကိုမိုးစွေမေတ္တာရှိနေပြီ၊ ဒါဒါ့မှာ ချစ်ရမယ့်သူ ရှိမနေသေးဘူးဆိုရင်တော့ ကိုမိုးစွေပြောတာကို လက်ခံစဉ်းစားစေချင်တယ်"

ကြိတ်မှိတ်မျိုသိပ်ထားရသမျှကို ဖွင့်ဟလိုက်ရ၍ မိုးစွေ၏ ရင်ထဲဝယ် ပေါ့ပါးသွားရသော်လည်း ဒါလှဖြူမှာတော့ ပထမဆုံး ချစ်စကားကြိုက်စကား ပြောဆိုခြင်းခံရသော အပျိုအရွယ်ကလေး ပီပီ ရှက်ခြင်းကြောက်ခြင်း အားကြီးနေသောကြောင့် စကားပြန်မပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ခေါင်းငုံ့မျက်လွှာချလျက် အသက်ရှူမှားရအောင် မနည်းကြိုးစားထိန်းနေရ၏။

နှလုံးခုန်သံကလည်း မိုးချိန်းသံပမာ ကျယ်လောင်မြည်ဟီးနေလေ၏။

"ကိုမိုးစွေပြောတာတွေကို ဒါဒါကြားပါတယ်နော်၊ ဒါဒါ့အနေနဲ့ အခုအဖြေပေးဖို့ မဖြစ်နိုင်သေးလဲ ကိုမိုးစွေသည်းခံစောင့်ဆိုင်းနိုင်ပါတယ်၊ မနှလေးက ကိုမိုးစွေပြန်လာတဲ့ အချိန်ကျရင်တော့ ဒါဒါ့ရဲ့သဘောထားကို ကြားသိပါရစေ"

ဒါလှဖြူကား ခေါင်းကိုသာ အတွင်ငုံ့ထားလျက် ရေငုံနှုတ်ပိတ်နေလေ၏။

မိုးစွေကမူ ပြောချင်သော စကားများကို အားပါးတရ ပြောဆိုပြီးဖြစ်၍ ဒါလှဖြူမျက်နှာလေးကို မမှိတ်မသုန် စူးစိုက်ကြည့်လျက် . . .

"ကိုမိုးစွေ သွားတော့မယ်နော်" ဟုပြောပြီး ကျောခိုင်းထွက်ခဲ့လေတော့၏။

သီချင်းသံတအေးအေး ယက္ကန်းခတ်သံ တညံညံရှိနေခဲ့သော ဒါလှဖြူ၏ အိမ်ဝိုင်းကလေးသည် သီချင်းသံလည်း ဆိတ်သုန်းကာ ယက္ကန်းသံလည်း တိတ်လျက် ဖြစ်သွားလေတော့၏။

* * * *



## အခန်း (၁၈)

"ကျုပ်တို့ မောင်မင်းတို့က ပျိုနုစဉ်အခါက မိမိတိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ကိုစတေးပြီး တိုက်ပွဲဝင်ခဲ့ကြတယ်၊ ဘဝအသိအတွေးအခေါ် အရာမှာ ရင့်ကျက်မှုမရှိတဲ့ အရွယ်တွေဆိုတော့ မခံချင်စိတ်တစ်ခုတည်းနဲ့ တော်လှန်ရေးလုပ်ခဲ့ကြတယ်၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ ကိုယ့်တိုင်းပြည် ပြန်လည်ရရှိစေရမယ်လို့ ကြွေးကြော်ခဲ့ကြတယ်၊ ဒါပေမယ့် အခြေခံလိုအပ်ချက် ဘာဆိုတာကို မစဉ်းစားနိုင်ခဲ့သလို စဉ်းစားနိုင်တဲ့ အသိဉာဏ်လည်း မရှိခဲ့ကြဘူး၊ တို့ရင်ထဲက သိတာဆိုလို့ မခံချင်စိတ်ကလွဲပြီး ဘာမှမသိခဲ့ဘူး၊ တကယ်တော့ မခံချင်စိတ်ဆိုတာ သူ့နေရာနဲ့သူ အသုံးချရမှာဖြစ်သလို အခြေအနေနဲ့ အချိန်အခါကိုလည်း ရွေးချယ်တတ်မှ ကိုယ့်ရည်ရွယ်ချက် အောင်မြင်နိုင်မယ် မဟုတ်လား . . .။

ဒါကြောင့်လည်း တို့တွေဟာ ကစဉ့်ကလျားနဲ့ အသက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါးသူ ဆုံးပါး၊ အသက်ရှင်လျက် ကျန်ရစ်ကြတဲ့ ကျုပ်တို့မောင်မင်း တို့လည်း ဆယ်စုနှစ်ပေါင်းများစွာအတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ ရတယ် မဟုတ်လား။

အခုဆိုရင် ကုလားဖြူအစိုးရဟာ ကျုပ်တို့မြန်မာနိုင်ငံရဲ့ ဆယ်စုနှစ်မျိုးဆက်များစွာကို အတွေးအခေါ် ဉာဏ်ပညာကအစ စနစ်တကျ အကွက်ချပြီး ဖျက်ဆီးလိုက်ကြပြီ၊ သူ့လက်တဲရောက်နေ တဲ့ ကျုပ်တို့မြန်မာနိုင်ငံကို လွယ်လွယ်နဲ့ ပြန်လက်လွှတ်ခံလိမ့်မယ် မထင်ဘူး၊ ကျုပ်တို့ မြန်မာပြည်ကြီး လွတ်လပ်ရေးအတွက် ကြိုးစား မယ်ဆိုရင် သူတို့ကို ထိပ်တိုက်ရင်ဆိုင်တာထက် အခြားနည်းလမ်း မျိုး ကြံဆစေချင်တယ်၊ အဓိက လိုအပ်ချက်ကတော့ ခနအင်အားပဲ။

အခု မောင်မင်းဆည်းပူးတတ်ကျွမ်းထားတဲ့ ပညာရပ်တွေ ကြောင့် ရရှိလာမယ့် ခနအင်အားကို လျှို့ဝှက်ကြံစည်ဖို့ ကျုပ်တိုက် တွန်းချင်တယ်၊ မောင်မင်းက မြန်မာနိုင်ငံအကျိုးအတွက် မင်းမျိုး မင်းနွယ်အဆက်အနွယ်တွေကို နေရာပေးတာကို ကျုပ်မဝေဖန်လို ပါဘူး၊ သို့ပေမယ့် တစ်ခုသတိထားအကြံပြုချင်တာက ကျုပ်တို့မြန်မာ နိုင်ငံကြီး သူ့ကျွန်ဘဝရောက်ခဲ့ရတာကလည်း အဲဒီမင်းမျိုးမင်းနွယ် တွေရဲ့ ညံ့ဖျင်းအသုံးမကျမှုကြောင့်ဘဲ၊ အာဏာရမွှက်လောင်မြိုက်ပြီး အချင်းချင်း စားခွက်လုနေကြလို့ တိုင်းပြည်အထိမနာသင့်ဘဲ နာခဲ့ရ တာ တွေးကြည့်ရင် အတော့်ကို ရင်နာမိတယ်၊ နောက်ပြီး ခေတ်၊ စနစ် အချိန်အခါတွေလည်း အရာရာပြောင်းလဲနေတဲ့ အခုလိုကာလ မျိုးမှာ သူတို့မျိုးနွယ်တွေလည်း ကျွန်စော်နံမနေဘူးလို့ မပြောနိုင်ဘူး ဒါကြောင့် အစစ၊ အရာရာ သတိထားပါလို့ ကျုပ်အကြံပြုလိုတယ်"

တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေနှင့် အထက်ပါစကားများ ကို ပြောဆိုဆုံးမလိုက်သည့် ပုဂ္ဂိုလ်ကြီးကား ရွှေတိုက်ဝန်ပေါက်မြိုင်





မြို့စားမင်းကြီး မင်းလှမဟာဇေယျနန္ဒသင်္ကြန်၏လက်အောက်တွင် အမှုထမ်းသော ဝန်ကလေးဦးအိုပင် ဖြစ်လေ၏။

တစ်ချိန်က ဦးမိုးမှောင်သည် ဝန်ကလေးဦးအို၏လက် အောက်တွင် သစ္စာရှိသော ရဲမက်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင် ခဲ့သူဖြစ်၏။ ဦးမိုးမှောင်သည် သူ၏ဆရာနေအိမ်မှအပြန်တွင် မှောင် ရိပ်သန်းနေပြီဖြစ်ရာ သွားရမည့်ခရီးမှာလည်း လွန်စွာကွာလှမ်းလှ သဖြင့် အသင့်တွေ့သော မြင်းရထားတစ်စီးကို ငှားရမ်းပြန်ခဲ့လေ၏။

မြင်းရထားစီးရင်း ဆရာသမား၏ ပြေဆိုဆုံးမလိုက်သော စကားများအပေါ်တွင် အပြန်ပြန်၊ အလှန်လှန် သုံးသပ်တွေးတောနေ လေ၏။ မျက်ပါးရပ်ကို လွန်လာသည်တွင် အိမ်ခြေကျဲပါးသလို လူ အသွားအလာ မရှိသလောက်ဖြစ်နေ၏။ ထိုအခိုက် အရှိန်မှန်မှန်ဖြင့် ဖုန်အလိမ်းလိမ်းထနေအောင် ပြေးနေသော မြင်းရထားမှာ ရုတ်တ ရက် တုန့်ခနဲ ရပ်သွားသဖြင့် စိတ်ထဲဝယ် တစ်စုံတစ်ခု ထူးခြားသည် ဟုတွေးမိပြီး မြင်းရထားအပြင်သို့ ခေါင်းငဲ့၍ ကြည့်လိုက်စဉ် . . .

မျက်နှာထားဆိုးဆိုး ဂင်တိုတိုတစ်ယောက်နှင့် ပိုးဟပ်ဖြူ မျက်နှာပမာရှိသည့် ပိန်ညှော်ညှော်လူတစ်ယောက် . . .။ ထိုလူနှစ် ယောက်သည် လက်နက်ကိုင်စီဖြင့် မြင်းရထားအနီး ပိတ်ရပ်နေသည် ကို တွေ့လိုက်ရ၏။

ဦးမိုးမှောင်သည် အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော် လည်း လွန်စွာအကင်းပါးသလို အသက်နှင့်မလိုက်အောင် လျင်မြန် ဖျတ်လတ်သူဖြစ်၏။ သူသည် မိတ်ဆွေသဘောမဆောင်ဘဲ ရန်လို သော အမူအရာရှိသည့် ထိုလူနှစ်ယောက် အနားသို့ရောက်မလာမီ ရထားပေါ်မှ ရုတ်တရက် ခုန်ဆင်းလိုက်ရာ ထိုလူနှစ်ယောက်မှာ ထင်မှတ်မထားသည့် မြင်ကွင်းကြောင့် ပါးစပ်ဟောင်းလောင်းဟ



www.burmeseclassic.com

www.burmeseclassic.com



လျက် မင်သက်အံ့သြသွားလေ၏။

"အဖိုးကြီးပေမယ့် အလာကြီးပါလားကွ . . . ဟား . . ဟား . . . ဟား"

မျက်နှာပေါက်ဆိုးဆိုး၊ ဂင်တိုတိုလူက သူ၏အဖော်ပိုးဟပ်ဖြူဖက် လှည့်ပြောလိုက်ပြီး ဟက်ခနဲ တစ်ချက်ရယ်မောလိုက်၏။

"တွေ့ကြသေးတာပေါ့ကွာ၊ ငါတို့ဘာကောင်တွေလဲဆိုတာ သိရအောင် နည်းနည်းတော့ ဆုံးမပေးရမယ်"

"ဘာလိုချင်သလဲ မောင်ရင် . . ."

ဦးမိုးမောင်သည် စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ထိုလူ၏မျက်လုံးအိမ်ကို စူးစိုက်ကြည့်လျက် လွန်စွာအေးဆေးတည်ငြိမ်သော လေသံဖြင့် မေးလိုက်ရာ စောစောပိုင်းက ခက်ထန်နေသော ထိုသူ၏နှုတ်ခမ်းသည် အာစေးထည့်ခံလိုက်ရသလို ဦးမိုးမောင်အား ပြူးတူးကြောင်တောင်ဖြင့် ငေးလျက်ကြည့်နေလေ၏။

ဘေးတွင်ရှိသည့် ၎င်း၏အဖော် ပိုးဟပ်ဖြူလည်း ထိုအဖြစ်ကိုကြည့်၍ တအံ့တသြ ဖြစ်သွား၏။ ထို့နောက် အံ့သြခြင်း ပြေပျောက်သွားပြီး အားမလို၊ အားမရဖြင့် သူ၏အဖော်နားသို့ တိုးကပ်သွားပြီး . . .

"ဟေ့ကောင် . . . ဘာကြောင်နေတာလဲကွ၊ လုပ်စရာရှိတာ အမြန်လုပ်လေ၊ အချိန်မရှိဘူး"

ဟုသတိပေးလိုက်မှ ထိုသူမှာ အိပ်ပျော်နေရာမှ ရုတ်တရက်နိုးလာသူကဲ့သို့ ဦးမိုးမောင်အား ကြောင်စီစီ ကြည့်လေ၏။

မြင်းရထားသမားသည် ထိုမြင်ကွင်းကိုကြည့်ရင်း လွန်စွာထိတ်လန့်တုန်လှုပ်သွားပုံရ၏။ ထို့ကြောင့် မြင်းကို ကဆုန်ချပြီး ထွက်ပြေးလေရာ ထိုနေရာတွင် သူတို့သာလျှင် ကျန်ရစ်ခဲ့တော့၏။





"အဖိုးကြီး . . . ရှေ့ကသွား . . ."

ဟု ဂင်တိုတိုနှင့် လူကအသံမာမာနှင့် ခြိမ်းခြောက်ပြောဆိုသော်လည်း ဦးမိုးမောင်ကား စောစောကကဲ့သို့ပင် သူတို့နှစ်ဦးကို ပြုံးလျက် မထီလေးစား ကြည့်မြဲကြည့်လျက်ရှိနေရာ စိတ်ဆတ်ဟန်တူသော ပိုးဟပ်ဖြူလိုပုဂ္ဂိုလ်က ရှေ့ကိုတိုးထွက်လာပြီး ဦးမိုးမောင်၏ ရင်ဝကို ဖမ်းဆွဲလိုက်၏။

လျှပ်ပြက်သလို မြန်ဆန်သည့် အဖြစ်အပျက်ကြောင့် ထိုသူသည် ယောင်ပြီး နောက်နှစ်လှမ်းမျှ ဆုတ်သွားလေ၏။

သို့သော်လည်း ထိုသူမှာ အခါနှောင်းသွားပြီ ဖြစ်၏။ ဦးမိုးမောင်က သူ၏လက်ကို ဖမ်းကိုင်ဆွဲယူလျက် ဒူးကွေးညှတ်ပြီး ကိုင်ပေါက်လိုက်ရာ ထိုသူမှာ မြေပေါ်သို့ ခွေးကျကျသလို ဒလိမ့်ကောက်ကွေး ဖြစ်သွားလေ၏။

သက်ကြီးရွယ်အိုတစ်ယောက်ဖြစ်၍ လွယ်လွယ်နှင့် အနိုင်ယူနိုင်မည်ဟူသော အတွေးမှာ ဆန့်ကျင်ဘက်ဖြစ်သွားပြီကို သဘောပေါက်သိရှိသွားပြီး ထိုသူသည် ထိုင်ရာမှထလျက် အိတ်ထဲမှ ခြောက်လုံးပြူးကိုထုတ်၍ ဦးမိုးမောင်အား ခြောက်လှန့်ပစ်ခတ်မည်ဟု ရွယ်လိုက်စဉ်မှာပဲ သူ၏လက်ကို ရုတ်တရက် ခြေဖျားနှင့်ခတ်ခြင်း ခံလိုက်ရပြီး လက်ထဲမှ သေနတ်လွတ်ကျသွားလေ၏။

"မောင်မိုးစွေ . . ."

မိုးစွေသည် ထိုအသံကြားလိုက်သည်နှင့် လွန်စွာဝမ်းမြောက်ပျော်ရွှင်သွား၏။ မထင်မှတ်ဘဲ သူ၏ဆရာနှင့် ဆုံတွေ့ရလေပြီ။ သေနတ်သမားကို လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်သူမှာ မိုးစွေဖြစ်နေ၍ ဦးမိုးမောင်လည်း လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

တစ်ဖက်ရန်သူနှစ်ဦးမှာ တစ်ယောက်တည်းပင်လျှင် နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်မတိုက်နိုင်ဘဲ ရှိနေသည့်ကြားက နောက်တစ်ယောက် ထပ်တိုးလာသဖြင့် အခြေအနေဆိုးဝါးဖို့သာ ရှိတော့မည်ကို သိသွားပြီး ကိုယ်လွတ်ရုန်း ပြေးထွက်သွားတော့၏။

ထိုနေ့ညတွင် သူတို့ဆရာတပည့်နှစ်ဦးသည် ညဉ့်နက်သည့်တိုင်အောင် စကားပြောမဆုံး ရှိနေတော့၏။ ဦးမိုးမောင်နှင့် တရင်းတနှီး စကားပြောရသည်မှာ မိုးစွေအဖို့ နှစ်ကာလများစွာ ဝေးကွာခဲ့ရပြီးမှ မိဘရင်ခွင်အတွင်း ပြန်လည်ရောက်ရှိလာသူနှင့်မခြား လှိုက်လှိုက်လှဲလှဲ ကြည်နူးနေမိ၏။

နောက်တစ်နေ့ညနေခင်းအချိန်တွင် မိုးစွေသည် သူ၏အဘမိုးမောင်က တာဝန်ပေးစေခိုင်းသည့်အတိုင်း မန္တလေးမြို့ စိတ္တရမဟီရပ်ရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးအနီးသို့ ရောက်ရှိလာလေ၏။ မိုးစွေသည် အိမ်ကြီးရှိရာ ခြံဝင်းအတွင်းဘက်သို့ မျှော်ကြည့်ပြီး အသံပြုရကောင်းနိုး၊ အသံမပြုဘဲ ဝင်သွားရကောင်းနိုးဖြင့် ဆုံးဖြတ်ရခက်နေတော့၏။

ခြံဝင်းတံခါးကြီးမှာ ကျွန်းသားတွင် သံမှုလီများ စုပ်ထားသည့် တံခါးကြီးဖြစ်၍ စစ်တွေထောင်နှင့် ရန်ကုန်ထောင်တံခါးမကြီးများကို အမှတ်ရမိသလိုဖြစ်သွား၍ ဘာရယ်မဟုတ် ပြုံးလိုက်မိ၏။ သူသည် တံခါးကြီးရှေ့တွင်ရပ်ပြီး ဟိုဟိုသည်သည်ကြည့်လိုက်ရာ လူတစ်ရပ်ကျော်ကျော်လောက်တွင် ကြိုးစတစ်စကို တွေ့လိုက်ရသည်နှင့် အချက်ပေးခေါင်းလောင်း ဖြစ်လိမ့်မည်ဟုတွေးမိပြီး နှစ်ချက်သုံးချက် ဆွဲကြည့်လိုက်၏။

သူထင်သည့်အတိုင်းပင် ဒေါင်ဒေါင်ဒင်ဒင် ထွက်ပေါ်လာသော အသံများကို ကြားလိုက်ရ၏။ ထိုခဏမှာပဲ တံခါးကြီး၏ချောင်းကြည့်ပေါက်လေး ပွင့်လာပြီး နှုတ်ခမ်းမွေးစစနှင့် ယောကျ်ားတစ်





ယောက်၏မျက်နှာတစ်ခု ထွက်ပေါ်လာ၏။ ထိုသူက . . .

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ . . ." ဟု လေသံအေးအေးဖြင့် မေးလေ၏။

"မမြသင်းကြူနဲ့ တွေ့ချင်လို့ပါ . . ."

"မမလေးက မှာထားလို့လား . . ."

"မိတ်ဆွေနာမည်က . . ."

"မိုးစွေ . . ."

မိုးစွေသည် ထိုနေရာတွင် မိနစ်အနည်းငယ်သာ စောင့်ဆိုင်းလိုက်ရ၏။ ထိုသူပြန်ရောက်လာပြီး လူတစ်ကိုယ်ဝင်သာသော တံခါးငယ်လေးကို ဖွင့်ပေးလေ၏။ မိုးစွေသည် ထိုသူ၏ခေါ်ဆောင်ရာနောက် လိုက်ပါသွားရာ တံခါးအနီးရှိ ခုံရှည်လေးတစ်ခုတွင် ခေတ္တထိုင်ခိုင်းထားပြီး ထိုလူကတော့ နှစ်ဆောင်ပြိုင်အိမ်ကြီးအတွင်းသို့ ခပ်သွက်သွက် ဝင်သွားလေ၏။

ဧည့်ခန်းကြီးထဲရောက်သောအခါ လွန်စွာရှေးကျသော ကုလားထိုင်ကြီးတွင် ထိုင်ရန်ပြောသဖြင့် မိုးစွေလည်း ဝင်ထိုင်လိုက်လေ၏။ ထို့နောက် ၎င်းပုဂ္ဂိုလ်သည် အိမ်ထဲမှ ထွက်ခွာသွားရာ မိုးစွေလည်း ဧည့်ခန်းပတ်ဝန်းကျင်ကို မျက်စေ့ကစားလိုက်၏။

မိုးစွေသည် ပန်းချီကားများကို ငေးမောလိုက်၊ စာအုပ်စင်ကြီးများကို ကြည့်လိုက်နှင့် ရှိလေရာ အပေါ်ထပ်လှေကားမှ ငြင်သာစွာ ဆင်းလာသည့် မိန်းမပျိုတစ်ယောက်ကို သတိမပြုမိပေ။ လှေကားကြီးအဆုံးရောက်လုနီးမှ ထိုမိန်းမပျိုကို မိုးစွေသတိပြုမိလိုက်၏။

ထိုအခါ မိုးစွေက ၎င်းမိန်းမပျိုလေးကို သိမ်မွေ့စွာ ပြုံးပြလိုက်ပြီး . . .

"အဘာမိုးမောင်က လွှတ်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . စောစောက ဦးဝေလပြောပြလို့ ကျွန်မသိပြီးပါပြီ၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

မိုးဆွေသည် တွေဝေတုန့်ဆိုင်းမနေတော့ဘဲ ထိုမိန်းမပျိုလေးမိမိနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ပြီးသည်နှင့် လိုရင်းကိစ္စကို ဖွဲ့ဒိုးမေးလိုက်၏။

"ကျွန်တော် ဒီမှာဘယ်လောက်ကြာကြာနေရမှာလဲ"

ထိုမေးခွန်းကြောင့် မြသင်းကြူဟူသော မိန်းမပျိုလေးမှာ ပြုံးလိုက်လေ၏။ မရယ်မပြုံးဘဲ တည်ငြိမ်စွာ နေသောအခါပင်လျှင် လှပသော မြသင်းကြူသည် ကြည်လင်စွာ ပြုံးလိုက်သောအခါ တစ်မျိုးပို၍လှပါပေ၏။

"အလွန်ဆုံး သီတင်းတစ်ပတ်လောက်ပေါ့၊ သုံးလေးရက်အတွင်း အစ်ကိုတော် ပြန်ရောက်လာမယ်ထင်တယ်၊ အစ်ကိုတော်ပြန်လာတဲ့နေ့မှာ ဒီက ကိုမိုးဆွေလည်း ဘဘကြီးဆီ ပြန်နိုင်ပါပြီ၊ အခုအတောအတွင်း နေထိုင်စားသောက်မှုတွေအတွက် အဆင်ပြေချောမွေ့အောင် ကျွန်မစီစဉ်ပေးပါ့မယ်၊ တစ်အိမ်လုံး လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်"

"ဟုတ်ကဲ့ . . . အခုလို အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဘမိုးမှောင်ကလည်း ကျွန်တော့်တာဝန် ဘာဆိုတာကို အသေအချာမှာထားပြီးသားပါ၊ ကျွန်တော့်အတွက်နဲ့ မမြသင်းကြူတစ်စုံတစ်ရာ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး"

ထိုသို့ဖြင့် မိုးဆွေသည် မြသင်းကြူ၏အိမ်တွင် နေထိုင်ခဲ့ရာသုံးရက်တိုင်ခဲ့ပြီဖြစ်၏။ နေ့ခင်းဘက်တွင် အလျဉ်းသင့်ရာစာအုပ်ကိုယူဖတ်လိုက်၊ လဲလျောင်းလိုက်၊ လမ်းလျှောက်လိုက်နှင့် ငြိမ်းငွေ့ဖွယ်ကောင်းသော အချိန်များကို ဖြုန်းနေရ၏။





မြသင်းကြူနှင့် မျက်နှာချင်းဆိုင်ရသည့် အချိန်ဟို၍ ထမင်းစားချိန်နှစ်ကြိမ်၊ လက်ဖက်ရည်သောက်ချိန် တစ်ချိန်သာလျှင် ရှိ၏။

နွေကာလဖြစ်သောကြောင့် ညနေစောင်းသည့်တိုင် နေမဝင်သေးဘဲရှိရာ ဗေလုဝအမည်ပေးထားသည့် ဂရိတ်ဒိန်းခွေးကြီးကို ကြိုးချည်ထားဆဲပင် ဖြစ်၏။ မိုးဆွေသည် ခြံတံခါးဝတွင်ရှိသော ကိုဝေလထံသို့ လျှောက်သွားပြီး အနားသို့ရောက်လျှင် ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်လိုက်၏။

"စားပြီးပြီလား . . . ကိုဝေလ . . . "

"ဟုတ်ကဲ့ ပြီးပါပြီ၊ ကိုမိုးဆွေလည်း စားလိုက်အိပ်လိုက်နဲ့ဆိုတော့ တော်တော်ပျင်းနေပုံရတယ်"

"သိပ်တော့လည်း ပျင်းတယ်မဟုတ်ရပါဘူးဗျာ၊ နေတတ်သလို ကြည့်နေရတာပေါ့"

သူတို့နှစ်ဦးသည် ထွေရာလေးပါး စကားပြောနေစဉ်မှာပဲ ခြံတံခါးရှေ့၌ ကားတစ်စီးရပ်သံ ထွက်ပေါ်လာပြီး တစ်ဆက်တည်းဆိုသလို ကြိုးဆွဲခေါင်းလောင်းသံ မြည်လာ၏။ ကိုဝေလက ထိုင်ရာမှထ၍ ချောင်းကြည့်ပေါက်ကလေးကို ဖွင့်ကြည့်ပြီး ချက်ချင်းပင် တံခါးမကြီးကို ဆွဲဖွင့်လိုက်ရာ အော်စတင်ကားနက်လေးတစ်စီးက ခြံဝင်းအတွင်း မောင်းဝင်လာ၏။

ကားနက်ကလေး၏ရှေ့တွင် ကားမောင်းသူတစ်ယောက်သာရှိပြီး နောက်ခန်းတွင်မူ မိုးဆွေနှင့် အသက်အရွယ်တူခန့်ရှိမည့်အသားဖြူဖြူ ကိုယ်ကာယထွားကျိုင်းဟန်ရှိသော လူရွယ်တစ်ယောက်သည် အနောက်တိုင်းဝတ်စုံကို အကျအနဝတ်လျက် လိုက်ပါလာ၏။

ထိုသူသည် မိုးဆွေကိုမြင်သွားပြီး စိမ်းစိမ်းကြီး စိုက်ကြည့်သွား၏။ ကားကလေးကျော်လွန်သွားသည်နှင့် တံခါးမကြီးကို ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားသော ကိုဝေလက မိုးစွေအနားရောက်လာပြီး . . .

"အဲဒါ မမလေးရဲ့အစ်ကိုတော် မောင်မောင်မြင့်လေ" ဟု ပြောလိုက်သဖြင့် မိုးစွေလည်း လွန်စွာပျော်ရွှင်သွားလေ၏။ အကြောင်းမှာ ထိုသူသည် မြသင်းကြူပြောခဲ့သည့် သူမ၏အစ်ကိုဖြစ်ရာ မနက်ဖြန်နံနက် မိုးသောက်သည်နှင့် အဘမိုးမှော်ရှိရာ တောင်မြို့သို့ ပြန်ရောက်တော့မည်ဟူ၍ တွေးမိသောကြောင့် ဖြစ်သည်။

သိပ်မကြာခင်မှာပဲ မြသင်းကြူသည် မိုးစွေတို့ရှိရာ တံခါးမကြီးအနား လျှောက်လာပြီး . . .

"ကိုမိုးစွေကို လာခေါ်တာပါ။ အစ်ကိုတော်နဲ့ မိတ်ဆက်ပေးမလို့" ဟုပြောရာ မိုးစွေလည်း ထိုင်ရာကထပြီး သူမနှင့်အတူ လိုက်ပါခဲ့၏။

ဧည့်ခန်းထဲရောက်သောအခါ အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်က မိုးစွေကို စူးစိုက်အကဲခတ်ကြည့်နေလေ၏။

"အစ်ကိုတော် . . . နှမတော်ပြောတဲ့ ကိုမိုးစွေဆိုတာပေါ့" ဟု မြသင်းကြူက ရောက်မဆိုက် မိတ်ဆက်ပေးလေ၏။ မောင်မောင်မြင့်ဟူသော မြသင်းကြူ၏အစ်ကိုတော် မောင်မောင်မြင့်က ထိုင်ရာမထ အမူအရာဖြင့် မပွင့်တပွင့် ပြုံးလေ၏။

"ကိုမိုးစွေ . . . ကျွန်မပြောတဲ့ ကျွန်မရဲ့အစ်ကိုတော် မောင်မောင်မြင့်ဆိုတာလေ . . ."

"ဝမ်းသာပါတယ် ကိုမောင်မောင်မြင့်၊ ကျွန်တော်ကလည်း ခင်ဗျားအလာကို စောင့်နေတာပါ၊ ခင်ဗျားရောက်လာပြီဆိုတော့ ကျွန်တော် အဘမိုးမှော်ဆီကို မနက်ဖြန်မနက်ပဲ ပြန်ဖို့စိတ်ကူးမိတယ်"





မိုးစွေက ဖော်ရွေစွာ ပြောလိုက်သော်လည်း မောင်မောင်မြင့်က ဝတ်ကျေတန်းကျေ အမူအရာဖြင့် . . .

"ကျွန်တော်မရှိတဲ့အခိုက် ညီမလေးကို အခုလို လာရောက်စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်၊ မနက်ကျရင် ကိုမိုးစွေပြန်မယ်ဆိုတော့ ဂျစ်ပဆီမိုးမှော်ဆိုတဲ့ ခင်ဗျားဆရာဆီကို ကျုပ်လည်း တစ်ပါတည်းလိုက်ခဲ့ရင်း ကောင်းမယ်ထင်တယ်"

"ကောင်းတာပေါ့ဗျာ၊ ကျုပ်လည်း အပြန်ခရီးမှာ အဖော်ရတာပေါ့"

မိုးစွေက သဘောရိုးဖြင့် ပြောလိုက်သော်လည်း မောင်မောင်မြင့်က မိုးစွေကိုကြည့်ရင်း တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် . . .

"ဒါနဲ့ ခင်ဗျားရဲ့အဘက ခင်ဗျားကို ကျုပ်နှမမြသင်းကြူဆီ သွားနေရမယ်ဆိုတာပဲ ပြောလိုက်ပြီးတော့ ဘာကိစ္စကြောင့် သွားရမယ်ဆိုတာရော ပြောလိုက်သေးလား"

"မြသင်းကြူကို စောင့်ရှောက်ဖို့ကလွဲပြီး ဘာမှမမှာလိုက်ပါဘူး"

မောင်မောင်မြင့်သည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့သော်လည်း မိမိအပေါ် မယုံသင်္ကာမျက်ဝန်းဖြင့် ကြည့်နေသဖြင့် မိုးစွေအဖို့ ဘဝင်မကျသလို ခံစားလိုက်ရ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

တောင်သမန်ရွာအနီး အဘမိုးမှောင်တည်းခိုရာ ဘုန်းကြီးကျောင်းသို့ရောက်တော့မှ မိုးစွေသည် မောင်မောင်မြင့်နှင့် အတူတကွ ခရီးသွားရသည့် ဆင်းရဲခြင်းမှ လွတ်မြောက်ပြီဟု ခံစားမိလေ၏။

မောင်မောင်မြင့်သည် မင်းမျိုးမင်းနွယ်ဟူသော မာန်မာနဖြင့် ဘဝင်လေဟပ်နေသူဖြစ်သည်။ အရာရာတွင် အထက်စီးလေသံဖြင့် ပြောဆိုဆက်ဆံ၏။ မိမိလောက် အဆင့်အတန်းမရှိသူဟူ၍ တစ်ပါးသူကို နှိမ့်ချဆက်ဆံစမြဲ ဖြစ်သည်။

အဘမိုးမှောင်က မိမိနှင့်အတူပါလာသော မောင်မောင်မြင့်ကိုကြည့်၍ မောင်မောင်မြင့်အား တဒင်္ဂမျှ ခြုံငုံအကဲခတ်ကြည့်ရှုပြီး-

"မြသင်းကြူရဲ့အစ်ကို မောင်မောင်မြင့်မှတ်တယ်၊ ဟုတ်စ" ဟုမေးလိုက်လေ၏။





"မှန်ပါတယ် ခင်ဗျာ၊ ဦးကြီးကလည်း ဂျစ်ပဆီမိုးမှောင်ဆိုတာပါလား"

"ဟုတ်ပါတယ်၊ မောင်မောင်မြင့်ကို မမြင်မတွေ့ခဲ့ဘူးပေမယ့် မြသင်းကြူလေး ပြောထားနှင့်လို့ မောင့်ရဲ့အမည်ကိုတော့ ကြားသိခဲ့ပါပြီ"

"ဟုတ်ပါပြီ၊ ကျွန်တော့်နှမလေးကလည်း ဦးကြီးရဲ့ပညာကို ယုံကြည်ကိုးစားနေတဲ့ မိန်းကလေးပါပဲ"

"အင်း . . . မောင်ရဲ့နှမလေးကတော့ နုနယ်လှပတဲ့ မိန်းမချောလေးဖြစ်ပေမယ့် ယောကျ်ားသားတွေ လိုက်မမီအောင် အင်မတန် စိတ်အားထက်သန်သလို ရည်ရွယ်ချက်လည်း အတော်ကြီးမားတယ်၊ ကျုပ်ကတော့ အနာဂတ်မြန်မာနိုင်ငံအရေးမှာ မောင်ရင့်နှမလို မျိုးဆက်သစ်မျိုးတွေကို အမှန်ပဲ အားထားမိတယ်၊ လောကဓါတ်ပညာတတ်တစ်ဦးဖြစ်ပြီး အမျိုးသားရေးစိတ်ဓါတ်ပြင်းထန်တဲ့ မြသင်းကြူလို မျိုးဆက်သစ်တွေ အမြောက်အမြား ရှိဖို့လိုတယ်၊ ဘဝအသိနဲ့ အတွေ့အကြုံနုနယ်သေးတော့ ကျုပ်တို့က ဝိုင်းဝန်းထိန်းမတ်ပေးကြရမှာပေါ့၊ ဒါကြောင့်လည်း မောင့်ရဲ့နှမလေးက ကျုပ်အပေါ်အထင်တကြီး ရှိနေတာဖြစ်မယ်၊ တကယ်တော့ ကျုပ်က သူထင်သလောက်လည်း မစွမ်းလှပါဘူး"

မယုတ်မလွန် ပြောလိုက်သည့် ဦးမိုးမှောင်၏ စကားအဆုံးသတ်လိုက်သည်နှင့် မောင်မောင်မြင့်၏ နှုတ်ခမ်းပေါ်တွင် အဓိပ္ပါယ်နားလည်ရခက်သည့် အပြုံးတစ်ပွင့်က မသိမသာ ထင်ဟပ်သွားလေ၏။ ၎င်းက ဂျွန်ပလေယားစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး . . .

"ဦးကြီးက ပညာရှိပီပီ ကိုယ့်ကိုယ်ကို အတော်နှိမ့်ချတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နှမလေး ပြောပုံအရတော့ ဦးကြီးဟာ ပြဒါးတောင် လွယ်လွယ်နဲ့သတ်နိုင်တဲ့ အဆင့်ရောက်နေပြီလို့ ပြောတယ်"

ဦးမိုးမှောင်သည် ထိုအမေးကိုတော့ ခေါင်းညိတ်ခေါင်းခါ မလုပ်ဘဲ ခပ်မဆိတ်ငြိမ်သက်၍ နေလေ၏။ တခဏမျှကြာမှ . . .

"ပြဒါးသတ်ဖို့က လွယ်ကူပေမယ့် ဒါလောက်လေးစွမ်းရုံနဲ့ တော်ပြီတတ်ပြီလို့ ယူဆလို့မရပါဘူး"

"ဒါဆိုရင် နာမ်နဲ့ရုပ်ကို ချုပ်ပြီးသတ်တာပဲ မဟုတ်လား" ဟု မောင်မောင်မြင့်က ရုတ်တရက်မေးပြီး ဦးမိုးမှောင်၏မျက်နှာကို အကဲခတ်လိုက်လေ၏။ ဦးမိုးမှောင်သည် လျှို့ဝှက်သိပ်သည်းသော အပြုံးတစ်ချက်ပြုံးပြီး ဦးခေါင်းကို မသိမသာ ရမ်းခါလိုက်၏။

"မောင်က တစ်ခြားအဂ္ဂိရတ်ဆရာတွေလိုပါပဲလား၊ နာမ်နဲ့ရုပ်ကို ချုပ်ပြီးသတ်တယ်လို့ တလွဲထင်မှတ်မှားနေတာပဲကိုး၊ ကိုင်း . . . ကျုပ်တစ်ခုမေးပါရစေ၊ ပြဒါးဆိုတာ နာမ်လား ရုပ်လား"

"ရုပ်ဓါတ်ပါ . . ."

"ကျုပ်အယူအဆကတော့ မူလရုပ်နဲ့ပဲ သတ်ရမယ်၊ ဒါနဲ့ မောင်မောင်မြင့်က ဗေဒင်ကျမ်းလည်း တီးခေါက်မိမယ်ထင်ပါရဲ့"

"အနည်းအကျဉ်းသဘောလောက်တော့ တီးခေါက်မိပါတယ်"

"ဟုတ်ပြီ၊ ဒါဆို ကြာသပတေးအခါတိုင်ကို ထူကြည့်စမ်းပါ"

"ဂုရု၊ ဘောမ၊ သူရဋ္ဌ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြော၊ သောရိ ဆိုတဲ့ ခရားစောက်တိုင်ကို တွေ့ရပါတယ်"

"နာမ်၊ ကံ၊ ကတ္တားကို ဆန်းစစ်ပြီးကြည့်ရင် ဂုရုဆိုတဲ့ပြဒါးကို ဆန်းစစ်ကြည့်ပြီး ဂုရုဆိုတဲ့ပြဒါးကို သတ်မယ်ဆိုရင် ကတ္တားဖြစ်တဲ့ အင်္ဂါနဲ့သာ သတ်ရမယ်မဟုတ်လား"





ဟု ဦးမိုးမှောင်က ပိုင်ပိုင်နိုင်နိုင်ပြောလိုက်ရာ မောင်မောင်မြင့်လည်း ရုတ်တရက် တွေဝေသလို ဖြစ်သွားရာမှ တစ်ခဏအကြာမှာပဲ အားရဝမ်းသာလေသံဖြင့် . . .

"မှန်လိုက်လေ ဦးကြီးရာ . . ." ဟု ပြောလိုက်လေ၏။

"ခုလောက် အရိပ်ပြပြီဆို မောင်လည်း အဂ္ဂိရတ်သမားပီပီ မီးနဲ့ကစားတဲ့သူပဲ၊ အကောင်ထင်လောက်ရောပေ့၊ နာမ်နဲ့ရုပ်ကို ချုပ်ပြီးသတ်မယ်ဆိုတာ မှန်ရောမှန်ပါဦးမလား"

"မထင်တော့ပါဘူး၊ ဦးကြီးအယူအဆကို ကျွန်တော်အပြည့်အဝ ထောက်ခံပါတယ်"

ထို့နောက်မှာတော့ သူတို့နှစ်ဦးသည် အဂ္ဂိရတ်ပညာနှင့် ပတ်သက်သော အဖြိုက်အမည် (၁၀) ပါး၊ သံဟောပရိယာယ် (၃) မျိုး၊ ဓါတ်၏ပညတ် (၂၃) ပါး စသည့် အခေါ် အဝေါ် များပြောဆိုပြီး အကျယ်တဝင့် ဆွေးနွေးကြလေရာ ၎င်းစကားများမှာ မိုးဆွေအဖို့ ဘယ်လိုမှ နားလည်နိုင်စွမ်းမရှိဖြစ်ရသလို နားထောင်ရင်းမှပဲ လွန်စွာ ပျင်းရိငြီးငွေ့လာသဖြင့် ဝရန်တာတွင် အသင့်ခင်းထားသည့် အိပ်ယာပေါ် သွားရောက်လဲလျောင်းရင်း မကြာမီ အိပ်ပျော်သွားလေတော့၏။

မိုးဆွေသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေရာ တစ်ရေးမှမနိုးဘဲ နံနက်မိုးသောက်မှ နိုးလေ၏။ နိုးသည့်အချိန်မှာလည်း နေအတော်မြင့်နေပြီဖြစ်၏။ ထိုအချိန်မှာ အဘမိုးမှောင်သည် ဘုရားဝတ်ပြုနေဆဲရှိသည်ကို တွေ့ရသဖြင့် မျက်နှာသစ် ကိုယ်လက်သုတ်သင်ရန် ရေဘုံဘိုင်ရှိရာဆီ ထွက်လာခဲ့၏။

သူပြန်ရောက်လာသည့်အခါ အဘမိုးမှောင်သည် ဘုရားဝတ်ပြုပြီးဖြစ်၍ အေးအေးလူလူပင် လက်ဖက်ရည်ကြမ်းသောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရ၏။

"အဘ . . . တစ်ယောက်တည်းလား၊ ကိုမောင်မြင့်ရော မမြင်မိပါလား"

ဟုမေးလိုက်ရာ ဦးမိုးမောင်က သိမ်မွေ့စွာ ပြုံးလိုက်ပြီး -

"မရှိတော့ဘူးလေ . . . သွားပြီကွယ့်"

"ဗျာ . . . ပြောတုန်းက သူက အဘနဲ့ တစ်လကိုးသီတင်း နေမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

ဦးမိုးမောင်က မိုးဇွေ၏စိတ်ကို ထွင်းဖောက်မြင်သည့်အလား-

"အင်း . . . မောင်မိုးဇွေအတွက် အသိတစ်ခုတိုးသွားတယ်လို့ သဘောထားလိုက်ပါကွယ်၊ စကားကို လွယ်လွယ်ပြောပြီး လွယ်လွယ်ပြောင်းလဲတတ်တဲ့ လူတစ်ယောက်လို့ သတ်မှတ်လိုက်ပေါ့၊ အသိနောက်မကျတာကိုပဲ အဘတို့ ကံကောင်းတယ်လို့ မှတ်ယူရမယ်၊ သူ့ကို စတွေ့ကတည်းက သူ့မျက်လုံးတွေမှာ မရိုးသားတဲ့ အရိပ်အယောင်တွေ ထင်ဟပ်နေမှန်း အဘရိပ်မိပါတယ်၊ အင်္ဂလိပ်ဘက်မှာလည်း အတော်အတန် နှံ့စပ်မှုလေးရှိပါတယ်၊ ဒါပေမယ့် အကြမ်းထည်သဘောလောက် တတ်ကျွမ်းတာကို ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်မှတ်ပြီး ဘဝင်လေဟပ်နေတာကတော့ တော်တော်ဆိုးတဲ့ စရိုက်ပဲ၊ တကယ်တွေ့တော့မှ သူ့နှမလေးမြသင်းကြူနဲ့ စရိုက်၊ လက္ခဏာ၊ အတွေးအခေါ် လုံးလုံးကြီး ကွာခြားနေတယ်၊ အဆိုးဆုံးကတော့ ခံယူချက်ပဲ၊ ဒီလိုလူမျိုးတွေကိုသာ ဦးဆောင်မှုအခန်းကဏ္ဍအနေနဲ့ ပေးအပ်လိုက်ရင် တစ်တိုင်းပြည်လုံး သုံးစားမရလောက်အောင် စုတ်ပြတ်သတ်သွားမှာ သေချာတယ်၊ အေးလေ . . . လူမိုက်ဆိုတာ ဘေးမသိဘူးဆိုတဲ့ အသိတစ်ခုတော့ တိုးလာသပေါ့ကွာ"

ထိုစကားတွေကို နားထောင်ရင်း သဘောမပေါက်သလို





ဖြင့် မိုးဇွေက မျက်မှောင်ကျုံ့လျက် . . .

"အဘပြောတာတွေကို ကျွန်တော်အသေအချာ နားမလည်ဘူး အဘ၊ ဒီလူက ဘယ်လိုသဘောထားမျိုး လုပ်သွားလို့လဲ"

"မြသင်းကြူလေးရဲ့ အဘိုးလက်ထက်က ထားခဲ့တဲ့ ပရိုဝိဒ်တွေ ပါသွားပြီလေ"

"ဗျာ . . ."

ထို့နောက်ပိုင်း နေ့ရက်များတွင် မိုးဇွေသာလျှင် နေမထိ၊ ထိုင်မသာ ဆိုသလို တဖုံနွေးနွေးဖြစ်နေလေ၏။ တကယ်ဖြစ်ရမည့်သူမှာ အဘမိုးမောင်ဖြစ်သော်လည်း ဦးမိုးမောင်ကတော့ အနည်းငယ်မျှ တုန်လှုပ်ဟန်မရှိဘဲ သူ၏လုပ်ငန်းဆောင်တာများကို တည်တည်ငြိမ်ငြိမ်ဖြင့်ပင် လုပ်ကိုင်လျက်ရှိ၏။

မိမိနှင့် လိုက်ပါလာပြီး အဘမိုးမောင်အပေါ် မလိုမ့်တပတ်လူလည်လုပ်သွားတာကို ဖြစ်နိုင်လျှင် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းလိုက်ချင်သည်။ မိုးဇွေ၏ စိတ်နေသဘောထားကိုသိနေသည့် ဦးမိုးမောင်က ကြိုတင်သိရှိနေသည့်အလား မိုးဇွေကို စိတ်လိုက်မာန်ပါမလုပ်ဖို့ အကြိမ်ကြိမ် မှာကြားသတိပေး၏။

မိုးဇွေသည် မိဘဆရာသဖွယ် ယုံကြည်ကိုးစားသည့် အဘမိုးမောင်၏ဆန္ဒကို မြေဝယ်မကျနားထောင်စမြဲ ဖြစ်သည်။ နာယူမှတ်သားစမြဲ ဖြစ်သည်။ ထိုအခါမှာလည်း မိုးဇွေသည် ဦးမိုးမောင်မှာကြားသည့်အတိုင်း လိုက်နာနေထိုင်ခဲ့ပါသည်။ ခက်သည်က သူ၏အတွေးကို ထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်နေခြင်းပင် . . .။

မန္တလေးမြို့သည် အပူအအေးလွန်ကဲသည့် မြို့တစ်မြို့ဟုယူဆရမည်ဖြစ်သည်။ ညနေခင်းရောက်သည်နှင့် အအေးဓာတ်က တဖြည်းဖြည်း လွှမ်းမိုးလာစမြဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"လူလေးမိုးနွေ . . . အဘတို့ လျှောက်လှမ်းရမယ့် ခရီးဟာ မောင်မောင်မြင့်ရဲ့လုပ်ရပ်ကြောင့် မထင်မှတ်ဘဲ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်တော့မယ်၊ ဒါပေမယ့် အဘစိတ်ဓါတ်မကျပါဘူး၊ ဘယ်အလုပ်မဆို မိမိရည်ရွယ်ရာ ပန်းတိုင်ရောက်ရှိဖို့ အခက်အခဲတွေ၊ အနှောက်အယှက်၊ ဘေးအန္တရာယ် စသဖြင့် ကြုံတွေ့ရစမြဲ မဟုတ်လား၊ အဘတို့လို မျှော်မှန်းလုပ်ဆောင်တဲ့ အလုပ်မျိုးက ပိုပြီးတော့ ဘေးအန္တရာယ်များပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုပဲ ကြုံတွေ့ရင်ဆိုင်ရပစေ အသိနဲ့သတိကို ဉာဏ်နှင့်ယှဉ်ပြီး ဖွဲသန်သန် ရင်ဆိုင်ကျော်လွှားရမှာပေါ့ . . .။

အဲဒီပုရပိုဒ်တွေ ပါသွားလို့ အဘဝမ်းမနည်းပါဘူး၊ စိတ်မကောင်းဖြစ်မိတာက သူ့ရဲ့နှမမြသင်းကြူအတွက်ပဲ၊ သူ့လုပ်ရပ်က မြသင်းကြူလေးရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ရည်ရွယ်ချက်တွေကို အဆုံးတိုင်ဖျက်ဆီးလိုက်ပြီလေ၊ တကယ်တော့ အဲဒီပုရပိုဒ်ဟာ သူတို့အဖိုးပြုစုခဲ့တဲ့ ပုရပိုဒ်ဖြစ်လို့ သူတို့ပိုင်တယ်လို့ ယူဆနိုင်ပေမယ့် သူတို့အဖိုးရည်ရွယ်ခဲ့တာက တစ်ဦးတစ်ယောက်ကောင်းစားဖို့ ကိုယ်ကျိုးအတွက် အသုံးပြုဖို့ မဟုတ်ဘူး၊ တိုင်းပြည်နဲ့ လူမျိုး၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် အသုံးပြုဖို့ ရည်ရွယ်ထားခဲ့တာပါ . . .။

လောဘမသတ်နိုင်တဲ့ လောဘသားဆိုတော့လည်း ဇာတိဂုဏ်၊ ပညာဂုဏ်ဆိုတဲ့ အရာအားလုံးထက် မိမိတပ်မက်မှု လောဘတဏှာနောက် ကောက်ကောက်ပါပြီး မှားလို့မှားမှန်းမသိ လုပ်သွားတာပေါ့။ မြသင်းကြူလေးရဲ့ အဖိုးပေးခဲ့တဲ့ ပုရပိုဒ်မှာ ပြဒါးသတ်နည်း အခြေခံကစပြီး ခက်ခဲနက်နဲသိမ်မွေ့တဲ့ ကြံဆနည်းတွေမပြောနဲ့ အလွယ်လေးတွေဖြစ်တဲ့ ကြောင်အစ်ပူဒွေး၊ နဂါး (၄)၊ ထွေးချဂဠုန်မျိုးဆိုတာလောက်တောင် မောင်မောင်မြင့်ဆိုတဲ့ လောဘသမား ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး။

ဒီအကြောင်းတွေ လူလေးကို ပြောရတာက အဘတို့အဖို့ အရင်ကထက် ဘေးအန္တရာယ်တွေ မမျှော်လင့်ဘဲ ကျရောက်လာနိုင်တယ်ဆိုတာ လူလေးသိထားရအောင်၊ ပြီးတော့ အဲဒီအန္တရာယ်တွေကို တတ်နိုင်သမျှ ထိပ်တိုက်ရင်ဆိုင်တာမျိုး မပြုလုပ်ဖို့ ပါးပါးနပ်နပ်ရှောင်တိမ်းနိုင်ဖို့ မလွှဲသာတဲ့အဆုံးမှာသာ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းဖို့ အဘသတိပေးတာပါ၊ အတ္တမာန်မာနသာ ရှေ့တန်းတင်ပြီး ကိုယ့်အကျိုးကိုသာ ကြည့်တတ်တဲ့ မောင်မောင်မြင့်ဟာ အဘတို့အတွက် ကြီးမားတဲ့အန္တရာယ် ဖြစ်ကောင်းဖြစ်လာနိုင်တယ်၊ အတတ်နိုင်ဆုံး သတိဝီရိယနဲ့ နေထိုင်သွားလာပါ"

ကျုံးရေမျက်နှာပြင်ပေါ် ခပ်ရှပ်ရှပ် ဖြတ်တိုက်သွားသော လေပြေကြောင့် လှိုင်းကြက်ခွပ်လေးများ လူးလွန့်ဖြတ်ပြေးသွားကြ၏။ မိုးနွေသည် ကျုံးရေပြင်ကို ငေးမောကြည့်နေသော်လည်း သူ၏အတွေးက အခြားနေရာသို့ ရောက်ရှိနေလေ၏။

အဘမိုးမှောင်ပြောခဲ့သည့် စကားများအပေါ် ပြန်လည်ပုံဖော်တွေးတောနေခြင်း ဖြစ်သည်။ မြသင်းကြူတို့၏ဖခင်ဟာ ဝန်ကလေးဦးအိုနှင့်အတူ ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားမင်း မင်းလှမဟာဇေယျနန္ဒသကြိန်လက်အောက်တွင် လက်ထက်တော်ကြီးကာလ တစ်လျှောက်လုံး သစ္စာရှိစွာ အမှုထမ်းခဲ့သော စာရေးတော်ကြီးတစ်ဦးဖြစ်သည်။

စာရေးတော်ကြီး၏အဖေ၊ မြသင်းကြူတို့၏အဖိုးကား မင်းမှုထမ်းအလုပ်တွင် နှလုံးမွေ့ပျော်ခြင်းမရှိဘဲ ဗေဒင်ကျမ်းနှင့် အဂ္ဂိရတ်ဖက်တွင် အထုံဝါသနာကြီးစွာ လေ့လာလိုက်စားခဲ့ပြီး တွေ့ရှိချက်များကို ပေပုရပိုဒ်များနှင့် စနစ်တကျ မှတ်သားထားခဲ့၏။ မိမိလက်







www.burmeseclassic.com

www.burmeseclassic.com



ထက်တွင် အောင်မြင်မှုမရခဲ့သည့်တိုင် နောင်လာနောင်သား သား၊ မြေး၊ မြစ်၊ တီ၊ ကျွတ်များ လက်ထက်တွင် အောင်မြင်စေရန်ဟူသော စိတ်အကြံအစည်ဖြင့် မှတ်တမ်းတင်ထားခဲ့ခြင်း ဖြစ်သည်။

အဖိုး၏အကြံကို အလုံးစုံသိထားသည့် မြသင်းကြူက လွန်စွာအဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိသည့် ၄င်းပုရပိုဒ်များကို မိမိတိုင်းပြည်လွတ်လပ်ရေးနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသည့် ဦးမိုးမှောင်ထံ ယုံကြည်ကိုးစားစွာ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

မောင်မောင်မြင့်ကား နုမဖြစ်သူ၏စိတ်ထားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သူဖြစ်ရာ ဦးမိုးမှောင်ထံမှ ပုရပိုဒ်ကို တိတ်တဆိတ် ပြန်လည်အရယူသွားခြင်း ဖြစ်သည်။

"ဟုတ်ပြီ . . . ဒီကိစ္စကို မြသင်းကြူ သိဦးမှာမဟုတ်ဘူး၊ သူ့ကို သတိပေးထားမှဖြစ်မယ်၊ ဒါမှ သူ့အစ်ကိုဟာ ဘယ်လိုလူမျိုးဆိုတာ သူသိမှာ . . ."

* * * *



## အခန်း (၂၀)

"အလည်အပတ်သက်သက်ပဲ မှတ်တယ်" ဟု မြသင်းကြူက ချိုအေးသော လေသံဖြင့် မေးလေ၏။

"အလည်သက်သက်ရယ်တော့ မဟုတ်ပါဘူး၊ မမြသင်းကြူ သိထားသင့်တဲ့ အကြောင်းလေးတစ်ခုရှိနေလို့ လာခဲ့တာပါ"

"ဟုတ်လားရှင် . . . သိပ်များထူးခြားနေသလား"

မြသင်းကြူက အံ့ဩသံလေးနှင့် မေးလေ၏။

"သိပ်ထူးခြားလှတယ် မဟုပ်ပေမယ့် မမြသင်းကြူအတွက်တော့ စိတ်ဝင်စားစရာ ကောင်းလိမ့်မယ်ထင်တယ်" ဟု အစချီပြီး သူမ၏အစ်ကိုမောင်မောင်မြင့် တောင်မြို့သို့လိုက်လာသည်မှစ၍ တစ်ညအိပ်ပြီး ပုရပိုက်ကြီးယူကာ ထွက်ပြေးသွားပုံအထိ ရှင်းလင်းပြောပြလေရာ မြသင်းကြူ၏နှုတ်မှ . . . "အို . . ."၊ "ဟင် . . ."၊ "ဖြစ်ရလေ . . ." ဟူသော လွန်စွာအံ့ဩသံပြုလျက် မိုးမှောင်၏စကား



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသည်နှင့် ချုံးပွဲချငိုကြွေးလေတော့၏။

"ဟုတ်မှာပါပဲရှင်၊ ဘဘကြီးဆီက ပြန်လာပြီးကတည်းက အိမ်ထဲလူစိမ်းအဝင်မခံဖို့ပြောပြီး ဘိုးဘိုးဖိုထိုးခဲ့တဲ့ ဖိုရုံထဲကကို လုံးဝ မထွက်တော့တာ၊ မိုက်မဲလှချည်လား အစ်ကိုတော်ရယ်"

မြသင်းကြူသည် လွန်စွာယူကြုံးမရ ခံစားနေရပုံပေါ်၏။ မိုးဇွေလည်း ထိုမျှသူမ,ခံစားသွားရလိမ့်မည်မဟုတ်ဟု ထင်မှတ်ထားခဲ့၏။ သူမ,သိထားဖို့ ရည်ရွယ်ချက်ဖြင့်သာ ရောက်ရှိလာခြင်း ဖြစ်သည်။

သူမသည် သူ့အစ်ကို၏လုပ်ရပ်အပေါ် မကျေမနပ်ဖြစ်ရသလို ပုရပိုက်ကြီးအတွက်လည်း လွန်စွာနှမြောတသ ဖြစ်နေပုံရ၏။ သူမသည် ခပ်မဆိတ်ငြိမ်သက်နေသော မိုးဇွေကို မျက်ရည်ပြည့်လျှမ်းသည့် မျက်ဝန်းဖြင့်ကြည့်လျက် . . .

"ဘယ်လိုလုပ်စေချင်သလဲရှင်၊ ကျွန်မကို တဆိတ်လောက် အကြံလေးများ မပေးနိုင်တော့ဘူးလား၊ ဘိုးဘိုးရဲ့ဆန္ဒက ကိုယ့်အမျိုး ဘာသာ၊ သာသနာအတွက် ထွက်ရပ်လမ်းရှာစေချင်တဲ့ ဆန္ဒမျိုးပါ။ အစ်ကိုတော်ရဲ့လုပ်ရပ်တွေက သူ့ကိုယ်ကျိုးအတ္တအတွက် ဖြစ်နေပြီ၊ အကြံဉာဏ်လေးများ ပေးစမ်းပါရှင်"

"ကျွန်တော်လည်း မစဉ်းစားတတ်တော့ပါဘူး၊ ခုလို မမြသင်းကြူသိအောင် လာပြောဘာတောင် အဘမိုးမှောင်မသိအောင် ကိုယ့်သဘောနဲ့ကိုယ် ထွက်လာခဲ့တာ . . ."

မြသင်းကြူသည် ယူကြုံးမရခံစားမှုများကို အားပါးတရ ငိုရှိုက်လိုက်ရ၍ထင်သည်။ အတော်အတန် တည်တည်ငြိမ်ငြိမ် အမူအရာဖြစ်သွားပြီး ငြိမ်လျက် တွေးတောနေလေ၏။ ထိုအခိုက်မှာပဲ သူမသည် ရုတ်တရက် အဖြေတစ်ခုရလိုက်သလို ရွှန်းလဲ့သော မျက်





ဝန်းတွေ တဖျတ်ဖျတ် တောက်ပသွားလေ၏။

"ကျွန်မ ဒီလိုစဉ်းစားပါတယ် ကိုမိုးဇွေ၊ ဒီညကိုတော့ ကျွန်မတို့အိမ်မှာပဲ အိပ်လိုက်ပါလား၊ ဒါမှ အစ်ကိုတော်ရဲ့ အရိပ်အကဲကို အကဲခတ်ပြီး အခြေအနေပေးခဲ့လို့ရှိရင် အဖိုးရဲ့ပုရပိုက်ကို ပြန်ပြီး ခိုးဝှက်ယူသင့်ယူရမှာပေါ့"

မိန်းမဆိုသည်မှာ လျှပ်တပြက်အရေးတွင် ယောကျ်ားများထက် ဖြတ်ထိုးဉာဏ်ကောင်းသည်ဟု ယူဆရပေမည်။ ယခုလည်း သူမအကြံက လွန်စွာသဘာဝကျသဖြင့် မိုးဇွေလည်း ငြင်းပယ်ရခက်သွားလေ၏။ သူကိုယ်တိုင်လည်း မြသင်းကြူကဲ့သို့ ၄င်းပုရပိုက်ကို ပြန်လည်အရယူလိုသည့် ဆန္ဒရှိ၏။

"ကောင်းပြီလေ၊ ကျွန်တော့်ဆန္ဒကလည်း မမြသင်းကြူရဲ့ ဆန္ဒနဲ့ တစ်ထပ်တည်းပါပဲ၊ တစ်ခုတော့ရှိတာပေါ့၊ ကျွန်တော်ဒီရောက်နေတာကို ကိုမောင်မောင်မြင့်မသိဖို့ အရေးကြီးတယ်နော်"

"ဒီအတွက်တော့ ကျွန်မတာဝန်ယူပါတယ်၊ ကိုဝေလကို ကျွန်မခေါ်ပြီး ဒီကိစ္စကို မပေါက်ကြားအောင် ထိန်းထားခိုင်းလိုက်မယ်"

ဟုပြောပြီး မြသင်းကြူသည် အိမ်ထဲမှ ကပျာကသီ ထွက်သွားပြီး ခြံစောင့်ကိုဝေလနှင့် အတန်ကြာ စကားပြောဆိုပြီးနောက် မိုးဇွေရှိရာသို့ ပြန်ရောက်လာ၏။

"စိတ်အေးအေးသာနေတော့ ကိုမိုးဇွေ၊ ကျွန်မအားလုံးစီစဉ်ခဲ့ပြီ၊ အစ်ကိုတော်မောင်မောင်မြင့်က တစ်ညနေလုံး အပြင်ထွက်လာမှာ မဟုတ်ဘူး၊ ဖိုရုံထဲမှာပဲ အချိန်ကုန်နေမှာ၊ ညဖက်ကိုလည်း ခရိုက်ဒိန်းခွေးတွေကို မလွှတ်ဘဲ ကြိုးချည်ထားဖို့ ကိုဝေလကို မှာထားပြီးပြီ"

www.burmeseclassic.com



မြသင်းကြူပြောသည့်အတိုင်းပင် မောင်မောင်မြင့်သည် ဖိုရုံထဲတွင်ပင် အချိန်ကုန်နေသလို ရှိနေ၏။ ညနေစောင်း၍ နေဝင်သည့်တိုင် ၎င်းဖိုရုံထဲမှ ထွက်မလာဘဲ ရှိနေသဖြင့် မြသင်းကြူက ၎င်းအတွက် ညနေစာထမင်းနှင့်ဟင်းများကို ပြင်ဆင်ပြီး သွား၍ပို့ဆောင်ပေးရလေ၏။

ညဦးယံကျော်လွန်ပြီး ညဉ့်နက်သည့်တိုင် ဖိုရုံထဲတွင် ခွဲကောင်းမြဲကောင်းလျက် ရှိနေ၏။ မိုးစွေသည်လည်း မောင်မောင်မြင့်၏အရိပ်အကဲကို သတိမပြတ် ချောင်းမြောင်းကြည့်ရှုလေရာ ညဉ့်နက်သည့်တိုင်အောင် စောင့်ကြည့်သော်လည်း အခါအခွင့်မသင့်သလိုရှိနေ၍ ထိုညအဖို့ လက်လျှော့ရတော့မည်ဟု တွေးထင်လိုက်၏။

သို့သော် သန်းခေါင်ချိန်ကျော်လွန်သည့်အခါမှာတော့ မောင်မောင်မြင့်သည် ဖိုရုံထဲမှ ထွက်လာလေ၏။ ထိုအခါ အခန်းထောင့်တစ်နေရာမှ ချောင်းမြောင်းကြည့်ရှုနေသည့် မြသင်းကြူနှင့် မိုးစွေတို့သည် ပင့်သက်ကိုယ်စီရှိုက်လိုက်မိကြ၏။

မောင်မောင်မြင့်ကား အိပ်ဆေးခတ်ထားသည့် ကော်ဖီသောက်ပြီးနောက် နှစ်ခြိုက်စွာ အိပ်မောကျနေပြီဖြစ်၏။

မိုးစွေသည် ခြေသံလုံလုနင်းလျက် မောင်မောင်မြင့်ရှိရာအခန်းသို့ လျှောက်လှမ်းသွားပြီး အခန်းဝရောက်သည့်အခါ အဝင်တံခါးကို လက်ဖဝါးဖြင့် မသိမသာလေး တွန်းလိုက်၏။

မိမိအိမ်ကို မိမိလုံခြုံသည်ဟူသော အသိကြောင့် တံခါးချက်ချထားခြင်းမပြုဘဲ စေ့ရုံလေးစေ့ထားခြင်း ဖြစ်ပေလိမ့်မည်။ ထိုအခြေအနေက မိုးစွေအဖို့ ပွဲဦးထွက်အခက်အခဲတစ်ခုကို ကျော်လွှားလွန်မြောက်နိုင်ခြင်းပင် ဖြစ်၏။

တိတ်ဆိတ်နေသော အခန်းအတွင်း၌ မောင်မောင်မြင့်၏





အိပ်မောကျ၍ ဟောက်နေသံက လွှမ်းခြုံထား၏။ မိုးစွေသည် လှုပ်ရှားမှုဟူသမျှကို သတိထားလျက် အတတ်နိုင်ဆုံး ငြင်ငြင်သာသာလှုပ်ရှားနေရ၏။ မိုးစွေ၏အကြည့်က ခုတင်ဘေးရှိ စင်ပေါ်တွင် တင်ထားသော ပုရပိုက်ထုပ်ကို မြင်သွားလေရာ အတိုင်းမသိ ဝမ်းသာသွားလေ၏။ ခက်ခက်ခဲခဲ မွှေနှောက်ရှာဖွေရန် မလိုဘဲ အလွယ်တကူ တွေ့မြင်လိုက်ခြင်းပင် ဖြစ်၏။

၎င်းစင်အနီးသို့ ရောက်ရှိသည်တွင် မိုးစွေ၏နဖူးတစ်ပြင်လုံးမှာ ဇောချွေးများ ပြန်လာလေ၏။ ပုရပိုက်နှင့် လက်တစ်ကမ်းအကွာသို့ နီးကပ်လာပြီဖြစ်ရာ စိတ်ကိုထိန်းပြီး အသက်ကိုမှန်မှန်ရှူလျက် ပုရပိုက်ကိုယူရန် လက်လှမ်းလိုက်စဉ် . . .

"ပထဝီနဲ့ချုပ်၊ အာပေါနဲ့ချေ၊ ဝါယောနဲ့မွှေ၊ တေဇောနဲ့သတ်၊ ရုပ်တန့်ပိုင်ပိုင်၊ မီးကိုနိုင်တဲ့၊ မြေစိုင်မြေထု၊ ဝုံသူကမ္ဘာ၊ အင်း . . . အင်း . . . ဆရာတွေကတော့ ပြောထားတာပဲ၊ အဲဒီအတိုင်းကိုချုပ်ပြီး ရုပ်နဲ့သတ်တာ ဘာလို့မအောင်မြင်ရတာလဲ"

မိုးစွေသည် ကျင်စက်နှင့် အတို့ခံရသလို တစ်ကိုယ်လုံး ဒိန်းခနဲ၊ ဖိန်းခနဲ၊ ရှိန်းခနဲ ဖြစ်သွားလေ၏။

အထိတ်တလန့်ဖြင့် မောင်မောင်မြင့်ကို ကြည့်လိုက်ပြီး မိုးစွေသည် လျှပ်တပြက် လှုပ်ရှားလိုက်၏။ တကယ်တော့ မိုးစွေ နားလည်မှုလွဲချော်သွားခြင်းပင် ဖြစ်၏။

ထိုအသံများမှာ အိပ်ပျော်နေရာမှ ယောင်ရမ်းပြောဆိုသံများသာ ဖြစ်သည်။ ထိုအဖြစ်ကို မိုးစွေက မောင်မောင်မြင့်နိုးပြီအထင်နှင့် ပုရပိုက်ကိုလှမ်းယူ၍ ပြတင်းဝမှ ခုန်ချရန် သွက်သွက်လေးပြေးလိုက်၏။

ထိုစဉ် ပုရပိုက်အနီးရှိ ရေနွေးခရားကို တိုက်မိလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်သို့ ခရားအိုးပြုတ်ကျသွား၏။ ထိုအခါမှ မောင်မောင်မြင့်သည် အမှန်ပင် နိုးသွားပြီး ဆတ်ခနဲ ထထိုင်ကာ . . .

"သူခိုး . . . သူခိုး . . . ဟော့ကောင် မပြေးနဲ့ ရပ်လိုက်စမ်း"

ဟူ၍ အသံကျယ်လောင်စွာဖြင့် အော်ဟစ်လေ၏။

တစ်ပြိုင်တည်းမှာပင် ပြတင်းဝသို့ ရောက်နေပြီဖြစ်သည့် မိုးစွေအား အမိဖမ်းရန် အားကုန်ပြေးသွားတော့၏။ မိုးစွေကလည်း အခြားနည်းလမ်းမရှိတော့ပြီမို့ ပြတင်းပေါက်အမြင့်မှ စွန့်၍ခုန်ချလိုက်လေ၏။ အကျမနာစေရန် မြေပေါ် အရှိန်ဖြင့် လှိမ့်ချလိုက်၏။ ပြတင်းပေါက်ဝရောက်နေသည့် မောင်မောင်မြင့်က . . .

"သူခိုး . . . သူခိုး . . . ခွေးမသားဝေလ ဘယ်သွားသေနေလဲ၊ အဲဒီသူခိုးကို မိအောင်ဖမ်းစမ်း . . . ဖမ်းဟ . . . မိအောင်ဖမ်းစမ်း . . . " ဟု အသံသြသြကြီးဖြင့် ကျယ်လောင်စွာ အော်ဟစ်လေ၏။

ထိုစဉ် ကျယ်လောင်စူးရှသော ခွေးဟောင်သံနှင့်အတူ ကိုဝေလအခန်းဖက်မှ မီးလင်းလာသဖြင့် မိုးစွေလည်း ခြံတံခါးဝသို့ အားကုန်ပြေးလေတော့၏။ တစ်ပြိုင်တည်းပင် မျက်စိနှစ်လုံးက မီးခဲနှစ်ခဲလို တဝင်းဝင်းတောက်လျက် ကြီးမားသည့် အစွယ်ကြီးများပေါ်အောင် ပါးစပ်ကိုဟပြီး ဟောင်သံတဟိန်းဟိန်းပြုကာ ပြေးလာသော ဂရိတ်ဒိန်းခွေးကြီးနှင့် ထိပ်တိုက်ရင်ဆိုင်ရတော့၏။

မိုးစွေက ကြံရာမရဖြစ်လျက် ပြေးဖို့ကလည်း လွတ်လမ်းမမြင်တော့ပေ။ ထိပ်တိုက်ရင်ဆိုင်ဖို့ကလွဲပြီး အခြားနည်းလမ်းမရှိတော့ပြီမို့ ခုခံရန် လက်နက်ကိုရှာဖွေရာ ကံအားလျော်စွာပင် ပေါက်တူးတစ်လက်ကို တွေ့လိုက်ရ၏။

ဂရိတ်ဒိန်းခွေးကြီးမှာ သူနှင့် လက်တစ်ကမ်းအကွာသို့





ရောက်ရှိနေပြီဖြစ်၏။ ခွေးကြီးက ပါးစပ်ကြီးဖြဲလျက် အစွယ်ကြီးတဝင့်ဝင့်ဖြင့် သူ့အား ဒေါသတကြီး ဟောင်နေလေ၏။ မိုးစွေသည် ပေါက်တူးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် သတိကြီးစွာ စောင့်ကြည့်နေစဉ် ခွေးကြီးက ဝေါင်းခနဲဟိန်းလျက် တစ်လှမ်းဝင်ဟပ်ဆွဲလိုက်ရာ ပေါက်တူးကိုင်ထားသော မိုးစွေ၏လက်က လျှပ်ပြက်သလို လှုပ်ရှားသွား၏။

ဒုတ်ခနဲ မြည်သံနှင့်အတူ ပေါက်တူးအသွားက ဂရိတ်ဒိန်းခွေးကြီး၏ဦးခေါင်းကို ထိထိမိမိ စိုက်ဝင်သွားတော့၏။ နာကျင်စွာအော်လိုက်သော ခွေးကြီး၏အသံက ခြံဝင်းကျယ်ကြီးတစ်ခုလုံးသို့ ဆူညံသွားတော့၏။ ထိုအခိုက် လက်ထဲတွင် တုတ်တစ်ချောင်းကိုင်ထားသည့် ကိုဝေလသည် အပြေးအလွှားရောက်လာသဖြင့် မိုးစွေအဖို့ ရှင်းပြရန်အချိန်မရတော့ဘဲ ဝင်လာသော တုတ်ချက်များကို ရှောင်တိမ်းလိုက်ပြီး မလွဲသာသဖြင့် ပေါက်တူးအရိုးနှင့် ကိုဝေလ၏ခေါင်းကို ရိုက်ချလိုက်၏။

ခွပ်ခနဲမြည်သံက ခပ်အုပ်အုပ်ထွက်ပေါ်သွားပြီး ကိုဝေလသည် နေရာမှာပင် ခွေလျက်လဲကျသွားရာ မိုးစွေလည်း တံခါးမကြီးအတွင်းသော့ကို ချိတ်ထားသောတိုင်မှဖြုတ်ယူ၍ အလျင်အမြန် ဖွင့်လိုက်၏။

သော့ပွင့်သွားသည်နှင့် တံခါးရွက်ကို ဆွဲဖွင့်လိုက်စဉ်မှာပဲ မိုးစွေ၏ပေါင်တစ်ဖက်အား မီးစနှင့် တို့လိုက်သလို ခံစားလိုက်ရ၏။ မိုးစွေမှာ ထင်မှတ်မထားသော တုန့်ပြန်မှုကို ခံလိုက်ရခြင်းဖြစ်သည်။ စောစောက ပေါက်တူးဒဏ်ချက်ဖြင့် သေလုမျောပါးဖြစ်နေသော ခွေးကြီးက နောက်ဆုံးလက်ကျန်ခွန်အားဖြင့် အားကုန်ထားကာ မိုးစွေကို ဟပ်လိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေသည် ဆတ်ခနဲရှန်းလိုက်ပြီး ချထားသော ပေါက်တူး နှင့် ဆင့်ကာဆင့်ကာ ပေါက်လိုက်တော့မှ ဂရိတ်ဒိန်းခွေးကြီးမှာလည်း ဇာတ်သိမ်းသွားတော့၏။

"အဲဒီနေရာက တစ်လှမ်းမှမရွေ့ဘဲ ရပ်နေလိုက်စမ်းပါ . . မိုးစွေ"

မိုးစွေသည် ဆင်ပြောင်ကြီးအမြီးကျမှ တစ်ဆိုသကဲ့သို့ ဖြစ်သွားရလေပြီ။ အသံထွက်ပေါ်ရာနောက်ဖက်သို့ ခန္ဓာကိုယ်ကိုလှည့်ရန် ဟန်ပြင်လိုက်စဉ်မှာပဲ . . .

"သေနတ်ကို မထေမဲ့မြင် မလုပ်နဲ့၊ ဟိုဘက်လှည့်နေစမ်း" ဟု မောင်မောင်မြင့်က ဟိန်းဟောက်အမိန့်ပေးလိုက်သဖြင့် မိုးစွေလည်း သူ့စကားအတိုင်း လိုက်နာလိုက်စဉ်မှာပဲ ဦးခေါင်းထဲ၌ မီးပွင့်သွားသလို ခံစားလိုက်ရတော့၏။

* * * *



## အခန်း (၂၁)

မိုးစွေသည် ဖောက်ထွင်းခိုးယူမှုအပြင် ခြံစောင့်ကိုဝေလအား သတ်မှုဖြင့် အမှုဖွင့်တရားစွဲဆိုခြင်းကို ခံရလေ၏။ မိုးစွေသည် စဉ်းစားမရအောင် အံ့ဩမိလေ၏။ အထူးသဖြင့် ကိုဝေလအား သတ်မှုနှင့် စွဲချက်တင်ခံရခြင်းအပေါ် နားလည်နိုင်စွမ်းမရှိဖြစ်ရသလို လွန်စွာမှလည်း အံ့ဩနေမိ၏။

ထိုအမှုနှင့်ပတ်သက်ပြီး မိုးစွေသည် တရားသူကြီးနှင့် တွေ့ဆုံသည့်အခါတိုင်း မိမိမသတ်ကြောင်း ငြင်းဆိုပြီး အိမ်တွင်းဖောက်ထွင်းဝင်ခဲ့သည်ကိုတော့ ဟုတ်မှန်ကြောင်း ဝန်ခံလေ၏။

မည်သို့ဆိုစေ အိမ်တွင်းဖောက်ထွင်းဝင်ရောက်ပြီး ခိုးယူရန် ကြံစည်ခြင်း၊ အိမ်ရှင်နိုးသောအခါ ရန်သတ္တရပြုခြင်း၊ ဂရိတ်ဒိန်းခွေးကြီးအား ပေါက်တူးနှင့် ရိုက်သတ်ခဲ့ခြင်း စသော သက်သေအထောက်အထားများကြောင့် ခြံစောင့်ကိုဝေလအား သတ်ပါသည်ဟု ဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမပြုဘဲ ငြင်းဆိုသော်လည်း သက်သေအထောက်အထားများက လူသတ်မှုတရားခံအဖြစ် တွန်းပို့သလို ရှိနေတော့၏။ ထို့သို့ဖြင့် အဆုံးသတ်စီရင်ချက်ချသောအခါ ဖောက်ထွင်းမှုအတွက် ထောင်ဒဏ် (၆) လနှင့် ကိုဝေလအား သတ်မှုအတွက် ထောင်ဒဏ် (၁၀) နှစ်ဟူ၍ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေဟု အမိန့်ချမှတ်ခဲ့လေ၏။

တရားသူကြီး၏ စီရင်ချက်အဆုံးတွင် တရားခွင်သို့ လာရောက်၍ စီရင်ချက်နားထောင်နေသော မြသင်းကြူလေးမှာ နေရာမှာပင် မူးဝေလဲကျသွားတော့၏။

မိုးစွေ၏ဘဝတွင် ကာလတိုတိုအတွင်း နှစ်ကြိမ်တိုင်တိုင် ထောင်နန်းစံခဲ့ဖူးပြီဖြစ်၏။ ထို့ကြောင့်လည်း မန္တလေးထောင်ထဲ ဝင်ရသည်မှာ သူ့အဖို့ ထောင်၏သဘောသဘာဝကို အထူးတလည် လေ့လာစရာ မလိုတော့ပေ။ ထောင်ထဲတွင် တစ်လကျော်ခန့်မျှ အနေကြာလာသည်တွင် မိုးစွေ၏စိတ်သည် တည်ငြိမ်လာလေပြီဖြစ်၏။

တစ်နေ့တွင် မိုးစွေအဖို့ မမျှော်လင့်သည့် ကိစ္စတစ်ခုတွင် မလွှဲမရှောင် ပါဝင်ပတ်သက်ခဲ့ရပြန်၏။

မိုးစွေသည် အကျဉ်းသားများနှင့်အတူ တန်းစီ၍ ပုံစံထိုင်လျက်ရှိ၏။ မိုးစွေ၏ဘေးတွင် ရှိနေသည့် အကျဉ်းသားမှာ ဘိန်းစားရွှေဘော်ဆိုသူဖြစ်၏။ ထိုသူသည် ဘိန်းခင်းထောင်သူတရုတ်အားသတ်မှုဖြင့် ထောင်ဒဏ်အနှစ်နှစ်ဆယ်ကျခံရသူ ဖြစ်သည်။

ထောင်ကျကာစဖြစ်သည်ကြောင့် ရုတ်တရက် ဘိန်းပြတ်သွားခြင်းကြောင့် ဦးနှောက်မမှန်သလို ငိုတစ်လှည့်၊ ရယ်တစ်လှည့်ဖြင့် စိတ်ဖောက်ပြန်လျက် ရှိ၏။ ထိုသူသည် ထောင်ပိုင်ကြီးအနားသို့ ရောက်လာသည်နှင့် ပုံစံထိုင်နေရာမှ စည်ပတ်သံပြားကို အသွား





အဖျားထက်အောင် သွေးထားသောဓါးနှင့် လျှပ်တပြက်ထိုးသတ်ရန် ကြံစည်လေ၏။

မထင်မှတ်ဘဲ ရုတ်ချည်းဖြစ်ပျက်သွားသော အခြေအနေကြောင့် ထောင်အမှုထမ်းဝါဒါများနှင့် တန်းစီး၊ ဘုတ်ကိုင်၊ ရှစ်မှတ်၊ ဆယ့်နှစ်မှတ် စသော အကျဉ်းသားအရာရှိများပင်လျှင် ဘိန်းစားရွှေဘော်၏လုပ်ကြံမှုကို မတားမြစ်နိုင်ဘဲ ပါးစပ်အဟောင်းသားဟလျက် မင်သက်ငေးမောနေမိကြ၏။

ကိုယ်ကာယအားဖြင့် အထင်ကြီးစရာမရှိပါဘဲ လျင်မြန်ဖျတ်လတ်မှုအရာတွင် စံထားလောက်သော မိုးစွေက လှစ်ခနဲ ထရပ်ပြီး ထောင်ပိုင်ကြီး၏ရင်ညွန့်ဆီသို့ ဓါးနှင့်ထိုးစိုက်ရန် ရွယ်လိုက်သည့် ဘိန်းစားရွှေဘော်၏လက်ကို ဆတ်ခနဲ ဖမ်းကိုင်ဆုပ်လိုက်လေ၏။

မိုးစွေ၏လှုပ်ရှားမှုက ဖျတ်ခနဲ လင်းလက်သွားသည့် လျှပ်စီးပမာ လျင်မြန်လှပေ၏။ ဘိန်းစားရွှေဘော်၏လက်ကို ကိုင်ဆွဲခြင်း၊ လိမ်ခြင်း၊ လွတ်ကျသွားသည့်ဓါးကို ခြေဖြင့် ခတ်ထုတ်ခြင်း၊ ထိုသူ၏ မေးရိုးသို့ ပင့်လက်သီးတစ်လုံးပစ်သွင်းခြင်း၊ မြေပြင်သို့ ထိုသူပက်လက်လဲကျသွားခြင်းတို့က ထောင်အမှုထမ်း၊ အကျဉ်းသားများအဖို့ လွန်စွာကြည့်ကောင်းလှပေ၏။

"အိုး . . . မိုင်ဂေါ့ဒ်၊ ဘလယ်ဒီဖူးလ် . . . ပူးဝါးဖဲလိုး" ဟူသော ထောင်ပိုင်ကြီး၏ အယုံတ္တအနတ္တဆဲဆိုသံများ ဟိန်းထွက်သွားလေ၏။

ထောင်မှူးလေး၊ ဝါဒါကအစ ရှစ်မှတ်ဆယ့်နှစ်မှတ်၊ သန္ဒေများအားလုံး မျက်နှာအောက်ငုံ့လျက် မျက်နှာဖြူထောင်ပိုင်ကြီး၏ ဆဲဆိုခြင်းကို ငြိမ်လျက် ခံနေကြရ၏။ မိုးစွေသည် မိမိရှေ့မှောက်တွင် အသက်တစ်ချောင်းအား အကြောင်းမဲ့သက်သက် ရှုံးသွပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရန် ကြံစည်ခြင်းကို လူသားတစ်ယောက်အနေဖြင့် ကြည့်နေနိုင်စွမ်းမရှိ၍ ဝင်ရောက်ကာယ်ဆယ်လိုက်ခြင်းမျှသာ ဖြစ်၏။

၎င်းအဖြစ်အပျက်ကို အကြောင်းပြု၍ မွန်းလွဲချိန်ရောက်သောအခါ ထောင်ပိုင်ကြီးက မိုးဆွေအား တွေ့ဆုံ၍ ဆုမှတ်ရက်ပေးလေ၏။

(ဆုမှတ်ရက်ကို အစိုးရအနေဖြင့်လည်းကောင်း၊ တရားသူကြီးကသော်လည်းကောင်း ပေးနိုင်သော်လည်း ထောင်ပိုင်ကပေးသော ဆုမှတ်ရက်ဟူ၍လည်း ရှိ၏။ ဆုမှတ်ရက်ဆိုသည်မှာ ပြစ်ဒဏ်ထဲမှ ရက်ပေါင်းမည်ရွေ့မည်မျှ လျှော့ပေါ့သည်ကို ဆိုလိုခြင်းဖြစ်သည်။

ထောင်ပိုင်ကြီးသည် ကျေးဇူးတင်စကားကို အထက်စီးလေသံဖြင့် မြန်မာနိုင်ငံမှာ လာရောက်ကျွန်ပြုအုပ်ချုပ်သော မိမိလိုဗြိတိသျှလူမျိုးတစ်ယောက်၏အသက်ကို ကယ်တင်သည့်အတွက် လူကလေးကို ကျွန်ုပ်အသိအမှတ်ပြုပါတယ် . . . ဟူ၍ ပြောလေ၏။

ထိုအခါ မိုးဆွေက ထောင်ပိုင်ကြီးကို တည်တည်ငြိမ်ငြိမ်ပင် တုန့်ပြန်ကြည့်ရင်း . . .

"ဒီနေရာမှာ ကျွန်တော့်အယူအဆကို ပြောရရင် ကျွန်တော်တို့နိုင်ငံကို ကျွန်ပြုသိမ်းပိုက်ထားတဲ့ ဗြိတိသျှအုပ်ချုပ်သူအစိုးရကိုသာ မုန်းပါတယ်၊ ဒီထက် တိတိကျကျပြောရရင် ကိုလိုနီအုပ်ချုပ်ရေးစနစ်ကိုသာ မုန်းတာပါ။ ဗြိတိသျှလူမျိုးမို့ ပုဂ္ဂိုလ်ရေးသက်သက် မုန်းတီးတာမျိုး မရှိပါဘူး"

ဟူ၍ ပြောလိုက်ရာ မျက်နှာဖြူထောင်ပိုင်ကြီးမှာ လွန်စွာသဘောကျသွားလေတော့၏။ ထို့နောက်မှာတော့ မိုးဆွေသည် ထောင်ပိုင်ကြီး၏အမိန့်အရ (၁၂) ရဟာယာအဖြစ် ခန့်အပ်ခြင်း ခံရလေ၏။





ထိုအချိန်မှစ၍ မိုးဆွေသည် အကျဉ်းသားများထဲတွင် လွန်စွာတန်ခိုးထွားသလို ဖြစ်သွားတော့၏။ မိုးဆွေသည် ထောင်ပိုင်ဟာယာဟူသော အကျဉ်းသားတစ်ယောက်အနေနှင့် ရရှိသည့် အခွင့်အရေးကိုယူ၍ အကျဉ်းသားများအပေါ် နှိပ်စက်ခြင်း မပြုသည်သာမက အကျဉ်းသားများ ရသင့်ရထိုက်သည့် အခွင့်အရေးများကိုပင်လျှင် တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးလေ၏။

မြန်မာပြည်တွင် အင်းစိန်၊ ရန်ကုန်၊ သာယာဝတီ၊ မန္တလေး၊ မော်လမြိုင်၊ သရက်၊ ပုသိမ်၊ မြောင်းမြ၊ မြင်းခြံဟူ၍ ဗဟိုထောင်ကြီး (၉) ခုရှိ၏။ မိုးဆွေသည် မန္တလေးထောင်ကြီးတွင် တန္ဒေကြီးအဖြစ် အကျဉ်းသားများ၏ ချစ်ကြောက်ရိုသေခြင်းခံရပြီး မိမိ၏ထောင်သက်ကို ဖြုန်နေလေရာ တစ်နေ့မှာတော့ သူ၏စိတ်ကို လွန်စွာအနှောက်အယှက်ပေးမည့် သူနှစ်ဦးနှင့် ဆုံတွေ့ရတော့၏။

တစ်ယောက်ကား ရခိုင်ပြည်မောင်းတောမြို့မှ ဓါးပြမှုနှင့် ထောင်ကျလာသော နှစ်ကြီးသမား ရာဇဝင်လူဆိုးတစ်ဦးဖြစ်သည်။ ထိုသူ၏အမည်မှာ စောဦးဖြစ်၏။ ၎င်းသည် မိမိကဲ့သို့ ရခိုင်လူမျိုးပင်ဖြစ်ပြီး မိမိတို့ရွာ အနီးအပါးရှိ မြို့မှဖြစ်၍ ထိုသူကို သတိထားမိခဲ့၏။

သို့သော်လည်း ထိုသူကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ပေ။ ထိုသူကတော့ မိုးဆွေအား မကြာခဏကြည့်ရင်း အကဲခတ်နေလေ၏။ တစ်နေ့မှာတော့ ထိုသူသည် မိုးဆွေနှင့် စကားပြောလိုကြောင်းကို (၈) မှတ်ဟာယာမှတစ်ဆင့် ခွင့်တောင်းလေ၏။

"ကျုပ်ကို တွေ့ချင်တယ်ဆိုတာ ဘယ်လိုအကြောင်းများရှိလို့လဲ၊ အခက်အခဲ ရှိတယ်ဆိုရင် ပြောပါ၊ ကျုပ်တတ်နိုင်တာဆိုရင် ကူညီပေးပါ့မယ်"

မိုးဆွေသည် ထိုသူအကြောင်းကို အထိုက်အလျောက် သိ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးဖြစ်၍ ၄င်းပြောသာအောင် မိမိတို့ရခိုင်လေသံဖြင့် စကားခင်းပေးလိုက်၏။ ထိုသူကလည်း အားရကျေနပ်သည့် အမူအရာဖြင့် တွန့်ဆုတ်မနေတော့ဘဲ . . .

'ဒီလိုပါ တနွေကြီး၊ ကျုပ်ရောက်စကတည်းက တနွေကြီးကို သတိထားပြီး ကြည့်နေမိတာ၊ ကျုပ်တို့ဒေသဘက်မှာ တနွေကြီးကို မြင်ဖူး၊ တွေ့ဖူးသလို မှတ်တယ်၊ ပြီးတော့ တနွေကြီးဟာ ကျုပ်အင်မတန် ခင်မင်လေးစားတဲ့ မုဆိုးကြီးရွှေမောင်စိန်ရဲ့သားများ ဖြစ်နေမလားလို့ . . ."

မိုးဆွေသည် ဘာပြောလို့ ပြောရမှန်းမသိအောင် ရုတ်တရက် ငေးကြောင်သွား၏။ ထိုသူက သေချာအောင် နောက်တစ်ကြိမ်ထပ်မေးလိုက်ပြန်၏။ မိုးဆွေသည် မိမိဖခင်နှင့် အကျွမ်းတဝင် ရင်းနှီးခင်မင်သူဟူ၍ ထုတ်ဖော်ပြောလိုက်သည့် ဓါးပြဗိုလ်စောဦးကို ဝမ်းသာအားရ နှုတ်ဆက်လိုက်ပြီး . . .

"ဟုတ်တာပေါ့ဗျာ၊ နောင်ကြီးသိထားတဲ့ မုဆိုးကြီးရွှေမောင်စိန်ရဲ့သား မိုးဆွေဆိုတာ ကျုပ်ပါပဲ၊ မတွေ့သင့် မတွေ့အပ်တဲ့ နေရာမှာမှ လာပြီးဆုံရတယ်လို့ဗျာ၊ အခက်အခဲရှိလို့ အကူအညီလိုလဲ ပြောပါ၊ ကျုပ်လည်း ဒီအထဲရောက်ပြီးကတည်းက မိသားစုနဲ့ အဆက်သွယ် လုံးဝပြတ်သွားတယ်၊ ကျုပ် ဖခင်တို့ သတင်းလေးလည်း သိစမ်းပါရစေ"

မိုးဆွေက သူ၏ခါးပုံစထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်လိုက်ပြီး ထိုသူအား ညှော်ခံရင်း မေးလိုက်၏။ ထိုသူက ကျေးဇူးတင်သည့် မျက်ဝန်းဖြင့်ကြည့်ပြီး ၄င်းဆေးပြင်းလိပ်ကို မီးညှိကာ အငမ်းမရ ဖွာရှိုက်လေ၏။ အတန်ကြာသည့်တိုင် ထိုသူသည် စကားမဆက်သေးဘဲ ချည်တုံချတုံ ဖြစ်နေပြန်၏။ မျက်နှာအမူအရာကလည်း





မသာမယာ ရှိနေသောကြောင့် မိုးဆွေလည်း ထိတ်ခနဲ စိုးရိမ်သွား၏။

"ကံ . . . ကံ၏အကျိုးဆိုတာ ခုမှပဲ ယုံရတော့တယ်၊ ကျုပ်ဓါးပြမှုနဲ့ မန္တလေးထောင်ထဲ ရောက်လာတာ မိတ်ဆွေလေး ကိုမိုးဆွေအတွက် အမင်္ဂလာသတင်းဆိုးတွေ ပြောပြဖို့ လာရသလို ဖြစ်နေပြီ"

ဟုစကားကို အစချီလိုက်ပြီး မိုးဆွေ၏ဖခင် မုဆိုးကြီးရွှေမောင်စိန်သည် သူမ၏မိတ်ဆွေ မုဆိုးကြီးဦးဒေဝနှင့်အတူ တစ်စုံတစ်ခုသော လျှို့ဝှက်ချက်ဖြင့် တောထဲသို့ ထွက်သွားကြရာ တစ်လကိုးသီတင်းမျှကြာကြောင်း၊ ထိုကာလအတွင်း သူ၏သမီးလေးကြူကြူမှာ သူမနှင့် ညီအစ်မကဲ့သို့ ချစ်ခင်ရင်းနှီးသည့် ဒါလုဖြူဟူသော မိန်းကလေးနှင့် နေထိုင်ရင်း ဖခင်ကြီးပြန်အလာကို လည်တဆန့်ဆန့်မျှော်နေကြောင်း . . .

တစ်နေ့မှာတော့ သူမထံသို့ ပြန်လာသူက ဖခင်ကြီးမဟုတ်ဘဲ ဖခင်ကြီး၏မိတ်ဆွေ ဦးဒေဝသာလျှင် ပြန်လည်ရောက်လာကြောင်း၊ ဖခင်ကြီးမှာ တောတွင်းတစ်နေရာ၌ ငှက်ဖျားရောဂါစွဲကပ်ပြီး အသက်ဆုံးပါးသွားပြီဟု ၄င်းမုဆိုးကြီးက ရှင်းပြကြောင်း၊ ထို့နောက် ၄င်းကပင် ဦးရွှေမောင်စိန်အတွက် သပိတ်သွပ်ဆွမ်းကျွေးအလှူပြုလုပ်ပေးကြောင်း၊ ဆွမ်းသွပ်ပြီးသည့် နောက်ဆုံးညတစ်ညတွင် စိတ်ရောကိုယ်ပါ လွန်စွာပင်ပန်းခဲ့သော ကြူကြူမှာ နှစ်ခြိုက်စွာ အိပ်မောကျခဲ့ရာမှ နောက်တစ်နေ့နံနက်မှာပဲ ရွာမှ သူမပျောက်သွားကြောင်း . . .

သူမနှင့်အတူ သူမဖခင်၏မိတ်ဆွေကြီး ဦးဒေဝလည်း ပျောက်ချင်းမလှ ပျောက်ဆုံးနေရာ တစ်ရွာလုံး လွန်စွာစိတ်ဝင်တစားဖြစ်သွားကြကြောင်း၊ ခြောက်လခန့်မျှကြာသောအခါ သူမတစ်ယောက်တည်း ရွာသို့ပြန်ရောက်လာကြောင်း၊ ထိုအချိန်မှာတော့ သူမဟာ



www.burmeseclassic.com

www.burmeseclassic.com



အပျိုစင်လေး မဟုတ်တော့ဘဲ ကိုယ်ဝန်အရင့်အမာကြီးဖြစ်နေကြောင်း ထို့ပြင် စိတ်ကလည်း မူမမှန်တော့ဘဲ တစ်ယောက်တည်း ပြောချင်ရာပြော၊ ငိုလိုက်၊ ရယ်မောလိုက်နှင့် သနားဖွယ် တွေ့မြင်ရကြောင်း-

ထိုအခါ ညီမငယ်ပမာ သံယောဇဉ်ကြီးမားသည့် ဒါလှဖြူ ဟူသော မိန်းကလေးက အရပ်လက်သည်အား ခေါ်ယူပြီး မီးဖွားဖို့ အပ်နှံပေးကြောင်း၊ မိန်းကလေးမှာ ကိုယ်ဝန်ဆောင်နေစဉ်ကာလ အတွင်း စိတ်ဆင်းရဲမှုဝေဒနာကြောင့် ခြေလက်များဖောယောင်လာပြီး ဝေဒနာကို မချိမဆန့်ခံစားရင်းကပဲ သေဆုံးသွားကြောင်း . . .။ (ယခုခေတ် ဆေးပညာအခေါ်အရ ကိုယ်ဝန်ဆောင်အဆိပ်တက်ရောဂါဟု ယူဆရမည်ဖြစ်သည်။)

လူနေအိမ်ခြေ လွန်စွာနည်းပါးသော ရွာသိမ်ရွာငယ်လေးဖြစ်သောကြောင့် ထိုသတင်းက တစ်ရွာလုံး ပျံ့နှံ့သွားတော့၏။ ကြီးကြာအတွက် ကြီးစွာသော ကရုဏာဖြစ်ကြလေ၏။ အချို့သက်ကြီးပိုင်း ပုဂ္ဂိုလ်များက ကြိုးကြာသည် လူခြောက်ကလေးမွေး၍ ခိုက်သဖြင့် အသက်ဆုံးပါးသွားရခြင်းဖြစ်သည်ဟု ထင်ရာမြင်ရာပြောကြ၏။

လူငယ်ပိုင်းအများစုကမူ သူမသည် သူမဖခင်၏မိတ်ဆွေဦးဒေဝဟူသော မုဆိုးကြီး၏ပယောဂကြောင့် သည်းခြေပျက်ပြီး ထိုလူကြီးကြောင့်ပင်လျှင် ကိုယ်ဝန်ရရှိကာ စိတ်ဆင်းရဲမှုဒဏ်များ ဖိစီးလွန်းမက ဖိစီးခဲ့ရသဖြင့် အသက်ဆုံးရှုံးရသည်ဟု စွပ်စွဲပြောဆိုပြီးနောက် ၄င်းလူယုတ်မာမုဆိုးကြီးအပေါ် ပြန်လည်လက်တုန့်ပြန်ရန် ဒေါသတကြီး ဖြစ်နေကြ၏။

မိုး ၁ွသည် ဖခင်ကြီးနှင့် နှမဖြစ်သူတို့၏ ရင်နင့်ဖွယ် အကြောင်းများကို နားထောင်နေလျက်က ရင်တစ်ခုလုံး အသက်ရှူ





ရပ်မတတ် တင်းကျပ်ခံစားနေရ၏။ နှလုံးစိတ်ဝမ်းကြိမ်မီးအုံးပမာ ကြီးစွာသော အပူဖြင့် မိမိကိုယ်မိမိ ဆောက်တည်နိုင်စွမ်း ကင်းမဲ့သွားလေ၏။

"အဲဒီအချိန်တုန်းက ကျုပ်တို့အဖွဲ့လည်း မေယုတောင်ခြေအနီးမှာ ခိုလှုံနေတဲ့အချိန်ဖြစ်လို့ အဲဒီအဖြစ်အပျက်တွေကို အားလုံးကြားသိခဲ့ရတာပဲ၊ ကျုပ်ကိုယ်တိုင်လည်း အင်မတန် စိတ်ရင်းစေတနာကောင်းမွန်တဲ့ မုဆိုးကြီးရွှေမောင်စိန်အတွက် အလွန်ကို စိတ်မကောင်းဖြစ်မိယတ်၊ စိတ်ထဲမှာလည်း အဲဒီလူယုတ်မာမုဆိုးကြီးကိုတွေ့ရင် လက်တုန့်ပြန်မယ်လို့ ဆုံးဖြတ်လိုက်မိတယ်၊ နောက်တော့ ကျုပ်လည်း အရပ်တကာ လှည့်လည်သွားလာ ခါးပြတိုက်ရင်း နည်းနည်းလက်လွန်သွားတဲ့ အမှုနဲ့ငြိပြီး အခုလို ထောင်ထဲရောက်ခဲ့တာပေါ့"

ဟူ၍ ခါးပြဗိုလ်စောဦးသည် စကားကို အဆုံးသတ်လိုက်လေ၏။

အစဉ်သဖြင့် ပြုံးရွှင်ရယ်မော၍ သဘောကောင်းပုံရသော မိုးစွေသည် ခါးပြဗိုလ်စောဦးထံမှ မိမိဖခင်နှင့် နှမအကြောင်းကို သိရပြီးသည့်နောက်မှစ၍ အမြဲလို ငိုင်တွေငေးမောနေလျက်ရှိပြီး တစ်ခါတစ်ရံမှာတော့ ကြောက်မက်ဖွယ်ကောင်းလောက်အောင် စိတ်တိုတတ်လာသည်အထိ ပြောင်းလဲသွားတော့သည်။

ထိုသို့ဖြင့် နှစ်ကာလအချို့ ကုန်လွန်ပြီးနောက် မိုးစွေအား ဒုတိယအကြိမ်မြောက် စိတ်အနှောက်အယှက်ပေးရန် ရောက်ရှိလာသူမှာ မိတ်ဟောင်းဆွေဟောင်းကြီး မောင်မောင်မြင့်ခေါ် ဂဠုန်မောင်မြင့် ဖြစ်လေ၏။

တစ်နေ့ ထမင်းဘုတ်ကိုင်ထံမှ လူလွှတ်၍ သူ့ထံရောက်လာပြီး အကျဉ်းသားတစ်ယောက်သည် အမျိုးမျိုး စိတ်အနှောက်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ပြဿနာလုပ်နေကြောင်း လာရောက်တိုင်တန်းလေ၏။

ထောင်ကျလူသစ်တစ်ယောက်သည် ထောင်သားတို့ ထုံးစံအတိုင်း ထမင်းဟင်းဝေငှရာတွင် အကြောင်းအမျိုးမျိုးပြ၍ အပြစ်ဆိုလျက် ထမင်းဝေငှရသော ဘုတ်ကိုင်လူကြီးအား အနှောက်အယှက်ပေးနေသဖြင့် အရေးယူပါရန် တန္ဓေကြီးဖြစ်သူ မိုးစွေအား လာရောက်တိုင်တန်းသဖြင့် မိုးစွေလည်း ပြေလည်ရာပြေလည်ကြောင်း ပြောသင့်က ပြောပြပြီး ပြောမရလျှင် အကြမ်းနည်းသုံးကာ ရအောင်ပြောမည်ဟုတွေးလျက် ထမင်းဘုတ်သို့လိုက်သွားလေ၏။

"ဟိုကောင်ပဲ ဆရာ၊ ထမင်းထဲ သဲပါတယ် ပြောလိုပြော၊ ဟင်းနည်းတယ် ပြောလိုပြောနဲ့ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ပြဿနာရှာတယ်၊ ပြီးတော့ အားလုံးအပေါ်မှာ မတူမတ်သလို မောက်မောက်မာမာ ပြောသေးတယ်"

ဟု ဘုတ်ကိုင်က မိုးစွေရောက်လာသည်နှင့် ဆီးကြိုတိုင်တန်းလေတော့၏။

မိုးစွေလည်း ထမင်းဘုတ်ကိုင်လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ ရုတ်တရက် ဘာပြောရမှန်းမသိအောင် ငေးကြောင်သွားလေ၏။ အံ့ဩခြင်း၊ မယုံနိုင်အောင်ဖြစ်ရခြင်းတို့ကြောင့် ငေးကြောင်နေရာမှ အချိန်တခဏအတွင်း စိတ်ကို တည်ငြိမ်အောင် စုစည်းမိစဉ်မှာတော့ အရှိန်သေစပြုနေသည့် ဒေါသများက ပြန်လည်ရှန်းကြွသွားလေ၏။

ထိုသူမှာ လိမ်လည်မှု၊ ငွေတုလုပ်မှုများကြောင့် အပြစ်ဒဏ်ကျခံရသည့် မိတ်ဆွေဟောင်းကြီး မောင်မောင်မြင့်ပင် ဖြစ်လေ၏။

"ဒီမှာမိတ်ဆွေ အပြင်မှာ ဘယ်လိုပဲ ရွှေထီးဆောင်းခဲ့ပါစေ၊ ဘယ်လိုမင်းမျိုးမင်းနွယ်ဖြစ်နေပါစေ၊ ထောင်ထဲရောက်လာရင်





တော့ အပြင်မှာတုန်းကလို လူပေါ်လူညွှန့်ခူးလို့ မရဘူး၊ အားလုံးဟာ တစ်တန်းတစ်စားတည်းပဲ ရှိတယ်၊ ကျုပ်ပြောတာ သဘောပေါက်လား ကိုမောင်မြင့် . . ."

မောင်မောင်မြင့်သည် အပြာရောင်အကျႌဘောင်းဘီတို့ဝတ်ထားသည့် မိုးစွေကို ရုတ်ချည်းတွင် မမှတ်မိသော်လည်း မိမိနာမည်ခေါ်၍ ပြောလိုက်သည့် လေသံကို မှတ်မိသိရှိသွားပြီး သေချာကြည့်လေရာ တန္ဓေကြီးမှာ မိုးစွေဖြစ်ကြောင်း သိသွားသည်နှင့် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ဩော် . . . တန္ဓေကြီးဆိုတာ မောင်မိုးစွေပဲကိုး၊ တယ်လဲ ရာထူးဌာနန္တရကြီးနေပါလား"

ဟု သရော်ပြုံးပြုံးပြီး ထေ့လုံးရိလုံး စကားလုံးတို့ဖြင့် ပြောလေရာ မိုးစွေ၏မျက်နှာသည် ဒေါသအရှိန်ကြောင့် ရုတ်ချည်းပင် သွေးရောင်လွှမ်းပြီး နီရဲသွားတော့၏။

ရှန်းကြွပွင့်ထွက်လာမည့်ဆဲဆဲ ဒေါသကို အနိုင်နိုင်ထိန်းချုပ်ပြီး ထပ်မံ၍ ပြောလိုက်၏။

"ငွေစက္ကူအတုလုပ်၊ လိမ်လည်မှုကျူးလွန်ပြီး ထောင်ကဲရောက်တဲ့အထိ ခင်ဗျားမာနတွေက ထောင်လွှားနေတုန်းပါလား၊ ဒီမှာ ကိုမောင်မြင့် . . . အကျိုးသင့်အကြောင်းသင့် ပြောလို့မှ မရရင်တော့ ကျုပ်ကလည်း လုပ်သင့်တာကို လုပ်ရလိမ့်မယ်၊ ကဲ . . . ပေးထားတဲ့ ထမင်းနဲ့ဟင်းကို စားမလား၊ မစားဘူးလား"

အဆုံးသတ်စကားကိုတော့ လေသံတင်းတင်းဖြင့် မိုးစွေက မေးလိုက်ရာ မောင်မောင်မြင့်မှာ အနည်းငယ်မျှ မလျှော့ဘဲ ယခင်ကထက်ပို၍ စကားလုံးဖြင့် မထေမဲ့မြင် တုန့်ပြန်ပြောရာ စကားပင်ဆုံးအောင်ပြော၍ မရလိုက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှင့် လွှဲရိုက်လိုက်သည့် မိုးစွေ၏လက်ဝါးချက်ကြောင့် ပါးတစ်ပြင်လုံး ပူခနဲဖြစ်သွားပြီး ထိုင်လျက်လဲကျသွားတော့၏။ မိုးစွေ၏ဒေါသအိုးက အဆုံးစွန်ပေါက်ကွဲသွားလေပြီ။ လက်ဝါး၊ လက်သီးတံတောင်များဖြင့် ဆင့်ကာဆင့်ကာ ထိုးရိုက်လိုက်ရာ မောင်မောင်မြင့်အဖို့ မတ်တပ်ပင် မရပ်နိုင်တော့ဘဲ ညွတ်ခွေလဲကျကာ မေ့မြောသွားလေတော့၏။

* * * *



## အခန်း (၂၂)

မိုးစွေသည် မောင်မောင်မြင့်ထောင်ထဲသို့ ရောက်လာသည့်နေ့မှစ၍ စိတ်နေသဘောထားနှင့် မျက်နှာထားပါ သိသာစွာ ပြောင်းလဲသွားတော့၏။

အစဉ်သဖြင့် အပြုံးဖွဲ့ပြီး ဖော်ရွေပျူငှာစွာ နေတတ်သော မိုးစွေသည် တစ်ချိန်က လွန်စွာသဘောကောင်းခဲ့သူတစ်ယောက်ဖြစ်ခဲ့သည်ဟူ၍ပြောလျှင် ယုံကြည်ဖွယ်မရှိလောက်အောင်ပင် တင်းမာခက်ထန်ပြီး မပြောမဖြစ်သည့် စကားတစ်လုံးစနှစ်လုံးသာ ပြောတတ်သည့် စကားနည်းသူတစ်ယောက် ဖြစ်သွားလေ၏။

မိုးစွေ၏သိစိတ်နှင့် မသိစိတ်တွင် မြင့်မြတ်သောစိတ်နှင့် ရန်ငြိုးကြီးလှသော အတ္တလွန်ကဲသော စိတ်တို့က တစ်လှည့်တစ်ပြန်စီ အလူးလူး၊ အလှိမ့်လှိမ့် ခံစားနေရသောအခါ မိုးစွေ၏နှလုံး[illegible] ဝမ်းမှာ ပြည့်တင်းကျပ်ခဲပြီး နေရထိုင်ရခက်သော ဝေဒနာတို့ ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။

နောက်ဆုံးတော့ မိုးစွေသည် သတ္တဝါတစ်ခု၊ ကံတစ်ခု၊ ကံကံ၏အကျိုး၊ မေတ္တာဝါဒနှင့်သာ အနိုင်ယူရမည်ဟူသော ဗုဒ္ဓတရားကို နှလုံးသွင်းခြင်းဖြင့် ကြမ်းထော်နေသော စိတ်မှာ တဖြည်းဖြည်း နူးညံ့ပျော့ပြောင်းလာပြီး မောင်မောင်မြင့်အပေါ် ခွင့်လွှတ်နိုင်ခဲ့လေ၏။ ထိုသို့ဖြင့် ခြောက်လခန့်ကြာမြင့်သောအခါ မောင်မောင်မြင့်လည်း ပြစ်ဒဏ်ရက်စေ့ပြီးသဖြင့် လွတ်မြောက်သွားတော့၏။

"ကဲ . . . တစ္ဆေကြီးမိုးစွေ . . . ကိုယ်တော့ လွတ်ပြီ၊ ကိုယ့်ရဲ့အသားပေါ် တင်ခဲ့တဲ့ မောင်ရင့်လက်ဖဝါးလေးကို ထောင်ကလွတ်ပြီးတဲ့အချိန်အထိ ကိုယ်တစ်သက်မမေ့ဘူးဆိုတာ မှတ်ထားစမ်းပါ"

မိုးစွေသည် ပင်ကိုအားဖြင့် စိတ်သဘောထားနူးညံ့သူတစ်ယောက် ဖြစ်ပါလျက် ဆိုးပေ့မိုက်ပေ့ဆိုသော လူကြမ်းကြီးများနှင့် အရှည်သဖြင့် ကျွမ်းဝင်ရင်းနှီးဆက်ဆံနေရဖန်များသောကြောင့် ခက်ထန်ကြမ်းတမ်းလာသလို ဖြစ်ခဲ့ရ၏။

အကျိုးပေးကလေး ရှိနေသည်ဟု ယူဆရပေလိမ့်မည်။ မိုးစွေသည် ထောင်ထဲရောက်ခဲ့သော်လည်း ကြမ်းတမ်းသည့်အလုပ်မျိုး မလုပ်ခဲ့ရသလို လူဆိုးလူမိုက်များကို အုပ်ထိန်းရသည့် တန္ဓေနေရာရသဖြင့် အလုပ်အကိုင်သက်သာခြင်း၊ ထောင်မှူး၊ ထောင်ပိုင်တို့ပေးသည့် အခွင့်အရေးများကို ရရှိခြင်းတို့ကြောင့် အားလပ်ချိန်များတွင် တရားဓမ္မကျမ်းစာများကို ဖတ်ရှုခြင်းဖြင့် ထောင်ထဲရှိအချိန်များ ဖြုန်းတီး၍ ထောင်သက်ကို လျှော့လေရာ စိတ်သဘောထားမှာလည်း ကြာ့လေလေ နူးညံ့လာလေ ဖြစ်လာလေ၏။

တစ်နေ့ မိုးစွေသည် ထောင်ပိုင်ကြီးက ဆင့်ခေါ်သဖြင့် ထောင်ပိုင်ရုံးခန်းအတွင်းသို့ ရောက်လာခဲ့၏။ ဖိုင်တွဲကြီးတစ်ခုပေါ်





တွင် လက်မှတ်ရေးထိုးခြင်းဖြင့် အလုပ်ရှုပ်နေခဲ့သော ထောင်ပိုင်ကြီးက မိုးစွေကို တစ်ချက်ခေါင်းမော့ကြည့်လိုက်၏။

ထောင်ပိုင်ကြီးက မိုးစွေအား စေ့စေ့ကြည့်၍ . . .

"မောင်မင်းရဲ့ ထောင်တွင်းမှာ နေထိုင်ပုံ သိပ်ကောင်းတဲ့အတွက် ကျွန်ုပ်ဆုမှတ်ရက်ကို အပြည့်ပေးထားတယ်၊ ဒီတော့ မောင်မင်းဘုတ်တိုက်ကြည့်ပါ၊ နည်းနည်းပါးပါးလွတ်မယ်ဆို ထောင်ပိုင်လျှော့ရက် ထပ်ပေးမယ်"

ထောင်ပိုင်ကြီးကိုယ်တိုင်က ဘုတ်တိုက် (လွတ်မည့်ရက်ထောင်သက်ကို ထောင်ကျရုံးခန်းတွင် စစ်ဆေးခြင်း) ခိုင်းနေပြီဖြစ်၍ ထောင်မှလွတ်ရန် ရက်မဝေးတော့သည်ဟု သိရသည်တွင် ထူးထူးခြားခြား ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိ၏။)

"မောင်မင်း . . . ဘာများပြောစရာရှိသေးသလဲ"

ဟု ထောင်ပိုင်ကြီးက ပြောလိုက်ရာ . . .

"မရှိပါဘူးခင်ဗျာ . . ."

"ကောင်းပြီ . . . သွားနိုင်ပြီ"

မိုးစွေ၏ခြေအစုံသည် သွက်လက်လွန်းနေ၏။ မိမိမကြာမီ ကျဉ်းထဲကြပ်ထဲမှ လွတ်မြောက်ရတော့မည် ဟူသောအသိကြောင့် စိတ်အစဉ်သည် လွန်စွာပေ့ါပါးသွားလေ၏။

အခန်းထဲသို့ ပြန်ရောက်လျှင် စီစဉ်စရာ၊ လုပ်ကိုင်စရာများ ဆောင်ရွက်ပြီး ဘုရားဝတ်ပြု၍ မေတ္တာသုတ်ရွတ်ခြင်း၊ ဝါရဏပရိတ်ရွတ်ခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်းများပြု၍ တရားဘာဝနာကို နှလုံးသွင်းနေလေ၏။ ထိုသို့ဖြင့် ကာလအချို့လွန်မြောက်ခဲ့ရာ တစ်ခုသော နွေဦးရာသီ၏ နေ့တစ်နေ့တွင် မိုးစွေသည် လျှော့ရက်များစွာရရှိပြီး သတ်မှတ်ကာလထက်စောစွာ လွတ်မြောက်ခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သာမဏေအဖြစ် မရောက်ဖူး၊ မင်္ဂလာမဆောင်ဖူးသော မိုးစွေသည် ထောင်မှလွတ်ခဲ့ဖူးပေါင်းများသော်လည်း ထိုတစ်ကြိမ်မှ လွတ်သောနေ့သည် အပျော်ဆုံးနေ့ပင် ဖြစ်တော့၏။ မိုးစွေသည် ထိုနေ့တစ်နေ့လုံး ရောက်တတ်ရာရာ ခြေဦးတည့်သလို လျှောက်သွားနေပြီး ညနေစောင်းအချိန်ရောက်မှ ဆာလောင်မွတ်သိပ်မှုကို သတိရလာသဖြင့် ရုံးတော်ကြီးအနီးရှိ မြန်မာထမင်းဆိုင်လေးတစ်ဆိုင်သို့ ဝင်ခဲ့လေ၏။

ဆတ်သားခြောက်ဟင်းနှင့် ထမင်းတစ်ပွဲမှာပြီး ထမင်းငုံ့စားနေစဉ် မိမိအမည်ကို ခေါ်လိုက်သည့်အသံကြောင့် ခေါင်းကိုငုံ့စောင်းပြီးကြည့်လိုက်ရာ မမျှော်လင့်သော လူတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြပြီး မှင်သက်ငေးမောသွားလေ၏။

"မမှတ်မိတော့ဘူးလား . . . မောင်မိုးစွေ"

"မှတ်မိပါတယ် . . . ဆရာသိဒ္ဓိ၊ ရုတ်တရက် မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ တအံ့တသြ ဖြစ်သွားလို့ပါ၊ ထိုင်ပါဦးဆရာ၊ တစ်ခါတည်းလည်း ထမင်းစားသွားပါလား"

"ကိုယ် စားခဲ့ပြီးပါပြီ၊ မောင်မိုးစွေကို တွေ့လိုက်လို့ ဆိုင်ထဲဝင်လာခဲ့တာ . . ."

"ကဲ . . . ကဲ . . . မောင်မိုးစွေ၊ ထမင်းကို ပြီးအောင်စားလိုက်ပါဦး၊ ကိုယ်စောင့်နေမယ်၊ ပြီးမှ စကားလေးဘာလေး ပြောကြရင်း သွားစရာရှိတာ သွားကြတာပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်လည်း စားပြီးနေပါပြီ"

မိုးစွေက စားသောက်ခြင်းကို လက်စသတ်လိုက်ပြီး ကျသင့်ငွေကို ရှင်းပြီးနောက် ဒေါက်တာသိဒ္ဓိနှင့်အတူ လိုက်ပါရင်း ဈေးချိုဘက်သို့ လျှောက်လှမ်းလာခဲ့ကြ၏။





"ဆရာ . . ."

"ပြောပါ . . . မောင်မိုးစွေ၊ ညီလေးမှာ ပြောရခက်တဲ့ အကြောင်းရှိနေပြီဆိုတာ တွေ့ကတည်းက ကိုယ်ရိပ်မိပါတယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွယ်၊ သိသင့်သိထိုက်မယ်ဆိုလည်း အမှန်အတိုင်း ပြောစေချင်တယ်၊ ဒါမှလည်း ကိုယ့်အနေနဲ့ စိတ်ရောကိုယ်ပါ ကူညီနိုင်မှာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် ဆရာ့ကို အမှန်အတိုင်း ပြောချင်နေတာ ရှိပါတယ်၊ ကျွန်တော်လေ . . . ဒီနေ့မနက်မှ ထောင်ကလွတ်လာတာပါ"

ဒေါက်တာသိဒ္ဓိက မည်သည့်ထင်မြင်ချက်မှ ပြောဆိုခြင်းမပြုဘဲ သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်လေ၏။ ထိုအချိန်တွင် သူတို့နှစ်ဦးသည် နန်းမြို့ရိုးကျုံးအနီး ရောက်ရှိနေပြီဖြစ်ရာ ရေစပ်တွင် ဝင်ရောက်ထိုင်လိုက်ကြ၏။ အကျအန ထိုင်ပြီးသည်နှင့် ဒေါက်တာသိဒ္ဓိကစ၍ . . .

"ကဲ . . . ညီလေးမိုးစွေ၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီ၊ ရှေ့ဆက်ဘာလုပ်မယ်လို့ ညီလေးစိတ်မှာ တွေးတောဆုံးဖြတ်ထားလဲ"

ဟုမေးလိုက်ရာ မိုးစွေလည်း ရုတ်တရက် ဘာပြောလို့ပြောရမှန်းမသိ ဖြစ်သွားပြီး အတန်ကြာမျှ ငိုင်တွေသွားလေ၏။ သူသည် ပြောပြလိုက်ချင်၏။ ဘာကစပြီး ပြောရမှန်းမသိအောင် အတွေးအိမ်၌ နောက်ကျိရှုပ်ထွေးနေလေ၏။ မိမိ၏မိသားစုအကြောင်းနှင့် မိဘသဖွယ် ယုံကြည်ကိုးစားသည့် အဘမိုးမှော်အကြောင်းကို ပြောသင့်မပြောသင့် ချင့်ချိန်တွေးဆနေမိသည်။

ဒေါက်တာသိဒ္ဓိသည် သူ၏ဆရာတစ်ဆူ၊ မိဘတစ်ပါး၊ ညီရင်းအစ်ကို၊ မိတ်ဆွေရင်းချာကဲ့သို့ မိမိအပေါ်တွင် ကောင်းခဲ့သူဟူ



www.burmeseclassic.com

www.burmeseclassic.com



သည့် အချက်ကိုတွေးမိပြီး မိုးစွေသည် ရန်ကုန်ထောင်မှ လွတ်သည်ကစ၍ မန္တလေးထောင်ကျခဲ့ရသည့် ဖြစ်ပျက်မှု၊ ထောင်ထဲ၌ ကြုံတွေ့ခဲ့ရသည့် အခြေအနေအဆုံး အိတ်သွန်ဖာမှောက် မခြွင်းမချန် ပြောပြလိုက်လေ၏။

မျက်နှာထားတည်ငြိမ်သော ဒေါက်တာသိဒ္ဓိမှာလည်း မိုးစွေ၏ဘဝဇာတ်စုံကို စိတ်ဝင်စားခြင်းကြီးစွာ နားစိုက်ထောင်ရင်း အံ့ဩခြင်း၊ အလိုမကျခြင်း၊ ခံပြင်းခြင်း စသည့်ခံစားမှုများ ဖြစ်ပေါ်သွားလေ၏။ သို့သော်လည်း ဒေါက်တာသိဒ္ဓိသည် မိုးစွေအား တစ်စုံတစ်ရာ ဝေဖန်ခြင်း၊ တိုက်တွန်းပြောဆိုခြင်းမပြုဘဲ မိုးစွေပြောခဲ့သည့် စကားများထဲမှ မှတ်မှတ်ထင်ထင်ရှိလှသည့် အဘမိုးမှော်နှင့်ပတ်သက်၍ သူ၏အတွေးကို ပြောလေ၏။

"အင်း . . . ကိုယ့်အနေနဲ့ အကောင်းဆုံးအကြံပေးချင်တာက မောင်မိုးစွေရဲ့ အဘမိုးမှော်နဲ့ အမြန်ဆုံးတွေ့လိုက်စေချင်တယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း အဘမိုးမှော်နဲ့တွေ့ဖို့ ဆုံးဖြတ်ထားပါတယ်"

"အဲဒီ အဘမိုးမှော်ဆိုတာ မောင်မိုးစွေရဲ့ လက်ရှိဘဝမှာ ဥပဇ္ဈာယ်ဆရာတစ်ဆူလို့ အစ်ကိုယုံကြည်တယ်၊ တွေ့ဖြစ်အောင်သာ တွေ့ပါ၊ သူနဲ့တွေ့ရင် မောင်မိုးစွေရဲ့ ဘဝအနာဂတ်လမ်းကြောင်းဟာ တည့်မတ်ဖြောင့်ဖြူးသွားမယ်လို့ အစ်ကိုယုံကြည်တယ်၊ မောင်မိုးစွေ ရန်ကုန်မြို့ကိုရောက်ခဲ့ရင် အစ်ကို့ဆီ ဝင်လာခဲ့ပါ၊ အစ်ကိုလည်း ရန်ကုန်ထောင်ထမှုကြီး ဖြစ်ပြီးကတည်းက အလုပ်ကထွက်ပြီး ဖယ်ရာလမ်းမှာ ကိုယ်ပိုင်ဆေးခန်းလေးဖွင့်လိုက်တယ်၊ အခုတော့ အထိုက်အလျောက် နာမည်ရနေပါပြီ၊ မောင်မိုးစွေ ဘယ်လိုအခက်အခဲမျိုးဖြစ်ပစေ . . . အကူအညီလိုရင် အားမနာတမ်းပြောနော်၊





မင်းအတွက် အကောင်းဆုံးဖြစ်အောင် အစ်ကိုကူညီပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ၊ တကယ်လိုအပ်တဲ့ တစ်နေ့ကျရင် ကျွန်တော်ပြောပါ့မယ်"

သူတို့နှစ်ဦးသည် ကျုံးအနီး၌ထိုင်လျက် စကားများစွာ ပြောကြပြီးနောက် နှုတ်ဆက်ခွဲခွာခဲ့လေ၏။ ခွဲခွာခါနီးတွင် ဒေါက်တာသိဒ္ဓိဟာ ရန်ကုန်ရှိ သူ၏နေရပ်လိပ်စာကဒ်ပြားကို မိုးစွေအားပေးလေ၏။ ထို့နောက် မိုးစွေသည် ဈေးချိုဘက်ရှိ အတော်အတန် ဈေးသက်သာသော တည်းခိုဆောင်များရှိရာသို့ ထွက်လာခဲ့၏။

ထိုညအဖို့ မိုးစွေသည် ညဉ့်သန်းခေါင်ယံကျော်လွန်သည့်တိုင် အိပ်စက်နိုင်စွမ်းမရှိဘဲ တလူးလူး၊ တလိမ့်လိမ့်ဖြင့် တွေးတောမဆုံးနိုင်ဖြစ်နေတော့၏။ တဖန်တလဲလဲ ကြားယောင်နေမိသည်မှာ . . . "အဘမိုးမှော်ဆိုတာ မောင်မိုးစွေရဲ့ ဥပဇ္ဈာယ်ဆရာတစ်ဆူပဲ" ဟူ၍ အလေးအနက် ပြောဆိုခဲ့သော ဒေါက်တာသိဒ္ဓိ၏စကားပင်ဖြစ်၏။

မိုးစွေသည် ထိုညအဖို့ မေးသည်ဆိုရုံမျှသာ အိပ်စက်နိုင်ခဲ့ပြီးနောက် နောက်တစ်နေ့မနက်စောစောမှာပဲ တည်းခိုဆောင်မှ ထွက်လာခဲ့ပြီး အဘမိုးမှော်ရှိမည်ဟုထင်ရသော နေရာပေါင်းစုံသို့ သွားရောက်ရှာဖွေလေတော့၏။

ထိုသို့ရှာဖွေရင်း တစ်နေ့နံနက်ခင်းတွင် မြင်းရထားစီးလာရာမှ စိတ္တရမဟီရပ်သို့ ရောက်ရှိလာ၏။ တစ်ချိန်က မိမိနှင့် အကျွမ်းတဝင်ရှိသည့် အရပ်ဒေသဖြစ်ခဲ့၍ မိုးစွေသည် ဖျတ်ခနဲ သတိတစ်ချက်ရသွား၏။ ထိုအသိနှင့်အတူ စိတ်ထဲ၌ ကျေနပ်ဝမ်းမြောက်သည်သို့ဖြစ်သွားပြီးမှ ၎င်းခံစားမှုမှာ ရုတ်ချည်းပင် ပျောက်ကွယ်သွားလေ၏။

ထိုအရပ်မှာ မြသင်းကြူဟူသော လွန်စွာသိမ်မွေ့လှသည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးနေထိုင်ရာ အရပ်ဒေသပဲ ဖြစ်၏။ တစ်ချိန်က မိမိနှင့် အတိုင်းအတာတစ်ခုအထိ ရင်းနှီးကျွမ်းဝင်ခဲ့ရပြီးမှ မထင်မှတ်သည့် ဘေးအန္တရာယ်ကြောင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ မိုးဆွေသည် မြင်းရထားပေါ်မှဆင်း၍ တမာပင်အောက်၌ထိုင်ကာ မြသင်းကြူနှင့် တွေ့သင့်၊ မတွေ့သင့်ကို အလေးအနက် စဉ်းစားနေလေ၏။

မိုးဆွေသည် တွေ့လိုစိတ်နှင့် မတွေ့ပဲနေမည့်စိတ်တို့က တစ်ဖက်နှင့်တစ်ဖက် အားပြိုင်လွန်ဆွဲလျက်ရှိနေရာမှ အဆုံးမတော့ ဖြစ်လိုရာဖြစ်ဟူ၍ သဘောပိုက်လျက် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်တော့၏။

ဆယ်စုနှစ်နီးပါးကြာမြင့်ခဲ့သော်လည်း မြသင်းကြူဟူသော မင်းမျိုးမင်းနွယ် မိန်းမလှလေးသည် အရွယ်တင်နုပျိုလျက်ပင် ရှိနေလေ၏။ မိုးဆွေထင်ထားသလို မည်သည့်အနှောက်အယှက်မျိုးမှ မတွေ့ရဘဲ သူမနှင့် တွေ့ဆုံနိုင်ခဲ့၏။ မိုးဆွေသတိထားမိသည်မှာ သူမသည် ယခင်ကကဲ့သို့ စိတ်အားထက်သန်သည့် အမူအရာမျိုး မတွေ့ရခြင်းပင် ဖြစ်သည်။

ဧည့်ခန်းအတွင်း၌ နှစ်ဦးသားမျက်နှာချင်းဆိုင် ထိုင်မိကြသည်နှင့် မြသင်းကြူသည် ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ မိုးဆွေလည်း မည်သည့်စကားမှမဆိုဘဲ သူမငိုကြွေးနေသည်ကို ငေးကြည့်နေမိ၏။ သူမသည် အတန်ကြာ ရှိုက်ကြီးတငင် ငိုကြွေးနေပြီးမှ . . .

"ကိုမိုးဆွေ . . . ရှင် ကျွန်မကို ခုလိုကြည့်မနေသင့်ဘူး၊ ကျွန်မရဲ့ပယောဂကြောင့် ရှင်အခုလိုဖြစ်ရတာ၊ ကျွန်မကို ဒီအတိုင်းကြည့်မနေသင့်ဘူး၊ ရှင့်ရဲ့ဒေါသတကြီး ဘယ်လိုပုံစံမျိုးနဲ့ တုန့်ပြန်လာပါစေ ကျွန်မကျေကျေနပ်နပ်ခံယူဖို့ အသင့်ပါပဲ"





ဟူ၍ ရှိုက်သံရောစွက်ပြီး ပြောလေရာ မိုးဆွေလည်း သူမကို ဂရုဏာသက်စွာကြည့်ရင်း ဦးခေါင်းကို ဖြေးလေးစွာ ခါရမ်းပြီးနောက်-

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ဘာဝေဒနာမှ မရှိတော့ပါဘူး မြသင်းကြူ၊ ကျွန်တော့်ဘဝရဲ့ ကံကြမ္မာအလှည့်အပြောင်းတစ်ခုလိုပဲ ယုံကြည်ထားတယ်၊ ကျွန်တော်ခုရောက်လာတာက ပြီးခဲ့တာတွေကို အစဖော်ပြီး ရန်ငြိုးတွေနဲ့ ကိုယ့်ဘဝကိုယ် ချည်နှောင်ဖို့ မဟုတ်ပါဘူး၊ ကျွန်တော် ထောင်ကလွတ်တာ တစ်ပတ်ရှိပါပြီ၊ အဲဒီအတောအတွင်း မန္တလေးတစ်မြို့လုံး နေရာအနှံ့ အဘမိုးမှောင်ကို ရှာဖွေခဲ့တာ ဘယ်လိုမှ သတင်းအစအန မရတဲ့အဆုံး မမြသင်းကြူဆီ ရောက်လာရတာပါ"

မြသင်းကြူသည် မိမိတွေးထင်ထားသည်ထက် သဘောထားပြည့်ဝသည့် မိုးဆွေကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ငေးကြည့်နေရာမှ မိုးဆွေသာလျှင်မဟုတ်။ ထို့နောက်ပိုင်း သူမရင်ဆိုင်ကြုံတွေ့ရသည့် ကြေကွဲဖွယ်ရာများကို အလုံးစုံရှင်းပြလေတော့၏။

သူမသည်လည်း ဘဝတစ်သက်လုံး ရည်ရွယ်မှန်းဆခဲ့သည့် မျှော်လင့်ချက်များမှာ တည့်မတ်နိုင်စွမ်းမရှိလောက်အောင် အလုံးစုံ ပျက်စီးသွားခဲ့လေ၏။ သူမ၏အစ်ကိုတော် မောင်မောင်မြင့်ကြောင့် ဖြစ်၏။

သူမတို့သည် မင်းမျိုးမင်းနွယ်များဖြစ်ကြပြီး မြန်မာနိုင်ငံ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်းအတွက် သာမန်ပြည်သူလူထုထက်ပို၍ နာကျည်းခံစားခဲ့ရ၏။ တစ်ချိန်က သူမ၏အဖိုးနှင့် အဘမိုးမှောင်တို့မှာ လွန်စွာချစ်ခင်ကျွမ်းဝင်ကြသူများဖြစ်ရာ အဘမိုးမှောင်က သူမ၏အဖိုးကို မင်းမျိုးမင်းနွယ်ဟူသော အစဉ်အလာဖြင့် ရိုကျိုးဝပ်တွားစွာ အမှုတော်ထမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အဖိုးမရှိတော့သည့်နောက်ပိုင်း အဖိုး၏အနွယ်တော် သူမတို့ကိုလည်း မင်းမျိုးမင်းနွယ်ဟူသည့် အစဉ်အလာဖြင့် တလေးတစား ဆက်ဆံခဲ့လေ၏။ ထိုမျှသာမက မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းရာမှာလည်း အရေးပါသည့် အခန်းကဏ္ဍတွင် နေရာပေးပြီး လက်တွဲခေါ်ဆောင်ခဲ့၏။ ၎င်းဆက်ဆံမှုကို အခွင့်ကောင်းယူပြီး ကိုယ်ကျိုးအတွက်ကို ရှေ့တန်းတင်ကာ မလုပ်သင့်မလုပ်ထိုက်သည်များကို လုပ်ဆောင်သွားသည့် သူမ၏အစ်ကိုတော်ကြောင့် အဘမိုးမှော်၏လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာသွားသလို မိုးစွေနှင့်တကွ မိမိမှာလည်း ဒုက္ခသုက္ခများ ရင်ဆိုင်ခဲ့ရ၏။

မောင်မောင်မြင့်သည် အဘိုး၏ပုရပိုက်ကို မသမာနည်းနှင့် ရယူခဲ့ပြီး တစ်ထွာတစ်မိုက်အသိဉာဏ်လေးဖြင့် ကြိုးစားသော်လည်း အချိန်သာကုန်ပြီး ဘာတစ်ခုမှ ဖြစ်မလာသည့်အဆုံး ၎င်းပုရပိုက်ကို ညီမဖြစ်သူ မြသင်းကြူထံ ပြန်လည်ပေးလေ၏။ သူမသည် ပုရပိုက်ပြန်ရသည်နှင့် အဘမိုးမှော်ထံသို့ အလျင်အမြန်သွားရောက်ပြီး ပေးအပ်ခဲ့၏။

ထို့နောက်ပိုင်း သူမတို့မောင်နှမနှစ်ဦး၏ ဆက်ဆံရေးမှာ အတွေးအခေါ် စရိုက်သဘာဝမတူညီမှုများကြောင့် တဖြည်းဖြည်း တင်းမာလာခဲ့၏။ မောင်မောင်မြင့်သည် မင်းမျိုးမင်းနွယ်ဟူသော အရှိန်အဝါဖြင့် လူကုံထံအသိုင်းအဝိုင်းများ၊ မျက်နှာဖြူထိပ်တန်းအစိုးရပုဂ္ဂိုလ်ကြီးများ အသိုင်းအဝိုင်းတွင် ဝင်ဆန့်အောင်နေထိုင်ပြီး မသမာသည့်နည်းလမ်းများဖြင့် စီးပွားရှာလေ၏။

ထိုအသိုင်းအဝိုင်းများကြားတွင် ဂျူနီမောင်မြင့်ဟူ၍ ကိုယ့်ကိုယ်ကို အမည်ခံပြီး ဆိုးသွမ်းနေသည့် လူပေလူတေများကို တပည့်မွေးကာ အုပ်စုဖွဲ့လေ၏။ မျက်နှာဖြူအစိုးရကို မျက်နှာလုပ်ပြီး ကိုယ့်





တိုင်းပြည်ကိုယ့်လူမျိုး၏မျက်နှာကို အနည်းငယ်မျှ ထောက်ထားညှာတာမှုမရှိဘဲ ထင်ရာစိုင်းနေတော့၏။

မောင်မောင်မြင့်၏ ဆိုးသွမ်းမိုက်မဲမှုများမှာ တဖြည်းဖြည်း အရှိန်အဟုန်မြင့်လာပြီး မောင်ရင်းနှမဟူသည့် မျက်နှာကိုမှ မထောက်ထားဘဲ သူ့အကျိုးအတွက် သူမကိုယ် မျက်နှာဖြူထိပ်တန်းအရာရှိတစ်ဦးနှင့် နီးစပ်အောင် စီစဉ်ပြီး အပျော်မယားအဖြစ် ပေါင်းသင်းရန်ကိုပင် ကြံစည်ခဲ့၏။

သူမသည် ထိုအဖြစ်ကို ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံး မောင်နှမနှစ်ဦး၏ သံယောဇဉ်ဟူသမျှကို အဆုံးတိုင်ဖြတ်တောက်လိုက်တော့၏။ ထိုမျှသာမက မောင်မောင်မြင့်သည် အဘမိုးမှော်ကိုလည်း လွန်စွာနှောက်ယှက်ခဲ့လေ၏။

အဘမိုးမှော်သည် လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က မြန်မာ့နန်းတွင်းစစ်သည်ရဲမက်တစ်ဦးဖြစ်ပြီး မျက်နှာဖြူအစိုးရကို ရှပ်ရှပ်ချွံချွံ တော်လှန်တိုက်ခိုက်ခဲ့သည့် စစ်သည်ရဲမက်တစ်ဦးဖြစ်သည်။ ထိုစဉ်ကတည်းက အဘမိုးမှော်အပါအဝင် စစ်သည်ရဲမက်အတော်များများကို မျက်နှာဖြူအစိုးရတို့ အင်အားသုံးပြီး လိုက်လံဖမ်းဆီးခဲ့သော်လည်း အချို့ကိုသာ ဖမ်းဆီးရမိပြီး အဘမိုးမှော်တို့မှာ လွတ်မြောက်သွားခဲ့၏။

မောင်မောင်မြင့်မှာ ထိုအကြောင်းကို အလုံးစုံသိထားသူဖြစ်ရာ မျက်နှာဖြူအာဏာပိုင်များနှင့် အပေးအယူလုပ်ပြီး ဦးမိုးမှော်ကို သူကိုယ်တိုင်ဖမ်းဆီးရန် ကြိုးစားလေ၏။ ထိုအဖြစ်ကို ရိပ်မိနေသည့် မြသင်းကြူက လက်မတင်ကလေး သတင်းပေးနိုင်ခဲ့၍သာ အဘမိုးမှော်လွတ်မြောက်သွားခြင်း ဖြစ်၏။

"အဲဒီတုန်းက အစ်ကိုတော်ရဲ့လုပ်ရပ်တွေအပေါ် ရှက်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မကိုယ်ကျွန်မ သတ်သေချင်စိတ်တောင် ဖြစ်ရပါတယ်၊ အစ်ကိုတော်ဟာ အင်္ဂလိပ်အလိုတော်ရိ လုံးလုံးဖြစ်သွားပြီလေ၊ အဲဒီအချိန်ကစပြီး ကျွန်မရဲ့အစ်ကိုတော်လို့ သူ့ကို မသတ်မှတ်တော့ဘဲ ဝတ်လုံတော်ရရှေ့နေတွေနဲ့ ဘိုးဘွားပိုင်အမွေအနှစ်တွေကို မောင်နှမနှစ်ယောက် ခွဲဝေလိုက်တယ်၊ ပြီးတော့ ကျွန်မရဲ့ဆန္ဒအတိုင်း သူ့ကို အစ်ကိုတော်အဖြစ် မသတ်မှတ်တော့ကြောင်း၊ နောက်နောင်ဘယ်လိုမှလည်း ဆက်နွယ်ပတ်သက်မှုမရှိတော့ကြောင်း သတင်းစာ၊ ဂျာနယ်တွေထဲကတဆင့် ဖော်ပြလိုက်တယ်။

သူဟာ အကုသိုလ်အလုပ်တွေနဲ့ သာယာနေပေမယ့် ကံအရှိန်လေးက ရှိနေတော့ လုပ်တိုင်းဖြစ်နေတာကို အဟုတ်ကြီးထင်နေခဲ့တယ်၊ မထင်မှတ်တဲ့ ကံကြမ္မာအလှည့်အပြောင်းနဲ့ ကြုံတွေ့ရတော့ သူလည်း ဘာမှမတတ်နိုင်ဘူး ဖြစ်သွားတယ်၊ ငွေစက္ကူအတုလုပ်မှု၊ လိမ်လည်မှုတွေနဲ့ ထောင်ကျသွားတယ်လေ၊ ထောင်က ထွက်လာပြီးတော့လည်း ကျွန်မကြားသိရသလောက် အမြင်မှန်ရတာမျိုး မရှိဘဲ ပိုလို့တောင် ဆိုးနေသေးတယ်"

မြသင်းကြူသည် ရှည်လျားစွာ ပြောဆိုလိုက်ရ၍ အတန်ငယ် မောပန်းသွားသည်ထင်၏။ ရေတကောင်းမှရေကို ဖန်ခွက်တွင်ငှဲ့ထည့်လိုက်ပြီး အားပါးတရ သောက်လေ၏။

မိုးစွေသည် ထောင်ထဲ၌ မောင်မောင်မြင့်နှင့် တွေ့ဆုံစဉ်ကတည်းက ထိုသူ၏အကျင့်စရိုက်ကို သိရှိခဲ့ပြီးဖြစ်ရာ ထူးပြီး အံ့ဩခြင်းမဖြစ်မိပေ။ စိတ်မကောင်းဖြစ်ရသည်မှာ ၎င်းကြောင့် အဘမိုးမှောင်၏လုပ်ငန်းစဉ်များ ကြန့်ကြာနှောင့်နှေးခဲ့ရပြီး မည်သို့မည်ပုံ အစပျိုးရမည်မှန်းမသိအောင် ဖြစ်သွားရ၏။

"အဘမိုးမှောင်အတွက်တော့ စိတ်မကောင်းစရာပေါ့မှာ





အဘမိုးမှောင်က ကိုမောင်မောင်မြင့်နဲ့ မျက်နှာဖြူအစိုးရတို့ထင်သလို ကြက်ကလေး၊ ငှက်ကလေးလို ဖမ်းလို့ရမယ့် လူမျိုးမဟုတ်ဘူး၊ ဒီလူတွေ အဘမိုးမှောင်ကို လျှော့တွက်မှားတာပေါ့၊ အဘမိုးမှောင်ဟာ ဂျစ်ပဆီမိုးမှောင်ဆိုတဲ့ အမည်နဲ့လိုက်အောင် ကြောင်တစ်ကောင်လိုလည်း ပေါ့ပါးတယ်၊ ကျားရိုင်းတစ်ကောင်လိုပဲ ရဲစွမ်းသတ္တိရှိတယ်၊ မြွေတစ်ကောင်လိုပဲ အဆိပ်ပြင်းတယ်၊ ကျွန်တော် ယုံကြည်ပါတယ်၊ တစ်နေ့ အဘမိုးမှောင်နဲ့ ကျွန်တော်ပြန်လည်တွေ့ဆုံကြမှာပါ၊ ကျွန်တော့်အထင်ပြောရရင် အဲဒီအချိန်မှာ မမြသင်းကြူအတွက်လည်း အဘမိုးမှောင် တစ်ခုခုစဉ်းစားပြီး ဖြစ်နေပါလိမ့်မယ်"

မြသင်းကြူသည် မိုးစွေနှင့် စကားပြောနေရသည်မှာ စိတ်ပျက်အားငယ်နေသည့် ခံစားမှုများ ကွယ်ပျောက်သွားပြီး မျှော်လင့်ချက်ရောင်ခြည်များ တွေ့မြင်လိုက်သလို စိတ်အားတက်ကြွသွားလေ၏။

မိုးစွေသည် အတန်ကြာ စကားပြောဆိုပြီးနောက် ပြန်ရန်ဟန်ပြင်လိုက်ရာ မြသင်းကြူက ကပျာကယာ ဟန့်တားလိုက်ပြီး . .

"အဘမိုးမှောင်ဟာ တကယ့်ကို ဉာဏ်အမြော်အမြင် ကြီးမားပါပေတယ်၊ အဘက ကျွန်မဆီကို ကိုမိုးစွေရောက်လာမှာကို ကြိုသိထားပုံရတယ်၊ ဒါကြောင့် ကိုမိုးစွေရောက်လာရင်ပေးဖို့ စာအိတ်တစ်အိတ်ပေးထားတယ်၊ ပြီးတော့ ကိုမိုးစွေသုံးစွဲဖို့ ရွှေစအနည်းငယ်နဲ့ ငွေအချို့ပေးခဲ့တယ်"

ဟုပြောပြီး စာအုပ်စင်ရှိရာသို့သွားကာ စင်ပေါ်တွင် တရိုတသေ သိမ်းထားသော စာအိတ်တစ်အိတ်နှင့် ကတ္တီပါအိတ်လေးတစ်လုံးကိုယူလာပြီး မိုးစွေအား ပေးလေ၏။

မိုးစွေလည်း အချိန်မဆိုင်းဘဲ စာအိတ်ကို ဖွင့်ဖောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ စာမှာတစ်စောင်တည်းမဟုတ်ဘဲ နှစ်စောင်ဖြစ်နေသည်ကို တွေ့ရ၏။ တစ်စောင်က စာရွက်အတိုလေးဖြစ်ပြီး နောက်တစ်စောင်မှာ စာမျက်နှာသုံးမျက်နှာခန့်ရေးထားသည့် စာရှည်ကြီးဖြစ်သည်။

စာရှည်ကြီးကို တည်းခိုဆောင်ရောက်မှ ဖတ်မည်ဟု ဆုံးဖြတ်ပြီး အိတ်ထဲသို့ ပြန်ထည့်လိုက်၏။ စာတိုလေးကိုတော့ ထိုနေရာမှာပင် ဖတ်ရှုလိုက်ရာ မိုးစွေနှင့်အတူ မြသင်းကြူလည်း မျက်မှောင်လေးတွန့်ကွေးလျက် စဉ်းစားမရအောင် ဖြစ်သွား၏။

"ပါဠိစာနှစ်ကြောင်းတည်း ရေးထားတယ်၊ ဘာအဓိပ္ပါယ်နဲ့ ဘယ်လိုသဘောလဲ မသိဘူး" ဟုပြောပြီး စာရွက်လေးကို မြသင်းကြူထံ ကမ်းပေးလိုက်၏။

အက္ကောစ္ဆိမံ အဝဓိ မံ အဟောသိမေ။

ယေခ တံ ဥဂနယှန္တိ၊ ဝေရံ တေသံ နသမ္မတိ။

မြသင်းကြူသည် အတန်ကြာမျှ စူးစိုက်ဖတ်ရှုရင်း ကော့ညွတ်နေသော နှုတ်ခမ်းသားလေးမှာ ပြုံးယောင်သန်းသွားပြီး . . .

"အင်း . . . အဘမိုးမှော်က ကိုမိုးစွေကို အဓိပ္ပါယ်ရှိရှိ သတိပေးဆုံးမသွားတာပဲ"

ဟုပြောလိုက်ပြီး အဓိပ္ပါယ်ကို ရှင်းပြလေ၏။

"အဲဒီပါဠိစာပုဒ်ဟာ တစ်ခြားမဟုတ်ဘူး၊ ဓမ္မပဒကျမ်းရဲ့ ပထမဝဂ္ဂဖြစ်တဲ့ ယမကဝဂ္ဂထဲကလေ၊ တစ်စုံတစ်ယောက်သည် မံ၊ ငါ့ကို အက္ကောစ္ဆိ၊ ဆဲရေး၏။ မံ၊ ငါ့ကို အာဓိ၊ ညှင်းဆဲ၏။ မံ၊ ငါ့ကို အာဇိနိ၊ အောင်နိုင်ခဲ့၏ . . . တဲ့။

ပြီးတော့ . . . မေ၊ ငါ၏ဥစ္စာကို အဟောသိ၊ ခိုးယူ၏။ ဤသို့ ယေစ၊ အကြင်သူတို့သည် တံ (ကောစံ) ထိုအချက်ကို ဥပနယှန္တိ စိတ်ထဲ၌ မြဲမြံစွာ ဖွဲ့ထားကြကုန်၏။ တေသံ၊ ထိုရန်ညိုးဖွဲ့ထား





သော သူတို့အား ဝေရံ၊ ရန်သူသည် နသမ္မတိ၊ မအေးငြိမ်းချေလို့ ဆိုထားတာပေါ့"

"ဆိုလိုတဲ့သဘောက ရန်ကိုရန်နဲ့ မတုန့်ပြန်ဖို့ ဆိုလိုတာပေါ့နော်"

"အဟုတ်ပေါ့ ကိုမိုးစွေရယ်၊ အဘမိုးမှော်က ကိုမိုးစွေအကြောင်းကို အလုံးစုံသိနေလို့ ဒီလိုမှာခဲ့တာ ဖြစ်မယ်၊ နောက်စာတစ်စောင် ကျန်သေးတယ် မဟုတ်လား၊ အဲဒါကို ဖတ်ပြီးရင်တော့ ကိုမိုးစွေ ပိုပြီးနားလည်သွားမယ် ထင်ပါရဲ့၊ ကျွန်မအထင်တော့ ကိုမိုးစွေကို နောက်ထပ်ရန်မီးတွေ မပွားစေချင်တဲ့ စေတနာမျိုး ဖြစ်ပါလိမ့်မယ်"

"ဟုတ်မှာပါလေ၊ ကျွန်တော့်သဘောလည်း အဲဒီအတိုင်းပဲရှိပါတယ်၊ အခုလို ရှင်းပြတဲ့အတွက် မမြသင်းကြူကို ကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်ပြီး ပင့်သက်ကို လေးပင်စွာ ချလိုက်လေ၏။ ထို့နောက် မိုးစွေသည် အနီရောင်ကတ္တီပါအိတ်လေး၏ကြိုးကို ဖြည်လိုက်ပြီး ဖွင့်ကြည့်လိုက်ရာ ကာလတန်ဘိုးအတော်အတန်ရှိမည့် ရွှေတိုရွှေစ အနည်းငယ်နှင့် ငွေတစ်သောင်းခန့်ကို တွေ့ရလေ၏။ မိုးစွေအဖို့ ငှင်းငွေတန်ဖိုးမှာ လိုတာထက်ပင် အဆများစွာ ပိုလျှံနေပြီဖြစ်၏။

အပြန်လမ်းတစ်လျှောက်တွင် မိုးစွေသည် အဘမိုးမှော်မှာကြားသည့် စကားများအပေါ် အားရကျေနပ်မှုဖြင့် စိတ်လက်ပေါ့ပါးသလို ခံစားရလေ၏။ မိုးစွေသည် အန္တေဝါသိက တပည့်ပီသစွာ အဘမိုးမှော်မှာကြားသော စကားများကို တသွေမတိမ်းလိုက်နာရန် အခိုင်အမာ ဆုံးဖြတ်ထားပြီးဖြစ်၏။ "အက္ကောစ္ဆိမံ" အစချီသော



www.burmeseclassic.com

www.burmeseclassic.com



ဂါထာလေးကို နှုတ်ဝယ်ဖွဖွရွတ်ဆိုရင်း ရင်၌ဖော်ပြရန် မစွမ်းသာသည့် ခံစားမှုမျိုး ဖြစ်တည်လာလေ၏။

မိုးစွေသည် အဘမိုးမှောင်မရှိသည့်နောက် မန္တလေးတွင် နေ၍လည်း ထူးတော့မည်မဟုတ်သဖြင့် မည်သည့်အရပ်ဒေသသို့ သွားရောက်ရမည်မှာ ဝေခွဲမရဖြစ်နေမိ၏။ ဖခင်ကြီးနှင့် နှမငယ်ကြီးကြာတို့လည်း လောကကြီးအလည်တွင် မိမိအား တစ်ယောက်တည်း ထားခဲ့ကြလေပြီ။ မိုးစွေ၏ဘဝတွင် သံယောဇဉ်နှောင်တည်စရာ တစ်ဦးသာလျှင် ရှိကော့၏။

ထိုသူမှာ မိမိဒေသမှ ဒါလ့်ဖြူဟူသော မိန်းကလေးပင် ဖြစ်၏။ ဒါလ့်ဖြူကို သတိရလိုက်မိသည့် အခိုက်အတန့်မှာပဲ မိုးစွေ၏ ယောင်လည်လည်အတွေးမှာ ရုတ်ချည်းပင် လင်းပွင့်သွား၏။ မိမိ တွယ်တာချစ်မြတ်နိုးရသူလေးနှင့်လည်း တွေ့ဆုံပြီး ဖခင်ကြီးနှင့် နှမငယ်တို့ ခေါင်းချသွားသည့်နေရာကိုလည်း ကြည့်ရှုကန်တော့လိုသည့် စိတ်အတွေးမျိုး ဖြစ်ပေါ်သွားလေ၏။

ထို့နောက် မိုးစွေသည် ဆိုင်းမနေတော့ဘဲ မိမိနေရပ်ဒေသသို့ အားချင်းထွက်ခွာခဲ့တော့၏။ ထိုသို့ထွက်လာရင်း လမ်းခရီးတွင် မထင်မှတ်သည့် အနှောက်အယှက်နှင့် ရင်ဆိုင်ခဲ့ရပြန်၏။ မျက်နှာဖြူအလိုတော်ရိ မောင်မောင်မြင့်နှင့် စစ်တွေသဘော်ဆိပ်အနီးရှိ လက်ဖက်ရည်ဆိုင်လေးတွင် တွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။

(၄င်းတို့နှစ်ဦးတွေ့ဆုံပြီး မည်သို့မည်ပုံ ပဋိပက္ခဖြစ်ကြသည်ကို ဤဝတ္ထု၏ ရှေ့အဖွင့်အခန်းတွင် စာဖတ်ပရိသတ်များ ဦးဦးဖျားဖျား ဖတ်ရှုစေလိုသည့် စေတနာဖြင့် ရေးသာဖော်ပြခဲ့ပြီး ဖြစ်ပါသည်။
စာရေးသူ)

မိုးစွေသည် အဘမိုးမှောင် မှာကြားခဲ့သည့် အဆုံးအမတို့





သေတပန်သက်တစ်ဆုံး လိုက်နာမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ရာ "အက္ကောဓဿမိံ" အစချီဂါထာလေးကိုရွတ်ရင်း ရန်မူလာသည့် မောင်မောင်မြင့်ကို ရှောင်ခဲ့သော်လည်း ဘယ်လိုမှမလွှဲသာသည့် အခြေအနေကြောင့် လက်တုန့်ပြန်ခဲ့ရ၏။

ဖခင်ကြီးခေါင်းချသွားသော ရွာကလေးသို့ ရောက်သောအခါ ညအချိန်ဖြစ်၍ တစ်ရွာလုံး တိတ်ဆိတ်နေလေ၏။ သို့သော်လည်း တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ထွက်ပေါ်လျက်ရှိသည့် ယက္ကန်းခတ်သံနှင့် သီချင်းသံလေးက မိုးစွေ၏စိတ်ကို ညွတ်နူးသွားစေ၏။ မိုးစွေ၏ခြေလှမ်းများက ထိုအသံကို ကြားလိုက်သည်နှင့် တုန့်ကနဲ ရပ်တန့်သွား၏။

ခြေလှမ်းတွေက ၄င်းယက္ကန်းသံလေးထွက်ပေါ်ရာ ခြံဝန်းအတွင်း ဦးတည်လိုက်ပြီးမှ ရုတ်ချည်းပင် ဦးတည်ချက်ပြောင်းသွား၏။ ယက္ကန်းသံလေးနှင့် တေးသီဆိုသံလေးမှာ မိမိလွန်စွာမြတ်နိုးတွယ်တာရသော ဒါလ့်ဖြူ၏အသံလေးပင် ဖြစ်၏။

စိတ်ကိုတည်ငြိမ်အောင် စုစည်းလိုက်ပြီးနောက် သူသည် ရှေ့ဆက်လျှောက်ခဲ့ရာ ဖခင်ဖြစ်သူနှင့် နှမငယ်လေးတို့ နေထိုင်ကြသော အိမ်မြေကွက်ကို ရင်နင့်စဖွယ် တွေ့ရလေ၏။

အိမ်ဟူ၍ မည်ကာမတ္တသာလျှင် ရှိတော့၏။ ခေါင်မရှိ၊ အမိုးမရှိ၊ အကာမရှိ၊ အခင်းတွေကလည်း ဟိုစုတ်၊ ဒီစုတ်၊ ထိုင်ရန်ဝေးစွ၊ လမ်းလျှောက်လျှင်ပင် ကျွံကျလုမတတ် ရှိနေတော့၏။ မိုးစွေသည် အိမ်ဝိုင်းကလေးကို စိတ်မကောင်းခြင်းကြီးစွာဖြင့် တစ်ပတ်ပြည့်အောင် လှည့်ပတ်ကြည့်ရှုနေစဉ် ဖခင်ကြီးပြောခဲ့သော စကားများကို ပြန်လည်၍ ကြားယောင်နေမိသည်။

"အရွယ်ရောက်လာရင် သားလည်း အဖေ့လို မုဆိုးကြီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ၊ ငါတို့ဆီက ရိုးရာတောလိုက်နည်း၊ သားကောင်ချောင်းနည်းတွေနဲ့ ခေတ်မီလက်နက်တွေကို ပေါင်းစပ်လိုက်ရင် တစ်တောလုံး သားကောင်မှန်သမျှ နေစရာမရှိ ပြေးစရာမရှိ ဖြစ်သွားမယ်၊ သားကို မျိုးချစ်သူရဲကောင်းကြီးတစ်ဦး အမှတ်တရပေးသွားတဲ့ လက်နက်တစ်ခုရှိတယ်၊ အဖေအနားယူသွားတဲ့အချိန်မှာ သားကို အမွေအဖြစ် ပေးခဲ့မယ်"

မိုးစွေ၏မျက်ဝန်းအစုံက မျက်ရည်စများ ခိုတွယ်ကျဆင်းလာ၏။

"အဖေ . . . အဖေရေ၊ ညီမလေး . . . မိကြိုးကြာ . . . ကြိုးကြာရေ . . ." ဟု အော်ခေါ်လိုက်ချင်၏။

မိုးစွေသည် အောက်နှုတ်ခမ်းကို သွားနှင့်ဖိကိုက်ထားရာ သွေးများပင် စို့လာ၏။ နှုတ်ခမ်းပင် ပြတ်လုမတတ်ဖြစ်သွား၏။ နောက်ဆုံးစိတ်တည်ငြိမ်မှုရသောအခါ အဖေပြောခဲ့သောနေရာတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ဓါးနှင့် မြေကြီးကို တူးဆွလေရာ မကြာမီ မိုးစွေလက်ထဲသို့ ပြောင်းရှည်သေနတ်တစ်လက် ရောက်ရှိလာတော့၏။

၎င်းသေနတ်မှာ ဒဿမ ၃၅၇ မဂ္ဂနမ်ရိုင်ဖယ်တစ်လက်ပင် ဖြစ်တော့၏။

* * * *



## အခန်း (၂၃)

စစ်တွေသင်္ဘောဆိပ်အနီးရှိ လက်ဖက်ရည်ဆိုင်လေးအတွင်း၌ လဲကျကျန်နေရစ်ခဲ့သော မောင်မောင်မြင့်သည် နာရီဝက်ခန့် သတိလစ်သွားခဲ့ပြီး ပြန်လည်သတိရသောအခါ သူ့အား ဝိုင်းအုံကြည့်နေကြသော လူအုပ်ကြီးကို တုန့်ပြန်ကြည့်ရင်း အူကြောင်ကြောင် ဖြစ်နေတော့၏။

နားထဲတွင် လေတိုးသံကဲ့သို့ တဝီဝီ မြည်နေလေ၏။ မျက်လုံးအစုံက မှုန်ရီဝိုးတဝါး ဖြစ်နေသေး၏။ ဆိုင်အတွင်းရှိ လူများမှာ မောင်မောင်မြင့်ကို မြင်ဖူးတွေ့ဖူးသူများ မဟုတ်ကြ၍ ရုတ်တရက် ဝင်ရောက်ကူညီဖို့ မဝံ့မရဲ ဖြစ်နေကြ၏။ အထူးသဖြင့် ဘာသာစကား မတူကွဲပြားနေသောကြောင့် ဖြစ်သည်။ မောင်မောင်မြင့်၏စကားသံမှာ မြန်မာစကားသံဖြစ်ရာ သူတို့စကားနှင့် ကွဲပြားနေသဖြင့် သိသာထင်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်ဟု ယူဆရသော ပုဂ္ဂိုလ်ကြီးတစ်ဦးက သူ၏အနီးသို့ တိုးကပ်လာပြီး . . .

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျား အဆင်ပြေရဲ့လား၊ ကျုပ်ဘာကူညီပေးရမလဲ" ဟုမေးလိုက်ရာ မောင်မောင်မြင့်မှာ ဘာမှမခံစားရသလို အမူအရာဖြင့် ပြုံးလိုက်ပြီး . . .

"ရပါတယ် . . . ကျွန်တော်ဘာမှမဖြစ်ပါဘူး၊ ကျုပ်တို့က မိတ်ဟောင်းဆွေဟောင်းတွေပါ၊ ပြဿနာမရှိကြပါဘူး" ဟုပြောပြီး ပတ်ဝန်းကျင်ကို ဖျတ်ခနဲ ဝေ့ကြည့်လိုက်ပြီးနောက် . . .

"ကျွန်တော့်မိတ်ဆွေလေး ဘယ်ဘက်ကိုများ ထွက်သွားပါသလဲ"

"သူသင်္ဘောဆိပ်ဖက်ကို ဆင်းသွားတာ နာရီဝက်လောက်ရှိသွားပြီ၊ ကျုပ်အထင် ဘူးသီးတောင်မြို့ကိုသွားတဲ့ သင်္ဘောနဲ့လိုက်သွားတာ ဖြစ်လိမ့်မယ်"

"သေချာတာပေါ့ . . . အဲဒီလူ သင်္ဘောပေါ် တက်သွားတာ ကျွန်တော်ကိုယ်တိုင် တွေ့လိုက်တယ်"

ထိုသို့ပြောလိုက်သူမှာ မောင်မောင်မြင့်၏ နောက်ကျောဖက်တွင်ရပ်နေသော ကုလားဒိန်တစ်ဦးဖြစ်သည်။ သတင်းမှာ တိကျခိုင်မာသွားလေပြီ။ မောင်မောင်မြင့်သည် သူသာနားလည်သည့် အပြုံးမျိုးပြုံးလိုက်ပြီး ဆိုင်ထဲမှထွက်ကာ သင်္ဘောဆိပ်သို့ လျှောက်လှမ်းသွားလေ၏။

သင်္ဘောထွက်ခွာသွားသည်မှာ ဆယ့်ငါးမိနစ်ခန့် ရှိခဲ့ပြီဖြစ်၍ သင်္ဘောဆိပ်တွင် လူရှုပ်ထွေးမှုမရှိတော့ပေ။ သင်္ဘောခရီးစဉ်မှာ နေ့စဉ်ရှိသော်လည်း တစ်နေ့လျှင် တစ်ကြိမ်သာ ထွက်ခွာ၏။ နေ့စဉ် နံနက်ရှစ်နာရီအချိန်တွင် ထွက်ခွာခြင်း ဖြစ်သည်။





"မင်းနဲ့ငါ ပြန်ဆုံရဦးမှာပေါ့ မိုးရွှေရာ" ဟု စိတ်ထဲမှ ကြုံးဝါးလိုက်ပြီး စဉ်းလဲကောက်ကျစ်စွာ ပြုံးလိုက်လေ၏။

မိုးရွှေထွက်ခွာသွားသည့် ခရီးစဉ်သည် ကံအားလျော်စွာပင် မိမိသွားလိုသည့်ခရီးနှင့် တစ်လမ်းကြောင်းတည်း ဖြစ်နေခြင်းက ကံကြမ္မာ၏ဆိုးဝါးသော တိုက်ဆိုင်မှုဟူ၍ ယူဆရပေလိမ့်မည်။

မောင်မောင်မြင့်သည် ထိုဒေသတွင် အင်္ဂလိပ်မျက်နှာဖြူ ပုဂ္ဂိုလ်ကြီးအချို့နှင့် ပူးပေါင်းပြီး လွန်စွာနက်ရှိုင်းသည့် တောနက်ကြီးများအတွင်း သွားရောက်ပြီး ရှေးဟောင်းဘုရားစေတီပုထိုးများ၏ ဌာပနာတိုက်ကို တူးယူရန် ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ထိုနေ့အဖို့ မောင်မောင်မြင့်သည် ကမ်းရိုးတန်းသင်္ဘော ထွက်ခွာသွားပြီဖြစ်၍ ရှေ့ခရီးဆက်ရန် မဖြစ်နိုင်တော့ပြီမို့ ၎င်းဆိပ်ကမ်းအနီးရှိ တည်းခိုဆောင်တစ်ခုတွင် တစ်ညတာ တည်းခိုအိပ်စက်လိုက်ရ၏။

သူသည် နောက်တစ်နေ့မနက်တွင် ပုံမှန်ထွက်ခွာမည့် သင်္ဘောဖြင့် လိုက်ပါခဲ့ရာ နေ့လည်ပိုင်းအချိန်သို့အရောက်တွင် ဘယ်လိုမှ ထင်မှတ်မထားသော သဲလွန်စတစ်ခုကို ရရှိလိုက်၏။ သူ၏အနီးတွင် ခရီးသည်နှစ်ဦးထံမှ ဖြစ်သည်။ တစ်ဦးမှာ အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးဖြစ်ပြီး နောက်တစ်ဦးမှာ လွန်စွာချောမောလှပသော မိန်းမချောလေးဖြစ်သည်။

ကြားလိုက်ရသည့် သတင်းစကားမှာ မိတ်ဆွေဟောင်းကြီး မိုးရွှေနှင့် တိုက်ရိုက်ပတ်သက်နေလေ၏။ ၎င်းသတင်း၏ သဲလွန်စ ရရှိလိုက်ပုံမှာ ဤသို့ဖြစ်၏။

အမျိုးသမီးကြီးက လွန်စွာခံတွင်းချဉ်လာသဖြင့် ဆေးလိပ်ဖွာလိုသော်လည်း မီးခြစ်ပါမလာသဖြင့် မောင်မောင်မြင့်အနီးတိုး၍-



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ရယ် . . . မီးပါရင် တစ်တို့လောက်" ဟုပြောရာ မောင်မောင်မြင့်လည်း ယဉ်ကျေးပျူငှာသည့် အမူအရာဖြင့် . . .

"ဟုတ်ကဲ့ . . . ရပါတယ်ခင်ဗျာ . . . " ဟုပြောလိုက်ပြီး အိတ်ထဲမှ မီးခြစ်ကိုထုတ်ကာ ကမ်းပေးလိုက်၏။

ငှင်းမီးခြစ်ကို အကြောင်းပြု၍ မောင်မောင်မြင့်နှင့် မိန်းမကြီးတို့လည်း စကားလက်ဆုံကျသွား၏။ တကယ်တော့ မောင်မောင်မြင့်သည် ငှင်းမိန်းမကြီးနှင့် စကားလက်ဆုံပြောရခြင်းထက် အတူပါလာသူ မိန်းမချောလေးနှင့် အသိအကျွမ်းဖြစ်လို၏။ အကင်းပါးသော သူ့အဖို့ မိန်းမကြီးနှင့် အကြောင်းသင့်ပြီဖြစ်ရာ တစ်ဆင့်တက်ပြီး မိန်းမချောလေးနှင့် သိကျွမ်းဖို့ များစွာမခဲယဉ်းတော့ပေ။

ထို့အပြင် မိမိနှင့်စိမ်းသော အရပ်ဒေသဖြစ်၍ ဒေသန္တရဗဟုသုတများကိုလည်း မေးမြန်းလေ့လာရန် ရည်ရွယ်ထား၏။ ထိုသို့ စကားလက်ဆုံးကျနေစဉ်မှာပဲ စိတ်ကူးတစ်ခုရလိုက်သဖြင့် မိမိတွေ့လိုသည့် မိုးစွေအကြောင်းကို အမှတ်မထင် မေးကြည့်လိုက်ရာ သူ့အဖို့ အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရတော့၏။

ထိုအခါမှာတော့ စကားဝိုင်းကို ဦးဆောင်သူမှာ မိန်းမချောလေးဖြစ်သွား၏။ သူမတို့သည် မိုးစွေနှင့် တစ်ရွာတည်းသားများဖြစ်ကြောင်း၊ မိသားစုသဖွယ် ရင်းနှီးခင်မင်ကြကြောင်း မိုးစွေ၏နှမငယ်ကြိုးကြာလေးမှာ မိမိနှင့် ညီအစ်မရင်းချာပမာ အတူတကွ နေထိုင်ခဲ့ကြောင်း ပြောပြလေ၏။ ထိုအကြောင်းအရာများကို သိရပြီးနောက် မောင်မောင်မြင့်သည် လွန်စွာစိတ်မချမ်းမြေ့သလို အမူအရာမျိုးဖြင့်-

"ကြားရတာ တကယ့်ကို စိတ်မကောင်းလိုက်တာဗျာ၊ ဒီအတိုင်းဆိုရင် ကိုမိုးစွေ တကယ့်ကို ကံဆိုးရှာတာပေါ့"

ဟု ပြောလိုက်လေ၏။





မောင်မောင်မြင့်၏ တည်ငြိမ်သော မျက်နှာ၊ ပြေပြစ်သော စကားအပြောအဆို၊ ယဉ်ကျေးဖွယ် ကိုယ်နှုတ်အမူအရာတို့ကြောင့် မိန်းမချောလေးနှင့် မိန်းမကြီးသည် မိုးစွေ၏မိတ်ဆွေအဖြစ် အကြွင်းမဲ့ယုံကြည်သွားလေတော့၏။

ထိုမိန်းမချောလေးမှာ အခြားသူမဟုတ်ပေ။ မိုးစွေအပေါ်တွင် သစ္စာရှိရှိစောင့်မျှော်နေသည့် ဒါလှဖြူဟူသော မိန်းမချောလေးပင် ဖြစ်၏။ အကယ်၍သာ မောင်မောင်မြင့်သည် မိမိ၏ဘဝ၊ မိုးစွေ၏ဘဝကို ဖျက်ဆီးတော့မည့် လူတစ်ယောက်ဟူ၍ ထိုစဉ်က ကြိုတင်တွေးဆနိုင်ခြင်း မရှိခဲ့ခြင်းမှာ ဒါလှဖြူအဖို့ လွန်စွာဆိုးဝါးသည့် ကံတရားပင် ဖြစ်လေတော့၏။

"ကျုပ်သူငယ်ချင်းရဲ့ဘဝကို မုန်တိုင်းတိုက်သလို ကစဉ့်ကလျားဖြစ်အောင်လုပ်သွားတဲ့ သူနဲ့တွေ့လိုက်ချင်ပါရဲ့ဗျာ၊ ကျုပ်သူငယ်ချင်းနေသွားတဲ့ ရွာလေးကိုလည်း အမှတ်တရ သွားရောက်ကြည့်ချင်တယ်၊ တဆိတ်လောက် ကျုပ်ကို သွားရတဲ့ခရီးစဉ် ဘယ်လိုဆိုတာ ပြောပြပေးပါ၊ ကျုပ်အလုပ်တွေပြီးတာနဲ့ အဲဒီရွာကို ရောက်အောင်လာခဲ့ချင်တယ်"

ဟု မောင်မောင်မြင့်က မချိတင်ကဲလေသံဖြင့် ပြောလိုက်လေ၏။

မောင်မောင်မြင့်သည် စကားကြီးဆယ်ခွန်းဖြစ်သော ရေး၊ ကူး၊ ညှာတင်၊ ကောက်ပင်ရိတ်လှီး၊ ကြက်ဆုတ်ခွတ်ပင် စသည့် အပြောအဆိုတွင် ပိုင်နိုင်ပေရကား ဒါလှဖြူ၏ခင်မင်မှု၊ ယုံကြည်မှု၊ လေးစားမှုကို အချိန်အခိုက်အတန့် အတွင်း ပိုင်ပိုင်နိုင်နိုင် ရယူနိုင်လိုက်လေ၏။

* * * *

www.burmeseclassic.com

## အခန်း (၂၄)

သကြံန်လွန် ကာလနေ့တစ်နေ့တွင် ဖြစ်သည်။ တစ်ချက်တစ်ချက်တွင် တိုက်ခတ်နေသော လေထုနှင့်အတူ မိုးရန့်များ ခိုတွယ်လိုက်ပါလာကြပြီ ဖြစ်၏။

မေယုတောင်တန်း တောနက်ကြီးအတွင်းရှိ တစ်ခုသော ဝါးတဲလေးအနီးသို့ အသက်ခြောက်ဆယ်ဝန်းကျင်အရွယ်ခန့်ရှိသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးရောက်ရှိလာလေ၏။ ထိုပုဂ္ဂိုလ်ကြီးမှာ မေယုတောင်တန်းကြီးများပေါ်တွင် လှည့်လည်သွားလာရင်း မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ဦးစိန်ကျော်လှိုင်ဟူသော ရခိုင်တိုင်းရင်းသားကြီး ဖြစ်သည်။

ထိုမုဆိုးကြီးသည် ဝါးတဲလေးအတွင်း၌ တည်ငြိမ်စွာ ရှိနေသည့် လူငယ်တစ်ဦးကိုကြည့်ရင်း အံ့သြခြင်း၊ ဂုဏ်ယူခြင်း၊ ဝမ်းမြောက်ခြင်းများစွာ ရရှိခံစားလိုက်ရ၏။





မုဆိုးကြီးရောက်လာချိန်၌ လူငယ်သည် ပုတီးစိပ်၍ မေတ္တာသုတ်ရွတ်နေချိန်ဖြစ်၏။ အတန်ကြာလျှင် မေတ္တာပို့အမျှဝေပြီးသည်နှင့် မုဆိုးကြီးရှိရာသို့ လျှောက်လာခဲ့ပြီး . . .

"အဘ . . . ရောက်နေတာကြာပြီလား" ဟု နူးညံ့ချိုသာသော လေသံဖြင့် မေးလိုက်လေ၏။

"မကြာသေးပါဘူးကွယ် . . ."

"ကိစ္စအထွေအထူးရှိသလား . . . အဘ"

"မနက်ဖြန် အဘမြို့တက်ဖို့ ဆုံးဖြတ်ထားတယ်၊ အပြန်မှာ မောင်မိုးဇွေအတွက် သင်္ကန်းဒုကုဋ်ဝယ်ခဲ့ပြီး လှူမယ် စိတ်အကြံရှိတယ်၊ မောင်မိုးဇွေ တခြားဘာများ လိုအပ်သေးလဲ"

"မလိုပါဘူး အဘ၊ ရှိတာနဲ့ ရောင့်ရဲနိုင်ပါတယ်၊ အဘပြန်လာမှပဲ တောရဆရာတော်တစ်ပါးဆီသွားပြီး သင်္ကန်းစီးတော့မယ်လို့ အဓိဋ္ဌာန်ပြုထားပါတယ်"

"သာဓု . . . သာဓု . . . သာဓု"

ထို့နောက် မုဆိုးကြီးဦးစိန်ကျော်လှိုင်သည် အတန်ကြာ စကားပြောဆိုပြီး နှုတ်ဆက်ကာ ပြန်သွားလေ၏။ မိုးဇွေတစ်ယောက်တည်း ကျန်နေသောအခါ နေသာသလို လဲလျောင်း၍ စိတ်ပျံ့လွင့်မှုမရှိအောင် ပုတီးစိပ်ရင်း ဂုဏ်တော်ကိုးပါးကို ရှုပွားနေမိ၏။ အဘစိန်ကျော်လှိုင် ပြန်သွားပြီးကတည်းက ပုတီးစိပ်၊ ဘုရားဝတ်ပြုခြင်းဖြင့် ရှိနေခဲ့ရာ နေစောင်း၍ ညအမှောင်ပင် ကျရောက်လာလေပြီ။

ထိုအခါ မိုးဇွေသည် တဲရှေ့ကွက်လပ်တွင် အညောင်းပြေ ခြေဆန့် စင်္ကြံလျှောက်လေ၏။ ညအမှောင် သိပ်သည်းလာသည်နှင့်အမျှ တစ်ချက်တစ်ချက်တွင် ချေတောက်သံ၊ ကျားဟန်းသံများကြားနေရ၏။ မိုးဇွေအဖို့ တောထဲအနေကြာလာပြီဖြစ်၍ ထိုအသံများနှင့်



www.burmeseclassic.com

www.burmeseclassic.com

အတော်ပင် ရင်းနှီးနေပြီဖြစ်ရာ အနည်းငယ်မျှ စိတ်အနှောက်အယှက် မဖြစ်ဘဲ ဆက်၍လျှောက်မြဲလျှောက်နေစဉ် နားထဲသို့ ထူးခြားသော အသံတစ်ခုဝင်လာလေ၏။

သစ်ရွက်ကို တိုးသံ၊ ငှင်းသံ၊ သစ်ခက်သစ်ကိုင်းကို တစ်ခုခုနှင့် တိုက်သံလိုလို 'ဒုတ်' ခနဲ ထွက်ပေါ်လာသည့် အသံများဖြစ်၏။ မိုးစွေသည် တဲပေါ်သို့တက်ခဲ့ပြီး ထူးခြားစွာ ထွက်ပေါ်လာသည့် အသံလာရာသို့ နားစွင့်ရင်း စဉ်းစားခန်းဖွင့်နေမိ၏။ မိုးစွေသည် ဤတဲလေးသို့ ရောက်နေသည်မှာ တစ်လကိုးသီတင်းပင် ကြာခဲ့ပြီ ဖြစ်သည်။

လူသူအရောက်အပေါက် မရှိလောက်အောင် နက်ရှိုင်းသည့် တောနက်ကြီးဖြစ်၍ အဘစိန်ကျော်လှိုင်မှလွဲ၍ ဤအနီးဝန်းကျင် တစ်ဝိုက်သို့ မည်သူမှ ရောက်ရှိလာတာမျိုး မတွေ့ရပေ။ ထိုသို့ တွေးမိစဉ်မှာပဲ ကြားရသည့်အသံက ရပ်မသွားဘဲ အနည်းငယ်ပို၍ ကျယ်လာသလို မိမိရှိရာတဲနှင့်လည်း တဖြည်းဖြည်း နီးကပ်လာလေ၏။ မကြာမီ တဲအပြင်ဘက်မှ လက်နှိပ်ဓါတ်မီးရောင်တစ်ချက် ဝင်းကနဲ ထွက်ပေါ်လာပြီး စကားသံအချို့ကို အတိုင်းသားကြားလိုက်ရ၏။

မိုးစွေသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိစွာဖြင့် ပြေးခြင်း၊ ပုန်းရှောင်ခြင်း၊ ခုခံကာကွယ်ရန် ပြင်ဆင်ခြင်းဟူ၍ အလျင်းမပြုလုပ်ဘဲ ထိုသူများမှာ မည်သို့သောသူများ ဖြစ်လေသနည်းဟု မှန်းဆလျက် နားစွင့်မြဲစွင့်နေလိုက်၏။

"တဲထဲမှာ လူရှိသလားဟေ့"

တင်းမာခက်ထန်သည့် လေသံကြောင့် မိုးစွေသည် ပြုံးလိုက်၏။ ထိုအသံဖြင့် နှစ်ကြိမ်သုံးကြိမ်ခန့် ဆင့်၍မေးလိုက်သော်လည်း တစ်စုံတစ်ရာ တုန့်ပြန်သံ မကြားရသဖြင့် ထိုသူတို့သည် ဝါးတဲပေါ်





သို့ ပိုင်စိုးပိုင်နင်းခြေသံဖြင့် လှမ်းတက်လာကြ၏။ တစ်ဆက်တည်းပင် လက်နှိပ်ဓါတ်မီးအလင်းရောင်က မိုးစွေခန္ဓာကိုယ်ပေါ် ကျရောက်လာ၏။

"ဟာ . . . ဒီမှာ လူတစ်ယောက်ရှိနေတယ်, သခင်ကြီး"

"ဟူး သက်စ် . . ."

ထိုအသံများမှာ ဝါးတဲလေးအတွင်း ဟိန်းထွက်သွားလေ၏။

မိုးစွေသည် ပကတိတည်ငြိမ်သော ဣန္ဒြေဖြင့် တရားဘာဝနာ ပွားများနေလေရာ ထိုအထဲမှ တစ်ယောက်မှာ . . .

"ဟေ့ကောင် . . မင်းဘယ်သူလဲ၊ သခင်ကြီးကို မော်ကြည့်စမ်း . . ." ဟု ရိုင်းပြသည့် လေသံဖြင့် ပြောလေ၏။

မိုးစွေသည် မည်သည့်စကားမှ တုန့်ပြန်ခြင်းမပြုသေးဘဲ ထိုလူများကို ဝေ့ကနဲ တစ်ချက်ကြည့်လိုက်ပြီး အကဲခတ်လိုက်ရာ အရပ်လွန်စွာမြင့်သော မျက်နှာဖြူလူမျိုးတစ်ယောက်နှင့် အရပ်ပုပျပ်ပျပ်၊ ဗလကောင်းကောင်း ကုလားကပြားတစ်ဦးကို တွေ့လိုက်ရ၏။

"ခင်ဗျားတို့ရောက်နေတာ ကျုပ်အိမ်ပေါ်မှာပါ၊ ဘယ်သူလဲဆိုတဲ့ မေးခွန်းကို မေးရမှာ ခင်ဗျားတို့က မေးရမှာလား၊ ကျုပ်က မေးရမှာလား"

အမျက်ဒေါသသံမပါဘဲ အေးအေးဆေးဆေးဖြင့် မေးလိုက်သော မိုးစွေ၏စကားကြောင့် မြန်မာစကားအနည်းငယ် တတ်ဟန်တူသော မျက်နှာဖြူပုဂ္ဂိုလ်ပင်လျှင် နှုတ်ပိတ်သွား၏။ သခင်အားရ ကျွန်ပါးဝလိုသည့် ဂင်တိုတိုပုဂ္ဂိုလ်က နှုတ်လုံးပြူးသေနတ်ပြောင်းဝဖြင့် မိုးစွေရင်ညွန့်သို့ ချိန်ရွယ်လိုက်ပြီး . . .

"ကျုပ်တို့ သခင်ကြီးကို စကားကောင်းကောင်းပြောပါ"

"ကျုပ် ကောင်းကောင်းပြောတာပဲ၊ ကျုပ်ဟာ ဒီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်၊ ခင်ဗျားတို့ဟာ ဧည့်သည်၊ အိမ်ရှင်ကို ဧည့်သည်က စော်ကားသလိုလုပ်နေတာ ခင်ဗျားတို့ပဲ"

ထိုသို့ပြောလိုက်စဉ်မှာပဲ အိမ်ရှေ့ဘက်မှ လက်နှိပ်ဓါတ်မီးရောင်တစ်ခုပေါ်လာပြီး အိမ်ပေါ်သို့ လူတစ်ယောက် တက်လာပြန်၏။ ထိုသူမှာလည်း သူတို့အဖွဲ့သားတစ်ဦးပင် ဖြစ်၏။ လက်နှိပ်ဓါတ်မီးအလင်းတန်းက မိုးစွေမျက်နှာပေါ်သို့ ဖြာကျနေလေရာ မိုးစွေအဖို့ မျက်လုံးများ ပြာဝေလုမတတ်ရှိနေစဉ် အစဉ်သဖြင့် တည်ငြိမ်နေပြီဖြစ်သည့် စိတ်ကို ရုတ်ချည်းပင် လှုပ်ခတ်သွားစေသည့် အသံတစ်ခုထွက်ပေါ်လာလေ၏။

"အိုး . . . တန္တေကြီးမောင်မိုးစွေပါလား၊ ဟား . . . ကြုံရလေပြီပေါ့"

မိုးစွေသည် မျက်လွှာချမြဲချထားလျက် ခေါ်လိုက်သူကို မော့မကြည့်ဘဲ အသံတိုးတိုးဖြင့် . . .

"ကျုပ်တဲ့ပေါ်က ဆင်းသွားပါ ကိုမောင်မြင့်" ဟုပြောလိုက်ရာ မောင်မောင်မြင့်မှာ ဘာကိုသဘောကျသွားသည် မသိ . . .။ အားပါးတရ ရယ်လေတော့၏။ ထိုရယ်သံကြောင့် မျက်နှာဖြူပုဂ္ဂိုလ်ကြီးနှင့် နှစ်လုံးပြူးကိုင် ကုလားကပြားတို့လည်း နားမလည်သလိုဖြစ်သွားပြီး သူတို့နှစ်ဦးကို တစ်လှည့်စီ ကြည့်လိုက်လေ၏။

မိုးစွေသည် နေရာမှ အနည်းငယ်မျှ ရွေ့လျားခြင်းမပြုဘဲ ရယ်မောနေသော မောင်မောင်မြင့်ကို မျက်လုံးလှန်ကြည့်လိုက်ပြီး-

"ကျုပ်ဟာ တရားနဲ့မွေ့လျော်နေပါပြီ၊ ဒီတော့ ကျုပ်ကို ဆက်ပြီး ရန်မလိုချင်စမ်းပါနဲ့ဗျာ၊ ကိုယ့်ဘဝနဲ့ကိုယ် အေးအေးချမ်းချမ်း နေပါရစေ"

မောင်မောင်မြင့်က ခေါင်းတဆတ်ဆတ်ငြိမ့်ရင်း ကောက်





ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး မျက်နှာဖြူအရာရှိဘက်လှည့်၍ . . .

"အိုင်ဆေး . . . သခင်ကြီး၊ ဒီကောင်ဟာ ဗြိတိသျှအင်ပါယာကို တော်လှန်ဖို့ ကြံစည်နေတဲ့ ဂျစ်ပဆီမိုးမှောင်ရဲ့ တပည့်ရင်းပဲ၊ သူ့ကိုဖမ်းပါ"

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်ရာ မျက်နှာဖြူကြီးမှာ ဂျစ်ပဆီမိုးမှောင်ဟူသော အမည်ကြောင့် ရုတ်ချည်းပင် မျက်ဝန်းတွေ ပြူးကျယ်သွားပြီး ရှူးရှူးရှဲရှဲဖြစ်သွား၏။ ချက်ချင်းပင် မိုးစွေအား ဖမ်းဆီးချုပ်နှောင်ရန် အမိန့်ပေးလိုက်ရာ နှစ်လုံးပြူးကိုင်ထားသည့် ကုလားကပြားက မိုးစွေရင်ညွန့်ကို သေနတ်ပြောင်းဝဖြင့် တေ့ထောက်လျက် . . .

"ဟေ့ကောင် ငြိမ်ငြိမ်နေ၊ ခုခံဖို့ မကြိုးစားနဲ့၊ မင်းကို တို့ဖမ်းလိုက်ပြီ"

မျက်နှာဖြူအရေးပိုင်ကလည်း ခါးကြားမှ ခြောက်လုံးပြူးကို ထုတ်လျက် မိုးစွေကို ချိန်ရွယ်ထားပြန်၏။ ထိုအခိုက်အတန့်မှာပဲ မောင်မောင်မြင့်သည် မိုးစွေအနီး ချဉ်းကပ်ရောက်ရှိလာ၏။ အကြည့်ချင်းဆုံမိသည့် အခိုက်အတန့်မှာပဲ မိုးစွေသည် ဖြန်းကနဲ မြည်သံနှင့်အတူ ပါးတစ်ဖက်ကို မီးစနှင့် တို့လိုက်သလို ပူခနဲ နာကျင်ခံစားလိုက်ရ၏။

"ဟား . . . ဟား . . . ဟား . . . အရင်းတော့ ကျေလေပြီ၊ အတိုးအတွက်ပဲ ကျန်တော့တယ် တန္တေကြီးရဲ့၊ မင်းလက်ဝါးဒဏ်ကြောင့် ငါ့ပါးတစ်ဖက် ယောင်ကိုင်းခဲ့ရတာ မှတ်မိသေးလား၊ ဟား . . . ဟား . . . ဟား . . ."

နောက်မိနစ်အနည်းငယ်အတွင်းမှာပဲ ထိုဝါးတဲကလေးသည် ပကတိအတိုင်း တိတ်ဆိတ်ငြိမ်သက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးစိန်ကျော်လှိုင်သည် အသက်ရှူအောင့်ပြီး အသံကို နားစွင့်၏။ ပြီးလျှင် နားရွက်တစ်ဖက် မြေကြီးနှင့်ကပ်ပြီး နားအာရုံ စိုက်ပြန်၏။ နောက်ဆုံး မိမိ၏ထင်မြင်တွေးဆချက်ကို စိတ်ချလိုက် ပြီဖြစ်၍ ထရပ်လိုက်၏။

သားကောင်မဟုတ်ဘဲ လူသားစစ်စစ် သုံးလေးယောက် လျှောက်နင်းလာသော အသံဖြစ်သည်ဟု တွက်ဆသိလိုက်လေပြီ။ ထို့ထက်ပို၍ သေချာသည်မှာ ထိုလူများသည် တောထဲမှ မုဆိုးများ ဖြစ်ဟန်မတူဘဲ တောအကြောင်းမသိရှာသူများ ဖြစ်ပေ၏။

မုဆိုးကြီးသည် ချုံတစ်ချုံဘေးကပ်၍ စောင့်ကြည့်နေစဉ် မှာပဲ နင်းလျှောက်လာသူများ၏ ခြေသံက နီးသထက်နီးလာပြီး လူ လေးယောက်လျှောက်လာသည်ကို တွေ့ရလေ၏။ မကြာမီ ထိုလူ များထံမှ ဂျစ်ပဆီမိုးမောင်ဟူသော အမည်ကိုထည့်ပြီး ပြောသံကြား ရသဖြင့် အသက်ရှူရပ်တန့်သွားလုမတတ် အံ့သြသွားပြီး လျှောက် လာသော အရိပ်လေးခုကို စူးစူးစိုက်စိုက် ကြည့်နေမိတော့၏။

မြင်ကွင်းက နီးသထက်နီးလာပြီး လက်တစ်ကမ်းအကွာသို့ အရောက်တွင် မုဆိုးကြီး၏နှုတ်မှ တအံ့တသြဖြင့် လွှတ်ခနဲ အော် ခေါ်မိမတတ် ဖြစ်သွားလေ၏။

"သြော် . . . မောင်မိုးစွေရယ်"

မုဆိုးကြီး၏ မချိတင်ကဲအသံက ရင်ထဲမှလာပြီး လည်ချောင်း အတွင်း၌ပင် တိုးတိတ်ပျောက်ကွယ်သွားတော့သည်။ မုဆိုးကြီးက ရှေ့ဆက်လုပ်ရမည့် အလုပ်ကို စဉ်းစားသည်။ မုဆိုးကြီးအဖို့ စဉ်း စားခြင်းနှင့် ဆုံးဖြတ်ခြင်းဆိုသည်မှာ သေနတ်မောင်းခလုတ်ကို ဆွဲ ညှစ်ပစ်လိုက်ခြင်းနှင့် ဒိုင်းခနဲ ကျည်ဆန်ပြည်ဟည်းသွားသကဲ့သို့ လျင်မြန်လှလေ၏။





မုဆိုးကြီးသည် အင်းခွေးကြီးနိုင်ဗိမာန်၏ခေါင်းကို လက် နှင့်ပုတ်လိုက်ပြီး လျှောက်လာသူများ၏ရှေ့မှ ပိတ်ဆို့ကာ ရပ်လိုက် ၏။

"ဘယ်သူလဲ . . ."

"ဟူး . . . သစ်(စ်) . . ."

"အို . . . အဘစိန်ကျော်လှိုင် . . ."

ထိုအသံများမှာ တစ်ပြိုင်တည်းလိုလို ထွက်ပေါ်သွားလေ ၏။ တစ်ပြိုင်တည်းပင် နှစ်လုံးပြူးကိုင်ထားသူက ရှေ့သို့တက်လာ ပြီး ဦးစိန်ကျော်လှိုင်ဖက်သို့ ပြောင်းဝကို ချိန်ရွယ်လျက် . . .

"လက်နှစ်ဖက်မြှောက်ထားစမ်း . . ."

မုဆိုးကြီးက လက်နှစ်ဖက်ကို မြှောက်လိုက်သည်နှင့် တစ် ပြိုင်နက် ညာလက်တွင် ကိုင်ထားသော ဓါးက နှစ်လုံးပြူးသမားဆီ သို့ အရှိန်နှင့်ဝင်သွား၏။ အဖြစ်အပျက်က လျင်မြန်လှလေရာ မျက် နှာဖြူအရေးပိုင်နှင့် မောင်မောင်မြင့်ပင်လျှင် ရုတ်တရက် ကြောင် သွားကြ၏။

မုဆိုးကြီး၏လက်မှ ပစ်လွှတ်လိုက်သော ဓါးက နှစ်လုံးပြူး ကိုင်ထားသူ၏ ညာလက်ခုံကို ထုတ်ချင်းခတ်ဖောက်ဝင်သွားရာ ထို သူသည် သေနတ်လွှတ်ကျသွားပြီး စိုက်ဝင်နေသော ဓါးကို ကျန် လက်တစ်ဖက်ဖြင့် ဆွဲနှုတ်ယူနေစဉ် မျက်နှာဖြူအရေးပိုင်က . . .

"ဒမ်းမစ် . . . ဘလယ်ဒီဖူး . . ." ဟူ၍ ရိုင်းပျစွာ ဆဲဆို လိုက်ပြီး ခါးကြားမှ ခြောက်လုံးပြူးကို ဆတ်ခနဲထုတ်ကာ မုဆိုးကြီး ကိုပစ်ရန် လက်ကိုဆန့်တန်းလိုက်စဉ်မှာပဲ ဝေါင်းခနဲ ဟိန်းသံကြီး ထွက်ပေါ်လာပြီး ခွေးကြီးနိုင်ဗိမာန်က မျက်နှာဖြူကြီး၏လက်ကို ကိုက်ခဲလိုက်ရာ မျက်နှာဖြူကြီးခမျာ အံ့သြခြင်း၊ ကြောက်လန့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရောထွေးလျက် ငယ်သံပါအောင် အော်ဟစ်လေတော့၏။

မောင်မောင်မြင့်သည် ရုတ်တရက် ဖြစ်တည်သွားသည့် အခြေအနေက မိမိအဖို့ ဘယ်လိုမှ အရေးမလှတော့သည်ကို သဘောပေါက်သွားပြီး တောထဲသို့ လှစ်ခနဲ ပြေးဝင်သွားလေ၏။

မုဆိုးကြီး၏လှုပ်ရှားမှုများက လျင်မြန်သွက်လက်လှပေ၏။ မုဆိုးကြီးက ဂင်တိုတိုသေနတ်သမားလက်မှဓါးကို ဆွဲနှုတ်ပေးလိုက်သည်နှင့် ထိုသူလည်း ချက်ချင်းပင် ဒူးထောက်အညံ့ခံလေ၏။ မုဆိုးကြီးက နှစ်လုံးပြူးသေနတ်ကို ကောက်ယူသိမ်းဆည်းလိုက်ပြီး မိုးစွေအား ချည်ထားသောကြိုးကို ဓါးနှင့်ဖြတ်တောက်လိုက်၏။

"သွားစို့ လူလေးမိုးစွေ . . ."

သူတို့နှစ်ဦးသည် အမှောင်ထုထဲတိုးဝင်၍ မျက်နှာဖြူအရေးပိုင်တို့နှင့်ဝေးရာသို့ ထွက်ခွာသွားကြလေ၏။ ခရီးအတော်အတန်ရောက်သည်အထိ ကိုယ့်အတွေးဖြင့် ကိုယ်ရှိနေရာမှ မိုးစွေက တည်တည်ငြိမ်ငြိမ်လေသံဖြင့် . . .

"မနက်ဖြန် အဘ . . . မြို့တက်မလို့ဆို . . ."

"ခုအတိုင်းဆိုရင် မြို့ကိုသွားဖို့ တော်တော်ခက်သွားပြီ၊ အသံတွေကြားတာနဲ့ အဘလည်း တောထဲကို ဝင်ခဲ့တာပဲ၊ ဘာက ဘယ်လိုစဖြစ်တယ်ဆိုတာ အဘကို ပြောစမ်းပါဦး"

မိုးစွေက မောင်မောင်မြင့်နှင့် စတင်တွေ့ဆုံသည်မှစ၍ မျက်နှာဖြူအရေးပိုင်ရှေ့တွင် မိမိအား မဟုတ်မမှန် စွပ်စွဲလျက် ဖမ်းဆီးလာသည်အထိ အစအဆုံးပြောပြလေရာ မုဆိုးကြီးသည် နားထောင်ရင်း တောက်တစ်ခေါက်ခေါက် ဖြစ်နေတော့၏။ မိုးစွေစကားဆုံးသည်နှင့် မုဆိုးကြီးသည် စိတ်မောစွာ သက်ပြင်းချလိုက်ပြီး . . .

"အင်း . . . မောင်မိုးစွေရဲ့ဘဝက တယ်လည်း အနှောက်





အယှက် ထူပြောပါလားကွယ်၊ တရားနဲ့နေချင်လို့မှ မရတဲ့ဘဝပါလား။ ဒီလောက်နက်ရှိုင်းတဲ့ တောနက်ကြီးထဲ ရောက်နေတာတောင် အနှောင့်အယှက်တွေ ရင်ဆိုင်နေရတုန်းပဲ၊ ရှေ့ဆက်ဘယ်လို ဆုံးဖြတ်မလဲ လူလေး၊ အိန္ဒိယနယ်စပ်ကိုဖြတ်ပြီး အိန္ဒိယနိုင်ငံထဲမှာ အခြေချလိုက်ပါလား"

မုဆိုးကြီးစိန်ကျော်လှိုင်၏အသံက လှိုက်လှဲတုန်ယင်နေလေ၏။ မိုးစွေသည် မိမိပခုံးနှစ်ဖက်ကို လက်နှင့်ဆုပ်ကိုင်ရင်း ပြောလိုက်သည့် ဦးစိန်ကျော်လှိုင်ကို မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်နေတော့၏။

လေပြေက တစ်စထက်တစ်စ ကြမ်းလာသည်။ စိမ့်အေးပြီး မိုးနံ့ပါရရှိလိုက်သဖြင့် လေပြင်းတစ်ချက်ဝှေ့လာသည်နှင့်အတူ-

"ကျွန်တော် ဒီတောင်တန်းကြီးတွေထဲမှာ ခေတ္တခဏ ခိုလှုံပြီးရင် ဘာလုပ်ရမလဲဆိုတာ စဉ်းစားဆုံးဖြတ်နိုင်ပါပြီ၊ အသေချာဆုံးကိစ္စက ကျွန်တော် အဘမိုးမှောင်နဲ့ မဖြစ်မနေ တွေ့ကိုတွေ့ရမယ်၊ အခုချိန်ကစပြီး အဘနဲ့ကျွန်တော် လမ်းခွဲကြရအောင် . . ."

ဟုပြောလိုက်ရာ ဦးစိန်ကျော်လှိုင်လည်း မိုးစွေ၏ စိတ်သဘောထားကို ကောင်းစွာသိထားပြီးဖြစ်၍ အထူးတလည် ပြောဆိုမနေတော့ဘဲ . . .

"ရော့ . . . လူလေး အဲဒါပတ္တမြားအစစ်ပဲ၊ အဘလည်း ဒီပစ္စည်းကို တရုတ်သဌေးတစ်ယောက်ဆီက ဝယ်ယူခဲ့တာ၊ လမ်းမှာ လူလေးအသုံးလိုရာ သုံးနိုင်တာပေါ့၊ ရွှေကိုတော့ သင့်တဲ့ဈေးနဲ့ ရောင်းလိုက်ပေါ့၊ ပတ္တမြားကတော့ နည်းနည်းနောနော အဖိုးမဟုတ်ဘူး လူလေးတစ်သက် စားနိုင်ပြီ"

ဦးစိန်ကျော်လှိုင်သည် မတုန်မလှုပ်ရှိနေသော မိုးစွေ၏ လက်ကိုဆွဲယူပြီး ထိုလက်စွပ်ကလေးကို စွပ်ပေးလိုက်၏။ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးသည် ခွဲခွာတော့မည်ဟု နှုတ်ဆက်ပြီးသည့်တိုင် ခြေတစ်ဖဝါးမျှ မရွေ့ကြသေးချေ။

ထိုအခိုက် မိုးသက်လေကလေး ဝေ့လာပြီး မိုးပွင့်စကလေးများ ကျလာ၏။ မိုးစွေ၏ နဖူးမှချွေးသီးချွေးပေါက်များမှာ တစ်စုံတစ်ခုသော စိတ်ခံစားမှုကြောင့် မိုးစက်မိုးပေါက်များပမာ တပေါက်ပေါက် ယိုစီးလျှက်ရှိ၏။

"ကျွန်တော် သွားတော့မယ် အဘ . . ."

နှုတ်မှ ထိုစကားထွက်သွားသည်နှင့် စိုစွတ်နေသော မျက်ဝန်းမှ မျက်ရည်များ လိမ့်ဆင်းလာတော့၏။ မိုးစက်ပွင့်၊ ချွေးပေါက်၊ မျက်ရည်ဥအားလုံး ရောထွေးသွားကြလေတော့၏။

မိုးစွေသည်လည်း ရွာနှင့်တဖြည်းဖြည်း နီးကပ်စွာ ရောက်ရှိလာလေပြီ။ ထိုစဉ် ပြည့်ဝသောလကို တိမ်မည်းညိုတို့ ဖုံးအုပ်သွား၏။ လျှပ်ပြက်သောကြောင့် ဝင်းခနဲ၊ လက်ခနဲ၊ ဖျတ်ခနဲ အလင်းရောင်ဖြာသွားသည်။

မိုးစွေ၏ခြေလှမ်းများမှာ ဒါလှဖြူ၏အိမ်ဝိုင်းရှိရာသို့ ဦးတည်နေလေ၏။ တစ်လောကလုံးတွင် အားထားရာ၊ ခိုတွယ်ရာ၊ စုံမက်မြတ်နိုးရာဟူ၍ ဒါလှဖြူသာလျှင် ရှိပါတော့လား . . ဟူသော အတွေးက မိုးစွေ၏ရင်ခုန်နှုန်းကို ပို၍မြန်စေတော့၏။

ဒါလှဖြူ၏အိမ်ဝိုင်းအနီး ရောက်ရှိသည်တွင် မိုးစက်မိုးပေါက်များ ဖွဲခနဲ ကျဆင်းလာ၏။ မိုးလေကြောင့်လားမသိ၊ ဒါလှဖြူ၏ ရက်ကန်းခတ်သံ၊ ချိုကြည်အေးမြသော သီချင်းသံများ မကြားရဘဲ တိတ်ဆိတ်နေလေ၏။

မိုးစွေသည် ဒါလှဖြူ၏အိမ်ရှေ့တွင် ငိုင်တွေလျက် ရပ်နေမိသည်။ ဦးခေါင်းမှ ရှည်လျားသော ဆံနွယ်များ အဖျားသို့တိုင် မိုးရေ





စိုစွတ်နေလေ၏။ "ဒါလှဖြူ . . . ဒါလှဖြူ . . ." ဟု အသံပြုလိုက်ချင်၏။ နှုတ်က မဝံ့မရဲဖြစ်နေ၍ မိုးရေအစိုခံလျှက် မလှုပ်မယှက် ရပ်နေမိ၏။

"ဒါလှဖြူ . . . အိပ်မောကျနေသလား"

"ဒါမှမဟုတ် . . . ခရီးသွားနေသလား"

"နေမကောင်း၊ ထိုင်မကောင်း ဖြစ်ရှာနေရှာ့သလား၊ ချော် . . . ဒါလှဖြူရယ်"

မိုးစွေခေါင်းထဲ၌ တွေးစရာများ ပြွတ်သိပ်သွားလေ၏။ ထိုအခိုက်မှာပဲ . . .

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

မိုးစွေ၏နောက်ဖက်ဆီမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်ရာ ဦးစွာလူကိုမမြင်ရဘဲ လျှပ်စီးအရောင်ကြောင့် ဝင်းခနဲ လက်သွားသော ဓါးသွားကိုသာ မြင်လိုက်ရ၏။

"ဟေ့လူ . . . မေးနေတာ မကြားဘူးလား"

ပထမမေးလိုက်သူ၏အသံထက် ထိုအသံက တင်းမာခက်ထန်သည်။ အောက်ပိုင်းလုံချည်တိုတိုဝတ်ပြီး အပေါ်ပိုင်းဗလာကျင်းထားသည့် တုတ်တုတ်ခိုင်ခိုင် အဟန့်ကောင်းကောင်း လူသုံးယောက် . . .။ ထိုသူတို့၏လက်တွင် ငှက်ကြီးတောင်ဓါးကိုယ်စီ ကိုင်ထားကြ၏။

"ဘာဒုက္ခပေးဦးမလို့ လာချောင်းနေတာလဲကွ၊ ပြောစမ်း . . . သေသွားချင်လား . . . တောက်"

တတိယအသံကား ကြောက်မက်ဖွယ်သိသိ ဟိန်းထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပေးချင်လို့ဟုတ်လား . . ." ဟု မိုးစွေက လေသံအေးအေးဖြင့် မေးလိုက်ပြီးမှ ဆက်၍ . . .

"ဒါလှဖြူကို ကျုပ်ဘာအပြစ်တွေများ လုပ်ခဲ့လို့လဲဗျာ" ဟူ၍ တုန်ရင်အက်ကွဲသော အသံဖြင့် မေးလိုက်ရာ လူသုံးဦးမှာ ဇဝေဇဝါဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

"ခင်ဗျား ဘယ်သူလဲ . . ."

အသံသုံးခုမှာ တစ်ပြိုင်တည်းလို ထွက်ပေါ်သွားခြင်းဖြစ်၏။

"ကျုပ် . . . မိုးစွေ . . ."

"ဟင် . . . ဒါ . . . ဒါဆို ခင်ဗျား . . . မုဆိုးကြီးဦးရွှေမောင်စိန်ရဲ့သား မိုးစွေပေါ့"

နောက်တစ်ဦးကလည်း . . .

"မိကြိုးကြာရဲ့အစ်ကို မိုးစွေဆိုတာ ခင်ဗျားပေါ့"

လူသုံးယောက်၏လေသံက ပကတိ ပျော့ပျောင်းသွားတော့၏။ မိုးစွေဟူသော အမည်ကြားပြီးသည်မှစ၍ သနားဖွယ်လူတစ်ယောက်၊ ဂရုဏာသက်ဖွယ်၊ ခင်မင်ဖွယ် လူတစ်ယောက်အဖြစ် ထင်သွားကြလေ၏။

"ဒါလှဖြူကောဗျာ၊ ကျွန်တော် ဒါလှဖြူနဲ့တွေ့ဖို့ ရောက်လာတာပါ"

၎င်းအမေးကို လူသုံးယောက်က မပြောသေးဘဲ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြန်၏။ တစ်ယောက်သော သူက . . .

"ဒါနဲ့ ခင်ဗျားအဖေနဲ့ နှမလေးအကြောင်း ကြားပြီးပြီလား"

မိုးစွေက နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြလိုက်၏။ စိတ်မချမ်းမြေ့ဖွယ်ကို ပြန်လည်၍ ဖော်ထုတ်ပြီး အနာဟောင်းကို ပြန်လည်အသစ်မဖြစ်စေချင်သောကြောင့် မိုးစွေက ဒါလှဖြူကိုပင် ထပ်ပြီး





မေးလိုက်၏။ ထိုအခါမှာတော့ ၎င်းတို့သုံးဦးစလုံး နှုတ်ပိတ်လျက်ရှိနေရာ မိုးစွေစိတ်ထဲ ထင့်ခနဲဖြစ်သွားပြီး တစ်ခါတလဲလဲ မေးလိုက်သည့်အခါ ထိုသူတို့၏ သက်ပြင်းချသံများပေါ်လာပြီး တစ်ပြိုင်နက်ဆိုသလို . . .

"ဒါလှဖြူတစ်ယောက် ဆုံးပါးသွားရှာပြီ . . ." ဟူသော ကွဲအက်ဆို့နင့်အသံကို ကြားရလေတော့၏။

နှစ်ကိုယ်ကြား တိုးတိုးပြောလိုက်သော အသံပင် ဖြစ်လင့်ကစား မိုးစွေအဖို့ မိုးခြိမ်းသံတမျှ စူးရှကျယ်လောင်စွာ ခံစားလိုက်ရ၏။

"မသမာသူတစ်ယောက်လက်ချက်နဲ့ ဒါလှဖြူသေဆုံးခဲ့ရတာပါဗျာ၊ ဟောဟိုက မန်ကျည်းပင်ကြီးရဲ့ အကိုင်းဖျားမှာ ဒါလှဖြူအသက်ဇီဝန်ချုပ်ခဲ့ရတာ . . ."

မိုးစွေ၏အကြည့်က လူတစ်ဖက်သာသာရှိ မန်ကျည်းပင်သို့ ဖျတ်ခနဲ ကျရောက်သွား၏။

မန်ကျည်းပင်တို့၊ ရွက်နုပေါက်မှ
ချဉ်ရည်သောက်စို့ မလေးငယ်။
အောက်ပြည်ကို လှေလှော်ထိုး
ပိုးဝယ်ခဲ့မယ်။

ဒါလှဖြူဟူသော မိန်းမချောလေး၏ ကြည်လင်ချိုမြသည့် သီချင်းသံလေးမှာ မိုးစွေ၏အကြားအာရုံဝယ် ပဲ့တင်ထပ်နေတော့၏။

"အဖြစ်ဆိုးလှချည်လား ဒါဒါရယ် . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ဒေါက်တာသိဒ္ဓိသည် ညနေစာစားသောက်ပြီးကတည်းက စာကြည့်ခန်းထဲ ရောက်ရှိနေရာ ညဉ့်နက်လာသည့်တိုင် အိပ်စက်ခြင်းမပြုနိုင်အောင် ဖြစ်နေလေ၏။

ဇင်းမယ်၊ ပဏ္ဏာသနိပါတ်ဇာတ်တော်ကြီး ပထမတွဲကို ဆွဲယူလိုက်ပြီး စာတစ်မျက်နှာ၊ နှစ်မျက်နှာခန့် ဖတ်နေစဉ် အိမ်ရှေ့တံခါးခေါက်သံပေါ်လာသဖြင့် စာအုပ်ကိုချလျက် အိမ်ရှေ့ထွက်လာခဲ့၏။

အချိန်ကား တော်တော်ကြီး ညဉ့်နက်လာပြီဖြစ်၍ ရောဂါဝေဒနာတစ်ခုခုကြောင့် ရောက်လာသည့် လူမမာပင် ဖြစ်လိမ့်မည်ဟုတွေးမိပြီး တံခါးဖွင့်ကြည့်လိုက်ရာ လွန်စွာရှည်လျားသော ဆံပင်များနှင့် အသားဖြူဖြူ လူငယ်တစ်ယောက်ကို မြင်လိုက်ရ၏။

ဘယ်ကပါလိမ့် . . . ဟူသော အတွေးဖြင့် ပေကြည့်နေစဉ်





မှာပဲ "ဆရာ . . ." ဟုခေါ်လိုက်သံကြောင့် ဒေါက်တာသိဒ္ဓိသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

"ဆရာ . . . ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

"မောင် . . . မောင်မိုးဆွေ . . . ဘယ်လိုဖြစ်လာရတာလဲ၊ ကြည့်ပါဦး . . . ဆံပင်တွေက ခါးလည်တောင် ရောက်နေပြီ"

ဒေါက်တာသိဒ္ဓိသည် ဝမ်းသာအားရဖြင့် မိုးဆွေ၏ပခုံးပေါ် လက်တစ်ဖက်တင်လျက် . . .

"လာ . . . လာ . . . မောင်မိုးဆွေ . . . အိမ်ထဲဝင် . . ." ဟုပြောပြီး ဧည့်ခန်းထဲ ခေါ်သွားလေ၏။

ထို့နောက် ဒေါက်တာသိဒ္ဓိက ကော်ဖီတစ်ခွက်ဖျော်ကာ မိုးဆွေအား ဧည့်ဝတ်ပြုပြီး မိုးဆွေအတွက် မည်သို့ကူညီဆောင်ရွက်ပေးရမလဲဟု မေးမြန်းလေ၏။

မိုးဆွေသည် မည်သို့ပြောရမှန်းမသိဖြစ်နေရာ ဒေါက်တာသိဒ္ဓိကို အတန်ကြာ ငေးကြည့်နေလေ၏။ သူ၏ဘဝတွင် ချစ်ခင်တွယ်တာရသူဟူ၍ အဘမိုးမှော်နှင့် ဒေါက်တာသိဒ္ဓိသာလျှင်- ရှိလေတော့သည်။ မိမိအပေါ် စာနာနားလည်ပြီး မေတ္တာကြီးမားစွာ ဆက်ဆံသူတို့နှင့် ဆုံတွေ့သည့်အခါ ဖြစ်ပေါ်လာတတ်သည့် လူ့သဘာဝအတိုင်း မိုးဆွေသည်လည်း ဒေါက်တာသိဒ္ဓိကို သူခံစားခဲ့ရသည့် ဝေဒနာများကို ရင်ဖွင့်ပြောပြလေတော့၏။

မိုးဆွေသည် မေယုတောနက်အတွင်း၌ တရားဓမ္မနှင့် မွေ့လျော်နေစဉ် မောင်မောင်မြင့်ရောက်ရှိလာပုံမှစ၍ လက်ရှိအခြေအနေအထိ အဆုံးတိုင် ပြောပြလေ၏။

မိုးဆွေ၏စကားဆုံးသည်နှင့် ဒေါက်တာသိဒ္ဓိသည် တစ်ကိုယ်လုံးနုံးချိသွားသလို ခံစားလိုက်ရပြီး ကြွင်နာခြင်း၊ ဂရုဏာသက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

စာနာခြင်းများစွာဖြင့် မိုးစွေကိုကြည့်လျက် . . .

"အင်း . . . ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဆိုပေမယ့် ခုလောက်တရားမဲ့ပြီး နိုင့်ထက်ကလူပြုလာတော့လည်း ကိုယ့်ဒအနေနဲ့ မောင်မိုးစွေကို ဘာလုပ်ရမယ်ဆိုတာ အကြံမပေးလိုတော့ဘူး၊ မောင်မိုးစွေရဲ့ စိတ်ဆန္ဒအတိုင်းသာ ရွေးချယ်ပေတော့၊ ဆရာ့အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကူညီဖို့ အဆင်သင့်ပဲ၊ ဒါနဲ့ မောင်မိုးစွေရဲ့ဆရာ ဂျစ်ပဆီမိုးမှောင်ရဲ့ သတင်းအစအနကော ရပြီလား"

"ရေရာတိကျတဲ့ သတင်းမရသေးပါဘူး၊ တိဗက်မှာလိုလို၊ ယူနန်မှာလိုလို၊ အမ္ဘိုင်မှာလိုလို ကြားနေရတာပဲ၊ လောလောဆယ်တော့ ကျွန်တော်လည်း အာမိအရစုံစမ်းဖို့ စိတ်မကူးသေးဘူး၊ ကျွန်တော့်ကိစ္စတွေ ပြတ်တော့မှာပဲ အဘမိုးမှောင်ကို မတွေ့တွေ့အောင် ရှာမယ်လို့ ဆုံးဖြတ်ထားတယ်"

"ကောင်းပါလေရဲ့ကွယ် . . ."

ထို့နောက် သူတို့နှစ်ယောက်သည် အတော်ကြာ စကားလက်ဆုံပြောကြပြီး ညဥ့်နက်မှ အိပ်ယာဝင်ဖြစ်ကြတော့၏။

တစ်မိုး၊ တစ်နွေ၊ တစ်ဆောင်း ပြောင်းခဲ့ပြီဖြစ်သော်လည်း မိုးစွေ၏စိတ်သည် သံမဏိလို ခက်ထန်မာကျောလာခဲ့၏။

စူရတီဈေး (ယခုသိမ်ကြီးဈေး) ကိုကျော်၍ တရုတ်တန်းဖက်လျှောက်သွားစဉ် ရုတ်ရုတ်သဲသဲဖြစ်နေသော လူတစ်စုကို တွေ့လိုက်ရသဖြင့် အနားသို့ ချဉ်းကပ်ကြည့်လိုက်ရာ လူတစ်ယောက်ကို လူအများက ဝိုင်းအုံလျက် လက်သီးနှင့် ထိုးသူထိုး၊ ခြေနှင့်ကန်ကျောက်သူက ကန်ကျောက်နှင့် ဝိုင်း၍နှိပ်စက်နေသည်ကို မြင်ရလေ၏။

မိမိမျက်စိအောက်တွင် မတရားပြုမှုသည်ဟုထင်လျှင် ဝင်ရောက်စွက်ဖက်တတ်သော မိုးစွေက လူအုပ်ကြီးထဲ တွန်းထိုးဝင်





ရောက်သွားပြီး ဒဏ်ရာအနာတရဖြင့် လဲကျနေသူအနီး တိုးကပ်သွားပြီး . . .

"ဘယ်လိုဖြစ်ကြတာလဲဗျာ . . ." ဟု မေးလည်းမေး ထိုးမည့်ရိုက်ပုတ်မည့် လူများကိုလည်း စိတ်ရှိတိုင်း မပြုရလေအောင် ရှေ့မှကာဆီးလျက် ရပ်လိုက်ရာ ဆွမ်းကြီးဝိုင်းလောင်းနေသူများက မိုးစွေ၏အပြုအမူကြောင့် ရုတ်တရက်ကြောင်သွားပြီး . . .

"ဟိတ်ကောင် . . မင်းနဲ့ဘာဆိုင်လို့လဲ၊ ဒီကောင်က အလစ်သမား၊ ဈေးဝယ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ခြင်းထဲက ပိုက်ဆံအိတ်ကိုခိုးလို့ ဆုံးမနေတာ . . ."

လူအုပ်ထဲမှ ထောင်ထောင်မောင်းမောင်း ခပ်စွာစွာ သဘောရှိဟန်တူသူတစ်ဦးက ထိုသို့ပြောလိုက်ပြီး လဲနေသူကိုထပ်၍ ခြေနှင့်ကန်မည်ပြုပြန်၏။ ထိုသူ၏လွှဲကန်လိုက်သော ခြေထောက်က လဲကျနေသူထံသို့မရောက်ဘဲ မိုးစွေကာဆီးထားသော ခြေဖနောင့်နှင့် ထိသွားလေရာ လူစွာကြီးမှာ လွန်စွာနာကျင်သွားပြီး တအင်းအင်း ညည်းညူလိုက်လေ၏။ ပြီးနောက် မိုးစွေကို မီးဝင်းဝင်းတောက်နေသော မျက်လုံးဖြင့် ကြည့်လေ၏။

အသားလတ်လတ်၊ ဆံပင်ရှည်လျားစွာရှိပြီး အထင်ကြီးလောက်ဖွယ်မရှိသော သေးသေးသွယ်သွယ် ကိုယ်ကာယရှိသည် မိုးစွေကို အထင်သေးသော အကြည့်ဖြင့် ကြည့်လျက် . . .

"မင်း ဘာကောင်လဲ၊ ဒါ သူခိုးဆိုတာ မသိဘူးလား၊ မင်းပါ သေသွားချင်လား" ဟုဟိန်းဟောက်ပြီး မိုးစွေရင်ဘတ်က အင်္ကျီစကို စုကိုင်လိုက်၏။

မိုးစွေက ၎င်းလူစွာကြီး၏လက်ကို မလွှတ်သေးဘဲ ကြည်ဖြာသံပါသော လေသံမာမာဖြင့် . . .


www.burmeseclassic.com

www.burmeseclassic.com



"သူခိုးဆိုရင် ဂါတ်ကို ပို့လိုက်ပါ၊ ခုလိုဝိုင်းရိုက်ကြတော့ မတော်လို့ ဒီလူသေသွားရင် ခင်ဗျားတို့ တာဝန်မကင်းဘူးဆိုတာ နားလည်ကြရဲ့လား"

ချက်ကျလက်ကျ ပြောလိုက်သည့် မိုးဆွေ၏စကားကြောင့် ထိုလူများမှာ နောက်သို့ရှဲသွားကြ၏။ မိုးဆွေက လူအုပ်ကြီးကို စူးစိုက်ကြည့်လိုက်ပြီး . . .

"ကဲ . . . ဘယ်သူလိုက်မလဲ၊ ဒီလူကို အနီးဆုံးဂါတ်ကို သွားပို့မယ်" ဟုမေးလိုက်ရာ . . .

"လတ္တာဂါတ် (ယခုလသာရဲစခန်း) ကို ပို့ပေးလိုက်ပေါ့ဗျာ"

"ဖွတ်ဖွတ်ညက်ညက် ကြေနေပြီပဲဗျာ၊ လွှတ်လိုက်ပါတော့"

"အခိုးခံရတဲ့ မိန်းမလည်း မရှိတော့ပါဘူး"

လူအုပ်ကြီးထဲမှ တစ်ယောက်တစ်မျိုး ပြောဆိုဝေဖန်သံများ ထွက်ပေါ်လာ၏။

သူခိုးပင်ဖြစ်လင့်ကစား တရားဥပဒေလက်သို့ မအပ်ဘဲနှင့် စိတ်ရှိတိုင်း အားပါးတရ ဝိုင်းဝန်းရိုက်နှက်နေကြသော လူများသည် ဂါတ်သွားရမည်၊ သက်သေလိုက်ရမည် ဆိုသောအခါ မသိသလို၊ သိသလို၊ ရှုးသလို၊ ပေါသလိုနှင့် ရုံးသွားရမည်၊ ဈေးသွားရမည်၊ ကိစ္စရှိသည်ဟု အမျိုးမျိုးပြောဆိုကြလျက် တဖြည်းဖြည်း ထွက်ခွာသွားကြလေရာ မိုးဆွေနှင့် လဲကျနေသူတို့သာ ကျန်ရစ်ခဲ့တော့၏။

ထိုအခါ မိုးဆွေက . . .

"ကဲ . . . ကဲ . . . ဟေ့လူ . . . ထတော့ . . ."

ထိုသို့ပြောလိုက်ပြီးနောက် လဲကျနေသူကို ကြည့်လိုက်မိရာ မိမိထက် အသက်အရွယ် များစွာငယ်သော လူငယ်တစ်ယောက်မှန်း သိလိုက်ရ၏။ လူငယ်သည် ဖူးယောင်ကိုင်းနေသော မျက်လုံးတစ်





ဖက်ကို အားယူဖွင့်ကြည့်လိုက်ပြီး မိုးဆွေတစ်ယောက်တည်းရှိသည်ကို တွေ့လိုက်ရ၍ ကပျာကယာ ထထိုင်လျက် အားယူပြီး မတ်တပ်ရပ်လိုက်၏။

လူငယ်သည် ခါးရိုးကိုလည်း ပြင်းစွာ အကန်ခံထားရဟန်တူ၏။ လက်တစ်ဖက်ဖြင့် ခါးကိုထောက်လိုက်ရင်း ရှုံ့မဲ့နေလေ၏။

"မင်းက သူတို့စွပ်စွဲသလို တကယ်ခိုးခဲ့လို့လား"

"ကြံကြီးစည်ရာ အစ်ကိုရာ၊ ကျွန်တော် မခိုးရပါဘူး၊ ဈေးဝယ်တဲ့မိန်းမက သူ့ပစ္စည်းကို နမော်နမဲ့ထားခဲ့တာပါ၊ ဒီတော့ ကျွန်တော်လည်း ယားကျိကျိဖြစ်လာပြီး ယူလိုက်မိတာ၊ သူတို့အမြင်မှာ အလစ်သုတ်သမား ဖြစ်သွားတာပေါ့၊ အစ်ကိုနဲ့တွေ့တာ ကျွန်တော် အရမ်းကံကောင်းတယ်ဗျာ၊ အစ်ကိုသာ မကယ်ရင် ကျွန်တော်ကောင်းကောင်းဒုက္ခရောက်ပြီ"

"ဘာလဲ . . . ထောင်ကျမှာကို စိုးရိမ်လို့ မဟုတ်လား"

"မဟုတ်ဘူးဗျ၊ ထောင်ကျမှာထက် ဘိန်းပြတ်သွားမှာကို စိုးရိမ်တာ၊ အလုပ်ပြုတ်ရင် ဘိန်းပြတ်သွားရုံတင် မကဘူး၊ နေစရာပါ မရှိဖြစ်မှာ . . ." ဟုပြောပြီး တစ်စုံတစ်ရာကို တွေးမိလိုက်ဟန်ဖြင့် ရုတ်ချည်းပင် မျက်နှာချိုသွေးလျက် . . .

"ဟို . . . ဟို . . . အ . . . အစ်ကိုက ကျွန်တော့်ကို ဂါတ်ထဲတော့ ပို့မှာမဟုတ်ပါဘူးနော်" ဟု လေသံပျော့လေးနှင့် အားကိုးတကြီး မေးလေ၏။

မိုးဆွေက မျက်မှောင်တွန့်လျက် ခေတ္တစဉ်းစားပြီး ခေါင်းညိတ်လိုက်၏။

"အင်း . . . မင်းမှာလည်း ဒဏ်ရာတွေနဲ့ မှတ်လောက်သားလောက် ဖြစ်နေပြီဆိုတော့ တော်လောက်ပါပြီ၊ ကဲ . . . ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



အမြန်သွားတာ ကောင်းမယ်"

သူတို့နှစ်ဦးသည် ဒါလဟိုဇီလမ်းအတိုင်း လျှောက်ခဲ့ကြပြီး တရုတ်ဘုံကျောင်းထောင့်သို့ရောက်လျှင် မြောက်ဖက်သို့ ဦးတည် လျှောက်လှမ်းခဲ့လေ၏။

"အင်း . . . လမ်းနှစ်ဆယ်ကျော်မှပဲ စိတ်အေးရတော့တယ်၊ ဒါနဲ့ အစ်ကိုကြီးက ဘယ်သွားမှာလဲ"

ထိုအမေးကြောင့် မိုးစွေနှုတ်ခမ်းလေးက ပြုံးယောင်သမ်း သွားပြီး . . .

"ဘယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက် ကို တွေ့လိုတွေ့ငြား ရှာနေတာပါ၊ ဒါနဲ့ မင်းရဲ့နာမည်ကိုတောင် မမေးရသေးဘူး"

ထိုအမေးကြောင့် လူငယ်သည် သဘောကျစွာ ဟက်ဟက် ပက်ပက် ရယ်မောလိုက်ပြီး . . .

"ကျွန်တော့်နာမည်တွေကိုကြားရင် အစ်ကိုရွာလည်သွား လိမ့်မယ်၊ ဒီလိုပေါ့ အစ်ကိုရာ၊ ထင်ပေါ်တဲ့လူဆိုတော့ ဘွဲ့ထူးတွေက အများကြီးပေါ့ဗျာ၊ အဲဒီထဲက နာမည်အချို့ကိုပြောရရင် ဖိုးတော၊ ခွေးပု၊ ကီလီကမ်းနားတစ်ဝိုက်မှာတော့ အသူရာမူန်ကြီးလို့ခေါ်တယ်၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာတော့ ယစ်ထုပ်ကြီးလို့ခေါ်တယ်၊ နာမည်အရင်းကတော့ နိုင်နိုင်ပါ"

ကမ်းနားလမ်းဖက်သို့ အရောက်မှာတော့ သူတို့နှစ်ဦးသည် နှုတ်ဆက်လမ်းခွဲလိုက်ကြ၏။ ခြေလှမ်းအနည်းငယ်မျှ လျှောက်လှမ်း မိစဉ်မှာပဲ . . .

"အစ်ကို . . . ခဏလေး . . . ခဏလေး . . ." ဟူသော အသံကြောင့် မိုးစွေလည်း ရပ်လျက်စောင့်နေလိုက်၏။





"အစ်ကို့ကို ပြောဖို့မေ့နေလို့"

"အင်း . . . ပြောပါဦး"

"ဒီလိုပါ၊ အစ်ကိုဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင်လေ၊ နောင် လည်း အခါအခွင့်သင့်ရင် ကူညီရအောင် အစ်ကို့လိပ်စာလေး ပြော ခဲ့ပါလား"

"အခုလောလောဆယ်တော့ လိပ်စာအတည်တကျရယ်လို့ မရှိသေးဘူး၊ ကြုံသလိုနေနေတာပဲ၊ အတည်တကျဖြစ်ပြီးနောက် မင်း နဲ့တွေ့ရင် ငါပြောပါ့မယ်"

"ဒီလိုဆို ကျွန်တော်နေတဲ့ အိမ်လိုက်နေမယ်ဆိုလည်း ရပါ တယ်၊ မြို့ပတ်လမ်းထဲမှာပါ၊ အိမ်ရှင်က တစ်ယောက်တည်းသမား လေ၊ ကျွန်တော်က တောက်တိုမယ်ရ လုပ်ပေးရတယ်၊ လခထက် နေစရာအိမ်မက်ပြီး လုပ်နေတာပါ" ဟုပြောပြီး ၄င်းလူငယ်က ထို အိမ်ကို မည်သို့သွားလာရမည်ဖြစ်ကြောင်း လမ်းညွှန်ပြလေ၏။

"ကြုံတဲ့အခါ ရောက်ဖြစ်မယ်ထင်တယ်"

ထို့နောက် လမ်းခွဲပြီး ကမ်းနားလမ်းဖက်သို့ လျှောက်လာခဲ့ ရာ ဆိပ်ကမ်းတစ်ခွင် သွားလာလှုပ်ရှားနေကြသော လူများထဲမှ မိမိ တွေ့လိုသူကို တွေ့လိမ့်နိုးနိုး ကြည့်လာခဲ့လိုက်၏။

မိုးစွေတွေ့လိုသူမှာ သာမန်လူတစ်ယောက်မဟုတ်ဘဲ လွန် စွာထွားကျိုင်းသန်မာပြီး ရုပ်ရည်အားဖြင့် ကြမ်းတမ်းလှသောကြောင့် အများနှင့်မတူ တမူထူးခြားသူဖြစ်ရာ လူတွေကြားထဲရောက်လျှင် အလွယ်တကူ ခွဲခြားတွေ့မြင်နိုင်မည်ဟု မိုးစွေယုံကြည်ထား၏။

လှည်းတန်းဆိပ်ကမ်းဖက်ရောက်၍ လှည်းတန်းကြီးများကို အဓိပ္ပါယ်မဲ့စွာ ငေးမောကြည့်နေစဉ် ခေါင်းထဲ၌ ဖျတ်ခနဲ အတွေး တစ်ချက်ရလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိန္ဒောဆရာတိမ်ညွန့် . . ."

ထိုအတွေးကြောင့် မိုးစွေ၏ခန္ဓာကိုယ်က ရုတ်ချည်းပင် တောင့်တင်းသွား၏။ အမှတ်တမဲ့ သတိမမူမိခဲ့သည့် မိမိအဖြစ်အတွက် ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိရ၏။

ထိုသူသည် အဘမိုးမှောင်နောက်သို့ တကောက်ကောက် လိုက်၍ အနှောက်အယှက်ပေးခဲ့သူ ဖြစ်သည်။ ထိုစဉ်က ၎င်းဗိန္ဒော ဆရာအား ခြိမ်းခြောက်မေးမြန်းခဲ့စဉ် အထစ်ထစ်၊ အငေါ့ငေါ့ လေသံ ဖြင့် ပြောခဲ့သည့်အမည်မှာ ဦးဒေဝဖြစ်ကြောင်း ပြန်လည်အမှတ်ရ မိ၏။

ထိုအမည်မျိုးမှာ ရှားပါးလှသော အမည်ဖြစ်ရာ မိမိတွေ့လို သော ဦးဒေဝဖြစ်ပါက ၎င်းဗိန္ဒောဆရာ သိပေလိမ့်မည်။ မိုးစွေသည် ထိုသို့တွေးဆပြီး ဆိပ်ကမ်းလမ်းအတိုင်း လျှောက်လာခဲ့ရာ မြင်းရထား တစ်စီးကို အသင့်တွေ့လိုက်သဖြင့် မြင်းရထားပေါ်တက်ပြီး ရထား မောင်းသမားကုလားကို . . .

"ကြည့်မြင်တိုင် . . . ချလောင်း . . ." ဟုပြောပြီး ထွက် ခွာခဲ့တော့၏။

* * * *



## အခန်း (၂၆)

မိုးစွေအဖို့ ဒုက္ခခံရကျိုးနပ်လေပြီ။ တိမ်ညွန့်သည် လွယ် အိတ်တစ်လုံးလွယ်လျက် ပင်နီအင်္ကျီတဖားဖားနှင့် အိမ်ထဲမှ ထွက် လာလေ၏။ မိုးစွေအနီးမှကပ်၍ ဖြတ်ကျော်သွားသော်လည်း မိုးစွေ နှင့် တွေ့ခဲ့သည်မှာ နှစ်ကာလအတန်ကြာပြီဖြစ်၍လည်းကောင်း၊ ရုပ်ရည်အားဖြင့် ပြောင်းလဲနေပြီဖြစ်၍တကြောင်း မှတ်မိခြင်းမရှိဘဲ ဘားကရာလမ်းအတိုင်း တစိုက်စိုက်နှင့် လျှောက်သွားလေ၏။

ကျွန်းတောဘုန်းကြီးကျောင်းအနီး တောအုပ်ကလေးသို့ ရောက်သည်အထိ စိတ်အေးလက်အေး လျှောက်သွားလေရာ နောက် ယောင်ခံလိုက်လာသော မိုးစွေလည်း လမ်းလျှောက်နှုန်းကို မြှင့်လိုက် ရာ မကြာမီ ထိုပုဂ္ဂိုလ်နှင့် လက်တစ်ကမ်းအကွာသို့ ရောက်သွားလေ ၏။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ မိုးစွေသည် အနားသို့



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်လိုက်ပြီး . . .

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

အေးစက်မာကျောသော မိုးစွေ၏အသံကြောင့် ထိုသူသည် အူကြောင်ကြောင် အမူအရာဖြင့် မိုးစွေ၏မျက်နှာကို စေ့စေ့ကြည့်လေ၏။ ဆံပင်ရှည်လျားလွန်းခြင်း၊ တစ်ချိန်က အဖြူဘက်သို့ယိမ်းသော အသားလတ်လတ်ပင်ဖြစ်သော်လည်း ရာသီဥတုဒဏ်၊ ပင်ပန်းသည့်ဒဏ်များကြောင့် အသားညိုညိုဖြစ်နေရာ ၄င်းပြောင်းလဲမှုကြောင့် မိုးစွေကို အလျဉ်းမှတ်မိခြင်း မရှိပေ။

"တယ်လည်း မေ့တတ်တဲ့လူပါလား၊ ကျုပ် ဂျစ်ပဆီမိုးမှောင်ရဲ့တပည့် မိုးစွေလေဗျာ၊ ခင်ဗျားကြောင့် ထောင်ထဲရောက်သွားခဲ့တဲ့ မိုးစွေပေါ့"

သို့ပြောလိုက်သည်နှင့် ဗိန္ဓောဆရာတိမ်ညွန့်၏ အမူအရာများမှာ ချက်ချင်းပင် ကတုန်ကရီဖြစ်သွားပြီး အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်သွားလေရာ မိုးစွေက သူ၏ရင်ဘတ်ကို လက်ဖနောင့်နှင့် နှစ်ချက်ဆောင့်၍ တွန်းလိုက်၏။ တိမ်ညွန့်သည် ခြေပစ်လက်ပစ် ဖင်ထိုင်လဲကျသွား၏။

မိုးစွေက ပတ်ဝန်းကျင်ကို လျှပ်တပြက် မျက်စိကစားကြည့်လိုက်ပြီး ဗိန္ဓောဆရာအား ဆွဲထူကာ အိတ်ထဲအသင့်ပါလာသည့် ဓါးကိုထုတ်၍ လည်မျိုကို ထောက်ထားလိုက်၏။ တိမ်ညွှန့်၏မျက်နှာ တစ်ပြင်လုံး ချွေးသီးချွေးပေါက်များ စီးယိုကျလျက် မိုးစွေ၏မျက်နှာကို ပြူးကြောင်ကြောင်မျက်လုံးဖြင့် စိုက်ကြည့်နေလေ၏။

"ဦးဒေဝကို ဘယ်မှာတွေ့နိုင်မလဲ"

"ကျုပ် . . . ကျုပ်မသိဘူး၊ သူနဲ့ကျုပ် . . ."

ပြောလက်စ,စကားမဆုံးမီ ၄င်းအသံအစား နာကျင်မှုကြောင့်





ညည်းသံထွက်ပေါ်သွား၏။ မိုးစွေ၏ဓါးဦးက ထိုသူ၏အသားထဲသို့ စပါးလုံးတစ်ထောက်ခန့် စိုက်ဝင်သွားသောကြောင့် ဖြစ်သည်။

"ခင်ဗျား . . . ပြောမလား . . . မပြောဘူးလား၊ ဒီအချိန်မှာ ကျုပ်အတွက် ထောင်းဆိုတာ အသေးအဖွဲ့ဖြစ်သွားပြီ၊ ဒီတစ်ခါ ခင်ဗျားအပြောရင် ဒီဓါးက ခင်ဗျားလည်မျိုကို တဆုံးဖောက်ဝင်သွားလိမ့်မယ်"

ဗိန္ဓောဆရာက ခေါင်းမာမြဲမာလျက် အူကြောင်ကြောင်လုပ်နေသဖြင့် မိုးစွေက အံတစ်ချက်တင်းတင်းကျိတ်လိုက်ပြီး ဓါးဦးဖြင့် အသာဆွပေးလိုက်၏။ ထိုအခါမှာတော့ ဗိန္ဓောဆရာလည်း ဆက်လက်ခေါင်းမာနိုင်စွမ်း မရှိတော့ဘဲ . . .

"မြို့ပတ်လမ်းမှာ . . ." ဟု တစ်လုံးချင်း လေးလေးပင်ပင် ပြောလိုက်ရာ မိုးစွေက အသံမာမာဖြင့် . . .

"ကောင်းပြီ . . . ဘယ်နားမှာလဲ၊ တိတိကျကျပြောနော်"

"အလယ်နားလောက်မှာ၊ ဘုရင်ခံအိမ်တော်ရဲ့ တံခါးမကြီးနဲ့ မျက်စောင်းထိုးသာသာမှာ ရှိတယ်၊ မြေနီလမ်းက ဝင်ရတယ်၊ ခြံနံပတ်တော့ မမှတ်မိတော့ဘူး"

ထိုသူသည် သေရမည့်ဘေးကို ကြောက်လန့်စွာဖြင့် သိသမျှဝန်ခံပြောပြလေတော့၏။ မိုးစွေက လည်မျိုကို ထောက်ထားသော ဓါးကို ပြန်ရုတ်လိုက်ပြီး ဗိန္ဓောဆရာတိမ်ညွန့်၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း . . .

"ထရပ်စမ်း . . ."

ထိုသို့ အမိန့်ပေးလိုက်သည်နှင့် ဗိန္ဓောဆရာလည်း ထရပ်လိုက်ရာ မိုးစွေက . . .

"ဟိုဘက်လှည့် . . ." ဟု အမိန့်ပေးလိုက်ပြီး ဗိန္ဓောဆရာ



www.burmeseclassic.com

www.burmeseclassic.com



၏ နောက်ဖက်နားရွက်နှင့် လက်နှစ်လုံးခန့်အကွာကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ်ရိုက်လိုက်ရာ ဗိန္ဓောဆရာတိမ်ညွှန့်လည်း ဒူးညွှတ်ခွေကျသွားတော့၏။

မိုးဇွေ၏လှုပ်ရှားမှုက ဇယ်ဆက်သလို လျင်မြန်လှပေ၏။ သတိမေ့လဲကျသွားသော ဗိန္ဓောဆရာ၏ ကိုယ်ခန္ဓာကြီးအား လှဲသိပ်လျက် ကျွန်းတောထဲမှ အမြန်ဆုံးထွက်ခွာပြီး မြို့ပတ်လမ်းဖက်သို့ လျှောက်လှမ်းခဲ့တော့၏။

မိုးဇွေ၏ခြေလှမ်းများသည် ဇောအဟုန်ကြောင့် ပေါ့ပါးသွက်လက်နေလေ၏။ ဗိန္ဓောဆရာတိမ်ညွှန့် ပြောပြလိုက်သော ဦးဒေဝမှာ မိမိတွေ့ချင်သော ဦးဒေဝဖြစ်ပါစေဟု ကျိတ်၍ဆုတောင်းနေမိ၏။

မကြာခင်မှာပဲ ဗိန္ဓောဆရာညွှန်ပြသည့် နေရာသို့ရောက်ရှိပြီး ခြံဝင်းရှေ့တွင်ရပ်ကာ ပုဏ္ဏားရိုပ်ပင်များကြားမှ ခြံဝင်းထဲကို အကဲခတ်ကြည့်နေစဉ်မှာပဲ ရိပ်ခနဲလှုပ်ရှားသွားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးကို မြင်လိုက်ရ၏။

မိုးဇွေက ရုတ်ချည်းပင် . . .

"ပြန်လည်ဆုံတွေ့ရပြီပေါ့ဗျာ . . ." ဟု စိတ်ထဲ၌ ရေရွတ်လိုက်ပြီး လွန်စွာကျေနပ်ဝမ်းမြောက်သွားတော့သည်။

မိုးဇွေ၏စိတ်သည် လွတ်လပ်ပေါ့ပါးသွားလေတော့၏။ ကံကြမ္မာသည် မိုးဇွေဖြစ်စေချင်သည့်အတိုင်း ဖန်တီးလိုက်သလို တွေ့မည့်တွေ့တော့လည်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရှာတွေ့ခဲ့၏။ မိမိတွေ့ခဲ့ရသော ပုဂ္ဂိုလ်ကြီးမှာ အရပ်တကာ၊ နယ်တကာ စုံစေ့အောင်ရှာဖွေခဲ့ရသော ဦးဒေဝဟူသော ပုဂ္ဂိုလ်ကြီးအမှန်ပင် ဖြစ်လေ၏။

"အဖေရေ . . . ညီမလေးရေ . . ." ဟု ရင်ထဲက အော်





ဟစ်တမ်းတလိုက်မိသည်။

အချိန်က အတော်ပင် စောသေးသည်ဖြစ်ရာ ညနေမိုးစုန်းစုန်းချုပ်အောင် စောင့်ရမည်ဖြစ်သည်။ မိုးဇွေသည် အတွေးတစ်ချက်ရရှိလိုက်ပြီး မိမိတည်းခိုရာ ဒေါက်တာသိဒ္ဓိအိမ်သို့ အလျင်အမြန်ပြန်လာခဲ့၏။

မိမိ၏ခရီးဆောင်အိတ်အတွင်းမှ တစ်စုံတစ်ခုသော ပစ္စည်းကိုယူ၍ ချည်လွယ်အိတ်ထဲထည့်ပြီး အလျင်အမြန်ပင် ပြန်ထွက်လာခဲ့၏။ ဒေါက်တာသိဒ္ဓိမှာ သူ၏ကိုယ်ပိုင်ဆေးတိုက်သို့ ရောက်ရှိနေသဖြင့် မတွေ့ခဲ့ရပေ။

ထို့နောက် မိုးဇွေသည် စိတ်အေးလက်အေး ပြန်လည်ထွက်ခွာလာပြီး ဗားကရာတောရလမ်းပေါ်တွင်ရှိသည့် ထမင်းဆိုင်လေးတစ်ဆိုင်တွင် ဝင်ရောက်ထမင်းစားလေ၏။

မကြာမီ မိုးသည်းထန်စွာ ရွာလေ၏။ မိုးရွာထဲလျှောက်လေရာ မြို့ပတ်လမ်းပေါ်ရောက်မှ မိုးက စဲသွား၏။ မြို့ပတ်လမ်းကားအရာရှိ၊ အရာခံ၊ သူဋ္ဌေးလူတန်းစားရပ်ကွက်ဖြစ်ရာ နေဝင်သည်နှင့်ခြံဝင်းတံခါးများ အသီးသီးပိတ်ထားကြလေ၏။ ထို့ကြောင့် မိုးဇွေကိုမည်သူကမျှ သတိထားမိခြင်းမရှိသဖြင့် ဦးဒေဝ၏ခြံသို့ အနှောက်အယှက်မရှိဘဲ ချဉ်းကပ်မိတော့၏။

မိုးဇွေသည် ဦးဒေဝနှင့် ရင်ဆိုင်လျှင် မည်သည့်ခွဲချက်မျိုးတင်ရမည်ကို စဉ်းစားတွေးတောခဲ့ပြီး ဖြစ်၏။ ခြံဝင်းအတွင်းရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးအတွင်းမှ မည်သည့်လှုပ်ရှားမှုမျိုးကိုမှ မတွေ့ရဘဲ မိုးဇွေသည် ကျိုးပျက်နေသော တံခါးမကြီးကို ကျော်နင်းလျက် ခြံဝင်းအတွင်း ခြေတစ်လှမ်းတိုးဝင်လိုက်၏။

ထိုအခိုက် မိုးဖွဲကလေးများ တစိမ့်စိမ့်ကျဆင်းလာပြန်၏။



www.burmeseclassic.com

ခြံဝင်းသဘောမျိုးစိုက်ထားသော ပုဏ္ဏရိပ်ပင်လေးများ ဘေးတွင်ရပ်လျက် မိမိအတောင့်တဆုံးသော ဆန္ဒတစ်ခုပြည့်တော့မည်ဟူသော အသိကြောင့် ရင်ထဲနွေးခနဲ ဖြစ်သွား၏။

ဦးဒေဝတစ်ယောက်တည်းသာ ရှိနေပါစေ . . . ဟု မိုးဇွေ ဆုတောင်းလိုက်မိသည်။ ခြံဝင်းအတွင်း ခြေတစ်လှမ်းပြီးတစ်လှမ်း တိုးဝင်ခဲ့ရာ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ ဆင်ဝင်အောက် ရောက်လာခဲ့၏။ တံခါးမကြီးက အတွင်းမှ ကလန့်ချပိတ်ထားခြင်းမရှိဘဲ စေ့ရုံသာ စေ့ထားလေရာ လက်နှင့် အသာတွန်းသည်နှင့် ပွင့်သွားလေ၏။

တံခါးမကြီးအား ကျောပေး၍ ပက်လက်ထိုင်ခုံတွင် ထိုင်နေသော လူကြီးတစ်ယောက်ကို တွေ့ရလေ၏။ မိုးဇွေက ပါးစောင်တွင် ခဲထားသော ဆေးပြင်းလိပ်အတိုကို အိတ်ထဲမှ မီးခြစ်ထုတ်ပြီး မီးညှိလိုက်၏။

ထိုင်ခုံပေါ်မှ လူကြီးက အိပ်မောကျနေဟန်ဖြင့် မိမိဝင်လာသည်ကို မသိသေးဘဲ ငြိမ်သက်စွာ ထိုင်မြဲထိုင်လျက်ရှိလေရာ လူကြီးနှင့် နီးသထက်နီးအောင် လျှောက်သွားပြီး အနားရောက်မှ အသံပြုလိုက်၏။

"ဦးဒေဝ . . ."

တိတ်ဆိတ်နေသော အချိန်ကာလဖြစ်၍ မိုးဇွေ၏ခေါ်သံက အနည်းငယ်ကျယ်သွား၏။ ထိုင်နေသော လူကြီး၏ကိုယ်ခန္ဓာက ဆတ်ကနဲ တွန့်သွားပြီး ကြီးမားလှသော ကိုယ်ခန္ဓာနှင့်မလိုက်အောင် လွန်စွာသွက်လက်သော အရှိန်ဖြင့် ရုတ်တရက် ထရပ်လိုက်၏။

ဆံပင်ရှည်ရှည် ကိုယ်တာယညက်ညက်၊ ပါးစောင်တွင် မီးရဲနေသော ဆေးလိပ်တိုခဲလျက် စူးရှသော မျက်လုံးအစုံဖြင့် မိမိအား စူးစိုက်ကြည့်နေသော မိုးဇွေကိုမြင်လေလျှင် လွန်စွာအံ့အားသင့်ပြီး





ပါးစပ်အဟောင်းသားဟလျက် ငေးမောစူးစိုက်ကြည့်နေ၏။

"ဦးဒေဝ . . . ကျုပ်ကို မမှတ်မိဘူးထင်တယ်"

"ဟုတ်တယ် . . . မင်းကို ငါမသိဘူး၊ မင်းဘယ်သူလဲ၊ ဘယ်ကကောင်လဲ"

ဦးဒေဝအသံက ကျားဟိန်းသံလို ကြောက်မက်ဖွယ်ကောင်းလှလေ၏။ မျက်နှာပေါ်တွင် အံ့ဩခြင်း၊ ဒေါသထွက်ခြင်း၊ ခက်ထန်ခြင်းများ ထင်ဟပ်နေသလောက် မိုးဇွေ၏မျက်နှာမှာတော့ မည်သည့်ခံစားချက်မျိုးမှမပေါ်ဘဲ တည်ငြိမ်လွန်းလှ၏။

"ကျုပ် . . . မိုးဇွေလေ၊ ခင်ဗျားကောင်းကောင်းသိပါတယ်၊ ခင်ဗျားရဲ့မိတ်ဆွေ မုဆိုးကြီးရွှေမောင်စိန်ရဲ့သားပေါ့"

ဦးဒေဝသည် ကွက်ခနဲ မျက်နှာပျက်သွားပြီး ချက်ချင်းပင် ဟန်လုပ်ထိန်းလိုက်ကာ . . .

"မင်း . . . မင်းအဖေတို့နဲ့ တွေ့ပြီးပြီလား"

"ကျုပ်အဖေနဲ့ . . . ဟုတ်လား၊ ကျုပ်အဖေနဲ့ ကျုပ်နဲ့ ဘယ်မှာတွေ့ရမှာလဲ၊ သေရွာမှာ တွေ့ရမှာလား"

ထိုစကားကြောင့် ဦးဒေဝ၏ကိုယ်ခန္ဓာသည် ကျဉ်စက်နှင့် အတို့ခံရသလို ဆတ်ခနဲဖြစ်သွားပြီး နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်၏။

"မင်း . . . ငါ့ကို အထင်မလွဲနဲ့ မောင်မိုးဇွေ . . ."

အားတင်းပြီး ပြောလိုက်သော်လည်း ဦးဒေဝ၏စကားသံက ကွဲအက်အက်ကြီး ဖြစ်သွား၏။ မိုးဇွေ၏တည်ငြိမ်သော နှုတ်ခမ်းလေးက မပွင့်တပွင့် ပြုံးလိုက်ပြီး . . .

"ခင်ဗျားကို ကျုပ်အထင်မလွဲပါဘူး၊ တကယ်တော့ ကျုပ်အထင်က မှန်နေတာမှ သိပ်ကိုမှန်နေတာ . . ."

www.burmeseclassic.com



ဦးဒေဝသည် အမူအရာပျက်စပြုလာပြီ ဖြစ်၏။ သေးငယ်သော၊ ကျဉ်းသော မျက်လုံးအစုံက စဉ်းလဲကောက်ကျစ်မှုကြောင့် တလက်လက် အရောင်တောက်ပလာ၏။ ချောင်ထဲပိတ်မိခံရသော အခါ အသေခံ၍ လွတ်လမ်းရှာမည့် သားကောင်ကဲ့သို့ ကိုယ်ဟန်ကို ပြင်ပြီး မိုးစွေမျက်နှာကို စေ့စေ့ကြည့်လေ၏။

"မင်း . . . ငါ့ဆီလာတာ ဘာလိုချင်လို့လဲ မောင်မိုးစွေ"

"ဘာလိုချင်လို့လဲ . . . ဟုတ်လား၊ တယ်လည်း နေရာကျလိုက်ပါလား ဦးဒေဝရယ်၊ ကျုပ် ခင်ဗျားဆီက ဘာရစရာရှိလဲဆိုတာ ခင်ဗျားမသိဘူးလား"

မိုးစွေသည် ထိုသို့ပြောပြီး မထီမဲ့မြင်ရယ်လိုက်လေ၏။ ဦးဒေဝသည် နောက်သို့ခြေတစ်လှမ်းပြီးတစ်လှမ်း မသိမသာ ဆုတ်သွားရာ နံရံတွင်ကပ်ထောင်ထားသည့် အသွားထက်လှသော လှံတံကြီးနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိသွားလေ၏။

ဦးဒေဝ၏လှုပ်ရှားမှုနှင့် အကြံကို ရိပ်မိသော်လည်း မိုးစွေက မသိသလို အမူအရာဖြင့် ရင်စေ့အင်္ကျီအတွင်းအိတ်ထဲသို့ လက်နှိုက်ပြီး ပြန်ဆွဲထုတ်လိုက်သောအခါ ကနုတ်ကွက်ဖော်ထားသော ခြောက်လက်မအရွယ်ခန့်ရှိ ကျွန်းသေတ္တာပြားလေးတစ်ခုပါလာ၏။

မသိမသာ နောက်ဆုတ်နေသော ဦးဒေဝပင်လျှင် မိုးစွေလက်ထဲမှ သေတ္တာလေးကို စိတ်ဝင်စားစွာကြည့်ပြီး နေရာမှမရွေ့ဘဲ ရပ်တန့်သွား၏။ မိုးစွေက ရှေ့ခြေတစ်လှမ်းတိုးပြီး ဦးဒေဝမြင်သာအောင် သေတ္တာလေးကို ဖွင့်ပြလိုက်ပြီး . . .

"ဟောဒီမှာ တွေ့လား၊ အထဲကဟာလေးက ရုတ်တရက်ကြည့်ရင် အရုပ်လို့ထင်ရပေမယ့် ဒါအရုပ်မဟုတ်ဘူး၊ နေ့လမစေ့ဘဲ မွေးခဲ့တဲ့ လူရုပ်ကလေးဗျ . . . သိလား၊ အဲဒီလူရုပ်ကလေးကို ဘယ်





သူမွေးခဲ့တာလဲဆိုတာကော သိရဲ့လား၊ ကြိုးကြာလေ . . . ကျုပ်နှမ မိကြိုးကြာမွေးခဲ့တဲ့ လူရုပ်လေးဗျ၊ ခင်ဗျားရဲ့ယုတ်မာပက်စက်မှုကြောင့် ဖြစ်လာတဲ့ကလေးပေါ့"

တစ်ချိန်လုံး တည်ငြိမ်ခဲ့သော၊ အေးခဲ့သော၊ ထိန်းချုပ်နိုင်စွမ်းမရှိခဲ့သော မိုးစွေ၏လေသံက အတန်ငယ် မာကျောခက်ထန်လာ၏။ စကားသံမာလာသည်နှင့်အမျှ မိုးစွေ၏မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းလာ၏။

"နိုင်ငံအတွက်၊ သာသနာအတွက် ထားခဲ့တဲ့ ရတနာတွေကို လိုချင်တာနဲ့ ကျုပ်အဖေကိုလည်း သတ်တယ်၊ ကျုပ်နှမကိုလည်း စော်ကားတယ်၊ ပြီးတော့ ဒါလှဖြူကိုလည်း ခင်ဗျားပဲ သတ်လိုက်တာ"

မိုးစွေ၏စွပ်စွဲချက်ကြောင့် ဦးဒေဝသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး . . .

"မင်း . . . မှားမယ် မောင်မိုးစွေ . . ."

"မမှားဘူး . . . မှန်တယ်"

"ဒါလှဖြူကို ငါသတ်တာ မဟုတ်ဘူး"

"ဩော် . . . ဟုတ်လား၊ ဒါလှဖြူဟာ အဖေနဲ့ မိကြိုးကြာရဲ့ အဖြစ်အပျက်တွေကို သိတယ်၊ ဒါတွေကိုသိလို့ ခင်ဗျားနှုတ်ပိတ်သတ်လိုက်တာ မဟုတ်လား၊ ကျုပ် ဒါလှဖြူဆီရောက်တော့ ဒါလှဖြူသေနှင့်နေပြီ၊ ဟောဒီမိကြိုးကြာရဲ့ ကလေးကိုပဲ ရလိုက်တယ်လေ"

"ဒါလှဖြူကို ငါသတ်တာ မဟုတ်ဘူး၊ မောင်မောင်မြင့်သတ်တာ . . ."

ထိုစကားကြောင့် တစ်ချိန်လုံး စိတ်ကိုထိန်းချုပ်နိုင်စွမ်းရှိသော မိုးစွေပင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘာပြောတယ်၊ မောင်မောင်မြင့် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . မောင်မောင်မြင့်သတ်တာ၊ ငါ မင်းတို့ရွာဘက် တစ်ခေါက်ရောက်တော့ မောင်မောင်မြင့်နဲ့ ဒါလုပ်ဖြူတွဲနေတာတွေ့တယ်၊ မောင်မောင်မြင့်ဟာ အစဉ်အလာရှိခဲ့တဲ့ ကောင်၊ ငွေအတုလုပ်ခဲ့တဲ့ ကောင် . . ."

မိုးစွေက စိတ်ဝင်စားစွာ စူးစိုက်နားထောင်ပြီး မသိမသာ သက်ပြင်းချလိုက်၏။

"ကောင်းပြီ . . . မောင်မောင်မြင့်ရဲ့တရားကို သီးခြားစီရင်တာပေါ့၊ ခုတော့ ခင်ဗျားနဲ့ပဲ အရင်စာရင်းရှင်းရမယ်"

"မင်းနဲ့ငါ စာရင်းရှင်းဖို့ မလိုဘူး မောင်မိုးစွေ၊ မင်း ငါ့ဆီက ဘာလိုချင်လဲ၊ ရွှေလား . . . ငွေလား"

မိုးစွေက အသံပွက်အောင်ပင် ရယ်လိုက်မိ၏။ ပြီးမှ . . .

"ကျုပ် ခင်ဗျားဆီက လိုချင်တာတစ်ခုပဲ ရှိတယ်၊ ရွှေလည်း မဟုတ်ဘူး၊ ငွေလည်း မဟုတ်ဘူး၊ ခင်ဗျားမှာရှိတဲ့ စည်းစိမ်ပုံပေးလည်း မလိုချင်ဘူး၊ ကျုပ်လိုချင်တာ ခင်ဗျားအသက်ပဲ"

စဉ်းလဲကောက်ကျစ်သော၊ ရိုင်းစိုင်းယုတ်မာသော ဦးဒေဝ၏ အစွယ္ကတ္တသဏ္ဍာန်က ပေါ်လွင်လာ၏။ မိုးစွေကို ကျဉ်းသော၊ စူးသော မျက်လုံးအစုံဖြင့် မမှိတ်မသုန်စိုက်ကြည့်ကာ နောက်ခြေတစ်လှမ်းဆုတ်လိုက်ပြီး နံရံတွင် ကပ်ထောင်ထားသော လှံတံကို ဆတ်ခနဲ ယူလိုက်၏။

တစ်ဆက်တည်းပင် လွန်စွာလျှင်မြန်သော လှုပ်ရှားမှုဖြင့် မိုးစွေ၏အသည်းနှလုံးရှိရာ ရင်ညွန့်ထက် ချိန်ရွယ်၍ အားကုန်ထိုးစိုက်ချလိုက်၏။

လှံဖျားက မိုးစွေ၏ရင်ညွန့်သို့ တည့်မတ်စွာ ကျရောက်သွားသော်လည်း မိုးစွေ၏လက်တစ်ဖက်က ပုတ်လိုက်သဖြင့် လိုရာသို့





မရောက်ဘဲ ဘေးသို့ချော်သွားရာ ဦးဒေဝ၏ကိုယ်ခန္ဓာကြီးလည်း အားလွန်လျက် မိုးစွေရှိရာသို့ စိုက်ကျသွားလေ၏။

ထိုအခါ မိုးစွေက ဦးဒေဝလှံကိုင်ထားသော လက်ခုံအပေါ်မှ အုပ်ကိုင်ပြီး ဆွဲလှန်လိုက်ရာ ဦးဒေဝလက်မှ လှံတံလည်း လွတ်ကျသွားလေ၏။ အဖြစ်အပျက်က တစ်ခုပြီးတစ်ခုဖြစ်ခြင်းပင် ဖြစ်သော်လည်း ဦးဒေဝလှံယူခြင်း၊ ထိုးခြင်း၊ မိုးစွေက ပုတ်ထုတ်ခြင်း၊ လက်ကိုဆွဲလှန်လိမ်ချိုးခြင်း စသောဖြစ်ပျက်မှုများက လွန်စွာလျင်မြန်လှပေရာ တစ်ပြိုင်တည်းဆိုသလို ထင်မှတ်ရ၏။

မိုးစွေက ကျွန်းသေတ္တာလေးကို စားပွဲပေါ်ပစ်တင်လိုက်ပြီး ဦးဒေဝလက်မှ လွတ်ကျသွားသော လှံတံကို ကောက်ယူလိုက်၏။ ဦးဒေဝကလည်း ခေသူမဟုတ်ပေ။ မုဆိုးလည်းဖြစ်၊ ဆိုးတေခဲ့သူလည်း ဖြစ်သည့်အပြင် ကိုယ်ကာယကလည်း မိုးစွေနှင့် ဆင်နှင့်ဆိတ်လို ကွာခြားပေရကား လွယ်လွယ်နှင့် အရှုံးမပေးဘဲ မိုးစွေအား ဝင်လုံးလေ၏။

မိုးစွေကလည်း ကိုယ်ခန္ဓာအထုအထည် ကွာခြားမှုကို သိသောကြောင့် ဦးဒေဝ၏အလုံးမခံဘဲ အဖမ်းအဆုတ်၊ အထိုး၊ အကန်ဟူသမျှကို ရှောင်ရှားရင်း ဦးဒေဝ၏နံကြားသို့ ထောက်လက်သီးတစ်ချက်ပစ်သွင်းရင်း ရှောင်တိမ်းလေ၏။

ဦးဒေဝသည် သဲသဲမဲမဲ ဝင်ရောက်သတ်ပုတ်လေရာ ဒေါသအရှိန်ကြောင့် အားလွန်ပြီး မိုးစွေကို ကျော်ပေးလျက် နံရံဘက်မျက်နှာမူသော အနေအထားသို့ ရောက်သွားလေ၏။ မိုးစွေကလည်း လျင်မြန်လှပေသည်။ ရရှိသော အခွင့်အရေးကို အမိအရသုံးပြီး ဦးဒေဝ၏ကျောပြင်ကို လှံဖျားနှင့် ဖိထောက်လိုက်ရာ ဦးဒေဝမှာ နံရံတွင် မျက်နှာကပ်လျက် အနေအထားဖြင့် မလှုပ်သာမလွန့်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့၏။

"နည်းနည်းလေး လှုပ်လိုက်တာနဲ့ လုံ့ဖျားက ထုတ်ချင်း ဖောက်ဝင်သွားလိမ့်မယ်နော်"

ဦးဒေဝသည် သေခြင်းတရားနှင့် ရင်ဆိုင်တွေ့ပြီဖြစ်သော ကြောင့် တစ်ကိုယ်လုံး ချွေးစေးပြန်လျက် ရှိလေတော့၏။

"မောင်မိုးစွေ . . ."

လေသံက ကြောက်ရွံ့ခြင်းကြောင့် တုန်တုန်ယင်ယင် ဖြစ်နေလေ၏။

"ဘာပြောမလဲ၊ ပြော . . . မသေခင် ပြောချင်တာတွေ တစ်ဝကြီးပြောပေတော့၊ ကျုပ်နားထောင်မယ်၊ ခင်ဗျားပြစ်မှုအတွက် ကျုပ်ပဲ တရားသူကြီး၊ ကျုပ်ပဲ တရားလို၊ ကျုပ်ပဲ ဂျူရီလူကြီး၊ ခင်ဗျား အတွက် အမိန့်တစ်ခုပဲ ရှိတယ်၊ အဲဒါ သေဒဏ်ပဲ"

"မင်း ငါ့ကိုသတ်လို့ အကျိုးမရှိပါဘူး မောင်မိုးစွေရယ်၊ မင်း ဟာ အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ကြိုးစင်ပေါ်မှာ မင်းရဲ့ ဘဝကို အဆုံးခံမှာလား၊ မင်းအဖေနဲ့ ငါနဲ့ရခဲ့တဲ့ မေယုတောင်တန်း ပေါ်က ဗိုလ်တောက်ထိန်ရဲ့ရတနာတွေ မင်းလိုချင်ရင် အကုန်ငါပေး မယ်၊ မင်းနဲ့ငါ သင်ပုန်းချေကြပါစို့ကွာ"

"ကောင်းပြီလေ၊ ကျုပ်စဉ်းစားမယ်၊ ဒါပေမယ့် ကျုပ်မေး တာတွေကို ခင်ဗျားပြောရမယ်၊ ကဲ . . . ကျုပ်ဖက် မျက်နှာလှည့်၊ တစ်ခုတော့ ပြောထားမယ်၊ ရုတ်ရုတ်သဲသဲလုပ်ဖို့တော့ မကြံနဲ့နော်၊ ကဲ . . . ကျုပ်ဖက်လှည့်တော့ . . ."

ဟုပြောပြီး မိုးစွေက ဦးဒေဝ၏ကျောတွင် ထောက်ထား သော လှံဦးကို ခွာပေးလိုက်ရာ ဦးဒေဝလည်း မိုးစွေ၏လျင်မြန်သွက် လက်မှုကို သိပြီးဖြစ်၍ ခုခံဖို့မကြိုးစားဘဲ မိုးစွေဘက် မျက်နှာမူလိုက်





၏။

တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း စူးစူးစိုက်စိုက် ကြည့်နေကြသည်မှာ ရင်ထဲတိုင်ဖောက်ထွင်းဝင်ရောက်သွားသလား ထင်မှတ်ရ၏။ ဦးဒေဝက မိုးစွေ၏မျက်လုံးအကြည့်ကို မခံနိုင်သဖြင့် ဦးစွာမျက်လွှာချလိုက်၏။

"ဦးဒေဝနဲ့ ကျုပ်အဖေဟာ မိတ်ဆွေရင်းတွေနော်"

ဦးဒေဝက ခေါင်းညိတ်၏။

"ဦးဒေဝအပေါ်မှာ ကျုပ်အဖေဟာ သစ္စာမဲ့ခဲ့သလား . . . ပြောပါဦး"

"မမဲ့ခဲ့ပါဘူး . . ."

"ဦးဒေဝအပေါ်မှာ ကျုပ်အဖေက နာကျည်းလောက်အောင် လုပ်ခဲ့ဘူးလား"

"မလုပ်ခဲ့ပါဘူး . . ."

"ဦးဒေဝရဲ့အသက်အန္တရာယ်ကိုရော ကျုပ်အဖေက ကောက် ကျစ်စဉ်းလဲတဲ့အကြံနဲ့ ရန်ရှာခဲ့ဘူးသလား၊ အမှန်အတိုင်း ပြောပါ"

"အဲဒါမျိုးလည်း မရှိခဲ့ပါဘူး"

"ဒါဖြင့် ကျုပ်အဖေဟာ ဦးဒေဝရဲ့မိတ်ဟောင်းဆွေဟောင်း မိတ်ဆွေကောင်းပေါ့"

"ဟုတ်ပါတယ် . . ."

"ကျုပ်ညီမလေးကို ဦးဒေဝဖျက်ဆီးခဲ့တယ်နော်"

ဦးဒေဝ၏နဖူးထက်မှ ချွေးသီးချွေးပေါက်တို့သည် ဇီးကင်း ပမာဏခန့် စီးယိုကျလျက် မျက်လုံးအကြည့်ကို မိုးစွေနှင့် မဆုံမိအောင် ရှောင်လွှဲလိုက်၏။

"ပြောပါ ဦးဒေဝ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုး . . . ကြိုးကြာလေးကို ငါတကယ်ချစ်ခဲ့တာပါ"

"ဘာပြောတယ် . . ."

လွန်စွာသွေးအေးသော မိုးစွေ၏လေသံက ဟုန်းခနဲထတောက်သော မီးပမာ ကျယ်လောင်သွား၏။ ပြီးမှ စိတ်မောစွာ သက်ပြင်းချလိုက်ပြီး . . .

"ခင်ဗျားမိတ်ဆွေတစ်ယောက်ရဲ့သမီး . . . ပြီးတော့ ခင်ဗျားသမီးအရွယ်လောက်ကလေးကို ခင်ဗျားက အဲဒီလိုစိတ်မျိုးထားတယ်ပေါ့"

ဦးဒေဝသည် ရှေ့ငုံ့နှုတ်ပိတ်နေလေ၏။ စောစောက ပြုံးကြောင်ကြောင်ဖြစ်နေသော မျက်လုံးက စဉ်းလဲမှုကြောင့် တဖျတ်ဖျတ် အရောင်တောက်ပလာလေ၏။

မိုးစွေသည် ဦးဒေဝ၏ ကောက်ကျစ်စဉ်းလဲသော အရိပ်အခြေကို အကဲခတ်မိသော်လည်း မသိကျိုးကျွံပြု၍ စကားလမ်းလွှဲလိုက်ပြီး . . .

"မောင်မောင်မြင့် ဘယ်မှာနေသလဲ"

"ဒါလဟိုဇီပန်းခြံရှေ့နားက ခြံဝင်းကြီးထဲမှာ . . ."

ရုတ်တရက် ကောက်ခါငင်ကာ လွှတ်ခနဲဖြေပြီးမှ မိမိသာမိုးစွေကို မသတ်နိုင်လျှင် မောင်မောင်မြင့်အဖို့ လွတ်လိမ့်မည်မဟုတ်ဟု တွေးမိသော်လည်း မိမိကိုယ်တိုင်က မောင်မောင်မြင့်အပေါ် ခင်မင်ရင်းစွဲမရှိသည်ကြောင့် ပူပန်ခြင်း အလျဉ်းမရှိပေ။

မောင်မောင်မြင့်အမည်ကို ကြားလိုက်ရသောကြောင့် မိုးစွေသည် ဦးနှောက်တွင်သာမက အသည်းနှလုံးပါ ကိုင်ဆုပ်လှုပ်ခါသွားသလို ခံစားလိုက်ရ၏။ ဒါလှဖြူကို ချစ်ခဲ့ရပုံ၊ ဒါလှဖြူကို မေတ္တာစကားဆိုခဲ့ရပုံများသည် မိုးစွေ၏နှလုံးသားတွင် ပုံရိပ်လိုထင်ဟပ်လာပြီး





လွမ်းဖွယ်၊ ဆွေးဖွယ်၊ နာကျည်းဖွယ်များ ဖြစ်တည်ခံစားလိုက်ရ၏။

"ငါ့အသက်ကို ချမ်းသာပေးပါ မောင်မိုးစွေရယ်"

တဖွဲ့ဖွဲ့စွေနေသော မိုးသံလေသံကြားထဲမှ ဦးဒေဝ၏အသံထွက်ပေါ်လာ၏။

"ရပါတယ် . . . ကျုပ်အသက်အရင် သတ်လိုက်ရင်တော့ ခင်ဗျားဆက်ပြီး အသက်ရှင်မယ်လေ"

ထိုသို့ပြောလိုက်သည်နှင့် ဦးဒေဝသည် ကြီးမားထွားကျိုင်းလှသော ခန္ဓာကိုယ်နှင့်မလိုက်အောင် လွန်စွာလျင်မြန်သော အရှိန်ဖြင့် မိုးစွေထံ ခုန်ဝင်လိုက်ရာ မိုးစွေ၏သွက်လက်မှုက ၄င်းထက်လျင်မြန်သွားပြီး သူ၏ခန္ဓာကိုယ်ကြီးမှာ မိုးစွေ၏လှံဖျားထိပ်တွင် နှစ်ဝင်လျက် မြောက်တက်သွား၏။

လှံဖျားသည် သူ၏ကြီးမားလှသော ခန္ဓာကိုယ်ကြီးကို ဖောက်ထွင်းပြီး နံရံတွင် စူးစိုက်သွားလေ၏။ ဦးဒေဝသည် ကြီးမားသောကိုယ်ခန္ဓာနှင့်လိုက်ဖက်အောင် အသက်ပြင်းလှလေ၏။ အသက်ငင်နေသည့်တိုင် စူးစူးရှရှမျက်လုံးများက မိုးစွေကို ခါးသီးနာကျည်းစက်ဆုပ်မုန်းတီးစွာ ကြည့်လျက်ရှိနေလေ၏။ ဦးဒေဝမသေမီ အော်လိုက်သော အသံက မိုးသံလေသံကို ဖောက်ထွင်းပြီး ပတ်ဝန်းကျင်ကို ကြားသိစေသဖြင့် မိုးစွေလည်း နေရာမှခွာရန် အချိန်သင့်ပြီဟု နားလည်လိုက်ပြီး ဦးဒေဝကို ကျေနပ်အားရသည့် အပြုံးမျိုး ပြုံးပြလိုက်ပြီး . . .

"ကျုပ်ဘဝအတွက် ပထမလူတစ်ယောက်ကို ပြုစုပြီးပြီ၊ မောင်မောင်မြင့်နဲ့တွေ့ဖို့ သွားလိုက်ဦးမယ် ဦးဒေဝရေ. ဘဝဆိုးကောင်းအောင် တစ်သက်လုံးလုပ်ခဲ့တဲ့ ကောင်းမှုတွေထဲက ကောင်းမှုကုသိုလ်လေးတွေ ပြန်တွေးပေတော့၊ အမျှဝေမယ်ဆိုလည်း ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com


သာမှုအနုမောဒနာ ပြုခဲ့ပါမယ်၊ ကြည့်ပါဦး . . . အံ့တင်းတင်းကြိတ်လို့ လောဘတွေ၊ မောဟတွေ၊ ဒေါသတွေ၊ အဝိဇ္ဇာတွေ၊ အဘိဇ္ဈာတွေကလည်း မီးစာကုန်ဆီခန်းမယ့်ဆဲဆဲတောင်မှ မကောင်းစင်သေးပါလား၊ ကျုပ်ကို ခွင့်လွှတ်ပါ ဦးဒေဝရယ်၊ ကျုပ်ဟာ ကျုပ်ပြုခဲ့တဲ့ အပြစ်အတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကိုခံယူဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ ကဲ . . . သွားပြီ . . . ဦးဒေဝရေ . . . ”

* * * *



BURMESE CLASSIC

## အခန်း (၂၇)

မိုးစွေ၏စိတ်ရှည်မှုက အကျိုးသက်ရောက်သွားလေပြီ။ ကန်တော်ကြီးရှိ ဒါလဟိုဇီပန်းခြံ (ယခုဗိုလ်ချုပ်ပန်းခြံ) အနီးတွင်း မောင်မောင်မြင့်ကို ခြေရာခံမိနိုင်ခဲ့ပြီဖြစ်သည်။ ဦးဒေဝက ဒါလဟိုဇီပန်းခြံအနီးတွင် နေသည်ဟုသာ ပြောခဲ့၏။ မည်သည့်ခြံဟူ၍ အတိအကျ မပြောခဲ့သဖြင့် စိတ်ရှည်စွာ စောင့်ဆိုင်းခဲ့ရာ ကိုးရက်မြောက်သောနေ့တွင် တွေ့ခဲ့ရခြင်းဖြစ်သည်။

စပို့တင်းရှပ်၊ ဘောင်းဘီတိုအဖြူနှင့် အဝတ်ဖိနပ်ကိုစီးလျက် တုတ်ကောက်ကလေးကို ဟန်ပါပါလွှဲရင်း စတိုင်ကျကျလမ်းလျှောက်လာသော မောင်မောင်မြင့်သည် လေကလေး တရှူးရှူးချွန်လျက် ကမ္ဘာလောကကြီးကို သာယာဖွယ်ချည်း ထင်မှတ်နေပုံရ၏။

အချိန်ကား နံနက်မိုးသောက်စ မှောင်မိုက်အရိပ်မပြေးမီ အချိန်ဖြစ်သဖြင့် မောင်မောင်မြင့်သည် ကျန်းမာရေးအတွက် လမ်း


www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထွက်ခြင်းဖြစ်မည်ဟု မိုးဆွေတွက်မိ၏။

မိုးဆွေသည် မောင်မောင်မြင့်အား နောက်ယောင်ခံမလိုက်တော့ဘဲ တစ်နေရာမှ စောင့်ကြည့်နေလေရာ လေးဆယ့်ငါးမိနစ်ခန့်အကြာတွင် ကန်တော်ကြီးကို တစ်ပတ်ပြည့်အောင် ပတ်ပြီးဟန်တူ၏။

ထိုအခါမှ မိုးဆွေလည်း မောင်မောင်မြင့်နောက်မှ ခွာခွာလေးလိုက်ခဲ့ရာ ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း ဝင်သွားသည်ကို တွေ့လိုက်ရ၏။ ခြံကြီးအတွင်း၌သာ တိတ်ဆိတ်ငြိမ်သက်လျက် ခြံစောင့်ခွေး၊ အိမ်ဖော်၊ မာလီ၊ ဒရဝမ် စသည့်အစေအပါး ထားဟန်မတူချေ။

မိုးဆွေက အခြေအနေကို အကဲခတ်ပြီး ကျေနပ်နှစ်သိမ့်စွာ ပြုံးလျက် . . .

မောင်မောင်မြင့်တစ်ယောက်တည်းနေသလား . . . အိမ်ထောင်များကျနေပြီလား . . . သူ့နှမမြသင်းကြူလေးရော ရှိနေသလား . . .

ဟူ၍ စိတ်ကူးဖြင့် မှန်းဆတွေးတောမိ၏။ အကယ်၍ မြသင်းကြူသာရှိနေလျှင် မိုးဆွေ၏နာကျည်းခံပြင်းမှု အရှိန်အဟုန်များမှာ မီးသင့်ဖယောင်းလို အရည်ပျော်သွားမှာကို စိုးရိမ်မိ၍ မြသင်းကြူ မရှိပါစေနှင့်ဟု ဆုတောင်းမိလေ၏။

ထိုနေ့တစ်နေ့တာ အချိန်ယူစဉ်းစားရမည်ဖြစ်၍ မိုးဆွေသည် ဒေါက်တာသိဒ္ဓိ၏ဆေးခန်းသို့ ပြန်လာခဲ့၏။ မိုးဆွေသည် အသူရာမှုန်ကြီးခေါ် ဘိန်းစားနိုင်နိုင်နှင့် တွေ့ဆုံခဲ့ခြင်း၊ ဦးဒေဝ၏မှတ်စုစာအုပ်ကို နိုးယူခိုင်းပြီး မောင်မောင်မြင့်၏လိပ်စာကို ရှာဖွေခိုင်းခဲ့ခြင်း စသဖြင့် ဆန္ဒရမ္မက်ယာဉ်ရထားနောက် ကောက်ကောက်ပါနေလေရာ မိမိနောက်သို့ ရာဇဝတ်ဌာနဘက်မှ လိုက်နေသည်ကိုပင် သတိမပြုမိ





တော့ပေ။

မိုးဆွေစိတ်ထဲတွင် မောင်မောင်မြင့်နှင့် တွေ့ဆုံရေးတစ်ခုတည်းသာ ရှိနေတော့၏။ ဒေါက်တာသိဒ္ဓိ၏ဆေးခန်းသို့ ရောက်သောအခါ ဒေါက်တာသိဒ္ဓိက မိုးဆွေကို အခန်းထဲခေါ်လိုက်ပြီး . . .

"မောင်မိုးဆွေ . . . ညီလေးကတော့ ဆန္ဒနောက် ကောက်ကောက်ပါနေလို့ သတိပြုမိမယ် မထင်ဘူး"

"ဘာများလဲ ဆရာ . . ."

"မောင်မိုးဆွေနောက်ကို ရာဇဝတ်ဘက်က အပူတပြင်း လိုက်နေတယ်၊ ပုလိပ်မင်းကြီးပေါလ်စလေဒင်ကလည်း စီအိုင်ဒီက စုံထောက်တွေကို အတော်လေးဆူပွက်နေလေရဲ့"

ဒေါက်တာသိဒ္ဓိက ပြောလက်စကိုရပ်ပြီး မိုးဆွေကို ဂရုဏာသက်စွာ ကြည့်လိုက်၏။ ထို့နောက် တိုးတိုးတိတ်တိတ် သက်ပြင်းချလျက် . . .

"ဒီနေ့ကစပြီး မောင်မိုးဆွေအနေအထိုင် ဆင်ခြင်ပေတော့"

"ဟုတ်ကဲ့ ဆရာ . . ."

"ဂျမားလမ်းကတိုက်မှာ မောင်မိုးဆွေသွားနေ၊ အဲဒီမှာ လွတ်လပ်တယ်၊ ဒီအချိန်မှာ ကိုယ်ပြောခဲ့သလိုပဲ မောင်မိုးဆွေရဲ့လုပ်ရပ်တွေကို ကောင်းတယ်ဆိုးတယ်လို့ မပြောတော့ပါဘူး၊ ကိုယ်ကတော့ အတတ်နိုင်ဆုံး မင်းကိုစောင့်ရှောက်ကာကွယ်မှာပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်လည်း တရားရဲ့အဆုံးအဖြတ်ကို ခံယူဖို့ ဆုံးဖြတ်ထားပါတယ်၊ ကျွန်တော်တစ်ခုစိတ်မကောင်းတာက ကျွန်တော်ချစ်တဲ့ ဆရာသိဒ္ဓိနဲ့ အဲဘမိုးမျှော်တို့နဲ့ ခွဲခွာသွားရမှာကိုပဲ တွေးလေလေ ရင်ထဲမကောင်းလေလေပါပဲ ဆရာ"

ဒေါက်တာသိဒ္ဓိ၏ မျက်လုံးအစုံက မှိုင်းညို့သွား၏။ သူ၏

www.burmeseclassic.com



အကြည့်က မိုးဆွေကို ကျော်လွန်လျက် ပြတင်းပေါက်ကိုဖြတ်ပြီး လမ်းမပေါ် ရောက်နေလေ၏။ ပြီးမှ စိတ်မောခြင်းကြီးစွာ သက်ပြင်း ရှည်ကြီးချလျက် ခေါင်းကို မသိမသာ ခါရမ်းလိုက်လေ၏။

အဘမိုးမှောင်အကြောင်း တွေးမိသည်နှင့် မိုးဆွေ၏ရန်လို နေသော စိတ်သည် ပြန်လည်ကျဆင်းချင်သလို ဖြစ်လာ၏။

နာစရာအကြောင်းကို ပြန်တွေးမိသောအခါ ပျော့ချင်နေ သောစိတ်က တစ်ဖန်ပြန်လည်၍ ခက်ထန်ကြမ်းတမ်းသွားပြန်၏။

မိုးဆွေသည် ဒေါက်တာသိဒ္ဓိ၏ဆန္ဒအရ ဂျမားလမ်းရှိ တိုက် ခံအိမ်ကြီးသို့ပြောင်းပြီး ညနေမှောင်စပျိုးသည်နှင့် မောင်မောင်မြင့်၏ ခြံသို့ ရောက်ရှိလာခဲ့လေ၏။

မှောင်နှင့်မည်းမည်းရှိနေသော မောင်မောင်မြင့်၏ခြံထဲသို့ ကျော်နင်းဝင်လာခဲ့သည်။ အပေါ်ထပ်တစ်ခုလုံး အမှောင်ကျနေသော် လည်း အောက်ထပ်ဧည့်ခန်းအတွင်း၌မူ မီးအလင်းရောင်ဖြာထွက် နေလေ၏။ မိုးဆွေသည် ပတိပြတ်ဆုံးဖြတ်ပြီး အိမ်ကြီး၏တံခါးမကြီး ရှေ့တွင်ရပ်လျက် တံခါးကို တွန်းကြည့်ရာ တံခါးပိတ်ထားသဖြင့် တွေဝေစဉ်းစားမနေတော့ဘဲ တံခါးကို ခပ်ပြင်းပြင်းလေး ခေါက်လိုက် ၏။ နားအကြားအာရုံကို အထူးသတိထားနေစဉ် အိမ်ထဲမှ ခြေသံ တရှပ်ရှပ်ကို ကြားလိုက်ရ၏။ မကြာမီတံခါးရွက်က လူတစ်ကိုယ်ဝင် သာရုံပွင့်သွားပြီး မောင်မောင်မြင့်မျက်နှာပေါ်လာ၏။

"ကျုပ်ကိုမှတ်မိသလား ကိုမောင်မောင်မြင့်၊ ခင်ဗျားဘဝမှာ မေ့ပျောက်မရတဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်ထားတဲ့ မိုးဆွေ လေ . . ."

"ဩော် . . . မောင်မိုးဆွေကိုး . . ."

"ဟုတ်ပါတယ်၊ ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြော





ချင်လို့ ရောက်လာတာပါ"

မိုးဆွေ၏လေသံက အနိမ့်အမြင့် အတက်အကျ မရှိသလို ပကတိအေးစက်နေလေ၏။ မိုးဆွေသည် မောင်မောင်မြင့်၏အဖြေကို စောင့်မနေတော့ဘဲ ဧည့်ခန်းထိုင်ခုံများရှိရာသို့ တည့်မတ်စွာသွား လျက် ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်၏။ မိုးဆွေ၏အမူအရာသည် အိမ် လည်လာသူပမာ ရဲတင်းပွင့်လင်း အေးတိအေးစက်နိုင်လှပေ၏။

မောင်မောင်မြင့်သည် မိုးဆွေနောက်မှ ကပ်လိုက်လာပြီး-

"ခဏထိုင်ဗျာ . . ." ဟုပြောလျက် အိမ်ထဲသို့ အကြဲနှင့် ဝင်သွားပြီး အသွားထက်လှသော ဓါးမြှောင်တစ်ချောင်းကို ခါးကြား တွင် ပေါ်ပေါ်ထင်ထင်ထိုးလျက် မိုးဆွေနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ တွင် ထိုင်လိုက်လေ၏။

"ခင်ဗျားနဲ့ ပတ်သက်လို့ ကျုပ်အများကြီး ခွင့်လွှတ်ခဲ့ပါတယ်၊ ကျုပ်မသတ်ရတဲ့ လူသတ်မှုနဲ့ မန္တလေးထောင်ထဲမှာလည်း နေခဲ့ရပြီ၊ ပြီးတော့ ကျုပ်ဘဝရဲ့ ငြိမ်းချမ်းမှုကိုရှာပြီး တောထဲတောင်ထဲမှာ အထီးကျန်နေတဲ့အထိ ခင်ဗျားလာပြီး ရန်ငြိုးဖွဲ့ခဲ့တယ်၊ အဲဒါတွေ အားလုံး ကျုပ်ခွင့်လွှတ်ပါတယ်ဗျာ"

မိုးဆွေ၏ကိုယ်နှုတ်နှလုံးက ရန်လိုခြင်း နိမိတ်မပြဘဲ လေ အေးအေးဖြင့် ပြောနေခြင်းဖြစ်သည်။

"ဒါပေမယ့် ကျုပ်ခွင့်မလွှတ်နိုင်တာက ဒါလှဖြူနဲ့ပတ်သက် တဲ့ ကိစ္စပဲ၊ ခင်ဗျား . . . ဒါလှဖြူကို ဘာကြောင့်သတ်ခဲ့သလဲ ကိုမောင်မြင့် . . ."

မထင်မှတ်သည့်စကားကို ကြားလိုက်ရသဖြင့် မောင်မောင် မြင့်သည် ဟန်ပင်မဆောင်နိုင်လောက်အောင် တုန်လှုပ်သွားပုံရ၏။

"အစ်ကိုမိုးဆွေ အသက်နဲ့ကိုယ် မြဲနေသည်ဖြစ်စေ၊ သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဖြစ်စေ ကျွန်မဘဝမှာ ကိုမိုးစွေကလွဲလို့ ချစ်ရမယ့်သူ မရှိပါဘူး ကိုမောင်မြင့်ရယ်၊ ကျွန်မ ရှင့်ကို ကြိုးရှည်ရှည်နဲ့ လှန်မထားပါရစေနဲ့"

ဟူ၍ ပြောခဲ့သော ဒါလှဖြူ၏စကားများက မောင်မောင်မြင့်၏အသည်းကို မီးနှင့်မြှိုက်သလို ခံစားခဲ့ရသည်။

မေ့လျော့နေရာမှ အသစ်တဖန် ပြန်ခံစားလိုက်ရသလိုဖြစ်သွားပြီး အံတင်းတင်းကြိတ်လိုက်ရာ ထိုအဖြစ်ကို မိုးစွေရိပ်မိလိုက်သော်လည်း မသိဟန်ဆောင်၍ ဆေးလိပ်ကို တစ်ဖွာပြီးတစ်ဖွာရှိုက်ရင်း မောင်မောင်မြင့်ကို စူးနစ်စွာ ကြည့်မြဲကြည့်နေလိုက်၏။

"ပြောလေဗျာ . . . ကျုပ်အထင်ပြောရရင် ခင်ဗျားလို လူယုတ်မာကိုတော့ အနားတောင် ကပ်ခွင့်ပေးလိမ့်မယ် မထင်ဘူး"

ထိုစကားက မောင်မောင်မြင့်၏ အသည်းနှလုံးကို ကျွဲခတ်ခံရသလို လွန်စွာထိခိုက်သွားသဖြင့် ဝုန်းခနဲမြည်အောင် ထရပ်ပြီး ခါးကြားမှဓားကို ဆွဲထုတ်လိုက်ပြီး . . .

"မင်း . . . ဘာပြောတာလဲ၊ ပြန်ပြောစမ်း . . ."

"ဒါလှဖြူနဲ့ ခင်ဗျာလို လူယုတ်မာ ဘယ်လိုမှ . . ."

စကားပင် မဆုံးသေး။ မောင်မောင်မြင့်က မိုးစွေ၏ညှပ်ရိုးဆီသို့ ဓါးဦးဖြင့် အားကုန်ထိုးစိုက်လိုက်၏။ ထိုအကြံကို ကြိုတင်တွက်ဆပြီးသော မိုးစွေက ထိုင်ရာမှ လိမ့်ချလိုက်သဖြင့် ပွတ်ကာသီကာ လွဲချော်သွား၏။

မောင်မောင်မြင့်သည် မိုးစွေအပေါ် မုန်းတီးခြင်း၊ စက်ဆုပ်ရွံရှာခြင်း ရှိနေသည့်အပြင် ဒါလှဖြူနှင့်ပတ်သက်နေသောကြောင့်၎င်း အမျက်ဒေါသကြီးစွာဖြင့် ဓါးဦးနှင့် ဝှေ့ခြင်း၊ ရမ်းခြင်း၊ စိုက်ခြင်း၊ ခွက်ခြင်း၊ ထိုးခြင်း စသဖြင့် နည်းမျိုးစုံသုံး၍ တိုက်ခိုက်လေတော့၏။





မောင်မောင်မြင့်၏ ကြိုးစားမှုမှာ အနည်းငယ်မျှ ထိရောက်မှုမရှိလှပေ။ မိုးစွေကို ထိရန်ဝေးစွ၊ မိုးစွေ၏အင်္ကျီစကိုပင်လျှင် ရှပ်မထိ၊ ပွတ်မထိဘဲ အလွဲလွဲ၊ အချော်ချော်ဖြင့် လေကိုသာ ထိုးစိုက်သလို ဖြစ်နေတော့၏။ ကြာလာသောအခါ မောင်မောင်မြင့်သည် အမောဖောက်သလိုဖြစ်လာပြီး တစ်ချိန်တွင် ဓါးဦးက မိုးစွေ၏မျက်နှာနားကပ်လျက် ကြောက်မက်ဖွယ်အသံပြုကာ ဖြတ်သွားစဉ် မိုးစွေ၏ညာလက်က ဓါးကိုင်ထားသော မောင်မောင်မြင့်၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိမ်လိုက်သဖြင့် ဓါးလွတ်ကျသွားစဉ် မိုးစွေ၏လက်ဖနောင့်က မောင်မောင်မြင့်၏မေးစေ့အပေါ် ကျရောက်သွားပြီး ရှတ်ချည်းပင် ထိုင်လျက်လဲကျသွားလေ၏။

မိုးစွေက လွတ်ကျသွားသည့်ဓါးကို ဖျတ်ခနဲ ကောက်ယူလိုက်ပြီး မောင်မောင်မြင့်၏လည်တိုင်ပေါ် ထောက်ထားလိုက်၏။

"ဘယ်လိုလဲ ကိုမောင်မြင့်၊ ဒါလှဖြူကို ခင်ဗျားသတ်တုန်းက တော်တော်လေး ခံစားခဲ့ရသလား၊ ပြောစမ်းပါဦး"

မောင်မောင်မြင့်က မဖြေ . . .။ သေရတော့မည်ကို ပိုင်ပိုင်နိုင်နိုင် သိရပြီဖြစ်သောကြောင့် ကြောက်ရွံ့ထိတ်လန့်သော မျက်နှာဖြင့် မိုးစွေကို ပြူးကြောင်ကြောင် စိုက်ကြည့်နေလေ၏။

"ခင်ဗျားတို့အိမ်က တံခါးစောင့်ကိုဝေလကို သတ်လိုက်တာ ခင်ဗျားမဟုတ်လား"

မိုးစွေက ဓါးဦးကို အနည်းငယ်ဆွပြီး စိုက်ပေးလိုက်ရာ မောင်မောင်မြင့်၏လည်မျိုမှ သွေးစို့သွားပြီး ကတုန်ကယင် လေသံဖြင့် . . .

"ဟုတ် . . . ဟုတ်ပါတယ်"

"ကောင်းပြီ . . . ဒါလှဖြူကိုလည်း ခင်ဗျားပဲ သတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

မောင်မောင်မြင့်သည် နှုတ်ဖြင့် မဖြေရဲတော့ဘဲ ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်လေရာ မိုးစွေ၏သွားကြိတ်သံ၊ အံကြိတ်သံ၊ တကျွတ်ကျွတ် ထွက်ပေါ်လာပြီး မျက်လုံးအစုံမှာလည်း မျက်ရည်များ စို့စွတ်လာလေ၏။

နှာခေါင်းမှ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် မိုးစွေ၏ခေါင်းဦးက လင်းခနဲ၊ ဝင်းခနဲ ဖြစ်သွားသလို အစွမ်းကုန်တင်းခံနေသော မောင်မောင်မြင့်သည်ပင် မခံမရပ်နိုင်ဖြစ်သွားပြီး နာကျင်အော်ဟစ်သံကြီးက ညဉ့်ယံကို ထိုးခွဲထွက်ပေါ်သွားလေတော့သတည်း။

* * * *



# နိဂုံး

ဦးဒေဝနှင့်မောင်မောင်မြင့် အသတ်ခံရသော အမှုအား ကျွန်ုပ်၏တူသားတပည့်သဖွယ် ဖြစ်နေသော မောင်နေအောင်ကို စာနာသောကြောင့်လည်းကောင်း၊ ကျွန်ုပ်၏ပင်ကိုဗီဇဝါသနာရင်းစွဲကြောင့်လည်းကောင်း၊ ဆင်ခြင်တွေးဆထောက်လှမ်းစုံစမ်းပြီး တရားခံအစစ်အား ဖော်ထုတ်ပေးခဲ့ပြီ ဖြစ်သည်။

ကျွန်ုပ်သည် စာပေရေးသားခြင်းတွင် အထုံဝါသနာကြီးလှသူဖြစ်ပေရာ ကျွန်ုပ်၏အမှုထမ်းသက်တစ်လျှောက်လုံး တွေ့ခဲ့ကြုံခဲ့ရသော၊ ကြားနာမှတ်သားခဲ့ရသော အဖြစ်အပျက်များ၊ အတ္ထုပ္ပတ္တိများစွာကို မှတ်တမ်းသဖွယ် ပြုစုခဲ့လေ၏။

ကျွန်ုပ်သည် ဆရာကြီးရွှေဥဒေါင်း၏ဝတ္ထု၊ စုံထောက်မောင်စံရှားဝတ္ထုတို့များက စာရေးရန် တွန်းဆုတ်နေသော ကျွန်ုပ်၏စိတ်ကို စာရေးဖြစ်ရန် စေ့ဆော်တိုက်တွန်းသလိုဖြစ်ခဲ့ရာ ကျွန်ုပ်၏ဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့ရသော ဒိဋ္ဌမမှုအဖြစ်အပျက်များကို အခြေတည်၍ စာဖတ်ပရိသတ်များ ဗဟုသုတ၊ ဆင်ခြင်တုံတရားများ ရရှိခံစားစေလိုသည့် စေတနာဖြင့် ဝတ္ထုဇာတ်လမ်းသဖွယ် ရေးသားခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် မောင်မိုးစွေအကြောင်း ရေးသားခဲ့ပြီးနောက် မကြာမီမှာပဲ မောင်မိုးစွေသည် ကြိုးမိန့်ကျသွားခဲ့၏။ ကြိုးပေးသည်ဆိုခြင်းမှာ အမိန့်ကျလျှင်ကျခြင်း ကြိုးပေးသည်မဟုတ်ဘဲ အောက်ရုံးမှ အထက်ရုံး၊ အထက်ရုံးမှ တရားလွှတ်တော်စသဖြင့် အယူခံအဆင့်ဆင့်ရှိလေ၏။

နောက်ဆုံးနိုင်ငံ၏ အဓိပတိ ဝန်ရှင်တော်မင်းကြီး၊ ဘုရင်ခံအထိ အသနားခံစာ တင်နိုင်သည်ဖြစ်၏။

ကျွန်ုပ်သည် မောင်မိုးစွေ၏အကြောင်းကို ရေးသားပြီးစီး၍ စာအုပ်အဖြစ် ထုတ်ဝေရန်ကြံစည်နေစဉ်မှာပဲ ဒုတိယကမ္ဘာစစ်ကြီးက ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ကူးစက်လာလေတော့၏။

စစ်ပြီးခေတ်နောက်ပိုင်း တစ်နေ့တွင် ကျွန်ုပ်ထံသို့ လွန်စွာချောမောလှပသော အမျိုးသမီးတစ်ဦး လာရောက်တွေ့ဆုံလေ၏။

"ကျွန်မနာမည် မြသင်းကြူလို့ ခေါ်ပါတယ်၊ ရန်ကုန်ကန်တော်ကြီးစောင်းမှာ အသတ်ခံရတဲ့ ကိုမောင်မောင်မြင့်ရဲ့ညီမပါ"

"ဪ . . . ဟုတ်ပြီ၊ လူချင်းမသိပေမယ့် နာမည်ကတော့ မောင်မိုးစွေပြောလို့ သိခဲ့ရပါပြီ"

မိုးစွေအမည်ကြားသည်နှင့် မြသင်းကြူ၏ ဖြူနုသော ပါးပြင်လေးက ရှက်သွေးကြောင့် ရဲခနဲ ဖြစ်သွားလေ၏။

"အခု ကျွန်မရဲ့ခင်ပွန်းသည်က လွှတ်လိုက်တာပါ" ဟု မြသင်းကြူက မျက်လွှာလေးချပြီး ပြောလေ၏။ ပြီးမှ လေသံတိုးတိုးဖြင့် . . .



"ဒီက ဆရာကြီးကို ကျွန်မတို့အနေနဲ့ အမုန်းအာဃာတ မထားဘဲ တာဝန်အရလုပ်ရတယ်လို့ပဲ မြင်ပါတယ်၊ အဲဒါကြောင့် ဆေးဝါးရှားပါးတဲ့ ခုလိုအခြေအနေမျိုးမှာ ဆရာကြီးအနေနဲ့ အသက်ကလည်း ကြီးလာပြီဆိုတော့ ဟောဒီဆေးပစ္စည်းတွေနဲ့ ပျားရည်ပုလင်း လက်ဆောင်လာပေးတာပါ"

"ဘယ်သူက ပေးခိုင်းလိုက်တာလဲ"

"ဒေါက်တာသိဒ္ဓိပါ . . ."

"ဪ . . . အဲဒီဒေါက်တာက ဒီက,ကလေးမနဲ့ . . ."

"ကျွန်မရဲ့ခင်ပွန်းပါ . . ." ဟု လွန်စွာတိုးသက်သော လေသံဖြင့်ပြောပြီး မျက်လွှာချသွားလေ၏။

"အခု ဒေါက်တာသိဒ္ဓိကော ရန်ကုန်မှာပဲလား"

"ဟုတ်ပါတယ်၊ ကျွန်မနဲ့အတူ လိုက်မလာနိုင်တာက ကိုမိုးစွေကို မိုးမိတ်ဖက် လိုက်ပို့နေရလို့ပါ"

ကြားရသည့်စကားများက အံ့သြဖွယ်ချည်း ဖြစ်နေလေ၏။ မြသင်းကြူနှင့် ဒေါက်တာသိဒ္ဓိ အကြောင်းဆက်ပေါင်းဖက်မိခြင်း၊ မောင်မိုးစွေလွတ်လာခြင်း . . . စသည်တို့မှာ ကျွန်ုပ်ကို လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်သွားလေ၏။

ဒေါက်တာသိဒ္ဓိနှင့် မြသင်းကြူတို့အကြောင်းကို ကာယကံရှင်ဖြစ်နေ၍ ထုတ်ဖော်မေးရန် မသင့်လှသည်ကြောင့် မေးမြန်းခြင်း မပြုတော့ဘဲ မိုးစွေအကြောင်းကိုသာ မေးမြန်းရတော့၏။

"မောင်မိုးစွေတစ်ယောက် လွတ်သွားပြီပေါ့နော်"

"ဟုတ်ပါတယ်၊ ဂျပန်အဝင် အင်္ဂလိပ်အပြေးမှာ အင်းစိန်ထောင်က လွတ်သွားတာပါ"

"တယ်ဟုတ်တဲ့လူပါလား၊ ဒါဆိုရင် ကလေးမရဲ့ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာသိဒ္ဓိ ဇာတာစစ်ဆေးပေးခဲ့တာ မှန်သွားပြီပေါ့ . . .”

“ဘာများပါလိမ့်ရှင် . . .”

“မောင်မိုးစွေဟာ ဘယ်လိုအသက်အန္တရာယ်မျိုးနှင့် ကြုံတွေ့ပါစေ ဘယ်တော့မှ သတ်လို့မသေတဲ့ မောင်မိုးစွေဆိုပြီး ဇာတာကိုစစ်ဆေးပြီး ဟောကိန်းထုတ်ခဲ့တာလေ”

မြသင်းကြူက မည်သည့်စကားမှမဆိုဘဲ မပွင့်တပွင့်လေး ပြုံးနေလေ၏။ ထို့နောက် ကျွန်ုပ်အား နှုတ်ဆက်ကာ ဦးချကန်တော့ပြီး ပြန်သွားလေရာ ထိုနေ့တစ်နေ့လုံး ကျွန်ုပ်၏အတွေးအာရုံဝယ် မောင်မိုးစွေ၏ပုံရိပ်များကိုသာ အတောမသတ် မြင်ယောင်နေတော့သတည်း။

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိုတ္တိမ

(တိက္ခမဏိကလောင်ခွဲ)



BURMESE CLASSIC
www.burmeseclassic.com